

HEARTBEAT OF THE NATION

၇၅၀ ကျပ်

မြန်မာတိုင်းမ် MYANMAR TIMES

www.mmtimes.com

အတွဲ-၃၆၊ အမှတ်-၇၀၈ (၂၃ - ၂၉၊ ၁၊ ၂၀၁၅)

ကေအိုင်အေ မပါဘဲ လက်မှတ်ထိုးနိုင်မလား

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်ကို ပြည်ထောင်စုနေ့တွင် လက်မှတ်ရေးထိုးနိုင်ရန် အစိုးရက ဆန္ဒရှိနေသော်လည်း ကေအိုင်အေ မပါဝင်ပါက အဓိပ္ပာယ်ရှိမည် မဟုတ်ဟု အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များက ပြောကြားခဲ့

စာ – ၆

သတင်း – အိအိတိုးလွင်
ဓာတ်ပုံ – စာနည်ဖြိုး

ဆွီတီးဟုမ်း
www.sweetyhomeindustry.com

စေတနာ့ဝန်ထမ်းနှစ်ဦး သေဆုံးမှု တပ်မတော်သားများ ကျူးလွန်ပါက ထိရောက်စွာအရေးယူသင့်ဟုဆို

ရဲမွန်
yemon.mcm@gmail.com

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်အတွင်းရှိ နမ့်တောင်းကျေးရွာအုပ်စု ကောင်းခါးရွာတွင် သာသနာပြုလုပ်အားပေးရန် ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KBC) က စေလွှတ်ထားသူ အသက် ၂၀ ခန့်ရှိ စေတနာ့ဝန်ထမ်းဆရာမနှစ်ဦးကို တပ်မတော်သားများက အဓမ္မပြုကျင့်၍ သတ်ဖြတ်ခဲ့မှု မှန်ကန်ခဲ့ပါက ဥပဒေအရ ထိရောက်စွာအရေးယူသင့်သည်ဟု သမ္မတရုံး အကြီးတန်းအရာရှိတစ်ဦးက မြန်မာတိုင်း(မ်)ကို ပြောသည်။

ယခုလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် အိမ်ခြေ ၂၅ အိမ်ခန့်သာရှိသော ကောင်းခါးရွာရှိ ဘုရားကျောင်းဝင်းအတွင်း၌ နေထိုင်သူ ဆရာမနှစ်ဦးကို ဦးခေါင်း၌ ပြင်းထန်သောဒဏ်ရာနှင့် ဓားဒဏ်ရာတို့အပြင် အဝတ်အစားဗလာနှင့် သေဆုံးနေသည်ကို တွေ့ရှိရပြီးနောက် ရွာအတွင်းရောက်ရှိနေသော အစိုးရစစ်တပ် ခမရ (၅၀၃)က တပ်သားများအပေါ် ဒေသခံများက သံသယရှိနေကြသည်။

"ဘယ်သူလုပ်တယ်ဆိုတာ သေချာမသိသေးဘူး။ ဒါမျိုးကိစ္စက မဖြစ်သင့်ဘူး။ တပ်ဘက်ကလည်း စစ်ဆေးနေတယ်။ သမ္မတရုံးဘက်ကလည်း ဒီအမှုကို ဥပဒေအတိုင်း အရေးယူစေချင်တယ်။ ဒါမျိုးက ခွင့်မလွှတ်သင့်ဘူး။ တပ်ဘက်ကလည်း ခွင့်လွှတ်မှာ မဟုတ်ပါဘူး။ တပ်ဘက်က သေချာတယ်ဆိုရင် ဥပဒေအရ အရေးယူရပါလိမ့်မယ်" ဟု အဆိုပါ အကြီးတန်းအရာရှိက ဆိုသည်။

အခင်းဖြစ်ပွားသော ကောင်းခါးရွာသည် မူဆယ်ခရိုင် ပန်ဆိုင်းကြူကုတ်မြို့အတွင်းရှိကျေးရွာငယ်တစ်ရွာဖြစ်ပြီး အရှေ့မြောက်ပိုင်း စစ်ဌာနချုပ် လက်အောက်ခံ ခမရ (၅၀၃) တပ်မတော်စစ်ကြောင်းကလည်း မှုခင်းဖြစ်ပွားရာနေရာနှင့် ကိုက် ၁၀၀ ခန့်သာ ကွာဝေးသည့်နေရာ၌ ရှိနေသည်ဟု KBC ပြောရေးဆိုခွင့်ရှိသူ ဦးလမာယော်က ပြောသည်။

"ဘုရားကျောင်းဝင်းထဲမှာက ဆရာမနှစ်ယောက်ပဲနေတာပါ။ အဲဒီအနီးအနားမှာက အစိုးရတပ်က ကင်းပုန်းချထားတယ်။ ညဘက်ဆိုဘယ်သူမှအပြင်မထွက်ရဲကြဘူး။ ၁၉ ရက် ညသန်းခေါင်အချိန်မှာတော့ အော်သံတွေကြားတယ်လို့ ဘေးပတ်ဝန်းကျင်က လူတွေပြောတယ်။ ဒါပေမဲ့ အားလုံးကလည်း ကြောက်နေကြတော့ သွားလည်းမကြည့်ရဲကြဘူး"ဟု ၎င်းကဆိုသည်။

၎င်း ကျောင်းဆရာမနှစ်ဦးအနက် တစ်ဦးမှာ မြစ်ကြီးနားမြို့မှ လာရောက်တာဝန်ထမ်းဆောင်ခြင်းဖြစ်ပြီး ကျန်တစ်ဦးမှာမူ ကချင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင် ဒုက္ခသည်စခန်းတစ်ခုမှ လာရောက်တာဝန်ထမ်းဆောင်သူဖြစ်သည်။

အဆိုပါဖြစ်ရပ်ကို အမြန်ဆုံးစစ်ဆေးဖော်ထုတ်ပေးရန် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ကတောင်းဆိုထားပြီး အလောင်းများကို မူဆယ်ပြည်သူ့ဆေးရုံကြီး၌ ယခုလ ၂၀ ရက်နေ့ ညနေပိုင်းက ရင်ခွဲစစ်ဆေးမှုပြုလုပ်ခဲ့သည်။

"ဆေးစစ်ချက်အဖြေကတော့ ကျွန်တော်တို့ မသိရဘူး။ မှုခင်းရဲတွေကို အပ်လိုက်ပြီလို့တော့ ဆရာဝန်တွေကပြောတယ်။ ဒါပေမဲ့ ရဲတွေကို မေးကြည့်တော့ တပ်ဘက်က မထုတ်ပြန်သေးဖို့ တားထားတယ်လို့ ပြောတယ်"ဟု KBC ပြောရေးဆိုခွင့်ရှိသူ ဦးလမာယော်က ဆိုသည်။

သာသနာပြုဆရာမနှစ်ဦး အသတ်ခံရသည့် ဖြစ်ရပ်နှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်နေပြီး မည်သည့်ပုဒ်မဖြင့် အမှုဖွင့်အရေးယူသွားမည်ကို မူဆယ်ခရိုင် ရဲစခန်းသို့ ဆက်သွယ်မေးမြန်းရာ ဖြေကြားရန် ငြင်းဆိုခဲ့သည်။

ယခုလ ၂၁ ရက်တွင် မူဆယ်ခရိုင် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်က သေဆုံးသူနှစ်ဦးအတွက် ဆုတောင်းဝတ်ပြုခြင်း အခမ်းအနားကို မူဆယ်မြို့၌ ပြုလုပ်ပေးခဲ့ပြီး ကချင်လူထု ထောင်နှင့်ချီကာ တက်ရောက်၍ အမျိုးသမီးထုများ ဘဝလုံခြုံရေးအတွက် ကာကွယ်မှုများပေးရန် ကချင်အမျိုးသမီးများက ဆန္ဒထုတ်ဖော် တောင်းဆိုခဲ့ကြသည်။

ဈာပနအခမ်းအနားကို ယခုလ ၂၂ ရက်တွင် မြစ်ကြီးနားမြို့၌ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ပြုလုပ်မည်ဖြစ်သည်။ ■

ဆန္ဒပြပွဲ၌ ဦးဝီရသူ ဟောပြောနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

တိုင်ကြားမှုမရှိ အရေးယူနိုင်မ

အောင်ကျော်မင်း
aungkyawmin.mcm@gmail.com

ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီများအား နိုင်ငံသား အခွင့်အရေးပေးရန်နှင့် လွတ်လပ်စွာ သွားလာခွင့်ပြုရန် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ တိုက်တွန်းချက်နှင့် ပတ်သက်၍ ယခုလ ၁၆ ရက်နေ့က ဆန္ဒပြကန့်ကွက်ရာတွင် မစိုးရိမ်တိုက်သစ် ဆရာတော် ဦးဝီရသူ၏ ဟောပြောမှုနှင့် ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်၏ တစ်စုံတစ်ရာတိုင်ကြားချက် မရှိသေးခြင်းကြောင့် သံဃနာယကအဖွဲ့အစည်းအနေဖြင့် အရေးယူနိုင်မည်မဟုတ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့မှ ဒုဥက္ကဋ္ဌ ဆရာတော် ဦးဂုဏာလင်္ကာရက မိန့်ကြားသည်။

မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်သော ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စယန်ဟီးလီကို ညစ်ညမ်းသော စကားလုံးများဖြင့် ဆဲရေးပြောဆိုခဲ့မှုအပေါ် ဗုဒ္ဓဘာသာရဟန်းတစ်ပါးအနေဖြင့် မပြုလုပ်သင့်ကြောင်း ဝေဖန်ပြစ်တင်ပြောဆိုမှုများ ရှိနေ

တပ်မတော်နှင့် ကေအိုင်အေတို့၏ တိုက်ပွဲများကြား

အိအိတိုးလွင်
eieitoelwin@gmail.com

လွန်ခဲ့သည့် ရက်ပိုင်းအတွင်း အစိုးရတပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်ကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် တပ်မတော်က ကာကွယ်စောင့်ရှောက်ထားသည်ဆိုသည့် ရွာသားများကို ကံဆီးရွာမှ မြစ်ကြီးနားသို့ ရွှေ့ပြောင်းစောင့်ရှောက်ခွင့်ပြုရန် ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့က ကချင်ပြည်နယ် အစိုးရထံတင်ပြထားကြောင်း သိရသည်။

ယခုလ ၁၄ ရက်နေ့က ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူးနော်နှင့် လုံခြုံရေး လိုက်ပါလာသော ရဲတပ်ဖွဲ့ဝင် သုံးဦးကို ကေအိုင်အေ ရင်း(၆) လက်အောက်ခံတပ်က ဖမ်းဆီးထိန်းသိမ်းခဲ့ရာမှ ယခုလ ၁၅ ရက်နေ့ နံနက်ပိုင်းမှ စတင်ကာ တပ်မတော်စစ်ကြောင်းများနှင့် ကေအိုင်အေတပ်ဖွဲ့များကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ရဲသုံးဦးကို ယခုလ ၁၉ ရက်နေ့တွင် မြစ်ကြီးနားအခြေစိုက် ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့ကတစ်ဆင့် ကေအိုင်အေက ပြန်လွှတ်ပေးခဲ့ပြီးနောက် တိုက်ပွဲများ ရပ်တန့်သွားသည်။ သို့သော် ဒေသခံ ရွာသား ၂,၀၀၀ နီးပါးမှာ အစိုးရထိန်းချုပ်ထားသည့် နေရာတွင် ဇန်နဝါရီလ ၂၁ ရက်နေ့အထိ ပိတ်မိနေဆဲဖြစ်ကြောင်း ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့နှင့် ဒေသခံများကပြောသည်။

"ရွာသားတွေက အဲဒီမှာ မနေချင်ဘူး။ အခြေအနေက မလုံခြုံဘူးလေ။ သူတို့ကို လာခေါ်ပြီး လုံခြုံစိတ်ချရတဲ့နေရာမှာ ထားပေးဖို့ တောင်းဆိုလာတော့ ကျွန်တော်တို့ မြစ်ကြီးနားမှာ ခဏနေဖို့ စီစဉ်တယ်။ အခြေအနေတည်ငြိမ်သွားမှ ပြန်သွားပေါ့။ တကယ်တမ်း သွားခေါ်တော့ တပ်မှူးက ရွှေ့ပေးဖို့ မလိုကြောင်း၊ သူတို့ စောင့်ရှောက်ထားတဲ့ အကြောင်းပြောတယ်။ သွားချင်ရင်တော့ သွားလို့ရတယ်။ လုံခြုံရေးတော့ အာမမခံဘူးဆိုတော့ ကျွန်တော်တို့ ပြန်လှည့်လာ

ခြင်းကြောင့် ဦးဝီရသူကို ည်မဟုတ်သေးဟုဆို

သည်။

"သံဃာအဖွဲ့အစည်းက တိုက်ရိုက် အရေးယူလို့မရဘူး။ အရေးယူချင်တယ်ဆိုရင် တောင် နစ်နာသူကနေ တိုင်ကြားစာ ရှိလာမှ အရေးယူလို့ရတာ။ အဲဒီအခါမှ စုံးစမ်းစစ်ဆေးမေးမြန်းပြီး သတိပေးတာတွေ၊ အရေးယူတာတွေ ပြုလုပ်နိုင်တာပါ"ဟု ဆရာတော်က မိန့်ကြားသည်။

"သူ့ရဲ့ ဆဲဆိုမှုက ဗုဒ္ဓဘာသာတစ်ရပ်လုံးကို မထိခိုက်နိုင်ပါဘူး။ ဒီဆဲဆိုမှုကလည်း နိုင်ငံနဲ့လူမျိုးအတွက် အမျိုးသားရေးအရ ကာကွယ်ပြောဆိုခြင်းမျိုး ဖြစ်နိုင်ပါတယ်။ ဆဲဆိုတယ်ဆိုတော့ ကြမ်းတမ်းတာပေါ့၊ ရဟန်းတစ်ပါးအနေနဲ့ မကောင်းဘူးပေါ့။ ဓမ္မနည်းလမ်းနဲ့ ပြောဆိုနိုင်ရင်တော့ ကောင်းတာပေါ့" ဟု ဆရာတော်က မိန့်ကြားသည်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး သမ္မတရုံးကလည်း တစ်စုံတစ်ရာ ညွှန်ကြားချက် ထုတ်ပြန်ခြင်းမရှိဟု သမ္မတရုံး ညွှန်ကြားရေးမှူး ဦးဇော်ဌေးက ပြောသည်။

"သံဃာ့အဖွဲ့အစည်း ဥပဒေအရ သံဃမဟာနာယကအဖွဲ့အစည်းထံ အပ်နှင်းထားပြီး ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးက တစ်စုံတစ်ရာ ညွှန်ကြားချက် ထုတ်တာမျိုး မရှိပါဘူး။ သံဃာ့ကိစ္စ သံဃာတွေပဲ ဆောင်ရွက်သွားကြသလို လိုအပ်ရင် သာသနာရေးဝန်ကြီးဌာနကပဲ ဆောင်ရွက်ပါလိမ့်မယ်။ အရေးယူမယ် ဆိုရင်လည်း မြို့နယ်လဝကနဲ့ သာသနာရေးမှူးတို့ကနေ တိုင်ကြားအရေးယူတာမျိုးတော့ ရှိနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

ယခုလ ၁၆ ရက်က ပြုလုပ်ခဲ့သော ဆန္ဒပြကန့်ကွက်ပွဲတွင် ဦးဝီရသူသည် မစ္စရန်ဟီးလီကိုသာမက မျိုးစောင့်ဥပဒေပြဌာန်းရေးနှင့်ပတ်သက်၍ အတိုက်အခံပြုလုပ်ခဲ့သော ပြည်တွင်းရှိ လူ့အခွင့်အရေးလှုပ်ရှားသူ အမျိုးသမီးများကိုပါ ရည်ညွှန်းဆဲဆိုခဲ့သည်။

ဦးဝီရသူသည် ၂၀၁၃ ခုနှစ် ဇွန်လက စတင်ဖွဲ့စည်းခဲ့သော အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ကို ဦးဆောင်ကာ စတင်ဖွဲ့စည်းခဲ့သော ဆရာတော်တစ်ပါးဖြစ်ပြီး အမျိုးဘာသာသာသနာ စောင့်ရှောက်ရေး(ဗဟို)အဖွဲ့၏ အထက်မြန်မာပြည်တာဝန်ခံဆရာတော်တစ်ပါးလည်း ဖြစ်သည်။

ထိုကဲ့သို့ ဆဲဆိုပြောကြားချက်သည် သံဃာအားလုံးကို အကြည်ညိုပျက်စေနိုင်သည့် အခြေအနေတစ်ရပ်ဖြစ်ပြီး ဆဲဆိုခြင်းသည် ပါစိတ်အာပတ်သင့်စေကြောင်း၊ ထိုလုပ်ရပ်အပေါ် ပကာသနိယကံပြု၍ လုပ်ဆောင်ခြင်းဖြင့် သာသနာတော်၏ ဂုဏ်သိက္ခာကို ပြန်လည်ရယူနိုင်မည်ဟု မြဝတီဆရာတော် အရှင်အရိယဝံသာဘိဝံသက နေ့စဉ်ထုတ်ပြည်တွင်းသတင်းစာတစ်စောင်သို့ မိန့်ကြားခဲ့သည်။ ■

ဒေါက်တာထွန်းအောင် လွတ်မြောက်လာမှုကို ကြိုဆိုမှုနှင့်အတူ ဝေဖန်မှုများပေါ်ထွက်လာ

ဝလုံး
walone14@gmail.com

မောင်တောမြို့နယ် ဆူပူအကြမ်းဖက်မှုနှင့် ဆက်စပ်ဖမ်းဆီးကာ ထောင်ဒဏ်နှစ်ရှည် ချမှတ်ခံထားရသည့် ဒေါက်တာထွန်းအောင်ခေါ် နုရာဟက် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာမှုကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) က ကြိုဆိုလိုက်သော်လည်း ရခိုင်အဖွဲ့အစည်းအချို့ကမူ ဝေဖန်လိုက်သည်။

"ဒေါက်တာထွန်းအောင်လွတ်မြောက်လာတာဟာ ပြည်တွင်းပြည်ပမှာရှိနေကြတဲ့ သူလွတ်မြောက်ရေးလှုပ်ရှားခဲ့ကြသူများအတွက် အားတက်စရာဖြစ်ပြီး အကောင်းဖက် ပြောင်းလာတဲ့ ခြေလှမ်းတစ်ခုအဖြစ်ကျွန်တော်တို့ ကြိုဆိုရမှာဖြစ်ပါတယ်"ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အရှေ့တောင်အာရှဆိုင်ရာနှင့် ပစိဖိတ်ဒေသဆိုင်ရာ သုတေသနဌာန ညွှန်ကြားရေးမှူး Rupert Abbott ကပြောသည်။

ဘာသာရေး လူမျိုးရေးပဋိပက္ခကို ဖြေရှင်းရန် ကြိုးစားခဲ့သည့် ဒေါက်တာထွန်းအောင်ကို အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းသည် အပေါင်းလက္ခဏာဆောင်သော အဆင့်တစ်ခုဖြစ်သော်လည်း မှားယွင်းအပြစ်ဒဏ်ချမှတ်ခံထားရသည့် ဒါဇင်နှင့်ချီသော အကျဉ်းသားများကိုလည်း ချက်ချင်းလွှတ်ပေးသင့်ကြောင်း အဆိုပါအဖွဲ့၏ ယခုလ ၂၀ ရက်နေ့ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဒေါက်တာထွန်းအောင် လွတ်မြောက်လာစေရန် အမေရိကန်အောက်လွှတ်တော်အမတ် Aron Schock နှင့် ချက်နိုင်ငံအခြေစိုက် Prague Freedom Foundation ဥက္ကဋ္ဌ John Todorkoiတို့က ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပြီးနောက် လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ ၎င်းလွတ်မြောက်လာမှုနှင့်ပတ်သက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းက ကြိုဆိုကြောင်းပြောဆိုမှုများရှိသော်လည်း ပြည်တွင်း ရခိုင်လူ့အဖွဲ့အစည်းကမူ ဝေဖန်မှုများ ထွက်ပေါ်လျက်ရှိသည်။

"သူ့ကို လွှတ်ပေးလိုက်တာဟာ နောက်ထပ် ပဋိပက္ခတွေဖြစ်ပွားစေဖို့ လှုံ့ဆော်မှုတွေရှိကောင်းရှိနိုင်တယ်"ဟု ရခိုင်အမျိုးသားပါတီ ဗဟိုကော်မတီဝင် ဦးအေးသာအောင်က ပြောသည်။

ဒေါက်တာထွန်းအောင်ကို ၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်းက မောင်တောဆူပူအကြမ်းဖက်မှုနှင့် ပတ်သက်ပြီး အစိုးရက မှတ်ပုံတင် အတုပြုလုပ်မှု၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုကို ပျက်ပြားစေမှု၊ နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေပုဒ်မ၊ အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ၅(ည) များဖြင့် တရားစွဲဆိုခဲ့ပြီး ထောင်ဒဏ် ၁၇ နှစ်ချမှတ်ခဲ့ကာ နောက်ပိုင်းတွင် ကိုးနှစ်သို့ လျှော့ပေါ့ခဲ့သည်။

၎င်းကို တရားစွဲဆိုထောင်ဒဏ်ချမှတ်ခြင်းနှင့်ပတ်သက်ပြီး အငြင်းပွားဖွယ်ရာကိစ္စများ ပေါ်ပေါက်ခဲ့သော်လည်း ၎င်းကို နိုင်ငံရေးအကျဉ်းသားအဖြစ် သတ်မှတ်ခြင်းမရှိခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားများရေးရာကော်မတီက ဦးရဲအောင်က ပြောသည်။

"သူဒီအမှုနဲ့ပတ်သက်လို့ တကယ်ကျူးလွန်တယ် မကျူးလွန်ဘူးဆိုတာ ကျွန်တော်တို့ မသိပါဘူး။ ဒါပေမဲ့ သူက ဘာသာရေးလူမျိုးရေးကိစ္စနဲ့ ဖြစ်ပွားခဲ့တဲ့ကိစ္စကြောင့် သူ့ကိုဖမ်းတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒီဟာကို နိုင်ငံရေးအကျဉ်းသားအဖြစ်နဲ့ စာရင်းထည့်ထားတာမရှိပါဘူး၊ ဒီအကြောင်းအရာ အသေးစိတ်လေ့လာထားတာ မရှိတဲ့အတွက် မှတ်ချက်မပေးချင်ပါဘူး"ဟု ၎င်းကပြောသည်။

ဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာထွန်းအောင်မှာ မောင်တောမြို့ မွတ်စလင်လူ့အဖွဲ့အစည်း ခေါင်းဆောင်တစ်ဦးဖြစ်သလို ၁၉၉၀ ရွေးကောက်ပွဲကာလအတွင်းက လူ့အခွင့်အရေးနှင့် ဒီမိုကရေစီပါတီ၏ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးလည်းဖြစ်ကြောင်း သိရသည်။ ■

ပိတ်မိနေသော ရွာသားများ ထွက်ခွာခွင့်ရရန် ပြည်နယ်အစိုးရထံ တင်ပြထား

တယ်။ စိတ်တော့မကောင်းဘူးပေါ့။ အခုတော့ ကချင်ပြည်နယ် တိုင်းမှူးနဲ့ ဝန်ကြီးချုပ်ကို ရွာသားတွေ လွှတ်ပေးခိုင်းဖို့ တင်ပြထားတယ်။ သူတို့ကတော့ ပြန်တင်ပြပေးမယ် ပြောတာပဲ"ဟု ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့က ဦးလမိုင်ဂွန်ဂျာက ပြောသည်။

လေးရက်တာ တိုက်ပွဲကာလအတွင်း ဖားကန့်နှင့် ၁၂ မိုင်ခန့်ဝေးသည့် ကံဆီး၊ အောင်ဘာလေနှင့် ဆိုင်းရာရွာရှိဒေသခံများမှာ ကံဆီးရွာတွင် ပိတ်မိနေကြောင်း သတင်းဌာနများက ဖော်ပြခဲ့ပြီး ယင်းပိတ်မိနေသူများထဲတွင် ဖားကန့်တွင် ကျောက်စိမ်းလုပ်ငန်း လာရောက်လုပ်နေသော တရုတ်လူမျိုးရာချီပါဝင်ကြောင်း ဖော်ပြခဲ့သည်။ သို့သော် ယခုလ ၂၁ ရက်နေ့ထုတ် အစိုးရသတင်းစာများတွင် ရွာသားများမှာ ပိတ်မိနေခြင်း မဟုတ်ဘဲ ၎င်းတို့ဆန္ဒအရ ပြောင်းရွှေ့လိုကြောင်း တင်ပြသည့်အတွက် တပ်မတော်က ကံဆီးစခန်းအနီးရှိ ကံဆီးရွာသစ်သို့ ရွာသား ၁,၀၀၀ ခန့်ကို ပြောင်းရွှေ့ပေးခဲ့ပြီး လိုအပ်သည့် ကူညီစောင့်ရှောက်မှုများပေးခဲ့ကြောင်း ဖော်ပြထားသည်။ ယခုလ ၁၈ ရက်နေ့က တိုက်ပွဲများ ပြီးဆုံးပြီးနောက် ကံဆီးရွာဟောင်း ဘုန်းကြီးကျောင်းနှင့် အောင်ဘာလေ ရွာအတွင်း ကေအိုင်အေအဖွဲ့များ မရှိတော့သဖြင့် ရွာသားများဆက်လက်နေထိုင်လျက်ရှိပြီး အခြေအနေမှာ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း ဖော်ပြထားသည်။ ထို့ပြင် ဒေသခံ ၂,၀၀၀ ခန့် ပိတ်မိနေဆိုသည်မှာ မဟုတ်မမှန် ရေးသားခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

သို့သော် လက်တွေ့ အခြေအနေတွင် တပ်မတော်၏ သတင်းထုတ်ပြန်ချက်နှင့် ကွာဟလျက်ရှိပြီး ရွာသားများကို တပ်မတော်စစ်ကြောင်းများက ထိန်းသိမ်းထားခြင်းဖြစ်ပြီး ရွာသားများကမူ ယင်းဒေသမှ ထွက်ခွာကာ လုံခြုံသည့် နေရာတွင် နေထိုင်ခွင့်ရရန် တောင်းဆိုမှုများ ရှိနေသည်ဟု ဦးလမိုင်ဂွန်ဂျာက ပြောသည်။ လက်ရှိတွင် အဆိုပါဒေသကို အစိုးရတပ် တပ်မ ၆၆ က ထိန်းချုပ်ထားပြီး ရွာသားများကို ယင်းနေရာမှ ခေါ်ထုတ်ရန် တပ်မမှူးက လက်ခံခြင်း မရှိကြောင်း ပြောသည်။

"ရွာသားတွေက မနေချင်ကြဘူး။ လာခေါ်ပေးဖို့ပဲ ပြောနေတယ်။ ခက်တာက တပ်က သွားခွင့်မပေးဘူး။ သတင်းလာယူတဲ့သူတွေဆိုရင်လည်း ဝင်ခွင့်မရဘူးဖြစ်နေတယ်။ အခုတိုက်ပွဲက ရပ်နေပေးမယ့် အချိန်မရွေးပြန်ဖြစ်နိုင်တဲ့ အခြေအနေမျိုးဆိုတော့ စိုးရိမ်ပူပန်နေရတာပေါ့"ဟု ဖားကန့်ဒေသခံ ဒေါ်တိုက်ဆေးက ပြောသည်။

ကေအိုင်အေ တပ်မဟာ(၂)လက်အောက်ခံ တပ်ရင်း (၆) တပ်ရင်းမှူး ဗိုလ်မှူးတန်ဆိုင်းကမူ ရဲများကို လွှတ်ပေးပြီးနောက် အစိုးရဘက်က ထိုးစစ်ဆင်မှုများ ရပ်တန့်သွားသော်လည်း တိုက်ပွဲများ အချိန်မရွေး ပြန်လည်ဖြစ်ပွားနိုင်သည့် အနေအထားရှိကြောင်း ပြောသည်။

"တပ်ဘက်ကလည်း အင်အားတွေထပ်ဖြည့်နေတဲ့ အခြေအနေဆိုတော့ ဒီတစ်ရက်နှစ်ရက် တိုက်ပွဲ မဖြစ်ပေမယ့် လုံးဝတည်ငြိမ်သွားတာတော့ မဟုတ်သေးဘူး။ အချိန်မရွေး ပြန်တိုက်နိုင်တဲ့ အခြေအနေမှာရှိနေတော့ ကျွန်တော်တို့ဘက်လည်း ပြင်ဆင်ထားပါတယ်"ဟု ၎င်းကပြောသည်။ ■

MCM

MYANMAR CONSOLIDATED MEDIA LTD.

အမှုဆောင်အရာရှိချုပ်
တိုနီချိုင်းလ်ဒ် tonychild.mcm@gmail.com

သတင်းဌာန ဒါရိုက်တာ
သီဟစော editorial.director.mcm@gmail.com

ဒု-စီမံခန့်ခွဲမှုအရာရှိချုပ်နှင့် စီးပွားရေးစာတည်း (မြန်မာ)
တင်မိုးအောင် tinmoeaung.mcm@gmail.com

စာတည်းမှူး (မြန်မာ)
ဆန်းဦး sannoo@gmail.com

စာတည်းမှူး (အင်္ဂလိပ်)
သောမတ်စ်ကင်း(န်) tdkean@gmail.com

စာတည်းမှူး (အထူးအချပ်ပို)
မျိုးလွင် myolwin286@gmail.com

သတင်းထောက်ချုပ်
ဇော်ဝင်းသန်း zawwinthan@gmail.com

ဒု-စာတည်းမှူးနှင့် လူမှုဘဝစာတည်း (မြန်မာ)
မို့မို့သော် mohthaw@gmail.com

ဒု-စာတည်းမှူး (မြန်မာ)-အေးစပယ်ဖြူ

အကြီးတန်းစာတည်း-မောင်သွေးသစ်

အတိုင်ပင်ခံစာတည်း-မသီဂီ

ဒု-စီးပွားရေးစာတည်း (မြန်မာ)-အေးသီတာကျော်

အကြီးတန်းလက်ထောက်စာတည်း-စန္ဒာလွင်

အားကစားစာတည်း-ထွန်းနေအောင်

လူမှုဘဝစာတည်း (အင်္ဂလိပ်)-ဇွစ်တနေလိုက်တ်

နိုင်ငံတကာစာတည်း-တင်စိန်

ဓာတ်ပုံဌာန (မန်နေဂျာ)-ကောင်းထက်

ဓာတ်ပုံသတင်းထောက်များ-သီရိလူ၊ အောင်ငွေးလှိုင်၊ ဇာနည်ဖြိုး၊ ယုယု၊ နိုင်ဝင်းထွန်း

မန္တလေးရုံးခွဲ တာဝန်ခံ
စတူးဝပ်အလန်ဘက်ကာ stuart.becker@gmail.com

မန္တလေးရုံးခွဲ ဖြန့်ချိရေးဌာန
mdydistribution.mcm@gmail.com

နေပြည်တော်ရုံးခွဲ တာဝန်ခံ
စုလှိုင်ထွန်း hsuhlainghtun.mcm@gmail.com

နေပြည်တော်ရုံးခွဲ ဖြန့်ချိရေးဌာန
nptdistribution.mcm@gmail.com

ထုတ်လုပ်ရေးဌာန မန်နေဂျာ - ဇာနည်၊
zarnicj@gmail.com

ဒု-ထုတ်လုပ်ရေး မန်နေဂျာ - ဇော်နိုင်စိုး၊
zawna2@gmail.com

ဒီဇိုင်းဌာနဒါရိုက်တာ - တင်ဇော်ထွေး၊

ပုံနှိပ်ဌာနမှူး - ဦးဟန်ထွန်း

ပုံနှိပ်ဌာနအကြံပေး
ငွေးမောင် uhtaymaung@gmail.com

မန်နေဂျာ (ပုံနှိပ်စက်)-ခင်မောင်

ကြော်ငြာဌာန ဒု-ဒါရိုက်တာများ-ညီညီထွန်း၊ ချမ်းသာဦး၊
နေမျိုးဦး၊ နန္ဒာခိုင်

အရောင်းမန်နေဂျာ (Classies)-ခင်မွန်မွန်ရည်

ငွေစာရင်းမန်နေဂျာ
မွန်မွန်သာဆိုင် monmonthasaing@gmail.com

စီမံရေးရာဌာန
ခိုင်ဆုယဉ် khinesu1988@gmail.com

ထုတ်ဝေသူ ဒေါက်တာတင်ထွန်းဦး (မြဝ၄၁၄၂)

အိုင်တီမန်နေဂျာ
ကျော်ဇေယျာလင်း kyawzayarlin@gmail.com

ဖြန့်ချိရေး မန်နေဂျာ
သူဇာဝင်း thuzarwinn@gmail.com

ကြော်ငြာနှင့် လပေးဝယ်ယူရေးကိစ္စများ စုံစမ်းရန်
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈၊ ဖက်စ် (၉၅၁) ၂၅၄ ၁၅၈

မြန်မာတိုင်း(မ်) သတင်းနှင့် စီးပွားရေးဂျာနယ်ကို မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာ (Myanmar Consolidated Media) က ပိုင်ဆိုင်ပြီး ရွှေစင်ပုံနှိပ်တိုက် (၀၃၆၈) နှင့် စွယ်စုံမီဒီယာ (၀၈၁၀၂) က တာဝန်ယူ ပုံနှိပ်ထုတ်ဝေပါသည်။ ခေါင်းစီးစာသားမှာ အင်္ဂလိပ်ဘာသာအားဖြင့် The Myanmar Times ဖြစ်ပြီး မြန်မာဘာသာအားဖြင့် မြန်မာတိုင်း(မ်) ဟူ၍ ဖြစ်ကာ မြန်မာတိုင်း(မ်)၏ အမှတ်တံဆိပ်လိုဂို (Logo) အပါအဝင် သက်ဆိုင်သော သင်္ကေတအမှတ်အသားများအားလုံးကို လည်းကောင်း၊ စာစောင်များတွင်ပါရှိသော သတင်း၊ ဓာတ်ပုံ အစရှိသည့် အကြောင်းအရာ အားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း မြန်မာကွန်ဆိုလီဒိတ်တက် မီဒီယာ (Myanmar Consolidated Media) ၏ စာဖြင့် ရေးသားခွင့်ပြုချက်မပါဘဲ ပြန်လည်ကူးယူဖော်ပြခြင်း မပြုကြရန်။

MCM

MYANMARTIMES
HEARTBEAT OF THE NATION

မြန်မာတိုင်းမ်
MYANMARTIMES

IT'S YOUR LIFE - LIVE IT UP
now!

Myanmar Consolidated Media Ltd.
www.mmtimes.com
ရန်ကုန်ရုံးချုပ် - ၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း (၉၅၁) ၂၅၃၆၄၂၊ ၂၅၃၆၅၁၊ ၃၉၂၈၀၈၊ ဖက်စ်(၉၅၁) ၂၅၄၁၅၈၊ ၃၉၂၉၂၈။

မန္တလေးရုံးခွဲ - အမှတ် ၂၀၊ ၇၁ လမ်း (၂၈ နှင့် ၂၉ လမ်းကြား)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း (၀၂) ၆၅၃၉၁၊ ၂၄၄၅၀၊ ၂၄၄၆၀ ဖက်စ် (၀၂) ၇၄၅၈၅

နေပြည်တော်ရုံးခွဲ - အမှတ် ၁၅/၄၉၆၊ ရာဇဌာနီလမ်း၊ ပေါင်းလောင်း (၂)ရပ်ကွက်၊ ပျဉ်းမနားမြို့။ ဖုန်း (၀၆၇) ၂၁၄၂၆၊ ၂၅၁၀၉၊ ၂၅၉၈၂၊ ၂၅၉၈၃။

ခြောက်ပွင့်ဆိုင်အတွက် အကြံပြုချက်များ ဖိတ်ခေါ်

ပြည့်သက်ဖြိုး
pyaethetphyo87@gmail.com

ပြုလုပ်ရန် သေချာနေပြီဖြစ်သည့် ခြောက်ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးသွားရန် လွှတ်တော်ကိုယ်စားလှယ်များက တင်ပြလိုသော အကြံပြုချက်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ယခုလ ၂၁ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး၌ ဖိတ်ခေါ်ခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အကြံပြုတင်ပြလိုသော အကြောင်းအရာ အချက်အလက်များကို ယခုလ ၂၃ ရက်နေ့ အရောက် စာဖြင့် ပေးပို့ရမည်ဖြစ်သည်။

"လွှတ်တော်ကိုယ်စားလှယ်တွေထံက ရရှိလာတဲ့ အကြံပြုချက်တွေကို လိုအပ်သလို ဆောင်ရွက်ပြီး ခြောက်ပွင့်ဆိုင်ဆွေးနွေးပွဲမှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်"ဟု ဦးခင်အောင်မြင့်က ပြောကြားသည်။

ခြောက်ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတစ်ယောက်အနေဖြင့် တက်ရောက်မည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

"ဥက္ကဋ္ဌကြီးက ဖွင့်ပေးလိုက်ပြီဆိုတော့ ၂၃ ရက်နေ့အမီ ရေးရတော့မှာပေ့ါ။ တွေ့ဆုံဆွေးနွေးစေချင်တယ်။ သမ္မတကြီးကလည်း သဘောကောင်းတယ်။ ဒါကြောင့် တွေ့တာပေ့ါ၊ တွေ့ဖို့ အချက်အလက်တွေ ပြုစုနေပြီဆိုတော့ သေချာသလောက်ဖြစ်သွားပြီပေ့ါ" ဟု ခြောက်ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရန် အရေးကြီးအဆိုတင်သွင်းခဲ့သူ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းက ပြောသည်။

ထိုသို့ တွေ့ဆုံလိုက်ခြင်းအားဖြင့် အတိုက်အခံပါတီများဘက်ကလည်း သဘောထားများ ပျော့ပျောင်းသွားနိုင်သည်ဟု ဦးမြင့်ထွန်းက ဆိုသည်။

နိုင်ငံတော်သမ္မတက ခြောက်ဦးတွေ့ဆုံဆွေးနွေးသွားရန် တိုက်တွန်းလာသောကိစ္စသည် ကောင်းမွန်သော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ သို့ရာတွင် တိုင်းရင်းသားပြည်သူအားလုံး၊ လူထုလူတန်းစားအဖွဲ့အစည်းများနှင့် နိုင်ငံရေးအင်အားစုများက လက်ခံသော ကိုယ်စားပြုမှုဖြစ်စေရေး၊ လိုလားတောင့်တချက်များ ပါရှိစေမည့် မူဘောင်များ ကြိုတင်ချမှတ်ထားသည့် တွေ့ဆုံဆွေးနွေးမှုဖြစ်စေရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးတို့အတွက် စီမံဆောင်ရွက်နိုင်ပါက ပိုမို၍ ပြည့်စုံကောင်းမွန်မည်ဟု ခြောက်ပွင့်ဆိုင်ဆွေးနွေးပွဲနှင့် ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ယခုလ ၂၀ ရက်နေ့က ပြန်လည်ပေးပို့လာသော သဝဏ်လွှာတွင် ပြောကြားထားသည်။

"နိုင်ငံတော်သမ္မတကြီးဆီက ပြန်ပို့တဲ့ သဝဏ်လွှာမှာ ခြောက်ပွင့်ဆိုင်ဟာ လုပ်သင့်ပါတယ်လို့ပဲပါတယ်။ အဲဒါကို လက်ခံပါတယ်။ ဘယ်နေ့၊ ဘယ်ရက်မှာ လုပ်ပေးပါ့မယ်၊ ဆောင်ရွက်ပေးပါ့မယ်လို့တော့ မပါဘူး"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။

"ဒါပေမဲ့ လွှတ်တော်ဘက်ကတော့ ပြတ်ပြတ်သားသားပဲ၊ ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ပြီးသား ကိစ္စရပ်တစ်ခုကို ဆက်လက်ရပ်တည်မယ်ဆိုတဲ့ သဘောပဲ။ ဒီနေ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြောသွားတာကို ကျွန်တော်တို့ သိရှိနားလည်တာကတော့ တွေ့ဆုံပွဲကို သွားတက်မှာဟာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ပြောချင်ဆိုချင်တဲ့ အချက်အလက်တွေလည်း လိုအပ်မယ်ထင်လို့ လမ်းဖွင့်ပေးသွားတယ်လို့ပဲ ယူဆပါတယ်"ဟု ၎င်းကပြောကြားသည်။ ■

FROM BACK PAGE BEATS

နည်းနည်း မသိမသာကြီးပြီ။ မင်းသားကြီးကိုမင်းဦးကေလို အနောက်လှန်ဖြီးထားပြီး Suit အပြည့်နဲ့ "Hi, I'm Jacob the Jeweller" ဆိုပြီး နှုတ်ဆက်တဲ့ပုံကို ဒီနေ့အထိ မမေ့သေးဘူး။ အနီးစပ်ဆုံးစွဲပြီး ပြရရင် လူကြီးမင်းတို့ အသည်းဆွဲ ကမ္ဘာကျော်ဘောလုံးသမား ခရစ္စတီယာနိုရော်နယ်ဒိုကို အခုလက်ရှိ စပွန်ဆာပေးထားတဲ့ လက်ပတ်နာရီ Brand ပါပဲ။ Jacob&Co™ နာရီအစစ်ကိုဟောင်ကောင်သွားတုန်းက တစ်ခါ၊ ရန်ကုန်မှာ ချမ်းသာပါပေ့ဆိုတဲ့ အသိမိတ်ဆွေ တစ်ယောက်ရဲ့ လက်ပေါ်မှာတစ်ခါ (၂၀၀၅ ပတ်ဝန်းကျင်လောက်က) တွေ့ဖူးခဲ့တယ်။

အဲဒီအချိန်တုန်းကတောင် ထိုနာရီ တစ်လုံးရဲ့ ဈေးဟာ ရန်ကုန်အိမ်တိုင်ဖြုတ် ရောင်းမှသာ ဝယ်နိုင်လိမ့်မယ်။ အစောကပြောတဲ့ Program မှာ ကမ္ဘာကျော် Hip Hop အဆိုတော်တွေဖြစ်တဲ့ NAS, Jay-Z, 50 cent တို့အပြင် လူဖြူ Pop/RnB အဆိုတော် Justin Timberlake ပင် Jacob ရဲ့ ဆိုင်မှာ အရှုံးအမူး ဝယ်ကြောင်း ဓာတ်ပုံနဲ့ သက်သေထူထားသဗျာ။

သြော် အာဖရိကသားတွေရယ် . . . . . ခင်ဗျားတို့လည်း ဒီနေ့အထိ ဂျူးတွေရဲ့ စိုးမိုးမှုအောက်က မလွတ်နိုင်သေးပါလား။

အရင်းမရှိ အဖျားမရှိပြောရရင် ကျွန်တော်က ထူးထူးဆန်းဆန်း၊ ကျွန်တော့်ယောက္ခမကြီးနဲ့ ရေရေလည်လည်တည့်တယ်။ သူနဲ့ သူ့သမီးသာ ကချင်လိုပြောပြီး တတွတ်တွတ်နဲ့ ဘာတွေကွိုင်မှန်းမသိတာ။ သမက်လုပ်စားပြီး သမက်အိမ်မှာကပ်နေတယ်လို့ ပြောခံရမှာ ကြောက်ပြီး အရင်းအနှီးလေးတောင်းလို့ 'စိုင်းတောင်'ကို ထွက်သွားလေရဲ့။ ပြန်လည်းရောက်လာရော လည်ပင်းတွေ၊ နားတွေ၊ လက်တွေမှာ ရွှေနဲ့ ပတ္တမြားတွေသီးနေတဲ့ ယောက္ခမကြီးကို မြင်ရတဲ့ ကျုပ်ပါးစပ်က ဗီရို အံဆွဲ ဖောက်ထိုးမှောက်ထားသလို အဟောင်းသား။ ဒီလပိုင်းလေးမှာ ငွေပေါ်နေတာ မြင်တော့မှ သြော် . . . အဲဒီဖားကန့်၊ စိုင်းတောင်မှာ ခလုတ်တိုက်ရင်တောင် ကျောက်စိမ်းဖြစ်နေပါသလားလို့ ရေရွတ်မိတော့တယ်။

သြော် . . . အေး ဒီစာကို ရေးနေချိန်မှာ ကျွန်တော်က ခေတ္တမိုးကုတ်၊ သူက တောင်တွေပတ်ပတ်လည် ဝိုင်းနေတဲ့ Valley (လျှိုမြောင်)ကြီးထဲမှာတည်ထားသဗျ။ မြို့သူ၊ မြို့သားတွေ အားလုံးက ဖြူဖြူချောချောကြီးတွေ ဗမာဆိုတာ ခက်ရှားရှားရယ်၊ အများစုက ရှမ်း၊ တရုတ်၊ လီဆူ၊ ကချင်၊ ချင်း (Mizo&etc)၊ ဂေါ်ရခါး (Nepali) နဲ့ အမည်မဖော်နိုင်အောင် များပြားတဲ့ တိုင်းရင်းသားတွေ နေထိုင်ကြတယ်။

မြို့က တောင်ပေါ်မြို့ဆိုတဲ့ အတိုင်း တော်တော်လှပါတယ်။ ဒါပေမဲ့ ည ၇ နာရီ ကျော်လာရင် တစ်မြို့လုံးက ဆိုင်တွေအားလုံး ပိတ်၊ Block တစ်ခုက သုံးပုံနှစ်ပုံက မီးပိတ် တံခါးပိတ် 'ဂျိတ်'၊ ည ၉ နာရီကျော်ရင် Zombie ကား ရိုက်လို့ရပြီ၊ ခုနစ်တန်းတုန်းက သူငယ်ချင်းတွေက ဒီမြို့သားတွေ၊ သူတို့အဖေကနာမည်ကြီး(ဒီမြို့မှာ) ညီအစ်ကိုတွေ အများကြီးပဲ၊ ခင်တဲ့ နှစ်ကောင်လောက်က အရမ်းခင်ပါတယ်လေ၊ အိမ်မှာတောင် (အမေပေးတဲ့ Speaking class လာတက်ဖူးတယ်) Heavy ရိုင်းတော့ အသက်ကြီးလာချိန်မှာ သိပ်တွဲသွားတွဲလာမရှိသလောက် ဖြစ်သွားတယ်။

ကျောက်သူဌေးတွေက တစ်ကစတဲ့ ဘဝကနေ ခရီးတော်တော်ရောက်လာရင် အိမ်ထောင်ရေးမှာ အဆင်မပြေကြတော့ သားသမီးတွေက စည်းစိမ်ဘယ်လောက် ပြည့်စုံပြည့်စုံ (ရန်ကုန်မှာ နောက်ဆုံး တစ်ခေါက်တွေ့တော့) မျက်နှာလေးတွေက မကောင်းချင်ကြဘူး။ မနေ့ကရယ် ဒီနေ့ရယ် ကျွန်တော်တို့ Dream Ministriy က ဒီမြို့အနီး တစ်ဝိုက်က 'ပိန်းပြစ်'ဆိုတဲ့ ရွာကို တရားဒေသနာ ချီးမွမ်းခြင်းနဲ့ ရောက်သွားပါရောလား။ ရွာလေးက အရမ်းသာယာ၊ အရမ်း အေးချမ်း၊ 'လူကြီးသူမကလေး'အားလုံးတအားချစ်ဖို့ ကောင်းကြတယ်။ ဒီရွာက သင်းအုပ် ဆရာ/ အမှုတော်ဆောင်တစ်ယောက်ဆို ဘယ်လောက်ဆက်ကပ်သလဲ (သူ့ Faith ဘယ်လောက်ကြီးသလဲ)ဆိုဆုတောင်း ဆုတောင်း ဆုတောင်းရင်းနဲ့ သူ့ခြံထဲမှာပါ ကျောက်တွေ ထွက်လာပါတယ်တဲ့ ခင်ဗျား. . .

တစ်ရုံးရောအခါ ရုံးမှာ ကိစ္စအဝဝစီစဉ်ဖို့ ဝင်လိုက်တုန်း အရင်းရှင်ကြီးတစ်ဦးရဲ့ Assistant ညီအစ်ကိုတစ်ယောက်နဲ့ ကြုံတောင့်ကြုံခဲ စကားပြောမိရာကနေ သူ့အကြောင်းရောသူ့ရဲ့ အလုပ်ရောပေ့ါလေ။ တော်တော်များများပုံပေါ်သွားခဲ့တယ်။ ရောက်လာရခြင်း Subject က သူ့ရုံးနဲ့ ကျွန်တော်တို့ ရုံးကြားမှာရှိတဲ့ Project တွေကို စာရင်းပြုထားတဲ့ File တွေ လာပေးတာ။ အဘယ်ကြောင့်ဆိုသော် သူက အလုပ်ထွက်တော့မှာ မို့လို့တဲ့။ သူက တခြား Profession က လာတာ။ But သူ့ရုံးရဲ့ Major Business က ဒီအပေါ်မှာ။ Focus လုပ်လာတော့ မဆီမဆိုင် ဝင် 'လှော်'ရတော့တာပေ့ါ။ သူက မှတ်ကျောက်တင်ရတယ်။

နောက် ဒီဟာတွေ အားလုံးကို ဘယ်လိုချေဖျက်ပြီး ဘယ်လိုစက်နဲ့ လုပ်ရတယ်ဆိုတဲ့ အကြောင်း သူရှင်းပြနေပါသေးတယ်။ စာဖတ်ရင်း နားစွန် နားဖျားယောင်ယောင် နားထောင်နေရတော့ အစအဆုံး ပြန်ရှင်းမပြနိုင်တော့ဘူး။ အမှန်သူ မလုပ်ချင်ဘူး၊ တာဝန်ကြီးတယ်။ သူ့ဆီလာရင် Case တွေ Case တွေနဲ့ လာတာ၊ ဒါတွေကို Service ရှိပြီးသား လူနဲ့အတူ ထိုင်ပြီး အစောက Process တွေ လုပ်။ ပြောပုံအတိုင်းဆို ရေရေလည်လည်စားတယ်။ တစ်ခုမှ မှားလို့ မရဘူး။

Waste ဖြစ်ပြီးကျတဲ့ ဖုန်မှုန့်ကအစ တန်ဖိုးရှိတော့ ရေရေလည်လည် Handle လုပ်ရခက်ကြောင်းလည်း ရှင်းပြတယ်။ နာမည်တွေ၊ နံပါတ်တွေ၊ Case တွေ . . . . . . ရေးရင်းနဲ့တောင် ရှုးချင်လာပြီ။ တစ်ပတ်လုံးမှာ မနက် ၃ နာရီ လောက်မှ သူအိပ်ရတယ်။ ရေရေလည်လည်စားတဲ့ အလုပ်ကို လုပ်နေရတော့ Boss နဲ့ မတွေ့ဖြစ် တော့ဘူး။ မတွေ့ဖြစ်တော့ Boss က သူ့ကို အနားမှာ မနေတော့ အလုပ်ကောင်းကောင်း မလုပ်ဘူးဆိုပြီး ဆဲတယ်။ ဒီကြားထဲ တချို့တွေက "ဒီပစ္စည်းက ဒီလောက်၊ ဒီလောက်" ပြောပေမယ့် အပြင်မှာ သူတီးခေါက်ကြည့်တော့ ဘယ်လောက်မှ မရှိဘူး။

ဒီတော့ Boss နဲ့ သူ့ကြားမှာ Relationship ကလည်း ခါးသီး လာတယ်။ ဟိုဘက်ကလည်း စိတ်/လူ ပင်ပန်းတာနဲ့ပေါင်းပြီး Stress များစွာပိလို့ သူ့ခမျာ အလုပ်မရှိတဲ့ သူတွေမှာ Insomia တွေဖြစ်ပြီး ဘယ်လိုမှ အိပ်မပျော်တော့ဘူး။ မိသားစုနဲ့လည်း မိတ်သဟာယနည်းလာတယ်။ ကြာတော့ စိတ်ဓာတ်ပါကျလာတယ်။ သူ့ခံစားချက်ကို ကိုယ်ချင်းစာမိပါတယ်။ ပြောပြနေတဲ့ပုံက အလုပ်က မထွက်ရရင် ပေါက်ကွဲပြီး တစ်စစီ လွင့်သွားမယ့်သဘောမှာ ရှိတယ်။

ဒါနဲ့ ကျွန်တော်လည်း ပြေရာပြေကြောင်း ဇဝံဂေလိလေး ဘာလေး (အထက်ကအမိန့်အရ) ပြောကြည့်လိုက်ပါတယ်။ သူအံ့သြတယ်၊ နည်းနည်းလည်း အာရုံပြောင်းသွားမယ် ထင်ပါရဲ့။ မသိမသာ မပြုံးတပြုံးလုပ်ပြီး ပြန်သွားပါတယ်။ ဘဝမှာ အမျိုးအရင်းထဲက လက်ဦးဝိညာဉ်ရေးရာ ခေါင်းဆောင်ကြီးက ပြောဖူးတယ်။ "အမှန်တော့ ဒါက ကျောက်ခဲပါပဲ" တဲ့။ "အရောင်မတူဘဲ ဆန်းနေတဲ့ ကျောက်ခဲပေ့ါ"။

လူတွေက ဒါကို ကမ္ဘာပေါ်မှာ တန်ဖိုးဖမ်းတင်လိုက်တော့ ကွိုင်ကုန်ရော။ မင်းရပ်မင်းရွာမင်းခြံထဲကဟာကို အမြေ့လာလုရင်မင်းခံမလား။ "အေး ဒီလိုတွေကြောင့် ဖြစ်နေကြတာပေ့ါကွာ"တဲ့။ အခု လတ်တလော ဖားကန့်ရေရေလည်လည် 'ထု' နေတယ်ကြားတယ်။

လမ်းတွေ ပိတ်ထားတော့ ယောက္ခမကြီးလည်း မြစ်ကြီးနားပြန်လို့မရဖြစ်ပြီး လူတွေအားလုံး TRAP ဖြစ်နေကြောင်း ကြားသိပါတယ်။ သြော် . . . . . . မြေကြီးထဲက ထွက်တဲ့ ကျောက်မျက်ရတနာကိုပဲ မကြည့်ဘဲ ကျောက်မျက်ရတနာထွက်တဲ့ မြေကြီးကို ဖန်ဆင်းတဲ့ ကောင်းကင်ဘုံရှင်ကို မျှော်ကိုး၊ ကိုးစားနိုင်ကြပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ ■

လာမည့်ဘဏ္ဍာနှစ်တွင် ငွေကြေးဖောင်းပွမှု ခြောက်ရာခိုင်နှုန်းအထက် ရှိလာနိုင်

ထူးသန့်

thanhtoo.npt@gmail.com

လာမည့် ၂၀၁၅ - ၁၆ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလိုငွေသည် ကျပ် လေးထရီလျံကျော်အထိ ရှိလာမည်ဖြစ်ပြီး ငွေကြေးဖောင်းပွမှုနှုန်းသည် အနိမ့်ဆုံး ခြောက်ရာခိုင်နှုန်းအထက်တွင် တစ်နှစ်လုံး ရှိနေမည်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြောသည်။

"ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၆ ခုနှစ်၊ မတ်လအကုန်မှာ ၈ ဒသမ ၁၁ ရာခိုင်နှုန်းဖြစ်မယ်လို့ ခန့်မှန်းထားပြီး ငွေကြေးဖောင်းပွမှုနှုန်း တစ်နှစ်လုံးပျမ်းမျှ ၆ ဒသမ ၈၃ ရာခိုင်နှုန်းခန့် ရှိမယ်လို့ ခန့်မှန်းထားပါကြောင်း တင်ပြအပ်ပါတယ်"ဟု ဇန်နဝါရီ ၁၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ ၎င်းက ပြောကြားခဲ့သည်။

ထိုကဲ့သို့ပင် လာမည့်ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်တန်ဖိုး ၁၃ ဒသမ ၁၅၈ ထရီလျံရှိပြီး၊ သွင်းကုန်တန်ဖိုး ၁၇ ဒသမ ၃၄၀ ထရီလျံရှိမည်ဖြစ်ကာ ကုန်သွယ်မှုလိုငွေမှာ ၄ ဒသမ ၁ ထရီလျံရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

ဝန်ထမ်းများကို လစာတိုးပေးမည်ဖြစ်သဖြင့် ကုန်စျေးနှုန်းမြင့်တက်လာမည်ကို ပြည်သူများ စိုးရိမ်နေသည့် အချိန်တွင် ဖြစ်ပေါ်လာရန် ခန့်မှန်းထားသည့် ငွေကြေးဖောင်းပွမှုနှုန်းကလည်း ယခင်နှစ်များကထက် ပိုပြီးမြင့်မားနေသည်။

စားသုံးသူစျေးနှုန်းကို အခြေခံသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၈၂ ရာခိုင်နှုန်း၊ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၈၅ ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ်ခဲ့ပြီး ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် နိုဝင်ဘာလက ၅ ဒသမ ၆၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း လက်ရှိဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် ဖော်ပြထားသည်။

လက်ရှိဘဏ္ဍာနှစ် အစပိုင်းဖြစ်သော ၂၀၁၄ ခုနှစ် မတ်လကုန်တွင် ဖြစ်ပေါ်ခဲ့သည့် ငွေကြေးဖောင်းပွမှုနှုန်းသည် ၅ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ကြောင်း ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက ပြီးခဲ့သည့် ဩဂုတ်လတွင် အစီရင်ခံခဲ့သည်။ အဆိုပါအချိန်တွင်ဖြစ်ပေါ်ခဲ့သည့် ငွေလဲနှုန်းမှာ အမေရိကန် တစ်ဒေါ်လာလျှင် ၉၆၄ ကျပ်ဖြစ်ခဲ့ကြောင်း ဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဩဂုတ်လ ထုတ်ပြန်ချက်အရ အချိန်အထိဖြစ်ပေါ်ခဲ့သည့် ငွေကြေးဖောင်းပွမှုနှုန်းသည် ၄ ဒသမ ၁၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှုန်းအမြင့်ဆုံး ဖြစ်ပေါ်ခဲ့သည့် ၂၀၁၁ ခုနှစ်၊ ဧပြီလက ၈ ဒသမ ၂၇ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၏ လွှတ်တော်သို့ တင်ပြချက်အရ ၂၀၁၆ ခုနှစ်၊ မတ်လအကုန်တွင် ဖြစ်ပေါ်နိုင်သည့် ငွေကြေးဖောင်းပွမှုနှုန်း ၈ ဒသမ ၁၁ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံတွင် အမြင့်ဆုံးဖြစ်ပေါ်ခဲ့သည့် ၈ ဒသမ ၂၇ ရာခိုင်နှုန်းနှင့် အလွန်ပင်နီးကပ်နေပြီဖြစ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောကြားသည်။

လာမည့်ဘဏ္ဍာနှစ်အတွက် အစိုးရက ခန့်မှန်းထားသော ဂျီဒီပီတန်ဖိုးသည် ၇၃ ဒသမ ၃၁၄ ထရီလျံ ဖြစ်ပြီး ၂၀၁၀-၁၁ ကထက် ၉ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရန် ခန့်မှန်းထားသည်။

လူတစ်ဦးချင်း၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကိုလည်း ကျပ် ၁၂ သိန်းကျော်မှ ၁၄ သိန်းကျော်အထိ ရောက်ရှိရန် ခန့်မှန်းထားသည်။ ■

စီးကရက်နှင့် အရက်တို့ကို အခွန်နှုန်းများ တိုးမြှင့်ရန် ပြင်ဆင်

ပြည်ထောင်စုအစိုးရအနေဖြင့် စီးကရက်၊ အရက်နှင့် ဆက်စပ်ဆေးပစ္စည်းများကို လာမည့်ဘဏ္ဍာနှစ်တွင် အခွန်နှုန်းများ တိုးမြှင့်ကောက်ခံရန် စီစဉ်လျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုလွှတ်တော်၌ ပြောကြားသည်။

အဆိုပါကုန်စည်များအတွက် ကောက်ခံသော ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားများကို တိုးမြှင့်သတ်မှတ်ရန်အတွက် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းတွင် ပြင်ဆင်ရေးဆွဲထားကြောင်း သိရသည်။

"ပြည်သူ ပြည်သားများရဲ့ စားသုံးမှုကို အခွန်စနစ်နဲ့ထိန်းညှိပေးဖို့ဆိုတဲ့ အခွန်ကောက်ခံခြင်းရဲ့ရည်ရွယ်ချက်ကို သွယ်ဝိုက်ခွန်အမျိုးအစားနဲ့ ဖော်ဆောင်ရပါတယ်" ဟု အဆိုပါဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ယခုလ ၁၉ ရက်နေ့တွင် တင်သွင်းရာ၌ ဦးဝင်းရှိန်က ပြောကြားခဲ့သည်။

အထူးကုန်စည်များအဖြစ် သတ်မှတ်ထားသောကုန်စည် ၁၆ မျိုးတွင်ပါဝင်နေသည့် ကုန်စည်၁၀မျိုးအနက် စီးကရက်ကိုကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို လက်ရှိနှစ်တွင်ကောက်ခံနေသည့် ၁၀၀ ရာခိုင်နှုန်းမှ ၁၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပြင်ဆင်ထားသည်။ ကျန်ကုန်စည်များဖြစ်သော ဆေးရွက်ကြီး၊ ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံသောက်ဆေးအမျိုးမျိုး၊ ကွမ်းစားဆေးအမျိုးမျိုး၊ အရက်အမျိုးမျိုးနှင့် ဘီယာအမျိုးမျိုးတို့အပေါ်တွင် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်များကိုလည်း လက်ရှိ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံရန် ပြင်ဆင်ထားသည်။

အဆိုပါ ကောက်ခံမည့် နှုန်းထားများသည် ပြည်ပမှတင်သွင်းသည့် ကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်စည်ဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း ကောက်ခံမည့် နှုန်းထားများဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းကို လွှတ်တော်က ပြင်ဆင်ခြင်းမပြုဘဲ အတည်ပြုလျှင် အထက်ပါနှုန်းထားများသည် လာမည့် ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်မည်ဖြစ်သည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က အဆိုပါဥပဒေကြမ်းကို ကိုယ်စားလှယ်အချို့က အကြံပြုခြင်း၊ ပြင်ဆင်ခြင်း စသည်ဖြင့် ရှိလာနိုင်သော်လည်း အရက်နှင့်ဆေးလိပ်(စီးကရက်)တို့အတွက် ကောက်ခံမည့် နှုန်းထားများကိုမူ ပြင်ဆင်ရန် ဆွေးနွေးမည့်သူ မရှိနိုင်ကြောင်း ပြောကြားသည်။

"ဒီအပေါ်မှာတော့ လျှော့ချချင်တဲ့သူ ရှိမယ်မထင်ဘူး"ဟု၎င်းက ယခုလ ၂၀ ရက်နေ့တွင် ပြောကြားခဲ့သည်။ ■ ထူးသန့်

ခမ်းနားလှပသောနှစ်သစ်ကို အသက်သာဆုံး ဈေးနှုန်းများနှင့် စတင်ကြပါစို့

နိုင်ငံတကာဟင်းလျာများ | ကီလို၃၀ သယ်ယူနိုင်ခွင့် | လေယာဉ်တွင်း ဖျော်ဖြေရေးအစီအစဉ်များ

SINGAPORE FROM USD 258 RETURN

BALI | JAKARTA YOGYAKARTA FROM USD 534 RETURN

MALDIVES | MUMBAI NEW DELHI FROM USD 838 RETURN

BRISBANE | CAIRNS MELBOURNE | SYDNEY FROM USD 1,122 RETURN

FRANKFURT MUNICH | PARIS FROM USD 1,199 RETURN

ယခုအချိန်မှစ၍ ၂၀၁၅ခုနှစ်၊ မတ်လ(၃၁)ရက်နေ့အထိ Changi လေဆိပ်တွင် ခရီးတစ်ထောက် နားသော ခရီးသည်တိုင်းအတွက် စင်ကာပူဒေါ်လာ ၂၀တန် Changi Dollar Voucher ရယူပြီး Changi လေဆိပ်တွင် ဈေးဝယ်စားသောက်ခွင့် (သို့မဟုတ်) The Ambassador Transit Lounge တွင်အနားယူခွင့် ရရှိနိုင်ပါပြီ။

Fares are available from these authorised travel agents:

AMTRA TRAVEL	TEL: 393 304, 393 035	HTOO TRAVEL	TEL: 860 3766, 860 3767
COLUMBUS TRAVEL	TEL: 229 245, 378 535	NICE FARE TRAVEL	TEL: 393 088, 245 378
SAW PORN PHAN	TEL: 373 234, 224 883	THAN THAN TRAVEL	TEL: 255 034, 255 035
SUN FAR TRAVEL	TEL: 243 993, 255 338	WORLD CONNECT TRAVEL	TEL: 218 181, 218 182

မြန်မာတိုင်းမ် ဇန်နဝါရီ ၂၃ - ၂၉၊ ၂၀၁၅

ပြည်ထောင်စုနေ့မှာ ကေအိုင်အေမပါဘဲ လက်မှတ်ထိုးနိုင်မလား

အိအိတိုးလွင်
eieitoelwin@gmail.com

မကြာမီ ကျရောက်တော့မည့် ပြည်ထောင်စုနေ့တွင် တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးရန် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကြား နှုတ်ကတိထားခဲ့ကြသော်လည်း ကချင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် တိုက်ပွဲများကြောင့် လက်တွေ့ကျကျ လက်မှတ်ရေးထိုးနိုင်ရန် မလွယ်ကူတော့ပေ။

ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏ ခရီးစဉ်တွင် လိုက်ပါခဲ့သည့် ရဲဝန်ထမ်းသုံးဦးကို ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အေ)က ဖမ်းဆီးထိန်းသိမ်းခဲ့ရာ ဇန်နဝါရီလ ၁၅ ရက်နေ့မှ စတင်ကာ တပ်မတော်နှင့် ကေအိုင်အေတပ်ဖွဲ့များကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။

ယင်းတိုက်ပွဲများမှာ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေး အဖွဲ့(NCCT) တို့ကြား တစ်နှစ်ကျော်ကြာ ဆွေးနွေးလာသည့် တစ်နိုင်ငံလုံးအပစ်ရပ်စဲရေး စာချုပ် လက်မှတ်ရေးထိုးရန် အဆိုပြုထားသည့် အချိန်နီးကပ်လာချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အပစ်ရပ်စဲရေး စာချုပ်ကို လာမည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် ပြည်ထောင်စုနေ့တွင် လက်မှတ်ရေးထိုးရန် သမ္မတနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၂ ဖွဲ့က ခေါင်းဆောင်များ ယခုလ ၅ ရက်နေ့က နှုတ်အားဖြင့် အဆိုပြုခဲ့ကြခြင်းဖြစ်သည်။ သို့သော် ယင်းဆွေးနွေးပွဲသို့ ကေအိုင်အေက တက်ရောက်ခဲ့ခြင်း မရှိသကဲ့သို့ ပြည်ထောင်စုနေ့တွင် လက်မှတ်ရေးထိုးရန် အတိအကျပြောဆိုထားခြင်းလည်း မရှိပေ။

တိုက်ပွဲအခြေအနေများနှင့် ပတ်သက်၍ သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်က ကေအိုင်အေအဖွဲ့အတွင်းက အပစ်ရပ်စဲရေးကို မလိုလားသူများက တစ်နိုင်ငံလုံးအပစ်ရပ်စဲရေး လက်မှတ်ရေးထိုးဖို့ အဟန့်အတားဖြစ်အောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်း ဖြစ်ကြောင်း ၎င်း၏ လူမှုကွန်ရက် စာမျက်နှာမှတစ်ဆင့် ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် ဇန်နဝါရီလ ၁၂ ရက်နေ့က နေပြည်တော်ရှိ သမ္မတအိမ်တော်တွင် ပြုလုပ်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းရင်းသား ပါတီအချို့နှင့် တိုင်းရင်းသားရေးရာဝန်ကြီးအချို့က တစ်နိုင်ငံလုံး အပစ်ရပ်စဲရေး စာချုပ်ကို လက်ရှိ သဘောတူထားပြီး ဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် အရင်လက်မှတ်ထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲများ အမြန်ဆုံးစတင်ရန်နှင့် လက်မှတ်မထိုးသော အဖွဲ့များကို တံခါးဖွင့်ထားပြီး လိုအပ်ပါက နိုင်ငံရေးဆွေးနွေးပွဲများတွင် လေ့လာသူအဖြစ် တက်ခွင့်ပြုရန် ဆွေးနွေးခဲ့ကြကြောင်း ထုတ်ဖော်ရေးသားခဲ့သည်။

သို့သော် ကေအိုင်အေမပါဘဲ အပစ်ရပ်စဲရေး စာချုပ်လက်မှတ်ထိုးရန် ဆွေးနွေးခဲ့သူများမှာ NCCT ကိုယ်စားလှယ်များ မဟုတ်ခဲ့ပေ။ ကေအိုင်အိုအဖွဲ့ကို ချန်ကာ လက်မှတ်ရေးထိုးပွဲကျင်းပရန် အစိုးရအဖွဲ့နှင့် နီးစပ်သည့် ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ခြင်းပင် ဖြစ်သည်။ သို့သော် ယင်းဆွေးနွေးချက်ကို ဦးရဲထွဋ် လူမှုကွန်ရက်စာမျက်နှာတွင် ထပ်မံဖော်ပြလိုက်ရာ အစိုးရ၏ စဉ်းစားချက်ပင် ဖြစ်ကောင်း ဖြစ်နိုင်ကြောင်း အစိုးရနှင့် နီးစပ်သူများက ပြောသည်။

“ခင်ဗျား စဉ်းစားကြည့်လေ။ အစိုးရမှာလည်း ငြိမ်းချမ်းရေးအတွက် အချိန်အကန့်အသတ်ဆိုတာရှိတယ်။ ဒီစာချုပ်ကို မြန်မြန်လက်မှတ်ထိုးမှ နိုင်ငံရေးဆွေးနွေးပွဲကို ဒီအစိုးရ လက်ထက်မှာ အခြေတည်လို့ ရမှာကိုး။ ဒါဆိုနောက် ဘယ်အစိုးရပဲ တက်တက် ဆက်လုပ်လို့ရမှာ။ ဒါက သမ္မတကြီးရဲ့ စိတ်ရင်းပါ။ အခုလည်း အဖွဲ့တော်တော်များများက နေပြည်တော်လာပြီး သမ္မတကြီးနဲ့ တွေ့၊ တပ်ပိုင်းကတာဝန်ရှိသူတွေနဲ့ တွေ့နေတာပဲ။ ဒါပေမဲ့ ကေအိုင်အေ မပါဘူး။ တခြားတိုင်းရင်းသားတွေတောင် လာနိုင်ရင် သူတို့က ဘာလို့မလာနိုင်ရတာလဲ။ ဒါကြောင့် ယုံကြည်မှုတည်ဆောက်ဖို့ ခက်ခဲနေပြီး တိုက်ပွဲတွေ ပြန်ဖြစ်နေတာ”ဟု အစိုးရ၏ ငြိမ်းချမ်းရေး လုပ်ငန်းများတွင် ပါဝင်နေသူတစ်ဦးက ပြောသည်။

တိုင်းရင်းသား နိုင်ငံရေးပါတီများကမူ အစိုးရအနေဖြင့် ခိုင်မာသည့် သဘောတူညီချက်ရရန် လက်နက်ကိုင်အဖွဲ့များနှင့် အကျေအလည် ဆွေးနွေးပြီးမှသာ အပစ်ရပ်စဲရေး စာချုပ်ကို လက်မှတ်ရေးထိုးသင့်ကြောင်း ယုံကြည်ထားသည်။ အကယ်၍ ကေအိုင်အေ မပါဘဲ အပစ်ရပ်စာချုပ်လက်မှတ်ထိုးမည်ဆိုပါက တိုင်းရင်းသားများကြားတွင် စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်လာစေပြီး ၂၀၁၅ ရွေးကောက်ပွဲအတွက်လည်း အခက်အခဲရှိနိုင်ကြောင်း သုံးသပ်ကြသည်။ ယင်းသုံးသပ်ချက်ကို အစိုးရ၏ ငြိမ်းချမ်းရေး အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကိုယ်တိုင် လက်ခံထားပြီး မငြိမ်းချမ်းသည့် ဒေသများတွင် လုံခြုံမှုအရ ရွေးကောက်ပွဲ ကျင်းပနိုင်ရန် ခက်ခဲ၍ ကျင်းပပါကလည်း ဖိအားပေးကျင်းပရမည်ဖြစ်သည့်အတွက် “Peace and Fair Election”ဟု အခိုင်အမာမပြောနိုင်ဟု ပြောသည်။

“ကေအိုင်အေ မပါဘဲ လက်မှတ်ထိုးဖို့ဆိုတာ အဓိပ္ပာယ်မရှိဘူး။ လက်မှတ်ထိုးဖို့ ဖိအားပေးပြီး တိုက်တယ်ဆိုရင်လည်း ပိုဆိုးသွားဖို့ပဲရှိတယ်။ ၂၀၁၅ ရွေးကောက်ပွဲအတွက် ကချင်ပြည်နယ်က အရေးကြီးတယ်။ မတည်ငြိမ်လို့ ရွေးကောက်ပွဲ မကျင်းပနိုင်ဘူးဆိုရင် အများကြီးနစ်နာမှာပေါ့။ အခုလည်း သူတို့ကြားမှာ ဆွေးနွေးဖို့ သိပ်မကျန်ဘူးဆိုတော့ သေသေချာချာ ဆွေးနွေးလိုက်ရင် အဆင်ပြေမှာပါ။ တပ်ကအဓိကဆိုတော့ သူတို့ဘက်က နည်းနည်းလျှော့လိုက်ရင် အိုကေမယ် ထင်တယ်”ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွန့်လွင်က ပြောသည်။

ထို့ပြင် လက်တွေ့အခြေအနေအရ ကေအိုင်အိုမပါသည့် အပစ်ရပ်စဲရေးလက်မှတ်ရေးထိုးပွဲကို နေပြည်တော်တွင် ကျင်းပနိုင်ရန် အစိုးရဘက်က စဉ်းစားသည့်တိုင် NCCT က သဘောတူနိုင်သည့် အနေအထားမရှိပေ။ NCCT ခေါင်းဆောင် ဦးနိုင်ဟံသာကမူ အပစ်ရပ်စဲရေးစာချုပ်လက်မှတ်ထိုးရာတွင် မည်သည့်လက်နက်ကိုင်တပ်ဖွဲ့ကိုမှ ချန်ထားလိုခြင်းမရှိဘဲ အားလုံးပါဝင်နိုင်သည့်အချိန်မှသာ လက်မှတ်ရေးထိုးမည်ဟု ပြောသည်။

“ဘာကြောင့်လဲဆို တစ်ဖွဲ့ကျန်ရင် အဲဒီအဖွဲ့ကို တပ်မတော်က ဖိတိုက်တတ်လို့။ ဒီလိုအတွေ့အကြုံမျိုးကလည်း ရပြီးသားဆိုတော့ ဘယ်သူ့ကိုမှ ချန်မထားချင်ဘူး”ဟု ၎င်းက ပြောသည်။

အပစ်ရပ်စဲရေးစာချုပ်ကို ပြည်ထောင်စုနေ့တွင် လက်မှတ်ရေးထိုးနိုင်ရန် ကျန်ရှိနေသည့် စာချုပ်မူကြမ်းပါ အချက်များကို ဆက်လက်ဆွေးနွေးရန် NCCT နှင့် အစိုးရအဖွဲ့တို့ ဆွေးနွေးပွဲကို ဇန်နဝါရီလတွင် ကျင်းပရန် နှစ်ဖက်ခေါင်းဆောင်များက ပြောကြားထားသော်လည်း ယနေ့အချိန်အထိ ရက်ကို အတည်ပြုနိုင်ခြင်း မရှိသေးပေ။

သို့သော် NCCT အဖွဲ့ဝင်များက ယခုလ ၁၉ ရက်နှင့် ၂၀ ရက်နေ့က ထိုင်းနိုင်ငံ၊ချင်းမိုင်မြို့တွင် နှစ်ရက်ကြာတွေ့ဆုံကာ အပစ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ သို့ရာတွင် မည်သည့် ဆုံးဖြတ်ချက်မှ ချမှတ်ခဲ့ခြင်း မရှိဘဲ မြန်မာငြိမ်းချမ်းရေးစင်တာ (MPC)က ကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲပြီးမှ ဆုံးဖြတ်ချက် ချမှတ်နိုင်မည်ဟု ဦးခွန်ဥက္ကာက ပြောသည်။

“အခုထိတော့ ဘာမှ မဆုံးဖြတ်ရသေးဘူး။ ပြည်ထောင်စုနေ့မှာ လက်မှတ်ထိုးဖို့ကတော့ အကျပ်အတည်းလေးတွေရှိနေတယ်။ မီမယ် မထင်ဘူး။ လက်မှတ်ထိုးရင်လည်း ကေအိုင်အေမပါဘဲ ကျွန်တော်တို့ ထိုးလို့မရဘူး။ အားလုံးအတူတစ်ကွ လက်မှတ်ထိုးမယ်လို့ ပုဒ်မတစ်ခုအနေနဲ့ကို စာချုပ်မှာ ထည့်ထားတဲ့အတွက် NCCT အဖွဲ့ဝင်တင်မဟုတ်ဘူး အဖွဲ့ဝင် မဟုတ်တဲ့ တခြားအဖွဲ့တွေပါ ချန်ထားလို့ မရဘူး။ အခု MPC ကကိုယ်စားလှယ်တွေနဲ့ တွေ့နေတယ်။ သူတို့ ဘက်ကပြောတာတွေ ကျွန်တော်တို့ နားထောင်ပြီးမှ ဆွေးနွေးပွဲရက်ကို ဆုံးဖြတ်နိုင်မှာ။ ဒါကလည်း ဇန်နဝါရီ မီချင်မှ မီမယ်”ဟု ဦးခွန်ဥက္ကာက ဇန်နဝါရီလ ၂၁ ရက်နေ့က တယ်လီဖုန်းမှတစ်ဆင့် ဖြေကြားခဲ့ခြင်းဖြစ်သည်။ ယင်းအစည်းအဝေးသို့ ကေအိုင်အေ ဒုတိယ စစ်ဦးစီးချုပ် ဗိုလ်ချုပ် ဂွမ်မော်လည်း တက်ရောက်လျက်ရှိပြီး နှစ်ဖက် တိုက်ပွဲအခြေအနေများကို ဆွေးနွေးမည်ဟု ဆိုသည်။

အပစ်ရပ်စဲရေး စာချုပ်ကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် လက်မှတ်ရေးထိုးနိုင်ရန် ကြိုးစားခဲ့သော်လည်း တိုင်းရင်းသားများဘက်က မဖြစ်နိုင်သည့် တောင်းဆိုမှုများရှိနေသည့်အတွက် ပြန်လည်ညှိနှိုင်းနေရခြင်း ဖြစ်ကြောင်း တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇန်နဝါရီလ ၈ ရက်နေ့က CNA သတင်းဌာနနှင့် သီးသန့်တွေ့ဆုံမှုတွင် ပြောကြားခဲ့သည်။ ထို့ပြင် တိုင်းရင်းသားများက အမှန်တကယ် ငြိမ်းချမ်းရေးလိုချင်ပါက ငြိမ်းချမ်းရေး မရစရာ အကြောင်းမရှိကြောင်း ၎င်းက ပြောသည်။

“ကျွန်တော်တို့လည်း ငြိမ်းချမ်းချင်တာပဲ။ ဒါကြောင့် NCCT မှာ ဗိုလ်ချုပ် ဂွမ်မော်ကိုယ်တိုင်ဆွေးနွေးနေတာပါ။ ကျွန်တော်တို့ သဘောထားက NCCT သဘောထားအတိုင်းပဲ”ဟု ကေအိုင်အို၏ ပြောရေးဆိုခွင့်ရှိသူ ဦးလာနန်ကပြောသည်။ ■

ရန်ကုန်မြို့တွင်း ရှုပ်ထွေးပိတ်ဆို့နေသည့် လမ်းမပေါ်၌ ဘတ်စ်ကားတစ်စီး မောင်းနှင်နေစဉ်။ ဓာတ်ပုံ - ကောင်းထက်

လမ်းစနစ်မပြင်လျှင် ရန်ကုန်၌ တစ်နာရီ ငါးမိုင်နှုန်းသာ ကားမောင်း၍ ရတော့မည်

ကျော်ဖုန်းကျော်
k.phonekyaw@gmail.com

ရန်ကုန်မြို့၏ လမ်းကွန်ရက်စနစ်ကို ပြုပြင်ထိန်းသိမ်းမှုမလုပ်လျှင် လာမည့် နှစ် ၂၀ ၌ တစ်နာရီ ပျမ်းမျှ ငါးမိုင်နှုန်းခန့်သာ ကားမောင်းနှင်နိုင်တော့မည်ဟု မဟာရန်ကုန်မြို့ပြစီမံကိန်းကိုရေးဆွဲနေသည့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (ဂျိုက်ကာ) ၏ သုတေသနပြုလုပ်ချက်အရ သိရသည်။

လက်ရှိအချိန်တွင်မူ ရန်ကုန်တွင် တစ်နာရီ ပျမ်းမျှ ၁၈ မိုင်ခွဲကျော်နှုန်းဖြင့် ကားမောင်းနိုင်နေသေးကြောင်းလည်း ထိုသုတေသနရလဒ်တွင် ဖော်ပြထားသည်။

၂၀၃၅ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုအခြေအနေကို ဂျိုက်ကာမှ ပညာရှင်များက တွက်ချက်၍ ကြိုတင်ဟောကိန်း ထုတ်လိုက်ခြင်းဖြစ်သည်။ ၂၀၃၅ ခုနှစ်တွင် ရန်ကုန်သားများ၏ လမ်းအသုံးပြုမှုပမာဏသည် လက်ရှိထက် ၂၁ ရာခိုင်နှုန်း မြင့်တက်လာမည်ဟုလည်း ဆိုသည်။

ဂျိုက်ကာနှင့် မြန်မာအစိုးရတို့ ပူးပေါင်း၍ မဟာရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးပင်မစီမံချက် (YUTRA) ဟူသည့် စီမံကိန်းတစ်ခုကို ရေးဆွဲလျက်ရှိရာ ထိုစီမံကိန်းကို အကောင်အထည်ဖော်လိုက်လျှင် လမ်းသုံးစွဲမှုပမာဏနှင့် လမ်းပမာဏ အချိုးအစားသည် အနည်းငယ် မြင့်တက်လာမည်ဖြစ်သည်ဟု ဆိုသည်။ သို့သော် ယာဉ်များသွားလာနိုင်သည့်မြန်နှုန်း လက်ရှိထက် လျော့ကျသွားမည်ကိုမူ ရှောင်လွှဲနိုင်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။

စီမံချက်တွင် တစ်နာရီ ၁၅ မိုင်နှုန်းခန့်ဖြင့် မောင်းနှင်နိုင်ရေး ဆောင်ရွက်ရန်လျာထားပြီး တစ်နာရီ ၁၂ မိုင်ခွဲနှင့်အထက် မောင်းနှင်နိုင်ရန်ကိုမူ အဓိကပစ်မှတ်ထားကြောင်း သုတေသနရလဒ်တွင် ဖော်ပြထားသည်။ ထိုစီမံချက်ကို လုံးဝမလုပ်လျှင်မူ တစ်နာရီ ငါးမိုင်ခန့်သာ ကားမောင်းနိုင်တော့မည်ဟု ဖော်ပြထားခြင်းဖြစ်သည်။

ဂျိုက်ကာ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲဖြစ်သူ မစ္စတာတာနာကာက "သယ်ယူပို့ဆောင်ရေးကိစ္စဟာ ရန်ကုန်အတွက် အရေးပေါ် ဆောင်ရွက်ရမယ့်ကဏ္ဍဖြစ်ပါတယ်" ဟု ယခုလ ၁၉ ရက်နေ့က သတင်းထောက်များအား ပြောကြားခဲ့သည်။

ရန်ကုန်မြို့တွင် သွားလာရေးအဆင်ပြေရန် လုပ်ဆောင်မည့် အဆိုပါစီမံချက်အား အကောင်အထည်ဖော်လျှင် ပြဿနာပြေလည်နိုင်သည်ဆိုသော်လည်း ထိုစီမံချက်အတွက် ငွေကြေးအမြောက်အမြား ကုန်ကျမည်ဟု ၎င်းကပြောသည်။

"သယ်ယူပို့ဆောင်ရေးကဏ္ဍတစ်ခုတည်းနဲ့တင် အမေရိကန်ဒေါ်လာ သန်း ၁၀,၀၀၀ လောက် ကုန်ကျနိုင်ပါတယ်" ဟု ၎င်းကပြောသည်။

ထိုကုန်ကျစရိတ်၏ ပမာဏအများစုကို ပြည်ထောင်စုအစိုးရနှင့် တိုင်းအစိုးရ၏ ဘတ်ဂျက်မှ ကျခံသုံးစွဲရမည်ဖြစ်ပြီး ကျန်ငွေကြေးများကို ဂျိုက်ကာမှ တစ်စိတ်တစ်ပိုင်း ထောက်ပံ့မည်ဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများထံမှ အကူအညီ ရယူရမည်ဖြစ်သည်။ ■

အမျိုးသား စာကြည့်တိုက်ခွဲ ဖွင့်လှစ်

မေသဉ္ဇာနိုင်
maythinzarnaing.mcm@gmail.com

အမျိုးသားစာကြည့်တိုက်ကို နေပြည်တော်သို့ ၂၀၁၃ ခုနှစ်တွင် ပြောင်းရွှေ့ခဲ့ပြီးနောက် အမျိုးသားစာတိုက်ခွဲအား ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင် ယခုလ ၂၀ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

"အမျိုးသားစာကြည့်တိုက်ကို ၂၀၀၂ ခုနှစ်မှာ တာမွေမြို့နယ်မှာ စပြီးဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာ နာဂစ်မုန်တိုင်းကြောင့်ပျက်စီးခဲ့လို့ နောက်ပိုင်းမှာ ရန်ကင်းမှာ ဖွင့်လှစ်ခဲ့ပြီး အမျိုးသားစာကြည့်တိုက်ကို လူသိနည်းသွားခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ နေပြည်တော်မှာ အမျိုးသားစာကြည့်တိုက် ရွှေ့ပြောင်းခဲ့လို့ ရန်ကုန်မှာ စာကြည့်တိုက် လှုပ်ရှားမှုမရှိတော့ပါဘူး။ ဒါကြောင့် ဒီနှစ်ထဲမှာ ရန်ကုန်မှာ ပြန်လည်ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းခဲ့တာပါ။ အခု ပြန်လည်ဖွင့်လှစ်တဲ့အခါမှာ အမျိုးသားစာကြည့်တိုက်ခွဲ(ရန်ကုန်) အနေနဲ့ပဲ ဖွင့်လှစ်လိုက်တာပါ" ဟု စာကြည့်တိုက်ခွဲ ဖွင့်ပွဲအခမ်းအနား၌ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြောသည်။

၎င်းစာကြည့်တိုက်ခွဲကို အမျိုးသားပြတိုက်၏ ပထမထပ်တွင် ထားရှိပြီး ဒုတိယထပ်တွင် ကလေးစာကြည့်တိုက်အခန်းကိုပါ ဖွင့်လှစ်ထားရှိသည်။ အမျိုးသားပြတိုက် ဖွင့်ရက်များအတိုင်း တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် မနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။ စာကြည့်တိုက်အတွင်း မိမိသိရှိလိုသော စာအုပ်များနှင့် အချက်အလက်များကို ကွန်ပျူတာဖြင့် ရှာဖွေနိုင်မည်ဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီဖြစ်စေမည့် နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်များ၊ လစဉ်ထုတ်မဂ္ဂဇင်းများ၊ စာစောင်များ၊ သုတ၊ ရသစာပေများအပြင် ပညာရပ်ဆိုင်ရာစာအုပ်များ၊ နိုင်ငံတကာ ပညာရေးလမ်းညွှန် စာအုပ်များ၊ ဥပဒေအကြောင်းအရာများ စသည်တို့ကို ၂၀၁၄ ခုနှစ်ထုတ်မှစတင်၍ စာအုပ်အသစ်များကို ထားရှိပေးသွားမည်ဖြစ်သည်။ လက်ရှိတွင် စာအုပ်ပေါင်း ၁၂,၀၀၀ ခန့်ရှိသည်။ ■

တစ်နိုင်ငံလုံး၌ လုပ်သားအင်အား စစ်တမ်းကောက်ယူနေ

ရွှေရည်စောမြင့်
poepwintphyu2011@gmail.com

မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အခြေအနေကို ဆန်းစစ်ရန်အတွက် လုပ်သားအင်အား စစ်တမ်းတစ်ခုကို ၂၄ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ် ကောက်ယူလျက်ရှိကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာအေးက မြန်မာတိုင်း(မ်)ကို ပြောသည်။

အိမ်ထောင်စုပေါင်း ၂၄၀,၀၀၀ ကို ယခုလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ အလုပ်သမားဝန်ကြီးဌာန၏ ဝန်ထမ်းများက ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အိမ်ထောင်စုများထံသို့ မေးခွန်းပေါင်း ၁၀၀ ကျော်မေးမြန်းကာ စစ်တမ်းအား ကောက်ခံမည်ဖြစ်သည်။

"အရင်တုန်းက လုပ်ခဲ့တဲ့စစ်တမ်းကရတဲ့ အချက်အလက်တွေက ၂၄ နှစ်ကျော်နေပြီဖြစ်တဲ့အတွက် အခုခေတ်နဲ့ လုံးဝမကိုက်ညီတော့ပါဘူး။ ဒီအတောအတွင်းမှာ နည်းပညာအားနည်းချက်ရှိလို့လည်း ဒီလိုစစ်တမ်းကိုလည်း မလုပ်နိုင်ခဲ့ပါဘူး။ အခုတော့ နိုင်ငံတကာ အလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို) ရဲ့ နည်းပညာနဲ့ ငွေကြေးထောက်ပံ့မှုနဲ့အတူ ဌာနဆိုင်ရာ ပူးပေါင်း လုပ်ကိုင်နိုင်တာပါ" ဟု ဒေါ်စန္ဒာအေးက ပြောသည်။

စစ်တမ်းကိုကောက်ယူရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်အဆင့် စီမံကိန်းများ ရေးဆွဲရန်ဖြစ်ကာ အိုင်အယ်လ်အိုက အမေရိကန်ဒေါ်လာ လေးသန်းနှင့် နည်းပညာကို ထောက်ပံ့မည်ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာန ၁၅ ခုမှ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

စစ်တမ်းမေးခွန်းများကို မေးခွန်း ၁၀၀ ကျော်ထဲတွင် မိသားစုအလုပ်အကိုင်၊ ဝင်ငွေ၊ ပညာရေး၊ မသန်းစွမ်းမှုနှင့် အလုပ်အကိုင် အပါအဝင် ဝင်ငွေများစသည့် မေးခွန်းများ ပါဝင်မည်ဖြစ်ပြီး မေးမြန်းချိန် တစ်နာရီကျော်ကြာမြင့်မည်ဖြစ်သည်။ စစ်တမ်းအဖြေရလဒ်များအား အောက်တိုဘာလတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဒေါ်စန္ဒာအေးက ပြောကြားသည်။ ■

NOVOTEL HOTELS
YANGON MAX

SIGNATURE
Weddings & Events Planning

ဂုဏ်ယူစွာဖြင့်

မောင်ကျော်ဝဏ္ဏစိုး နှင့် မမွန်မြတ်ခိုင် တို့၏ မင်္ဂလာဧည့်ခံပွဲ

January 31, 2015

Novotel Yangon Max
459 Pyay Road, Kamayut Tsp, PO Box 895, Yangon, Myanmar
Contact : **Ms Thi Thi Khing** Tel : +95 (1) 2305858
Email : bqsales1.novotelyangon@gmail.com

ယူရေနီယံသတ္တုသိုက် သွားရှာမည်ဟု ဦးတေဇကပြောကြား

ကျော်ဖုန်းကျော်
k.phonekyaw@gmail.com

ယူရေနီယံသတ္တုဟု ၎င်းယူဆထားသော ကျောက်တုံးများကို ရက်သတ္တသုံးပတ်ခန့်က ရရှိထားပြီး ပွင့်လင်းရာသီရောက်လျှင်လည်း ထိုကျောက်တုံးများရရှိခဲ့ရာနေရာ၌ ယူရေနီယံသိုက်ရှိမရှိ သွားရောက်ရှာဖွေမည်ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးတေဇက ယခုလ ၁၉ ရက်နေ့က ပြောကြားခဲ့သည်။

"ပွင့်လင်းရာသီရောက်ရင် အဲဒီမှာ မူလသတ္တုကြောရှိမရှိသွားရှာဦးမှာပါ" ဟု ၎င်းက ရန်ကုန်မြို့ အင်းလျားလမ်းရှိ ၎င်း၏ နေအိမ်၌ သတင်းထောက်များကို တွေ့ဆုံပြောကြားခဲ့သည်။

"ကျွန်တော်တို့ မတူးပါဘူး။ ကျွန်တော်တို့တူးရင် အရမ်းရုပ်ပျက်သွားမှာ။ ကျွန်တော်တို့က ရှာပေးချင်ရုံသက်သက်ပါ။ ထူးကုမ္ပဏီ အုပ်စု ၂၅ နှစ်ပြည့်မှာ ကျွန်တော့် ယောက္ခမ အပါအဝင် ကျွန်တော့်ယောက်ဖတွေကပါ ဝိုင်းလုပ်ပေးချင်တာပါ" ဟု ဦးတေဇက ပြောကြားသည်။

"ဒါတွေကို နိုင်ငံတော်လုံခြုံရေးကိစ္စတွေမှာ သုံးစေချင်ပါတယ်" ဟုလည်း ဦးတေဇက ပြောကြားခဲ့သည်။

သို့သော် ၎င်းရရှိထားသည့် ကျောက်တုံးများသည် ယူရေနီယံဟုတ်မဟုတ် မည်သည့်ပညာရှင်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းကမျှ အတည်ပြုပြောဆိုမှု မရှိသေးဘဲ ၎င်းကသာ ထိုအရာဝတ္ထုများသည် ယူရေနီယံဟု ယူဆခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။ ထိုကျောက်တုံးများကို ဦးတေဇက ရေဒီယိုလှိုင်းကြိမ်နှုန်းဖြင့် သတ္တုအမျိုးအစားခွဲခြားသည့်ကိရိယာဖြင့် တိုင်းတာလိုက်ရာတွင် ရေဒီယိုသတ္တုကြွမှု အလွန်များနေသည်ကို တွေ့ရှိရသဖြင့် ယူရေနီယံဟု ကောက်ချက်ချထားခြင်းဖြစ်သည်။

ဦးတေဇရရှိထားသည်ဆိုသည့် ကျောက်တုံးများသည် မိုးကုတ်မြို့မှ အနောက်ဘက်သို့ ကားဖြင့်သုံးနာရီခရီးသွားရသည့် အကွာအဝေးရှိ အုံတုန်ရွာမှ နောက်ထပ် ခြေလျင်သုံးနာရီခန့် ဆက်သွားရသည့်နေရာရှိ တောင်ကုန်းတစ်ခု၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု သိရ

ယူရေနီယံဟုတ်မဟုတ် မည်သည့်ပညာရှင်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းကမျှ အတည်ပြုပြောဆိုမှု မရှိသေးဘဲ ၎င်းကသာ ထိုအရာဝတ္ထုများသည်
....

အင်းလျားလမ်းရှိ ၎င်း၏နေအိမ်၌ သတင်းထောက်များအား တွေ့ဆုံရှင်းလင်း ပြောကြားနေသည့် ဦးတေဇကို တွေ့ရစဉ်။ ဓာတ်ပုံ - ကျော်ဖုန်းကျော်

သည်။ ၎င်းထံသို့ ရွာသားနှစ်ဦးက အလေးချိန်အလွန်များသဖြင့် ထူးဆန်းသည့်ကျောက်တုံးများဖြစ်သည်ဟုဆိုကာ လာရောက်ရောင်းချရာမှ ရရှိခဲ့ခြင်းဖြစ်သည်ဟုလည်း ဆိုသည်။

"အဲဒီနေရာမှာလည်း မီးလောင်ပြင်လိုမျိုးဖြစ်နေပါတယ်" ဟု ၎င်းက ကျောက်တုံးများရရှိခဲ့ရာနေရာတစ်ဝိုက်၏ မြင်ကွင်းဓာတ်ပုံကို သတင်းထောက်များအား ပြသရင်း ပြောကြားသည်။

အလေးချိန် သုံးပိဿာခွဲရှိသော ထိုကျောက်တုံးများကို တစ်ပိဿာလျှင် ကျပ်သိန်း ၂၀၀ ဖြင့် စုစုပေါင်း ကျပ်သိန်း ၅၀၀ ကို ရွာသားများကို ပေးချေမည်ဟု ဦးတေဇက ပြောကြားပြီး ထိုကျောက်တုံးများအနက် အများစုကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသို့ အပ်လိုက်ပြီဖြစ်ကြောင်း၊ အနည်းငယ်ကိုမူ သူ့အိမ်တွင် သိမ်းဆည်းထားကြောင်း ပြောသည်။

ထို့ပြင် ယူရေနီယံများကို ကိုင်တွယ်မိသဖြင့် ရေဒီယိုသတ္တိကြွ အဆိပ်သင့်နေသည်ဟု ဦးတေဇက ယူဆနေပြီး သူ့ခန္ဓာကိုယ်တွင် ကိုယ်တွင်းသွေးယိုသည့် လက္ခဏာများပင် ရှိနေကြောင်း ၎င်းက ပြောကြားသည်။

နျူကလီးယာစွမ်းအင်နှင့် နျူကလီးယားလက်နက်ထုတ်လုပ်ရာတွင် အရေးပါသော သတ္တုဖြစ်သည့် ယူရေနီယံသည် ရေဒီယိုသတ္တိကြွမှု အလွန်မြင့်မားပြီး လုံလောက်သော အကာအကွယ်မရှိဘဲ ကိုင်တွယ်လျှင် သေသည်အထိ ထိခိုက်နိုင်သည်။

ဦးတေဇက ၎င်းတွင် ရေဒီယိုသတ္တိကြွ အဆိပ်သင့်သည့်လက္ခဏာများ ခံစားနေရသည်ဟု ပြောသော်လည်း ထိုကျောက်တုံးများလာရောက်ရောင်းချခဲ့သည့် ရွာသားနှစ်ဦးမှာမူ ထိုလက္ခဏာမျိုး ထူးခြားစွာ ခံစားရသည်ကိုမတွေ့ရပဲ ရွာသားတစ်ဦးကသာ "ကျွန်တော်တို့လည်း နည်းနည်းတော့ခံစားရပါတယ်" ဟု သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားခဲ့သည်။

ရွာသားနှစ်ဦးကို သတင်းထောက်များက ထပ်မံမေးမြန်းရန် ကြိုးစားရာတွင် ၎င်းတို့နှစ်ဦးသည် ကိုအောင်နိုင်နှင့် ကိုထွန်းဝေဖြစ်ကြောင်းသာ ပြောဆိုခွင့်ရလိုက်ပြီး ဦးတေဇ၏ ဝန်ထမ်းများက ၎င်းတို့ကို ခေါ်ဆောင်သွားခဲ့သည်။ ■

IN PICTURES

ဓာတ်ပုံ– ဓာနည်ဖြိုး

နိုဘယ် မြန်မာစာပေပွဲတော် စည်ကားစွာကျင်းပ

ရန်ကုန်မြို့ အမျိုးသားဓာတ်ရုံ၌ ယခုလ ၁၇ ရက်မှ ၁၉ ရက်နေ့အထိ ကျင်းပခဲ့သည့် နိုဘယ်မြန်မာစာပေပွဲတော်၌ ရောင်းချနေသည့် စာအုပ်ဆိုင်တစ်ဆိုင်တွင် စာအုပ်ရွေးချယ်ဝယ်ယူနေကြသူများကို တွေ့ရစဉ်။ အဆိုပါပွဲတော်တွင် စာပေဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ စာအုပ်မိတ်ဆက်ပွဲများဖြင့် စည်ကားစွာကျင်းပခဲ့သလို စာအုပ်ဆိုင်များလည်း ဖွင့်လှစ်ရောင်းချခဲ့ကြသည်။ (ဆက်စပ်သတင်း စာမျက်နှာ ၃၉)

ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသူများကို ထောက်ပံ့ငွေများ ပေးအပ်

တိုးဝေအောင်
toewaiaung.mcm@gmail.com

၂၀၁၄ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၅၈ ဦးကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ထောက်ပံ့ငွေ ပေးအပ်ခဲ့သည်။

"၂၀၁၄ ခုနှစ်မှာ ယာဉ်တော်တဆမှုကြောင့် အပြင်းအထန်ဒဏ်ရာရတဲ့သူ ၅၈ ယောက်ရှိတယ်။ ရန်ကုန်မှာဖြစ်တဲ့သူများတယ်။ အဓိက ဒူးဆစ်အောက်ပြတ်၊ အောက်ပိုင်းသေတဲ့သူတွေ ညှပ်ရိုး၊ နံရိုးကျိုးတဲ့သူတွေ အကုန်ပါတယ်။ ခြေထောက်အောက်ပိုင်းဒဏ်ရာရတဲ့သူ ပိုများတယ်။ အခုထောက်ပံ့ကြေးငွေတွေကို စေတနာရှင်တွေနဲ့ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ထည့်ဝင်ငွေတွေလည်းပါတယ်။ နှစ်စဉ်လှူဒါန်းတဲ့ အလှူရှင်တွေလည်းရှိပါတယ်" ဟု အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်) ဒုရဲမှူးမျိုးအောင်မြင့်က ပြောသည်။

အဆိုပါ ပေးအပ်ပွဲ၌ တစ်ဦးလျှင် ကျပ်တစ်သိန်းစီ ထောက်ပံ့ခဲ့သည်။

"အများပြည်သူ သယ်ယူပို့ဆောင်ရေးကြောင့် ဒဏ်ရာရရှိမှု သေဆုံးမှုတွေဟာ လူမှုရေးဆုံးရှုံးမှုပမာဏ တွက်ချက်တိုင်းတာလို့ မရတာတွေဖြစ်ရတယ်။ တချို့ယာဉ်တိုက်ခံရတဲ့သူတွေဟာ အိမ်ထောင်တစ်ခုလုံးကိုဦးစီးပြီး လုပ်ကိုင်ကျွေးမွေးနေတဲ့သူတွေဖြစ်ခဲ့ရင် ကျန်ရစ်သူမိသားစုတွေရဲ့ လူမှုရေး နစ်နာဆုံးရှုံးမှုတွေ အများကြီးဖြစ်ပေါ်စေတယ်။ လမ်းအန္တရာယ်ကင်းရှင်းရေးဟာ အရေးကြီးတယ်။ ကမ္ဘာပေါ်မှာ ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရမှုတွေဟာ အင်မတန်အရေးကြီးတဲ့ ကျန်းမာရေး ပြဿနာတစ်ရပ် ဖြစ်တဲ့အပြင် စီးပွားရေးကိုလည်း ထိခိုက်စေပါတယ်။ ကမ္ဘာ့ကျန်းမာရေး စစ်တမ်းအရဆိုရင် ကမ္ဘာတစ်ဝန်းလုံးမှာ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၈ ဒသမ ၂ သန်းခန့်နဲ့ ဒဏ်ရာရရှိပြီး မသန်မစွမ်းဖြစ်တဲ့သူ သန်း ၅၀ ကျော်ရှိတယ်။ တစ်နေ့ကို လူ ၃,၀၀၀ ကျော်နဲ့ တစ်နာရီကို ၁၂၅ ယောက်နှုန်းဖြစ်တဲ့အတွက်ကြောင့် ကမ္ဘာ့လူသေမှုအဆင့်ကိုးမှာ ရောက်နေတာကို တွေ့ရတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က ပြောကြားသည်။ ■

ခမ္မစေတီခေါင်းလောင်း ထပ်မံရှာဖွေနေမှုကို ဝေဖန်မှုများရှိနေ

ရွှေကူသစ္စာ
khaingsabainyein@gmail.com

ဓမ္မစေတီ ခေါင်းလောင်းကို သဘော်အရာရှိဟောင်းတစ်ဦးဖြစ်သူ ဦးကျော်ဝင်းက ထပ်မံရှာဖွေနေသည့်အပေါ် ဝေဖန်မှုများ ပေါ်ထွက်နေပြီး ခေတ်မီနည်းပညာနှင့် ပညာရှင်များပူးပေါင်းကာ စုစည်းရှာဖွေသင့်သည်ဟု ပြောဆိုမှုများလည်း ပေါ်ထွက်လာသည်။

ခေါင်းလောင်းကို ယခုလ ၁၂ ရက်နေ့က စတင်၍ ရန်ကုန်မြစ်၊ ပဲခူးမြစ်နှင့် ပုဇွန်တောင်ချောင်းဆုံရာ သန်လျင်ရေနံချက်စက်ရုံဆိပ်ကမ်းအနီးတွင် ဦးကျော်ဝင်းက ရှာဖွေခဲ့ပြီး ကိုးရက်မြောက်ဖြစ်သည့် ယခုလ ၂၀ ရက်နေ့တွင် ရှာဖွေမှုကို တစ်ရက်ရပ်နားခဲ့သည်။ သို့သော် ခေါင်းလောင်းကို ၎င်းပိုင်ငွေများဖြင့် ဆက်လက်ရှာဖွေသွားမည်ဟု ဦးကျော်ဝင်းက ပြောကြားခဲ့သည်။

"အခုလောလောဆယ်အထိတော့ မတွေ့သေးပါဘူး။ ဒီနေ့ တစ်ရက်ခဏနားပါမယ်။ ခေါင်းလောင်းရှာဖွေမှုအတွက် လုပ်ငန်းကိုလောလောဆယ်ငွေကြေးသုံးစွဲမှု ဘယ်လောက်ရှိသွားပြီလဲဆိုတော့ စက်လှေငှားရမ်းခကတစ်ရက်ကို လေးသောင်းပါ။ နောက်ပြီးတော့ ကားခတွေကုန်တာရှိတယ်။ ဒါကအသေးအဖွဲ့ကုန်ကျစရိတ်ပါ။ ရေအောက်တိုင်းတာပြီး ရှာရတဲ့စက်ကတော့ ရှစ်သိန်းပေးရပါတယ်။ ခေါင်းလောင်းတွေ့ရင် နိုင်ငံတော်ကို ပထမဆုံး သတင်းပို့ပေးမှာပါ။ သူတို့က ဦးကျော်ဝင်းပဲ ဆက်လုပ်ပါဆိုရင်တော့ ကျွန်တော့် ဆက်လုပ်ပါမယ်။ ပထမဆုံး သောင်စုတ်စက်လှေတွေနဲ့ စုပ်မယ်။ ကျွန်တော် စက်အကြီးကြီးတွေ မသုံးပါဘူး။ ဘာလို့လဲဆိုတော့ တခြားပစ္စည်းတွေလည်းပါရင် ထိခိုက်ကုန်မှာ စိုးရိမ်လို့ပါ။ ပြီးတော့ မြစ်ထဲကနေဘော်ယာဆယ်တဲ့ ဆင်ပြောင်သဘော်ကြီးတွေ ရှိပါတယ်။ ဝန်ချီစက် အကြီးစားကြီးတွေပါတဲ့ သဘော်ကြီးတွေနဲ့ ဆယ်ဖို့အစီအစဉ်ရှိပါတယ်။ အခုစက်ကတော့ ကျွန်တော့် စိတ်တိုင်းမကျသေးဘူး။ ရေတိမ်နက်ပြတာမမှန်ဘူး။ ခေါ်ယူထားတဲ့ ရေငုပ်သမားတွေအတွက်ကတော့ တရက်ကို နှစ်သိန်းခွဲပေးရပါတယ်" ဟု ၎င်းကပြောသည်။

အိပ်မက်များလည်း မက်သောကြောင့် ခေါင်းလောင်းကို ရှာဖွေခြင်းဖြစ်သည်ဟု ၎င်းကပြောကြားသည်။

ယခင်ကခေါင်းလောင်းရှာဖွေရေး ပြုလုပ်ခဲ့ဖူးသည့် သမိုင်းပညာရှင် ဦးချစ်စံဝင်းကမူ အဆိုပါခေါင်းလောင်းကို ရှာတွေ့ရန် မသေချာသလို သမိုင်းပညာရှင် အတော်များများကလည်း မယုံကြည်ကြဟုဆိုသည်။

"တကယ်ဆို ဒါကို တစ်ဦးတစ်ယောက်ထဲလုပ်ကိုင်နေတာထက် သမိုင်းပညာရှင်တွေနဲ့ တိုင်ပင်ပြီး နေရာကိုအတည်ပြုနိုင်ဖို့ ဆွေးနွေးတာတွေလုပ်သင့်တယ်။ ဖြစ်နိုင်ခြေတွေကို ရှာကြံသင့်တယ်။ ပြီးတော့သိပ္ပံပညာရှင်တွေနဲ့ကလည်း ပူးပေါင်းသင့်ပါတယ်။ ကျွန်တော်တို့သိရသလောက်ကတော့ တကယ့်တကယ် ရှာဖွေရမယ့်နေရာက ကျယ်ပြန့်လွန်းတယ်။ ဒါကြောင့် တစ်ဦးတစ်ယောက်တည်း ရှာလို့ကတော့မရနိုင်ပါဘူး။ ဒီနေရာတွေ ကြားထဲကမှ သေချာလောက်တဲ့နေရာကို ခန့်မှန်းပြီးတော့ သိုက်သိုက်ဝန်းဝန်း စုပေါင်းရှာသင့်တယ်။ တစ်ဦးချင်းဂမ္ဘီရနည်းတွေ၊ ဝိဇ္ဇာနည်းနဲ့ နတ်မေးတာတို့ ဘာတို့နဲ့တော့မရနိုင်ပါဘူး။ အိပ်မက်အရ ဆိုတာကလည်း မဖြစ်နိုင်ဘူး။ သမိုင်းအရ ရှေးဟောင်းပညာရှင်တွေနဲ့ စုပေါင်းတိုင်ပင်ပြီး စုစုစည်းစည်းလုပ်ကြပြီး ရှာတွေ့စေချင်ပါတယ်"ဟု ၎င်းကပြောသည်။

ယခင် ဦးစံလင်းခေါင်းလောင်းဆယ်ယူရေးအဖွဲ့တွင် ပါဝင်ကူညီပေးခဲ့သည့် ဦးဝင်းမြင့်က နောက်ပိုင်းတွင် ကိုယ်တိုင်ဆယ်ယူရန် ရည်ရွယ်ထားသော်လည်း အားလုံးကို ပူးပေါင်းလုပ်စေချင်သည်ဟု ပြောသည်။

"အခုဦးကျော်ဝင်း ရှာနေတာကိုးရက်ရှိပြီ။ သူရှာတာတစ်လကျော်တဲ့အထိ မတွေ့သေးဘူးဆိုရင်တော့ ကျွန်တော်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးရုံးမှာ တင်ပြီး ဆက်လုပ်ပါမယ်။ သူမတွေ့ရင် ကျွန်တော်ဆက်လုပ်ပါမယ်။ အမှန်တကယ်က ကျွန်တော်ဖြစ်ချင်တာက ရှေ့မှာရှာခဲ့ပြီးတဲ့ အတွေ့အကြုံရှိတဲ့ သူတွေနဲ့ အကုန် ကျွန်တော်တို့ ပူးပေါင်းပြီးရှာရင် ရနိုင်မယ်ဗျ။ ကျွန်တော်အဲဒီအတွက် အရင်လူတွေနဲ့ အကုန်လိုက်ချိတ်နေပါတယ်။ အခုသူလုပ်နေတာ မတွေ့ခဲ့ရင် ကျွန်တော်က အကုန်ပူးပေါင်းပြီး ရှာဖွေတဲ့နည်းစနစ်နဲ့ သွားပါမယ်။ ဒါကြောင့် ဦးခင်ရွှေ၊ ဦးခင်ညွှန့်၊ ဦးစံဝင်း၊ အခုလက်ရှိလုပ်နေတဲ့ ဦးကျော်ဝင်း အားလုံးကို ချိတ်ထားပါတယ်။ လုပ်ခွင့်ရဖို့စာတင်တာကတော့ ခဏပါပဲ။ ဒီနေ့တင် ဒီနေ့ရ တစ်ရက်တည်းနဲ့ ခွင့်ပြုချက်ရပါတယ်။ တစ်ချိန်မှာရလိမ့်မယ်ဆိုတာ ယုံကြည်တယ်။ ဒါပေမဲ့ စုပေါင်းအားလိုတယ်"ဟု ဦးဝင်းမြင့်ကပြောသည်။

> သိုက်သိုက်ဝန်းဝန်း စုပေါင်း ရှာသင့်တယ်။ တစ်ဦးချင်း ဂမ္ဘီရနည်းတွေ၊ ဝိဇ္ဇာနည်းနဲ့ နတ်မေးတာတို့ ဘာတို့နဲ့တော့ မရနိုင်ပါဘူး။ အိပ်မက်အရ ဆိုတာကလည်း မဖြစ်နိုင်ဘူး

မွန်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက "အခုတူးနေတဲ့ ဦးကျော်ဝင်းကလည်း ဘဏ္ဍာငွေက သိပ်လုံလုံလောက်လောက်မရှိထားဘူးလို့ သိရတယ်။ သူ့ ရှာတွေ့လိမ့်မယ်လို့လည်း အတိအကျကြီး မပြောနိုင်တဲ့အနေအထားပါ။ ကျွန်တော့်အထင် ပြောရရင်တော့ သူလုပ်နေတာက သိပ္ပံနည်းကျပေ့ါလေ။ ပရလောကတွေဘာတွေ မပါဘူးပေ့ါ။ ဒါမျိုးက ဘဏ္ဍာငွေများများနဲ့ ရေရှည်လိုမျိုးကိုလုပ်နိုင်မှပဲ တော်ကာကျမှာ။ ဒီအတိုင်းနဲ့တော့ မရနိုင်ပါဘူး။ ရနိုင်ဖို့ အလှမ်းဝေးနေသေးတယ်ထင်ပါတယ်"ဟု ၎င်းကပြောသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ၎င်းထံ အဆိုပါဆယ်ယူမှု တင်ပြချက်များ တက်မလာသေးကြောင်းနှင့် ၎င်းတို့အနေဖြင့် ၎င်းကိစ္စကို ပြောပြနိုင်ရန်မရှိသေးကြောင်း ပြောသည်။ ■

GOLDEN CITY

NATIONAL LANDMARK
EXCLUSIVELY YOURS

GOLDEN CITY Phase 2

လုပဆန်းသစ်သော အခန်းများစတင်ရွေးချယ်နိုင်မည့်အခွင့်အရေး

လစဉ်အနည်းဆုံးကျပ်ငွေ ၂၄ သိန်း ပေးသွင်းရုံဖြင့်

နိုင်ငံတကာအဆင့်မီကွန်ဒိုကိုပိုင်ဆိုင်ဖို့အခွင့်အလမ်းပေါ်ထွက်လာပါပြီ

၄၈ လ အရစ်ကျငွေပေးချေမှုစနစ်

GOLDEN CITY ကွန်ဒို မိတ်ဆက်ပွဲကြီးကို
တောင်ကြီးမြို့တွင်ကျင်းပပါမည်
၂၅ ရက်၊ ဇန်နဝါရီ၊ ၂၀၁၅၊ တောင်ကြီးဟိုတယ်၊ တောင်ကြီးမြို့။

Hotline: +95(0)1-8605111 +95(0)1-8605222

Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar Website: www.glredel.com

Developer: Golden Land Real Estate Development Co., Ltd.

Views

"သူပြောတာက 'လှေခွက်ချည်းကျန် အလံမလှဲဘူး ဆိုတဲ့ စိတ်ဓာတ်ဟာ ချီးကျူးဖို့ ကောင်းတယ်၊ ဒါပေမဲ့ လှေခွက်ချည်းပဲ ကျန်အောင် လုပ်တာကတော့ ရာဇဝတ်မှု မြောက်တယ်' ဆိုတဲ့ စကားဖြစ်ပါတယ်"

ဗိုလ်ကြင်မောင် ဘယ်လိုလူလဲ၊ သူ့ကို ဘယ်သူတွေ ဆက်ခံမလဲ

စည်သူအောင်မြင့်
newsroom@mmtimes.com

အခုရက်ပိုင်းအတွင်း နိုင်ငံရေးလောက အတွက် ထူးခြားတဲ့ သတင်းတစ်ပုဒ်ကတော့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဝါရင့်ခေါင်းဆောင် ရဲဘော်ထွန်း(ခ)ဗိုလ်ကြင်မောင် ကွယ်လွန်သွားပြီဆိုတဲ့ သတင်းပါ။ ရဲဘော်ထွန်းခေါ် ဗိုလ်ကြင်မောင်ဟာ လွတ်လပ်ရေး တိုက်ပွဲဝင်ခဲ့သူ၊ ဖက်ဆစ်ဂျပန်ကို တွန်းလှန်ခဲ့သူ တစ်ယောက်ဖြစ်ပြီး ၁၉၈၉ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုကို တိုင်းရင်းသားတပ်ဖွဲ့တွေက ပုန်ကန် ခွဲထွက်ခဲ့ပြီးချိန်ကစ ပါတီကို ခေါင်းဆောင်လာခဲ့သူ ဖြစ်ပါတယ်။ ရဲဘော်ထွန်း(ခ)ဗိုလ်ကြင်မောင်ဟာ ဘယ်လို ပုဂ္ဂိုလ်မျိုးဖြစ်သလဲ၊ သူမရှိတဲ့ နောက်ပိုင်း ဗမာပြည်ကွန်မြူနစ်ပါတီ အခြေအနေ ဘယ်လိုဖြစ်လာနိုင်သလဲ ဆိုတာ ဒီတစ်ပတ်ဆွေးနွေးတင်ပြသွားပါ့မယ်။

ဗိုလ်ကြင်မောင် အကြောင်းပြောမယ်ဆိုရင် ဗမာပြည်ကွန်မြူနစ်ပါတီ အကြောင်း အကြမ်းဖျင်းလောက်တော့ ပြောပြဖို့ လိုပါလိမ့်မယ်။ ဗမာပြည်ကွန်မြူနစ်ပါတီကို မြန်မာနိုင်ငံနယ်ချဲ့ ဗြိတိသျှ လက်အောက် ကျရောက်နေချိန် ၁၉၃၉ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး၊ တည်ထောင်သူများထဲမှာ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းလည်း တစ်ယောက် အပါအဝင် ဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံထဲ ဖက်ဆစ် ဂျပန်တပ်တွေ ဝင်ရောက်နေချိန် မြေအောက်ပါတီအဖြစ် ရပ်တည်ခဲ့ပြီး ဖက်ဆစ်ဂျပန် တော်လှန်ရေးကို ရှေ့တန်းကနေ ဆင်နွှဲခဲ့တဲ့အဖွဲ့အစည်း တစ်ခု ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီး နောက် ပါတီသက်တမ်း ၁၀ နှစ်မပြည့်ခင် ၁၉၄၈ မတ်လ ၂၈ ရက်နေ့မှာ တောခိုပြီး အာဏာရ ဖဆပလ အစိုးရကို လက်နက်ကိုင် တိုက်ပွဲ ဆင်နွှဲခဲ့ပါတယ်။ ပါတီက ကိုင်စွဲတဲ့ လမ်းစဉ်အမှားတွေကြောင့် ၁၉၇၀ ကျော် ခုနှစ်တွေအရောက် ပဲခူးရိုးမနဲ့ မြန်မာနိုင်ငံအတွင်းပိုင်းက လက်နက်ကိုင်တိုက်ပွဲ ချုပ်ငြိမ်းသွားခဲ့ရပါတယ်။

၁၉၆၇ အာဏာရှင် ဦးနေဝင်း လက်ထက် မြန်မာနိုင်ငံမှာ တရုတ်ဗမာ အဓိကရုဏ်းကြီး ဖြစ်ပြီး တရုတ်လူမျိုးတွေ အကြမ်းဖက် သတ်ဖြတ်ခံရပါတယ်။ ၁၉၆၈ ဇန်နဝါရီ ၁ ရက်နေ့မှာတော့ တရုတ်ပြည်ရောက် ဗမာပြည်ကွန်မြူနစ်ပါတီ ကေဒါတွေနဲ့ တိုင်းရင်းသား သူပုန် တချို့ကို လက်နက်တပ်ဆင်ပေး၊ ဗမာပြည်ကွန်မြူနစ် အလံထောင်ပြီး တရုတ်ဖော်လံတီယာ တပ်ဖွဲ့တွေက မြန်မာပြည် အရှေ့မြောက်ပိုင်း ရှမ်းပြည်နယ်စပ်ကို အင်အား အလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ပါတယ်။ နောက်ပိုင်း ကိုးကန့်ဒေသ၊ 'ဝ' ဒေသ၊ အခါတိုင်းရင်းသားတွေနေတဲ့ မိုင်းလားဒေသ၊ ကချင် အရှေ့မြောက်ပိုင်း ၁၀၁ စစ်ဒေသ ဆိုပြီး လွတ်မြောက်နယ်မြေတွေပေါ်ပေါက်လာပါတယ်။ ၁၉၈၉ ခုနှစ်အရောက် တိုင်းရင်းသား တပ်ဖွဲ့တွေက ပုန်ကန်တဲ့အတွက် ဗကပ ခေါင်းဆောင်တွေနဲ့ ကေဒါတွေ တရုတ်ပြည်ဘက်ကို ထွက်ခွာ ခိုလှုံကြရပါတယ်။ ဗကပ လက်ကျန် အင်အားစုတွေဟာ ကချင်ပြည်နယ် အထူးဒေသ(၁)ကို ခြေကုတ်ယူပြီး မြန်မာပြည် အတွင်းပိုင်းကို ပြန်လည် ထိုးဖောက်ဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ၁၉၉၀ ဦးဆခုံတိန့်ယိန်း ဦးဆောင်တဲ့ ကချင်အထူးဒေသ (၁) အစိုးရနဲ့ အပစ်အခတ်ရပ်စဲငြိမ်းချမ်းရေး ယူလိုက်တဲ့အခါ ဗကပ ခေါင်းဆောင်တွေ ဒေသတွင်းကနေ တရုတ်ပြည်ဘက် ထွက်ခွာရပြီး ပါတီကိုလည်း မြေအောက်ပါတီ အဖြစ် ပြောင်းလဲ ဖွဲ့စည်းလိုက်တာ ဒီကနေ့ အထိပါပဲ။

ဗိုလ်ကြင်မောင်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လက်နက်ကိုင်တိုက်ပွဲ ကာလ တောက်လျှောက် ပါဝင်ခဲ့ပြီး ၁၉၈၈ ခုနှစ် မတိုင်ခင်ကတော့ ပေါ်လစ်ဗျူရို အဖွဲ့ဝင်နဲ့ ပြည်တွင်း မြေအောက် ယူဂျီ လုပ်ငန်းကို ဦးဆောင်ခဲ့တဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်ခဲ့ပါတယ်။ ဗိုလ်ကြင်မောင်နဲ့ သူ့ရဲ့ ပြည်တွင်း ယူဂျီအဖွဲ့ဟာ ၁၃၀၀ ပြည့် အရေးတော်ပုံရဲ့ နှစ် ၅၀ ပြည့်တဲ့ ၁၉၈၈ ခုနှစ်မှာ ၁၃၀၀ ပြည့်တုန်းကလို တစ်တိုင်းပြည်လုံးပါဝင်တဲ့ အရေးတော်ပုံကြီး တစ်ခု ပေါ်ပေါက်အောင် ကြိုးစားခဲ့သူတွေထဲမှာ အဓိက အကျဆုံးသူတွေ ဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၈၈ ပြည်သူ့အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ပေမယ့် ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းမှာလည်း ပြဿနာပေါင်းများစွာ ကြုံနေရတာမို့ ပြည်သူ့အရေးတော်ပုံနဲ့ လက်နက်ကိုင်တိုက်ပွဲကို အောင်အောင်မြင်မြင် မဆက်စပ်နိုင်ခဲ့ပါဘူး။ မဆက်စပ်နိုင်ခဲ့ရုံမက ပါတီတွင်း ပုန်ကန်မှု ကြုံဆုံရပြီး ဗဟိုကော်မတီဝင်တွေဟာ ဌာနချုပ်တည်ရှိရာ 'ဝ' နယ်ပန်ဆန်းကနေ တရုတ်ပြည်ဘက်ကို ထွက်ခွာ ခိုလှုံခဲ့ရပါတယ်။

အဲဒီအချိန်ကစ ဗိုလ်ကြင်မောင်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အဓိက ခေါင်းဆောင် ဖြစ်လာပါတယ်။ ပြည်တွင်း ယူဂျီအဖွဲ့တွေကို ဆက်ပြီး ကွပ်ကဲသလို၊ လက်ကျန် ကေဒါတွေကို ဦးဆောင်၊ လက်နက်ကိုင် တပ်ဖွဲ့စည်းပြီး မြန်မာပြည်ထဲ ပြန်ဝင်နိုင်ရေး ကြိုးစားပါတယ်။ ပထမ ဦးဆုံးကြိုးစားတာက ကိုးကန့်တစ်ဘက်ခြမ်း တရုတ်ပိုင်နက် နယ်မြေထဲကနေပါ။ ဒီအခြေအနေကို ရိပ်မိတဲ့ ကိုးကန့်တပ်တွေဟာ သူတို့ဒေသထဲ အစိုးရတပ်တွေကိုပါ ခေါ်သွင်း၊ အဆင်သင့် ကာရံထားခဲ့တော့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အဲဒီ ဒေသကနေ ပြည်တွင်း ပြန်လည်ထိုးဖောက် ဝင်ရောက်ရေး အစီအစဉ် ပျက်ပြားသွားပါတယ်။

နောက်ပိုင်း ဗကပ နောက်ဆုံး တပ်ဖွဲ့ဟာ ကချင်ပြည်နယ် ကမ်ပိုင်တီ ဒေသကို ဝင်ရောက်ပြီး ပြည်တွင်း ဝင်ရောက်ဖို့ ကြိုးစားခဲ့ပါသေးတယ်။ ကိုးကန့်ဘက်ကနေ ကမ်ပိုင်တီအရောက် လက်နက်ကြီးတွေနဲ့ ရွှေ့ပြောင်းမှုကို တရုတ်ကွန်မြူနစ်ပါတီက အပြည့်အဝ အကူအညီပေးခဲ့ပါတယ်။ မြို့တွင်းမှာ ဗကပ ယူဂျီတွေ စည်းရုံးပြီး ကမ်ပိုင်တီ ဒေသကို ရောက်နှင့်နေတဲ့ DPA ပြည်သူ့ဒီမိုကရေစီ တပ်မတော်အဖွဲ့နဲ့ ပူးပေါင်းပြီး ပြည်တွင်းပြန်ဝင်ဖို့ ကြိုးစားတာပါ။ ဒါပေမဲ့ ပြည်တွင်း ပြန်ဝင်တိုက်ခိုက်မှုတွေ လုပ်ဖို့ အဆင်မပြေသလို ၁၉၈၉ နှစ်ကုန်မှာ ကချင်အထူးဒေသ(၁) ကိုယ်တိုင် အစိုးရနဲ့ အပစ်ရပ်လက်မှတ်ရေးထိုးလိုက်တဲ့အတွက် ဒေသတွင်းရှိနေတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ နောက်ဆုံး တပ်ဖွဲ့ ပြည်သူ့တပ်မတော်နဲ့ DPA တပ်ဖွဲ့ကို ဖျက်သိမ်းပြီး ပါတီကို မြေအောက်ပါတီ အဖြစ် ပြောင်းလဲ ဖွဲ့စည်းလိုက်တာ ဖြစ်ပါတယ်။ အဲဒီ ပြောင်းလဲဖွဲ့စည်းလိုက်တဲ့ မြေအောက်ပါတီကိုလည်း ဗိုလ်ကြင်မောင် ကိုယ်တိုင် ဦးစီးခေါင်းဆောင်တာပါ။

ပါတီဗဟို အာဏာသိမ်းခံရပြီး နောက်ဆုံးလက်ကျန် တပ်ဖွဲ့ ကမ်ပိုင်တီကို ရောက်တဲ့အချိန် တပ်ဖွဲ့ဝင်တွေကို ဗိုလ်ကြင်မောင်က ကွန်မြူနစ်ပါတီ ကျဆုံးရတာနဲ့ ပတ်သက်ပြီး သုံးသပ်ပြောဆိုတာတွေ လုပ်ပါတယ်။ အဲဒီမှာ မှတ်သားစရာ စကားတစ်ခွန်း ပါဝင်ပါတယ်။ သူပြောတာက 'လှေခွက်ချည်းကျန် အလံမလှဲဘူး ဆိုတဲ့ စိတ်ဓာတ်ဟာ ချီးကျူးဖို့ ကောင်းတယ်၊ ဒါပေမဲ့ လှေခွက်ချည်းပဲ ကျန်အောင် လုပ်တာကတော့ ရာဇဝတ်မှု မြောက်တယ်' ဆိုတဲ့ စကားဖြစ်ပါတယ်။ ပါတီကို လှေခွက်ချည်းပဲ ကျန်အောင်လုပ်တဲ့ ခေါင်းဆောင်တွေကို တာဝန်ရှိတယ်ဆိုပြီး ပြောဆိုလိုက်တာပါပဲ။

မှတ်တမ်းတွေအရ ၁၉၈၉ နောက်ပိုင်း ဗိုလ်ကြင်မောင်ဟာ တရုတ်ပြည်တွင်း ဝင်ရောက်နေထိုင်ပြီး မြေအောက်လုပ်ငန်းကို ဆက်ကြီးကြပ်သလို၊ နိုင်ငံရေးအမြင် အကဲဖြတ်ချက်တွေကိုလည်း ရေးသားသွားခဲ့ပါတယ်။ သူ့ရဲ့ နောက်ပိုင်း ရေးသားချက်တွေကို စုစည်းပြီး ရဲဘော်ကြင်မောင်ရဲ့ 'ပြည်သူ့အာဏာ' ဆောင်းပါးများ ဆိုတဲ့ ခေါင်းစဉ်နဲ့ ၂၀၁၅ ဇန်နဝါရီလ အတွင်းမှာပဲ ပြည်တွင်းမှာ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့တာ တွေ့ရပါတယ်။ စာအုပ်ထဲမှာ သူ ဆောင်းပါးတွေ နောက်ဆုံး ရေးသွားတာ ၂၀၁၃ ခုနှစ်ပါ။ ပြောရရင် မြန်မာနိုင်ငံထဲမှာ ဗမာပြည် ကွန်မြူနစ်ပါတီ တရားဝင် ရပ်တည်ခွင့် မရှိသေးတဲ့တိုင် ကွန်မြူနစ်တွေရဲ့ ရေးသားဖော်ပြချက်တွေကိုတော့ လွတ်လွတ်လပ်လပ် ထုတ်ဝေနိုင်ပြီ ဆိုတဲ့ အခြေအနေပါ။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ မြေအောက်ယူဂျီ လုပ်ငန်း လျှို့လျှို့ဝှက်ဝှက် ရှိတာမို့ အင်အားအခြေအနေ၊ ခေါင်းဆောင်မှုအခြေအနေ လှုပ်ရှားမှု အခြေအနေတွေကို အလွယ်တကူ မသိနိုင်ပါ။ ဗကပ ကေဒါအများစု တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှာ ရှိနေနိုင်ပြီး တချို့ ထိုင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတွေမှာ ရှိပါတယ်။ ၂၀၁၁ က တာဝန်ယူတဲ့ သမ္မတ ဦးသိန်းစိန် အစိုးရဟာလည်း အစိုးရကို ဆန့်ကျင်နေတဲ့ လက်နက်ကိုင်တွေရော၊ လက်နက်မကိုင်တဲ့ အဖွဲ့တွေကိုပါ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်နေပေမယ့် ဗမာပြည် ကွန်မြူနစ်ပါတီကိုတော့ တွေ့ဆုံတာ မရှိသေးပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် တိုင်းပြည်မှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို တကယ်လုပ်မယ် ဆိုရင်၊ စစ်မှန်တဲ့ ပါတီစုံ ဒီမိုကရေစီစနစ် ကျင့်သုံးမယ် ဆိုရင် နယ်ချဲ့ကို ဆန့်ကျင်ခဲ့တဲ့၊ ဖက်ဆစ်ကို တွန်းလှန်ခဲ့တဲ့ သမိုင်းဝင် ဗမာပြည်ကွန်မြူနစ်ပါတီကို ဥပဒေနဲ့အညီ တရားဝင် ပါတီအဖြစ် ရပ်တည်ခွင့်ပေးဖို့ စဉ်းစားပေးသင့်ပါတယ်။ ပါတီကို လက်ခံတာ လက်မခံတာ ပြည်သူတွေက အဆုံးအဖြတ် ပေးပါလိမ့်မယ်။

အခုဆိုရင် အစိုးရဘက်မှာရော၊ ကွန်မြူနစ်ပါတီလို ဘက်မှာပါ နယ်ချဲ့ကို ဆန့်ကျင်ခဲ့တဲ့၊ ဖက်ဆစ်ကို တိုက်ခဲ့တဲ့ မျိုးဆက်တွေ မရှိကြပါဘူး။ ဗိုလ်ကြင်မောင် ကွယ်လွန်ပြီးနောက် ဗမာပြည်ကွန်မြူနစ်ပါတီကို လူထုဦးလှ၊ လူထုဒေါ်အမာ ရဲ့သား ရဲဘော်ဖိုးသံချောင်းလိုကိုကိုးကျွန်းပြန် မျိုးဆက်က ဆက်ပြီး ဦးဆောင်ကြမယ်လို့ ခန့်မှန်းရပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ■

နိုင်ငံသားများ၏ သိခွင့်သိလမ်းဆိုင်ရာ ဥပဒေ ပေါ်ပေါက်ရန် ပွင့်လင်းမြန်မာက ကြိုးပမ်းမည်

လွန်မင်းမန်
lunmin.lm@gmail.com

အစိုးရနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို နိုင်ငံသားများ အလွယ်တကူ သိရှိနိုင်မည့် အခွင့်အရေးများ သတ်သတ်မှတ်မှတ် ပေါ်ပေါက်နိုင်ရေးအတွက် သိခွင့်သိလမ်း ဥပဒေတစ်ရပ် ပီပြင်လာသည်အထိ ကြိုးပမ်းသွားမည်ဖြစ်သည်ဟု ပွင့်လင်းမြန်မာ ရှေ့ဆောင်အဖွဲ့မှ တာဝန်ရှိသူများက ယခုလ ၁၉ ရက်နေ့တွင် ပြောကြားသည်။

"မြန်မာနိုင်ငံသားတွေရဲ့ သတင်းသိခွင့် အခြေအနေက ကျွန်တော့်အမြင်ကို ပြောရမယ်ဆိုရင် သုညလောက်ကိုဖြစ်နေတယ်။ နောက်တစ်ခါ သိခွင့်သိလမ်း၊ သိခွင့်ရမယ့် အခြေအနေကလည်း နည်းနေတယ်။ ဘယ်လောက်အထိ အကျိုးရှိနိုင်သလဲဆိုတော့၊ ဥပမာ မြို့နယ်တစ်မြို့နယ်မှာ မြေကွက်လပ်တစ်ကွက်ရှိချင်ရှိမယ်။ အဲဒါကို ဘယ်သူပိုင်သလဲ။ ဌာနဆိုင်ရာပိုင်သလား။ ဒါမှမဟုတ် ဘယ်သူမှ မပိုင်တဲ့ မြေကွက် အလွတ်ဖြစ်နေလား။ ဒါမျိုးတွေပြည်သူတွေ သိခွင့်ရှိတယ်။ တကယ်လို့သာ အဲလိုသိခွင့်ရှိမယ်ဆိုရင် ဒါဆိုလို့ရှိရင် ဒီမြေကွက်ကို တစ်ချိန်ကျရင် ဘယ်သူက ပိုင်တယ်ဆိုတဲ့ ပြဿနာတွေ မရှိတော့ဘူးပေါ့" ဟု အဖွဲ့၏ အမှုဆောင်ဒါရိုက်တာ ဦးအေးကျော်က ပြောသည်။

ဥပဒေကြမ်း ပေါ်ပေါက်လာရေးအတွက် သက်ဆိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များနှင့်လည်း ဆွေးနွေးသွားမည်ဖြစ်ပြီး အများပြည်သူ အသိအမြင်တိုးပွားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများလည်း ပြုလုပ်သွားမည်ဖြစ်သည်ဟု ဦးအေးကျော်က ပြောသည်။

အစိုးရဝန်ကြီးဌာနများတွင် မီဒီယာများအတွက် သတင်းထုတ်ပြန်ရေးဆိုင်ရာအရာရှိများတာဝန်ပေးထားသော်လည်း ပြည်သူလူထုအတွက်ပါ ဖြစ်သင့်သည်ဟု အဖွဲ့၏ အကြံပေးအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးကိုကိုကြီးက ပြောသည်။ ထို့ပြင် ဌာနဆိုင်ရာ စာရွက်စာတမ်းများတွင် လုံခြုံရေးအဆင့်သတ်မှတ်ချက်များကို အချိန်အပိုင်းအခြားအလိုက် သတ်မှတ်သင့်ကြောင်းနှင့် သတ်မှတ်ထားသည့်အချိန် ကျော်လွန်သွားပါက အများပြည်သူ လွယ်ကူစွာ သိရှိနိုင်စေရန် အခွင့်အရေးပေးရမည်ဟု ၎င်းက ပြောသည်။

လွှတ်တော်တွင်းသို့ တင်သွင်းသည့် ဝန်ကြီးဌာနများ၏ ဘဏ္ဍာရေးအစီရင်ခံစာအချို့တွင် လျှို့ဝှက်ဟု ပါရှိတတ်ကြောင်းနှင့် ထိုအချက်ကို ပယ်ဖျက်ပြီး လွှတ်တော်တွင်းဆွေးနွေးမှသာ သုတေသနအဖွဲ့အစည်းများက သတင်းအချက်အလက် ရယူသုံးစွဲပြီး အများပြည်သူသို့ ချပြနိုင်မည်ဖြစ်ကြောင်း ဦးကိုကိုကြီးက ပြောသည်။

"ပယ်ဖျက်ပြီးမှ ဆွေးနွေးမယ်ဆိုရင် ကျွန်တော်တို့လို သုတေသနအဖွဲ့အစည်းတွေက ကိန်းဂဏန်း အချက်အလက်တွေကို ရယူမယ်။ ပြီးရင်အများပြည်သူသိအောင် ထုတ်ပြန်မယ်။ အဲဒီလိုအများပြည်သူသိအောင် ထုတ်ပြန်တဲ့ကိစ္စတွေအားလုံးဟာ သန့်ရှင်းတဲ့ အစိုးရဖြစ်ဖို့ဆိုရင် ဘာတွေလုပ်နေသလဲ၊ ဘာတွေသုံးနေလဲ၊ ဘယ်လောက်သုံးနေသလဲ အဲဒီအချက်အလက်တွေကို ထုတ်ပြန်နိုင်မယ်"ဟု ၎င်းက ပြောသည်။

"ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့်မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ"ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၉ တွင်ဖော်ပြထားသည်။

လက်ရှိတွင် မြန်မာနိုင်ငံအစိုးရသည် ပွင့်လင်းအစိုးရမိတ်ဖက်အဖွဲ့ (Open Government Partnership) သို့ အဖွဲ့ဝင်အဖြစ် ၂၀၁၆ ခုနှစ်အတွင်း ဝင်ရောက်နိုင်ရန် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလက ဖွဲ့စည်းခဲ့သည်။ ■

အမျိုးသား ထောက်လှမ်းရေးကို ပြန်လည် ဖွဲ့စည်းရန် ပြင်ဆင်နေ

မြတ်ကျော်သူ
mrattkthu@gmail.com

တစ်ချိန်က နိုင်ငံရေးသမားများကို ဖမ်းဆီးနှိပ်စက်ရာတွင် နာမည်ကျော်ခဲ့သည့် အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းရန် ဆောင်ရွက်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

"လောလောဆယ်မှာ ပြန်ဖွဲ့စည်းမယ့် အကြောင်း ကျွန်တော်တို့ကို အမိန့်ပေးထားတယ်။ ပြန်ဖွဲ့မယ်။ အဖွဲ့တွေ အားလုံးပါမယ်ပေါ့။ ဘယ်သူက ဘယ်ရာထူးရမယ်ဆိုတာမျိုးကတော့ အတိအကျ မသိရသေးဘူး"ဟု ရဲအထူးသတင်းတပ်ဖွဲ့မှ ဒုရဲအုပ်တစ်ဦးက မြန်မာတိုင်း(မ်)ကို ပြောသည်။

ပြန်လည်ဖွဲ့စည်းမည့်အဖွဲ့တွင် နိုင်ငံတော်သမ္မတရုံး၊ ရဲအထူးသတင်းတပ်ဖွဲ့ (အက်စ်ဘီ)၊ စစ်ဘက်လုံခြုံရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေး(စသုံးလုံး) တို့ ပါဝင်မည်ဖြစ်သည်ဟုဆိုသည်။ ရဲအထူးသတင်းတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးတို့သည် လက်ရှိတွင် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင် ရှိပြီး အမျိုးသားထောက်လှမ်းရေး ပြန်လည် ဖွဲ့စည်းလျှင်မူ ကာကွယ်ရေးဝန်ကြီးဌာနက ကိုင်တွယ်တော့မည်ဖြစ်သည်။

အမျိုးသား ထောက်လှမ်းရေးကို ထိုစဉ်က ဗိုလ်ချုပ်ကြီးခင်ညွန့်က ဦးဆောင်ခဲ့ပြီး ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလတွင် အမျိုးသားထောက်လှမ်းရေးကို ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဖမ်းဆီးခဲ့ပြီး အမျိုးသားထောက်လှမ်းရေးကိုလည်း ဖျက်သိမ်းခဲ့သည်။ ထို့ပြင် ဗိုလ်ချုပ်ကြီးခင်ညွန့်အပါအဝင် အမျိုးသားထောက်လှမ်းရေး၏ တာဝန်ရှိသူ အများအပြားကို နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် အဖွဲ့ကြီးကို ပြန်လည်ဖွဲ့စည်းမည်ဟု သတင်းများထွက်ပေါ်ခဲ့ကာ ဦးခင်ညွန့်လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်ချုပ်ကျော်ဆွေက ဦးဆောင်မည်ဟု ကောလာဟလ ထွက်ပေါ်ခဲ့သည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလက ကျင်းပခဲ့သည့် ရန်ကုန်တိုင်းလွှတ်တော်တွင် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးကျော်က အမျိုးသားထောက်လှမ်းရေးအဖွဲ့ဖွဲ့သင့်ကြောင်း အဆိုတင်သွင်းမှုကို အတည်ပြုခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသွားမည်ဟု တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

သို့သော် အမျိုးသားထောက်လှမ်းရေးကဲ့သို့ အဖွဲ့မျိုး ရှိမနေကြောင်းနှင့် ပြန်လည်ဖွဲ့စည်းထားခြင်းလည်း မရှိကြောင်း သမ္မတပြောရေးဆိုခွင့်ရှိသူဦးရဲထွဋ်က ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်က ပုဂ္ဂလိက သတင်းစာတစ်ခုကို ပြောကြားခဲ့သည်။ ■

BRENTWOOD
COLLEGE SCHOOL
— BOARDING IN CANADA —



အကောင်းဆုံး
အထက်တန်းကျောင်း
ပညာရေး အတွေ့အကြုံ

နိုင်ငံ ၃၀ ကျော်က ကျောင်းသား၊
ကျောင်းသူတွေ သူတို့ရဲ့အထက်တန်းကျောင်း
ပညာရေးအတွက် ဘာကြောင့်
Brentwood ကိုရွေးချယ်ကြတယ်။
မိဘတွေလည်း ဘာကြောင့်တစ်ခါမှမရဘူးတဲ့
စိတ်ချမ်းသာမှုမျိုးရတယ် ဆိုတာ ဒီမှာစုံစမ်းပါ။

မြန်မာပြည် ပညာရေးဆွေးနွေးပွဲ

အတွေ့အကြုံ၊ အနုပညာ (ရွေးချယ်စရာ ဘာသာရပ် ၃၀ ကျော်) နဲ့ အားကစား (ရွေးချယ်စရာ ဘာသာရပ် ၂၀ ကျော်)
ဘာသာရပ်တွေပါဝင်တဲ့ ထူးထူးခြားခြားပြည့်စုံတဲ့ သုံးမျိုးစပ်ပညာရေး၊ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားအောင်မြင်မှု ၁၀၀ ရာခိုင်နှုန်း၊
Harvard, Standford, MIT, St. Andrews University, Princeton, Duke, Cornell,
McGill and University of British Columbia တက္ကသိုလ်တွေမှာပါဝင်သင်ကြားခွင့်ရရှိခြင်း

For more information please contact lorraine.walsh@brentwood.bc.ca

Join Director of Admissions,
Clayton Johnston
Tuesday, January 27, 2015
SEDONA HOTEL 6:30 Pm
No. 1 Kaba Aye Pagoda Road,
Yankin Township, Yangon
Telephone: 09 2523 60215

where the world comes to school | www.brentwood.bc.ca

Co-ed | Boarding | Grades 9-12 | British Columbia | Canada

DAGON CITY 1
BY MARGA LANDMARK
DEVELOPED BY
MARGA
LANDMARK
သင်၏ယုံကြည်မှုနှင့် နွေးထွေးပျူငှာမှုအတွက် ကျေးဇူးပါ မြန်မာ
ကျွန်ုပ်တို့အတူလက်တွဲလျက် မြန်မာနိုင်ငံကို ပိုမိုလှပစေပါမည်။
DAGON CITY 1
ကျွန်ုပ်တို့အတူလက်တွဲလျက် ဉာဏ်ပညာနှင့် ကြွယ်ဝခြင်းတည်းဟူသော မင်္ဂလာကို လက်ခံရရှိခဲ့ကြသည်။
ကျွန်ုပ်တို့အတူလက်တွဲလျက် ဒါနနှင့် မေတ္တာတရားတို့၏ နွေးထွေးမှုကို ဝေမျှခဲ့ကြသည်။
DAGON CITY
CHARITY DONATION TO
US$ (4000)
ကျွန်ုပ်တို့အတူလက်တွဲလျက် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြသည်။
DAGON
CITY 1
ကျွန်ုပ်တို့အတူလက်တွဲလျက်
မြန်မာနိုင်ငံအား ပိုမိုလှပစေရန်
ခရီးသစ်တစ်ခု စတင်လျှောက်လှမ်းခဲ့ကြသည်။
ကျွန်ုပ်တို့အတူလက်တွဲလျက်
လှပသော အနာဂါတ်များအတွက် ပံ့ပိုးခဲ့ကြသည်။
ကျွန်ုပ်တို့အတူလက်တွဲလျက် ပျော်ရွှင်မှုကို ရရှိခံစားခဲ့ကြသည်။
ကျွန်ုပ်တို့အတူလက်တွဲလျက်
ပိုမိုတောက်ပသော အနာဂါတ်လမ်းခရီးအား
မီးထွန်းညှိခဲ့ကြသည်။
ကျွန်ုပ်တို့အတူလက်တွဲလျက်
အောင်မြင်ခြင်းကို ဆင်နွှဲခဲ့ကြသည်။
ကျွန်ုပ်တို့အတူလက်တွဲလျက်
စံချိန်သစ်များ
မှတ်ကျောက်တင်နိုင်ခဲ့ကြသည်။
GALLERY SHOWROOM ADDRESS: U Htaung Bo Circle, No. 61, 63, Zoological Garden Road, Dagon Township, Yangon.
RESERVATION HOTLINE: +95 9 4482 55555 WWW.DAGONCITY1.COM www.facebook.com/dagoncityone

ချင်းချောင်းနန်းတော်ကို ၁၉၄၅ ခုနှစ်က တွေ့ရစဉ်။ ဓာတ်ပုံ - ဝီကီမီဒီယာ

ချင်းချောင်းနန်းတော်ကို ယဉ်ကျေးမှု ဗဟိုစင်တာအဖြစ် ပြောင်းလဲရန် စီစဉ်နေ

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ချင်းချောင်းနန်းတော်အဖြစ် သိထားကြပြီး လက်ရှိတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက အနုပညာသင်တန်းကျောင်းအဖြစ် ဖွင့်လှစ်ထားသော အဆောက်အအုံကို ကမ္ဘာ့ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့လာနိုင်ရန်နှင့် ပိုမိုဆွဲဆောင်နိုင်ရန် ယဉ်ကျေးမှုဗဟိုစင်တာအဖြစ် ပြောင်းလဲမည်ဖြစ်သည်။

“ဒီအဆောက်အအုံတစ်ခုလုံးကို ယဉ်ကျေးမှုဝန်ကြီးဌာနက ရှေးဟောင်း အဆောက်အအုံအဖြစ် ထိန်းသိမ်းထားတာပါ။ လောလောဆယ် အကြီးစားပြင်ဆင်မှု မလုပ်သေးပါဘူး။ မြေညီထပ်ကိုတော့ အနုပညာ ပစ္စည်းအရောင်းပြခန်းတွေ၊ ပြပွဲတွေ ပြုလုပ်ဖို့အတွက် လိုအပ်သလောက် ပြင်ဆင်နေပါတယ်။ လောလောဆယ် ပန်းချီအရောင်းခန်းတစ်ခန်း စတင်ဖွင့်လှစ်ထားပါတယ်” ဟု အနုပညာသင်တန်းကျောင်း၏ လက်ထောက်ဒါရိုက်တာ ဦးငွေးလွင်က ပြောသည်။

“ကျွန်တော်တို့ အဓိက ရည်ရွယ်ချက်က ဒီအဆောက်အအုံကို ယဉ်ကျေးမှု ဗဟိုစင်တာအဖြစ် ပြောင်းလဲပြီး မြန်မာ့ ယဉ်ကျေးမှု အနုပညာ၊ လက်မှုပညာ ဆိုင်ခန်း၊ ပြခန်းနဲ့ မကြာခဏဆိုသလို အနုပညာ ကပွဲ၊ ပြပွဲ၊ ရုပ်သေးပြပွဲ ကျင်းပပေးခြင်းနဲ့ ရောင်းချခြင်းတွေ ပြုလုပ်ဖို့ပါ။ နန်းတော်တစ်ဖက်က ဇာတ်ရုံဆိုလူ ၁၀၀ လောက်ဆံ့တဲ့အတွက် အနုပညာ ဖျော်ဖြေပွဲလုပ်ချင်သူတွေကို ငှားရမ်းသွားမှာပါ”ဟု ၎င်းကပြောသည်။

အထပ်ငါးထပ်ရှိသော ချင်းချောင်းနန်းတော်ကို ၁၉၁၅ နှင့် ၁၉၁၉ ခုနှစ်အတွင်းက တရုတ်လူမျိုး စီးပွားရေး လုပ်ငန်းရှင်လင်ချင်းချောင်းဆိုသူက ရူးပီးငွေ နှစ်သန်း အကုန်အကျခံကာ အိမ်အဖြစ် တည်ဆောက်ခဲ့သည်။ မြန်မာနိုင်ငံ ဂျပန်လက်အောက် ရောက်ရှိချိန် ၁၉၄၁ မှ ၁၉၄၅ ခုနှစ်အထိ မြန်မာနိုင်ငံလုံးဆိုင်ရာ အသံလွှင့်ရုံအဖြစ် အသုံးပြုခဲ့သည်။ ထို့နောက် ဒုတိယကမ္ဘာစစ်အပြီး ၁၉၅၁ ခုနှစ်တွင် ကမ္ဘောဇရိပ်သာ ဟိုတယ်အဖြစ် ပြောင်းလဲခဲ့ကြောင်း သိရသည်။ နောက်ပိုင်းတွင်မူ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရုံးအဖြစ် ပြောင်းလဲအသုံးပြုခဲ့သည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက ယခုကဲ့သို့ ယဉ်ကျေးမှုဗဟိုစင်တာအဖြစ် ပြောင်းလဲမှုကို ကြိုဆိုကြောင်းပြောသည်။

“ဒီအဆောက်အအုံရဲ့ သမိုင်းနဲ့ တည်ဆောက်ပုံက အရမ်းစိတ်ဝင်စားဖို့ ကောင်းပါတယ်။ အခု ဒါကို ယဉ်ကျေးမှုဗဟိုစင်တာအဖြစ် ပြောင်းလဲနေတာကလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဒီအစီအစဉ်က နိုင်ငံခြားဧည့်သည်အမြောက်အမြားစွာကို ဆွဲဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်”ဟု ၎င်းက ပြောသည်။ ■ ဇော်ဝင်းသန်း

တက္ကသိုလ်ငါးခုပူးပေါင်းကာ အနုပညာနှင့်သိပ္ပံပြပွဲ ကျင်းပမည်

ပြည်တွင်းရှိတက္ကသိုလ်ငါးခုရှိ ကျောင်းသားကျောင်းသူများ၏ တီထွင်ဖန်တီးမှုများနှင့် အနုပညာခံစားချက်များပါဝင်မည့် Art & Science Show ကို ဖေဖော်ဝါရီလအတွင်း ကျင်းပသွားမည်ဖြစ်သည်။

လေကြောင်းပညာတက္ကသိုလ်၊ ရေကြောင်းပညာတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ သန်လျင်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့က ကျောင်းသားကျောင်းသူပါဝင်ပြသကြမည့် ၎င်းပြပွဲကို ဖေဖော်ဝါရီလ ၆ ရက်နှင့် ၇ ရက်များတွင် ရန်ကုန်မြို့ရှိ မြန်မာအင်ဖိုတက်ခ်၌ ပြုလုပ်သွားမည်ဟု လေကြောင်းပညာတက္ကသိုလ်က ကိုသွင်ထူးထက်ကျော်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

“ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ တစ်ယောက်ချင်းစီမှာ မတူညီတဲ့ အတွေးအခေါ်တွေ၊ အနုပညာခံစားချက်တွေရှိတယ်။ အဲဒီမတူညီတဲ့ ခံစားချက်တွေကို ဖလှယ်ကြဖို့ ဒီပြပွဲကို စီစဉ်ရတာပါ။ နောက်ပြီး ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူတွေအချင်းချင်း စည်းလုံးညီညွတ်မှုတွေ၊ နားလည်မှုတွေက ဒီပြပွဲတွေလုပ်ရင်းနဲ့ပိုပြီးတော့ ရလာနိုင်တာကြောင့်အခုလိုပြပွဲမျိုးလုပ်ဖြစ်တာပါ” ဟု ၎င်းက ပြောသည်။

တက္ကသိုလ်တစ်ခုချင်းစီတွင် ရှိသော သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ၎င်းတို့သင်ယူလေ့ကျင့်နေသော ပညာရပ်များနှင့်ပက်သက်သည့် တီထွင်ဆန်းသစ်မှုနှင့် နည်းပညာများကို တစ်နှစ်လျှင်တစ်ကြိမ် မိမိတို့အစီအစဉ်ဖြင့် ကျောင်းတွင်း၌ ပြသလျက်ရှိပြီး ယခုတက္ကသိုလ်ငါးခု ပေါင်းစည်းမှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ကလက်ထောက်ကထိကဆရာတစ်ဦးက “လူငယ်တွေ အခုလို သူတို့တတ်ထားတဲ့ပညာတွေ ချပြကြတာကို လူကြီးတွေအနေနဲ့ လက်ခံပြီး ကြိုဆိုရမှာပါ။ အခုပြည်တွင်းမှာ ပွင့်လင်းမြင်သာမှုရှိဖို့ ကြိုးစားနေကြပြီ၊ ရှိလည်းရှိလာပြီဆိုတော့ လူငယ်တွေကြိုးစားကြတာကို လူကြီးတွေက ပိုပြီးအထောက်အပံ့ပေးနိုင်ဖို့ လိုအပ်ပါတယ်”ဟု ပြောသည်။ ■ မေသဥ္ဇာနိုင်

စည်းကမ်းမဲ့ ရပ်နားယာဉ်များကိုလှည့်ကင်းဆိုင်ကယ်များဖြင့် ဖမ်းဆီး အရေးယူနေ

ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်ပေါ်စေသည့် စည်းကမ်းမဲ့ ရပ်နားထားသည့်ယာဉ်များကို ယာဉ်ထိန်းဆိုင်ကယ်များအသုံးပြုပြီး ဖမ်းဆီးအရေးယူလျက်ရှိရာ အမှုပေါင်း ၅၀၀ ခန့်ကို ဖမ်းဆီးအရေးယူခဲ့ကြောင်း အမှတ်(၂)ယာဉ်ထိန်း ရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)က ဒုတိယရဲမှူးကြီးလင်းထွဋ်က ယခုလ ၁၆ ရက်နေ့၌ ပြောကြားသည်။

“မီးပွိုင့်ကြီးတွေဖြစ်တဲ့ ဘုရင့်နောင်၊ လှည်းတန်း၊ ရှစ်မိုင်၊ တာမွေငါးခွဆုံတွေမှာ ဆိုင်ကယ်လှည့်ကင်းတွေ ထားပြီး ဖမ်းဆီးအရေးယူမှုတွေ လုပ်နေတယ်။ ဇန်နဝါရီလ ၉ ရက်နေ့ကနေ ၁၄ ရက်နေ့အထိကို ဆိုင်ကယ်လှည့်ကင်းနဲ့ ဖမ်းဆီးအရေးယူတဲ့အမှု ၄၇၃ မှုရှိပါတယ်။ ဖမ်းဆီးမှုတွေကို နေရာအနှံ့အပြားမှာ မလုပ်နိုင်တဲ့အတွက်ကြောင့် ပြည်သူတွေ အတွေ့နည်းတာလည်းဖြစ်နိုင်တယ်” ဟု ၎င်းကပြောကြားသည်။

လွန်ခဲ့သော ခြောက်လအတွင်း ပြုစုခဲ့သည့် မှတ်တမ်းများအရ ယာဉ်ကြောကျပ်တည်းသည့်နေရာ ၇၉ နေရာရှိပြီး အဆိုပါနေရာများတွင် အထူးယာဉ်ကြောရှင်းစနစ် အဖွဲ့များကိုအသုံးပြုကာ ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မြို့တွင်းမြို့နယ်များတွင် စည်းကမ်းလိုက်နာမှု မရှိဘဲ ရပ်တန့်လျက်ရှိသည့် မော်တော်ယာဉ်များကိုလည်း လှည့်ကင်းဆိုင်ကယ်များ အသုံးပြုကာ ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ■ တိုးဝေအောင်

၁၀၉ နှစ်ပြည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်(သို့မဟုတ်) နှလုံး

ဒေါက်တာမြင့်သိန်း (B.V.S)
actedthein@gmail.com

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ လာရောက် လည်ပတ်သည့် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။ ဓာတ်ပုံ - ယုယု

လွန်ခဲ့သော နှစ်ပေါင်း ၁၀၉ နှစ်၊ တိတိကျကျ ဆိုရသော် ၁၉၀၆ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် ပြည်သူလူထု၏ ထည့်ဝင်ငွေများဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို မွေးဖွားခဲ့သည်။ နှစ်ပေါင်း ၁၀၉ နှစ်တိတိကို အောင်မြင်စွာ ဖြတ်သန်းခဲ့ပြီ။ သို့သော် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဖြတ်သန်းခဲ့ရသော လမ်းကား ဖယောင်းလမ်းမဖြစ်ခဲ့ပါ။ ဆူးခင်းသောလမ်းကို ဖွဲ့နှင့်မာန်နှင့် ဖြတ်သန်းခဲ့သည်။

အချိန်ကား ဒုတိယကမ္ဘာစစ်မီးကြီး အရှေ့အာရှအရပ်သို့ ကူးစက် လောင်ကျွမ်းရန် တစ်ဟုန်ထိုး ဟန်ရေးပြင်လာနေသည့် ၁၉၄၁ ခုနှစ် ကုန်ဆုံးချိန်ကာလများပါ။ မြို့သူမြို့သား အပေါင်းသည်လည်း ကစဉ့်ကလျားဖြစ်ကာ တောင်ပြေးမြောက်ပြေးဖြင့် ဦးတည်ရာမဲ့နေကြသည့် အချိန်ကာလလည်း ဖြစ်ပါသည်။ ဒေသဆိုင်ရာ အာဏာပိုင်များ ကိုယ်တိုင်က ရန်ကုန်မြို့မှ စွန့်ခွာရန်အတွက် ကြေညာချက် ထုတ်ပြန်လုဆဲဆဲ ကာလဖြစ်၍ ရန်ကုန်မြို့ကား ဝရုန်းသုန်းကား နိုင်လေပြီ။ ထိုနှစ် ဒီဇင်ဘာ ၂၃ ရက်နေ့ မွန်းတည့်ချိန်တွင် ဂျပန်တို့၏ ဗုံးကြဲလေယာဉ်များကို တိုက်လေယာဉ်များက စောင့်ရှောက်လိုက်ပါလျက် ရန်ကုန်ကို စတင်ဗွေဆော်ဦး ဗုံးကြဲတိုက်ခိုက်ရာ ရန်ကုန်မြို့ မီးဟုန်းဟုန်းတောက်လောင်၍ မြို့သူမြို့သား အပေါင်းလည်း စိုးရိမ်ထိတ်လန့်ချောက်ချားကြလေသည်။ တစ်ဖန် ဒီဇင်ဘာ ၂၅ ရက်နှင့် ၂၉ ရက်နေ့တွင် ထပ်မံ၍ ပြင်းထန်စွာ ဗုံးကြဲတိုက်ခိုက်ပြန်ရာ ရန်ကုန်ဘူတာကြီးနှင့် သင်္ဘောကျင်းများ အကြီးအကျယ် မီးဟုန်းဟုန်း တောက်လောင် ပျက်စီးခဲ့ရပြန်သည်။ ရန်ကုန်မြို့ လူထုလည်း မိမိတို့၏ အိမ်ရာများကို စွန့်ပစ်၍ မိသားစုလိုက် ရန်ကုန်မြို့ပြင် ဆင်ခြေဖုံးအရပ်များနှင့် အခြားသင့်တော်ရာ အရပ်များဆီသို့ အလျင်အမြန် ထွက်ပြေးကြရလေတော့သည်။

ထိုကဲ့သို့ လူအများအပြားသည် အသက်ဘေးကြောင့် မိသားစုအားလုံး အိမ်ရာများကို စွန့်ခွာထွက်ပြေး သွားကြသော်လည်း မိမိတို့၏ အသက်နှင့် မိသားစုရေးရာ ကိစ္စများကို စိုးစဉ်းမျှ ဦးစားပေးခြင်းမရှိကြဘဲ မိမိဌာန မပျက်စီးရေးနှင့် နောင်လာနောက်သားများအတွက် ရေရှည်တည်တံ့နိုင်ရေးကို ရှေးရှု၍ တာဝန်သိ ဝန်ထမ်းများက စွမ်းစွမ်းတမံ ကာကွယ်ခဲ့ကြသော နေရာဌာနတစ်ခုကား ရန်ကုန်မြို့တွင် ရှိခဲ့သည်။ ထိုနေရာဌာနကား ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ပင် ဖြစ်ပေသည်။ ထိုအချိန်အခါကပင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် အော်ရန်အူတန် လူဝံများ၊ ချင်ပန်ဇီမျောက်ဝံများ၊ မျိုးသုဉ်းလုနီးပါးဖြစ်သော အိန္ဒိယကြံ့များ၊ လာရောက် ကြည့်ရှုသူ ပြည်သူများကို အလွန်အမင်း ဆွဲဆောင်အားကောင်းစေသော ဟိုင်းအီးနားခေါ် အာဖရိက တောခွေးကြီးများ၊ ကျား၊ ကျားသစ်၊ ခြသေ့်များ၊ ဝံပုလွေအမျိုးမျိုးနှင့် ဆင်များ စသည့် တောရိုင်းတိရစ္ဆာန်ပေါင်း မြောက်မြားစွာကို ဂုဏ်ယူစဖွယ် ပြသထားနိုင်ခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကပင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ တိရစ္ဆာန်မျိုးစုံ ခင်းကျင်းပြသနိုင်ခဲ့ခြင်းကို ကြားသိမှတ်သားရသည့်အတွက် အထူးပင် ဝမ်းသာ ပီတိဖြစ်ရပါသည်။

ဤကဲ့သို့ ရန်ကုန်မြို့ကို ဗုံးကြဲတိုက်ခိုက်မှုများ နေ့စဉ်ရက်ဆက် ဖြစ်လာခြင်း၊ ယိုးဒယားနိုင်ငံ (ယခု ထိုင်းနိုင်ငံ) ဘက်ဆီမှလည်း မြန်မာနိုင်ငံအတွင်းရှိ ဗြိတိသျှတပ်များကို တိုက်ခိုက်ရန် ကုန်းကြောင်းချီတပ်များ ရန်ကုန်သို့ စတင်ဦးတည် ဝင်ရောက်လာခဲ့သည့်အတွက် ရန်ကုန်မြို့၏ အခြေအနေမှာ ပြည်သူလူထုများ ကျိုးလန့်စာစား အခြေအနေသို့ ဆိုက်ရောက်လာခဲ့သည်။ ထိုသို့သော အခြေအနေတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အတွင်းရှိ တိရစ္ဆာန်များကို အစားအစာကျွေးမွေးရန် ခက်ခဲလာသည့်အပြင် ဗုံးများကျရောက်ပေါက်ကွဲပြီး တိရစ္ဆာန်ခြံဝင်း လှောင်အိမ်များ ပျက်စီးသွားနိုင်သဖြင့် အန္တရာယ်ရှိသော တိရစ္ဆာန်များကို ဗုံးလွတ်ရာသို့ ရွှေ့ပြောင်းရန်နှင့် အချို့တိရစ္ဆာန်များကို ဖျက်ဆီးပစ်ရန် လိုအပ်လာခဲ့သည်။ သို့ဖြစ်၍ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလလယ်တွင် ဟင်္သာတမြို့၌ ဝါသနာအရ ကိုယ်ပိုင်တိရစ္ဆာန်ဥယျာဉ်ငယ်တစ်ခု ထူထောင်ထားသော ဦးဘသိန်းဆိုသူထံသို့ ခြသေ့် သုံးကောင်၊ ကျား ခုနစ်ကောင်၊ ကျားပေါက်စ နှစ်ကောင်၊ ကျားသစ် နှစ်ကောင်၊ ဟိုင်းအီးနား နှစ်ကောင်၊ တောခွေးသုံးကောင်၊ အိန္ဒိယဝံပုလွေ သုံးကောင်၊ ဥရောပဝံပုလွေ နှစ်ကောင်နှင့် ဟိမဝန္တာ ဝက်ဝံ လေးကောင်တို့ကို ပေးပို့ခဲ့သည့်အပြင် ဆင် နှစ်ကောင်ကိုလည်း လှိုင်မြစ်၏ အနောက်ဘက်ကမ်းရှိ ကျေးရွာတစ်ရွာသို့ ခေတ္တပို့ဆောင်ထားခဲ့သည်။

ဤနေရာတွင် ကျွန်တော်တင်ပြလိုသည်မှာ တိုင်းပြည် အေးချမ်းသာယာနေသည့် အချိန်၌ပင် တောရိုင်းတိရစ္ဆာန်များကို အကြောင်းအမျိုးမျိုးဖြင့် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းကြရာ၌ ဝန်ချီစက်များ၊ ဘော်ဒီအိမ်နိမ့်ကားများ၊ ဝန်ထမ်းများစွာနှင့် အချိန်ပေး၍ ဂရုတစိုက် လုပ်ဆောင်ကြရသည်။ ထိုခေတ် ထိုအချိန်က တိရစ္ဆာန်ထိန်းဝန်ထမ်းတို့သည် ထိုကဲ့သို့ အရွှေ့အပြောင်းများ ပြုလုပ်ရာတွင် ကျည်ဆံ၊ ဗုံးဆံများကြားမှပင် မိမိအသက်နှင့် မိသားစုရေးရာ ကိစ္စရပ်များကို စိုးစဉ်းမျှ ထည့်သွင်းစဉ်းစားခြင်း အလျင်းမရှိခဲ့ကြဘဲ တိုင်းပြည်၏ အဖိုးတန်သော တောရိုင်းတိရစ္ဆာန် သယံဇာတများကို နောင်လာနောက်သားတို့ ဆက်လက်ကြည့်ရှု နိုင်ကြစေရန် ရည်ရွယ်၍ ထိခိုက်ပျက်စီးမှု မရှိစေဘဲ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသဖြင့် ထိုဝန်ထမ်းအပေါင်းတို့ကို ဤနေရာက လေးစားစွာ ကျွန်တော် ဦးညွှတ်လိုပါသည်။

၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာကြရန် ဒေသအာဏာပိုင်များထံက ကြေညာချက် ထွက်ပေါ်လာသဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ထိန်းသိမ်းရေးအဖွဲ့ ဥက္ကဋ္ဌ Mr. Justice Dunkley နှင့် ဒုတိယဥက္ကဋ္ဌ Mr. Christopher တို့သည် ရန်ကုန်မြို့မှ ထွက်ခွာသွားကြပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ဆက်လက်ထိန်းသိမ်းထားရှိရန် Mr. G M Christoffelsz ကို တာဝန် ပေးအပ်ခဲ့သည်။ တိရစ္ဆာန်ထိန်းဝန်ထမ်းတို့မှာ ထိုအချိန်တွင် တောရိုင်းတိရစ္ဆာန်များ ပေးပို့ရန် ဟင်္သာတမြို့သို့ ရောက်ရှိနေကြရာ အခြေအနေများ အလွန်အမင်း ရှုပ်ထွေးနေသော အချိန်အခါ၌ပင် ရန်ကုန်မြို့သို့ရောက်အောင် ကြိုးစား ပြန်လာကြပြီး Mr. G M Christoffelsz နှင့်အတူ ရန်ကုန်တိရစ္ဆာန်ဝင်းအတွင်း ကျန်ရှိသော တောရိုင်း တိရစ္ဆာန်များနှင့် ဌာနဆိုင်ရာ အဆောက်အအုံများ ပျက်စီးခြင်း မဖြစ်စေရန် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်လျက် ရှိနေခဲ့ကြသည်။

၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ပိုင်းတွင် ဂျပန်တပ်များ ရန်ကုန်မြို့၏ ဆင်ခြေဖုံးအရပ်များဆီ စတင်ချဉ်းကပ်လာပြီးနောက် မတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့တွင်းသို့ ဂျပန်တပ်များ ဝင်ရောက်ခဲ့ကြသည်။ ထိုနောက်ပိုင်းကာလများတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း တိရစ္ဆာန်ထိန်း ဝန်ထမ်းများ အခက်အခဲ အမျိုးမျိုးကြားမှ အသက်စွန့်ပြီး ထိန်းသိမ်းလာခဲ့သည့် တောရိုင်းတိရစ္ဆာန် အများအပြား အသတ်ခံခဲ့ကြရသည်။ ထိုအချိန်က ကျန်ရှိသော တောရိုင်းတိရစ္ဆာန်များကို ကန်တော်ကြီးတွင် လွှတ်ခဲ့သည် ဟူသော ကောလာဟလ ထွက်ပေါ်ခဲ့ရာ မှန်ကန်မှုမရှိပဲ အမှန်မှာ သမင်အုပ်စုများကို ရန်ကုန်တိရစ္ဆာန်ဝင်းအတွင်း၌သာ လွှတ်ခဲ့ခြင်းဖြစ်ပြီး ဤသို့ တောရိုင်းတိရစ္ဆာန် အများအပြား အသတ်ခံရသည့် အထဲတွင် ဝမ်းနည်းဖွယ် အကောင်းဆုံးသော၊ အစားပြန်လည်ရရှိရန် အလွန်တရာမှပင် ခက်ခဲသော တောရိုင်း တိရစ္ဆာန်မျိုးစိတ်တစ်ခု ဖြစ်သည့် အိန္ဒိယကြံ့ခေါ် သံချပ်ကာဝတ် ကြံ့တစ်ကောင်သည် ၁၉၄၂ ခုနှစ်၊ ဧပြီလတွင် အသတ်ခံရခြင်းကို ကြားသိရသည့်အခါ အထူးပင် ဝမ်းနည်းကြေကွဲ ယူကျုံးမရ ခံစားရမိသည်။ ထိုကြံ့မှာ ရိုစီအမည်ရှိသော ကြံ့အမဖြစ်ပြီး ၁၉၃၈ ခုနှစ် နောက်ပိုင်းကာလများ၌

သားနှင့် တည်ထားသည့် သံယောဇဉ်

နီပေါနိုင်ငံက လက်ဆောင်ပဏ္ဏာအဖြစ် ရရှိခဲ့ခြင်းဖြစ်ကာ ထိုအာရှကြံ့များသည် ဤကမ္ဘာမြေပေါ်တွင် အရှားပါးဆုံးသော နို့တိုက်သတ္တဝါများ ဖြစ်ကြ၍ ကြံ့၏ ချို၊ သွေးနှင့် အသားတို့မှာ ဈေးကောင်းရရှိသဖြင့် သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။ စစ်၏ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် အပြစ်မဲ့သော၊ တန်ဖိုးမဖြတ်နိုင်သော မြန်မာ့တောရိုင်း တိရစ္ဆာန်များ မြေစာပင်ဖြစ်ခဲ့ရသည်ကို များစွာကိုယ်ချင်းစာနာ ခံစားရမိသည်။

၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ဂျပန်တပ်မတော် အုပ်ချုပ်ရေးအဖွဲ့သည် Mr. Patzert ဆိုသူကို ဟသ်ာတမြို့သို့ ပေးပို့ထားသော တောရိုင်းတိရစ္ဆာန်များကို ပြန်လည်သယ်ဆောင်ရန်နှင့် ထို Mr. Patzert ကိုပင် ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ကို ပြည်သူလူထုသို့ ပြန်လည် ဖွင့်လှစ်ပြသပေးရန် အာဏာအပ်နှင်းခဲ့ကြောင်း သိရှိရသဖြင့် ထိုအချိန်ကပင် ရန်ကုန်မြို့ကို အုပ်ချုပ်သူတို့မှာ တောရိုင်းတိရစ္ဆာန်များနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးပြသရန် စိတ်ဝင်တစား ရှိပုံတို့ကို ခန့်မှန်းသိရှိရသဖြင့် ထိုအုပ်ချုပ်ရေးပိုင်း ပုဂ္ဂိုလ်တို့၏ ဉာဏ်ပညာအမြော်အမြင်ကို အထူးပင် လေးစားရသည်။ တစ်ဆက်တည်းမှာပင် ထို Mr. Patzert ကို ရန်ကုန် တိရစ္ဆာန်ဥယျာဉ် တာဝန်ခံအရာရှိအဖြစ် ခန့်ထားပြီ ဦးဘသိန်းကို ၎င်း၏ လက်ထောက်အဖြစ် ခန့်ထား၍ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ကို ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် ပြည်သူလူထုသို့ ပြန်လည်ဖွင့်လှစ်ပြသပေးနိုင်ခဲ့သည်အထိ ကြိုးစားရုန်းကန်ခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် အိမ်နီးနားချင်း နိုင်ငံတစ်နိုင်ငံတွင် လယ်ယာမြေများကို လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများမှတစ်ပါး အခြား မည်သည့်လုပ်ငန်းကိုမျှ လုပ်ဆောင်ခြင်း ခွင့်မပြုခဲ့သော်လည်း ခြွင်းချက်အနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည်ဆိုပါက ထိုလယ်ယာမြေများကို အသုံးပြုခွင့် ပေးခဲ့သည်။ ဤသည်ကို အခွင့်ကောင်းယူ၍ လုပ်ငန်းရှင်တစ်ဦးက လယ်ယာမြေများပေါ်တွင် Safari Park များ ထူထောင်၍ ကမ္ဘာလှည့် ခရီးသွားများကို ဆွဲဆောင်မှုပြုလုပ်ရန်ဟူသော အကြောင်းပြချက်ဖြင့် လယ်ယာမြေ ဧကပေါင်းများစွာကို ဝယ်ယူခွင့် ရရှိခဲ့သည်။ ထိုသို့ Safari Park ဖွင့်လှစ်တည်ထောင်ပြီး နောက်ပိုင်းကာလများတွင် တောရိုင်းတိရစ္ဆာန် အများအပြားမှာ အကြောင်းအမျိုးမျိုးဖြင့် သေဆုံးသွားခဲ့ကြပြီး ထို Safari Park ၏ မြေဧက အတော်များများမှာလည်း လူနေအိမ်ရာ အဆောက်အအုံများအဖြစ် ပြောင်းလဲသွားခဲ့သည့် ဖြစ်စဉ်များ ရှိခဲ့ဖူးကြောင်း သိရှိမှတ်သားရသည်။



ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ၅၄ နှစ်တိုင်တိုင် ကျန်းမာပျော်ရွှင်စွာဖြင့် သက်တမ်းအကြာဆုံး အသုံးတော်ခံနေသည့် အသက် ၆၁ နှစ်အရွယ် ဆင်မကြီးမိုမိုကို ငယ်ရွယ်စဉ်ဘဝက တွေ့ရစဉ်။ ဓာတ်ပုံ - ရန်ကုန်တိရိစ္ဆာန်ဥယျာဉ်

ဤနေရာတွင်လည်း အထက်ကဆိုခဲ့သည့် Mr. Patzert ၏ ပြုမူဆောင်ရွက် အုပ်ချုပ်လုပ်ကိုင်မှုများမှာ ထိုစဉ်က မြန်မာအစိုးရ (Burmese Government) က ကျေနပ်ဖွယ်ရာ မရှိသဖြင့် Mr. Patzert ကို တာဝန်ခံအရာရှိအဖြစ်မှ ဖယ်ရှား၍ ၁၉၄၃ ခုနှစ်၊ ဧပြီလတွင် ဦးကျော်သိန်းကို အုပ်ချုပ်ရေးမှူးအဖြစ် ခန့်ထားခဲ့သည်။ ၎င်းမှာ ဂျပန်ခေတ် တစ်လျှောက်လုံး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ကောင်းစွာတာဝန်ယူ အုပ်ချုပ်နိုင်ခဲ့ပြီး အသက်ရှင်ကျန်ရှိသော တိရစ္ဆာန်များကို ရန်ကုန်မြို့အတွင်း ပြန်လည်ရှာဖွေခဲ့ရာ တွေ့ရှိရသဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ပြန်လည်ထားရှိပြီး ပြည်သူလူထုကို ပြသနိုင်ခဲ့သည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ အော်ရန်အုတန်လူဝံနှင့် ချင်ပန်ဇီမျောက်ဝံများ သေဆုံးခဲ့ခြင်း ဖြစ်သည်။ လှိုင်မြစ်၏ အနောက်ဘက်ကမ်းသို့ ပို့ထားသော ဆင်နှစ်ကောင်ကိုလည်း ပြန်လည် သယ်ဆောင်ခဲ့သည်မှာ ဝမ်းသာစရာသတင်း ဖြစ်ခဲ့သည်။

ဤကဲ့သို့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ပြည်သူလူထုသို့ အကောင်စုံလင်စွာဖြင့် အမြန်ဆုံး ပြန်လည်ပြသနိုင်ရေးအတွက် ဘက်စုံကြိုးစား ဆောင်ရွက်ဆဲတွင် ရန်ကုန်မြို့ မငြိမ်သက်မှုများ ထပ်မံဖြစ်ပွားခဲ့ပြန်သည်။ ၁၉၄၃ ခုနှစ်၊ မတ်လ၏ လဆန်းပိုင်းရက်များတွင် အိန္ဒိယအခြေစိုက် အမှတ် (၁၀) လေတပ်မှ မဟာမိတ် ဗုံးကြဲလေယာဉ် ဘီ-၁၇ အမျိုးအစား ခြောက်စင်းက ရန်ကုန်မြို့ကို စတင်ဗုံးကြဲတိုက်ခိုက်လာခဲ့သည်။ ထိုမှတစ်ဖန် ၁၉၄၅ ခုနှစ်၊ မေလ ၅ ရက်တွင် ဗြိတိသျှတပ်များ ပြန်လည်ဝင်ရောက်လာချိန်တွင် ယာယီအုပ်ချုပ်ရေးမှူး ဦးကျော်သိန်းသည် Civil Affairs Staff (Burma) က အရာရှိများနှင့် အဆက်အသွယ်ပြု၍ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ဆက်လက်ဖွင့်လှစ်ထားရှိရေးနှင့် တိရစ္ဆာန်များကို အစားအစာ ကျွေးမွေးနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ခဲ့သည်။

ထိုမှတစ်ဖန် အချိန်ကာလ တစ်နှစ်ခန့်ကြာသောအခါမှ စတင်၍ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို စစ်တပ်အာဏာပိုင်းများက ဆက်လက်သုံးစွဲခြင်း မရှိကြတော့သော်လည်း ၎င်းတို့က ရန်ကုန် တိရစ္ဆာန်ဥယျာဉ်အပေါ် စိတ်ဝင်စားမှုနှင့် ကြီးမားသော ကူညီ ပံ့ပိုးမှုများသည် ထိုစဉ်ကတည်းက ရှိခဲ့ကြောင်း မှတ်သားသိရှိခဲ့ရသည်။ ၁၉၄၈ ခုနှစ်နောက်ပိုင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နှေးကွေးခဲ့သော်လည်း တော်လှန်ရေးကောင်စီ အစိုးရ လက်ထက်နှင့် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရများလက်ထက်တွင် ဥယျာဉ်အကျယ်အဝန်းကို မူလ ၄၂ ဒသမ ၀၂ ဧကမှ ၆၉ ဒသမ ၂၉ ဧကထိတိုးချဲ့ခြင်း၊ ပြည်သူလူထု အပန်းဖြေ နားခိုရန်အတွက် အဆောက်အအုံများစွာ ဆောက်လုပ်ခြင်း၊ ရေကန်ကြီးများ တိုးချဲ့တည်ဆောက်ခြင်း၊ တိရစ္ဆာန်ခြံဝင်းအသစ်များ ဆောက်လုပ်ခြင်း၊ တောရိုင်းတိရစ္ဆာန်များကို နိုင်ငံခြားတိုင်းပြည်များက မှာယူခြင်း၊ ပညာတော်သင်များ စေလွှတ်ခြင်း စသည့်လုပ်ငန်းရပ်များကို အရှိန်အဟုန် ပြင်းပြင်းဖြင့် ဆောင်ရွက်လုပ်ကိုင် လာခဲ့ကြသည်။ ၁၉၆၂ ခုနှစ်မှစတင်၍ ၁၆ နှစ်တိုင်တိုင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူ ဦးလှအောင် (အငြိမ်းစား ဗိုလ်မှူးကြီး) တစ်ဦးက ၎င်းရေးသားခဲ့သည့် ကြောင်မျိုးရင်းဝင် တိရစ္ဆာန်ကြီးများ စာအုပ်တွင် ရေးသားခဲ့သည်မှာ ၄င်းတို့အပါအဝင် တောရိုင်းတိရစ္ဆာန်များသည် တိုင်းပြည်၏ အဖိုးတန်အမွေအနှစ်များဖြစ်ကြောင်း၊ ယင်းအမွေအနှစ်များကို နောင်လာနောက်သားများအတွက် ဆက်လက်ထိန်းသိမ်းထားရေးသည် ကျွန်ုပ်တို့ အရေး၊ ကျွန်ုပ်တို့တာဝန်ဖြစ်ကြောင်းဖြင့် ရေးသားခဲ့သည်။ တစ်ဖန် ၁၉၇၄ ခုနှစ်မှ စတင်၍ ၂၆ နှစ်တိုင်တိုင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ အုပ်ချုပ်ရေးတာဝန်များကို ဦးစီးဆောင်ရွက်သွားခဲ့သူ တစ်ဦးဖြစ်သည့် ဦးကျော်ညွန့်လွင်ကလည်း နောင်လာနောက်သားများ လေ့လာသိရှိနိုင်စေရန် မြန်မာ့တောရိုင်းတိရစ္ဆာန်များနှင့် ပတ်သက်သော စာအုပ်စာတမ်းများစွာကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ရေးသားသွားခဲ့ကြသည်။ ထိုသို့ တာဝန်ကျေစွာ ဆောင်ရွက်သွားခဲ့ကြသည့် အဆိုပါပုဂ္ဂိုလ်ကြီးများကဲ့သို့ တာဝန်ကို ကြိုးစားရုံသာမက တောရိုင်းတိရစ္ဆာန်များကို တန်ဖိုးထားတတ်သူများ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ကို ဆက်လက်တာဝန်ယူနိုင်ရန်လည်း အလွန်အရေးကြီးလှသည်။

တစ်ဖန် ထိုခေတ် ထိုအချိန်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း တည်ဆောက်ခဲ့သော တိရစ္ဆာန်ခြံဝင်း အနေအထားများသည် တောရိုင်းတိရစ္ဆာန်များကို ဓာတ်ပုံရိုက်ကူးသူများအတွက် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးသော တိရစ္ဆာန်ဥယျာဉ်ဖြစ်သည်ဟု နိုင်ငံတကာ ခရီးသွားမှတ်တမ်းများတွင် ဖော်ပြထားရှိသည်အထိ အောင်မြင်မှုများ ရရှိခဲ့သည်။

ဤကဲ့သို့ဖြင့် ကမ္ဘာစစ်မီး တောက်လောင်နေသော အချိန်အခါ၌ပင် မိမိတို့ အသက်ကို ပဓာနမထားသည့်အပြင် မိသားစုရေးရာ ကိစ္စရပ်များကိုပါ ပစ်ပယ်၍ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် စဉ်ဆက်မပြတ် တည်တံ့နိုင်စေရေး၊ တောရိုင်းတိရစ္ဆာန်များ မပျက်စီး မဆုံးရှုံးစေရေးတို့ကို တိရစ္ဆာန်ထိန်းများက တာဝန်ကျေပွန်စွာ အားသွန်ခွန်စိုက် ကြိုးစား ဆောင်ရွက် သွားခဲ့ကြပြီးဖြစ်သကဲ့သို့ စစ်ပြီးခေတ်နောက်ပိုင်း ကာလများတွင်လည်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ပြန်လည် နိုးထလာစေရန် ရုန်းကန်ကြိုးစား ဆောင်ရွက်ခဲ့ကြပြန်သည်။

တောရိုင်းတိရစ္ဆာန်များကို တာဝန်တစ်ရပ်အနေနှင့်သာမက သားသမီးအရင်းအချာကဲ့သို့ သံယောဇဉ်ကြီးစွာဖြင့် မွေးမြူစောင့်ရှောက်ကြသည့် တိရစ္ဆာန်ထိန်းများစွာကို ကျွန်တော့်လုပ်သက်တစ်လျှောက် ကြုံတွေ့ခဲ့ဖူးသည်ဖြစ်ရာ ထိုပုဂ္ဂိုလ်တို့၏ စေတနာနှင့် သံယောဇဉ်ကို အသိအမှတ်ပြု တန်ဖိုးထားရှိရမည် ဖြစ်သည်။

လွတ်လပ်ရေးခေတ်နှောင်းပိုင်းတွင် အသိပညာရှင်၊ အတတ်ပညာရှင် များစွာပါဝင်သော ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းနှင့် ထိုအချိန်က တက်ကြွစွာဖြင့် ဦးစီးဦးဆောင်ပြု၍ စွမ်းဆောင်ရည် ပြည့်ဝစွာ ဆောင်ရွက်သွားခဲ့ကြသော ဌာနဆိုင်ရာ ဝန်ထမ်းအကြီးအကဲများ၏ မှန်ကန်သော စီမံခန့်ခွဲမှုများနှင့် ဝန်ထမ်းအဆင့်ဆင့်တို့၏ ကြိုးစားအားထုတ်မှုများကြောင့် အရှေ့တောင်အာရှတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ ဂုဏ်သိက္ခာ ကြီးမားခဲ့ရသကဲ့သို့ ယခုသည်လည်း ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် ကျရောက်မည့် ၁၀၉ နှစ်မြောက် သက်တမ်းရှိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် နောင်ရာစုနှစ်များစွာအထိ ယခင်ကဲ့သို့ အစဉ်အလာ ကြီးမားသော တိရစ္ဆာန်ဥယျာဉ်တစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအတွက် အသိပညာရှင် အတတ်ပညာရှင်နှင့် စိတ်ပါဝင်စားသူများ ပါဝင်သော အဖွဲ့အစည်းများဖြင့် ရှေ့ဆက်လက် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

(ခေတ်အဆက်ဆက် သံယောဇဉ်ကြီးစွာဖြင့် တာဝန်ထမ်းရွက်ခဲ့ကြသည့် တိရစ္ဆာန်ထိန်းများကို အစဉ်လေးစားဂုဏ်ပြုလျက်) ■

"ဆိုရေးရှိက ဆိုအပ်လှ၏၊ ဆိုစများလျား ထားပချေမိ ဝိုဝန်ရှိခဲ့" ရှင်မဟာရဋ္ဌသာရ၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့

အမျိုးသားပညာရေးဥပဒေကို ချဉ်းကပ်ကြည့်ခြင်း (၃)

ဦးကျော်အေး

"တဲ - ဆိုပါဦး၊ ဒီတစ်ပတ်အမျိုးသားပညာရေးဥပဒေနဲ့ပတ်သက်လို့ဆွေးနွေးဖို့အချက်က. . ."

"အရင်တစ်ပတ်က ကျွန်တော်တို့ မရှင်းဘူးဆိုပြီး ပြောခဲ့တဲ့ အခြေခံပညာရေး၊ သို့မဟုတ် မူလတန်းအဆင့် ပညာရေးမှာ သူငယ်တန်း ပါမပါဆိုတဲ့ ကိစ္စကို ဆက်ပြောပါရစေဦး ဆရာ"

"ဆိုပါဦး"

"အမျိုးသားပညာရေးဥပဒေနဲ့ ဆက်စပ်တဲ့ ပညာရေးဥပဒေကြမ်းတချို့ကို မိတ်ဆွေ တက္ကသိုလ်ဆရာတစ်ယောက်ဆီက ရထားပါတယ် ဆရာ၊ 'အခမဲ့ မသင်မနေရ မူလတန်းပညာရေးဥပဒေ(မူကြမ်း)' ပုဒ်မ ၂(က)မှာ မူလတန်းပညာရေးဆိုသည်မှာ အခြေခံအတန်းဖြစ်သော သူငယ်တန်းမှ ပဥ္စမတန်းအထိ ပါဝင်သည့် ပညာရေးကို ဆိုသည်လို့ ပါပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မရှင်းဘူးဆိုတဲ့ ကိစ္စက ရှင်းသွားပြီလို့ မှတ်တာ၊ မရှင်းသေးဘူး ဆရာ"

"ဟာ မင်းပြောပုံကလည်း ရှုပ်လိုက်တာကွာ"

"ဒီလိုပါ ဆရာ၊ အခြေခံပညာရေးဥပဒေ (မူကြမ်း)ရဲ့ ပုဒ်မ ၅ မှာကျတော့ အခြေခံပညာရေးအဆင့်များနှင့် အတန်းများမှာ အောက်ပါအတိုင်းဖြစ်သည်ဆိုပြီးတော့ ပုဒ်မခွဲ(က)မှာ အသက်ငါးနှစ်ပြည့်ပြီး ကလေးများအတွက် မူလတန်းအဆင့်ပညာရေး၏ အခြေခံအတန်းအဖြစ်သတ်မှတ်သည့် သူငယ်တန်းပညာရေး၊ ပုဒ်မခွဲ(ခ)မှာတော့ ပထမတန်းမှ ပဥ္စမတန်းအထိ မူလတန်းအဆင့်ပညာရေးဆိုပြီးပါနေပြန်တယ် ဆရာ။ ဒီရေးသားချက်အရဆိုရင်တော့ သူငယ်တန်းက အခြေခံပညာရေးဖြစ်တဲ့ မူလတန်းအဆင့်မှာ မပါပြန်ဘူး။ ဒီတော့ ဒီဥပဒေနှစ်ခုမှာပါတဲ့ ပြဋ္ဌာန်းချက်နှစ်ခုက ဆန့်ကျင်မနေဘူးလား ဆရာ"

"မင်းကတော့ မင်းဆိုတဲ့အတိုင်း ပြဿနာကို မြင်တတ်တဲ့ နေရာမှာတော့ ငါပြောတဲ့အတိုင်း မှန်နေပြန်ပြီပေါ့ကွာ။ အဲဒီဥပဒေတွေကို ရေးဆွဲကြသူတွေအနေနဲ့ စဉ်းစားဖို့ အချက်တော့ ရသွားတာပေါ့။ ဒါပေမဲ့ တစ်ခုသတိပြုရမှာက အဲဒီဥပဒေကြမ်းတွေက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က အတည်ပြုပြီးဖြစ်တဲ့ ဥပဒေကြမ်းတွေ မဟုတ်သေးဘူးကွ၊ သတင်းတွေအရဆိုရင် ဒီဥပဒေကြမ်းတွေက အောက်ခြေအဆင့်မှာ ဆွေးနွေးဆဲအဆင့်မှာပဲရှိသေးတယ်လို့ ထင်တယ်။ ပညာရေးဝန်ကြီးဌာနက ကမကထပြုပြီး ရေးဆွဲတဲ့ ဥပဒေကြမ်းဆိုတော့ အစိုးရအဖွဲ့က အတည်ပြုပြီးလို့ ဥပဒေပြုလွှတ်တော်ကိုပေးပို့တဲ့ အဆင့်ရောက်မှ ဥပဒေကြမ်းတစ်ခုက အတည်ဖြစ်မှာ။ ဒါပေမဲ့ အခုန ပြောခဲ့သလို အဲဒီဥပဒေကြမ်းတွေကို သက်ဆိုင်ရာအဖွဲ့က စိစစ်တဲ့နေရာမှာ အခုမင်းထောက်ပြတဲ့ အချက်ကိုတော့ စဉ်းစားသင့်တာပေါ့။ အခုအချိန်ဆိုရင်တော့ ပြန်ပြင်ပြီးတောင် ဖြစ်ချင်ဖြစ်နေမှာပါ"

"ကျွန်တော်ပြောတာက သူငယ်တန်းကို အခြေခံပညာရေးမှာ ထည့်သင့်တယ်၊ မထည့်သင့်ဘူးလို့ ပြောတာ မဟုတ်ပါဘူးဆရာ၊ အမျိုးသားပညာရေးဥပဒေက အရေးအသား မရှင်းတဲ့ သဘောကိုပဲ ပြောလိုတာပါ။ နောက်ပြီး 'အခမဲ့မသင်မနေရမူလတန်းပညာရေး ဥပဒေကြမ်း'နဲ့ 'အခြေခံပညာရေးဥပဒေကြမ်း' နှစ်ခုမှာ အကြောင်းအရာတစ်ခုတည်းအတွက် ပြဋ္ဌာန်းချက်ချင်းဆန့်ကျင်နေတာကို ပြောတာပါ"

"ဟုတ်ပါပြီ၊ တာဝန်ရှိသူတွေ စဉ်းစားဖို့ အကြံပေးတဲ့ သဘောပေါ့ကွာ၊ နောက်ဘာရှိသေးတုန်း"

"အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၁၉ မှာ 'အင်္ဂလိပ်စာကို မူလတန်းမှ စ၍သင်ကြားရမည်'လို့ ပြဋ္ဌာန်းထားတယ် ဆရာ၊ ဒီကိစ္စကတော့ ကျွန်တော်ဉာဏ်မမီလို့ ဆရာ့အမြင်ကိုပဲ ပြောပြပေးပါ"

"ဒီကိစ္စမှာတော့ မင်းနဲ့ ငါက ဘာထူးလို့တုန်း၊ ဇာတ်ဆရာကြီးရွှေမန်းတင်မောင်ရဲ့ သီချင်းထဲကလိုပဲ 'ကျွန်တော်လည်း ထိုနည်းလည်းကောင်း'လို့ ပြောရမယ် ထင်တယ်၊ ဒါမှမဟုတ်လည်း သွားတိုက်ဆေးကြော်ငြာတစ်ခုထဲက ရုက္ခစိုးနတ်ကြီးပြောသလို 'ဟ ဒါကတော့ ငါလည်း မတတ်နိုင်ဘူး' လို့ ပြောရမလားပဲ"

"ကျွန်တော်ဆိုလိုတာက အင်္ဂလိပ်စာသင်ကြားရေးနဲ့ပတ်သက်ပြီး ကျွမ်းကျင်သူ၊ သို့မဟုတ် သုတေသီတစ်ယောက်အနေနဲ့ မဟုတ်ဘဲ ဆရာကိုယ်တိုင်ဖြတ်သန်းလာခဲ့ရတဲ့ ခေတ်အလိုက်အတွေ့အကြုံနဲ့ ဆရာသိရှိခဲ့ရတာတွေကို ပြောပြဖို့ ပြောတာပါ ဆရာ၊ ဆရာပြောခဲ့သလိုပဲ အင်္ဂလိပ်စာသင်ကြားရေးနဲ့ ပတ်သက်ပြီး ကာလသုံးပါးစလုံးကို ဆက်စပ်စဉ်းစားနိုင်အောင်လို့ပါ"

"ကိုယ်တိုင်ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံလို့ဆိုတော့ ကျောင်းသားအဖြစ်နဲ့ရော၊ ဆရာအဖြစ်နဲ့ပါ အင်္ဂလိပ်စာသင်ယူ၊ သင်ကြားခဲ့ရတဲ့ အတွေ့အကြုံကို ပြောရမှာပေါ့ကွာ။ ဆရာအဖြစ်နဲ့ဆိုတာကတော့ ငါက ပထမဘွဲ့မရမီနဲ့ ဘွဲ့ရပြီးစအချိန်မှာ အထက်တန်းပြဆရာအဖြစ်နဲ့ ငါးနှစ်လောက်အင်္ဂလိပ်စာသင်ပြခဲ့ဖူးသေးတယ်၊ အဲဒီတုန်းကတော့ တက္ကသိုလ်မှာ ဥပစာတန်းလို့ခေါ်တဲ့ ဒုတိယနှစ်အောင်ပြီးရင် အထက်တန်းပြဆရာလုပ်ခွင့်ရှိတယ်။ အစိုးရအထက်တန်းကျောင်းတွေကို တိုးချဲ့ဖွင့်တော့ ဘွဲ့ရအထက်တန်းပြဆရာတွေ ရှားပါးနေတဲ့အချိန်ပေါ့။ ဆရာဖြစ်လက်မှတ်၊ အင်္ဂလိပ်စာသင်ပြ နည်းသင်တန်းဆင်း လက်မှတ်ဆိုတာမျိုးတွေတော့ မရှိဘူးပေါ့ကွာ။ အဲဒါအပြင် နောင်မှာ သားသမီးလေးဦးကို ဆယ်တန်းအောင်တဲ့အထိ အင်္ဂလိပ်စာကို သင်ပြပေးခဲ့တာဆိုတော့ ၁၉၈၆ ခုနှစ်လောက်အထိ အင်္ဂလိပ်စာသင်ကြားဖူးတဲ့ အတွေ့အကြုံတော့ရှိခဲ့တဲ့ သဘောပေါ့။

"ဆရာတို့ ကျောင်းသားဘဝတုန်းက ဘယ်အတန်းကစပြီး အင်္ဂလိပ်စာသင်ခဲ့ရပါသလဲ ဆရာ"

"ဒို့အရင်တစ်ပတ်တုန်းက ပြောခဲ့သလိုပဲ လွတ်လပ်ရေးရခါစမှာ မူလတန်းက ပဥ္စမတန်းအထိရှိခဲ့တာဆိုတော့ ဆဋ္ဌမတန်းရောက်မှ အင်္ဂလိပ်စာကို စသင်ခဲ့ကြရတယ်။ ငါ့အနေနဲ့ကတော့ အစိုးရကျောင်းကို မပြောင်းမီ ဘုန်းကြီးကျောင်းမှာနေခဲ့တုန်းက အင်္ဂလိပ်စာတတ်တဲ့ ကိုရင်ကြီးတစ်ပါးဆီမှာ စသင်ခဲ့တာ။ အဲဒီတုန်းက လွတ်လပ်ရေးမရမီအထိ အစိုးရကျောင်းတွေမှာ အင်္ဂလိပ်စာအတွက် ပြဋ္ဌာန်းခဲ့တဲ့ 'New Method Reader' ဆိုတဲ့ ဖတ်စာအုပ်တွေကို အစဉ်အလိုက်သင်ခဲ့ရတာပေါ့။ Reader 1A, 1B, Reader Two, Three စသဖြင့် အစဉ်အလိုက်ရှိတယ်။ ရုပ်ပုံတွေကို ကြည့်ရတာတော့ အိန္ဒိယကျောင်းတွေမှာ သုံးတဲ့ စာအုပ်ဖြစ်ပုံရတယ်။ အစိုးရကျောင်းကို မပြောင်းမီမှာ 'Reader Three' က တချို့ 'Lesson' တွေကို သင်ခဲ့ပြီးပြီဖြစ်လို့ အဲဒါက တက္ကသိုလ်ဝင်တန်းအောင်ဖို့အထိ အခြေခံရခဲ့တယ်လို့ အသေအချာပြောနိုင်တာပေါ့"

ဒါပေမဲ့ လွတ်လပ်ရေးပြီးစ အင်္ဂလိပ်စာ စသင်ရတဲ့ ဆဋ္ဌမတန်းမှာတော့ အဲဒီဖတ်စာအုပ်တွေကို မသင်ရတော့ဘဲ 'Dagon Reader' ဆိုတဲ့ စာအုပ်ကို သင်ရတယ်။ မြန်မာပညာရှင်ကြီးတစ်ဦးရေးတဲ့ ဖတ်စာအုပ်ပါ"

"ဒီလိုဆိုတော့ ဆရာတို့ခေတ်မှာ တက္ကသိုလ်မရောက်မီ အင်္ဂလိပ်စာသင်ကြားရတဲ့ နှစ်က လေးနှစ်၊ ကျွန်တော်တို့ ခေတ်ကျတော့ အင်္ဂလိပ်စာကို ပဥ္စမတန်းမှာ စသင်ရတာဆိုတော့ တက္ကသိုလ်မရောက်မီ အင်္ဂလိပ်စာသင်ကြားရတဲ့ နှစ်က ငါးနှစ်ပေါ့ ဆရာ၊ ကျွန်တော်သိချင်တာက ဆရာတို့ခေတ်မှာ တက္ကသိုလ်မရောက်မီ အင်္ဂလိပ်စာကို လေးနှစ်သင်ရုံနဲ့ တက္ကသိုလ် အဆင့်အင်္ဂလိပ်စာကို ဆက်သင်ဖို့၊ တက္ကသိုလ်မှာ အင်္ဂလိပ်ဘာသာနဲ့ ပို့ချသင်ကြားတဲ့ တခြားဘာသာရပ်တွေကို ဆက်လက်သင်ကြားဖို့ လုံလောက်တဲ့ အင်္ဂလိပ်စာအခြေခံ ရှိပြီလို့ ပြောနိုင်ပါသလား ဆရာ"

"ဒီမေးခွန်းက အင်္ဂလိပ်စာသင်ကြားရေးနဲ့ ပတ်သက်လို့ ထည့်သွင်းစဉ်းစားရမယ့် အချက်ဖြစ်လို့ အလွန်ကောင်းတဲ့ မေးခွန်းပဲကွ၊ ဒါပေမဲ့ ဒီမေးခွန်းကို 'Yes or No' ဆိုပြီး အပြတ်ဖြေရင် မမှန်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ တက္ကသိုလ်ကို ဝင်ရောက်လာသူတွေရဲ့ အင်္ဂလိပ်အခြေခံတွေက မတူကြလို့ပဲ။ မင်းရဲ့မေးခွန်းမှာ အကျုံးမဝင်တဲ့ မစ်ရှင်ကျောင်းလို့ ခေါ်ခဲ့ကြတဲ့ သာသနာပြုကျောင်းတွေကနေ တက္ကသိုလ်ဝင်တန်းအောင်လာသူတွေလည်း အတော်များများရှိခဲ့တယ်။ သူတို့ကတော့ သူငယ်တန်းမှာ သုံးနှစ်နေခဲ့ပြီးတက္ကသိုလ်ဝင်တန်းအထိ အင်္ဂလိပ်စာကို ၁၂ နှစ် သင်ခဲ့ရတော့ အင်္ဂလိပ်ဘာသာစကားကို နားလည်တာရော၊ ပြောတာရော၊ ရေးတာရော တက္ကသိုလ်မှာ အင်္ဂလိပ်စာဆက်သင်ဖို့ အင်္ဂလိပ်ဘာသာနဲ့ သင်ကြားတဲ့ တခြားဘာသာတွေ ဆက်သင်ဖို့ အင်္ဂလိပ်စာအခြေခံလုံလောက်တယ်လို့ ပြောနိုင်တယ်။ အစိုးရအထက်တန်းကျောင်းတွေကနေ တက္ကသိုလ်ဝင်တန်းအောင်လာသူတွေထဲမှာတော့ အဲဒီလိုအင်္ဂလိပ်စာအခြေခံကောင်းတဲ့ လူက အနည်းစုပဲဖြစ်မယ်။ ဒါတောင်မှ သူတို့က သူတို့ကျောင်းတွေမှာ လက်ရွေးစင်တွေ၊ လူတော်တွေလို့ ပြောရမှာပေါ့။ ဘာကြောင့်လဲဆိုတော့ အဲဒီခေတ်တုန်းက တက္ကသိုလ်ဝင်တန်းအောင်ချက်ရာခိုင်နှုန်းက ၁၀ နဲ့ ၁၆ ကြားလောက်ပဲရှိမယ် ထင်တယ်။ ငါတို့အောင်တဲ့နှစ်က ငါတို့ကျောင်းက တောရွာကျောင်းလည်းဖြစ်တော့ ၇၆ ယောက်ဖြေခဲ့ရာမှာ ခြောက်ယောက်ပဲ အောင်တယ်။ အများအားဖြင့်တော့ အင်္ဂလိပ်စာမှာ ကျကြတာပဲ၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြောမယ်ဆိုရင်လည်း အင်္ဂလိပ်စာမှာ အကျများတယ်ဆိုတာကတော့ သေချာတယ်။ ဒီတော့ပညာရေးလေလွင့်မှုက ဘယ်လောက်များလည်းဆိုတာ အလွယ်လေးနဲ့ သိနိုင်တယ်။ တစ်ဆက်တည်းမှာပဲ တက္ကသိုလ်မှာ ပညာသင်ကြားပုံအကြောင်းကိုလည်း ထည့်ပြောမှ ပြည့်စုံမယ်ထင်တယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ငါတို့ ခေတ်တုန်းက မင်းတို့ခေတ်မှာလို တစ်ဘာသာကို အထူးပြုသင်ယူတဲ့ 'Major' စနစ်မဟုတ်သေးဘူး၊ သုံးဘာသာစီပါတဲ့ ဘာသာတွဲကို ကိုယ်ကြိုက်တာယူရတဲ့ 'Combination' စနစ်ဖြစ်ပြီး အဲဒီဘာသာတွဲအပြင် မြန်မာစာကို ပထမနှစ်နှစ်မှာ မယူမနေရယူရပြီး အင်္ဂလိပ်စာကိုတော့ စာသင်နှစ်လေးနှစ်စလုံး မယူမနေရယူရတယ်။ အဲဒီတုန်းက အင်္ဂလိပ်စာအတွက် ပြဋ္ဌာန်းတဲ့ တချို့အင်္ဂလိပ်စာအုပ်တွေက 'Classics' (ဂန္ထဝင်စာပေဝင်) စာအုပ်တွေဆိုတော့ ဒို့လိုအစိုးရအထက်တန်းကျောင်းက အောင်လာတဲ့ လူအများစုအဖို့ အဆင့်ကွာလွန်းနေတယ်။ ဥပမာအားဖြင့် ဒို့တက္ကသိုလ်ကိုရောက်တဲ့ ၁၉၅၄ ခုနှစ်မှာ ပထမနှစ်ဥပစာတန်းအတွက် ပြဋ္ဌာန်းတဲ့ အင်္ဂလိပ်စာအုပ်နှစ်အုပ်က "Sherlock Holmes" နဲ့ "Men Who Changed the World" ဆိုတဲ့ စာအုပ်တွေ၊ ပထမစာအုပ်က အများသိကြတဲ့ ကမ္ဘာကျော်ဂန္ထဝင်စုံထောက် ဝတ္ထုပေါင်းချုပ်၊ ဝတ္ထုအားလုံးသင်ရတာတော့ မဟုတ်ဘူး။ ရွေးချယ်ပြဋ္ဌာန်းထားတဲ့ ဝတ္ထုတချို့ကိုပဲ သင်ရတာ၊ အဲဒီဝတ္ထုတွေကို ဖတ်လိုက်ရင် အဲဒီတုန်း

စာမျက်နှာ - ၁၉ သို့

စာမျက်နှာ ၁၈ မှ

ကတော့ မသိတဲ့ စကားလုံးတွေက အများကြီးပဲ။ ဒါပေမဲ့ နည်းပြဆရာတွေ အလွယ်နည်း နဲ့ ပြန်ရေးထားတဲ့ မှတ်စုကို ဖတ်တာနဲ့ စာမေးပွဲအောင်နိုင်တယ်၊ ဒုတိယစာအုပ်ကတော့ အင်္ဂလိပ်စာသိပ် မခက်လှဘူး။ မသိတဲ့ စကားလုံးတချို့ကို အဘိဓာန်မှာ ရှာကြည့်ပြီးဖတ်ရင် နားလည်တယ်။ တယ်လီဖုန်း၊ လျှပ်စစ်မီးသီးစတဲ့ ပစ္စည်းတွေကို တီထွင်သူတွေအကြောင်းပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဆရာ"

"နောက်ပြီး အဲဒီတုန်းက အင်္ဂလိပ်စာသင်တဲ့ဆရာတွေကဗြိတိသျှကောင်စီရဲ့ အစီအစဉ်နဲ့ ပို့ပေးတာလို့ သိရတဲ့ အင်္ဂလိပ်လူမျိုးဆရာကြီးတွေကွ၊ အဲဒီတုန်းက မန္တလေးတက္ကသိုလ်မှာ Mr. Harrison ဆိုတဲ့ ဆရာကြီးနဲ့နောက်တော့ Mr. Owen ဆိုတဲ့ ဆရာကြီးတွေက သင်ပေးတာ။ 'Tutorial Class' ဆိုတဲ့ နည်းပြသင်တန်းမှာလည်း ငါတို့အတန်းခွဲကို တာဝန်ကျတာက မြန်မာပြည်ပေါက်အင်္ဂလိပ်အမျိုးသမီး Miss Ruston ဆိုတဲ့ ဆရာမ။ ဥပစာတန်းမှာတုန်းက အဲဒီဆရာတွေ သင်တာကို သိပ်နားမလည်ဘူး။ ဝိဇ္ဇာတန်းရောက်တော့ အတော်ကလေးနားလည်လာတာပေါ့။ ကထိကဖြစ်တဲ့ အိန္ဒိယနွယ်ဖွားမစ္စတာ ဂွန်မူနီဆိုတဲ့ ဆရာကြီးက Oxford တက္ကသိုလ်က M.A(Eng) ဘွဲ့ရခဲ့သူဖြစ်ပြီး အင်္ဂလိပ်စကားကို အိန္ဒိယအသံမဝဲဘဲ ပြောပြီးသင်တယ်။ အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်မှာတော့ Mr.D.Y.Morgan ဆိုတာရှိတယ်လို့ သိရတယ်။ ဒို့ရန်ကုန်တက္ကသိုလ်ကို ပြောင်းတဲ့ နှစ်မှာတော့ သူမရှိတော့ဘူး။ သူရေးသားထုတ်ဝေခဲ့တဲ့ 'Living English Structure' ဆိုတဲ့ စာအုပ်ကလေးက အင်္ဂလိပ်စာသင်ကြားရေးမှာ သိပ်ကောင်းတာ၊ နောင်မှာ ဆရာအဖြစ်နဲ့ တပည့်တွေနဲ့ သားသမီးတွေကို အင်္ဂလိပ်စာသင်ပေးတော့လည်း အဲဒီစာအုပ်ကလေးက တော်တော်အထောက်အကူပြုတယ်။ အခုထိ ငါ့ဆီမှာ ရှိသေးတယ်။ လိုရင်းကိုပြောရမယ်ဆိုရင်တော့ ဒို့ခေတ်က တက္ကသိုလ်ဝင်တန်းအထိ သင်ခဲ့ရတဲ့ အင်္ဂလိပ်စာအဆင့်အတန်းက အဲဒီခေတ်က တက္ကသိုလ်မှာသင်တဲ့ အင်္ဂလိပ်စာအဆင့်အတန်းအတွက် လုံလောက်တဲ့ အခြေခံမရှိဘူးလို့ဆိုရမှာပေါ့။ အဲဒီလိုဖြစ်ရတဲ့ အကြောင်းရင်းတွေကိုတော့ နောက်ဆုံးမှာ အင်္ဂလိပ်စာသင်ကြားရေးနှင့် ပတ်သက်ပြီး သုံးသပ်တဲ့အခါမှာ ဆက်ပြောကြတာပေါ့။

"တက္ကသိုလ်မှာ အင်္ဂလိပ်လိုသင်တဲ့ တခြားဘာသာတွေအတွက်လည်း ပြောပါဦး ဆရာ"

"သင်္ချာ၊ ဓာတု၊ ရူပဆိုတဲ့ ဘာသာရပ်တွေမှာတော့ ဘာသာရပ်ကို နားလည်ဖို့ကသာ အခက်အခဲရှိနိုင်ပြီး အင်္ဂလိပ်စာက သိပ်အခက်ကြီးမဟုတ်တဲ့အတွက် အစိုးရအထက်တန်းကျောင်းက တက္ကသိုလ်ဝင်တန်းအောင်ခဲ့တဲ့သူတွေလည်း လိုက်နိုင်ပါတယ်။ အင်္ဂလိပ်လိုသင်တဲ့ ကျန်ဘာသာရပ်တွေမှာတော့ အင်္ဂလိပ်ဘာသာနဲ့ ပတ်သက်ပြီး အခုပြောခဲ့သလိုပဲ အခက်အခဲတော့ ရှိတာပေါ့။ ဒီမှာတင် တစ်ထောက်နားပြီး နောက်တစ်ပတ်ဆက်ကြသေးတာပေါ့"။

(ယခင်အပတ်ထုတ်ဂျာနယ်၊ စာမျက်နှာ ၁၆ ၌ ပါရှိခဲ့သော ဆောင်းပါး၏ ပဉ္စမကော်လံတွင် "**ခပ်ပေါ့ပေါ့**ရေးထားတဲ့ သဘောကတော့" အစား "**ခပ်ဖော့ဖော့** ရေးထားတဲ့ သဘောကတော့" ဟု၍ ပြင်ဆင်ဖတ်ရှုပေးရန်။ '**ဖော့**' ဟူရေးရမည့်အစား '**ဖေါ့**' ဟု စာရေးသူက ရေးမိခြင်းကြောင့် စာစီရာ၌ မှားယွင်းသွားဟန်တူပါသည်။) ■

အာဆီယံလူထုဖိုရမ် ကြေညာချက်ကို အာဆီယံအစိုးရများထံ ပေးပို့နိုင်ရန်စီစဉ်

အောင်ကျော်မင်း
aungkyawmin.mcm@gmail.com

၂၀၁၅ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် မလေးရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၅ အာဆီယံလူထုဖိုရမ်၏ ကြေညာချက်ကို ကြိုတင် ထုတ်ပြန်ကာ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှတစ်ဆင့် ဒေသတွင်းအစိုးရများထံ ကြိုတင်ပေးပို့နိုင်ရန် စီစဉ်ထားကြောင်း ဖိုရမ်ဖြစ်မြောက်ရေးအတွက် ဒေသတွင်းကျင်းပရေး ပွဲကိုင်ကော်မတီဝင်များက ယခုလ ၆ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

နှစ်စဉ်ကျင်းပသည့် အာဆီယံလူထုဖိုရမ်၏ ထုတ်ပြန်ချက်များကို ဖိုရမ်ကျင်းပပြီးစီးမှသာ ထုတ်ပြန်နိုင်ခဲ့ခြင်းကြောင့် အာဆီယံထိပ်သီးညီလာခံတွင် ထည့်သွင်းဆွေးနွေးနိုင်ခဲ့ခြင်း မရှိခဲ့သည့်အတွက် ကြိုတင်ပေးပို့သွားရန် စီစဉ်ရခြင်းဖြစ်ကြောင်း ဒေသတွင်းကျင်းပရေး ပွဲကိုင်ကော်မတီဝင် Equality Myanmar မှ ဦးအောင်မျိုးမင်းက ပြောသည်။

"အာဆီယံလူထုဖိုရမ်ကနေ နှစ်စဉ်ဖိုရမ်ပွဲအပြီးမှာ ထုတ်ပြန်ချက်တွေကို ထုတ်ပြီး ဒေသတွင်းအစိုးရတွေထံပို့တယ်။ ဒါပေမဲ့ ထုတ်ပြန်ချက်တွေကို ထိပ်သီးခေါင်းဆောင်တွေဆုံပွဲတွေမှာ ထည့်သွင်းဆွေးနွေးနိုင်ခြင်းမရှိဘူး။ ဘာကြောင့်လဲဆိုတော့ တွေ့ဆုံဆွေးနွေးရမယ့် ခေါင်းစဉ်တွေ အစီအစဉ်တွေကို သူတို့အနေနဲ့ ကြိုတင်ရေးဆွဲပြီးနေလို့ပဲ ဖြစ်တယ်။

"ဒါကြောင့် ဒေသတွင်းပြည်သူတွေရဲ့ တောင်းဆိုချက် ထုတ်ပြန်ချက်တွေကို ကြိုတင်ထည့်သွင်း ဆွေးနွေးနိုင်စေဖို့ ပထမဆုံးအကြိမ် ပြုလုပ်ရခြင်းဖြစ်တယ်" ဟု ၎င်းက ပြောသည်။

ကြိုတင်ကြေညာချက်သည် ဖိုရမ်ကျင်းပအပြီးထုတ်ပြန်သည့် ကြေညာချက်များနှင့် များစွာကွာဟသွားမည် မဟုတ်ဘဲ နှစ်စဉ်ထုတ်ပြန်လျက်ရှိသည့် တောင်းဆိုချက်များကို အခြေခံထုတ်ပြန်မည်ဖြစ်သည်။

ထို့ပြင် နောက်ဆက်တွဲ ပေါ်ပေါက်လာလျက်ရှိသည့် ဘာသာရေး၊ လူမျိုးရေးနှင့် စီးပွားရေး ပြဿနာရပ်များကို ထည့်သွင်းတောင်းဆိုသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအာဆီယံဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အလုပ်အဖွဲ့ရုံးမှ အတွင်းရေးမှူး ဆလိုင်းအိုက်ဇက်ခင်က ပြောသည်။

ပထမဆုံးအကြိမ် ထုတ်ပြန်ပေးပို့မည့် ၂၀၁၅ အာဆီယံလူထုဖိုရမ်၏ ကြိုတင်ကြေညာချက်အတွက် ကြိုတင်ပြင်ဆင်မှုများ စတင်ဆောင်ရွက်လျက်ရှိရာ ဒေသတွင်း အကြိုညှိနှိုင်းအစည်းအဝေးများ နှစ်ကြိမ် ကျင်းပခဲ့ပြီးဖြစ်ရာ နောက်ဆုံး အပြီးသတ် တတိယအကြိမ်ဒေသတွင်း အကြိုညှိနှိုင်းအစည်းအဝေးကို ယခုလ ၂၃ ရက်နှင့် ၂၄ ရက်နေ့များတွင် မလေးရှားနိုင်ငံ ကွာလာလာမ်ပူမြို့၌ ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးသို့ အာဆီယံဆိုင်ရာအရပ်ဘက်လူမှုအဖွဲ့အစည်းများ အလုပ်အဖွဲ့မှ ကိုယ်စားလှယ်ပေါင်းစုံ တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။

အာဆီယံလူထုဖိုရမ် ၂၀၁၅ သို့ မြန်မာနိုင်ငံမှ အရပ်ဘက်ဆိုင်ရာ လူထုကိုယ်စားလှယ် ၃၀ ဝန်းကျင်ခန့် တက်ရောက်နိုင်ရန် ရည်မှန်းထားပြီး ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပပြီးစီးခဲ့သည့် မြန်မာလူထုဖိုရမ် ၂၀၁၄ မှ ထုတ်ပြန်ကြေညာချက်များကို ထည့်သွင်း ဆွေးနွေးတောင်းဆိုသွားမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် အာဆီယံအရပ်ဘက်လူမှုအဖွဲ့အစည်းများညီလာခံ/အာဆီယံပြည်သူ့ဖိုရမ် (ASEAN Civil Society Conference/ ASEAN People's Forum-2015) ကို 'လူထုအတွက် အာဆီယံအသိုင်းအဝိုင်းဖြစ်ရေးသို့' ဟူသော ဆောင်ပုဒ်ဖြင့် လက်ရှိအာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် မလေးရှားနိုင်ငံတွင် ဧပြီလ ၂၂ ရက်မှ ၂၅ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်သည်။ ■

မှန်မှန် ဆေးစစ်ခြင်းဖြင့် အသက်ပိုရှည်ကြပါစေ

နှင်းအေးဝေ

နှစ်စဉ်ကျင်းပတဲ့ အာစရိယပူဇော်ပွဲမှာ ဆရာကြီးတစ်ဦးက ကန်တော့ခံဆရာကြီး၊ ဆရာမကြီးတွေနဲ့ တပည့်တွေကို တစ်နှစ်တစ်ခါ ကျန်းမာရေးဆေးစစ်ကြဖို့ သတိပေးပါတယ်။ ကန်တော့တဲ့ တပည့်တွေဟာ အသက် ၅၀ ကျော်၊ ၆၀ ကျော်ရှိနေကြပြီ၊ သူတို့ထဲမှာ နှစ်ယောက်၊ သုံးယောက်ဟာ မကြာခင်က ကွယ်လွန်သွားကြပြီဖြစ်လို့ ဆရာကြီးက ဆေးစစ်ဖို့ မှာကြားခြင်းဖြစ်တယ်။

အသက် ၇၆ နှစ်ရှိပြီဖြစ်တဲ့ ကျွန်မဟာ ယေဘုယျအားဖြင့် ကျန်းကျန်းမာမာရှိနေလို့၊ ဆေးစစ်ပြီးမှ ရောဂါရှိနေတယ်ဆိုတာ သိရမှာ ကြောက်နေမိတယ်။ တကယ်တော့ ဒါဟာ မဖြစ်သင့်ဘူးဆိုတာ သိပါတယ်။

တစ်နေ့ ဗိုလ်ချုပ်ဈေးရှေ့ လမ်းဘေး စာအုပ်အဟောင်းဆိုင်က Reader's Digest စာအုပ် အဟောင်းသုံးအုပ် ဝယ်လာပြီး ဖတ်လိုက်ပါတယ်။ ကျန်းမာရေးဆေးစစ်ခြင်းဟာ လူ့အသက်ကို မသေသင့်ဘဲ၊ မသေအောင် ကယ်နိုင်တယ်ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို ဖတ်မိတော့၊ ဆရာကြီးပြောခဲ့တာကို သတိရပါတယ်။ အဲဒီဆောင်းပါးမှာ ဆေးစစ်ပြီး ရောဂါသိရလို့ အချိန်မီကုသနိုင်၊ အသက်ပိုရှည်လာတဲ့ ဖြစ်ရပ်တွေကို ဖော်ပြလိုက်ပါတယ်။

> နှစ်စဉ်ဆေးစစ်တိုင်း၊ ဆိုးဝါးတဲ့ ရောဂါ အခြေအနေကို အမြဲ တွေ့တယ်လို့ မမှတ်ပါနဲ့။ မတွေ့ရရင် စိတ်ချမ်းသာ ရသလို၊ တွေ့ရင်လည်း ....

ကျန်းမာပုံပေါက်တဲ့ ငယ်ငယ်ရွယ်ရွယ် အိမ်ရှင်မတစ်ယောက်ဟာ ဆေးစစ်တဲ့အခါမှာ သူ့ရဲ့ သွေးထဲမှာ ကယ်လ်စီယမ်တွေများများ ရှိနေတာကို တွေ့ရတယ်။ ပါရာသိုင်းရွိုက်ဂလင်းထဲမှာ အသားပိုတစ်ခုရှိနေတာကို ညွှန်ပြနေတယ်။ ခွဲစိတ်ဆရာဝန်က ခွဲထုတ်လိုက်တာနဲ့ လူနာကောင်းသွားပါတယ်။

ရောဂါလက္ခဏာမပြမီ၊ ဒီအမျိုးသမီး ဆေး စစ်ဖို့မလာခဲ့ရင် ဘာဖြစ်သွားမလဲ၊ ဒီလို အသားပိုမျိုးဟာ ပါရာသိုင်းရွိုက် ဟိုမုန်းကို တရားလွန်ထုတ်ပေးတယ်။ ဒီလွန်ကဲမှုက သွေးကြောထဲကို ကယ်လ်စီယမ် လွှတ်ပေးဖို့ အရိုးကို နှိုးဆွပေးတယ်။ အရိုးတွေပိန်ချည့်ချည့်နဲ့ ကျိုးသွားနိုင်ပြီး၊ လူကိုမသန်မစွမ်းဖြစ်သွားစေတယ်။ ကယ်လ်စီယမ်မရှိသင့်တဲ့နေရာဆီ သွားတယ်။ ကျောက်ကပ်မှာ ကျောက်တည်ပြီး သေစေနိုင်တယ်။ ဒီလိုဖြစ်စဉ်မျိုးဟာ ဒီအမျိုးသမီးတစ်ယောက်တည်း ဖြစ်တာ မဟုတ်ပါ။ ပုံမှန်ဆေးစစ်ခြင်းက လူတော်တော်များများကို ကယ်တင်ခဲ့ဖူးကြောင်း ဆရာဝန်များက ပြောတယ်။ ဒါကြောင့် ဆေးစစ်ခြင်းဟာ လူကိုအသက်ပိုရှည်စေတယ်။

ဆေးစစ်ဖို့လာတဲ့ လူတစ်ယောက်ရဲ့ ဝှေးစေ့ကို ဆရာဝန်က ကိုင်ကြည့်ရာ၊ တစ်ခုက လေးနေတာကို ဆရာဝန်က စမ်းသပ်တွေ့ရှိတယ်။ နာကျင်ခြင်းမရှိ နေရတာလည်း မသက်မသာမဖြစ်ပေမယ့်၊ ဆီးလမ်းကြောင်း အထူးကုဆရာဝန်ကို ပြကြည့်ရာ ဆရာဝန်က သေသေချာချာစစ်ဆေးပြီးနောက်၊ ခွဲစိတ်ပြီး ထိုအကျိတ်ကို ဖယ်ထုတ်လိုက်တဲ့အခါ၊ ဝှေးစေ့ဟာ ပုံမှန်ဖြစ်သွားတယ်။ ဒီအကျိတ်ကို မဖယ်ထုတ်ရင် အကျိတ်ရဲ့ အန္တရာယ်ပေးနိုင်မှုက ခန္ဓာကိုယ်ထဲ ပြန့်သွားပြီး လူကို သေစေနိုင်ပါတယ်။

တချို့ရောဂါတွေရဲ့ သဲလွန်စတွေဟာ ပုန်းအောင်နေပြီး၊ ထိုးထွင်းသိမြင်နိုင်တဲ့ ကိရိယာတွေနဲ့ နည်းပညာက တချို့ကို စေ့စေ့စပ်စပ် ရှာဖွေနိုင်တယ်။

တစ်ချိန်က နှလုံးဖောက်ပြန်မှုဖြစ်ဖူးလို့ မှန်မှန်ဆေးစစ်နေတဲ့ လူတစ်ယောက်ဟာ တစ်နေ့ ဆေးစစ်ခံယူဖို့ မိသားစု ဆရာဝန်ဆီလာခဲ့တယ်။ လူနာက ထူးခြားတဲ့ ခံစားမှုမရှိသလို၊ စစ်ဆေးတဲ့အခါမှာ ပုံမှန်ဖြစ်နေတာကို တွေ့ရတယ်။ ဒါပေမဲ့ အီးစီးဂျီယူကြည့်တဲ့အခါမှာ နှလုံးခုန်မှတ်တမ်းကားချပ်မှာ တွေ့ရှိချက်အရ နှလုံးရဲ့ ဝဲဘက်အရှေ့ခြမ်းမှာ သွေးလုံးဝမစီးတာကို ညွှန်ပြနေတယ်။ နာရီအနည်းငယ်အတွင်း ဒီအခြေအနေ ဆက်ရှိနေမယ်ဆိုရင်၊ နှလုံးကြွက်သားတွေ ပျက်စီးသွားနိုင်တယ်။ ဆရာဝန်က သူ့နှလုံးထဲက ပိတ်ဆို့နေတဲ့ သွေးလွှတ်ကြောနှစ်ချောင်းကို သူ့ရဲ့ ခြေထောက်က ဖြတ်လိုက်တဲ့ သွေးကြောနဲ့ လွှဲပြောင်းပေးလိုက်တယ်။ အဲဒါနဲ့ သူဟာ နေကောင်းသွားပြီး ပြန်အလုပ်လုပ်နိုင်ခဲ့တယ်။

နှစ်စဉ်ဆေးစစ်တိုင်း၊ ဆိုးဝါးတဲ့ ရောဂါ အခြေအနေကို အမြဲတွေ့တယ်လို့ မမှတ်ပါနဲ့။ မတွေ့ရရင် စိတ်ချမ်းသာရသလို၊ တွေ့ရင်လည်း အချိန်မီကုနိုင်လို့ စိတ်အေးရပါတယ်။

ဆေးစစ်ခြင်းဟာ လိုအပ်ပါသလား

အောက်ပါ မေးခွန်းနှစ်ခုအနက် တစ်ခုခုနဲ့ အကျုံးဝင်နေရင် အသက် ၃၅ နှစ်ကျော်လာတာနဲ့ နှစ်စဉ်ဆေးစစ်ဖို့ လိုပါတယ်။

၁။ သင်ဟာ အသက်တိုတဲ့ အဘိုးအဘွား၊ မိဘတွေမှ ဆင်းသက်လာသလား။ ဖြစ်ခဲ့ရင် အိုမင်းရင့်ရော်ခြင်းကို စောစောဖြစ်စေတဲ့ ယိုယွင်းလာတဲ့ ပြောင်းလဲခြင်းတွေ သင့်ထံသို့ ပုံမှန်ရောက်လာလိမ့်မယ်။ အချိန်မီ စစ်ဆေးကာ ရောဂါကို တိုက်ဖျက်ပြီး၊ မိဘ၊ ဘိုးဘွားများထက် အသက်ပိုရှည်ရှည်နေနိုင်ပါလိမ့်မယ်။

၂။ သင်ဟာ ဆေးလိပ်သောက်တတ်သလား။ သောက်ရင်၊ အသက်ရှူကျပ်တဲ့ အဆုတ်ရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ နှလုံးရောဂါနဲ့ အဆုတ်ကင်ဆာဖြစ်နိုင်တယ်။ ဒီရောဂါတွေရဲ့ လက္ခဏာတွေဟာ အစောပိုင်းအဆင့်တွေမှာ ဖြစ်တတ်တယ်။ ၎င်းတို့ကို ရှာဖွေနိုင်ပြီး ကုသနိုင်လို့ မကြာခဏ ပျောက်ကင်းကြတယ်။

ဆေးလိပ်သောက်သူတွေနဲ့ အသက်တိုတဲ့ မျိုးရိုးက မျိုးဆက်တွေမှအပ၊ နေကောင်းတယ်လို့ ခံစားရပြီး၊ နေကောင်းပုံရတဲ့ သန်းပေါင်းများစွာသော လူတွေဟာ ကိုယ်မသိဘဲနဲ့ အကူအညီလိုနေတာကို တွေ့ရတယ်။ သူတို့မှာ ဆီးချိုရောဂါ၊ သွေးတိုးရောဂါနဲ့ တချို့ ကျောက်ကပ်ရောဂါတွေက လက္ခဏာ မပြဘဲ တိတ်တဆိတ် ရောဂါအစောပိုင်းအဆင့်မှာ ရှိနေတတ်တယ်။

ပုံမှန်ကျန်းမာရေး ဆေးစစ်မှုရဲ့ ခန့်မှန်းခြေ ၁၀ မှ ၁၅ ရာခိုင်နှုန်းမှာ ဆိုးဝါးတဲ့ ရောဂါ အခြေအနေကို တွေ့ရတယ်။ အတော်များများက ကျန်းမာရေးပြဿနာတွေကို ညွှန်ပြပေမယ့်၊ ၎င်းတို့ဟာ အလွယ်တကူ ကုသနိုင်တယ်။ ဆရာဝန်က လိုအပ်တဲ့ ကုသမှု၊ နေ့စဉ်စားတဲ့ အစာနဲ့ပတ်သက်ပြီး ညွှန်ကြားမှုတွေကို ပေးနိုင်တယ်။

ဒါကြောင့် နှစ်စဉ်ဆေးစစ်ဆေးမှု မှန်မှန်လုပ်ပြီး အသက်ပိုရှည်ရှည်နေနိုင်ကြပါစေ။

သက်ကြီးရွယ်အိုများကို လူမှုရေး ပင်စင်ပေးနိုင်ရန် ဆောင်ရွက်နေ

ထူးသန့်

thanhtoo.npt@gmail.com

သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ခံစားခွင့်များကို ၂၀၁၅-၁၆ ဘဏ္ဍာနှစ်မှ စတင်ကာ ထောက်ပံ့ပေးသွားရန် အစိုးရက စီစဉ်လျက်ရှိသည်။

အဆိုပါ အစီအစဉ်ကို အကောင်အထည်ဖော်ရန်အတွက် 'မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်'ကို ပြီးခဲ့သည့် ဒီဇင်ဘာလ ၃၀ ရက်နေ့က နေပြည်တော်တွင် တရားဝင်မိတ်ဆက်ခဲ့ပြီး စီမံချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက မြန်မာတိုင်း(မ်)ကို ပြောကြားသည်။

သက်ကြီးရွယ်အိုများအတွက် ဝင်ငွေလုံခြုံမှုရှိစေရန်၊ လိုအပ်ချက်များကို ဖြည့်စည်းနိုင်စွမ်းရှိစေရန်နှင့် ကျန်းမာရေးဝန်ဆောင်မှုများ ရယူနိုင်စေရန် စီမံချက်ကို ဦးတည်ထားပြီး တစ်နိုင်ငံလုံးရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအနေဖြင့် လစဉ်ကျပ် ၂၅,၀၀၀ ရရှိမည်ဟု စီမံချက်တွင် ဖော်ပြထားသည်။

သို့သော်လည်း အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၏ အရေအတွက်ကို လတ်တလောတွင် အတိအကျမသိရှိသေးခြင်း၊ ထောက်ပံ့ရမည့် ဘဏ္ဍာငွေပမာဏကြီးမားခြင်းတို့ကြောင့် အသက် ၁၀၀ နှစ်နှင့်အထက်ဟူ၍ ပြောင်းလဲပြင်ဆင် သတ်မှတ်ရဖွယ်ရှိကြောင်း ဒေါက်တာစန်းစန်းအေးက ပြောကြားသည်။

"၆၅ နှစ်နဲ့အထက်ဆိုရင် လူမှုရေးပင်စင်ပေးမယ်ဆိုပြီး ဆွဲထားတယ်။ ဒါပေမဲ့ ဘတ်ဂျက်အနေအထားက အရမ်းကြီးတော့ လတ်တလောအနေနဲ့ မဖြစ်နိုင်သေးဘူး ထင်တယ်။ ဒါကြောင့် ၆၅ နှစ်နဲ့အထက်က ဘတ်ဂျက် မမီလို့ ၁၀၀(အသက်)၊ ၁၀၀ နဲ့ အထက်ကို လစဉ်လူမှုရေးပင်စင်ပေးမယ်။ စီမံချက်ထဲမှာတော့ တစ်လကို နှစ်သောင်းခွဲနဲ့ ဆွဲထားတယ်။ ဒါပေမဲ့ တော်တော်လေးကံကောင်းတဲ့ သက်ကြီးဝါကြီးတွေဖြစ်တဲ့အတွက် နှစ်သောင်းခွဲထက်သာလွန်တဲ့ သုံးသောင်းဖြစ်မလား ငါးသောင်းဖြစ်မလားဆိုတာ မပြောနိုင်သေးဘူး။ ဒါပေမဲ့ နှစ်သောင်းခွဲထက်တော့ ပိုမှာပဲ" ဟု ၎င်းက ပြောကြားသည်။

ထိုသို့ ထောက်ပံ့ရန်အတွက် ပြည်ထောင်စုအစိုးရ စီမံကိန်းကော်မရှင်က ခွင့်ပြုထားပြီး ဘဏ္ဍာရေးကော်မရှင်သို့ ဆက်လက်တင်ပြထားကြောင်း သိရသည်။

ယခုအစီအစဉ်သည် ၂၀၃၉ ခုနှစ်တွင် သက်ကြီးရွယ်အို ၃ ဒသမ ၅ သန်းထံ ရောက်ရှိပြီး အပြည့်အဝ အကောင်အထည်ဖော်သည့်အချိန်တွင် ဂျီဒီပီ၏ ၁ ဒသမ ၃၀ ရာခိုင်နှုန်း ကုန်ကျမည်ဖြစ်ကြောင်း စီမံချက်တွင် ဖော်ပြထားသည်။ လက်ရှိ ၂၀၁၅ ခုနှစ်အတွက် လူမှုရေးပင်စင်အဖြစ် ကျပ် ၁,၁၄၅ ဘီလျံ၊ ဂျီဒီပီ၏ ၁ ဒသမ ၅၉ ရာခိုင်နှုန်း သုံးစွဲမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ရန်ကုန်မြို့ရှိ ပင်စင်ဦးစီးဌာနရှေ့တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားပင်စင်စား နှစ်ဦးကို တွေ့ရစဉ်။ ဓာတ်ပုံ - မြန်မာတိုင်း(မ်)

အဆိုပါ ပင်စင်စနစ်တွင် အစိုးရဌာနများက အငြိမ်းစားယူထားသော နိုင်ငံ့ဝန်ထမ်းပင်စင်စားများလည်း အကျုံးဝင်မည်ဖြစ်သည်။ ဝန်ထမ်းပင်စင်စားများအနေဖြင့် ဝန်ထမ်းပင်စင်အပြင် လူမှုရေးပင်စင်ကိုပါ ရယူခံစားခွင့်ရှိမည်ဖြစ်ပြီး နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ခဲ့ခြင်းကြောင့် ရသင့်သည်ဟု ထင်မြင်ကြောင်း ဒေါက်တာစန်းစန်းအေးက ပြောသည်။

> နှစ်သောင်းခွဲထက် သာလွန်တဲ့ သုံးသောင်း ဖြစ်မလား ငါးသောင်း ဖြစ်မလားဆိုတာ မပြော နိုင်သေးဘူး။ ဒါပေမဲ့ နှစ်သောင်းခွဲထက်တော့ ....

ဆင်းရဲနွမ်းပါးသော သက်ကြီးရွယ်အိုများကို ကျန်းမာရေးဝန်ဆောင်မှုများရယူနိုင်ရန်နှင့်လိုအပ်သည့် အရာများဖြည့်ဆည်းနိုင်ပြီး မိသားစုတွင် ဝန်ထုပ်ဝန်ပိုများလျှော့ချနိုင်ရေးအတွက် လူမှုရေးပင်စင်ကို ရွေးချယ်ထောက်ပံ့ရန် ကနဦးရည်ရွယ်ခဲ့သော်လည်း ရွေးချယ်ရမည့် လုပ်ငန်းပိုင်းဆိုင်ရာ ထပ်မံကုန်ကျမှုများ၊ အခြားသော အခက်အခဲများ ကြုံတွေ့လာနိုင်ခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပမာဏသည် ဆင်းရဲသော မိသားစုအတွက် အမှန်တကယ်ပင် အကျိုးရှိနိုင်ကြောင်းလည်း အသက် ၇၀ ကျော်ရှိသော မိခင်ကို စောင့်ရှောက်နေသည့် နေပြည်တော်၊ လယ်ဝေးမြို့နယ် အေးချမ်းသာအုပ်စုမှ ဒေါ်မိုးမိုးက ပြောသည်။

"နှစ်သောင်းခွဲဆိုတာလည်း မနည်းပါဘူး။ လက်လုပ်လက်စားတွေအတွက် နေ့စားလိုက်ရင်တောင် တစ်ရက် ကျပ် ၃,၀၀၀ လောက်ရတာ"ဟု ၎င်းကပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ ၄ ရက်နေ့၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစဉ်ခံစားခွင့်များမှ ၂၅ ရာခိုင်နှုန်းကို ထုတ်နှုတ်စုစောင်းကာ တစ်နိုင်ငံလုံးရှိ အသက် ၁၀၀ နှစ်နှင့်အထက် အဘိုး ၁၆၉ ဦးနှင့် အဘွား ၄၀၀ ဦး စုစုပေါင်း ၅၆၉ ဦးထိ ထောက်ပံ့ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အသက် ၆၀ နှစ်အထက် သက်ကြီးရွယ်အိုဦးရေသည် စုစုပေါင်းလူဦးရေ၏ ကိုးရာခိုင်နှုန်းရှိနေပြီး ၂၀၂၀ တွင် ၁၅ ရာခိုင်နှုန်း အထိ ရောက်ရှိနိုင်ကြောင်း ၂၀၁၄ ခုနှစ် နိုင်ငံတကာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် ထုတ်ပြန်ခဲ့သည်။

"အဲဒါက ကုလသမဂ္ဂက ၅၄ သန်းနဲ့ တွက်ပြီးထုတ်ထားတာပါ။ အခု သန်းခေါင်စာရင်းအရ ၅၁ သန်းကျော်ပဲ ရှိတယ်။ နောက်ပြီး သန်းခေါင်စာရင်း ဧပြီလ ထွက်လာရင် ၆၅ နှစ်အထက် ဘယ်လောက်ရှိတယ်ဆိုတာ သိလာမယ်။ ကျွန်တော်တို့ကတော့ ထောက်ပံ့မှုတွေ ဘယ်လိုရောက်အောင်လုပ်မလဲဆိုတာ ဆက်လက် နည်းလမ်းရှာတိုင်ပင်နေပြီး သန်းခေါင်စာရင်းထွက်လာရင် အဆင်သင့်ဖြစ်နေအောင် ပြင်ဆင်နေတယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်းထင်က ပြောသည်။ ■

INDUSTRY, ARCHITECTURE,
ENGINES, DESIGN ICONS

SEVENFRIDAY AND ITS PRODUCTS ARE
STRONGLY INSPIRED BY THOSE ELEMENTS.

SEVENFRIDAY
FRESH FROM THE PRESS

+95 93361 1110
www.myanmar@sevenfriday.com
www.facebook.com/sevenfridaymyanmar

SEVENFRIDAY Co. Ltd. ZURICH
FRESH FROM THE PRESS

Tech

တယ်လီနောနှင့် အူရီဒူးတို့ ဆက်လက်တိုးချဲ့နေ

အောင်ကျော်ညွန့်
aungkyawnyunt28@gmail.com

တယ်လီနောမြန်မာနှင့် အူရီဒူးမြန်မာတို့က ၎င်းတို့၏ ကွန်ရက်များကို အပြိုင်တိုးချဲ့လျက်ရှိရာ အူရီဒူးက မွန်ပြည်နယ်တွင် ကွန်ရက်လွှမ်းခြုံနိုင်ပြီဟု ထုတ်ပြန်ခဲ့သလို တယ်လီနောကလည်း မကွေးတိုင်းဒေသကြီးတွင် စတင်အသုံးပြုနိုင်ပြီဟုဆိုသည်။

အူရီဒူးက ယခုလ ၇ ရက်နေ့မှ စတင်ကာ မွန်ပြည်နယ်သို့ ကွန်ရက်ဖြန့်ကြက်မှုများ စတင်နေပြီဖြစ်သည်။ လက်ရှိ၌ မွန်ပြည်နယ် ၁၀ မြို့နယ်အနက် ပေါင်၊ မုဒုံ၊ ဘီးလင်း၊ မော်လမြိုင်၊ ကျိုက်ထိုနှင့် သထုံမြို့နယ်များတွင် ကွန်ရက်ဖြန့်ကြက်ပြီးဖြစ်ကာ ကျိုက်ထီးရိုးဘုရားတစ်ဝိုက်တွင်လည်း ကွန်ရက်ဖြန့်ကြက်နိုင်မှုကို ယခုနှစ်ဦးပိုင်းတွင် ရရှိရန် စီစဉ်လျက်ရှိသည်။

"မွန်ပြည်နယ်၏ သုံးစွဲသူမိဘပြည်သူများကို အူရီဒူးရဲ့ ကြည်လင်ပြတ်သားတဲ့အသံနဲ့ မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှုတွေနဲ့ အလုပ်အကြွေးပြုသွားပါမယ်" ဟု အူရီဒူးမြန်မာ၏ မွန်ပြည်နယ်အရောင်းတာဝန်ခံချုပ် ဦးကျော်စွာညွန့်ကပြောသည်။

အူရီဒူးက ယခုလဆန်းပိုင်းအထိ ကွန်ရက်ဖြန့်ကြက်မှုပြီးစီးသည့် ဒေသများမှာ ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အပြင် မွန်၊ ရှမ်းနှင့် ကရင်ပြည်နယ်တို့ ဖြစ်သည်။

"အခုလိုင်းလအတွင်းမှာ မြန်မြန်ဆန်ဆန် ဖြန့်ကြက်နိုင်တာဟာ ဒေသခံမိဘပြည်သူများ၊ အစိုးရအဖွဲ့အစည်းများနဲ့ သက်ဆိုင်ရာဆောက်လုပ်ရေးကုမ္ပဏီများနဲ့ အူရီဒူးမြန်မာ အားလုံးရဲ့ ပူးပေါင်းလုပ်ဆောင်မှု ရလဒ်ပဲဖြစ်ပါတယ်။ ဒီနှုန်းနဲ့ဆိုရင်တော့ သတ်မှတ်ထားတဲ့အတိုင်းငါးနှစ်အတွင်းမှာ မြန်မာပြည် လူဦးရေရဲ့ ၉၇ ရာခိုင်နှုန်းကို ကျွန်မတို့ရဲ့ အဆင့်မြင့်ဆက်သွယ်ရေး ကွန်ရက်ကပေးတဲ့ အကျိုးထူးဝန်ဆောင်မှုတွေ ပေးနိုင်တော့မှာဖြစ်ပါတယ်" ဟု အူရီဒူးမြန်မာ၏ လူမှုဆက်ဆံရေးနှင့် ပြန်ကြားရေးအကြီးတန်း မန်နေဂျာ ဒေါ်သီရိကြာညိုက ပြောသည်။

ထို့ပြင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တွင် ကွန်ရက်ကြွခိုင်မှုရှိအောင် ကြိုးစားလုပ်ဆောင်နေသည်ဟုဆိုသည်။

တယ်လီနောမြန်မာကလည်း မကွေးတိုင်းဒေသကြီး၏ မြို့နယ်ခုနစ်တွင် တာဝါတိုင် ၆၀ နှင့် အရောင်းဆိုင်ပေါင်း ၁,၁၀၀ နှင့်အတူ ၎င်းတို့၏ ကွန်ရက်ကို ယခုလ ၁၂ ရက်နေ့မှ စတင်ကာ အသုံးပြုနိုင်ပြီဟုဆိုသည်။ တယ်လီနောဖုန်းများကိုအသုံးပြုနိုင်သည့် မကွေးတိုင်းဒေသကြီးရှိမြို့နယ်များမှာ မကွေး၊ အောင်လံ၊ မင်းဘူး၊ ပခုက္ကူ၊ တောင်တွင်းကြီး၊ ရေနံချောင်းနှင့် ရေစကြိုမြို့နယ်များ ဖြစ်သည်။

ထို့အတူ ယခုလ ၁၃ ရက်နေ့မှစတင်ပြီး ပဲခူးတိုင်းဒေသကြီး (အရှေ့ဘက်) ရှိမြို့နယ်ခုနစ်ခု၌ တာဝါတိုင် ၁၀၈ တိုင်းနှင့် အရောင်းဆိုင် ၈၀၀ ဖြင့် စတင်ခဲ့သည်ဟု သိရသည်။

တယ်လီနော ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၄၄ မြို့နယ်၌ တာဝါတိုင် ၅၀၀ နှင့် အရောင်းဆိုင် တစ်သောင်းဖြင့် ဝန်ဆောင်မှုပေးနေပြီး မန္တလေးတိုင်းဒေသကြီးရှိမြို့နယ်ခုနစ်မြို့နယ်၌ တာဝါတိုင် ၁၀၀ ကျော်နှင့် အရောင်းဆိုင် ၂,၈၀၀ ရှိကြောင်း ထုတ်ပြန်ခဲ့သည်။ နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ရှစ်ခု၌ တာဝါတိုင် ၁၀၀ ကျော်နှင့် အရောင်းဆိုင် ၁,၁၀၀ ရှိသည်။ ■

ရန်ကုန်မြို့လယ်ရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်တစ်ဆိုင်တွင် တယ်လီနောနှင့် အူရီဒူး အရောင်းမြှင့်တင်ရေး ဆိုင်းဘုတ်များ တပ်ဆင်ထားသည်ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက တွေ့ရစဉ်။ ဓာတ်ပုံ - နိုင်ဝင်းထွန်း

မိုဘိုင်းပိုက်ဆံ ဝန်ဆောင်မှုကို အူရီဒူးမြန်မာက သမဝါယမဘဏ်နှင့် ချိတ်ဆက်ကာ ဆောင်ရွက်မည်

အောင်ကျော်ညွန့်
aungkyawnyunt28@gmail.com

မိုဘိုင်းပိုက်ဆံဝန်ဆောင်မှုဖြစ်သည့် Mobile Money ဝန်ဆောင်မှုကို ယခုနှစ်အတွင်း သမဝါယမဘဏ်နှင့် ချိတ်ဆက်ကာ ဆောင်ရွက်သွားရန်အတွက် ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုမိန့်ကို စောင့်ဆိုင်းနေကြောင်း အူရီဒူးမြန်မာမှ လူမှုဆက်ဆံရေးနှင့် ပြန်ကြားရေးအကြီးတန်း မန်နေဂျာ ဒေါ်သီရိကြာညိုက မြန်မာတိုင်း(မ်)ကို ပြောသည်။

"မိုဘိုင်းပိုက်ဆံဝန်ဆောင်မှုပေးဖို့အတွက် အားလုံးအဆင်သင့်ဖြစ်နေပါပြီ။ ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် မြန်မာနိုင်ငံဗဟိုဘဏ်ရဲ့ ခွင့်ပြုချက်ကို စောင့်ဆိုင်းနေတာပါ"ဟု ၎င်းက ပြောသည်။

အူရီဒူးမြန်မာသုံးစွဲသူများသည် Mobile Money ဝန်ဆောင်မှုကို အသုံးပြုကာ မိုဘိုင်းဖုန်းဖြင့် ငွေလွှဲခြင်း၊ ငွေပို့ခြင်းနှင့် ငွေပေးချေမှုများအတွက် အသုံးပြုနိုင်မည်ဖြစ်ပြီး ယင်းဝန် ဆောင်မှုသည် မိုဘိုင်းဖုန်းကို ပိုက်ဆံအိတ်သဖွယ်အသုံးပြုနိုင်မည့်ဝန်ဆောင်မှု ဖြစ်သည်။

၎င်းမိုဘိုင်းပိုက်ဆံဝန်ဆောင်မှုသည် နိုင်ငံတစ်နိုင်ငံတွင် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုဖြစ်ကြောင်း ဒေါ်သီရိကြာညိုက ပြောသည်။

"အထူးသဖြင့်တော့ မြန်မာနိုင်ငံလိုမျိုး တိုးတက်ပြောင်းလဲကာစ တိုင်းပြည်မှာ မိုဘိုင်းပိုက်ဆံ ဝန်ဆောင်မှုက ပိုပြီးတော့ လိုအပ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း လူတော်တော်များများဆီမှာ ဘဏ်ငွေစာရင်းတွေ ရှိမနေပါဘူး။ ဒီဝန်ဆောင်မှုရဲ့ ထူးခြားမှုက ဘဏ်ငွေစာရင်းရှိဖို့ မလိုအပ်တဲ့အတွက် အားလုံးတွင်တွင်ကျယ်ကျယ် အသုံးပြုကြမယ်လို့တော့ ယုံကြည်ပါတယ်။ မြန်မြန်စတင်ပြီး ဒီဝန်ဆောင်မှုကို ဒီနှစ်ထဲပြည်သူလူထုကို မိတ်ဆက်နိုင်ဖို့လည်း အထူးကြိုးပမ်းနေပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါဝန်ဆောင်မှုကို ဆောင်ရွက်ရန်အတွက် အရောင်းကိုယ်စားလှယ်ကို ခန့်ထားခြင်းများကို စတင်လုပ်ဆောင်သွားမည်ဖြစ်ပြီး ကိုယ်စားလှယ်များက သုံးစွဲလိုသူများ၏ ပိုက်ဆံကို မိုဘိုင်းဖုန်းထဲသို့ အီလက်ထရွန်းနစ်ပိုက်ဆံအဖြစ် ပြောင်းလဲပေးမည်ဖြစ်ပြီး ငွေလက်ခံသူနေထိုင်ရာအရပ်နှင့် အနီးဆုံး ကိုယ်စားလှယ်ထံတွင် ငွေသားအဖြစ် သွားရောက်ထုတ်ယူနိုင်မည်ဖြစ်သည်။ သုံးစွဲရာတွင် စာတိုပို့သည့် မြန်ဆန်မှုနှုန်းဖြင့် အချိန်မရွေး နေရာမရွေး ငွေပို့ငွေလွှဲ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ■

ဂူးဂဲလ်ပလေးစတိုးမှ အန်းဒရွိုက်အက်ပလီကေးရှင်းများကို ပြည်တွင်းတွင် ငွေဖြည့်ကာ တိုက်ရိုက်ဝယ်နိုင်ပြီ

အောင်သူရ
aungthura.smith@gmail.com

Apple's iTune Gift Card ကဲ့သို့ပင် အန်းဒရွိုက်ဖုန်း အသုံးပြုသူများအနေဖြင့် ယခုအခါတွင် (Google Play) တွင် အခကြေးငွေဖြင့် ရောင်းချထားသော အက်ပလီကေးရှင်းများကို အကောင့်အတွင်း Google Play Gift Card များဖြင့် ငွေဖြည့်ကာ ဝယ်ယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကတ်များကို လွန်ခဲ့သော နှစ်နှစ်ခန့်ကတည်းက ပြည်တွင်းဈေးကွက်တွင်း ရောက်ရှိခဲ့သော်လည်း နည်းပညာအားနည်းချက်များ၊ မြန်မာနိုင်ငံအတွက် တားမြစ်ထားခြင်းများ၊ အင်တာနက်အသုံးပြုမှု ကျယ်ပြန့်မှုမရှိခြင်းစသော အကြောင်းများကြောင့် ကျယ်ပြန့်စွာ အသုံးပြု၍မရခဲ့ခြင်းများရှိခဲ့သည်။ ယခုအခါတွင် နည်းပညာအကူအညီဖြင့် အသုံးပြုနိုင်ပြီဖြစ်ကြောင်း iHouse Online Store ကို တည်ထောင်သူလည်းဖြစ်ကာ Developer တစ်ဦးလည်းဖြစ်သော ကိုဇင်ကိုဦးက ပြောသည်။

"ကျွန်တော်တို့ iHouse မှာတော့ အသုံးပြုပုံအဆင့်ဆင့်ကို User Manual နဲ့ တွဲပြီးရောင်းချပါတယ်။ အသုံးပြုပုံက ပထမဦးဆုံးအနေနဲ့ User Manual ကတစ်ဆင့် သူများနိုင်ငံတစ်နိုင်ငံအနေဖြင့် Proxy ကို ကျော်လိုက်ပါတယ်။ အဲဒီအဆင့်ကို အသုံးပြုသူက မလုပ်တတ်ဘူးဆိုရင် ကျွန်တော်တို့ အရောင်းဆိုင်က တာဝန်ယူပြီးလုပ်ပေးပါတယ်။ နောက်တစ်ဆင့်က အကောင့်ထဲမှာ ငွေဖြည့်သွင်းချင်တယ်ဆိုရင် Gift Card ထဲမှာ ကုတ်နံပါတ်ရှိပါတယ်။ နောက်ပြီး အသုံးပြုသူရဲ့ ဖုန်းထဲက Google Play Application ကို ဖွင့်လိုက်ပြီး Setting ထဲကို ဝင်လိုက်တာနဲ့ Redeem ဆိုပြီး တွေ့ပါလိမ့်မယ်။ အဲဒီနေရာမှာ ခုန ကုတ်ကို ပြန်ရိုက်ထည့်လိုက်ရုံပဲ၊ ငွေစစ်ချင်ရင် Redeem ရဲ့ အပေါ်က My Account ဆိုတာလေးကို နှိပ်ပြီး ဝင်ကြည့်ရုံပါပဲ"ဟု ကိုဇင်ကိုဦးက ပြောသည်။

ကတ်အတိုင်းမှာယူခြင်းမဟုတ်ပဲ ပြည်ပရောက် ကိုယ်စားလှယ်များထံက ကုတ်နံပါတ်ကိုသာ ဝယ်ယူကာ တစ်ဆင့်ပြန်လည်ရောင်းချခြင်းမျိုးဖြစ်ပြီး အမေရိကန် ဒေါ်လာဈေးပေါ်မူတည်ပြီး လတ်တလော၌ ၁၀ ဒေါ်လာတန်ကတ်ကို ကျပ် ၁၂,၀၀၀၊ ၁၅ ဒေါ်လာကတ်အတွက် ကျပ် ၁၇,၅၀၀၊ ၂၅ ဒေါ်လာကတ်အတွက် ကျပ် ၂၈,၅၀၀ စသည်ဖြင့် ရန်ကုန်မြို့ရှိ ကွန်ပျူတာအရောင်းဆိုင်များတွင်လည်း ဝယ်ယူနိုင်သည်။

"စတုန်းကတော့ အန်းဒရွိုက်အတွက်က မရဘူးဗျ။ အက်ပဲလ်သုံးတဲ့သူတွေကျတော့ ဘယ်နေရာပဲရောက် ရောက် iTune Gift Card က အသုံးပြုလို့ရတယ်လေ။ ဒါပေမဲ့ ခုတော့ရသွားပြီ။ ကျွန်တော်တို့က ခုလိုနည်းပညာနဲ့ ကျော်ခွပြီး ကုတ်နံပါတ်ကို ဖြည့်လိုက်တာ။ လွယ်လွယ်ပြောရရင် မြန်မာနိုင်ငံကနေမဟုတ်ဘဲ အမေရိကန်ကနေ ကုတ်နံပါတ်ဖြည့်လိုက်တဲ့ သဘောပေါ့။ အဲဒီလိုလုပ်ပြီးသုံးတာပါ။ အခုလို အန်းဒရွိုက်သမားတွေလည်း ရလာတော့ အက်ပလီကေးရှင်း တွေ၊ ဂိမ်းတွေ Clash of Clans ကစားသူတွေကလည်း Gems တွေကို အွန်လိုင်းကနေ ဝယ်ပြီးဆော့လို့ရမယ်။ နောက်ပြီး Google play မှာရှိတဲ့ နာမည်ကြီး အက်ပ်တွေကို ဝယ်ယူလို့ရမယ်။ အားလုံး အဆင်ပြေသွားတာပေါ့"ဟု ပဲခူးမြို့နေ တိုးကွန်ပျူတာ အရောင်းဆိုင်မှ ကိုတိုးတိုးက ပြောသည်။

ဂူးဂဲလ် ပလေးစတိုး (Google Play Store) သည် အန်းဒရွိုက်ဖုန်းများအတွက် အက်ပလီကေးရှင်းများကို ရရှိနိုင်သည့်နေရာဖြစ်ကာ အက်ပလီကေးရှင်းများသည် အခမဲ့နှင့် အခပေး အမျိုးမျိုးရှိပြီး ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအထိ အက်ပလီကေးရှင်းအရေအတွက် ၁.၃ သန်းခန့်အထိရှိလာကြောင်း ဝီကီပီးဒီးယားတွင် ဖော်ပြထားသည်။ ■

စမတ်ဖုန်းတွေကို ဘာသာပြန်ပေးသူအဖြစ် ဂူးဂဲလ်က ပြောင်းလဲ

ဂူးဂဲလ်ဟာ စမတ်ဖုန်းတွေကို အရေးအပြောနှစ်မျိုးစလုံးအတွက် အချိန်နှင့်တစ်ပြေးညီဘာသာပြန်ပေးသူတွေအဖြစ် ဇန်နဝါရီလ ၁၄ ရက်နေ့ကစပြီး ပြောင်းလဲပေးလိုက်ပါပြီ။

ခရီးသွားရာမှာ လူတွေ အစစအရာရာအဆင်ပြေစေဖို့အတွက်အပြင် မိခင်ဘာသာစကားမဟုတ်တဲ့ တခြားဘာသာစကားအမျိုးမျိုးကို ပြောဆိုကြသူတွေနဲ့ ဆက်ဆံကြရတဲ့ ကျောင်းဆရာတွေ၊ ဆေးပညာဆိုင်ရာဝန်ထမ်းတွေ၊ရဲတွေနဲ့ တခြားသူတွေအတွက် Google Translate (ဂူးဂဲလ်ဘာသာပြန်) ဟာ အသုံးဝင်တဲ့ အရာတစ်ခု ဖြစ်လာလိမ့်မယ်လို့ ကယ်လီဖိုးနီးယားအခြေစိုက် အင်တာနက်ကုမ္ပဏီကြီး ဂူးဂဲလ်က မျှော်လင့်ထားပါတယ်။

အန်းဒရွိုက် ဒါမှမဟုတ် အက်ပဲလ်စမတ်ဖုန်းတွေကို ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ပေါ်တူဂီ၊ ရုရှား ဒါမှမဟုတ် စပိန်ဘာသာနဲ့ ရေးထားတဲ့ လမ်းညွှန် ဆိုင်းဘုတ်တွေ၊ မီနူးတွေ၊ ဟင်းချက်နည်းတွေ ဒါမှမဟုတ် တခြားသတင်းအချက်အလက်တွေကို အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုနိုင်စေမယ့်အရာအဖြစ် လူတွေ တစ်စိတ်တစ်ဒေသအားဖြင့် အသုံးပြုလာကြစေမယ့် ဂူးဂဲလ်ဘာသာပြန်အခမဲ့ဆော့ဖ်ဝဲ ဗားရှင်းအသစ်ကို ဂူးဂဲလ်က စတင်မိတ်ဆက်ပေးလိုက်ပါပြီ။

"ကင်မရာကို အသုံးပြုပြီး တခြားဘာသာစကားနဲ့ရေးထားတဲ့ စာသားတွေကို အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုနိုင်ဖို့အတွက် ချက်ချင်းဘာသာပြန်ပေးနိုင်အောင် သုံးစွဲသူတွေအတွက် ကျွန်တော်တို့ စီစဉ်ပေးထားတာပါ။ ဒါကြောင့် အီတလီကျေးလက်ဒေသက လမ်းညွှန်ဆိုင်းဘုတ်တွေကို ကြည့်ပြီး အလွယ်တကူ ခရီးသွားနိုင်ကြမှာဖြစ်သလို စပိန်နိုင်ငံဘာစီလိုနာက မီနူးမှာ ဘယ်စားစရာကိုမှာရင် ကိုယ့်အတွက် အဆင်ပြေမလဲဆိုတာကိုလည်း အလွယ်တကူ ဆုံးဖြတ်ချက်ချနိုင်မှာပါ"လို့ ဂူးဂဲလ်ဘာသာပြန်အဖွဲ့က ဘလော့ပို့စ်တစ်ခုမှာ ရေးထားပါတယ်။

ဂူးဂဲလ်ဘာသာပြန်စနစ်ဖြင့် စမတ်ဖုန်းအသုံးပြုကာ ဘာသာပြန်ဆိုမှုအား သရုပ်ပြသနေစဉ်။ ဓာတ်ပုံ အေအက်ဖ်ပီ

ဗီဒီယိုဂိမ်းတီထွင်သူတစ်ဦးဖြစ်ခဲ့ဖူးတဲ့ Otavio Good က စတင်တည်ထောင်ခဲ့တဲ့ Quest Visual ကို ဝယ်ယူခဲ့စဉ် ပြီးခဲ့တဲ့နှစ်မှာ ဂူးဂဲလ်က ရရှိခဲ့တဲ့ Word Lens နည်းပညာနဲ့ ဒီဆော့ဖ်ဝဲကို ဖန်တီးထားတာပါ။

မြင်ကွင်းတွေကို စကန်ဖတ်၊ စာသားတွေကို ရွေးထုတ်ခွဲခြားပြီး အင်္ဂလိပ်ဘာသာနဲ့ ပြန်ရေးသားဖော်ပြဖို့အတွက် စမတ်ဖုန်းကင်မရာတွေမှာရှိတဲ့ ဗီဒီယိုစနစ်ကို Word Lens မှာ အသုံးပြုထားတာပါလို့ Good ရဲ့ ရှင်းလင်းချက်မှာ ဖော်ပြထားပါတယ်။

"စားသောက်ဆိုင်တစ်ဆိုင်ဆိုင်က မီနူးကိုကြည့်လိုက်တဲ့အခါ ဘာတွေပါသလဲဆိုတာ သိရရင် အစားအစာတွေကို ကိုယ့်စိတ်ကြိုက်မှာစားနိုင်တာပေါ့"လို့ အီတလီခေါက်ဆွဲပါစတာချက်ပြုတ်နည်းတစ်ခုကို စကန်ဖတ်ပြီး ဘာသာပြန်ဖို့ သူ့အိုင်ဖုန်းကို အသုံးပြုခဲ့တဲ့ Good က ပြောပါတယ်။

ဂူးဂဲလ်ဘာသာပြန်မှာရှိတဲ့ Word Lens ကို အသုံးပြုရာမှာ ဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီတွေကို ဒေတာစီးဆင်းခပေးစရာမလိုအောင် အင်တာနက်ချိတ်ဆက်မှုနဲ့ သီးခြားလုပ်ထားပါတယ်လို့လည်း သူက ရှင်းပြပါတယ်။

ဂူးဂဲလ်ဘာသာပြန်ဆော့ဖ်ဝဲအသစ်မှာ ဘာသာစကားမတူတဲ့သူနှစ်ဦး စကားပြောဆိုရာမှာ နှစ်ဖက်စလုံးကို ဘာသာပြန်ပေးနိုင်အောင် အသံကို သိရှိနိုင်တဲ့ စနစ်နဲ့ အင်တာနက်ကလောက်ဒ်အစွမ်းကို အသုံးပြုထားတဲ့ စကားပြောစနစ် (conversation mode) လည်း ပါဝင်ပါတယ်လို့ ရှင်းလင်းချက်မှာ ဖော်ပြထားပါတယ်။

ဒီစနစ်အတွက် ဘာသာစကား ၃၈ မျိုးက နှစ်မျိုးကို အပြန်အလှန်ဘာသာပြန်ဆိုဖို့ ရွေးချယ်နိုင်ပြီး နှစ်ဖက်အပြန်အလှန်ပြောဆိုနေတဲ့အသံတွေကို စမတ်ဖုန်းက နားထောင်ကာ အပြန်အလှန် ဘာသာပြန်ပေးပါတယ်။ ပြောစကားတွေကို အလိုအလျောက်ဘာသာပြန်ပေးနေတဲ့အချိန်မှာ အရေးနဲ့ ဘာသာပြန်ချက်တွေကိုလည်း စမတ်ဖုန်း စကရင်မှာ ဖော်ပြပေးနေပြီး အဲဒီ စာသားတွေကိုလည်း Save လုပ်ပြီး သိမ်းထားနိုင်ပါတယ်။

အပြန်အလှန်ပြောစကားတွေကို ဘာသာပြန်ပေးဖို့အတွက်ကွန်ပျူတာလုပ်ငန်းလည်ပတ်မှုဟာ ဂူးဂဲလ်ဆာဗာကနေလာတာဖြစ်တဲ့အတွက် ဝိုင်ဖိုင် ဒါမှမဟုတ် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတွေကနေတစ်ဆင့် အင်တာနက်နဲ့ ချိတ်ဆက်အသုံးပြုဖို့ လိုပါတယ်။

ဂူးဂဲလ်က ဂူးဂဲလ်ဘာသာပြန်ဆော့ဖ်ဝဲတည်ဆောက်ရေးအဖွဲ့ဟာ နောက်ထပ်တခြားဘာသာစကားတွေအတွက် ဘာသာပြန်ဆိုပေးနိုင်ဖို့နဲ့ စွမ်းဆောင်နိုင်မှုတွေ ပိုရှိလာအောင် ကြိုးပမ်းဆောင်ရွက်နေကြပါတယ်လို့ Good က ပြောပါတယ်။ ■ **(အေအက်ဖ်ပီ)**

သီရိမင်းထွန်း ဘာသာပြန်သည်။

Business

ဘာသာပြန်လုပ်ငန်း ကောင်းမွန်တဲ့ စီးပွားရေးတစ်ခုဖြစ်လာ

မြတ်နိုးဦးနှင့် ဂျယ်ရမီ မာလင်
myatnoe.mcm@gmail.com
jeremymullins7@gmail.com

မြန်မာနိုင်ငံရဲ့စီးပွားရေး ပွင့်လင်းလာမှုက နိုင်ငံခြားသား ဝင်ရောက်လာမှုကို များပြားလာစေပြီး ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာတဲ့အတွက် သူတို့ရဲ့ လိုအပ်ချက်တွေကြောင့်လည်း ဒေသခံတွေအတွက် စီးပွားရေးဈေးကွက်တစ်ခုဖြစ်လာစေပါတယ်။

ရန်ကုန်မြို့မှာ ဖွင့်လှစ်ထားတဲ့ စားသောက်ဆိုင်တွေ၊ ကုမ္ပဏီတွေ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဆေးဝါးလုပ်ငန်းနဲ့ တခြားစီးပွားရေးကဏ္ဍအသီးသီးမှာ ဝင်ရောက်လုပ်ကိုင်လာကြတဲ့ နိုင်ငံခြားသားတွေ တဖြည်းဖြည်းနဲ့ ပိုများလာတာကိုတွေ့ရတယ်။ ဒီလိုနိုင်ငံခြားသားတွေ ဝင်ရောက်မှုများလာတာနဲ့အတူ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရာမှာ သူတို့အတွက်အထောက်အပံ့ဖြစ်နိုင်မယ့် ဘာသာပြန်လုပ်ငန်းကလည်း သီးသန့်ဖွင့်လှစ်ထားတာ အနည်းငယ်သာရှိတဲ့အတွက် အချိန်ပိုင်း ဘာသာပြန်လုပ်ငန်းတွေ ပိုပြီးတွင်ကျယ်လာတာကို တွေ့ရတယ်။

အချိန်ပိုင်း ဘာသာပြန်လုပ်ငန်းလုပ်ကိုင်နေတဲ့ မဘိုရိုဇီက သဘာဝဓာတ်ငွေ့နဲ့ လောင်စာဆီလုပ်ငန်း လုပ်ကိုင်နေသူတွေအတွက် စာချုပ်တွေကို ဘာသာပြန်ပေးခြင်းနဲ့ လိုအပ်တဲ့အခါမှာ စကားပြန်လုပ်ပေးခြင်းကို လုပ်ကိုင်နေသူဖြစ်ပါတယ်။

"ဒီအလုပ်လုပ်တာ သုံးနှစ်ရှိနေပြီ။ အလုပ်လုပ်ရတာကို ပျော်တယ်။ လွတ်လွတ်လပ်လပ်လည်းရှိတယ်။ ခရီးလည်းထွက်ရတော့ ပိုပျော်ဖို့ကောင်းတယ်။ မရောက်ဖူးတဲ့နေရာတွေကို သွားရတော့ပျော်တယ်"လို့ မဘိုရိုဇီက ပြောတယ်။

"ဘာသာပြန်တဲ့ အလုပ်တစ်ခုတည်းနဲ့တင် ရပ်တည်လို့ရတယ်။ ဘာသာပြန်ရတာ ကျွန်မဘဝရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်နေတယ်။ စိတ်ဝင်စားဖို့ကောင်းတဲ့ အလုပ်တစ်ခုပဲ။ ဘာသာပြန်လုပ်တဲ့အခါမှာ အတွေ့အကြုံအသစ်တွေရတယ်။ သင်ယူစရာတွေလည်း အများကြီးရတယ်" လို့ သူကပြောပါတယ်။

စကားပြန်လုပ်ရတဲ့အခါမှာတော့ ဘာသာပြန်ရတာနဲ့မတူဘဲ ချက်ချင်းဘာသာပြန်ပြီး ပြောရတဲ့အတွက် အကြောင်းအရာကို မသိရင်တော့ အခက်အခဲဆုံးအချိန်တွေဖြစ်တတ်ပါတယ်လို့လည်း သူကပြောပါတယ်။

မဘိုရိုဇီကတော့ အင်္ဂလိပ်ကျောင်းမှာ တက်တဲ့အတွက် ကျောင်းမှာ အင်္ဂလိပ်လိုပြောပြီးတော့ အိမ်မှာပဲမြန်မာစကားကိုပြောရတဲ့အတွက် တစ်ခါတစ်ရံမှာ မြန်မာလို ပြန်ပြောတဲ့အခါမှာ ဆီလျော်မှုမရှိတာတွေကလည်း သူ့အတွက်အခက်အခဲတစ်ခုဖြစ်စေပါတယ်။

"စကားပြန် လုပ်ပေးရတဲ့အခါမှာ အကြောင်းအရာကို ကိုယ်ကသိနေရင်တော့ ပြန်ပြောပေးရတာ အရမ်းကိုလွယ်ကူပါတယ်။ ဒါပေမဲ့ အကြောင်းအရာကို မသိရင်တော့ အရမ်းကို ခက်ခဲပါတယ်။ အဲဒါကြောင့် ပြောနေတဲ့ အကြောင်းအရာပေါ်မှာ အာရုံစိုက်ဖို့လိုတယ်။ အမြဲတမ်း နိုးကြားနေဖို့လိုတယ်" လို့ မဘိုရိုဇီက သူ့ရဲ့အတွေ့အကြုံကို ပြောပြပါတယ်။

ဘာသာပြန်ပေးရတဲ့အခါမှာ ရေးသားထားတဲ့ စာရွက်တွေကိုပဲပြန်ရတာမဟုတ်ဘဲ အသံသွင်းထားတဲ့အခွေတွေကိုပါ ဘာသာပြန်ပေးရတဲ့အခါမှာ နားလည်ဖို့အတွက် အချိန်ပေးရတယ်။ သုံးလေးကြိမ်လောက် နားထောင်ပြီးမှ ရေးရတာမျိုးတွေရှိပေမယ့်လည်း ငွေပေးချေမှုကတော့ နာရီနဲ့ပဲတွက်ပြီးပေးတယ်။

"ဘာသာပြန်လုပ်ငန်းတွေက စိန်ခေါ်မှုတွေ များပေမယ့်လည်း ရိုဇီဘာသာပြန်လုပ်ငန်း ဝန်ဆောင်မှုဆိုပြီးတော့ ဖွင့်ဖို့ကတော့ ကျွန်မရဲ့အိပ်မက်ပါပဲ။ အခုလက်ရှိမှာ အချိန်ပိုင်းလုပ်ငန်းပဲ လုပ်နေရတဲ့အတွက် အလုပ်အပ်နေကျသူတွေနဲ့ ဆက်ဆံရေးက ပျက်သွားတာတွေလည်းရှိတယ်" သူက ပြောပါတယ်။

"ကျွန်မက အပေါင်းအသင်းများတော့ သူငယ်ချင်းတွေနဲ့ တခြားလူတွေကို ကျွန်မရဲ့ အလုပ်အကြောင်းကို ပြောပြတယ်။ ကျွန်မပြောတာကိုသဘောကျပြီးတော့ ကျွန်မကို အလုပ်အပ်ကြတယ်" လို့ မဘိုရိုဇီက ပြောပါတယ်။

ဘာသာပြန်လုပ်ငန်းကို အခုမှအသစ်စတင်ဝင်ရောက် လုပ်ကိုင်လာတဲ့သူတွေအတွက်တော့ ဝင်ငွေရရှိမှုက အရမ်းကိုနည်းပါတယ်။ တချို့လူငယ်တွေဆိုရင် အတွေ့အကြုံရဖို့အတွက် အခမဲ့ဘာသာပြန်ပေးရတာတွေတောင် ရှိတယ်လို့ အသက် ၂၃ နှစ်အရွယ် မဝေက ပြောတယ်။

"မြန်မာနိုင်ငံမှာက ဘာသာစကားသင်ယူမှုက ခေတ်ရေစီးကြောင်းတစ်ခုဖြစ်လာတယ်။ အင်္ဂလိပ်ဘာသာစကားကို ပိုပြီးသင်ယူလာတာကို တွေ့ရတယ်။ အရင်တုန်းကဆိုရင် လူငယ်တွေက ဘာသာစကားသင်ဖို့ သိပ်စိတ်မဝင်စားကြဘူး။ အခုတော့ တော်တော်များများ စိတ်ဝင်စားလာကြတယ်"လို့ မဝေက ပြောပါတယ်။

လူငယ်တွေက စာသားတွေကိုပဲ ဘာသာပြန်တာမဟုတ်ဘဲ ရုပ်ရှင်ဇာတ်ကားတွေကိုပါ ဘာသာပြန်တဲ့အလုပ်ကို လုပ်ကိုင်လာကြတာကိုတွေ့ရပြီး အတွေ့အကြုံရှိမှုကလည်း ရရှိတဲ့ဝင်ငွေကိုကွာဟစေတယ်လို့ အသက် ၂၃ နှစ်အရွယ် ကိုရဲမင်းက ပြောတယ်။

"ဘာသာပြန်တဲ့အခါ အတွေ့အကြုံရှိတဲ့လူတွေက ပိုက်ဆံပိုရတယ်။ နာမည်ကြီးတဲ့ အဖွဲ့အစည်း၊ ကုမ္ပဏီတွေမှာ လုပ်ဖူးတဲ့ အတွေ့အကြုံရှိမှ ဝင်ငွေက ပိုကောင်းတာ" လို့ ကိုရဲမင်းက ပြောပါတယ်။

အလုပ်ရှင်တွေကလည်း ဘာသာပြန်ဖို့ အလုပ်အပ်တဲ့အခါ နိုင်ငံခြားမှာ ကျောင်းတက်ပြီး မြန်မာနိုင်ငံကို ပြန်လာတဲ့သူတွေဆိုရင် ပိုပြီးအလုပ်အပ်ချင်ကြပြီး ပိုက်ဆံလည်း ပိုပေးတယ်လို့ သူကပြောတယ်။

ဘာသာပြန်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိတဲ့ မနှင်းနှင်းခိုင်က "ငွေပေးချေမှုကတော့ ဘာသာပြန်ရတဲ့ အကြောင်းအရာပေါ်မှာလည်း မူတည်တယ်။ ဥပဒေလိုမျိုး အမှားမခံတဲ့ အကြောင်းအရာမျိုးကို ပြန်ရရင် ဈေးကတစ်မျိုးဖြစ်သွားတယ်။ တာဝန်လည်းကြီးတယ်။ အလုပ်အပ်တဲ့ အလုပ်ရှင်ပေါ်မှာလည်း မူတည်တယ်" လို့ ပြောပါတယ်။ ■

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ-မဲဆောက် နယ်စပ်ကုန်သွယ်ရေးဂိတ်ကိုတွေ့ရစဉ်။ မြန်မာနှင့် ထိုင်းနိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုကို နှင့် ကုန်သွယ်မှုဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။ ဓာတ်ပုံ-ကောင်းထက်

ထိုင်းနိုင်ငံနှင့်ကုန်သွယ်မှု ၂၀ ရာခိုင်နှုန်း

စုဖြိုးဝင်း
suphyo1990@gmail.com

ထိုင်းနိုင်ငံအတွင်း နိုင်ငံရေး အပြောင်းအလဲစတင်ခဲ့သည့် ၂၀၁၄ ခုနှစ်၊ မေလနောက်ပိုင်း မြန်မာနိုင်ငံနှင့် အပြန်အလှန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမှာ ယခင်နှစ်များအတိုင်းပင်ဖြစ်ပြီး ကုန်သွယ်မှု တန်ဖိုးများမှာ တိုးတက်လျက်ရှိကာ တရားမဝင်ကုန်သွယ်မှုအချို့ ရပ်တန့်သွားသည်မှအပ အခြားထူးခြားသည့် အပြောင်းအလဲများမရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်ကုန်သွယ်မှုကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိမြှင့်တင်နိုင်ရန် မျှော်မှန်းထားပြီး နယ်စပ်တရားဝင် ကုန်သွယ်မှု များသာမက ဝန်ဆောင်မှုကဏ္ဍများဖြစ်သည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ ကျန်းမာရေးနှင့် အလှအပ စသည့်ကဏ္ဍများကိုပါ ဦးစားပေး ရင်းနှီးမြှုပ်နှံနိုင်ရန် ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစီးပွားရေး သံမှူးကြီး Mr. Boon Intiratana က မြန်မာတိုင်း(မ်)ကို ပြောသည်။

"ပြီးခဲ့တဲ့နှစ်ထဲမှာ ထိုင်းနိုင်ငံကနေ မြန်မာနိုင်ငံဘက်ကို အမေရိကန်ဒေါ်လာ သန်း ၃,၈၀၀ တန်ဖိုး တင်ပို့ခဲ့ပြီး မြန်မာနိုင်ငံဘက်ကနေ ကန်ဒေါ်လာ သန်း ၄,၀၀၀ ဖိုး တင်သွင်းခဲ့တယ်။ ကျွန်တော်တို့က ကုန်တင်ပို့ တင်သွင်းမှုကိုပဲ အာရုံစိုက်လုပ်ဆောင်နေတာမျိုးကနေ ဝန်ဆောင်မှုလုပ်ငန်းတွေဘက်ကိုပါ ဦးလှည့်ဖို့ ပြင်ဆင်နေပါပြီ" ဟု ၎င်းကပြောသည်။

ထိုင်းနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် နိုင်ငံ၏ အုပ်ချုပ်မှုဆိုင်ရာအဝဝကို စစ်တပ်မှစတင်တာဝန်ယူပြီးသည့်ကာလများအတွင်း ထိုင်း-မြန်မာ နယ်စပ်တွင်း လုပ်ဆောင်လျက်ရှိသည့် တရားမဝင်ကုန်သွယ်ရေး လမ်းကြောင်းအချို့ ပြတ်တောက်သွားသဖြင့် အဆိုပါလမ်းကြောင်းကတစ်ဆင့် ကုန်သွယ်မှု ပြုလုပ်နေသူများ ထိခိုက်မှုရှိခဲ့သော်လည်း လက်ရှိတွင် တည်ငြိမ်သော အနေအထားသို့ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ တရားဝင် ကုန်သွယ်မှုတိုးမြှင့်လာသဖြင့် အခွန်ကောက်ခံရရှိမှုများလာကာ နှစ်နိုင်ငံစလုံးအတွက် အကျိုးများကြောင်း Mr. Boon က ပြောသည်။

"ဒီနှစ်အတွင်းမှာပဲ ထိုင်း-မြန်မာနယ်စပ်ဖြစ်တဲ့ မဲဆောက်နဲ့မြဝတီမှာ အကြီးဆုံးကုန်စည်ပြပွဲကြီး ပြုလုပ်သွားဖို့ စီစဉ်နေပြီး ထိုင်းစီးပွားရေးဝန်ကြီးနဲ့ မြန်မာနိုင်ငံက စီးပွားရေးဒုတိယဝန်ကြီးတို့ တက်ရောက်ဖို့ ကမ်းလှမ်းထားတယ်"ဟု ၎င်းကပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းက မြန်မာ-ထိုင်းကုန်သွယ်မှုအနေဖြင့် ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ၄ ဒသမ ၅ ဘီလျံ၊ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် ၄ ဒသမ ၈ ဘီလျံနှင့် ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၆ ဘီလျံအထိ တိုးမြှင့်လာသဖြင့် နှစ်နိုင်ငံကုန်သွယ်မှုမှာ နှစ်စဉ်တိုးတက်လျက်ရှိကြောင်း ပြောသည်။

ထိုင်းနိုင်ငံ စီးပွားရေးဒုဝန်ကြီး Mrs. Apiradi Tantraporn က ထိုင်းနှင့် မြန်မာနယ်စပ်တစ်လျှောက်ထိစပ်နေသည့် ကီလိုမီတာပေါင်း ၂,၄၀၀ ရှိ နယ်စပ်ဂိတ်များတွင် အပြန်အလှန် ကုန်သွယ်မှုများပြုလုပ်လျက်ရှိသည့် နယ်စပ် ဂိတ်ပေါက်များကတစ်ဆင့် ကုန်သွယ်မှုများမြှင့်တင်နိုင်ရန်

ယမကာလုပ်ငန်းလိုင်စင် တစ်ဆင့်ရောင်းချမှုများ ပိုမိုတွင်ကျယ်လာ

BUSINESS 26

ထိုင်ဝမ်လုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ပိုမိုစိတ်ဝင်စား

ကိုကိုအောင်
pmkokoaung@gmailcom

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုအလုပ်ချင်ဆုံး နိုင်ငံ ၄၀ တွင် ထိပ်ဆုံးမှပါဝင်နေကြောင်း ထိုင်ဝမ် နိုင်ငံခြားကုန်သွယ်မှု ဖွံ့ဖြိုးရေး ကောင်စီ (TAITRA) က ဇန်နဝါရီ ၁၂ ရက်က တရားဝင် ထုတ်ပြန်ကြေညာလိုက်သည်။

ယင်းကောင်စီက ထုတ်ပြန်သည့် ပြည်ပ ဈေးကွက် တင်ပို့မှုအလားအလာ အညွှန်းကိန်းတွင် ၂၀၁၅ ခုနှစ်အတွက် ဈေးကွက်အလားအလာ အကောင်းဆုံးနှင့် ထိုင်ဝမ် လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ချင်သည့် နိုင်ငံများအနက် ထိပ်ဆုံးနေရာတွင် မြန်မာနိုင်ငံကတည်ရှိနေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မိုဇမ်ဘစ်၊ တရုတ်၊ အမေရိကန်၊ အိန္ဒိယ၊ ဟောင်ကောင်၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ဂျာမနီနှင့် ယူအေအီးတို့နိုင်ငံတို့က အစဉ်လိုက် ရပ်တည်လျက်ရှိသည်။

ကမ္ဘာတစ်ဝန်းရှိ အဓိကဈေးကွက်ပေါင်း ၈၀ ကျော်ကို လေ့လာပြီးနောက် နိုင်ငံ ၄၀ ကို ရွေးထုတ်ကာ ယင်းအညွှန်းကိန်းကို ဇန်နဝါရီ ၁၄ ရက်တွင် ထိုင်ဝမ် နိုင်ငံခြားကုန်သွယ်မှု ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

"ရွေးချယ်ထားတဲ့ ဈေးကွက် ၄၀ က ၂၀၁၅ ခုနှစ်မှာ အဓိကဖွံ့ဖြိုးမှုအရှိန်အဟုန်ကောင်းမယ့် ဈေးကွက်တွေပါ။ ၁၇ ခုက အာရှကဖြစ်ပြီး၊ တခြား ၂၃ ခုက ဥရောပ၊ အမေရိက၊ အာဖရိကနဲ့ အရှေ့အလယ်ပိုင်း နိုင်ငံတွေပါ" ဟု ဈေးကွက်သုတေသနဌာန တွဲဖက်သုတေသီ ကိတ်ချန်က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ထိုင်ဝမ်နိုင်ငံက ပြုလုပ်လာမယ့် ရင်းနှီးမြှုပ်နှံမှုတွေ ရှေ့လျှောက် ဆက်လက်တိုးလာမှာပါ။ အထူးသဖြင့် အထည်ချုပ်၊ လျှပ်စစ်

> ရွေးချယ်ထားတဲ့ ဈေးကွက် ၄၀ က ၂၀၁၅ ခုနှစ်မှာ အဓိကဖွံ့ဖြိုးမှု အရှိန်အဟုန်ကောင်းမယ့် ဈေးကွက်တွေပါ။ ၁၇ ခုက အာရှကဖြစ်ပြီး တခြား ၂၃ ခုက

ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေကို ထိုင်ဝမ်လုပ်ငန်းရှင်တွေက လုပ်ကိုင်လိုကြပါတယ်" ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အတွင်းရေးမှူး ဦးအောင်နိုင်ဦးကပြောသည်။

တရုတ်ပြည်ရှိ ထိုင်ဝမ်လုပ်ငန်းများကို မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းလုပ်ကိုင်ရန် ထိုင်ဝမ်လုပ်ငန်းရှင်များက ဆန္ဒရှိနေကြောင်းလည်း ၎င်းကပြောသည်။

၂၀၁၅ ခုနှစ်တွင် ထိုင်ဝမ်မှ မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှုသည် ဒေါ်လာ သန်း ၂၀၀ ကျော်ထိရှိလာနိုင်ပြီး၊ အဓိကအားဖြင့် သံမဏိနှင့် ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းနှင့် ဆိုင်သော နည်းပညာ ထုတ်ကုန်များကို အဓိကထားတင်ပို့လျက်ရှိသည်။ ထိုင်ဝမ်ကလည်း မြန်မာနိုင်ငံက ကျောက်မျက်ရတနာများ၊ ကျွန်းသစ်များနှင့် စိုက်ပျိုးရေးထွက်ကုန်များကို တင်သွင်းရန် စိတ်ဝင်စားလျက်ရှိသည်။

ထိုင်ဝမ် နိုင်ငံခြားကုန်သွယ်မှု ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၇၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့ပြီး နိုင်ငံပေါင်း ၅၀ တွင် ရုံးခွဲများ ဖွင့်လှစ်ထားပြီးဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံတွင်းသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ငါးဘီလျံကျော်ရှိလာနိုင်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ခန့်မှန်းထားသည်။ လက်ရှိ ပြည်ပရင်းနှီးမြှုပ်နှံမှုများ၏ ၃၁ ရာခိုင်နှုန်းခန့်သည် ဆယ်သွယ်ရေးကဏ္ဍတွင်ဖြစ်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့တွင် ၂၃ ဒသမ ၈ ရာခိုင်နှုန်း၊ အိမ်ခြံမြေ ကဏ္ဍတွင် ၁၈ ဒသမ ၄ ရာခိုင်နှုန်း၊ ဟိုတယ်ကဏ္ဍတွင် ၁၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် အထည်ချုပ်လုပ်ငန်းအပါအဝင် ထုတ်လုပ်ရေးကဏ္ဍတွင် ၈ ဒသမ ၁ ရာခိုင်နှုန်း အသီးသီးရှိသည်။ ■

ယခုနှစ်အတွင်း ၂၀ ရာခိုင်နှုန်းအထိ မြှင့်တင်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံမှ စီးပွားရေး

မြှင့်တင်နိုင်မည်ဟု မှန်း

သယ်ယူပို့ဆောင်မှု လမ်းကြောင်းများကို လက်ရှိအနေအထားထက် များစွာအဆင့်မြှင့်တင်နိုင်ရန် ထိုင်းနိုင်ငံဘက်က ကူညီထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောသည်။

"ပြီးခဲ့တဲ့နှစ်အတွင်း နှစ်နိုင်ငံ ကုန်သွယ်မှုစုစုပေါင်း ကန်ဒေါ်လာ ၈,၀၀၀ နီးပါးဆောင်ရွက်နိုင်ခဲ့ပါတယ်။ အိမ်နီးချင်းဆိုတဲ့ အားသာချက်နဲ့ ထိစပ်နေတဲ့ နယ်စပ်ကနေ အခွင့်အရေးရရှိဖို့ လမ်းပန်းဆက်သွယ်ရေးကို အဆင့်မြှင့်တင်သွားမယ်။ လက်ရှိဖောက်လုပ်နေတဲ့ မြဝတီ-ရန်ကုန် လမ်းမကြီးကို ဒီနှစ်အတွင်းမှာ အပြီးသတ် လုပ်ဆောင်နိုင်မှာ ဖြစ်လို့ ရန်ကုန်ကနေ မြဝတီကိုသွားရင် အရင်ကကြာမြင့်ချိန် ၁၂ နာရီလောက်ရှိနေရာကနေ ခုနစ်နာရီအထိကို လျှော့ချနိုင်မှာဖြစ်တယ်" ဟု ၎င်းကပြောသည်။

ထိုင်းအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက ဦးစီးကျင်းပသည့် Thailand Week 2015 ကို Myanmar Event Park တွင် ဇန်နဝါရီလ ၁၅ ရက်မှ ၁၈ ရက်နေ့အထိ ပြုလုပ်ခဲ့ပြီး ထိုင်းနိုင်ငံက ထိပ်တန်းကုမ္ပဏီပေါင်း ၈၀ ကျော်က ပြခန်းပေါင်း ၂၄၃ ခန်းဖြင့် အစားအစာနှင့် အဖျော်ယမကာများ၊ ကျန်းမာရေးနှင့် အလှအပဆိုင်ရာ ထုတ်ကုန်များ၊ ဖက်ရှင်ပစ္စည်းများ၊ အိမ်တွင်း အလှဆင်ပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် ဟိုတယ်၊ဆောက်လုပ်ရေး၊ပညာရေး၊SPA၊ ကိုယ်စားလှယ်စက်မှုလုပ်ငန်းများစသည့် ဝန်ဆောင်မှုကဏ္ဍများကိုပါ မိတ်ဆက်ပြသခဲ့သည်။

"လွန်ခဲ့တဲ့နှစ်နှစ်ကစပြီး မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်ရေး မူဝါဒစတင်ကတည်းက ထိုင်းနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ရင်းနှီးမြှုပ်နှံသူအများစုက မြန်မာနိုင်ငံမှာလာရောက်ရင်းနှီးမြှုပ်နှံဖို့နဲ့ စီးပွားရေး လုပ်ကိုင်ဖို့ ပိုစိတ်ဝင်စားလာကြတယ်" ဟု ထိုင်းစီးပွားရေးသံမှူးကြီး Mr. Boon Intiratana က ပြောသည်။

အဆိုပါပြပွဲအတွင်းတွင် စီးပွားရေး မိတ်ဖက်ဆွေးနွေးမှုများအပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရာတွင် လိုအပ်သောအချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ■

PATRA

Exclusive Distributor
Elite Hotel Supply (Shwe San Hmi Co., Ltd)
Room No. 5/D, Aye Yeik Thar Condo, Aye Yeik Thar 2nd Lane, New University Avenue Road, Bahan Township, Yangon.
Tel: 01 551 866, 0973150887
E-mail: elitesupply@myanmar.com.mm

ယမကာလုပ်ငန်းလိုင်စင် တစ်ဆင့်ရောင်းချမှုများ ပိုမို တွင်ကျယ်လာ

အေးသီတာကျော်
ayethidarkyaw@gmail.com

နိုင်ငံတွင်း ယမကာအရောင်းဆိုင်များ လျှော့နည်းရေးနှင့် သောက်သုံးမှု လျှော့နည်းရေး စီမံချက်အရ ယမကာလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို ထပ်မံခွင့်ပြုပေးခြင်းမရှိတော့ခြင်းကြောင့် လုပ်ငန်းလိုင်စင် တစ်ဆင့်ပြန်လည်ရောင်းချသောဈေးကွက် ကြီးထွားလာကြောင်း လုပ်ငန်းရှင်များက ပြောသည်။

လုပ်ငန်းများထံက အခွန်ပုံမှန်ရရှိမှုမရှိခြင်းကြောင့် ယမန်နှစ်ကလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်များတွင် ယမကာလိုင်စင်များ ထပ်မံချထားပေးခြင်းကို ရပ်ဆိုင်းထားရန်သဘောတူညီခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြေညာချက်အရ ၂၀၁၄ ခုနှစ်အတွင်း လုပ်ငန်းလိုင်စင်နှင့် အခွန်ပေးဆောင်ခြင်းမရှိသော တရားမဝင်အရက်ဆိုင်ပေါင်း ၂,၀၀၀ ကျော် ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် အရက်ချက်လုပ်ငန်းများနှင့် အရက်ဆိုင်များကပုံမှန်ပေးဆောင်ရသည့် နှစ်စဉ်ကြေးများကို နှစ်ဆမှ သုံးဆအထိ တိုးမြှင့်ကောက်ခံရန် လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။ ကောက်ခံမှုမြင့်လာသည့်အပြင် ဆိုင်ခန်းငှားခ စသည့်အထွေထွေကုန်ကျစရိတ်များ မြင့်တက်လာခြင်းကြောင့် အချို့လုပ်ငန်းရှင်များမှာ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို တစ်ဆင့်ပြန်လည် ရောင်းချလာကြသည်။ ရောင်းချရာတွင် မူလဈေးနှင့် များစွာကွာဟမှုမရှိဘဲ ဆိုင်သစ်ဖွင့်လိုသူကို ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း ၅၅၅ ယမကာဖြန့်ဖြူးရေး ကိုယ်စားလှယ် ဦးစိန်ဝင်းက ပြောသည်။

ဝယ်ယူသည့် ပိုင်ရှင်အသစ်က အမည်ပြောင်း၊ လိပ်စာပြောင်းဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများတွင် ပြန်လည်တင်ပြရန်လိုအပ်ကြောင်း ၎င်းကပြောသည်။

မြန်မာနိုင်ငံ လက်လီလုပ်ငန်းရှင်များအသင်း၏ အထွေထွေအတွင်းရေးမှူး ဦးနေမျိုးသန့်တင်က ဆိုင်အသစ် ဖွင့်လိုသူများမှာ တစ်ဆင့် လက်ရှိကာလတွင် ပြန်ဝယ်ခြင်းဖြင့်သာလိုင်စင်ရရှိနိုင်ပြီး လုပ်ငန်းရှင်များလုပ်ကိုင်ရန် ပိုမိုခက်ခဲလာပါက အသင်းမှတစ်ဆင့် ဆွေးနွေးသွားရမည်ဖြစ်ကြောင်း ပြောသည်။

လိုင်စင်ရရှိမှုခက်ခဲခြင်းအပြင် နိုင်ငံခြားဖြစ် ယမကာ ရောင်းချသည့် ဆိုင်များမှာ ကုန်ပစ္စည်းရရှိမှု ခက်ခဲခြင်းကြောင့် ဈေးကွက်

ရန်ကုန်မြို့တွင်းရှိ နိုင်ငံခြားဖြစ် ယမကာအရောင်းဆိုင်တစ်ခုတွင် ရွေးချယ်နေသူတစ်ဦးကို တွေ့ရစဉ်။ ပြည်တွင်းဈေးကွက်တွင် ရောင်းချလျက်ရှိသော ပြည်ပမှထုတ်လုပ်သော ယမကာအများစုကို အတုပြုလုပ်ရောင်းချမှုများ ပိုမိုကျယ်ပြန့်လာကြောင်း ဝယ်ယူသုံးစွဲသူများက ပြောသည်။ ဓာတ်ပုံ-မြန်မာတိုင်း(မ်)

အတွင်း ယမကာအတုများ များပြားစွာ ဝင်ရောက်လာသည့် ပြဿနာနှင့်လည်း ကြုံတွေ့နေရကြောင်း ၎င်းကပြောသည်။

လက်ရှိတွင် နိုင်ငံခြားဖြစ်အရက်များမှာ တစ်ဖက်နိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် နယ်စပ်လမ်းကြောင်းများက အများဆုံး ဝင်ရောက်လျက်ရှိပြီး နာမည်ကြီးယမကာများ၏ တံဆိပ်၊ ပုလင်းဖုံးများကို တရုတ်နယ်စပ်ကမှာယူကာ ပြည်တွင်း၌ အတုများ အလွယ်တကူ ထုတ်လုပ်မှု တွင်ကျယ်လာခြင်းကြောင့် ဈေးကွက်အတွင်း နိုင်ငံခြားဖြစ် ယမကာသုံးပုလင်းလျှင် နှစ်ပုလင်းမှာ အတုများဖြစ်ကြောင်း သောက်သုံးသူများကပြောသည်။

"အစိုးရဘက်က တချို့အတားအဆီးတွေကို ဖြေလျှော့ပေးပြီး တရားဝင်ဆောင်ရွက်ခွင့်ပေးမယ်ဆိုရင် အခွန်ဆောင်တာများလာပြီး ပုံမှန်လမ်းကြောင်းပေါ် ရောက်လာကြမှာပဲ" ဟု ဦးနေမျိုးသန့်တင်က ပြောသည်။

ဒဂုံဆိပ်ကမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက နာမည်ပြောင်း၊ လိပ်စာပြောင်းဖြင့် လာရောက်လျှောက်ထားကြသောလိုင်စင်များကို သေချာစွာ စိစစ်ရန် လိုအပ်သော်လည်း လိုင်စင်ရရှိမှုရှားပါးခြင်းအခက်အခဲကြောင့် နားလည်မှုဖြင့်လွှဲပြောင်းခွင့်ပြုထားကြောင်း ပြောသည်။

ဆိပ်ကမ်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးအောင်က ရပ်ကွက်အတွင်း အရေအတွက်များပြားစွာ တရားမဝင်ဖွင့်လှစ်ထားသောအရက်ဆိုင်များကို ပိတ်သိမ်းနိုင်အောင်ဆောင်ရွက်ခြင်းဖြင့် အရက်သောက်သုံးမှု လျှော့ချရေးကို နိုင်ငံတော်က ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောသည်။ သို့သော် လိုင်စင်ကြေး တိုးမြှင့်ခြင်းသက်သက်က ထိရောက်မှုမရှိကြောင်း ၎င်းကပြောသည်။

ယမကာဥပဒေတွင်ပါရှိသော အခြားစည်းမျဉ်းများကို ပြုပြင်ပြောင်းလဲရန် လိုအပ်ပြီး ရောင်းချသူများနှင့် သောက်သုံးသူ နှစ်ဦးနှစ်ဖက်က လိုက်နာရန် ထိရောက်သောပြောင်းလဲမှုများ ပြုလုပ်ရန်လိုအပ်ကြောင်း ဥပမာ - အရက်ရောင်းချသူများက အသက် ၁၈ နှစ်အောက်များကို မရောင်းချရန် တင်းကြပ်စွာ တားမြစ်ထားခြင်း စသည့်ကိစ္စရပ်များကို ဆောင်ရွက်သင့်ကြောင်း ၎င်းက ပြောသည်။

"ရပ်ကွက်တွေထဲမှာ ခြေလှမ်း ငါးဆယ်တစ်ရာ လှမ်းလိုက်တိုင်း အရက်ဆိုင်တစ်ဆိုင်လောက်ဖြစ်နေတယ်။ တရားဝင်ဖွင့်ထားတာတွေရော၊ တရားမဝင်တွေရော အကုန်ပြန့်ကျဲနေတယ်။ ဥပဒေနဲ့ ထိထိရောက်ရောက်ဆောင်ရွက်တာမျိုးလည်း မတွေ့ရဘူး"ဟု ၎င်းကပြောသည်။

ယမန်နှစ် စက်တင်ဘာလအတွင်းက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် လိုင်စင်များ တိုးမြှင့်ကောက်ခံရန် ဆွေးနွေးခဲ့ပြီး ယင်းအဆိုကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေက လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် ယခုဘဏ္ဍာနှစ်အထိ အဆိုပါနှုန်းထားဖြင့် ကောက်ခံရန်မရှိသေးကြောင်း လုပ်ငန်းရှင်များက ပြောသည်။

ဦးနေမျိုးအောင်က အချို့မြို့နယ်များ၏ အထွေထွေ အုပ်ချုပ်ရေးရုံးများသည် ဆက်လက်လုပ်ကိုင်ခြင်း မရှိတော့သော အရက်ဆိုင်များက လိုင်စင်ကိုပြန်လည်အပ်နှံလိုက်ရာတွင် အထက်သို့တင်ပြရမည့်အစား အဆိုပါလိုင်စင်များကို ဆက်လက်သိမ်းဆည်းထားပြီး ထပ်မံဖွင့်လှစ်လိုသူများကို တိတ်တဆိတ် ရောင်းချနေခြင်းများလည်း ရှိကြောင်း ပြောသည်။

"အဲလို ထွေအုပ်ရုံးတွေကပါ ပူးပေါင်းပြီး လုပ်နေတော့ လွှတ်တော်ကိုယ်စားလှယ်တွေ ပြောလည်း ထိရောက်မှုမရှိဘူးလို့ မြင်တယ်။ ဆိပ်ကမ်းမြို့နယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်က သင်္ဃန်းကျွန်းမြို့နယ်မှာ တရားမဝင်ရောင်းချနေတာတွေ တွေ့လို့လည်း ပြောပြဖို့မဖြစ်နိုင်ဘူးလေ"ဟု ၎င်းကပြောသည်။ ■

ကုန်စည်ဈေးနှုန်း

ရန်ကုန်

ရွှေ (တစ်ကျပ်သား)	ကျပ်	၆၈၆,၀၀၀
ဆီဈေးနှုန်း (တစ်ပိဿာနှုန်း)		
ပဲဆီ	ကျပ်	၄,၀၀၀
စားအုန်းဆီ	ကျပ်	၁,၃၇၃
နှမ်းဆီ	ကျပ်	၅,၀၀၀
ဆန် (တစ်ပြည်)		
ပေါ်ဆန်း(ရှယ်)	ကျပ်	၁,၅၀၀
တောင်ပြန်(ရှယ်)	ကျပ်	၁,၄၀၀
ဧည့်မထ	ကျပ်	၁,၀၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်	ကျပ်	၆,၀၀၀
ဝက်သား	ကျပ်	၇,၅၀၀
အမဲသား	ကျပ်	၈,၀၀၀
ဆိတ်သား	ကျပ်	၁၂,၀၀၀
ကြက်သွန်ဖြူ (လက်လီ)		
အမြင့်/အနိမ့်	ကျပ်	၂,၀၀၀-၁,၃၅၀
ကြက်သွန်နီ (လက်လီ)		
အမြင့်/အနိမ့်	ကျပ်	၄၀၀ - ၁၇၅
စက်သုံးဆီဈေးနှုန်း (တစ်လီတာ)		
ဓာတ်ဆီ	ကျပ်	၈၀၀
ဒီဇယ်	ကျပ်	၇၅၀

မန္တလေး

ရွှေ(တစ်ကျပ်သား)	ကျပ်	၆၈၁,၀၀၀
ဆီ(သန့်)		
ပဲဆီ (ရိုးရိုး)	ကျပ်	၂,၅၀၀
စားအုန်းဆီ	ကျပ်	၁,၄၆၀
နှမ်းဆီ (ရိုးရိုး)	ကျပ်	၂,၉၀၀
ဆန် (တစ်တင်းခွဲအိတ်)		
ပေါ်ဆန်း	ကျပ်	၄၅,၀၀၀
မနောသုခ	ကျပ်	၃၇,၀၀၀
မဂျမ်းတော	ကျပ်	၄၁,၀၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်(စီပီ)	ကျပ်	၅,၂၀၀
ကြက်(မြန်မာ)	ကျပ်	၇,၀၀၀
ဝက်သား	ကျပ်	၇,၅၀၀
ဆိတ်သား	ကျပ်	၁၂,၀၀၀
ကြက်သွန်ဖြူ		
အမြင့်/အနိမ့်	ကျပ်	၂,၀၀၀-၁,၁၅၀
ကြက်သွန်နီ (လက်ကား)		
အမြင့်/အနိမ့်	ကျပ်	၅၅၀ - ၄၀၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၃,၂၀၀
ဒီဇယ်	ကျပ်	၃,၂၀၀

နေပြည်တော် ပျဉ်းမနား

ရွှေ (တစ်ကျပ်သား)	ကျပ်	၆၈၅,၀၀၀
ဆန်(တစ်ပြည်) (အသစ်)		
ပေါ်ဆန်း (ရွှေဘို)	ကျပ်	၁,၅၀၀
ပေါ်ဆန်း(ဖျာပုံ)	ကျပ်	၁,၄၀၀
ဧယာ	ကျပ်	၁,၀၀၀
မနောသုခ	ကျပ်	၉၀၀
ဆီ (တစ်ပိဿာနှုန်း)		
မြေပဲဆီ	ကျပ်	၄,၀၀၀
နှမ်းဆီ	ကျပ်	၂,၈၀၀
စားအုန်းဆီ	ကျပ်	၁,၇၅၀
ကြက်သွန်နီ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့်	ကျပ်	၆၀၀-၅၀၀
ကြက်သွန်ဖြူ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့်	ကျပ်	၃,၀၀၀-၁,၀၀၀
တရုတ်ကြက်သွန်ဖြူကြီး		
တစ်ပိဿာ	ကျပ်	၂,၀၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
စီပီကြက်	ကျပ်	၇,၀၀၀
မြန်မာကြက်	ကျပ်	၁၂,၀၀၀
ဝက်(အသား)	ကျပ်	၇,၀၀၀
ဆိတ်	ကျပ်	၁၁,၀၀၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၂,၈၅၀
ဒီဇယ်	ကျပ်	၃,၅၀၀

(ဇန်နဝါရီလ ၂၀ ရက် ဈေးနှုန်း)

ယမန်နှစ်အပ်ကားစလစ်များ ဆက်လက် ဈေးကောင်း

တိုးဝေအောင်
toewaiaung.mcm@gmail.com

လက်ရှိအပ်နှံရန်ရှိသည့် ကားဟောင်းများအတွက် အစားထိုးတင်သွင်းမည့် ကားသစ်များ ကားရပ်နားရန်နေရာ (Car parking) တင်ပြမှသာ ကားတင်သွင်းခွင့်ပြုမည့် သတ်မှတ်ချက်ကို ပယ်ဖျက်ပေးခဲ့သော်လည်း အခွန်ရာနှုန်းသက်သာခြင်းကြောင့် ယမန်နှစ်က ကားဟောင်းစလစ်များမှာ အရောင်းအဝယ် ဆက်ကောင်းခဲ့ကြောင်း ကားဝယ်ရောင်းများက ပြောသည်။

"မူဝါဒတွေက အမျိုးမျိုးပြောင်းနေတော့ ဒီနှစ်မှာကားဝယ်ချင်တဲ့သူတွေ အဆင်မပြေတာတွေ ကြုံရတယ်။ မိတ်ဆွေတစ်ယောက်ဆိုရင် ကားတင်သွင်းဖို့ ပါကင်ရှိမှ ရမယ်ဆိုလို့ ကားထားဖို့မြေနေရာ လိုက်ရှာရတဲ့အထိ ကသိသအောက်ဖြစ်ရတယ်။ မြေနေရာကလည်းရှားတော့ မြေပိုင်ရှင်တွေတောင်းတဲ့ ဈေးနှုန်းကို ညှိနှိုင်းတဲ့နေရာမှာ အိမ်တစ်လုံး ငှားရမ်းစာလောက် တောင်းကြတဲ့အတွက် အတော်လေး အခက်တွေ့ရတယ်" ဟု မရမ်းကုန်းမြို့နယ်တွင်နေထိုင်သည့် ကားပိုင်ရှင်တစ်ဦးက ပြောသည်။

ယခုနှစ်အတွင်းအပ်နှံသည့် ကားဟောင်းများကို သက်ဆိုင်ရာက ကားပါကင်ကင်းလွတ်ခွင့်ပြုခဲ့သော်လည်း အရောင်းအဝယ်ပြုလုပ်ရာတွင် ယမန်နှစ်ကအပ်နှံခဲ့သည့် ကားဟောင်းများက အခွန်နှုန်းသက်သာခြင်းကြောင့် ကျပ် ၁၀ သိန်းကျော်ခန့် ဈေးပိုရခဲ့ကြောင်း ဝယ်ရောင်းလုပ်ငန်းရှင်များက ပြောသည်။

"လက်ရှိမှာတော့ ကားပါကင် ထောက်ခံချက် ကင်းလွတ်ခွင့်ပေးလိုက်လို့ ၂၀၁၅ မှာ အပ်တဲ့ကားစလစ်တွေ ဈေးကောင်းပါတယ်။ ဒါပေမယ့်လည်း ၂၀၁၄ က အပ်ကားစလစ်တွေက ဈေးကောင်းပေးမယ့် ဝယ်လက်တော့ နည်းသွားတယ်။ ပါမစ်ခွင့်ပြုချက်မရသေးဘဲ ကားတင်သွင်းတဲ့သူတွေကိုတော့ မနှစ်က ဒဏ်ကြေးဟောင်းနဲ့ ကားထုတ်ယူခွင့်ပေးထားလို့ ကားထုတ်တဲ့သူတွေများလာတယ်" ဟု ကားဝယ်ရောင်း ကိုနိုင်စိုးက ပြောသည်။

ဆိပ်ကမ်းတွင် ရောက်နှင့်ပြီးသားကားများကို ပါမစ်ကျပြီးမှသာ ထုတ်ယူခွင့်အိုင်ဒီဖွင့်ပေးမည်ဆိုခြင်းကြောင့် အပ်ကားပါမစ်များ အရောင်းအဝယ်ကောင်းခဲ့ပြီး ကားလျှောက်ထားသူများခြင်းကြောင့် လေလံဈေးနှုန်းများလည်း အမျိုးအစားပေါ်မူတည်ကာ ကျပ် ငါးသိန်းမှ ၁၅ သိန်းအထိ မြင့်တက်ခဲ့ကြောင်း ကားဝယ်ရောင်းများက ပြောသည်။

"မူဝါဒအပြောင်းအလဲတွေက မကြာခဏ လုပ်နေကြလို့ ကားမှာမယ့်သူတွေက အဲဒီအပေါ်မူတည်ပြီး လေလံဈေးကွက်ကို

> စက်မှုဇုန်ကားတွေထက်စာရင် ဒီရက်ပိုင်းမှာ ၁/ကနဲ့ ၂/က ကားစလစ်တွေ အဝယ်များတယ်။ ကားသစ်တင်သွင်းမယ့်

အကြည့်များပြီး အမှာတွေလည်း များလာတဲ့အတွက် ဂျပန်လေလံကားဟောင်းဈေးကတက်လာတယ်" ဟု ကားဝယ်ရောင်း ကိုဦးကပြောသည်။

ကားသစ် တင်သွင်းလျှောက်ထားမှု များပြားလာခြင်းနှင့်အတူ ဈေးကွက်အတွင်းရှိ ကားများမှာလည်း နယ်ဝယ်လက်အဆင်းများခြင်းကြောင့် ဇန်နဝါရီလဆန်းမှစတင်၍ အရောင်းအဝယ်ကောင်းခဲ့ပြီး အရောင်းအဝယ်လိုက်သောကားများတွင် ကျပ် သိန်း ၁၀၀ နှင့် ၂၀၀ ကျော်ကားများပါဝင်ကြောင်း ဝယ်ရောင်းများကပြောသည်။

"ဒီနှစ်အစမှာ ကားအရောင်းအဝယ်ကောင်းနေတယ်။ ၂၀၁၃ ခုနှစ်တစ်နှစ်လုံး ကားနဲ့ပတ်သတ်ပြီး ပြုပြင်ပြောင်းလဲမှုတွေ များတော့ အရောင်းအဝယ်က ထင်သလောက်မကောင်းခဲ့ဘူး" ဟု ကားဝယ်ရောင်း ကိုထွန်းထွန်းက ပြောသည်။

ဈေးကွက်အတွင်း ၁/ကနှင့် ၂/က အကွာရာကားဟောင်းများမှာ ကျပ်သိန်း ၇၃ ဝန်းကျင်ခန့်ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ငွေအသင့်အတင့် တတ်နိုင်သူများက အဆိုပါကားဟောင်းများဆဲမှကားသန့်များကို ရှာဖွေဝယ်ယူမှုများလည်းရှိကြောင်း ဝယ်ရောင်းများကပြောသည်။

"စက်မှုဇုန်ကားတွေထက်စာရင် ဒီရက်ပိုင်းမှာ၁/ကနဲ့၂/ကကားစလစ်တွေအဝယ်များတယ်။ ကားသစ်တင်သွင်းမယ့်သူတွေအတွက် ကားဟောင်းစလစ်တွေလိုအပ်နေလို့ စလစ်တွေက အရောင်းအဝယ်ဖြစ် နေဦးမှာပါ" ဟု ကားအရောင်းအဝယ် လုပ်ကိုင်သူ ကိုဦးကပြောသည်။

ဈေးကွက်အတွင်း ၁/ကနှင့် ၂/က အကွာရာစလစ်မှာ ကျပ် သိန်း ၇၃၊ စက်မှုဇုန်နှင့် အနှစ် ၂၀ ကားစလစ်မှာ ၄၈ သိန်းဝန်းကျင်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ■

Delegation of the European Union is recruiting:

1) Accounting Assistant (Administration)
2) Driver – 2 positions

Please consult **http://eeas.europa.eu/delegations/myanmar/about_us/vacancies/index_en.htm** for job descriptions and application information.

Applications should mention the position in the subject line and be sent either
by email to: **DELEGATION-MYANMAR-JOBS@eeas.europa.eu** (or)
by post/by hand to: Head of Administration, Delegation of the European Union, Hledan Centre, Corner of Pyay Road and Hledan Road, Kamayut Township, Yangon

The European Union is an equal opportunities employer and smoke-free work environment. We welcome applications from suitably qualified individuals, regardless of race, religion, gender, sexual orientation or disability. A competitive salary will be offered to the suitable candidate, based on the salary-grid for Local Agents, plus provident fund and complementary sickness insurance.

Deadline for submission of applications is **4:00pm, Friday 13 February 2015.**
Only complete applications will be considered. Only short listed candidates will be notified.

Hong Kong Dragon Airlines limited (Branch Office) invites highly capable and dedicated individuals to join our Myanmar team:

1. **Position: Assistant Sales Manager / Sales Manager**

To manage sales and marketing activities with the aim of achieving revenue, service targets, optimizing yields; and to build KA/CX and Oneworld brand awareness, integrity and loyalty in Myanmar.

Key Responsibilities:

- **Sales:**

1. Accurate forecast of the business and Sales and marketing trend in Myanmar.
2. Formulate strategic sales plans and manage sales direction for the team through clear goals and targets.
3. Generating sales and optimizing yields through close liaison with Oneworld partners, travel trades and corporate accounts.
4. Managing agency relationships, Oneworld partners, interlines and other business partners to ensure maximum support for KA/CX.
5. Develop and manage commercial accounts business in Myanmar.
6. Lead and supervise the Reservations and Ticketing teams in achieving Sales revenue targets.

- **Marketing:**

1. Formulating strategic Marketing Action Plan with focus on generating sales revenue, meet and exceed revenue targets.
2. Manage the implementation and the results of the marketing communications activities such as sales promotions, advertising, PR and Oneworld activities.
3. Foster close relationship with media to deliver results that are in line with KA/CX's Marketing policy.
4. Positioning HKG as the hub through working closely with HKTB.
5. Manage Loyalty and database marketing to increase both MPO and Asia Miles memberships.
6. Keeping abreast of new technology/ innovation to develop new distribution channel in Myanmar market especially for online sales opportunity.

Requirements:

- Bachelor degree in any field
- 5 to 7 years Sales / Marketing experience in airline industry. Candidates with less working experience with solid Field knowledge will also be considered.
- Proficiency in written and spoken English and Myanmar ,Chinese language skill is preferable but not essential
- Strong commercial Awareness and posses of excellent leadership, communication & interpersonal skills
- Job Knowledge (ability to use IT in daily work and possess marketing and sales knowledge)
- Must have cohesive team spirit / high team spirit

Interested candidates are invited to submit your application with detailed resume by letter to
Room no-1107, Sakura Tower 11th Floor, Kyauktada Township, Yangon or by email to noreen.htun@dragonair.com on or before **07 .Feb.2015.**

'JOB APPLICATION' on the envelope and in the email caption for easy reference.

National Sales Director

ukeawmw\ wpEiiv;ta&mi;tz (National Sales Force) u u;uyuyu&etwu ur;uixujruowp0;u trptrurPu tvycexm;vyon/ avmuxm;rnorm alumjimyi;prcecrtawtu aumi;pm&&rnjzpy; B2B ta&mi; prcecrwivn;x;ceatmijrio jzp&yrn/ r' ,mtce;u@üaqmi&uz;on tawtuvn;&&rnjzpon/

NationalSalesDirector on ukeawmw\ ta&mi;Xmerup t00u aep0u;uyay;&rnjzpy; ukeawmw\ owi; pmapmirm;wi alumjimxnoi;ci;u u;uyci;? xyyi; prtycyorm;xo wu½utp&icwijyci;tyt0i ta&mi;yi; pr;aqmi&nuw;wu tm;aumi;vmatmi ta&mi;tzuu;uyvr;ñeay;&rnjzpon/

tvycetyc&yu &uowwpywci; prcec&rnjzpy; p;ym;a&;vyie;opuaqmi&ujci;? p;ym;a&;tcitvr;op rm;uazmaqmijci;Ei urP\w;wuru talumi;umjci;rm; aqmi&u&rnjzpon/ ,c&mx;ae&mü atmijriatmiaqmi&u Eijci;ur' ,mavmuwi xuxuweweae&mwpc&&evr;yiaprnjzpon/

oi&prcecrqi&mtvyuaemuwpqixyjrizt qioijzpyvm; ...

avmuxm;ol\ tawtuEinrjon vpmuc;jrirnjzpon/

'aeyavmuxm;vuy/

tvyavmuxm;rEiouqiontcutvutao;pwuo&&etwuukeawmw& HR Xme MCMHRD@mmtimes.com.mm oppr;Eiyon/

MCM

The Human Resources Manager: Myanmar Consolidated Media Ltd.
379-383 Bo Aung Kyaw Street, Kyauktada T/S, Yangon Email applications to: mcmhrd@ myanmartimes.com.mm

---

VACANCY ANNOUNCEMENT

Our company is one of the reputable carriers and container service provider companies. Now, we are seeking motivated, experienced and dedicated candidates for the position of:

1) Assistant Operation Executive / Operation Executive/ Assistant Operation Manager

Starting Date : Immediate
Salary Range : Negotiable + Incentive allowance based on experience

Required Qualification and Skills:

- University Graduated. (Marine University is more preferable)
- Knowledge in Shipside Operation & Terminal for cargo operation
- Fluent in reading, writing and communicate in English
- Knowledge in Microsoft Office.
- Good Communication skills, positive minded and good team player.
- Able to work independently with sense of initiative.
- Preferably working experience in related fields.

Interested candidate who meets above mentioned requirements, please send/ mail your updated CV with application letter to:
Interasia - Room 811, 8th floor, La Pyayt Wun Plaza, 37, Alanpya Pagoda Road, Yangon **Email. admin@fortuneshippingltd.com**

Application should be submitted not later than 14th **February 2015.**

NEW VACANCIES APPLY NOW!

Executive Search
Recruiting for you

- Sales Directtor (FMCG)
- Sales manager (Freight forwarding)
- Sales and marketing manager (Telecommunication)
- Sales manager (FMCG)
- Business Development Engineer
- Marketing manager (Stationary)
- Reservation manager (Travels & Tours)
- Project administrator
- Chief accountant
- Head of recruitment
- Human Resources manager
- Restaurant manager
- Chef
- Front office manager
- Waiter/ waitress
- Hotel accountant (Nyaung Shwe)
- Warehouse manager
- Ticketing staff (Travels & Tours)
- Project engineer
- Project administrator
- Credit controller
- NOC Engineer
- Legal director
- Site Engineers (Civil)
- Accountant
- Customer service
- Secretary
- Administrative executive

For more information, please contact Executive Search
01-222963/ 229406/ 09250795701/ 0943227771/ 0943206933
Email- esearch.myanmar@gmail.com
www.esearchmyanmar.com

No. 851/853 (A/B), 3rd Floor, Room (7/8), Bogyoke Aung San Road, Lanmadaw Township,
Yangon, Myanmar. Tel: (951) 229 437, 09 49 227 773, 09 730 94007
Email: esearch@yangon.net.mm, esearch.myanmar@gmail.com
www.esearchmyanmar.com www.facebook.com/esearchmyanmar

ရန်ကုန်စတော့အိပ်ချိန်းတွင် ကုမ္ပဏီ ၁၀ ခုခန့်သာ စံနှုန်းပြည့်မီနိုင်

ဇော်ထိုက်
zawhtikemjn1981@gmail.com

အောက်တိုဘာတွင် စတင်မည်ဟုဆိုသော ရန်ကုန် စတော့အိတ်ချိန်း ဈေးကွက်သို့ ဝင်ရောက်ရန် လက်ရှိအများပိုင်ကုမ္ပဏီ ၂၀၀ ကျော်အနက်မှ ကုမ္ပဏီ ၁၀ ခု ဝန်းကျင်သည် သတ်မှတ်စံနှုန်းများကို ပြည့်မီနိုင်မည်ဟု မျှော်မှန်းထားကြောင်း ဘဏ္ဍာအခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ကပြောသည်။

ဇန်နဝါရီ ၁၀ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပသည့် စတော့အိတ်ချိန်းဆိုင်ရာ ဟောပြောပွဲတွင် မီဒီယာများက ရန်ကုန်စတော့အိတ်ချိန်း စတင်ချိန်တွင် ကုမ္ပဏီအရေအတွက် မည်မျှ သတ်မှတ် အရည်အချင်းနှင့် ကိုက်ညီနိုင်ဖွယ်ရှိသနည်းဟုသောမေးမြန်းမှုကို ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လက်ရှိအချိန်အထိ စတော့ရှယ်ယာဈေးကွက် ကြီးကြပ်ရေးကော်မရှင် (SECM) က စတော့အိပ်ချိန်းတွင် စာရင်းဝင်လိုသည့် အများပိုင်ကုမ္ပဏီများအတွက် စံချိန်စံညွှန်းသတ်မှတ်ချက်များကို ထုတ်ပြန်ခြင်း မရှိသေးပေ။

"ကုမ္ပဏီတွေအတွက် စံချိန်စံညွှန်း သတ်မှတ်ချက်တွေကို မကြာခင်ထုတ်ပြန်တော့မှာပါ။ အဲဒီလိုထုတ်တဲ့အခါကျရင် သူတို့အနေနဲ့ သတ်မှတ်ချက်နဲ့ကိုက်ညီအောင် ပြင်ဆင်ကြမှာပေါ့။ သတ်မှတ်ချက်ကိုတော့ အခုထုတ်ပြောလို့ မရသေးဘူး။ ဒါပေမဲ့ အချက်ကိုးချက်၊ ဆယ်ချက်လောက်တော့ ပါလိမ့်မယ်"ဟု ဒေါက်တာ မောင်မောင်သိမ်းက ပြောသည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိရေးအတွက် မြန်မာ့လယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်း (MAPCO)၊ FMI နှင့် AGD ဘဏ်တို့က တရားဝင်ထုတ်ဖော်ကြေညာကာ ကြိုးပမ်းလျက်ရှိသည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းအသိုင်းအဝိုင်းမှ လုပ်ငန်းရှင်များ၏ ပြောကြားချက်အရ အချို့သောကုမ္ပဏီများသည် ကုမ္ပဏီများအတွက်သတ်မှတ်ချက်ကို စောင့်ကြည့်နေကြခြင်းဖြစ်ကာ သတ်မှတ်ချက်ထွက်ပေါ်သည်နှင့် စတော့အိတ်ချိန်းသို့ ဝင်ရောက်နိုင်ရေးအတွက် ပြင်ဆင်ကြမည်ဖြစ်သည်။

Thura SWISS သုတေသနနှင့် ဘဏ္ဍာရေးဆိုင်ရာ အကြံပေးဝန်ဆောင်မှုကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဒေါက်တာ အောင်သူရက "တချို့အများပိုင် ကုမ္ပဏီတွေက လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက စပြီးပြင်ထားတာတွေရှိတယ်။ အဲဒီလိုကုမ္ပဏီတွေကတော့ သတ်မှတ်ချက်ကို မီနိုင်လောက်ပါတယ်။ သတ်မှတ်ချက်ဆိုတာကလည်း နိုင်ငံတကာသဘောအရတော့ ပွင့်လင်းမြင်သာမှုရှိခြင်း၊ စနစ်ကျတဲ့ စာရင်းအင်းများရှိခြင်းဆိုတဲ့ အချက်တွေအပေါ်မှာပဲ အခြေပြုတာပါ။ ဒီတော့ အဲဒီအချက်တွေကို ကြိုပြင်ထားတဲ့သူတွေတော့ သတ်မှတ်ချက်နဲ့ညီနိုင်ပါတယ်။ သတ်မှတ်ချက်ထွက်မှ ပြင်ဆင်မယ့်ကုမ္ပဏီတွေကျတော့လည်း အောက်တိုဘာမှာ အဆင်မပြေသေးရင်တောင် နောက်တော့လည်း ဖြစ်သွားနိုင်တာပေါ့"ဟု မြန်မာတိုင်း(မ်) ကို ပြောသည်။

စတော့အိတ်ချိန်း ဈေးကွက်များတွင် အများပိုင်ကုမ္ပဏီများသာ ဝင်ရောက်ခွင့်ရှိပြီး လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ အများပိုင်ကုမ္ပဏီပေါင်း ၂၀၀ ကျော်ရှိနေပြီ ဖြစ်သည်။ သို့ရာတွင် အဆိုပါ အများပိုင်ကုမ္ပဏီများအနက် အမှန်တကယ်လုပ်ငန်းမလုပ်ဆောင်သည့် ကုမ္ပဏီများစွာရှိနေသည့်အပြင် လုပ်ငန်းလည်ပတ်မှုရှိနေသည့် ထိပ်သီးအများပိုင်ကုမ္ပဏီကြီးများ စတင်တည်ထောင်သည့်ပုံစံသည်လည်း နိုင်ငံတကာပုံစံများနှင့် ကွဲလွဲမှုကြီးမားစွာရှိနေခြင်းတို့သည် စတော့အိတ်ချိန်းသို့ ဝင်ရောက်ခွင့်ရရေးအတွက် လိုအပ်သည့် စံချိန်စံညွှန်းများနှင့်ကိုက်ညီရန် အခက်အခဲရှိနိုင်ကြောင်း ကျွမ်းကျင်သူများက ထောက်ပြကြသည်။

သို့ဖြစ်ရာ ပြီးခဲ့သည့်လေးနှစ်ခန့်ကစတင်ခဲ့သည့် လာအိုဈေးကွက်သည် ပါဝင်သည့် ကုမ္ပဏီနည်းလွန်းသဖြင့် လက်ရှိအချိန်အထိ ကောင်းမွန်စွာ အောင်မြင်မှုမရှိသေးခြင်းနှင့် ဥပမာပြုကာ ရန်ကုန် စတော့အိတ်ချိန်းဈေးကွက်၏ အောင်မြင်နိုင်အလားအလာကို ဦးမောင်မောင်သိမ်းက သုံးသပ်ပြခဲ့သည်။

"လာအိုရဲ့ စီးပွားရေးအဆောက်အအုံ က သေးသေးလေးပါ။ အများပိုင် ကုမ္ပဏီကလည်း နောက်ထပ်ထပ်ပြီးပေါ်လာဖို့မလွယ်ဘူး။ မြန်မာမှာက ဘာပဲဖြစ်ဖြစ် အခုတောင် အများပိုင်ကုမ္ပဏီက ၂၀၀ ကျော်နေပြီ။ ဒီတော့ အောင်မြင်နိုင်ပါတယ်။ စစချင်းမှတော့ ရှိသလောက်နဲ့ပဲသွားရမှာပေါ့"ဟု ၎င်းက မြန်မာတိုင်း(မ်)ကိုပြောသည်။

နိုင်ငံတကာတွင် စီးပွားရေးလုပ်ငန်းများသည် ပုဂ္ဂလိကပိုင်အဖြစ် စတင်တည်ထောင်ကာ အောင်မြင်မှုအတော်အတန်ရှိလာသည့်အချိန်တွင် အများပိုင်အဖြစ် ပြောင်းလဲဖွဲ့စည်းကာ ရှယ်ယာများကို ထုတ်ရောင်းလေ့ရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌မူ ထိပ်သီးအများပိုင်ကုမ္ပဏီကြီးများပင်လျှင် မည်သည့်လုပ်ငန်းကိုမျှ မလုပ်ကိုင်ရသေးမီကပင် ရှယ်ယာများကိုထုတ်ရောင်းလျက်ရှိသည်။ ထို့ပြင် ယခင်အစိုးရလက်ထက်တွင် မြန်မာကုမ္ပဏီပေါင်းများစွာသည် စာရင်းများကိုမှုကွဲ များစွာထားရှိသောအလေ့အထများ ရှိခဲ့သည်။

> တချို့အများပိုင် ကုမ္ပဏီတွေက လွန်ခဲ့တဲ့နှစ်နှစ်လောက်ကတည်းက စပြီးပြင်ထားတာတွေရှိတယ်။ အဲဒီလိုကုမ္ပဏီတွေကတော့ သတ်မှတ်ချက်ကို မီနိုင်လောက်ပါတယ်

ယင်းအနေအထားတွင် စတော့ရှယ်ယာဈေးကွက်ကြီးကြပ်ရေးကော်မတီ (SECM)က စတော့ဈေးကွက်သို့ ဝင်ရောက်လိုသည့် အများပိုင်ကုမ္ပဏီများအနေဖြင့် ပြီးခဲ့သည့် သုံးနှစ်စာစာရင်းများကို တင်ပြရမည်ဟု သတ်မှတ်ထားသည်။ သို့ဖြစ်ရာ မြန်မာအများပိုင်ကုမ္ပဏီအများစုသည် စတော့အိတ်ချိန်းဝင်ရောက်ရေးအတွက် အခက်အခဲများစွာရှိနေကြောင်း ကျွမ်းကျင်သူများက ထောက်ပြကြသည်။

"နိုင်ငံတကာမှာက ပုဂ္ဂလိကကုမ္ပဏီအဖြစ်တည်ထောင်ပြီး နှစ်အတော်ကြာလုပ်ပြီးလို့ အတိုင်းအတာတစ်ခုအထိ အောင်မြင်လာမှ အများပိုင်အဖြစ် ပြောင်းဖွဲ့ပြီး ရှယ်ယာထုတ်ရောင်းကြတယ်။ ဒီမှာက စကတည်းက အများပိုင်အဖြစ်စထောင်ပြီးဘာမှမလုပ်ရသေးခင် ရှယ်ယာတွေရောင်းနေကြတယ်ဆိုပြီး ဝေဖန်နေတာတွေက ဟုတ်ပါတယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အနေနဲ့ သတ်မှတ်ချက်ပြည့်မီတဲ့ကုမ္ပဏီနဲ့ပဲ စတော့ဈေးကွက်ကိုစရမှာပါ။ ဒါမှပဲ ရင်းနှီးမြှုပ်နှံသူတွေအတွက် လုံခြုံစိတ်ချရမှာပေါ့"ဟု ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

> ကျွန်တော်ပြောတဲ့ ရန်ကုန် စတော့အိတ်ချိန်း အောင်မြင်မယ်ဆိုတာက ကိုယ့်အတိုင်းအတာနဲ့ကိုယ်ပြောတာပါ။ ကျွန်တော့်တို့က အခုမှ ဖြည်းဖြည်းချင်း

မြန်မာနိုင်ငံ၏ အများပိုင်ကုမ္ပဏီများနှင့် စပ်လျဉ်း၍ ဒေါက်တာအောင်သူရက စီးပွားရေးလုပ်ငန်းရှင်များသည် အများပိုင်ကုမ္ပဏီအသစ်များ တည်ထောင်ခြင်းထက် ၎င်းတို့၏ရှိရင်းစွဲ အောင်မြင်ပြီးပုဂ္ဂလိကကုမ္ပဏီများကို အများပိုင်အဖြစ်ပြောင်းလဲဖွဲ့စည်းကာ စတော့ဈေးကွက်သို့ ဝင်ရောက်ရန်ကြိုးပမ်းသင့်ကြောင်း ပြောသည်။

"MAPCO အနေနဲ့ကတော့ ၂၀၁၃ ခုနှစ် ငွေကြေးသက်သေခံလက်မှတ် ရောင်းဝယ်ရေးဥပဒေထွက်တဲ့ အချိန်ကတည်းက စတော့ဈေးကွက်ထဲဝင်နိုင်ဖို့ပြင်ဆင်ခဲ့တာပါ။ အဖွဲ့အနေနဲ့ စတော့ဈေးကွက်ထဲကို မဝင်ရင်လည်း အများပိုင်ကုမ္ပဏီအနေနဲ့ရပ်တည်သွားလို့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ကကို အင်အားကြီးပြီး တောင့်တင်းခိုင်မာတဲ့ အများပိုင်ကုမ္ပဏီကြီးတစ်ခုအနေနဲ့ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်ဖို့ရည်ရွယ်ထားတာပါ။ ဒါကြောင့် စတော့ဈေးကွက်ထဲကိုဝင်ခွင့်ရဖို့ ကြိုးပမ်းနေတာပါ။ ဘာပဲဖြစ်ဖြစ် ဒါနဲ့ပတ်သက်ပြီး စိန်ခေါ်မှုတွေ အများကြီးရှိပါလိမ့်မယ်"ဟု စတော့ဈေးကွက်သို့ ဝင်ရောက်ရေးအတွက် တရားဝင်ကြိုးပမ်းနေသည့် မြန်မာ့လယ်ယာ စီးပွားအများပိုင်ကော်ပိုရေးရှင်း (MAPCO) ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်က ပြောသည်။

ယင်းကုမ္ပဏီသည် စတော့ဈေးကွက် ဝင်ရောက်ရေး တရားဝင်ကြိုးပမ်းရန် MSEC (Myanmar Security Exchange Center)၊ ဂျပန်အခြေစိုက် DAIWA ကုမ္ပဏီနှင့် သဘောတူလက်မှတ်ရေးထိုးပြီး ဖြစ်သည်။

ဘဏ္ဍာအခွန် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက မြန်မာနိုင်ငံတွင် စတင်တည်ထောင်မည့် ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်ကို ဖွံ့ဖြိုးပြီးနိုင်ငံကြီးများက အောင်မြင်ပြီးသော စတော့ဈေးကွက်ကြီးများနှင့် မနှိုင်းယှဉ်သင့်သေးကြောင်း ပြောသည်။

"ကျွန်တော်ပြောတဲ့ ရန်ကုန်စတော့အိတ်ချိန်း အောင်မြင်မယ်ဆိုတာက ကိုယ့်အတိုင်းအတာနဲ့ကိုယ်ပြောတာပါ။ ကျွန်တော့်တို့က အခုမှဖြည်းဖြည်းချင်း စရမှာလေ။ နယူးယော့ခ် စတော့အိတ်ချိန်းလို နှစ်ပေါင်းရာနဲ့ချီပြီး သက်တမ်းရှိတာကြီးနဲ့တော့ သွားမယှဉ်နဲ့လေ"ဟု ဒေါက်တာမောင်မောင်သိမ်း ကပြောသည်။ ■

Property

လမ်းဘေးဈေးသည်များ ရန်ကုန်မြို့၏ အထင်ကရ ပြယုဂ် ဖြစ်လာ

နိုနိုအောင်
noenoeag@gmail.com

ရန်ကုန်မြို့အနှံ့ အထူးသဖြင့် မြို့တွင်းနေရာများတွင် ရောင်းချနေကြသော လမ်းဘေးဈေးသည်များမှာ မြို့၏ ဆွဲဆောင်မှုရှိသော ပုံရိပ်တစ်ခုဖြစ်နေခြင်းကြောင့် လုံးဝဖယ်ရှားပစ်ခြင်းထက် သင့်လျော်သည့် စီမံခန့်ခွဲမှုဖြင့် ဆက်လက်ရှိနေစေသင့်ကြောင်း မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာရှင်တစ်ဦးက ယခုလ ၁၅ နေ့က အကြံပြုပြောကြားသည်။

မြို့ပြဖွံ့ဖြိုးတိုးတက်ရေး နည်းဗျူဟာများနှင့် ပတ်သက်၍ ကူညီလုပ်ကိုင်နေသူတစ်ဦးဖြစ်ပြီး UN-Habitat က မြို့ပြဖွံ့ဖြိုးမှု၊ ဆင်းရဲမှုလျှော့ချရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အကြံပေး မစ္စတာ Michael Slingsby က ယခုလ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့သော Building the Future: The Role of Heritage in the Sustainable Development of Yangon အမည်ရှိ ဆွေးနွေးပွဲတစ်ရပ်တွင် ပြောခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ လမ်းရှုခင်းကိုလည်း ထည့်ပြောမှဖြစ်ပါလိမ့်မယ်။ တကယ်လို့ ဒီလမ်းဘေးဈေးသည်တွေဟာ မြို့ကို ဆွဲဆောင်မှုရှိအောင် လုပ်နေခဲ့တာဆိုရင်ရော၊ ကမ္ဘာလှည့်ခရီးသည်တွေရဲ့အမြင်မှာ ဆွဲဆောင်မှုရှိနေတယ်ဆိုရင်ရော ဆိုတာကို တည်းစဉ်းစားရပါတော့မယ်။ ရန်ကုန်မှာ ရှိနေတဲ့ ရှေးဟောင်းအဆောက်အအုံတွေကို မူလအနေအထားမပျက် ထိန်းသိမ်းစောင့်ရှောက်တဲ့ လုပ်ငန်းထဲမှာ ဒါကလည်း အရေးပါပါတယ်။ မြို့ရဲ့အနာဂတ်ကို မျှော်ကြည့်ဖို့ဆိုရင် မြို့ကို ဘယ်လို ဆွဲဆောင်မှုရှိအောင် လုပ်မလဲဆိုတာကိုလည်း ထည့်သွင်းစဉ်းစားရပါမယ်။ ဧည့်သည်တွေဟာ တစ်ခါလာမယ်၊ မြို့ရဲ့ ဆွဲဆောင်မှုကိုမြင်ရတဲ့အခါမှာ ဆက်ကာ ဆက်ကာ လာချင်လာမယ်" ဟု ၎င်းက ပြောသည်။

ရန်ကုန်မြို့တွင်းတစ်နေရာ၌ ရောင်းချလျက်ရှိသော လမ်းဘေးဈေးဆိုင်တန်းတစ်ခုကို တွေ့ရစဉ်။ ဓာတ်ပုံ-မြန်မာတိုင်း(မ်)

"အဆောက်အအုံတွေကို မူလအနေအထားမပျက်အောင် ဥပဒေနဲ့ ကာကွယ်စောင့်ရှောက်ရာမှာ လူသားချင်းစာနာမှုနဲ့ ဘယ်လိုဆောင်ရွက်မလဲဆိုတာလည်း စဉ်းစားရပါမယ်။ ငွေရေးကြေးရေးအရလည်း ဆွဲဆောင်နိုင်မယ့် ဆောင်ရွက်ချက်မျိုးပေါ့။ လုပ်စရာတွေကတော့ အများကြီးပါ။ ဒေသတွင်းအစိုးရနဲ့ နားလည်မှုရှိရှိ ဆောင်ရွက်တာ၊ စီးပွားရေးသမားတွေနဲ့ လုပ်ဖော်ကိုင်ဖက်အဖြစ် ဆောင်ရွက်တာနဲ့ အဆောက်အအုံတွေနဲ့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်တာ စသည်ဖြင့်ပါပဲ" ဟု ၎င်းက ပြောသည်။

မူလအနေအထားမပျက် ထိန်းသိမ်းစောင့်ရှောက်ရာတွင် လူမှုဝန်းကျင်၏ တွဲဖက်ဆောင်ရွက်မှု လိုအပ်သလို စီးပွားရေးလုပ်ငန်းများနှင့် ဒေသဆိုင်ရာအစိုးရတို့၏ တွဲဖက်မှု လိုအပ်ကြောင်း မစ္စတာ Slingsby က ပြောသည်။

မကြာခဏဆိုသလိုပင် မြို့ပြဖွံ့ဖြိုး တိုးတက်ဖို့ ပြုလုပ်ရာ၌ အထိမ်းအမှတ်အဆောက်အအုံဟောင်းများကိုသာ အာရုံစိုက်မိတတ်ကြပြီး လမ်းသွယ်လမ်းငယ်များနှင့် အဆိုပါလမ်းများထဲမှ အမျိုးစုံလှစွာသော အဆောက်အအုံများ၊ စီးပွားရေးကိစ္စများမှာလည်း မြို့ထဲဧရိယာ၏ စရိုက်လက္ခဏာ၊ သက်ဝင်လှုပ်ရှားမှုနှင့် ဆွဲဆောင်မှု စသည်တို့ ထင်ဟပ်နေသည်ဟု ပြောသည်။

"မြို့ထဲလမ်းတွေမှာ ခင်ဗျားတို့ ဈေးသည်မျိုးစုံကို တွေ့နိုင်ပါတယ်။ အထမ်းနဲ့ ရောင်းနေတဲ့ ငှက်ပျောသီးသည် ရှိမယ်၊ ဟင်းသီးဟင်းရွက်သည်တွေရှိမယ်၊ ရုံဖန်ရုံခါ ပရိဘောဂသည်အထိ ရှိတယ်။ ဒါတွေဟာ မြို့ထဲဧရိယာရဲ့ စီးပွားရေးဆိုင်ရာလှုပ်ရှားမှုတွေပါ။ မြို့ထဲရဲ့ တစ်စိတ်တစ်ပိုင်းဆိုလည်း ဟုတ်တယ်" ဟု မစ္စတာ Slingsby က ဆက်လက်ပြောသည်။

မြို့ထဲတွင် လက်ဖက်ရည်ဆိုင်မှအစ ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်၊ အိမ်သုတ်ဆေးအရောင်းဆိုင်၊ တူရိယာပစ္စည်းအရောင်းဆိုင်၊ စာအုပ်ဆိုင်နှင့် လူသုံးကုန်ပစ္စည်းဆိုင်များ၊ ဆိပ်ကမ်းနှင့် ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းများစသည်တို့မှာ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များဖြစ်သကဲ့သို့ မြို့ထဲဧရိယာ၏ ပုံရိပ်တစ်ခုလိုလည်း ဖြစ်နေသည်။

ထိန်းသိမ်းမှုအတွက် ငွေရေးကြေးရေးအရ ဆွဲဆောင်နိုင်မည့် ဆောင်ရွက်ချက်များပြုလုပ်မည်ဆိုပါက စည်းမျဉ်းများဖြင့် လုပ်ဆောင်သင့်ကြောင်း၊ အဆိုပါ အားပေးဆွဲဆောင်မှုများသည် လျင်မြန်စွာ ဖွံ့ဖြိုး တိုးတက်နေသော မြို့တော်များတွင် အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မရှိမဖြစ် အရေးပါသော်လည်း စည်းမျဉ်းများနှင့် မျှတစွာ ပေါင်းစပ်လုပ်ကိုင်ခြင်းမရှိပါက ထိရောက်မည်မဟုတ်ကြောင်းကိုလည်း အကြံပြုခဲ့သည်။

ကိုလိုနီခေတ် ဗိသုကာလက်ရာ အဆောက်အအုံများ၊ အထိမ်းအမှတ် အဆောက်အအုံအများအပြားမှာ ရန်ကုန်မြို့လယ်ကောင်တွင်ပင် စုဝေးတည်ရှိနေပြီး အဆောက်အအုံအတော်များများမှာလည်း လက်ရှိအချိန်ထိ လူနေထိုင်ခြင်း သို့မဟုတ် အသုံးပြုခြင်းများ ရှိနေဆဲဖြစ်သည်။

အချို့အဆောက်အအုံများ၏ မြေညီထပ်များတွင် ဈေးဆိုင်အများအပြားနှင့် လမ်းမများပေါ်တွင် ရောင်းချလျက်ရှိသည့် ပျံကျဈေးသည်များလည်း ဖွင့်လှစ်ရောင်းချနေပြီး ထိုကဲ့သို့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ သို့မဟုတ် စီးပွားရေးလုပ်ငန်းများကြောင့် မြို့ပြအမွေအနှစ်များအပေါ် သက်ရောက်မှု၊ အဆောက်အအုံများ တည်ရှိရာ ပတ်ဝန်းကျင်နှင့် ကိုက်ညီသည့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ လုပ်နိုင်ရန်အတွက် ရန်ကုန်မြို့ပြအမွေအနှစ်အဖွဲ့၏ အစီအစဉ်ဖြင့် ယမန်နှစ် ဩဂုတ်လအတွင်းက စစ်တမ်းကောက်ယူခဲ့သည်။

"လမ်းဘေးဈေးသည်တွေကို လုံးဝပပျောက်အောင် လုပ်လိုက်ဖို့ဆိုတာလည်း မဖြစ်နိုင်ဘူး။ ဒါက လူမှုဘဝပုံစံတစ်ခုဖြစ်သလို ဒီကိုလာတဲ့ ကမ္ဘာလှည့်ခရီးသွားတွေက လမ်းဘေးဈေးသည်တွေ ရောင်းချနေတာကို စိတ်ဝင်တစားရှိကြတယ်။ ဒါဟာလည်း ကမ္ဘာလှည့်ခရီးသွားတွေအတွက် ဆွဲဆောင်မှုတစ်မျိုးပဲ။ အခုလို အချိန်အကန့် အသတ်နဲ့ ရောင်းချစေတာ၊ စည်းကမ်းတကျ ကြပ်မတ်ပေးတာမျိုးက ပိုအဆင်ပြေမှာပါ" ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကလည်း လမ်းဘေးဈေးဆိုင်များကို ကူညီထောက်ပံ့ပေးနိုင်ရန်နှင့် စည်းကမ်းတကျ ဖွင့်လှစ်နိုင်ရန် စားသောက်ဆိုင်ငယ် ၁၈ ဆိုင်ကို ရွေးချယ်ကာ ၂၀၁၅ ခုနှစ်အတွင်း စနေ၊ တနင်္ဂနွေနေ့တိုင်း ညနေ ၅ နာရီမှ ည ၁၁ နာရီအထိ ဖွင့်လှစ်နိုင်မည့် ညဈေးတစ်ခု ပြုလုပ် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။ ■

မြန်မာ့အိမ်ခြံမြေဈေးကွက် နိုင်ငံတကာ၌ အသိအမှတ်ပြုနိုင်ရန် ဆုတံဆိပ်များ ချီးမြှင့်သွားမည်

မြတ်ငြိမ်းအေး
myatnyeinaye11092@gmail.com

ထိုင်းနိုင်ငံအခြေစိုက် Ensign Media Group မှ ထုတ်ဝေသည့် Property Report Magazine က အာရှဒေသအတွင်း အိမ်ခြံမြေဈေးကွက်အတွင်းရှိ အောင်မြင်မှုများကို ကမ္ဘာ့အသိအမှတ်ပြု ဖော်ပြနိုင်ရန် Property Awards ဆုများကို ချီးမြှင့်လျက်ရှိရာမှ ယခုနှစ်တွင် မြန်မာနိုင်ငံလည်း ပါဝင်လာခဲ့ကြောင်း သတင်း ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်ခန့်မှ စတင်၍ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အိမ်ခြံမြေကဏ္ဍတွင် နိုင်ငံတကာမှစိတ်ဝင်စားမှုများကို များစွာရရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုများလည်း ဝင်ရောက်လာခဲ့သည်။

ယခုနှစ်တွင် အဆိုပါ အရှေ့တောင်အာရှ အသိအမှတ်ပြု Property Awards ဆုရရှိနိုင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် မြန်မာနိုင်ငံလည်း ပါဝင်ယှဉ်ပြိုင်နိုင်ရန် ယင်းကုမ္ပဏီက မြန်မာနိုင်ငံတွင် လာရောက်ကျင်းပပေးသွားမည် ဖြစ်သည်။

ဆောက်လုပ်ရေး စီမံကိန်းဆု၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်ဆု၊ ဗိသုကာဆိုင်ရာဆုများ စသဖြင့် ဆုပေါင်းများစွာ ချီးမြှင့်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံက လုပ်ငန်းရှင်များ၊ ပညာရှင်များလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ပူးပေါင်းဆောင်ရွက်သွားမည့် House.com.mm ကုမ္ပဏီမှ ပြန်ကြားရေး အရာရှိကိုအောင်လင်းထက်က ပြောသည်။

"သူတို့တွေက အရှေ့တောင်အာရှရဲ့ အိမ်ခြံမြေဆိုင်ရာ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေကို နိုင်ငံတကာအသိအမှတ်ပြု ဖြစ်နိုင်အောင် ရွေးချယ်ပြီး ဆုတွေချီးမြှင့်ပေးပါတယ်။ ဒီလို ဆုတံဆိပ်တွေ ရသွားတဲ့သူတွေကလည်း အများကြီး အထောက်အကူတွေ ရရှိကြပါတယ်။ ဒီနှစ်ကိုတော့ မြန်မာနိုင်ငံကိုပါ ဆုတံဆိပ်တွေရရှိနိုင်အောင် ထည့်သွင်းခဲ့တာပါ။ မြန်မာနိုင်ငံကလည်း အိမ်ခြံမြေလုပ်ငန်းက ဒီနှစ်ပိုင်းတွေမှာ အောင်မြင်ခဲ့တယ်။ အိမ်ခြံမြေဈေးနှုန်းတွေလည်း မြင့်ခဲ့တယ်။ ဒါကလည်း စိတ်ဝင်စားစရာတစ်ခု ဖြစ်ခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ ဆုချီးမြှင့်ပွဲကို ဆူးလေ ရှန်ဂရီလာ ဟိုတယ်တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်းက အိမ်ခြံမြေလုပ်ငန်းကျွမ်းကျင်သူများနှင့် နိုင်ငံတကာအတိုင်ပင်ခံအဖွဲ့များမှ ရွေးချယ်သွားမည်ဖြစ်ကာ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် လုပ်ငန်းရှင်များနှင့် ပညာရှင်များမှာလည်း ဖေဖော်ဝါရီလ ၆ ရက်နေ့ နောက်ဆုံးထား ၍ ကုမ္ပဏီ၏ ဝက်ဘ်ဆိုက် http://www.asiapropertyawards.com/myanmarpropertyawards တွင် စာရင်းပေးသွင်းနိုင်သည်။

မြန်မာနိုင်ငံမှ Property Awards ဆုရရှိသူများသည် ယခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ စင်ကာပူနိုင်ငံ ရှန်ဂရီလာ ဟိုတယ်တွင် ကျင်းပမည့် အရှေ့တောင်အာရှ Property Awards ဆုများ ချီးမြှင့်ပွဲတွင် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ကုမ္ပဏီက သတင်းထုတ်ပြန်ခဲ့သည်။

"အခုလို အိမ်ခြံမြေပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတွေကို ဆုတံဆိပ်တွေပေးတာက မြန်မာနိုင်ငံရဲ့ အိမ်ခြံမြေဈေးကွက်ကိုလည်း အရည်အသွေး မြင့်လာအောင် တစ်ဖက် တစ်လမ်းက အထောက်အပံ့ပေးနိုင်မှာပါ။ နောက်ပြီး ကမ္ဘာ့ဈေးကွက်ရဲ့ ဝေစုကို တစ်နည်းတစ်ဖုံဝင်ရောက်နိုင်အောင်လည်း အကူအညီပေးနိုင်မယ့် အခွင့်အလမ်းတွေ ဖြစ်ပါတယ်" ဟု အဆိုပါ Property Awards အတွက် တွဲဖက်လုပ်ငန်းလုပ်ဆောင်လျက်ရှိသည့် House.com.mm မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Jan Sommerfeld က ပြောသည်။

ပြီးခဲ့သည့်နှစ်အတွင်း ရန်ကုန်မြို့တွင်းသို့ နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ၊ အတိုင်ပင်ခံအဖွဲ့များ ဝင်ရောက်လာမှုများကြောင့် ရန်ကုန်မြို့တွင် ရုံးခန်းလိုအပ်ချက်မှာ မြင့်တက်ခဲ့ပြီး ရုံခန်းနေရာငှားရမ်းခများမှာလည်း အဆမတန် ဈေးများမြင့်တက်ခဲ့ရာမှ နိုင်ငံတကာနှင့် နှိုင်းယှဉ်သည့်အခါတွင် ကမ္ဘာ့ထိပ်တန်းမြို့ကြီးများ၏ ဈေးနှုန်းနီးပါးခန့် ရောက်ရှိခဲ့ကြောင်း ၎င်းကပြောသည်။

၂၀၁၄ ခုနှစ်အတွင်း ရုံးခန်းနေရာငှားရမ်းခမှာ ပျမ်းမျှအားဖြင့် တစ်စတုရန်းပေလျှင် အမေရိကန်ဒေါ်လာ ၁၀၀ ဝန်းကျင်ခန့်ရှိခဲ့သည်။

ထို့ပြင် ဈေးကွက်လိုအပ်ချက်များအရ ဖြည့်ဆည်းနိုင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းများ၊ စီမံကိန်းအသစ်များလည်း အများအပြားပေါ်ထွက်ခဲ့ပြီး အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အလျင်အမြန် အကောင်အထည် ဖော်မှုများကြောင့် ဆောက်လုပ်ရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာခဲ့သည်။

"မြန်မာနိုင်ငံရဲ့ အိမ်ခြံမြေဈေးကွက်ကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု က ၂၀၁၃ နဲ့ ၂၀၁၄ မှာ တော်တော် ဝင်ရောက်ခဲ့တယ်။ ရင်းနှီးမြှုပ်နှံမှုနှုန်း အမေရိကန်ဒေါ်လာ ၁,၃၃၈ သန်းလောက်တောင် ရရှိခဲ့ပါတယ်။ အခုလို မြန်မာနိုင်ငံရဲ့ အိမ်ခြံမြေကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ကမ္ဘာကအသိအမှတ်ပြု ဖော်ပြနိုင်ဖို့အတွက် ဆုတံဆိပ်တွေကို ဒီနှစ်မှာစပြီးချီးမြှင့်ဖို့ ဆောင်ရွက်ခဲ့တာပါ" ဟု ၎င်းကပြောသည်။ ■

ကြိုပွိုင့်တိုက်ခန်းဈေးကွက် ဝယ်လိုအား ကျဆင်းလာ

ကိုကိုအောင်
pmkokoaung@gmailcom

ပြီးခဲ့သည့်နှစ်များအတွင်း အိမ်ခြံမြေစီမံကိန်းများတွင် တိုက်ခန်း ကြိုတင်ဝယ်ယူမှု (ကြိုပွိုင့်) များ တွင်ကျယ်စွာ ပြုလုပ်ခဲ့သော်လည်း လက်ရှိတွင် အိမ်၊ မြေနှင့် တိုက်ခန်းများ ဝယ်ယူမှုအပေါ် အခွန်အခများ တင်းကျပ်စွာ သတ်မှတ်ခြင်းတို့ကြောင့် ကြိုပွိုင့်ဝယ်ယူမှုများ နည်းပါးလာနေကြောင်း အိမ်ခြံမြေ အကျိုးဆောင်များက ပြောသည်။

"တကယ်နေမယ့်လူတွေ ဝယ်တာကလွဲပြီး တခြားဝယ်လက်တွေ နည်းသွားတာကြောင့် တိုက်ခန်းကြိုပွိုင့် အရောင်းအဝယ် အေးနေပါတယ်" ဟု မိုးလွင်အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးမင်းချိုဦး က ပြောသည်။

ဈေးကွက်အနေအထားအရ အထူးသဖြင့် ကြိုပွိုင့်တိုက်ခန်း ဝယ်ယူသူများသည် တိုက်ခန်း ဝယ်ရောင်းသမားများနှင့် ဝန်ထမ်းများသာ အများစုဖြစ်သည်။ ငွေကြေးကို တစ်ခါတည်း အကျေပေးချေရန်မလိုပဲ အရစ်ကျပေးသွင်းရသဖြင့် လွန်ခဲ့သည့်နှစ်များအတွင်းက ကြိုပွိုင့်ဝယ်ယူသူများ သိသာစွာ ပေါ်များခဲ့သည်။ ပုံမှန်အားဖြင့် ကြိုပွိုင့်တိုက်ခန်း ဝယ်ယူမှုအတွက် လေးရစ်မှ ငါးရစ်အထိ ခွဲကာ ငွေပေးသွင်းဝယ်ယူကာ တိုက်ခန်း ပိုင်ဆိုင်နိုင်သည့် အားသာချက်နှင့် တစ်ခါတည်း ငွေအလုံးအရင်း များစွာမပေးချေရသဖြင့် ငွေကြေးလှည့်နိုင်သည့် အခွင့်အရေးများသဖြင့် ကြိုပွိုင့်ဝယ်ယူလေ့ရှိကြကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ လုပ်ငန်းရှင်များက ပြောသည်။

"တိုက်ခန်းကြိုပွိုင့်ဝယ်ယူသူအများစုက ဝယ်ရောင်းသမားတွေပါ။ ခုတော့ နယ်မြေအလိုက် အခွန်တွေသတ်မှတ်တာ နိုင်ငံရေးနဲ့ စီးပွားရေး အခြေအနေကြောင့် အိမ်ခြံမြေဈေးကွက်က အေးသွားတာပါ" ဟု ဦးမင်းချိုဦး က ပြောသည်။

ကန်ထရိုက်များကို ယုံကြည်မှုကျဆင်းလာခြင်းနှင့် မြို့တော်စည်ပင်မှစစ်ဆေးပြီး အရည်အသွေးမပြည့်မီသောတိုက်များကို ပြန်လည်ဖြိုချခြင်းများပြုလုပ်ခြင်း ကြောင့်လည်း တိုက်ခန်းကြိုပွိုင့်ဝယ်ယူသူများ စိုးရိမ်ထိတ်လန့်ကာ ဝယ်ယူမှုနည်းလာခြင်းဖြစ်ကြောင်းလည်း လုပ်ငန်းရှင်များကပြောသည်။

ယခင်က အိမ်ရာများတည်ဆောက်ရာတွင် ကြိုပွိုင့်ရောင်းချခြင်းဖြင့် ၇၀ ရာခိုင်နှုန်း ကျော်ရောင်းချနိုင်သော်လည်း ယခုအခါ ဝယ်လက်နည်းပါးနေသဖြင့် ဈေးကွက်အေးနေကြောင်း ယူနတီအိမ် ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ ဦးသန်းဦးကပြောသည်။

"တိုင်းပြည်စီးပွားရေးကောင်းရင် အိမ်ခြံမြေဈေးကွက်ကလည်း ကောင်းပါတယ်။ လက်ရှိ မျက်ဝါးထင်ထင် မြင်တွေ့နေကြရတဲ့ အိမ်ခြံမြေနဲ့တိုက်ခန်းဈေးကွက်တွေတောင် အေးနေတဲ့အချိန်မှာ ဘာမှမမြင်မတွေ့ရတဲ့ ကြိုပွိုင့်တိုက်ခန်းဈေးကွက်ကတော့ပိုဆိုးတာပေ့ါ။ အရစ်ကျဝယ်တဲ့အခွင့်အရေးရယ် ပြီးမှဝယ်တာထက် သက်သာတဲ့ဈေးနှုန်းရယ်ကြောင့် ကြိုပွိုင့်ကို ဝယ်ကြတာပါ။ ခုတော့ ကြိုပွိုင့်ဈေးကွက်လည်း အေးနေပါတယ်" ဟု ဦးသန်းဦးကပြောသည်။

ပြည်တွင်း အိမ်ခြံမြေဈေးကွက်သည် ၂၀၁၅ ခုနှစ်တစ်နှစ်လုံးနီးပါး ငြိမ်သက်နေနိုင်ကြောင်းလည်း အိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။ အထူးသဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအခြေကို စောင့်ကြည့်နေကြပြီး ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စောင့်ကြည့်လေ့လာနေကြခြင်းနှင့် လက်ရှိတွင် အစိုးရလုပ်ငန်းစီမံကိန်းများလည်း မပြုလုပ်ခြင်းတို့ကြောင့် စီမံကိန်းနေရာများ အနီးတစ်ဝိုက်တွင် လိုက်လံရင်းနှီးမြှုပ်နှံသူများ နည်းပါးသွားခြင်းတို့ကြောင့်လည်း အိမ်ခြံမြေဈေးကွက် အေးသွားခြင်းဖြစ်ကြောင်း အိမ်ခြံမြေဝယ်ရောင်းလုပ်ကိုင်သည့် လုပ်ငန်းရှင်များနှင့် အကျိုးဆောင်များက ပြောသည်။ ■

SKYS
VIP LA
AYA Bank
BM
Grand

FREEHOLD
LAND
UITES
AUNCH
th
Q HOME
Quality Home, Quality Life
MW
Prize
Hotline +959 - 252 80 8200, 252 80 8300

the pulse

အကြောက်တရားနဲ့ စိုးရိမ်မှုများစွာ ပါဝင်နေတဲ့ အမှောင်ထဲက ဘဝတချို့

ငြိမ်းအိအိထွေး
nyeineieihtwe23@gmail.com

မြန်မာတစ်နိုင်ငံလုံးမှာ ပြည့်တန်ဆာအဖြစ် လုပ်ကိုင်သူဦးရေ ၇၀,၀၀၀ ဝန်းကျင်ရှိတယ်လို့ ၂၀၁၃ ခုနှစ်က ထုတ်ပြန်တဲ့ ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးအဖွဲ့ ယူအင်န်အေ့ဒ်စ်ရဲ့ စစ်တမ်းတစ်စောင်မှာ ဖော်ပြထားပြီး သူတို့တွေထဲကမှ ၈ ဒသမ ၁ ရာခိုင်နှုန်းသော ပြည့်တန်ဆာတွေက အိပ်ချ်အိုင်ဗီပိုးနဲ့ အသက်ရှင်နေထိုင်သူတွေ ဖြစ်ပါတယ်။ တစ်နိုင်ငံ လုံး အတိုင်းအတာထဲကမှ ပြည့်တန်ဆာ ၂၄ ဒသမ ၅ ရာခိုင်နှုန်းက ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့မှာ အလုပ်လုပ်ကိုင်နေကြပြီး ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှာ ၁၂ ဒသမ ၅ ရာခိုင်နှုန်း၊ ရန်ကုန်မြို့မှာ ၁၁ ရာခိုင်နှုန်းနဲ့ မန္တလေးမြို့မှာတော့ ၃ ဒသမ ၅ ရာခိုင်နှုန်း အလုပ်လုပ်ကိုင်နေကြတယ်လို့လည်း စစ်တမ်းကောက်ယူထားမှုကို ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ ပြည့်တန်ဆာလုပ်ငန်း တရားဝင်လုပ်ကိုင်ခွင့် ပေါ်ပေါက်လာရေးအတွက် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လက အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက အဆိုပြုတင်သွင်းခဲ့ပေမယ့် အကြောင်းပြချက်များစွာနဲ့ ပယ်ချခံခဲ့ရပါတယ်။ ဒါကြောင့် ခုချိန်ထိ ပြည့်တန်ဆာလုပ်ငန်းဟာ တရားမဝင်လုပ်ငန်းအဖြစ် ဆက်လက်တည်ရှိနေပြီး ၁၉၄၉ ခုနှစ်မှာ အတည်ပြုခဲ့တဲ့ ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ အမှတ်(၂၄)၊ ပုဒ်မ ၃(က) (ခ) ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃ တို့နဲ့ တရားစွဲဆို ဖမ်းဆီးနိုင်သလို ရဲဥပဒေ ၃၀ (ဃ) နဲ့လည်း ဖမ်းဆီးအကျဉ်းချနိုင်ပါတယ်။

ဒီလို တရားမဝင်လုပ်ဆောင်နေတဲ့ ပြည့်တန်ဆာအမျိုးသမီးတွေ ကြုံတွေ့နိုင်တဲ့ လိင်ဆက်ဆံမှုကတစ်ဆင့် ရရှိလာမယ့် အိပ်ချ်အိုင်ဗီပိုး၊ အနိုင်အထက်ပြုကျင့်ပြီး တန်ရာတန်ကြေးမပေးတဲ့ လိင်ဆက်ဆံဖော်ဧည့်သည် စတာတွေအပြင် တခြားသူတို့ စိုးရိမ်ကြောက်လန့်နေရတဲ့ အကြောင်းအရာတချို့ကို ဖော်ပြလိုက်ပါတယ်။

မန်နေဂျာ (သို့မဟုတ်) အရပ်အခေါ် ခေါင်း

သားလေးတစ်ယောက် မွေးဖွားပြီးနောက်ပိုင်း အိမ်ထောင်ပျက်ရာက ပြည့်တန်ဆာအဖြစ် စတင်လုပ်ကိုင်ခဲ့တဲ့ မသီတာ(အမည်လွှဲ)မှာ သူအလုပ်လုပ်ကိုင်ခဲ့ရာ ပြည့်တန်ဆာအိမ်၊ သို့မဟုတ် ခေါင်းအိမ် (အမျိုးသမီးများကို ပြည့်တန်ဆာအလို့ငှာ ခေါ်ယူနိုင်သည့်အိမ်)ရဲ့ ခေါင်းပုံဖြတ်အနိုင်ကျင့်မှုအတွေ့အကြုံတွေက ခုချိန်ထိ အမှတ်ရစရာအဖြစ် ကျန်ရှိနေပါသေးတယ်။

ခေါင်းအိမ်တစ်အိမ်စီမှာ ချမှတ်ထားတဲ့ စည်းကမ်းတွေ ရှိတတ်ပြီး တစ်အိမ်နဲ့ တစ်အိမ်တော့ မတူပါဘူး။ မသီတာ အလုပ်လုပ်ခဲ့တဲ့အိမ်မှာတော့ တစ်ညကို ငါးဆက်ရှင် (အချိန်ငါးချိန်) လိင်ဆက်ဆံဖော် ဧည့်သည်နဲ့ အလုပ်လုပ်ရမှာဖြစ်ပါတယ်။

"ငါးဆက်ရှင်ဆိုတာ လူငါးယောက်နဲ့ လိင်ဆက်ဆံရမှာ ပြောတာ မဟုတ်ပါဘူး။ အချိန်ငါးချိန်လို့ သတ်မှတ်ထားတဲ့အတွက် တစ်ချိန်စီမှာ လာတဲ့ဧည့်သည်များရင် များသလို ကျွန်မတို့ ပင်ပန်းတာတွေ ရှိပါတယ်။ တစ်ခါတလေ အလုပ်ဆက်လုပ်လို့မရအောင် နေမကောင်းတာမျိုးတွေ ရှိပေမယ့် ငါးချိန်မပြည့်ရင်တော့ ကျွန်မတို့ ရမယ့်ပိုက်ဆံတွေ သေချာပေါက် အဖြတ်ခံရတာပါပဲ"လို့ မသီတာက ရှင်းပြပါတယ်။

တချို့ခေါင်းအိမ်တွေမှာတော့ အချိန်မပြည့်ရင် ဝင်ငွေဖြတ်ရုံတင်မကဘဲ နောက်တစ်နေ့မှာပါ နေ့ပိုင်းအပြင်ထွက်ခွင့် ပိတ်တယ်လို့ သတ်မှတ်ထားတာကြောင့် မိသားစု မသိအောင် ပြည့်တန်ဆာအဖြစ် လုပ်ကိုင်သူတွေ၊ ချစ်သူရည်းစားနဲ့ တွေ့ဖို့ ပြင်ဆင်နေသူတွေအတွက် အချိန်ငါးချိန်ပြည့်အောင် ကြိုးစားကြရပါတယ်တဲ့။

"မိုးက လင်းတော့မယ်။ အချိန်က မပြည့်သေးဘူးဆိုရင် အိမ်ကို

ဓာတ်ပုံ - သိဒ္ဓိ

ရန်ကုန်မြို့ရှိ တည်းခိုခန်းတစ်ခုတွင် တွေ့ရသော ပြည့်တန်ဆာတစ်ဦး။ ဓာတ်ပုံ - သိဒ္ဓိ

ccexawm w&m;r0iao;wmaluni jyprajrmuypw ,/ acqi;yjzw zEyw jynweqm trawrm rvycib;q&i awm uvywu *eqi;(wp0;wn; vr;ab;wi {nonu apmiac aom jynweqm)awy vy&y; &e ta ,mi aqmi&awu tumtu ,rpm awlu(&awmwmyjy ...

ဘယ်လိုပြန်ရမလဲဆိုတဲ့စိတ်နဲ့ အရမ်းစိတ်ညစ်ရပါတယ်။ တစ်ခါတလေ ကွန်ဒုံးမသုံးချင်ဘူး၊ ဈေးများတယ် စတဲ့ ကကြီးကကြောင်ဧည့်သည်တွေနဲ့ တွေ့ရင်လည်း အချိန်ပြည့်ရင်ပြီးရော ဆိုတဲ့စိတ်နဲ့ပဲ ကြိတ်မှိတ်နေလိုက်ရတာပါပဲ” လို့ ဆေးရုံမှာ ညဘက် လူနာစောင့်အလုပ်လုပ်တယ်လို့ အိမ်ကို လိမ်ပြောခဲ့တဲ့ မသီတာက သူ့အတွေ့အကြုံကို ပြောပါတယ်။

ခေါင်းအိမ်တွေအနေနဲ့ ဧည့်သည်ကို ရှာပေးတတ်သလို အမှုအခင်းဖြစ်ရင်လည်း တရားရုံးမှာ ပြည့်တန်ဆာတွေဘက်က အကုန်အကျခံ ကာကွယ်ပေးပေမယ့် တကယ်တမ်း အမှုအခင်းကလွတ်တာနဲ့ ကုန်ကျစရိတ်ကို နှစ်ဆတိုးပြီး ပြန်တောင်းတတ်ပါသေးတယ်လို့ သူက ဆက်ပြောပါတယ်။

“ပြည့်တန်ဆာအမှုဆိုရင်တော့ လိုက်လို့မရဘူးပေါ့။ မှောင်ရိပ်ခိုမှုလောက်၊ ၃ (က)(ခ) (လူစည်ကားရာအရပ်တွင် လျှပ်ပေါ်လော်လည်ဝတ်ကာ ပြည့်တန်ဆာအလို့ငှာ မြှူဆွယ်ဖြားယောင်းခြင်း)တို့နဲ့ ဆွဲတယ်ဆိုရင်တော့ ခေါင်းတွေက လိုက်ရှင်းပေးတယ်။ ဒါပေမဲ့ အတိုးနဲ့ ယူရတယ်ဆိုပြီး ကိုယ်တွေက သူတို့ပြောသမျှ ပိုက်ဆံကို ပြန်ဆပ်ဖို့အတွက် သူတို့အိမ်မှာပဲ ဆက်လုပ်ဖြစ်တာပေါ့” လို့ မသီတာက ပြောပါတယ်။

အခုအချိန်မှာတော့ မသီတာက ပြည့်တန်ဆာအလုပ်ကို စွန့်လွှတ်လိုက်ပြီး နိုင်ငံတကာ ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့အစည်းတစ်ခုမှာ ပြည့်တန်ဆာတွေကို ကျန်းမာရေးအသိ လိုက်ပြောပေးရတဲ့ ဝန်ထမ်းအဖြစ် အလုပ်လုပ်ကိုင်နေပါပြီ။

“အနှိပ်ခန်းမန်နေဂျာတွေရော၊ ခေါင်းတွေရော ကျွန်မတို့ကို ကောင်မလေးတွေနဲ့ ဘယ်တုန်းကမှ ပေးမတွေ့စေချင်ခဲ့ဘူး။ နောက်ဆုံး ကောင်မလေးတွေဘက်က တောင်းပန်ပြီး သွေးစစ်ချင်လို့၊ ဆီးစစ်ချင်လို့၊ ကွန်ဒုံးလိုချင်လို့ စသဖြင့် ကျွန်မတို့နဲ့ တွေ့ပါရစေဆိုလို့ ခွင့်ပြုလိုက်ရင်လည်း တွေ့ရတဲ့အချိန်ကိုလိုက်ပြီး သူတို့ကို ပိုက်ဆံပြန်ဖြတ်သေးတယ်” လို့ မသီတာက စိတ်မကောင်းစွာ ပြောပါတယ်။

ဒီလိုဖိနှိပ်မှုတွေ ရှိနေပေမယ့်လည်း ပြည့်တန်ဆာမိန်းကလေးတွေအနေနဲ့ ရသင့်တဲ့ ငွေကြေးအတိုင်းအတာ မရရှိသလို မတရားမှုကို တိုင်ကြားစရာ နေရာလည်း မရှိတာကြောင့် ပြည့်တန်ဆာအိမ်တွေမှာပဲ ဆက်လက်လုပ်ကိုင်ကြရပါတယ်။

ပွဲစား

အသက် ၃၈ နှစ်ရှိပြီဖြစ်တဲ့ မခင်ဝိုင်း(အမည်လွှဲ)ကတော့ ခေါင်းအိမ်တွေနဲ့ မန်နေဂျာတွေက ပြည့်တန်ဆာတွေအပေါ် ခေါင်းပုံဖြတ် ဖိနှိပ်လွန်းတယ်လို့ ပြောခဲ့တဲ့ မသီတာရဲ့စကားတွေကို မထောက်ခံပါဘူး။ ကိုယ်လက်ခံမယ့်အလုပ်ရဲ့ တန်ရာတန်ကြေးကို သိပြီးမှ အလုပ်လက်ခံလို့ရတာမို့ ခေါင်းအိမ်တွေရဲ့ အပြစ်တွေချည်းပဲလို့ ပြောလို့မရဘူးလို့ မခင်ဝိုင်းက ပြောပါတယ်။

သူက ဧရာဝတီတိုင်းဒေသကြီးက နယ်မြို့တစ်မြို့မှာ ပြည့်တန်ဆာတစ်ဦးအဖြစ် ခေါင်းအိမ်မှာ အလုပ်လုပ် အသက်မွေးခဲ့ပြီး သူနေထိုင်ခဲ့တဲ့ အိမ်ကတော့ ဆိုးရွားခေါင်းပုံဖြတ်တဲ့ အပြုအမူတွေ မရှိဘူးလို့ မခင်ဝိုင်းက ပြောပါတယ်။

“သူက ကျွန်မတို့ကို ဧည့်သည်တစ်ယောက် ကျပ်ငါးထောင်နဲ့ သတ်မှတ်ထားပြီးသား။ ကိုယ်တောင်းတတ်လို့၊ ဒါမှမဟုတ် ဧည့်သည်သဘောကောင်းလို့ တစ်သောင်း၊ တစ်သောင်းခွဲ ရရင်လည်း ပိုတာကိုယ်ယူရတာပါပဲ” လို့ ၁၂ နှစ်ကြာ ပြည့်တန်ဆာတစ်ဦးအဖြစ် အသက်မွေးခဲ့တဲ့ သူ့အတွေ့အကြုံကို ပြောပါတယ်။

မန်နေဂျာနဲ့ ခေါင်းတွေက မိန်းကလေးတွေရဲ့ ဝင်ငွေထဲက ခေါင်းပုံဖြတ်လေ့ရှိပေမယ့် မိန်းကလေးအချင်းချင်း ဝင်ငွေမျှတအောင်တော့ ပြန်စီစဉ်ပေးပါတယ်တဲ့။

“တကယ်လို့ ညသန်းခေါင်အထိ ဖောက်သည်က ကိုယ့်ကို မရွေးသေးဘူးဆိုရင် အရွေးခံပြီးသားလူတွေကို မန်နေဂျာက ထုတ်မပြတော့ဘူး။ ဒီတော့ ဝင်ငွေမရှိ၊ အလုပ်မလုပ်ရတဲ့ ညဆိုတာမရှိတော့ဘဲ အဲဒီအတွက်

စာမျက်နှာ ၃၆ သို့

ဗိုလ်ချုပ် ရာပြည့်မွေးနေ့ အထိမ်းအမှတ်ပွဲများကို တစ်နှစ်ပတ်လုံး ကျင်းပသွားမည်

မြင့်ကေသီ
myintkay94thi@gmail.com

ဒီနှစ် ဖေဖော်ဝါရီလမှာ ကျရောက်မယ့် ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့်မွေးနေ့အထိမ်းအမှတ်ပွဲတွေကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ ညွှန်ကြားချက်အရ တစ်နှစ်ပတ်လုံး ကျင်းပသွားမှာဖြစ်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး က ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်အောင်ဆန်းနှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲကို ၂၀၁၅ ခုနှစ် တစ်နှစ်ပတ်လုံးကျင်းပပြုလုပ်သွားဖို့ မှာချမှတ်ပေးထားပါတယ်။ သူ လမ်းညွှန်ထားတဲ့အတိုင်း အထိမ်းအမှတ်ပွဲတွေကို ပြုလုပ်သွားမှာဖြစ်ပါတယ်" လို့ သူက ပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြုလုပ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့်မွေးနေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီလ ၁၉ ရက်နေ့က တော်ဝင်နှင်းဆီစားသောက်ဆိုင်မှာ ကျင်းပပြုလုပ်ခဲ့ပြီး လက်ရှိမှာတော့ အလှူငွေကျပ် ၆၇ သိန်း ရရှိပြီဖြစ်တယ်လို့သိရပါတယ်။

ဗိုလ်ချုပ်ရာပြည့်မွေးနေ့ကို ဇန်နဝါရီ၊ ဖေဖော်ဝါရီနဲ့ မတ်လတွေမှာ ဦးစားပေးလုပ်ဆောင်သွားမှာဖြစ်ပြီးတော့ ဖေဖော်ဝါရီလ ၁၂ ရက်၊ ၁၃ ရက်နဲ့ ၁၄ ရက်နေ့တွေမှာတော့ ခမ်းခမ်းနားနား ကျင်းပသွားမှာ ဖြစ်ပါတယ်။

"ဒီနှစ်က ဗိုလ်ချုပ်ရဲ့နှစ်ပါ။ အဲဒီအတွက် ကျွန်တော်တို့ကော်မတီအနေနဲ့ တစ်နှစ်လုံး ဗိုလ်ချုပ်ကို ဂုဏ်ပြုကျေးဇူးဆပ်တဲ့ အထိမ်းအမှတ်ပွဲတွေကို ရနိုင်သလောက် ကြိုးစားလုပ်ဆောင်သွားမှာပါ" လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့် အထိမ်းအမှတ်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးညီပုက ပြောပါတယ်။

ဗိုလ်ချုပ်ရာပြည့်ပွဲဖြစ်မြောက်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကော်မတီဖွဲ့စည်းကာ စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိပြီး လမ်းလျှောက်ပွဲပြုလုပ်ခြင်း၊ စာပေဟောပြောပွဲ ကျင်းပခြင်း၊ လိုဂို၊ ဗီနိုင်း ထောင်ခြင်းများ ပြုလုပ်နေပြီး ဗိုလ်ချုပ်အထိမ်းအမှတ်ပွဲမှာ ပါဝင်လိုတဲ့ တခြားမည်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေနဲ့မဆို ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်လို့ သူက ဆိုပါတယ်။

ဗိုလ်ချုပ်နှစ်တစ်ရာပြည့်အထိမ်းအမှတ်ပွဲတွေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တစ်ခုတည်းသာမက တခြားသော ဗိုလ်ချုပ်ကို ချစ်မြတ်နိုးပြီး ဗိုလ်ချုပ်ကို လွမ်းဆွတ်ကျေးဇူးဆပ်လိုတဲ့ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေကလည်း တိုင်းနဲ့ပြည်နယ်အသီးသီးမှာ ကျင်းပပြုလုပ်ကြမှာဖြစ်ပါတယ်။

"ဗိုလ်ချုပ်ရဲ့မွေးနေ့အထိမ်းအမှတ်ပွဲကို ကျွန်တော်တို့ ဗဟိုကော်မတီက ရန်ကုန်မှာ ပြုလုပ်တာဖြစ်ပေမယ့် တခြားမြို့၊ ရွာတွေမှာလည်း သူတို့တတ်နိုင်သလောက် ဂုဏ်ပြုကြမှာပါ။ ဒီလိုမျိုး အထိမ်းအမှတ်ပွဲတွေ ပြုလုပ်ခြင်းအားဖြင့် ဗိုလ်ချုပ်ကို မမေ့ဘဲ ကျေးဇူးဆပ်ရာရောက်ပြီး နောင်လာနောက်သား လူငယ်တွေမှာလည်း ဗိုလ်ချုပ်လိုလူမျိုး ပေါ်ထွက်လာစေဖို့ ပါလို့" ဦးညီပုက ပြောပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့် ဂုဏ်ပြုပွဲမှာ ဗိုလ်ချုပ်နဲ့သက်ဆိုင်တဲ့ သမိုင်းဝင်အထောက်အထားဓာတ်ပုံပြပွဲ၊ စာပေဟောပြောပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ သံချပ်ထိုး၊ ဗိုလ်ချုပ်ပုံတူပန်းချီဆွဲပြိုင်ပွဲ စတဲ့ပြိုင်ပွဲတွေ၊ ဖျော်ဖြေပွဲတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။

ဗိုလ်ချုပ်ဂုဏ်ပြုပွဲအတွက် ပြုလုပ်တဲ့ ဖျော်ဖြေပွဲတွေကို ရုပ်ရှင်၊ သဘင်၊ ဂီတစတဲ့ အနုပညာနယ်က အဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး ဗိုလ်ချုပ်ရုပ်ရှင်နဲ့ပတ်သက်ပြီးတော့ အခုအချိန်ထိ အကြောင်းကြားဆက်သွယ်တာ မရရှိသေးပါဘူးလို့ သိရပါတယ်။ ■

အကြောက်တရားနဲ့ စိုးရိမ်မှုများစွာ ပါဝင်နေတဲ့ အမှောင်ထဲကဘဝ …

စာမျက်နှာ ၃၅ မှ

လည်း စိတ်ပူနေစရာ မလိုတော့ပါဘူး" လို့ မခင်ဝိုင်းက ပြောပါတယ်။

မန်နေဂျာ ဒါမှမဟုတ် ခေါင်းအိမ်တွေကို အကောင်းမြင်နေတဲ့ မခင်ဝိုင်းရဲ့ နာကြည်းတဲ့စိတ်က ပွဲစားလို့ခေါ်တဲ့ ပြည့်တန်ဆာအဖြစ် ရောင်းစားသူတွေဆီမှာ ပုံချလိုက်ပါတယ်။

သူ့အသက် ၂၀ ဝန်းကျင်မှာ အိမ်ဖော်အဖြစ် အလုပ်ပေးမယ်လို့ လိမ်ညာခဲ့တဲ့ ပွဲစားတစ်ယောက်ကြောင့် ပြည့်တန်ဆာအိမ်ကို ရောက်ရှိခဲ့ပြီး ပွဲစားက ရောင်းစားခဲ့တဲ့အတွက် ပြန်ဆပ်ရတဲ့ငွေကြေးက လနဲ့ချီရှိပြီး တစ်နှစ်ပြည့်လုနီးပါးပါလို့ သူ့အတွေ့အကြုံကို မခင်ဝိုင်းက ပြောပါတယ်။

အလှအပကြိုက်ပြီး အလုပ်မည်မည်ရရ မရှိဘဲ သုံးဖြုန်းချင်တဲ့မိန်းမငယ်တွေကို ပွဲစားတွေက အမြဲလိုစောင့်ကြည့်နေကြတာဖြစ်သလို သူတို့ ဖြားယောင်းပြီး ရောင်းစားခံခဲ့ရတဲ့ မိန်းမငယ်တွေကတော့ လိင်ဖျော်ဖြေမှုနဲ့ ခေါင်းအိမ်မှာ အကြွေးတွေ တစ်ပုံတစ်ခေါင်းကြီး ဆပ်ရတော့တာပါပဲ။

"အကြွေးလည်းကျေရော ကိုယ်လည်း ဒီဘဝကို လုံးလုံးရောက်နေပြီလေ။ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန် မထူးတော့ပါဘူးဆိုပြီး ဆက်လုပ်ဖြစ်ကြတာပေ့ါ"လို့ မခင်ဝိုင်းက ပြောပါတယ်။

ပညာရေးနဲ့ ဗဟုသုတနည်းပါးတဲ့ အမျိုးသမီးငယ်တွေကို လိင်ကျွန်အလို့ငှာ ဖြားယောင်းသွေးဆောင်သူအများစုဟာ ကိုယ့်အသိမိတ်ဆွေအရင်းထဲကဖြစ်ပြီး ကိုယ့်အကြောင်း ကောင်းကောင်းသိသူတွေသာဖြစ်တတ်ကြပါတယ်။

"ကိုယ်လည်း အပျိုပြန်ဖြစ်တာမှ မဟုတ်တာ၊ တရားလည်း စွဲမနေတော့ပါဘူး။ တကယ်လို့ တရားစွဲရင်လည်း ကိုယ်က ပြည့်တန်ဆာမှုနဲ့ ထောင်ကျဦးမယ်၊ မကျဘူးပဲထား. . တရားရုံးမှာ မပြောတတ်၊ မဆိုတတ်၊ ငွေကုန်ကြေးကျများတာပဲ အဖတ်တင်မှာပါ" လို့ သူသိသလောက် မခင်ဝိုင်းက ထုတ်ပြောပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက ရန်ကုန်မြို့ကို ပြောင်းလာတဲ့ မခင်ဝိုင်းတစ်ယောက် ခုချိန်မှာတော့ ခေါင်းရွက်ဗျပ်ထိုး ဟင်းသီးဟင်းရွက်သည်တစ်ဦးအဖြစ် စီးပွားရှာနေပါပြီ။

ရဲ နှင့် ရဲယောင်ဆောင်သူများ

"ပြည့်တန်ဆာအလုပ်ဆိုတာ သူများပစ္စည်း ခိုးယူတာမဟုတ်လို့ ကျွန်မကတော့ မရှက်ပါဘူး"လို့ ခေါင်းမော့ပြီးပြောတတ်တဲ့ မနှင်းဆီ(အမည်လွှဲ)က ရဲသားတစ်ယောက်ရှေ့မှာတော့ ပြည့်တန်ဆာအလုပ် မလုပ်ဘဲနဲ့တောင် ခေါင်းမော့ရင်ကော့ မလျှောက်ရဲခဲ့ပါဘူး။

"သူတို့က ကျွန်မတို့ကို သိနေတယ်လေ. . ဒီတော့ လိုင်းကြေးဘယ်လောက်ပေးပေး အမှုအခင်းမရှိတဲ့အချိန်တွေဆို ကျွန်မတို့ကို အချိန်မရွေး ထောင်ထဲပို့နိုင်တယ်" လို့ မနှင်းဆီက ခပ်သွက်သွက်ပြောပါတယ်။

ဟုတ်ပါတယ်. .။ မင်းတုန်းမင်းလက်ထက်ကတည်းက ပြည့်တန်ဆာအလုပ် မြန်မာနိုင်ငံမှာ ရှိခဲ့တယ်လို့ စာအုပ်တချို့မှာ ဖော်ပြထားပေမယ့် ခုချိန်ထိတော့ တရားမဝင်သေးတာကြောင့် ပြစ်မှုမြောက်ပါတယ်။ ခေါင်းပုံဖြတ်၊ ဖိနှိပ်တဲ့ ပြည့်တန်ဆာအိမ်တွေမှာ မလုပ်ချင်ဘူးဆိုရင်တော့ ကလပ်တက်၊ ဂျွန်ဆင်း(တစ်ဦးတည်း လမ်းဘေးတွင် ဧည့်သည်ကို စောင့်ခေါ်သော ပြည့်တန်ဆာ)တွေပဲ လုပ်ရပြီး ရဲနဲ့ အယောင်ဆောင်ရဲတွေကို အကာအကွယ်မဲ့စွာ တွေ့ကြုံရတော့တာပါပဲ။

ယူနီဖောင်းဝတ်မထားတဲ့ ရဲဝန်ထမ်းတွေဟာ ရိုးရိုးသာမန်လူတွေလို့ အထင်ရောက်စေတာမို့ မနှင်းဆီတို့လို ပြည့်တန်ဆာအမျိုးသမီးတွေက သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ကျတဲ့ ရဲဝန်ထမ်းတွေရဲ့မျက်နှာကို အလွတ်မှတ်ထားလေ့ရှိပါတယ်။

ရဲဥပဒေ ၃၀ (ဃ)အရလည်း မှောင်ရိပ်ခိုမှုလို အမှုတွေကအစ အချိန်မရွေး ဖမ်းဆီးခံရနိုင်တဲ့ အနေအထားမို့ လိင်လုပ်ငန်းလုပ်ဆောင်သူ အမျိုးသမီးတွေဟာ အလုပ်မလုပ်တဲ့ ကိုယ်ပိုင်အချိန်တွေမှာလည်း အနေအထိုင် သတိထားကြရပါတယ်။

"ကိုယ်က ရိုးရိုးသားသား လမ်းထိပ်မှာ ဟင်းသွားဝယ်နေတုန်းတောင် အခန့်မသင့်လို့ အမှုလိုနေရင် ချက်ချင်းအဖမ်းခံရနိုင်တယ်။ တရားရုံးရောက်မှ ပြည့်တန်ဆာမှုနဲ့ အဖမ်းခံရပြီဆို ဝန်ခံရင် တစ်နှစ်၊ ဝန်မခံရင် သုံးနှစ်လေ။ ဒီတော့ ဝန်ခံလိုက်တယ်။

"တရားသူကြီးက ဘာတွေလဲမသိဘူး၊ ဖတ်ပြနေတာကို နားထောင် . . နောက်ဆုံး ဟုတ်သလားလို့မေးရင် ဟုတ်တယ်လို့ ဖြေလိုက်တာပါပဲ" လို့ ပညာရေးအရ မူလတန်းအဆင့်မှာပဲ ရပ်ခဲ့တဲ့ မနှင်းဆီက သူ့အတွေ့အကြုံကို ပြောပါတယ်။

ဒါပေမဲ့လည်း တစ်ခါတစ်ရံမှာ ရဲဝန်ထမ်းမဟုတ်ဘဲ အယောင်ဆောင်လူလိမ်ရဲတွေနဲ့ ဆုံတွေ့နိုင်တာမို့ ယူနီဖောင်းကို သေချာမှတ်ရတယ်လို့ သူက ဆက်ပြောပါတယ်။

ဓာတ်ပုံ - သိဒ္ဓိ

ရဲယောင်ဆောင်ထားတဲ့ လူလိမ်တွေဟာ တရားဥပဒေအရရော၊ လူမှုအသိုင်းအဝိုင်းကပါ ပြန်လည်ခုခံနိုင်စွမ်းအားနည်းတဲ့ ပြည့်တန်ဆာအမျိုးသမီးငယ်တွေကို ပစ်မှတ်ထား လုယက်လာကြတယ်လို့ မနှင်းဆီက ပြောပါတယ်။

လူလိမ်တွေဟာ သူတို့နဲ့အတူ လိင်ပျော်ပါးဖို့ တောင်းဆို၊ ပိုက်ဆံတောင်းတဲ့အပြင် ရွှေငွေပစ္စည်းတွေကိုပါ လုယက်ကြပြီး ရိုက်နှက်ထွက်ပြေးတတ်ကြတယ်လို့ သူ့သူငယ်ချင်းတချို့ရဲ့ အတွေ့အကြုံကိုပြောပါတယ်။

"အဲဒီလိုဖြစ်ရပ်မျိုးဆို ကျွန်မတို့ ဘယ်ကိုတိုင်ရမှန်း မသိဘူး။ ကိုယ်တွေကိုယ်တိုင်က ပြစ်မှုမြောက်နေတော့ ဒီလိုပဲ ကြိတ်မှိတ်နေကြရတာပါပဲ"လို့ သူက ပြောပါတယ်။

ကွန်ဒုံး

လိင်ဆက်ဆံရာမှာ မျိုးဆက်ခြားခြင်း၊ သို့မဟုတ် လိင်ကကူးစက်တတ်တဲ့ ရောဂါတွေ ကာကွယ်ခြင်းတို့အတွက် ကွန်ဒုံးကို အသုံးပြုကြပေမယ့် မြန်မာနိုင်ငံမှာတော့ လက်ကိုင်အိတ်ထဲမှာ ကွန်ဒုံးတွေ့ရင် ပြည့်တန်ဆာသက်သေအဖြစ် အမှုရင်ဆိုင်ခံရနိုင်ပါတယ်။

ပြည့်တန်ဆာတစ်ယောက်အဖြစ် အသက်မွေးခဲ့တဲ့ မဇာခြည် (အမည်လွှဲ)ဟာ ကံကောင်းထောက်မစွာ ဘာအမှုအခင်းနဲ့မှ ရင်မဆိုင်ခဲ့ရပေမယ့် နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းက အိပ်ချ်အိုင်ဗီနဲ့ အသက်ရှင်နေထိုင်သူတွေအတွက် ကျန်းမာရေးအသိပေးရတဲ့ လူတစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်း ပြောင်းလိုက်တဲ့ နောက်ပိုင်းမှာတော့ ပြည့်တန်ဆာသက်သေနဲ့တကွ ရဲစခန်းကို ရောက်ဖူးခဲ့ပါတယ်။

"အမှန်က ကျွန်မ ဧရာဝတီတိုင်းဘက် သွားမလို့ပါ။ လှိုင်သာယာအဝေးပြေးကွင်းမှာ ရဲတွေ အိတ်တွေလိုက်စစ်တော့ ကျွန်မအိတ်ထဲမှာ ကွန်ဒုံးတွေ တွေ့တာနဲ့ ချက်ချင်း ရဲစခန်းကို လိုက်သွားရတော့တာပါပဲ"လို့ မဇာခြည်က ပြောပါတယ်။

ခရီးဆက်သွားခွင့်မပြုဘဲ ဘာကြောင့် ကွန်ဒုံးတွေ သယ်ဆောင်လာရတယ်ဆိုတဲ့ အကြောင်းပြချက်ကို ရဲစခန်းမှာ အစစ်ခံရပေမယ့် ကျန်းမာရေးအလုပ်အတွက်ဆိုတာထက် ပြည့်တန်ဆာအလုပ်လုပ်နေသူအဖြစ် ဝိုင်းဝန်းစွပ်စွဲခဲ့ကြတယ်လို့ သူက ပြောပါတယ်။

နောက်ဆုံးမှာတော့ မဇာခြည်က သူနဲ့ သူ့ခင်ပွန်းမှာ အိပ်ချ်အိုင်ဗီပိုးရှိနေတာကြောင့် ကွန်ဒုံးနဲ့သာ ညအတူအိပ်ကြပြီး မယုံကြည်ရင် ဘယ်လိုသက်သေပြရမလဲလို့ ပြန်မေးကာ အလုပ်မှတာဝန်ရှိသူတွေကို ဖုန်းဆက်ခေါ်မှ အကျပ်အတည်းကနေ လွတ်သွားခဲ့ပါတယ်။

ကွန်ဒုံးက အမှုဖြစ်စေသလို ဧည့်သည်အများစုရဲ့ ကျန်းမာရေးအသိပညာနည်းပါးမှုကြောင့် မြန်မာနိုင်ငံက လိင်လုပ်ငန်းတွေမှာ ကွန်ဒုံးအသုံးပြုမှု အားနည်းနေတုန်းပဲလို့ သူ့အမြင်ကို ပြောပါတယ်။

"တချို့ဧည့်သည်တွေဆို မူးရူးပြီး ကျန်းမာရေးအသိလည်းမရှိတော့ ကိုယ်ဘယ်လောက်ပြောပြော ကွန်ဒုံးမသုံးချင်ကြဘူး။ ကျွန်မတို့ကလည်း လက်ထဲမရှိရင် တကူးတက ဈေးဆိုင်သွားမဝယ်ရဲဘူး၊ အနားမှာ ရဲကလည်း ရှိနေနိုင်သေးတော့လေ။ ဒီတော့ ကွန်ဒုံးမပါဘဲ အလုပ်လုပ်ကြရော" လို့ မဇာခြည်က ပြောပါတယ်။

သတင်းထောက်များ

သတင်းစာတွေနဲ့ ဂျာနယ်တွေမှာ ဖိနှိပ်ခံလုပ်ငန်းစားဖြစ်တဲ့ လိင်လုပ်ငန်းက အမျိုးသမီးငယ်တွေရဲ့ ဘဝသရုပ်ဖော်တွေ၊ သတင်းဆောင်းပါးတွေ၊ ကျန်းမာရေးသတင်းတွေကို စာနယ်ဇင်းကျင့်ဝတ်နဲ့အညီ စာဖတ်သူတို့အတွက် တိကျမှန်ကန်စွာ ဖော်ပြလေ့ရှိကြပါတယ်။ ဒါပေမဲ့ စာစောင်တွေမှာ ဖော်ပြပြီးတဲ့နောက် ရက်အနည်းငယ်အတွင်းမှာတော့ အရေးပေါ် စီမံချက်တွေကြောင့် ပြည့်တန်ဆာအမျိုးသမီးအများစုဟာ အမှုတွဲထဲရောက်ကုန်ကြရပါတယ်လို့ လိင်လုပ်ငန်းလုပ်ကိုင်ခဲ့ဖူးသူ တစ်ဦးဖြစ်တဲ့ မသီရိ (အမည်လွှဲ)က ပြောပါတယ်။

ရဲဝန်ထမ်းတွေရဲ့ ဖိနှိပ်မှုတွေ၊ ခေါင်းနဲ့ မန်နေဂျာတွေရဲ့ ခေါင်းပုံဖြတ်မှုတွေ၊ ကျန်းမာရေးနဲ့ ပတ်သက်တဲ့အရာတွေကို ဂျာနယ်လစ်သတင်းထောက်တွေဟာ စိတ်ဝင်တစား မေးမြန်းကြသလို သတင်းတိကျခိုင်လုံဖို့အတွက်လည်း နေရပ်လိပ်စာတွေပါ ထည့်သွင်းတတ်ကြပါတယ်။

နှစ်ဖက်သတင်းရင်းမြစ် မျှတဖို့၊ ဘက်လိုက်မှုမရှိဖို့ ရေးသားကြတဲ့အခါမှာ သက်ဆိုင်ရာရဲစခန်းတချို့ကို ဆက်သွယ်မေးမြန်းတာရှိသလို အလုပ်လုပ်တဲ့ နေရာတွေကိုပါ မေးမြန်းဖော်ပြကြပါတယ်။

"ဒီတော့ မြို့နယ်ထဲမှာလား၊ ရပ်ကွက်ထဲမှာလား၊ ဘယ်အိမ်ကို ဘယ်လိုသွားချင်တယ်လို့ ပြောလိုက်တာနဲ့ ကျွန်မတို့ကို သိနိုင်တော့ မြို့နယ်နာမည်လေး ထည့်လိုက်တာနဲ့ ဒီလူတွေဆို ရဲဝန်ထမ်းတွေဘက်က ချက်ချင်းတန်းသိပါတယ်။ ဒီတော့ ဖမ်းဆီးရလည်း အရမ်းလွယ်ကူပါတယ်" လို့ မသီရိက ပြောပါတယ်။

မြန်မာနိုင်ငံက ပြည့်တန်ဆာအများစုဟာ လမ်းဘေးအခြေပြု လုပ်ကိုင်ကြသူများတဲ့အတွက် လမ်းနာမည်တချို့ကို ဖော်ပြတာနဲ့ လူနဲ့အလုပ် တန်းသိနိုင်ပါတယ်လို့ သူက ဆက်ပြောပါတယ်။

"သတင်းထောက်တွေနဲ့ ကျွန်မတို့ တွေ့ရင် ဖြေပါတယ်။ ဒါပေမဲ့ နောက်ရက် ဂျာနယ်ထဲ ကိုယ်တွေပြောတဲ့ အကြောင်းအရာတွေ ပါလာပြီဆိုရင်တော့ အထူးစီမံချက်ကို ကြောက်လို့ ခဏ စတေးရှောင် (နေရာပြောင်း)နေခဲ့ကြရပါတယ်" လို့ မသီရိက အရွှန်းဖောက်ရင်း ပြောခဲ့ပါတယ်။ ■

ရွှေမင်းသားဖောင်ဒေးရှင်းမှ မသန်စွမ်းဝန်ထမ်းတစ်ဦး။ ဓာတ်ပုံ - မြန်မာတိုင်း(မ်)

မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်း ရဖို့ ခက်ခဲနေဆဲ

ဇွန်ပန်းပွင့်
zonpann08@gmail.com

မအေးသဥ္ဇာမောင်ဟာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှာ ကျောင်းဆရာမ တစ်ယောက်ဖြစ်ဖို့ ပြင်းပြတဲ့ ဆန္ဒရှိခဲ့ပါတယ်။ ထိုကျောင်းမှာ ကိုရီးယားဘာသာအထူးပြု သင်ကြားခဲ့ပြီး ဘွဲ့ရတဲ့အချိန်မှာ မဟာတန်းဆက်တက်ဖို့ အမှတ်ကောင်းကောင်းမီခဲ့ ပါတယ်။ သို့သော်လည်း သူဟာ မဖြစ်လာနိုင်တာကိုမှ မျှော်လင့်မိသလိုပါပဲ။ အစိုးရဌာနတွေမှာ အလုပ်လျှောက်ဖို့ဆို ကျန်းမာသန်စွမ်းသူ ဖြစ်ရမယ်ဆိုတဲ့ ကန့်သတ်ချက် ရှိပါတယ်။ သူဟာ မျက်မမြင်တစ်ဦး ဖြစ်နေတဲ့အတွက် တက္ကသိုလ်မှာ ကျောင်းဆရာမဖြစ်ခွင့်ဆန္ဒကို ဘေးချိတ်မြိုသိပ်ခဲ့ရပါတယ်။

"ပညာအရည်အချင်းပိုင်းမှာ ကျွန်မမှာ အားနည်းချက် မရှိပါဘူး။ စာမေးပွဲကို credit နဲ့ အောင်ခဲ့တယ်။ လူတစ်ယောက်ရဲ့ အရည်အချင်းကို ဘာစံနှုန်းတွေနဲ့ တိုင်းထွာလဲဆိုတာ ကျွန်မ မသိတော့ဘူး။ ကျောင်းဆရာမ လျှောက်ခွင့်မရတော့ အစမှာကတည်း က လမ်းစပိတ်သလိုဖြစ်သွားခဲ့တယ်" လို့ Association of Myanmar Disabled Women Affairs မှာ သင်တန်းဆရာမအဖြစ် တာဝန်ယူလုပ်ကိုင်နေတဲ့ မအေးသဥ္ဇာမောင်က ပြောပါတယ်။

မြန်မာနိုင်ငံမှာ မသန်စွမ်းသူတစ်ဦးအနေနဲ့ အဆင့်မြင့်တက္ကသိုလ်က ဘွဲ့ရဖို့ မလွယ်လှပါဘူး။ မြန်မာနိုင်ငံမှာရှိတဲ့ မသန်စွမ်းသူဦးရေဟာ တစ်နိုင်ငံလုံးလူဦးရေရဲ့ ၂ ဒသမ ၃ ရာခိုင်နှုန်း ရှိပါတယ်။ အဲဒီအထဲကမှ အခြေခံပညာအထက်တန်းကျောင်း တက်ရောက်နိုင်တဲ့ မသန်စွမ်းဦးရေဟာ နှစ်ရာခိုင်နှုန်းပဲရှိပြီး ဘွဲ့ရသူဟာ တစ်ရာခိုင် နှုန်းသာ ရှိပါတယ်။ ဒါဟာ အလွန်နည်းပါးတဲ့ အရေအတွက်ပါ။

ရန်ကုန်မြို့ပေါ်က လူသွားစင်္ကြံတွေဟာ အပေါက်တွေ၊ ချိုင့်တွေနဲ့ ပြည့်နေတဲ့ အတွက် မျက်မမြင်တစ်ဦးဟာ အဖော်မပါဘဲ အပြင်ထွက်ဖို့ အန္တရာယ်များလွန်းလှ ပါတယ်။ ဘတ်စ်ကားစပယ်ယာတွေဟာ ကိုယ်အင်္ဂါမသန်စွမ်းသူတွေကို ကားပေါ်ကို တင်ပေးဖို့ ဝန်လေးကြပါတယ်။

ကျောင်းတွေနဲ့ တက္ကသိုလ်အဆောက်အအုံတွေဟာ မသန်စွမ်းသူတွေ လွယ်ကူစွာ ဝင်ထွက်သွားလာဖို့ ဒီဇိုင်းဆွဲ တည်ဆောက်ထားတာ မဟုတ်ပါဘူး။ လူတိုင်း ပါဝင် သင်ကြားနိုင်တဲ့ ပညာရေးစနစ်ကျင့်သုံးတဲ့ကျောင်းဟာ မရှိသလောက် နည်းပါးတယ်။ ဒါကြောင့် အများစုဟာ မေရီချက်မင်း ဆွံ့အနားမကြားကျောင်း၊ ခဝဲခြံမျက်မမြင် ကျောင်းနဲ့ ဒေဝ်စင်တာ (မသန်စွမ်းကလေးများကျောင်း)လို မသန်စွမ်းတွေအတွက် သီးသန့်ဖွင့်လှစ်ထားတဲ့ ကျောင်းတွေမှာ လေ့လာသင်ကြားရပါတယ်။

အကျပ်အတည်း အတားအဆီးတွေကြားကနေ ပညာသင်ကြားခဲ့ရတဲ့ မသန်စွမ်းတွေဟာ ဘွဲ့ရပြီးပြန်တော့လည်း အလုပ်အကိုင်ရဖို့ဆိုတာ ခက်ခဲနေပြန်ပါတယ်။ မအေးသဥ္ဇာမောင် ဟာ အစိုးရဌာနမှာ အလုပ်လျှောက်လို့မရတဲ့အခါ သူ့ဆရာမရဲ့အကူအညီနဲ့ သံရုံးတစ်ရုံးမှာ တယ်လီဖုန်းအော်ပရေတာ အလုပ်တစ်နေရာရဖို့ ထပ်ကြိုးစားကြည့်ပြန်ပါတယ်။

"ပထမတော့ ရမယ်ဆိုပြီး ပြောတယ်။ နောက်တော့မှ သွားရေးလာရေးခက်ခဲနိုင်တဲ့ အတွက် အလုပ်မရနိုင်ဘူးဆိုပြီး သူတို့ဘက်က ပယ်ချခဲ့ပါတယ်" လို့ မအေးသဥ္ဇာ မောင်က ပြောပါတယ်။

"ရန်ကုန်မြို့မှာ ပုဂ္ဂလိကပိုင်ကုမ္ပဏီ၊ စက်ရုံ၊ ဟိုတယ်နဲ့ အခြားလုပ်ငန်းတွေမှာ မသန်စွမ်းဝန်ထမ်းတွေ ဘယ်နှဦးလောက် အလုပ်အကိုင်ရနေသလဲဆိုတာ စာရင်းမပြုစု ထားတဲ့အတွက် အတိအကျမသိနိုင်ပါဘူး။ ဒါပေမဲ့ အရေအတွက်ကတော့ မရှိ သလောက်နည်းပါတယ်။ ဆူးလေရှန်ဂရီလာဟိုတယ်မှာ မသန်စွမ်းလေးငါးဦးလောက် အလုပ်လုပ်နေတယ်။ ဒီလောက်ပဲ သိထားပါသေးတယ်။ ကျွန်မတို့နိုင်ငံမှာ မသန်စွမ်း တွေကို အလုပ်အကိုင် မပေးကြပါဘူး။ လုပ်ငန်းရှင်တွေကိုယ်တိုင်က မသန်စွမ်းတွေဆို အရည်အချင်းမရှိဘူးဆိုပြီး သတ်မှတ်ကြတာများတယ်" လို့ Association of Myanmar Disabled Women Affairs မှ ဥက္ကဋ္ဌ မငယ်ငယ်အေးမောင်က ပြောပါတယ်။

မသန်စွမ်းသူတွေဟာ သန်စွမ်းသူတွေလို အရည်အချင်းတန်းတူရှိပေမယ့် အလုပ် အကိုင်နဲ့ပညာရေးအခွင့်အရေးအလမ်း ကွာဟနေခဲ့တဲ့ အတွက်ကြောင့် မသန်စွမ်းသူတွေအတွက် အလုပ်လုပ် ကိုင်ပေးနေတဲ့ အဖွဲ့အစည်းတွေ စုပေါင်းပြီး မသန်စွမ်း သူများအခွင့်အရေးများဥပဒေကြမ်းကို ရေးဆွဲခဲ့ပြီး ဥပဒေ ကြမ်းကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်နဲ့ ၃၁ ရက်နေ့မှာ ကြေးမုံသတင်းစာမှာ ဖော်ပြပေးခဲ့ပါတယ်။

> မသန်စွမ်းတွေဟာ ဘွဲ့ရပြီးပြန် တော့လည်း အလုပ်အကိုင်ရဖို့ဆိုတာ ခက်ခဲနေပြန်ပါတယ်

ဥပဒေကြမ်းမှာ မသန်စွမ်းသူတွေအတွက် အလုပ် အကိုင်အခွင့်အလမ်းတွေ ပါရှိပါတယ်။ မသန်စွမ်းသူတွေအတွက် သန်စွမ်းသူများနည်းတူ တန်းတူညီမျှ အလုပ် လုပ်ကိုင်ခွင့်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အလုပ်ခန့်ထားရာတွင် ခွဲခြားမှု မရှိရေး၊ အဓမ္မအလုပ်စေခိုင်းမှု တားဆီးကာကွယ်ရေး၊ အလုပ်လုပ်နိုင်သော စွမ်းရည်အလိုက် လုပ်ခလစာနှင့် အကျိုးခံစား ခွင့်များ တည်ဆဲဥပဒေနှင့်အညီရရှိရေး၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားခွင့်ရရှိရေး၊ လုပ်ငန်းခွင်တွင် လွယ်ကူစွာ ဝင်ထွက်သွားလာလုပ်ကိုင်နိုင်ရေး၊ သင့်လျော်သော နေရာထိုင်ခင်း၊ သို့မဟုတ် အစီအစဉ်များ ဆောင်ရွက်ပေးရေးဆိုတဲ့ အချက်တွေ ပါဝင်ပါတယ်။

"နိုင်ငံတော်အစိုးရကလည်း မသန်စွမ်းသူတွေကို ကူညီစောင့်ရှောက်မှုနည်းတယ်။ လုပ်ငန်းရှင်တွေကလည်း မသန်စွမ်းသူတွေဆို ဘယ်လောက်ပဲ ပညာ အရည်အချင်းပြည့်စုံပါစေ အသိအမှတ်မပြုချင်ကြဘူး။ အစိုးရနဲ့ လုပ်ငန်းရှင်တွေ ပူးပေါင်းညှိနှိုင်းပြီး ကျွန်မတို့ မသန်စွမ်းတွေကို သန်စွမ်းသူများနည်းတူ တူညီတဲ့ အလုပ်အကိုင်အခွင့်အလမ်း ပေးသင့်ပါတယ်။ မသန်စွမ်းသူတွေဟာ ပတ်ဝန်းကျင်ကြောင့်သော်လည်း ကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း ခွဲခြားဆက်ဆံခံရတယ်။ အဲဒီလို ဝမ်းနည်းစရာကောင်းတဲ့ အနေအထားကနေ ကြိုးစားပြီး ရုန်းထခဲ့ကြရတယ်။ ခုမှ သန်စွမ်းသူတွေဟာ မျက်စိပွင့်နားပွင့်ဖြစ်လာရတယ်"လို့ မငယ်ငယ်အေးမောင်က ပြောပါတယ်။

သူတို့တစ်တွေဟာ ဥပဒေကြမ်းကို လွှတ်တော်မှာ အရေးတယူ ဆွေးနွေးပေးပြီး မသန်စွမ်းသူတွေရဲ့ အခွင့်အရေး တွေ ရရှိစေမယ့်အချက်တွေကို အမြန်ဆုံး အတည်ပြုဥပဒေပြဋ္ဌာန်းပေးဖို့ မျှော်လင့်နေကြပါတယ်။ ■

"Night at the Museum" ဇာတ်ကားပိုစတာ။

ရယ်မောရင်ခုန်စရာတွေနဲ့ ပရိသတ်ကို ဆွဲဆောင်ခဲ့တဲ့ ပြတိုက်ထဲက တစ်ညတာ

မြတ်နိုးဦး
myatnoe.mcm@gmail.com

ဇန်နဝါရီလ ဆန်းပိုင်းမှာ ရုံစတင်ခဲ့တဲ့ "night at the museum" ဇာတ်ကားက ထိုင်းအချစ်ဟာသကားနဲ့ တစ်ပြိုင်တည်းပြသခဲ့တဲ့အတွက် ထင်သလောက် လူမဝင်ခဲ့ပေမယ့်လည်း တတိယမြောက်ဇာတ်ကားဖြစ်တဲ့အတွက်ကြောင့်ရော အရင်ဇာတ်ကားတွေအရှိန်ကြောင့်ပါ ပရိသတ်ကတော့ ရှိနေဆဲပါပဲ။

အီဂျစ်သုတေသနအဖွဲ့တွေက အုတ်ဂူတွေကို တူးဖော်ပြီး ရှေးဟောင်းပစ္စည်းများကို ရှာဖွေနေရာက ငယ်ရွယ်တဲ့ကောင်လေးတစ်ယောက် တွင်းထဲကို ပြုတ်ကျသွားပြီး သူတို့တွေ့ရှိခဲ့တဲ့ မှော်ဆန်တဲ့ "အခ်မန်ဒါရ် ကျောက်စာတိုင်တစ်ခုကနေ အစပြုလာတဲ့ "night at the museum" ဇာတ်လမ်းတွဲက ပရိသတ်ကို ဘာတွေ ထပ်ပေးမှာပါလိမ့်။

ဒီဇာတ်ကားကတော့ နယူးယောက်မြို့ရဲ့ ပြတိုက်မှာ ကျင်းပတဲ့ ပွဲတစ်ခုမှာ လာရီဟာ သီရိုဒို၊ အက်တီလာ၊ စကာခဝီ၊ ဒိုင်နိုဆောနဲ့ ချင်ပန်ဇီမျောက် အစရှိတဲ့ ရှေးကျတဲ့လူတွေနဲ့ ဖျော်ဖြေပွဲတစ်ခုကို ဦးစီးပြီး ကျင်းပခဲ့ပါတယ်။ ဒါပေမဲ့လည်း ပွဲကျင်းပနေစဉ်မှာပဲ ကျောက်စာတိုင်က တဖြည်းဖြည်းပျက်စီးလာပြီး ပွဲမှာ ကြည့်ရှုနေတဲ့သူတွေကို အန္တရာယ်ပေးခဲ့ပါတယ်။

ကျောက်စာတိုင်ရဲ့မှော်ဟာ အဆုံးသတ်တော့မယ်ဆိုတာကို သိလိုက်ရတဲ့အခါမှာ ပြတိုက်စောင့် လာရီဟာ လန်ဒန်မြို့မှာရှိတဲ့ အခ်မန်ဒါရ်ရဲ့ဖခင်ကို သွားရှာပြီး အဖြေကိုရှာဖွေဖို့ သူရဲ့လူတွေအားလုံးနဲ့ သူ့သားကိုပါ ခေါ်ပြီး လန်ဒန်က ပြတိုက်ကို ထွက်ခွာသွားပါတယ်။

လန်ဒန်က ပြတိုက်ကိုဝင်ဖို့အတွက် အစောင့်နဲ့ကြုံတွေ့ရတဲ့အခါမှာတော့ သူတို့တွေ အထဲကို ဘယ်လိုဝင်မလဲ၊ ဘယ်အချိန်မီသွားမလဲဆိုတာကို စိုးရိမ်စိတ်ဖြစ်မိပေမယ့်လည်း ပြတိုက်ထဲကို လာရီတို့သားအဖက အခက်အခဲမရှိဘဲနဲ့ ဝင်သွားနိုင်ခဲ့သလိုပဲ သူ့ရဲ့လူတွေအားလုံးကလည်း ပြတိုက်ထဲကို အခက်အခဲကင်းစွာနဲ့ပဲ ရောက်ရှိနေပါတယ်။

ပြတိုက်ထဲကို လွယ်လွယ်ကူကူနဲ့ ရောက်ခဲ့ပြီးတဲ့နောက်မှာတော့ အခ်မန်ဒါရ်ရဲ့ဖခင်ကို စတင်ရှာဖွေတဲ့အခါမှာတော့ အခက်အခဲမျိုးစုံကို ကျော်ဖြတ်ရတဲ့အခါမှာလည်း ထိတ်လန့်ဖွယ်ရာတွေကို ဟာသနှောပြီး ပြသထားပါတယ်။ လက်မအရွယ်လောက်သာရှိတဲ့ လူနှစ်ယောက်၊ လာရီနဲ့ ရုပ်ချွတ်စွပ်တူပြီး စကားမပြောတတ်ဘဲ လာရီလုပ်သမျှ အကုန်လိုက်လုပ်တတ်တဲ့ သူတွေကလည်း ပရိသတ်ကို မပျင်းစေဘဲ အံ့သြမှုနဲ့ ဟာသရသကို ပေးပါတယ်။

နောက်ဆုံးမှာတော့ ကံကောင်းစွာနဲ့ပဲ အဒ်မန်ဒါရ်ရဲ့ ဖခင်ကို တွေ့ရှိသွားခဲ့ပြီး ကျောက်စာတိုင်ရဲ့ လျှို့ဝှက်ချက်ကိုလည်း သိရှိသွားပါတယ်။

ဒီကျောက်စာတိုင်ကတော့ အဒ်မန်ဒါရ်ရဲ့ဖခင်က သူ့ရဲ့ သားလေးမွေးပြီးတဲ့အခါ အမြဲတမ်း အတူနေနိုင်ဖို့အတွက် ပြုလုပ်ခဲ့တာဖြစ်ပြီး လရဲ့အလင်းရောင်က စွမ်းအင်တည်မြဲဖို့အတွက် လိုအပ်တဲ့အရာ ဖြစ်နေတယ်ဆိုတာကို သိလိုက်ရချိန်မှာပဲ ကျောက်စာတိုင်ကို လန်စီလောက ခိုးသွားခဲ့ပါတယ်။

လန်စီလော့ရဲ့နောက်ကို လိုက်ဖို့ပြုလုပ်နေတဲ့အချိန်မှာပဲ လာရီနဲ့လားဟာ ပြတိုက်အစောင့်ရဲ့ အဖမ်းခံလိုက်ရပါတယ်။ ကျောက်စာတိုင် မရှိတော့တဲ့အချိန်မှာ လာရီအဖမ်းခံလိုက်ရပေမယ့်လည်း လာရီနဲ့အတူ အဖမ်းခံရတဲ့လားဟာ လာရီလုပ်သမျှကို တစ်ခုမကျန်လိုက်လုပ်နေတဲ့အတွက် ပရိသတ်တွေကို စိုးရိမ်စိတ်ပျောက်ပြီး ရယ်မောစေခဲ့ပါတယ်။

လန်စီလော့ဟာလည်း ကျောက်စာတိုင်ကိုယူပြီး ဇာတ်ပွဲပြသနေတဲ့ပြဇာတ်ရုံကို ရောက်ရှိသွားပြီး ပြဇာတ်ကို ကမောက်

> လာရီနဲ့အတူ အဖမ်းခံရတဲ့ လားဟာ လာရီ လုပ်သမျှကို တစ်ခုမကျန်လိုက်လုပ်နေတဲ့အတွက် ပရိသတ်တွေကို စိုးရိမ်စိတ်ပျောက်ပြီး ရယ်မောစေခဲ့

ကမဖြစ်အောင် ပြုလုပ်လိုက်ပြီးနောက် မီးတုတ်ဖြင့် ခေါင်မိုးပေါ်ကို ရောက်ရှိသွားတဲ့အချိန်မှာပဲ လာရီနဲ့ သူ့အဖွဲ့သားတွေဟာလည်း ရောက်ရှိလာခဲ့ပါတယ်။

ခေါင်မိုးပေါ်မှာ ကျောက်စာတိုင်ကို ပြန်ရရှိဖို့ ပြုလုပ်နေတဲ့အချိန်မှာလည်း လန်စီလော့ဟာ ဖယောင်းရုပ်ဖြစ်တဲ့အတွက် မီးနဲ့ထိပြီး သူ့ရဲ့နှာခေါင်းက ပုံပျက်ပန်းပျက်ဖြစ်သွားတာကလည်း ကလေးဆန်တဲ့ ပြကွက်ပေမယ့် ပရိသတ်ကတော့ သဘောကျကြပါတယ်။

နောက်ဆုံးမှာတော့ ကျောက်စာတိုင်ကို ပြန်လည်ရရှိကာ အားလုံးရဲ့အသက်ကို ကယ်တင်နိုင်ခဲ့ပြီး ကျောက်စာတိုင်ကို အခ်မန်ဒါရ်နဲ့ သူ့ဖခင်ဆီမှာပဲ ထားခဲ့ပြီးတော့ နယူးယော့ခ် ပြတိုက်ကို ပြန်လာခဲ့ပါတယ်။

နောက်သုံးနှစ် ကြာတဲ့အခါမှာတော့ လန်ဒန်ရဲ့ ပြတိုက်မှာ အားလုံးအသက်ရှင်လာပြီး ပါတီပွဲတစ်ခု ပြုလုပ်ရင်းနဲ့ အဆုံးသတ်ထားပါတယ်။

ဒီရုပ်ရှင်က လူကြီးတွေနဲ့ အက်ရှင်ဇာတ်ကားတွေကိုပဲ နှစ်သက်သူတွေအတွက် ကျေနပ်နှစ်သက်မှုကို ပေးနိုင်မယ့် ဇာတ်ကားမျိုးတော့ မဟုတ်ပေမယ့် ကလေးဆန်ဆန်ဟာသနှောထားတဲ့ ကားဖြစ်တဲ့အတွက် ဟာသကြိုက်သူတွေနဲ့ လူငယ်တွေအတွက် သဘောကျစေမယ့်ကား ဖြစ်ပါတယ်။ ■

ကော်နီရဲ့ နှစ် ၃၀ အိပ်မက် ဂီတဖျော်ဖြေပွဲ

ချစ်ဆုဝေအောင်
suwai.chit@gmail.com

ကော်နီရဲ့ နှစ် ၃၀ ပြည့် ဂီတခရီးအမှတ်တရအနေနဲ့ ဂီတဖျော်ဖြေပွဲကို လာမယ့် ဇန်နဝါရီ ၂၃ ရက်နေ့ ညနေ ၆ နာရီ အမျိုးသားဇာတ်ရုံမှာ ကျင်းပသွားမယ်လို့ သိရပါတယ်။

30 Dreams Connie လို့အမည်ပေးထားတဲ့ ဒီဖျော်ဖြေပွဲကို စတိတ်စင်ကအစ အကောင်းဆုံး ပြင်ဆင်ထားပြီး သီချင်းအပုဒ်ပေါင်း ၄၀ ကျော်ကို သီဆိုဖျော်ဖြေသွားမယ်လို့ သိရပါတယ်။ သီချင်းတွေအတွက် ပါဖောမန့်တွေကိုလည်း အကောင်းဆုံးတင်ဆက်နိုင်ဖို့ ပြင်ဆင်နေတယ်လို့လည်း သိရပါတယ်။

ဒီဂီတဖျော်ဖြေပွဲမှာ ပါဝင်ကူညီသီဆိုမယ့် အဆိုတော်တွေကတော့ ဇော်ဝင်းရှိန်၊ ချစ်ကောင်း၊ စည်သူလွင်၊ ဘိုဘို၊ Rဇာနည်၊ ဖိုးကာ၊ ကျော်ထွဋ်ဆွေ၊ ဂျောက်ဂျက်၊ ရေမွန်၊ ဟေမာနေဝင်း၊ ထွန်းအိန္ဒြာဗိုလ်၊ ခင်မြတ်မွန်၊ ချောစုခင်၊ ဆုန်သင်းပါရ်တို့နဲ့အတူ အခြားဧည့်သည်အဆိုတော်တွေလည်း ပါဝင်မယ်လို့ သိရပါတယ်။

လက်မှတ်ဈေးနှုန်းတွေကတော့ ကျပ် ၇,၀၀၀၊ ၁၀,၀၀၀၊ ၁၅,၀၀၀၊ ၂၀,၀၀၀၊ ၅၀,၀၀၀ တို့ဖြစ်ပြီး VVIP ကတော့ ကျပ် ၇၀,၀၀၀ ဖြစ်ပါတယ်။ လက်မှတ်တွေကို မန်းသီရိတေးသံသွင်းနဲ့ KoKo Nyi Nyi Beauty Saloon မှာ ကြိုတင်ဝယ်ယူနိုင်တယ်လို့ သိရပါတယ်။

ပွဲကို အဓိကကူညီပေးတာကတော့ ပရီမီယာကော်ဖီမစ်ဖြစ်ပြီး Sky Net ရုပ်သံလိုင်းကလည်း တိုက်ရိုက်ထုတ်လွှင့်ပေးသွားမယ်လို့ သိရပါတယ်။

ကော်နီဟာ တာဇံအခွေနဲ့ ဂီတလောကကို စတင်ရောက်ရှိခဲ့ပြီး နှစ် ၃၀ ကြာ ဂီတလမ်းကြောင်းကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ခဲ့သူ တစ်ဦးလည်း ဖြစ်ပါတယ်။ ■

အမျိုးသမီးတွေအတွက် ရည်ရွယ်တဲ့ ရုပ်သံလိုင်းအသစ်

MRTV-4 ကို တင်ဆက်ပြသနေတဲ့ Forever Group နဲ့ တောင်ကိုရီးယားနိုင်ငံ အခြေစိုက် မီဒီယာလုပ်ငန်း MKCS Global Co.Ltd တို့ ပူးပေါင်းတင်ဆက်တဲ့ အမျိုးသမီးများအတွက် ရည်ရွယ်တဲ့ ရုပ်သံလိုင်းအသစ် Lady Channel ကို ယခုလ ၆ ရက်နေ့ကနေ စတင်ဖမ်းယူ ကြည့်ရှုနိုင်ပြီ ဖြစ်ပါတယ်။

အမျိုးသမီးတွေအတွက် ရည်ရွယ်တဲ့ ဖျော်ဖြေရေး၊ အလှအပရေးရာ၊ ခရီးသွားအစီအစဉ်၊ ဂိမ်းအစီအစဉ်၊ ဟင်းချက်ကဏ္ဍ အစရှိတဲ့ နိုင်ငံတကာအစီအစဉ်တွေကို မြန်မာစာတန်းထိုးဖြင့် ထုတ်လွှင့်ပေးမယ့် HD လိုင်းအသစ်လည်း ဖြစ်ပါတယ်။

ရန်ကုန်မြို့နဲ့အနီးတစ်ဝိုက်တွင် 4TV Receiver တပ်ဆင်ထားသူတွေအနေဖြင့် Channel Number 25, Frequency 506MHZ မှာ ဖမ်းယူကြည့်ရှုနိုင်ပြီး တောင်ကိုရီးယား ရုပ်သံလိုင်းတွေက အစီအစဉ်တွေနဲ့ နိုင်ငံတကာဖျော်ဖြေရေးအစီအစဉ်တွေကို ၂၄ နာရီ ထုတ်လွှင့်ပေးသွားမယ်လို့ သိရပါတယ်။

ကိုရီးယားနိုင်ငံရဲ့ ရိုးရာအစားအစာတွေ၊ လူသိနည်းတဲ့ ရိုးရာအစားအစာ ချက်ပြုတ်နည်းတွေကို ရှာဖွေတင်ဆက်ထားတဲ့ Delicious Korea အစီအစဉ်၊ တောင်ကိုရီးယား နာမည်ကျော် သရုပ်ဆောင်မင်းသမီး 'ယူဂျင်း' ရဲ့ မိတ်ကပ်လိမ်းခြယ်မှုအဆင့်ဆင့်နဲ့ ဆံပင်ဒီဇိုင်းအလှအပရေးရာ တင်ဆက်ပြသမယ့် Get it Beauty အစီအစဉ်၊ ရုပ်ပိုင်းဆိုင်ရာအားနည်းချက်ကြောင့် ထိခိုက်ခံစားနေရတဲ့ အမျိုးသမီးတွေကို တစ်ဦးချင်းစိစစ်ရွေးချယ်ပြီး ခွဲစိတ်ပြုပြင်ပြောင်းလဲဖို့လိုအပ်နေတဲ့ အမျိုးသမီးတွေအတွက် အခွင့်အရေးပေးတင်ဆက်ထားတဲ့ Let me in အစီအစဉ်၊ အကသမားကိုးယောက် ပါဝင်မယ့် ဒေါ်လာ ငါးသိန်းတန် အကစွမ်းရည်ယှဉ်ပြိုင်မှု Dancing 9 စတဲ့ အစီအစဉ်တွေ ပါဝင်မှာဖြစ်တယ်လို့ သိရပါတယ်။ ■ ချစ်ဆုဝေအောင်

ဂန္ထဝင် ဂီတပညာရှင်သုံးဦးနဲ့အတူ ဖျော်ဖြေတင်ဆက်သွားမယ့် ဂီတပွဲ

နန္ဒာအောင်
nandaraung.mcm@gmail.com

၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ ဆိုဗီယက်တပ်မတော်က ပိုလန်နိုင်ငံအတွင်းမှာရှိတဲ့ အောက်ရှဗစ်စ်အကျဉ်းထောင်ကို သိမ်းပိုက်နိုင်ခဲ့ပြီးတော့ ဂျူးလူမျိုးအကျဉ်းသားတွေကို လွတ်မြောက်ပေးခဲ့တဲ့နောက်ပိုင်းမှာ အဲဒီနေ့ကို ဒုတိယကမ္ဘာစစ်အတွင်း ဂျာမနီနာဇီအစိုးရရဲ့ ညှဉ်းပန်းနှိပ်စက်မှုနဲ့ အသက်ဆုံးခဲ့ရတဲ့ ဂျူးလူမျိုး ခြောက်သန်းကို အောက်မေ့သတိရတဲ့ အထိမ်းအမှတ်အဖြစ် International Holocaust Remembrance Day လို့ သတ်မှတ်ထားခဲ့တာ အခုဆိုရင် နှစ်ပေါင်း ၇၀ ရှိခဲ့ပါပြီ။

အဲဒီအဖြစ်အပျက်ကို အောက်မေ့သတိရတဲ့ အထိမ်းအမှတ်အဖြစ် ဂန္ထဝင်တေးဂီတဖျော်ဖြေပွဲတစ်ခုကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံရုံး၊ ပိုလန်နိုင်ငံသံရုံး၊ ဂျာမနီသံရုံးနဲ့ Goe-the-Institut မြန်မာတို့က လာမယ့် ဇန်နဝါရီလ ၂၅ ရက်နေ့မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

ဂီတပညာရှင်သုံးဦးဖြစ်တဲ့ ဂျာမနီနိုင်ငံက Perry Schack၊ အစ္စရေးနိုင်ငံက Ester Rofe နဲ့ ပိုလန်နိုင်ငံက Krzysztof Kaczka တို့နဲ့အတူ မြန်မာ့နာမည်ကျော် ဂီတအဖွဲ့တွေဖြစ်တဲ့ ဂီတမိတ်အဖွဲ့နဲ့ Saw James ဦးဆောင်တဲ့ AOC orchestra အဖွဲ့တို့က Cimarosa၊ Vivaldi၊ Haendel၊ Ravel၊ Williams ("Schindler's List")၊ Ilse Weber နဲ့ တေးဂီတရှင်များစွာရဲ့ ဂန္ထဝင်တေးဂီတတွေကို တွဲဖက်တီးခတ်သွားမှာ ဖြစ်ပါတယ်။

အခမဲ့ဖျော်ဖြေသွားမယ့် ဂီတပွဲကို ဇန်နဝါရီလ ၂၅ ရက်နေ့ Strand Hotel မှာ မနက် ၁၀ နာရီခွဲကနေ စတင်ကျင်းပပြုလုပ်သွားမှာဖြစ်ပြီး ticket@yangon.goethe.org ကို ကြိုတင်နေရာယူဖို့အတွက် ဆက်သွယ်နိုင်ပါတယ်။ ■

လူထု စိတ်ဝင်စားမှုများခဲ့တဲ့ နိုဘယ်-မြန်မာ စာပေပွဲတော်

ဇွန်ပန်းပွင့်
zonpann08@gmail.com

စာရေးဆရာတွေ စုပေါင်းဖျော်ဖြေတဲ့ ပြဇာတ်နဲ့ တထူးတခြားရှိလှတဲ့ နိုဘယ်-မြန်မာစာပေပွဲတော်ကြီး သုံးရက်တိုင် ကျင်းပပြီးစီးခဲ့ပါပြီ။ မျှော်လင့်ထားတာထက် ပိုပြီးအောင်မြင်ခဲ့တဲ့အတွက် နောက်နှစ်မှာလည်း အလားတူစာပေပွဲတော်မျိုး ထပ်မံကျင်းပသွားမှာ ဖြစ်ပါတယ်။

ပွဲကျင်းပရာ မြို့မကျောင်းလမ်း၊ အမျိုးသားဇာတ်ရုံ ခြံဝင်းထဲမှာ ဆောက်ထားတဲ့ ရွက်ဖျင်တဲကြီးတွေထဲမှာ ပြုလုပ်တဲ့ စာပေဆွေးနွေးဝိုင်းတွေမှာ စာရေးဆရာတွေက အားတက်သရော ဆွေးနွေးဖလှယ်ခဲ့ကြသလို ပရိသတ်တွေလည်း ရွက်ဖျင်တဲအပြည့်လာရောက် နားထောင်ကြတာတွေ့ရပါတယ်။ နိုဘယ်ဆုရ စာရေးဆရာတွေရဲ့ ဓာတ်ပုံတွေနဲ့အတူ မူရင်းစာအုပ်တွေကို ယှဉ်တွဲပြသခဲ့သလို ဘာသာပြန်စာအုပ်တွေကို ၁၀ ရာခိုင်နှုန်း ဈေးလျှော့ ရောင်းချပေးခဲ့တဲ့ စာပေပွဲတော်ကြီးဟာ နေ့စဉ် စာပေမြတ်နိုးသူ ၄၅,၀၀၀ နှင့် ၅၀,၀၀၀ (တနင်္ဂနွေနေ့တွင်)ခန့်ကို ဆွဲဆောင်နိုင်လောက်အောင် အောင်မြင်ခဲ့ပါတယ်။

“စာပေပွဲတော်အတွက် သိပ်ပြီးပီတိဖြစ်တာပေါ့။ ဒီပွဲမတိုင်ခင် ၂၀၁၃ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်မှာ ရန်ကုန်နဲ့ မန္တလေးမှာ ဧရာဝတီစာပေပွဲတော်ကို တစ်လှည့်စီ ကျင်းပပြုလုပ်ခဲ့ကြပါတယ်။ ဘယ်ပွဲမှ နိုဘယ်-မြန်မာစာပေပွဲတော်လောက် မစည်ကားခဲ့ဘူး။ စာအုပ်ဆိုင်ဆိုလည်း ဖြိုးဖြိုးဖြောက်ဖြောက်ပဲ။ လူထုစိတ်ဝင်စားမှုလည်း မများခဲ့ဘူး။ ဒီနေ့ပွဲကတော့ မနက်ကနေ ညခင်းအထိ တောက်လျှောက်လူတွေ စည်ကားခဲ့တယ်။ စာရေးဆရာတွေအရမ်းကို ပျော်ကြတဲ့ပွဲပဲ” လို့ စာရေးဆရာမ ရွှေကူမေနှင်းက ပြောပါတယ်။

ဒီစာပေပွဲတော်ဟာ လူငယ်တွေ စာမဖတ်ကြဘူးဆိုတဲ့ လူအများပြောဆိုနေကြတာဟာ မမှန်ဘူးလို့ သက်သေပြလိုက်သလိုပါပဲ။ စာအုပ်ဆိုင် ၅၀ ကျော်ခင်းထားတဲ့ စာအုပ်ဆိုင်ခင်းကြီးထဲမှာ လူငယ်တွေ ကြိတ်ကြိတ်တိုး စာအုပ်တွေ ဝယ်ယူခဲ့ကြပြီး နိုဘယ်ဆုရ စာရေးဆရာတွေရဲ့ လက်ရာတွေကို ဘာသာပြန်ထားတဲ့ စာအုပ်တွေ ရောင်းတဲ့ဆိုင်မှာတော့ တစ်ရက်ကို ပျမ်းမျှ သိန်း ၂၀ ဖိုးခန့် ရောင်းခဲ့ရတယ်လို့ ဆိုပါတယ်။

“နိုဘယ်ဆုရ စာရေးဆရာတွေရဲ့ လက်ရာတွေကို ဘာသာပြန်ထုတ်တဲ့အခါ တစ်အုပ်ကို ပုံမှန်အုပ်ရေ ၁,၀၀၀ ထုတ်ပါတယ်။ ဒီပွဲမှာ စာအုပ်တစ်အုပ်ကို အုပ်ရေ ၃၀၀ ကနေ ၄၀၀ အထိ ရောင်းခဲ့ရတယ်။ ဒီပွဲကနေ နိုင်ငံတကာက စာကောင်းပေကောင်းတွေကို ဖတ်ချင်ကြတဲ့သူတွေ အများကြီးရှိတယ်ဆိုတာ သိလိုက်ရတယ်။ ဆိုင်မှာ လာဝယ်တဲ့ လူတွေက လူငယ်တွေများသလို သူတို့ ဝယ်သွားတဲ့ စာအုပ်တွေက ကမ္ဘာမှာ တန်းဝင်တဲ့ စာအုပ်တွေပဲ” လို့ နိုဘယ်ဆုရစာရေးဆရာတွေရဲ့ စာအုပ်တွေကို ဘာသာပြန်ဆို ထုတ်ဝေရေး အပိုင်းမှာ တာဝန်ယူခဲ့တဲ့ Unity စာအုပ်တိုက်မှ ဦးသန်းဆွေက ပြောပါတယ်။

နိုဘယ်ဆုရ စာရေးဆရာတွေရဲ့ စာအုပ်တွေကို ဘာသာပြန်ဆိုထားတဲ့ စာအုပ်တစ်အုပ်ကို ကျပ် ၁,၀၀၀ မှ ကျပ် ၈,၀၀၀ အထိ သတ်မှတ်ထားပြီး ဈေးအကြီးဆုံးစာအုပ် (ဆရာဇော်ဂျီရဲ့ နိုဘယ်ဆုရ စာရေးဆရာများရဲ့ဝတ္ထုတိုတွေကို စုစည်းဘာသာပြန်ထားတဲ့ စာအုပ်)က အရောင်းရဆုံး ဖြစ်ပါတယ်။

> နိုဘယ်ဆုရစာရေးဆရာတွေရဲ့ လက်ရာတွေကို ဘာသာပြန်ထားတဲ့ စာအုပ်တွေ ရောင်းတဲ့ဆိုင်မှာတော့ တစ်ရက်ကို ပျမ်းမျှ သိန်း ၂၀ ဖိုးခန့် ရောင်းခဲ့ရတယ်

တောမှာ ဆီကုန်သည်အဖြစ်ကနေ ချမ်းသာလာပြီးတော့ နေပြည်တော်ရောက်လာ၊ မင်းညီမင်းသားတွေလို ပြောတတ်ဆိုတတ်ချင်၊ ကဗျာလင်္ကာ ရွတ်တတ်ဖတ်တတ်ချင်၊ သိုင်းပညာလည်းတတ်ချင်၊ တူရိယာလည်း သင်လိုက်ချင်သေးတဲ့ မဟာဆန်ချင်သူဆိုတဲ့ ပုဂ္ဂိုလ်ကို အဓိကထားပြီး သရော်ထားတဲ့ ပြဇာတ်ကို စာရေးဆရာတွေ စုပေါင်းကပြခဲ့တဲ့ ဖျော်ဖြေပွဲလေးဟာလည်း သုံးရက်စလုံး လူထုအားပေးမှု များခဲ့ပါတယ်။

ဒီပြဇာတ်ကို ၁၈ ရာစုခေတ်က ပြင်သစ်ပြဇာတ်ဆရာ မိုးလျဲက ဘူဇွာလူတန်းစားတစ်ရပ်ကို သရော်ရေးသားခဲ့ပြီး ဆရာဇော်ဂျီက မြန်မာမှုပြုထားခဲ့တာ ဖြစ်ပါတယ်။ ပြဇာတ်ကို ဆရာချစ်ဦးညိုက ဇာတ်ညွှန်းခွဲခဲ့ပြီး စာရေးဆရာ၊ စာရေးဆရာမတွေကိုယ်တိုင် ဇာတ်ဆောင်တွေအဖြစ် အမူအရာလုပ် သရုပ်ဆောင်တင်ဆက်ခဲ့တာ ဖြစ်ပါတယ်။

“ပြဇာတ်ကို ပရိသတ်စိတ်ဝင်စားမှုကတော့ မကြုံဖူးလောက်အောင်ကို များတယ်။ ပြဇာတ်တင်မကဘဲ စာအုပ်တန်းမှာလည်း လူစည်ကားနေတာတွေ့ရတော့ ကျွန်မအရမ်းကို စိတ်ဓာတ်တက်နေတယ်” လို့ ဆရာမ ရွှေကူမေနှင်းက ပြောပါတယ်။ ဆရာမ ရွှေကူမေနှင်းဟာ ပြဇာတ်ထဲက အဓိကဇာတ်ဆောင် ဦးရွှေနှောင်းရဲ့ ဆတ်ဆတ်ကြဲ ဘွင်းဘွင်းရှင်းရှင်း ပြောတတ်တဲ့ စရိုက်ရှိသူ ဇနီး ဒေါ်ခါနေရာမှာ သရုပ်ဆောင်ရတဲ့အခါ လာကြည့်တဲ့ ပရိသတ်ရဲ့အားပေးမှုရခဲ့ပြီး ပွဲတော်အတွင်း သူ့စာအုပ်တွေပါ အရမ်းရောင်းအားတက်ခဲ့တယ်လို့ ပြောပြပါတယ်။

“မဆီမဆိုင် ဒေါ်ခါနာမည်နဲ့ ပြဇာတ်ထဲမှာ လူကြိုက်များသွားတော့ ကျွန်မရဲ့ စာအုပ်တွေတောင် ရောင်းကောင်းလို့ လက်ကျန်မရှိတော့ဘူး” လို့ သူက ဆက်ပြောပါတယ်။

ကချင်ပြည်နယ် ဝယ်ကျိုင်၊ ဂျေယန်း၊ ဖုန်လွန်ယန်၊ ပါတောင်နှင့် စိန့်ပတ်ထရစ်စစ်ရှောင်စခန်းများမှ စစ်ဘေးရှောင်မိသားစုတွေရဲ့ ဘဝထိုထိုကို မှတ်တမ်းတင်ထားတဲ့ ဓာတ်ပုံများ ပြသထားရာ တဲထဲမှာလည်း စိတ်ဝင်စား လှေ့လာကြည့်ရှုသူတွေ များပြားခဲ့ပါတယ်။ ရွက်ဖျင်တဲ အပြင်ဘက်မှာတော့ ၁၉၃၀ ခုနှစ်နောက်ပိုင်း ဂျာနယ်နဲ့ သတင်းစာတွေမှာ ဖော်ပြဖူးတဲ့ ကာတွန်းဆရာကြီး ဦးဖေသိန်း၊ မောင်စိန်နှင့် ဦးဟိန်စွန်းတို့ ရဲ့ နိုင်ငံရေးကာတွန်းလက်ရာတွေကို ပြသခဲ့ပါတယ်။ ■

ပန်းချီချစ်သူတွေအတွက် …

နန္ဒာအောင်
nandaraung.mcm@gmail.com

January Morning (ဇန်နဝါရီ နံနက်ခင်း)

ရန်ကုန်နဲ့ ပုဂံမြို့က အလှအပတွေကို ဖော်ကျူးရေးဆွဲထားတဲ့ နာမည်ကျော် ပန်းချီဆရာ ၁၃ ဦးတို့ရဲ့ ဆီဆေး၊ ရေဆေးနဲ့ အခရိုင်းလစ် လက်ရာရှုခင်းပန်းချီကားပေါင်း ၁၀၀ ဝန်းကျင်ကို အမှတ် ၂၃၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်မှာရှိတဲ့ Think Art Gallery မှာ နံနက် ၉ နာရီကနေ ညနေ ၆ နာရီအတွင်း၊ ဇန်နဝါရီလ ၂၃ ရက်နေ့ကနေ ၂၇ ရက်နေ့အထိ စုစည်းပြသသွားမှာ ဖြစ်ပါတယ်။

Illusion (မာယာ)

ပန်းချီဆရာကြီး ဦးနေဆန်းရဲ့ တစ်ကိုယ်တော်ပန်းချီပြပွဲကိုတော့ လာမယ့် ဇန်နဝါရီလ ၂၄ ရက်နေ့ကနေ ၃၀ ရက်နေ့အတွင်း ပြည်သူ့ရင်ပြင်ထဲမှာရှိတဲ့ Yangon Gallery မှာ နံနက် ၁၀ နာရီကနေ ညနေ ၆ နာရီအထိ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ အဲဒီပွဲမှာ ဆရာကြီးရဲ့ စုစည်းမှုအသစ်တွေဖြစ်တဲ့ ရေဆေးပန်းချီကား ၆၀ ခန့်ကို ပြသရောင်းချသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

Transparency in Color

ပန်းချီဆရာ ဦးအောင်ထူးရဲ့ တစ်ကိုယ်တော် ရေဆေးပန်းချီပြပွဲကိုတော့ ဇန်နဝါရီလ ၂၀ ရက်နေ့ကနေ ၂၅ ရက်နေ့ထိ ပန်းဆိုးတန်းပန်းချီပြခန်းမှာ နံနက် ၁၀ နာရီကနေ ၆ နာရီအထိ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

The Fifties-Muted Consciousness

ပန်းဆိုးတန်း မော်ကွန်းတိုက်မှ သီးခြားရွေးချယ်ထားတဲ့ ၁၉၅၀ ပြည့်နှစ်လွန်အချိန်က အနုပညာပစ္စည်းတွေဖြစ်တဲ့ အဖြူအမည်းအရောင်နဲ့ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေ၊ စာရွက်စာတမ်းတွေနဲ့ ပန်းချီကားစတာတွေကို ပြသသွားမယ့် The Fifties-Muted Consciousness ပြပွဲကိုတော့ ပန်းဆိုးတန်းပန်းချီပြခန်းနဲ့ TS1 ပန်းချီပြခန်းတို့က ပူးပေါင်းတင်ဆက်ထားတာပါ။ အဲဒီပြပွဲကိုတော့ ဝါးတန်းဆိပ်ကမ်းနားက TS1 ပန်းချီပြခန်းမှာ ဇန်နဝါရီလ ၂၁ ရက်နေ့က စတင်ပြီး ဖေဖော်ဝါရီလ၂၁ ရက်နေ့ထိ တစ်လကြာ ကျင်းပပြုလုပ်သွားမှာပါ။ ■

Maple Model Management ဖွင့်ပွဲ

ကိုဝဏ္ဏမိုး၊ ကိုပြည်တံခွန်နှင့် ကိုဇွဲကိုထွန်း

မဇွန်ပွင့်ဖြူ

ပွဲတက်ရောက်သူများ

ဒေါ်မေယုလှိုင်

May Int'l School ကျောင်းဆင်းပွဲ

ဆိုင်မွန်၊ ရောဘတ်နှင့် အဲလ်ဘတ်

Canmake အလှကုန်သစ်မိတ်ဆက်ပွဲ


အောန်ဆိုင်း

ကိုဘုန်း နှင့် ပွင့်ဖြူ


မော်ဒယ်

မနီလာထိုက်နှင့် မချို

UTMA ညစာ စားပွဲ

မစန္ဒာအောင်

ကိုမျိုးသွင်၊ ကိုစိုင်းခမ်းလှိုင်၊ မမြစန္ဒာအောင်နှင့် ကိုကောင်းမင်းခန့်

မနှင်းအိလွင်

Eton House Int'l Pre-School ဖွင့်ပွဲ

သီရိရှင်းသန့်

ဇင်ဇင်ဇော်မြင့် နှင့် ခင်ပွန်း

ပိုင်ဇေရဲထွန်းနှင့် ဇနီး

ငြိမ်းအိအိထွေး
nyeineieihtwe23@gmail.com

မင်္ဂလာပါ ချစ်တဲ့ ဆိုရှယ်ပရိသတ်ရေ. . ။ မြူတွေ အမြဲဆိုင်းနေပြီး တစ်ခါတစ်ခါ မိုးဖွဲတွေရွာတတ်တဲ့ ဒီနှစ် ဆောင်းမနက်ခင်းတွေက မအေးတာကြာပြီလို့ ညည်းကြတဲ့ ရန်ကုန်က လူတွေကို လိုအင်ဖြည့်ပေးနေပါတယ်ရှင်။ နေ့လယ်နဲ့ ညနေတွေမှာပါ မိုးအုံ့နေတတ်တဲ့ ဒီရာသီဥတုက အပြင်မထွက်ချင်သူတွေ အိမ်တွင်းအောင်းဖို့ အဆင်ပြေသလို လမ်းသလားချင်သူတွေအတွက်လည်း အလှမပျက် ချွေးမထွက်စေဘူးပေါ့ရှင်။ ပြီးခဲ့တဲ့ သီတင်းပတ်ကတော့ ကျောင်းဖွင့်ပွဲ၊ ကျောင်းဆင်းပွဲ၊ ညစာ စားပွဲတွေများခဲ့တာမို့ နောက်တစ်ပတ်အတွက်ရော ဘယ်လိုပွဲတွေရှိလိမ့်မလဲလို့ တူတူစောင့်ကြည့်ကြစို့နော်. . ။

68 Residence ညစာစားပွဲ

နွေးနွေးချစ်ဖွယ်

ဆိုင်သစ်ဖွင့်ပွဲ

ခင်စန်းဝင်း

Zar & Snow Hair Studio

Aroma မှ တာဝန်ရှိသူများနှင့် မေရှက်ဝါ

Kyoto Tokyu ဟိုတယ်ဖွင့်ပွဲ

Minami Travel & Tour မှ တက်ရောက်သူများ

တာဝန်ရှိသူများ

Lady Channel ဖွင့်ပွဲ

ဂျူးဂျူးကေနှင့် MRTV-4 အဖွဲ့သားများ

သီတင်းပတ်ရဲ့ ကံကြေးမုံ

ဆရာအောင်မြင်ကျော်
နက္ခတ္တဗေဒပညာရှင်
အမှတ်(၁၀၃)၊ ၃-လွှာ၊ သမိန်ဗရမ်းလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၇၃၁၃၅၆၃၂

၂၀၁၅၊ ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ

ကုံရာသီ AQUARIUS | ဇန်နဝါရီ ၂၀-ဖေဖော်ဝါရီ ၁၈

စာနာစိတ်ထားမှာ မေတ္တာတရား၏ ရှေ့ပြေးမင်္ဂလာပုံရိပ် ဖြစ်ပါသည်။ သင်၏မေတ္တာရောင်ပြန်ဟပ်ပြီး ကောင်းကျိုးများ ရကိန်းရှိသည်။ လုပ်ငန်းဆက်သွယ်ရေးလမ်းကြောင်းများ ထင်ရှားလာမည်။ လောကခံ၏စိန်ခေါ်မှုကို ကြောင်းကျိုးညီညွတ်စွာ တုံ့ပြန်နိုင်လိမ့်မည်။ နှလုံးသားအမှုကို သစ္စာပြုနိုင်လိမ့်မည်။

✱ မိမိကိုယ်မိမိ ယုံကြည်အားကိုး။

သိဟ်ရာသီ LEO | ဇူလိုင် ၂၃-ဩဂုတ် ၂၂

သံကို သံဖျက် သံချေးတက်နေသည့် စည်းကမ်းပျက်မှု ရှိနေတတ်သည်။ စွဲမက်စိတ်လွှန်ကဲသော် 'နှလုံးဟဒယ မောရ'တတ်သည်။ ခံစားမှုတဒင်္ဂကြောင့် စာရိတ္တမယိုင်လဲမိပါစေနှင့်။ သင့်ဩဇာအာဏာစက်မှာ အပြုသဘောအတွက်သာ ဖြစ်ရပါမည်။ အများအတွက်ဆိုသည်ကို အကြောင်းပြုတတ်ရပါမည်။

✱ အများ၏ ယုံကြည်မှုကို တန်ဖိုးထား။

မိန်ရာသီ PISCES | ဖေဖော်ဝါရီ ၁၉-မတ် ၂၀

မလွန်ဆန်နိုင်သော ကတိစကားတာဝန်ခံမှု ပြုလုပ်ရတတ်သည်။ အမှန်တရားကို မျက်ကွယ်ပြုပြီး မကောင်းမှုအတွက် ပေးဆပ်ရမည်။ မထင်ရှားသော အငိုမျက်လုံးနှင့် မပေါ်လွင်သောအပြုံးကို သဏ္ဍာန်လုပ်သရုပ်ဆောင်နေရမည်။ ကြမ္မာကြွေးများ ပေးဆပ်နေရသည်ဟု မှတ်ပြီး အသိမှာ သတိကပ်ပါစေ။

✱ ဟဒယနှလုံးမှာ ရတနာသုံးပါး ရှိစေ။

ကန်ရာသီ VIRGO | ဩဂုတ် ၂၃-စက်တင်ဘာ ၂၂

အမှောင်ခွင်းပြီး အလင်းဆောင်နိုင်သည့်အချိန်ကောင်း ဖြစ်သည်။ ဖြစ်သင့်ဖြစ်ထိုက် ဖြစ်နိုင်သောအကြောင်းကို ဖော်ထုတ်နိုင်စွမ်းသူ ဖြစ်မည်။ ချိန်ခါကြောင်းကျိုး အကောင်းအဆိုး ခွဲခြားသတ်မှတ်ဆုံးဖြတ်နိုင်မည်။ ရေရှည်မျှော်တွေးတတ်မှုဖြင့် လူမှုဘဝကို တည်ငြိမ်လှပစွာ တည်ဆောက်နိုင်ပါမည်။

✱ ပညာအသိကို သဒ္ဓါနှင့်ညှိ။

မိဿရာသီ ARIES | မတ် ၂၁-ဧပြီ ၁၉

သေချာ ပြတ်သားမှုအတွက် ရင့်ကျက်ရပါမည်။ စိတ်အာရုံ ခံစားမှုတိုင်းမှာ သတိကပ်မှ ကုသိုလ်နှင့် အကုသိုလ် ခွဲခြားသတ်မှတ်နိုင်မည်။ လုပ်ငန်းစီးပွားအောင်မြင်မှုအတွက် စွန့်စားခရီးထွက်ရကိန်း ရှိသည်။ ပိုင်ဆိုင်မှုများအတွက် အငြင်းပွားရတတ်သည်။ ချစ်မေတ္တာစကား တုံ့ပြန်မှုများ ကြားရလိမ့်မည်။

✱ ကောင်းကျိုးကောင်းမှု ဆတက်ပြု။

တူရာသီ LIBRA | စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၂

အများကို ဥပါဒါန်စွဲလွန်းသော် သတိမမြဲ ပညာလွဲတတ်သည်။ ပြစ်တင်ဝေဖန်ခံရမှုများသည် ရင့်ကျက်မှုအတွက် အတွေ့အကြုံများဖြစ်ကြောင်း အကောင်းမြင်တတ်ရပါမည်။ မိမိကိုယ်မိမိ ယုံကြည်အားကိုးမှု မြင့်မားလေ အနာဂတ်လူမှုဘဝ ထင်ရှားလေဖြစ်မည်။ ကံကံ၏အကျိုးဆက်ကောင်းများ ရှိလာမည်။

✱ ပြောင်းလဲမှုကို ပြုပြင်ဖန်တီးတတ်ပါစေ။

ပြိဿရာသီ TAURUS | ဧပြီ ၂၀-မေ ၂၀

မိမိနှင့်ထိုက်သင့်သော လူမှုဘဝကို အမှန်အတိုင်း သိရှိကျေနပ်နိုင်ခြင်းမှာ အရှိတရားကို တန်ဖိုးထားတတ်ခြင်း ဖြစ်သည်။ ကံသုံးပါးသည် လောကခံအကျိုးကို ထင်ရှားစွာ ကျေးဇူးပြုပါသည်။ ကုသိုလ်ကို ကောင်းမှုဖြင့် ဆက်ရမည်ဖြစ်ပြီး အကုသိုလ်ရေစက်ကို ပညာလက်နက်ဖြင့် ဖြတ်တတ်ရပါလိမ့်မည်။

✱ မေတ္တာဓာတ် ပွင့်စေ။

ဗြိစ္ဆာရာသီ SCORPIO | အောက်တိုဘာ ၂၃-နိုဝင်ဘာ ၂၁

မိမိကိုယ်မိမိ ရပ်တည်နိုင်မှုကို အကြောင်းပြုရမည့် ကာလဖြစ်သည်။ ကံ ဉာဏ် ဝီရိယကို ဆတက်ပွားလေ ကောင်းကျိုးဝေဖြာ သူ့ထက်သာလေဖြစ်မည်။ မိမိ၏အားသာမှုကို ရှင်သန်ဖွံ့ဖြိုးစေပြီး အားနည်းချက်များကကွယ်ပျောက်စေရပါမည်။ အလွယ်မသုံးအချိန်မဖြုန်းမိစေနှင့်။ ချစ်မှုရေးရာ အဆင်ပြေနေမည်။

✱ ရိုးသားကြိုးစား အသိမများနှင့်။

မေထုန်ရာသီ GEMINI | မေ ၂၁-ဇွန် ၂၀

အမှားနောင်တ သံဝေဂတရား လောင်ကျွမ်းနေမည်။ မပြတ်မသား အယူမှားပြီး ကြောက်အားပိုနေမည်။ နောက်ဆုတ်မရသောအကြောင်းများ စိုးရိမ်သံသယဖြစ်မှုများ လွှမ်းမိုးနေတတ်သည်။ လူမှုစီးပွားကို အလေးမထားနိုင်သောကြောင့် အဆက်အသွယ်ကောင်းများ ပြတ်တောက်ပြီး သောကရောက်နေရတတ်သည်။

✱ တည်ငြိမ်ရင့်ကျက်မှုကို အကြောင်းပြု။

ဓနုရာသီ SAGITTARIUS | နိုဝင်ဘာ ၂၂-ဒီဇင်ဘာ ၂၁

လောဘနှင့် ဒေါသကို ထိန်းချုပ်နိုင်သူ ဖြစ်ရပါမည်။ ပုဂ္ဂိုလ်ရေးမြှူဆွယ်မက်လုံးများကို သတိပြုမာယာလှည့်ကွက်ကို မယုံစားမိဖို့ အရေးကြီးပါမည်။ လူမှုစီးပွား အငြင်းပွားမှုကို ပါးနပ်စွာ ရှောင်ရှားတတ်ရပါမည်။ ကြွက်မနိုင် ကျီမီးနှင့်ရှို့မှုများ ကြုံတွေ့ရလိမ့်မည်။ ယုံလွယ်မိမှားမှုများ ရှိမည်။

✱ ယုံကြည်ခံယူချက် မပျက်စေနှင့်။

ကရကဋ်ရာသီ CANCER | ဇွန် ၂၁-ဇူလိုင် ၂၂

ကံဇာတာအတက်မှာ ဉာဏ်ပညာတက်ပြီး အသိတရားကြီးမားရပါမည်။ လူတကာအများကို ပျူငှာစကားချိုသွေးလေ အကျိုးရှိလေဖြစ်မည်။ သေချာသောရင်းနှီးမြှုပ်နှံမှုများပြုနိုင်ပြီး အကြောင်းကောင်းများ ဖန်တီးနိုင်မည်။ လူမှုစီးပွား ထိပ်တိုက်ယှဉ်ပြိုင်ရမှုများမှ အခွင့်အရေးကောင်းများ ရတတ်သည်။

✱ လိမ္မာပါးနပ် သတိကပ်။

မကာရရာသီ CAPRICORN | ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၁၉

ပုဂ္ဂိုလ်ရေးပြုပြင်ပြောင်းလဲမှုမှာ အခြေအနေ အချိန်အခါအရ အလျှော့အတင်း ရှိတတ်ရပါမည်။ လူမှုစီးပွား ညှိနှိုင်းဆောင်ရွက်ရမှုများ ခက်ခဲနေတတ်သည်။ အငြင်းပွားမှုရှိမှသာ သေချာသောအကြောင်းတရားကို ဖန်တီးပါသည်။ တစ်ယူသန် ပုဂ္ဂိုလ်စွဲရှိသူများကို ရှောင်ရှားပါ။ ချစ်ကြိုးညှိရန် ခက်နေတတ်သည်။

✱ ကြောင်းကျိုးညီညွတ်မှုကို အဓိကထားပါ။

ကံသုံးပါးကို ပညာသိဖြင့် ပြုလုပ်ခြင်းမှာ တိုက်ရိုက်မူလ 'ယတြာ' ဖြစ်သည်။

ကာတွန်း



ရုပ်ရှင်

ဒီတစ်ပတ် (ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ) မှာတော့ . . .

သမ္မတ၊ တော့ပ်ရှိုင်ရယ်၊ မင်္ဂလာ(၁)နဲ့ သွင် ရုပ်ရှင်ရုံတွေမှာ ဒါရိုက်တာ ကျော်ဇောလင်း ရိုက်ကူးထားပြီး ရဲအောင်၊ ရန်အောင်၊ လူမင်း၊ မင်းမော်ကွန်း၊ ပြေတီဦး၊ နေတိုး၊ ဖြိုးငွေစိုး၊ မြင့်မြတ်၊ အောင်ရဲလင်း၊ နန္ဒ၊ ကောင်းပြည့်၊ ဖိုးချစ်၊ ကျော်ကျော်၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်၊ စန္ဒီမြင့်လွင်၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေးနဲ့ ယွန်းရွှေရည်တို့ ပါဝင်သရုပ်ဆောင်ထားတဲ့ **'ကိုတင့်တို့စူပါရပ်ကွက်'** ဇာတ်ကားကို ဆက်လက် ရုံတင်ထားပါတယ်။

မင်္ဂလာ(၂) ရုပ်ရှင်ရုံမှာတော့ အမေရိကန် စိတ်ကူးယဉ်ဇာတ်ကား **"Seventh Son"** ကို ဆက်လက်ရုံတင်ထားပါတယ်။

နေပြည်တော် ရုပ်ရှင်ရုံ(၁) မှာတော့ **"Seventh Son"** ဇာတ်ကား၊ **ရုံ(၂)** မှာတော့ အမေရိကန် ထိတ်လန့်ခြောက်ခြားဖွယ်ရာ ဇာတ်ကား **"As Above So Below "** ကို စတင်ရုံတင်လာပြီး **ရုံ(၃)** မှာတော့ **"I Fine Thank You Love You"** ထိုင်းအချစ်ဟာသ ဇာတ်ကားတို့ကို ပြသသွားမှာပါ။

ရွှေ့ဆောင် ရုပ်ရှင်ရုံ(၁) မှာတော့ အမေရိကန် အက်ရှင်ဇာတ်ကား **"Taken 3"** နဲ့ **ရုပ်ရှင်ရုံ(၂)** မှာတော့ တူးဒီ အမေရိကန် စိတ်ကူးယဉ် စွန့်စားမှုဇာတ်ကား **"Night at the Museum: Secret of the Tomb"** တို့ကို ပြသသွားမှာပါ။

မင်္ဂလာစံပြ ရုပ်ရှင်ရုံ(၁) မှာတော့ အက်ရှင်ဇာတ်ကား **"Taken 3"**၊ **ရုံ(၂)** မှာတော့ ထိုင်းအချစ်ဟာသဇာတ်ကား **"I Fine Thank You Love You"** နဲ့ **ရုံ(၃)** မှာ **'ကိုတင့်တို့စူပါရပ်ကွက်'** တို့ကို ပြသသွားမှာဖြစ်ပါတယ်။

ဂျန်းရှင်းစကွဲက ရုပ်ရှင်ရုံ တွေမှာတော့ သည်းထိတ်ရင်ဖိုဇာတ်ကား **"Spirit of Evil"**၊ သိပ္ပံစိတ်ကူးယဉ် စွန့်စားမှုဇာတ်ကား **"Dinosaur Island"** နဲ့ **'ကိုတင့်တို့စူပါရပ်ကွက်'** တို့ကို ရုံတင်ပြသသွားမှာပါ။

ဂျန်းရှင်းမော်တင်က ရုပ်ရှင်ရုံတွေမှာလည်း **'ကိုတင့်တို့စူပါရပ်ကွက်'** နဲ့ သိပ္ပံ စိတ်ကူးယဉ်ဇာတ်ကား **"Dinosaur Island"** တို့ကို ရုံတင်ပြသသွားမှာပါ။

နေပြည်တော်ဂျန်းရှင်း minitheatre မှာတော့ သိပ္ပံ စိတ်ကူးယဉ်ဇာတ်ကားဖြစ်တဲ့ **"Dinosaur Island"** ကို ရုံတင်ပြသသွားမှာ ဖြစ်ပါတယ်။ ■ နန္ဒာအောင်

ဟာသ

ဆရာကြီး . . .

ဦးကိုကိုတစ်ယောက် အလှမွေး ကြက်တူရွေးတစ်ကောင်ဝယ်ဖို့ အိမ်မွေးတိရစ္ဆာန်ရောင်းတဲ့ ဆိုင်တစ်ဆိုင်ထဲမှာ ငှက်တွေကို လိုက်ကြည့်ပြီး ဆိုင်ရှင်ကို လှမ်းမေးပါတယ်။

ဦးကိုကို - ဒီအဝါရောင် ကြက်တူရွေးက ဘယ်လောက်လဲဗျ။

ဆိုင်ရှင် - နှစ်သိန်းပါ။

ဦးကိုကို - ဟမ်. . ဘာလို့ဒီလောက် ဈေးကြီးရတာလဲ။

ဆိုင်ရှင် - သူက အထူးစပါယ်ရှယ် ကြက်တူရွေးဗျ။ စာဖတ်တတ်တယ်. . ခင်ဗျားနဲ့လည်း စကားပြောပေးနိုင်တယ်။

ဦးကိုကို - ဟုတ်ပါပြီ. . ဒါဆို. . ဒီအစိမ်းရောင် တစ်ကောင်ကရော ဘယ်လောက်လဲဗျာ။

ဆိုင်ရှင် - သူက ငါးသိန်းခင်ဗျ။ သူက စာဖတ်တတ်ရုံမကဘူး. . သီချင်းတော်တော်များများ ရတယ်။ ဖုန်းလာရင်တောင် ပြန်ဖြေပေးတတ် တယ်ဗျာ။

ဦးကိုကို - ဒီ အနီရောင် တစ်ကောင်ကရော ဘယ်လောက်လဲဗျ။

ဆိုင်ရှင် - ဒီကောင်ကတော့ ဈေးအကြီးဆုံးပဲဗျ။ ဆယ်သိန်းကျမယ်။

ဦးကိုကို - အမယ်လေးဗျာ. . သူက ဘာတွေလုပ်တတ်တာတုံး။

ဆိုင်ရှင် - သူက ဘာမှလုပ်တာတော့ မတွေ့ဘူးဗျ။ ဒါပေမဲ့ တစ်ဆိုင်လုံးက ကြက်တူရွေးတွေက သူ့ကို ဆရာကြီးလို့ ဝိုင်းခေါ်ကြတယ်လေ။ ■

စားဖွယ်ရာ

တစ်နေ့တာ စိတ်ဖိစီးမှုကို မီးဖိုထဲမှာ ချက်ပြုတ်မှုဖြင့် ကုသခြင်း

PHYO'S COOKING ADVENTURE

'ဒီတစ်ပတ်တော့ ဗိုလ်ဆန်ဆန်လေး ချက်လိုက်တယ်နော်။ ဖြိုးအမျိုးသားက ထမင်းနဲ့ ဟင်းကြိုက်ပေမယ့် နေ့တိုင်း ထမင်းနဲ့ဟင်းကို မနက်၊ ညတော့ ရက်ဆက်ပြီး သူက မစားနိုင်ဘူး။ နည်းနည်းကကြီကကြောင်ကျတယ်။ မလိုအပ်ဘဲ ထမင်းတွေ အများကြီးစားတော့ ကစီဓာတ်တွေနဲ့ ဝမှာပေါ့တဲ့။ ထမင်းက တရားခံဖြစ်ရတယ်နော်. . .။ ကိုယ်ကလည်း သူတို့လို အသားတွေ၊ ပေါင်မုန့်တွေ နေ့တိုင်း မစားနိုင်ပါဘူး။ ကိုယ်တွေ ကြီးပြင်းခဲ့တဲ့ သဘာဝ၊ နေရာ၊ ဒေသ၊ ယဉ်ကျေးမှုအတိုင်း ကိုယ့်အကြိုက်၊ သူ့အကြိုက်က ကွဲတာပေါ့။ တော်သေးတယ်၊ တူတာတွေ ရှိနေလို့။ ဖြိုးက နဂိုကတည်းက ထမင်းကို သိပ်ပြီးမက်တဲ့သူ မဟုတ်ဘူး။ ခေါက်ဆွဲလေး ကြားညှပ်ပြီး စားနေကျ။ ဒါမှမဟုတ်လည်း ဗိုလ်စာလိုလို၊ ဂျပန်စာလိုလို ဟိုစပ်စပ် ဒီစပ်စပ်လေး လုပ်စားနေကျဆိုတော့ fusion လို့ခေါ်တဲ့ ယဉ်ကျေးမှုစုံကို သဟဇာတဖြစ်အောင်၊ အရသာရှိအောင်ချက်တဲ့ ခေတ်ပေါ်ဟင်းမျိုးလေးတွေကို ချက်ရတာ ပိုကြိုက်တယ်၊ ပိုလည်း ချက်ဖြစ်တယ်။

ပြီးခဲ့တဲ့အပတ်က ထုံးစံအတိုင်း ညစာချက်ဖို့ လုပ်ရင်း ငါးရယ်၊ king oyster mushroom မှိုနဲ့ ထမင်းမပါအောင်၊ ပေါင်မုန့်တွေ၊ ပါစတာတွေလည်း မပါအောင် ချက်ဖို့လုပ်ရင်း ဒီတစ်ပတ်ဖော်ပြမယ့် ဟင်းလေးကို ချက်ဖြစ်သွားတယ်။ အလုပ်ကနေ စိတ်ရှုပ်ပြီး အိမ်ပြန်ရောက်လာတော့ ဘာလုပ်ရင်ကောင်းမလဲပေါ့။ စိတ်ပြေလက်ပျောက် ဒါကို ဟိုလိုချက်ရင် ကောင်းနိုးနိုး၊ ဒီလိုချက်ရင် ကောင်းနိုးနိုးနဲ့ ဇာတ်လမ်းစလိုက်တာပေါ့လေ။ စျာန်ဝင်သွားတယ် ပြောရမလားဘဲ။ ချက်ပြီးတော့ အားလုံးအဆင်ပြေနေတာနဲ့ပဲ ခေတ်ပုံတွေ ဘာတွေထရိုက်၊ အရှိန်က လွန်သွားတော့ ပန်းကန်တွေ ဘာတွေ အလှဆင်နဲ့ ဖြစ်သွားတယ်။ ချက်ရတာလွယ်တော့ စိတ်ရှုပ်နေတာတွေလည်းပျောက်ပြီး mood တွေ ဝင်ကုန်တာဖြစ်မယ်။ ဖြိုးရဲ့ စိတ်အပန်းဖြေနည်း (stress releasing therapy)က ဟင်းချက်တာပဲ။ အဲ. . . လာတော့ မလောနဲ့။ ခေါင်းနောက်လာရော။ ဒါကြောင့်လည်း Chef မဖြစ်တာဖြစ်မယ်။ ငါးက ကကတစ်ပါ။ Pro Mart မှာ ငါးကို အရိုးထုတ်၊ အသားန္တာပေးထားတာနဲ့ ဝယ်လာတယ်ပေါ့။ အိုကေသွားတယ်။ နို့မို့ဆို ကိုယ့်ဘာသာကိုယ်လုပ်ဆို နည်းနည်းထပ်ပြီး စိတ်ရှုပ်သွားမလားပဲ။ နောက်ပြီး မှိုက king oyster mushroom ပါ။ ERYNGII mushroom လို့လည်း ခေါ်တယ်။ သူက အရိုးကို ကန့်လန့်ဖြတ်လှီးထားရင် ကမာလေးတွေနဲ့ (oyster)နဲ့ တူတယ်။ ချက်တာကတော့ လွယ်တယ်။ ထောပတ်လေးနဲ့ ကြော်လိုက်တာ။ နောက်ပြီး ပြီးခဲ့တဲ့အပတ်က ဈေးဝယ်ထွက်တုန်း fennel လို့ခေါ်တဲ့ ဟင်းသီးဟင်းရွက်ကလည်း ဖြူဖြူဖွေးဖွေး စိမ်းစိမ်းစိုစိုနဲ့ဆိုတော့ ဒါလည်း ဝယ်လာခဲ့တယ်။ သူ့ကို သုပ်စားစား၊ အသားတွေနဲ့ roast လုပ်စားစား၊ ကင်စားစား စားလို့ကောင်းတယ်။

ပန်းသီးနီနှင့် fennel ဆလတ်သုတ်

ပါဝင်ပစ္စည်း (၆ ယောက်စာ)

- fennel buds (အလတ်) ၂ ခု
- ပန်းသီးအနီ (အလတ်) ၂ လုံး
- Balsamic vinegar စားပွဲဇွန်း ၁ ဇွန်း
- သံလွင်ဆီ (extra virgin olive oil) စားပွဲဇွန်း ၂ ဇွန်း
- သကြားအညို လက်နှစ်ဖျစ်စာ

ပြင်ဆင်ပုံ

အဖြူရောင်ဥပုံအပိုင်း (fennel buds)ကို ရေဆေးပြီး ရေစင်အောင် စစ်ထားပါ။ နောက် အပေါ်ပိုင်း အစိမ်းရောင်အပင်ပိုင်းကို ဖြတ်ပြီး သိမ်းထားပါ။

ပြီးရင် ပန်းသီးကိုလည်း အပေါ်၊ အောက်ထိပ်ဖြတ်ပြီး အလယ်အူတိုင်ကိုထုတ်ကာ ဆားရည်နဲ့ စိမ်ထားပါ။ အခွံသင်စရာမလိုပါဘူး။ (ဆားရည် မစိမ်ထားရင်၊ အချဉ်မသုတ်ထားပေးရင် ပန်းသီးတွေလေသလပ်ပြီး မည်းသွားတတ်ပါတယ်။ အမြင်မလှတော့ပါဘူး)

Dressing အတွက် ကျန်ပါဝင်ပစ္စည်းတွေကို ပုလင်းတစ်လုံးထဲကို ထည့်ပြီး သမအောင် လှုပ်ပါ။

Fennel အဖြူရောင်အပိုင်းကို အရှည်လိုက် ပါးပါးလေးရအောင် လှီးပါ။ ပန်းသီးကိုလည်း ရေစစ်ပြီး ပါးပါးလှီးပါ။ ပြီး ပန်းကန်တစ်ခုပေါ်မှာ အလှာလိုက် တစ်ထပ်စီ ခင်းပါ။ နောက် ပုလင်းကို သမအောင်လှုပ်ပြီး တစ်ခါတည်း ပန်းသီးနဲ့ fennel တွေပေါ်ကို နှံ့အောင် ဆမ်းပေးပါ။

ဆားနဲ့ ငရုတ်ကောင်းအနက်မှုန့်ကို အရသာအတွက် လိုသလောက် ထည့်ပါ။ သစ်ကြားသီးရှိရင် နည်းနည်း ထည့်စားပါက လိုက်ဖက်ပါတယ်။ ■

Fennel herb ထောပတ်နှင့် ကကတစ်ငါး King oyster မှိုကြော်

ပါဝင်ပစ္စည်း (၆ ယောက်စာ)

- ကကတစ်ငါးအသားလွှာ ၂ ချပ် (၅၀၀-၅၅၀ ဂရမ်နီးပါး)
- ထောပတ် ၈၀ ဂရမ်
- ကြက်သွန်ဖြူ ၂ မွှာ
- king oyster မှို ၄၀၀ ဂရမ်
- Fennel ၏ အစိမ်းရောင် အပင်ငယ်အချို့
- သံပရိုသီး ၁ လုံး

ပြင်ဆင်ပုံ

ပန်းကန်ပြားတစ်ချပ်ပေါ်မှာ မီးဖိုချောင်သုံး တစ်ရှူးစက္ကူကိုခင်းကာ ငါးတွေကို စီခင်းပြီး ဆားနဲ့ ငရုတ်ကောင်းအနက်မှုန့်လေး ဖြူးကာထားပါ။

နောက် Fennel လှီးစဉ်က ဖယ်ထားတဲ့ အစိမ်းရောင်အပင်ပိုင်းက အနည်းငယ်ကို ခပ်ကြမ်းကြမ်းလေး လှီးပါ။ စားပွဲဇွန်း တစ်ဇွန်းမောက်မောက်လောက်ဆို ရပါပြီ။

နောက် မှိုကို ၁၁ ဒသမ ၅ စင်တီမီတာ အထူလောက်ရအောင် ကန့်လန့်ဖြတ် လှီးပါ။ နောက် အပေါ်ပွင့်ကိုလည်း ကန့်လန့်ဖြတ် အထူညီအောင် လှီးပါ။

ထောပတ် သုံးပုံတစ်ပုံကို မတူးနိုင်တဲ့ ဒယ်ပြားထဲကိုထည့်ပြီး ပျော်သွားအောင် မီးမပြင်းတပြင်းနဲ့ အပူပေးပါ။ နောက် Fennel အရွက်တွေကို ထည့်မွှေပါ။ အနံ့ထွက်လာအောင် စက္ကန့်အနည်းငယ်မျှ စောင့်ပါ။ ပြီးရင် မှိုတွေကို 'ဒယ်ပြားအပြည့် အစီအရီ စီထည့်ပြီး ကြော်ပါ။ အဖုံးအုပ်ကာ သုံးမိနစ်လောက် ကြော်ပါ။ နောက် တစ်ဖက်ကိုလှန်ပြီး အဖုံးအုပ်ကာ သုံးမိနစ်လောက် ဆက်ကြော်ပါ။ အိုးအရွယ်အစားပေါ် မူတည်ပြီး မှိုတွေကို အသုတ်လိုက်ကြော်ပါ။ ကြော်တိုင်း ထောပတ်နဲ့ Fennel အရွက်တွေကို ချိန်ထည့်ဖို့တော့ လိုပါလိမ့်မယ်။ ဖြိုးတော့ နှစ်သုတ်ခွဲကြော်ရပါတယ်။

ပြီး မှိုတွေကို ပန်းကန်းပြားပေါ်ကို ပြောင်းထည့်ပြီး မီးဖိုနားမှာ ထားပါ။ oven ရှိရင်လည်း warm setting မှာထားပြီး ထည့်ထားပါ။ ပူပူလေး နွေးနေအောင်လို့ပါ။ မရှိလည်း စားခါနီးမှာ မှိုတွေကို နောက်ဒယ်ပြားတစ်ခုထဲ အကုန်လုံးထည့်ပြီး ပြန်နွှေးပါ။ ပြီးရင်တော့ ကျန်တဲ့ထောပတ်ကို ဒယ်ပြားထဲ အကုန်ထည့်ပြီး ကြက်သွန်ဖြူကို ညှစ်ထည့်ပါ။ နောက် ငါးတွေကို အရေခွံအောက်ထားပြီး စီထည့်ကာ သုံးမိနစ်လောက်ကြော်ပါ။ ငါးတွေကို တစ်ဖက်လှန်ပြီးရင် မီးလျှော့ကာ ၂၃ မိနစ်လောက် ကြော်ပါ။ အထူအပါးပေါ် မူတည်ပြီး သုံးမိနစ်လောက် ကြော်ရပါလိမ့်မယ်။ ပြီးရင် အရေခွံဘက်ကို အောက်ထားပြီး နောက်ထပ်သုံးမိနစ်ခန့် မီးပြန်မြှင့်ပြီးကြော်ပါ။ အရေခွံကြွပ်ကြွပ်လေး လိုချင်ရင်တော့ နှစ်မိနစ်လောက် ထပ်ပြီးဆက်ကြော်ပါ။

ငါးကျက် မကျက်သိချင်ရင်တော့ ခက်ရင်းခွလေးတွေနဲ့ ငါးထဲကို အသာလေးထိုးကြည့်ပါ။ ကျက်ရင် ခက်ရင်းအသွားက အိဝင်သွားပါလိမ့်မယ်။ နည်းနည်းမာမာလေး ကြိုက်ရင်တော့ အချိန်ပို ပိုကြော်ပေါ့။ အဖုံးမအုပ်ပါနဲ့။

ပြီးရင်တော့ ငါးကို ပန်းကန်ထဲထည့်၊ မှိုပူပူနွေးနွေးလေးတွေ ထည့်ပြီး သံပရိုသီးစိတ်ရယ်၊ ဆားနဲ့ ငရုတ်ကောင်းအနက်မှုန့်တို့နဲ့ ဟင်းပွဲပြင်ပါ။ ■



Travel

DOMESTIC FLIGHT SCHEDULES

YANGON TO NAY PYI TAW

Flight	Days	Dep	Arr
FMI A1	1,2,3,4,5	7:15	8:15
FMI B1	1,2,3,4,5	10:45	11:45
FMI C1	1,2,3,4,5	17:00	18:00
FMI A1	6	8:00	9:00
FMI A1	7	15:30	16:30

NAY PYI TAW TO YANGON

Flight	Days	Dep	Arr
FMI A2	1,2,3,4,5	8:35	9:35
FMI B2	1,2,3,4,5	13:30	14:30
FMI C2	1,2,3,4,5	18:20	19:20
FMI A2	6	10:00	11:00
FMI A2	7	17:00	18:00

YANGON TO MANDALAY

Flight	Days	Dep	Arr
Y5 775	Daily	6:00	7:10
YH 909	2,3	6:00	7:40
YH 917	5	6:00	7:40
YJ 891	Daily	6:00	8:05
K7 282	Daily	6:00	8:10
YH 917	1,2,3,4,6,7	6:10	8:30
YH 909	6	6:15	8:35
W9 201	Daily	7:00	8:25
YJ 811	3	7:00	8:25
YH 835	1,7	7:00	8:40
YH 826	3	7:00	8:40
YH 831	4,6	7:00	8:40
YH 829	5	7:00	11:05
7Y 131	Daily	7:15	9:20
K7 266	Daily	8:00	10:05
8M 6603	4	9:00	10:10
YJ 211	5,7	11:00	12:25
YJ 601	6	11:00	12:25
YJ 201	1,2,3	11:00	12:25
YH 911	2	11:00	12:40
YJ 761	1,2,4	11:00	12:55
YJ 233	6	11:00	12:55
YH 729	2,4,6	11:00	14:00
YH 737	3,7	11:15	13:25
YH 727	1	11:15	13:25
W9 251	2,5	11:30	12:55
YH 737	5	11:30	13:40
7Y 941	1,3,4,6	11:45	13:10
7Y 841	2,5	11:45	13:10
7Y 943	7	11:45	13:10
K7 822	4,7	12:30	16:55
K7 622	1,3,5,7	13:00	14:25
K7 226	2,4,6	13:30	14:55
7Y 241	Daily	14:30	16:25
YH 731	Daily	15:00	17:10
Y5 234	Daily	15:20	16:30
W9 211	4	15:30	16:55

MANDALAY TO YANGON

Flight	Days	Dep	Arr
YH 910	2,3	7:40	9:45
Y5 233	Daily	7:50	9:00
K7 283	Daily	8:25	11:30
YJ 891	Daily	8:20	10:15
YH 918	1,2,3,4,6,7	8:30	10:45
YH 910	6	8:35	10:00
W9 201	Daily	8:40	10:35
YJ 811	3	8:40	10:05
YH 918	5	9:10	11:05
7Y 132	Daily	9:35	11:30
K7 267	Daily	10:20	12:25
YH 830	5	11:05	14:55
YJ 761	4	13:10	17:00
YH 836	1,7	13:20	14:45
YH 832	4,6	13:20	14:45
YH 827	3	13:20	14:45
YJ 212	7	15:00	16:25
YJ 212	5	15:00	17:05
YJ 752	5	15:05	16:30
YH 912	2	15:30	17:25
YJ 202	2	15:30	16:55
YJ 202	1,3	15:30	17:35
YJ 602	6	15:40	17:35
YJ 762	1,2	16:35	18:00
7Y 242	Daily	16:40	18:45
YH 728	1	16:45	18:10
Y5 776	Daily	17:10	18:20
W9 211	4	17:10	19:15
K7 823	2,4,7	17:10	18:35
YH 732	Daily	17:10	19:15
8M 6604	4	17:20	18:30
K7 227	2,4,6	17:20	18:45
8M 903	1,2,4,5,7	17:20	18:30
YH 738	3,7	17:25	18:50
K7 623	1,3,5,7	17:40	19:05
YH 738	5	17:40	19:05
YH 730	2,4,6	17:45	19:10
YJ 234	6	17:45	19:10
W9 252	2,5	18:15	19:40

YANGON TO NYAUNG U

Flight	Days	Dep	Arr
K7 282	Daily	6:00	7:20
YJ 891	Daily	6:00	7:20
YH 909	7	6:00	7:35
YH 909	2,3	6:00	8:25
YH 917	5	6:00	8:25
YH 917	1,2,3,4,6,7	6:10	7:45
YH 909	6	6:15	7:50
YH 909	1,5,4	6:30	8:05
YJ 881	4,7	6:30	7:50
YJ 881	1,2,5,6	6:45	8:05
K7 242	Daily	7:00	8:20
7Y 131	Daily	7:15	8:35
7Y 121	1	8:20	9:40
Y5 649	Daily	10:30	11:50
K7 264	Daily	14:30	16:40
7Y 241	Daily	14:30	17:10
YH 731	Daily	15:00	17:55
W9 129	1,3,6	15:30	17:35
W9 211	4	15:30	17:40

NYAUNG U TO YANGON

Flight	Days	Dep	Arr
YJ 891	Daily	7:35	10:15
YH 917	1,2,3,4,6,7	7:45	10:45
YH 910	6	7:50	10:10
YJ 881	4,7	8:05	10:10
YH 910	1,4,5	8:05	10:10
YJ 881	1,2,5,6	8:20	10:25
YH 917	5	8:25	11:05
YH 910	2,3	8:25	9:45
K7 242	Daily	8:35	11:45
7Y 131	Daily	8:50	11:30
YH 910	7	9:25	10:45
7Y 121	Daily	9:55	14:10
K7 283	Daily	10:10	11:30
Y5 650	Daily	13:55	15:15
YH 212	5	15:45	17:05
YH 202	1,3	16:15	17:35
K7 265	Daily	16:55	18:15
7Y 242	Daily	17:25	18:45
W9 129	1,3,6	17:50	19:10
YH 732	Daily	17:55	19:15

YANGON TO MYITKYINA

Flight	Days	Dep	Arr
YH 835	1,7	7:00	10:05
YH 826	3	7:00	10:05
YH 831	4,6	7:00	10:05
YH 829	5	7:00	9:40
YJ 201	1,2,3	11:00	13:50
W9 251	2,5	11:30	14:25
7Y 841	5	11:45	14:35
K7 622	1,3,5,7	13:00	15:55

MYITKYINA TO YANGON

Flight	Days	Dep	Arr
YJ 202	2	14:05	16:55
YJ 202	1,3	14:05	17:35
YH 836	1,7	11:55	14:45
YH 832	4,6	11:55	14:45
YH 827	3	11:55	14:45
YH 830	5	12:30	14:55
K7 623	1,3,5,7	16:10	19:05
YJ 234	6	16:20	19:10
W9 252	2,5	16:45	19:40

YANGON TO HEHO

Flight	Days	Dep	Arr
YJ 891	Daily	6:00	8:50
K7 282	Daily	6:00	9:00
YH 909	7	6:00	8:30
YH 917	1,2,3,4,6,7	6:10	9:35
YH 909	1,4,5	6:30	9:00
YH 881	4,7	6:30	8:45
YH 881	1,2,5,6	6:45	9:00
K7 242	Daily	7:00	9:15
W9 201	Daily	7:00	9:10
7Y 131	Daily	7:15	10:05
K7 266	Daily	8:00	9:15
7Y 121	Daily	8:20	10:35
Y5 649	Daily	10:30	12:45
YH 505	1,2,3,4,5,6	10:30	11:55
YJ 751	7	10:30	11:40
YJ 751	3,5	10:45	11:55
YJ 601	4	10:30	11:40
YJ 761	1,2,4	11:00	12:10
YH 727	1	11:15	12:40
YH 737	3,7	11:15	12:40
YH 737	5	11:30	12:55
7Y 941	1,2,4,6	11:45	13:55
K7 828	1,3,5	12:30	13:45
K7 822	2,4,7	12:30	13:45
K7 264	Daily	14:30	15:45
7Y 241	Daily	14:30	15:40
YH 731	Daily	15:00	16:25
W9 129	1,3,6	15:30	16:40

HEHO TO YANGON

Flight	Days	Dep	Arr
YH 910	7	8:30	10:45
YJ 881	4,7	9:00	10:10
YH 910	1,4,5	9:00	10:10
YJ 891	Daily	9:05	10:15
K7 283	Daily	9:15	11:30
YJ 881	1,2,5,6	9:15	10:25
W9 201	Daily	9:25	10:35
K7 243	Daily	9:30	11:45
YH 918	1,2,3,4,6,7	9:35	10:45
YH 918	5	9:55	11:05
7Y 132	Daily	10:20	11:30
7Y 121	Daily	10:50	14:10
K7 267	Daily	11:10	12:25
YH 506	1,2,3,4,5,6	11:55	14:00
YJ 9601	4	12:10	17:30
YJ 752	5	14:20	16:30
YJ 762	4	15:50	17:00
YJ 762	1,2	15:50	18:00
7Y 241	Daily	15:55	18:45
K7 829	1,3,5	16:10	17:25
YH 728	1	16:00	18:10
YH 732	Daily	16:25	19:15
YJ 602	6	16:25	17:35
K7 264	Daily	16:30	18:15
YH 738	7,3	16:40	18:50
YH 738	5	16:55	19:05
YJ 752	7	16:45	17:55
W9 129	1,3,6	16:55	19:10
YJ 752	3	17:00	18:10

YANGON TO MYEIK

Flight	Days	Dep	Arr
Y5 325	1,5	6:45	8:15
7Y 531	1,5	7:00	8:38
K7 319	2,4,6	7:00	9:05
Y5 325	2	15:30	17:00

MYEIK TO YANGON

Flight	Days	Dep	Arr
Y5 326	1,5	8:35	10:05
7Y 532	1,5	10:45	12:18
K7 320	2,4,6	11:30	13:35
Y5 326	2	17:15	18:45

YANGON TO SITTWE

Flight	Days	Dep	Arr
W9 309	1,3,6	11:30	12:55
K7 422	Daily	13:00	14:55

SITTWE TO YANGON

Flight	Days	Dep	Arr
W9 309	1,3,6	13:10	14:55
K7 423	Daily	15:10	16:30

YANGON TO THANDWE

Flight	Days	Dep	Arr
K7 242	Daily	7:00	10:35
YH 505	1,2,3,4,5,6	10:30	13:10
W9 309	1,3,6	11:30	13:50
7Y 122	Daily	12:15	13:05
K7 422	Daily	13:00	13:35
Y5 421	1,3,4,6	15:45	16:40

THANDWE TO YANGON

Flight	Days	Dep	Arr
K7 243	Daily	10:50	11:45
YH 506	1,2,3,4,5,6	13:10	14:00
7Y 122	Daily	13:20	14:10
W9 309	1,3,6	14:05	14:55
K7 422	Daily	14:10	16:30
Y5 422	1,3,4,6	16:55	17:50

YANGON TO DAWEI

Flight	Days	Dep	Arr
K7 319	2,4,6	7:00	8:10
7Y 531	1,5	7:00	7:48

DAWEI TO YANGON

Flight	Days	Dep	Arr
K7 320	2,4,6	12:25	13:35
7Y 532	1,5	11:30	12:18

YANGON TO LASHIO

Flight	Days	Dep	Arr
YJ 751	7	10:30	12:45
YJ 751	3,5	10:45	13:00
YH 729	2,4,6	11:00	13:00
7Y 741	1,5	11:30	13:18
K7 828	1,3,5	12:30	14:50

LASHIO TO YANGON

Flight	Days	Dep	Arr
YJ 752	5	13:15	16:30
K7 829	1,3	15:05	15:55
K7 829	5	15:05	17:25
YJ 752	7	15:40	17:55
YJ 752	3	15:55	18:10
7Y 742	1,5	16:00	17:48
YH 730	2,4,6	16:45	19:10

YANGON TO PUTAO

Flight	Days	Dep	Arr
YH 835	1,7	7:00	11:00
YH 831	4,6	7:00	11:00
YH 826	3	7:00	11:00
W9 251	2,5	11:30	15:25

PUTAO TO YANGON

Flight	Days	Dep	Arr
YH 836	1,7	11:00	14:45
YH 832	4,6	11:00	14:45
YH 826	3	11:00	14:45
W9 252	2,5	15:45	19:40

YANGON TO CHIANG MAI

Flight	Days	Dep	Arr
Y5 251	2,4,6	6:15	8:05
7Y 305	1,5	11:00	12:50
W9 9607	4,7	14:30	16:20

CHIANG MAI TO YANGON

Flight	Days	Dep	Arr
Y5 252	2,4,6	9:25	10:15
7Y 306	1,5	13:45	14:35
W9 9608	4,7	17:20	18:10

Domestic Airlines

Air Bagan (W9)
Tel: 513322, 513422, 504888. Fax: 515102

Air KBZ (K7)
Tel: 372977~80, 533030~39 (airport), 373766 (hotline). Fax: 372983

Asian Wings (YJ)
Tel: 515261~264, 512140, 512473, 512640
Fax: 532333, 516654

FMI Air Charter
Tel: 240363, 240373, 09421146545

Golden Myanmar Airlines (Y5)
Tel: 09400446999, 09400447999
Fax: 8604051

Mann Yadanarpon Airlines (7Y)
Tel: 656969
Fax: 656998, 651020

Yangon Airways (YH)
Tel: 383100, 383107, 700264
Fax: 652 533

Airline Codes

7Y = Mann Yadanarpon Airlines

FMI = FMI Air Charter

K7 = Air KBZ

W9 = Air Bagan

Y5 = Golden Myanmar Airlines

YH = Yangon Airways

YJ = Asian Wings

Subject to change without notice

Day

1 =	Monday	4 =	Thursday
2 =	Tuesday	5 =	Friday
3 =	Wednesday	6 =	Saturday
		7 =	Sunday

First class information from a source you can trust is now more important than ever.
Which is why more than half a million people read the newspaper for business and lifestyle.

When you need
information you can trust.
The Myanmar Times.
Still the benchmark.

Online or with our print editions you can be sure of accuracy and professionalism.
It's so easy to subscribe. Just email subscribe.mt@gmail.com or dial our hotline +951 392 928

www.mmtimes.com
Heartbeat of the Nation

@TheMyanmarTimes

facebook.com/
myanmartimes

INTERNATIONAL FLIGHT SCHEDULES

YANGON TO BANGKOK

Flights	Days	Dep	Arr
PG 706	Daily	6:05	8:20
8M 335	Daily	8:40	10:25
TG 304	Daily	9:50	11:45
PG 702	Daily	10:30	12:25
TG 302	Daily	14:50	16:45
PG 708	Daily	15:20	17:15
8M 331	Daily	16:30	18:15
PG 704	1,2,3,4,5,6	18:20	20:15
PG 704	7	19:30	21:45
Y5 237	Daily	19:00	20:50
TG 306	Daily	19:50	21:45

BANGKOK TO YANGON

Flights	Days	Dep	Arr
TG 303	Daily	8:00	8:45
PG 701	Daily	8:45	9:40
Y5 238	Daily	21:30	22:20
8M 336	Daily	11:55	12:40
TG 301	Daily	13:05	13:50
PG 707	Daily	13:40	14:30
PG 703	1,2,3,4,5,6	16:45	17:35
PG 703	7	17:55	18:45
TG 305	Daily	18:05	18:50
8M 332	Daily	19:20	20:05
PG 705	Daily	20:15	21:30

YANGON TO DON MUEANG

Flights	Days	Dep	Arr
DD 4231	Daily	8:00	9:45
FD 252	Daily	8:30	10:20
FD 256	Daily	12:50	14:40
FD 254	Daily	17:35	19:25
FD 258	Daily	21:30	23:15
DD 4239	Daily	21:00	22:55

DON MUEANG TO YANGON

Flights	Days	Dep	Arr
DD 4230	Daily	6:30	7:15
FD 251	Daily	7:15	8:00
FD 255	Daily	11:35	12:20
FD 253	Daily	16:20	17:05
FD 257	Daily	20:15	20:55
DD 4238	Daily	19:25	20:15

YANGON TO SINGAPORE

Flights	Days	Dep	Arr
8M 231	Daily	8:00	12:25
Y5 2233	Daily	9:45	14:15
TR 2823	Daily	9:45	2:35
SQ 997	Daily	10:25	15:10
3K 582	Daily	11:45	16:20
MI 533	2,4,6	13:35	20:50
MI 519	Daily	16:40	21:15
3K 584	2,3,5	19:30	0:10+1

SINGAPORE TO YANGON

Flights	Days	Dep	Arr
TR 2822	Daily	7:20	8:45
Y5 2234	Daily	7:20	8:50
SQ 998	Daily	7:55	9:20
3K 581	Daily	9:10	10:40
MI 533	2,4,6	11:30	12:45
8M 232	Daily	13:25	14:50
MI 518	Daily	14:20	15:45
3K 583	2,3,5	17:20	10:40

YANGON TO KUALA LUMPUR

Flights	Days	Dep	Arr
AK 505	Daily	8:30	12:45
MH 741	Daily	12:15	16:30
8M 501	1,2,3,5,6	14:00	18:00
MH 743	Daily	16:00	20:15
AK 503	Daily	19:05	23:20

KUALA LUMPUR TO YANGON

Flights	Days	Dep	Arr
AK 504	Daily	6:55	8:00
MH 740	Daily	10:05	11:15
8M 502	1,2,3,5,6	19:10	20:10
MH 742	Daily	13:55	15:05
AK 502	Daily	17:20	18:25

YANGON TO BEIJING

Flights	Days	Dep	Arr
CA 906	3,5,7	23:50	0550+1

BEIJING TO YANGON

Flights	Days	Dep	Arr
CA 905	3,5,7	19:30	22:50

YANGON TO GUANGZHOU

Flights	Days	Dep	Arr
8M 711	2,4,7	8:40	13:15
CZ 3056	3,6	11:35	15:55
CZ 3056	1,5	17:40	22:10

GUANGZHOU TO YANGON

Flights	Days	Dep	Arr
CZ 3055	3,6	8:35	10:35
CZ 3055	1,5	14:40	16:40
8M 712	2,4,7	14:15	15:50

YANGON TO TAIPEI

Flights	Days	Dep	Arr
CI 7916	Daily	10:50	16:10

TAIPEI TO YANGON

Flights	Days	Dep	Arr
CI 7915	Daily	7:00	9:50

YANGON TO KUNMING

Flights	Days	Dep	Arr
CA 416	Daily	12:30	15:55
MU 2012	3	12:40	18:50
MU 2032	1,2,4,5,6,7	14:50	18:15

KUNMING TO YANGON

Flights	Days	Dep	Arr
MU 2011	3	8:25	11:50
CA 415	Daily	11:10	11:30
MU 2031	1,2,4,5,6,7	13:30	14:00

YANGON TO HANOI

Flights	Days	Dep	Arr
VN 956	1,3,5,6,7	19:10	21:25

HANOI TO YANGON

Flights	Days	Dep	Arr
VN 957	1,3,5,6,7	16:40	18:10

YANGON TO HO CHI MINH CITY

Flights	Days	Dep	Arr
VN 942	2,4,7	14:25	17:05

HO CHI MINH CITY TO YANGON

Flights	Days	Dep	Arr
VN 943	2,4,7	11:45	13:25

YANGON TO DOHA

Flights	Days	Dep	Arr
QR 919	1,4,6	7:55	11:40

DOHA TO YANGON

Flights	Days	Dep	Arr
QR 918	3,5,7	19:45	0459+1

YANGON TO SEOUL

Flights	Days	Dep	Arr
OZ 770	4,7	0:50	8:50
KE 472	Daily	23:55	07:45+1

SEOUL TO YANGON

Flights	Days	Dep	Arr
KE 471	Daily	18:30	22:30
OZ 769	3,6	19:30	23:40

YANGON TO HONG KONG

Flights	Days	Dep	Arr
KA 251	Daily	1:10	5:25

HONG KONG TO YANGON

Flights	Days	Dep	Arr
KA 252	2,4,6	22:20	0015+1
KA 250	1,3,5,7	21:50	23:45

YANGON TO TOKYO

Flights	Days	Dep	Arr
NH 914	Daily	22:10	06:45+1

TOKYO TO YANGON

Flights	Days	Dep	Arr
NH 913	Daily	11:45	17:15

YANGON TO DHAKA

Flights	Days	Dep	Arr
BG 061	2	11:45	13:00
BG 061	5	19:45	21:00

DHAKA TO YANGON

Flights	Days	Dep	Arr
BG 060	2	8:30	10:45
BG 060	5	16:30	18:45

YANGON TO INCHEON

Flights	Days	Dep	Arr
PG 724	1,3,5,6	12:50	14:45
W9 607	4,7	14:30	16:20

INCHEON TO YANGON

Flights	Days	Dep	Arr
PG 723	1,3,5,6	11:00	11:55
W9 608	4,7	17:20	18:10

YANGON TO GAYA

Flights	Days	Dep	Arr
8M 601	3,5,6	10:30	11:50

GAYA TO YANGON

Flights	Days	Dep	Arr
8M 602	3,5,6	12:50	16:00

MANDALAY TO BANGKOK

Flights	Days	Dep	Arr
PG 710	Daily	14:15	16:40

BANGKOK TO MANDALAY

Flights	Days	Dep	Arr
PG 709	Daily	12:05	13:25

MANDALAY TO SINGAPORE

Flights	Days	Dep	Arr
MI 533	2,4,6	15:45	20:50
Y5 2233	1,2,4,5,6	7:50	14:15

SINGAPORE TO MANDALAY

Flights	Days	Dep	Arr
Y5 2234	Daily	7:20	16:30
MI 533	2,4,6	11:30	14:50

MANDALAY TO DON MUEANG

Flights	Days	Dep	Arr
FD 245	Daily	12:50	15:15

DON MUEANG TO MANDALAY

Flights	Days	Dep	Arr
FD 244	Daily	10:55	12:20

MANDALAY TO KUNMING

Flights	Days	Dep	Arr
MU 2030	Daily	13:50	16:40

KUNMING TO MANDALAY

Flights	Days	Dep	Arr
MU 2029	Daily	12:55	12:50

NAY PYI TAW TO BANGKOK

Flights	Days	Dep	Arr
PG 722	1,2,3,4,5	19:45	22:45

BANGKOK TO NAY PYI TAW

Flights	Days	Dep	Arr
PG 721	1,2,3,4,5	17:15	19:15

International Airlines

Air Asia (FD)
Tel: 09254049991~3

Air Bagan Ltd.(W9)
Tel: 513322, 513422, 504888. Fax: 515102

Air China (CA)
Tel: 666112, 655882

Air India
Tel: 253597~98, 254758. Fax 248175

Bangkok Airways (PG)
Tel: 255122, 255265. Fax: 255119

Biman Bangladesh Airlines (BG)
Tel: 371867~68. Fax: 371869

Condor (DE)
Tel: 370836~39 (ext: 303)

Dragonair (KA)
Tel: 255320, 255321. Fax: 255329

Golden Myanmar Airlines (Y5)
Tel: 09400446999, 09400447999
Fax: 8604051

Malaysia Airlines (MH)
Tel: 387648, 241007 (ext: 120, 121, 122)
Fax: 241124

Myanmar Airways International (8M)
Tel: 255260. Fax: 255305

Nok Airline (DD)
Tel: 255050, 255021. Fax: 255051

Qatar Airways (QR)
Tel: 379845, 379843, 379831. Fax: 379730

Singapore Airlines (SQ) / Silk Air (MI)
Tel: 255287~9. Fax: 255290

Thai Airways (TG)
Tel: 255491~6. Fax: 255223

Tiger Airline (TR)
Tel: 371383, 370836~39 (ext: 303)

Vietnam Airlines (VN)
Tel: 255066, 255088, 255068. Fax: 255086

Airline Codes

3K = Jet Star
8M = Myanmar Airways International
AK = Air Asia
BG = Biman Bangladesh Airlines
CA = Air China
CI = China Airlines
CZ = China Southern
DD = Nok Airline
FD = Air Asia
KA = Dragonair
KE = Korea Airlines
MH = Malaysia Airlines
MI = Silk Air
MU = China Eastern Airlines
NH = All Nippon Airways
PG = Bangkok Airways
QR = Qatar Airways
SQ = Singapore Airways
TG = Thai Airways
TR = Tiger Airline
VN = Vietnam Airline
Y5 = Golden Myanmar Airlines

Subject to change without notice

Day
1 = Monday
2 = Tuesday
3 = Wednesday
4 = Thursday
5 = Friday
6 = Saturday
7 = Sunday

အဲမန္တလေးရဲ့ အနာဂတ် ဘယ်လိုဖြစ်လာမလဲ

သောမတ်ကင်းန်နှင့် အိအိသူ
tdkean@gmail.com, 91.eieithu@gmail.com

လေယာဉ်ပျံသန်းမှုခရီးစဉ်များ ရပ်နားထားရသည့် အဲမန္တလေးလေကြောင်းလိုင်းအနေဖြင့် ၎င်းတို့ ကြေညာထားသည့်အတိုင်း ယခုလကုန်တွင် လုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးမှာ မေးခွန်းထုတ်ဖွယ်ဖြစ်လာသည်။

မထင်မှတ်ထားသည့် အခြေအနေအရပ်ရပ်ကြောင့် လေကြောင်းလိုင်းအတွက် အီးအာရ်ဂျေ ၁၄၅ လေယာဉ်နှစ်စင်း ငှားရမ်းရန် သဘောတူညီမှုပျက်ပြားသွားပြီး နောက်လေယာဉ်ခရီးစဉ်များကို ဒီဇင်ဘာလ ၁၀ ရက်နေ့မှစပြီး ဇန်နဝါရီလကုန်ပိုင်းအထိ ရပ်နားထားမည်ဖြစ်ကြောင်း အဲမန္တလေးက ဒီဇင်ဘာလအစောပိုင်းတွင် ကြေညာခဲ့သည်။

လေကြောင်းလိုင်းကို အမြဲတမ်းရပ်ဆိုင်းလိုက်ရမည့် အခြေအနေမရှိဟုလည်း လက်ရှိအမှုဆောင်အရာရှိချုပ်က ပြောကြားထားပြီး ဖေဖော်ဝါရီလတွင် လေယာဉ်သုံးစင်းဖြင့် ခရီးစဉ်များ ပြန်လည်ပြေးဆွဲမည်ဟု ပြီးခဲ့သည့် ရက်သတ္တပတ်က ပြောကြားခဲ့သည်။

"အဲမန္တလေးရဲ့ လေယာဉ်ခရီးစဉ်ပျံသန်းပြေးဆွဲမှုတွေကို ရပ်နားထားရတဲ့အကြောင်းက ကျွန်တော်တို့ရဲ့ ဘဏ္ဍာရေးအခြေအနေကြောင့် မဟုတ်ပါဘူး။ လေယာဉ်မှူးတွေ၊ လေယာဉ်မောင်တွေနဲ့ လေယာဉ်မယ်တွေက လွဲပြီး ကျွန်တော်တို့ရဲ့ ကျန်တဲ့ဝန်ထမ်းတွေအားလုံး ကုမ္ပဏီမှာ လုပ်ငန်းလည်ပတ်လုပ်ကိုင်နေကြပါတယ်" ဟု ၎င်းက ပြောသည်။

"ဇန်နဝါရီလအကုန်ပိုင်းလောက်မှာ မြန်မာနိုင်ငံကို ရောက်လာမယ့် လေယာဉ်သုံးစင်း (အေတီအာရ် ၇၂ လေယာဉ်တစ်စင်းနဲ့ Embraer အီးအာဂျေ ၁၄၅ လေယာဉ်နှစ်စင်း)နဲ့ ခရီးစဉ်ပျံသန်းပြေးဆွဲမှုတွေကို ပြန်လည်စတင်ပေးသွားမှာပါ။ ဒါကြောင့် လေယာဉ်ခရီးစဉ်တွေကို ဖေဖော်ဝါရီလနောက်ဆုံးထားပျံသန်းသွားမှာပါ" ဟု၎င်းကပြောသည်။

အစိုးရက စည်းကြပ်ထားသည့် အခွန်နှုန်းထား လက်လှမ်းမမှီနိုင်အောင် မြင့်မားလွန်းသည့်အတွက် လေယာဉ်များ မရောက်လာနိုင်ရခြင်းဖြစ်ကြောင်းနှင့် လေယာဉ်အပေါ် စည်းကြပ်သည့် ပို့ကုန်ခွန်ကို ပြင်ဆင်ပေးရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေသည်ဟု ၎င်းကပြောသည်။

"အခွန်နှုန်းထားတွေ မြင့်လွန်းရင် ကျွန်တော်တို့ရဲ့ လေယာဉ်လက်မှတ်ခတွေကို တခြားလေကြောင်းလိုင်းတွေထက် ဈေးပိုများသွားစေမှာဖြစ်တဲ့အတွက် ဈေးကွက်ထဲမှာ ယှဉ်နိုင်တော့မှာ မဟုတ်ပါဘူး" ဟု ၎င်းက ပြောသည်။

သို့သော် လေကြောင်းလိုင်း၏ ရှယ်ယာရှင်များနှင့် သဘောထားကွဲလွဲမှုဖြစ်ပွားခဲ့ပြီး နောက် အမှုဆောင်အရာရှိချုပ်ရာထူးက နိုဝင်ဘာလ ၁၄ ရက်နေ့တွင် နှုတ်ထွက်ခဲ့သည့် ဂယ်ရီဗီးလ်လိယာ့ဒ်ကမူ လေကြောင်းလိုင်းအနေဖြင့် ခရီးစဉ်များ ပြန်လည်စတင်နိုင်ရန် အလားအလာရှိသည်ဟု မထင်ကြောင်း ပြောသည်။

လေယာဉ်ငှားရမ်းရန် သဘောတူညီမှုပျက်ပြားခြင်းသည် ပြီးခဲ့သည့်နှစ်အတွင်း တတိယအကြိမ်ဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့ပြီး လေကြောင်းလိုင်းတွင် ခရီးစဉ်များပြန်လည်စတင်နိုင်ရန်လိုအပ်သည့် ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကျွမ်းကျင်မှု ရှိ မရှိ မေးခွန်းထုတ်လိုက်သည်။

လေကြောင်းလိုင်းတွင် ပါဝင်သည့် အစိုးရ၏ ရှယ်ယာသုံးပုံတစ်ပုံကို ရောင်းချခြင်းနှင့် ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဖြစ်ပွားနေသည့် အငြင်းပွားမှုတွင် အဲမန္တလေးလည်းပါဝင်နေပြီး အလားအလာရှိသည့်ရင်းနှီးမြှုပ်နှံသူတစ်ဦးနှင့် ပြုလုပ်နေသည့် ညှိနှိုင်းဆွေးနွေးမှုမှာလည်း မကြာသေးခင်က ပျက်ပြားသွားခဲ့သည်ဟု ၎င်းက ပြောသည်။

"လေကြောင်းလိုင်းကို ကယ်လို့ရတဲ့ အဆက်အသွယ်တွေအားလုံးနဲ့ ကျွန်တော်ကြိုးစားကြည့်ခဲ့ပါတယ်။ ဒါရိုက်တာအဖွဲ့အစည်းအဝေးတိုင်းမှာ ရှယ်ယာရှင်တွေက ငွေကြေးနဲ့ပတ်သက်ပြီး ကတိတွေ ပေးခဲ့ကြပါတယ်။ ဒါပေမဲ့ အဲဒီကတိကဝတ်တွေအားလုံး ဘယ်တော့မှ မတည်ကြပါဘူး။ ကျွန်တော်ဒီကို ရောက်တုန်းကဆိုရင် ကုမ္ပဏီရဲ့ ကျော်ကြားမှုက ကျွန်တော်မယုံနိုင်လောက်အောင်ပါပဲ။ ဒါပေမဲ့ စီမံချက်တွေအတွက် ရန်ပုံငွေ လောက်လောက်ငငမပေးတာတို့၊ ရှယ်ယာရှင်တွေနဲ့ တွေ့ဆုံဖို့ ငြင်းဆန်တာတို့တွေက လူ ၃၈၆ ဦးကို သွားစရာနေရာမရှိဘဲ လမ်းပေါ်ရောက်သွားတာမျိုး ဖြစ်သွားတော့မှာပါ" ဟု ၎င်းက ပြောသည်။

အဲမန္တလေးသည်အေတီအာရ်၇၂လေယာဉ်နှစ်စင်းနှင့် အေတီအာရ်၄၂လေယာဉ်တစ်စင်း အပါအဝင် ၎င်း၏ လေယာဉ်များ ထိန်းသိမ်းပြုပြင်ရန် လိုအပ်မှုအတွက် ခရီးစဉ်များကို ၂၀၁၀ ခုနှစ်ကလည်း လပေါင်းများစွာ ရပ်နားခဲ့ရသည်။

လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဥပဒေအရ သက်တမ်း ၂၅ နှစ်ကျော်ကြာပြီဖြစ်သည့် လေယာဉ်များ အသုံးပြုခြင်းကို တားမြစ်ထားသည့်အတွက် အဲမန္တလေးသည် ယင်း၏ လေယာဉ်များအနက် နှစ်စင်းဖြစ်သည့် အေတီအာရ် ၇၂ နှင့် အေတီအာရ် ၄၂ ကို ဆက်လက် အသုံးမပြုနိုင်တော့ချေ။

အဲမန္တလေးအနေဖြင့် လာမည့်နှစ်တွင် လုပ်ငန်းပြန်လည်ပတ်လာနိုင်မည်ဟု မျှော်လင့်ကြောင်း Myanmar Voyage ခရီးသွားလုပ်ငန်း၏ မန်နေးဂျင်း ဒါရိုက်တာ ဦးသက်လွင်တိုးက ပြောသည်။

"ဘိုးရင်းလေယာဉ်တွေနဲ့ အစားထိုးဖို့ သူတို့တွေ ဒီနှစ်ထဲမှာ သဘောတူညီမှုတစ်ရပ် လက်မှတ်ထိုးထားပါတယ်။ ဒါကြောင့် သူတို့ လေယာဉ်မှူးတွေကို သင်တန်းပေးနေလို့ ခရီးစဉ်ပျံသန်းမှုတွေ ရပ်နားထားတာလို့ ကျွန်တော်ထင်တယ်" ဟု ၎င်းက ပြောသည်။

အဲမန္တလေး၏ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းရေးအတွက် ဘိုးရင် ၇၃၇ လေယာဉ်များ ငှားရမ်းပေးခြင်းဖြင့် ကုမ္ပဏီနှစ်ခု ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို ပြီးခဲ့သည့်နှစ်က လက်မှတ်ရေးထိုးခဲ့သည်။

မစ်ဆူဘီရှီကုမ္ပဏီထံမှ အမ်အာရ်ဂျေ ၉၀ လေယာဉ်ခြောက်စင်းကိုလည်း မှာယူထားပြီးဖြစ်ကြောင်း ယခုနှစ်အစောပိုင်းတွင် အဲမန္တလေးက ပြောကြားခဲ့သည်။ ခရီးသည် ၈၆ ဦးမှ ၉၆ ဦးအထိ ဝင်ဆံ့မည့် ယင်းလေယာဉ်များကို ၂၀၁၈ ခုနှစ် ဒုတိယသုံးလပတ်တွင် စတင်လက်ခံရရှိမည်ဖြစ်သည်။

အဲမန္တလေးကို ၁၉၉၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံး ပုဂ္ဂလိကပိုင် ပြည်တွင်းလေကြောင်းလိုင်းအဖြစ် စတင်တည်ထောင်ခဲ့ပြီး လက်ရှိရှယ်ယာရှင်များမှာ စင်ကာပူရှိ Air Mandalay Holdings Pte Ltd၊ မလေးရှားရှိ Premier Airlines Pte Ltd နှင့် မကြာသေးခင်က Myanmar National Airlines ဟု အမည်ပြောင်းထားသည့် မြန်မာအစိုးရပိုင် မြန်မာ့လေကြောင်းတို့ဖြစ်သည်ဟု ၎င်း၏ ကုမ္ပဏီဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

■ သီရိမင်းထွန်း ဘာသာပြန်သည်။

Sport

တစ်ကိုယ်တော်ထိုးဖောက် ဖန်တီး အဆုံးသတ်ကောင်းတဲ့ ကစားသမား

အောင်မိုးဇော်

သူ့ရဲ့ခြေစွမ်းတွေကို စီးရီးအေ ယူဒီးနိစ်အသင်းမှာတုန်းကမြင်တွေ့ရပေမယ့် စပိန်လာလီဂါ ဘာစီလိုနာအသင်းကြီးကိုရောက်သွားတော့ မက်ဆီအရိပ်လွှမ်းမိုးတာခံရပြီး သူ့ခြေစွမ်းကောင်းတွေ မှေးမှိန်သွားခဲ့ပါတယ်။ အခုတစ်ခါ ပရီမီယာလိဂ် အာဆင်နယ်ကိုရောက်လာတဲ့အခါမှာတော့ သူ့မှာကမ္ဘာ့ထိပ်တန်းဘောလုံးသမားတစ်ယောက်ရဲ့ ခြေစွမ်းတွေ ပိုင်ဆိုင်ထားတယ်ဆိုတာကို ပြသနေခဲ့ပြီ ဖြစ်ပါတယ်။ သူကတော့ ချီလီလက်ရွေးစင်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်ပဲ ဖြစ်ပါတယ်။ ဘာစီလိုနာမှာ ပုံမှန်ပွဲထွက်ခွင့်မရ၊ လူစားဝင်ကစားသမားအဖြစ်လည်း ပုံမှန်မကစားရတော့ ဆန်းချက်ဇ်ဆိုတာ အပိုကောင်လိုဖြစ်နေခဲ့ပါတယ်။ အဲဒီလို ကစားသမားကို အာဆင်နယ်က ပေါင် ၃၅ သန်းတောင် ပေးဝယ်ခဲ့တော့ အဲဒီအချိန်က မတန်မရာ ကြေးလို့တောင် တချို့က ထင်ထားခဲ့ကြပါတယ်။ ဘာစီလိုနာကလည်း သိပ်ကိုထိုက်တန်တဲ့ကြေးလို့ ယူဆခဲ့ပါတယ်။ အခုတော့ သူ့ရဲ့ခြေစွမ်းတော်တော်ကို ပြည့်စုံနေတဲ့ ထိပ်တန်းကစားသမားတစ်ယောက်ဖြစ်တာကို မြင်တွေ့လာရပြန်တော့ အာဆင်နယ်အတွက် အကျိုးဖြစ်ထွန်းလာခဲ့ပြီ ဖြစ်ပါတယ်။ သူ့မှာ တစ်ကိုယ်တော်ထိုးဖောက်နိုင်တဲ့ ball skill ၊ အကွက်မြင်ဖန်တီးပေးနိုင်တဲ့ vision ၊ တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်ဖို့ထောက်ပံ့ပေးနိုင်တဲ့ assist ၊ အဆုံးသတ်ဂိုးသွင်းနိုင်တဲ့ finishing ဆိုတဲ့ အချက်တွေ ပိုင်ဆိုင်ထားတယ်ဆိုတာကို အာဆင်နယ်မှာ မြင်တွေ့နေရပြီဖြစ်ပါတယ်။ ဒီအတွက် ဆန်းချက်ဇ်ရဲ့ပေါက်စျေးကလည်း မြင့်သထက်မြင့်လာနေပြီ ဖြစ်ပါတယ်။ အာဆင်နယ်ကို စတင်ရောက်ရောက်ချင်းမှာပဲ ခြေစွမ်းပြခဲ့တဲ့ အိုဇေးလ်ဟာ ခြေစွမ်းပြကစားနိုင်ပေမယ့် နောက်ပိုင်းမှာ ခြေစွမ်းပျောက်သွားတဲ့ အဖြစ်အပျက်တွေရှိထားလို့ ဆန်းချက်ဇ်လည်း အဲဒီလိုဖြစ်လာမလား စောင့်ကြည့်နေကြပေမယ့် ဆန်းချက်ဇ်ကတော့ တောက်လျှောက်ကို ခြေစွမ်းပြနေတာက သူ့ရဲ့အားသားချက်ဖြစ်နေခဲ့ပါတယ်။

ဘာစီလိုနာမှာ ၁၄၁ ပွဲကစားပြီး ၄၇ ဂိုးသာသွင်းနိုင်ခဲ့တဲ့ ဆန်းချက်ဇ်ရဲ့ ကစားဟန်နဲ့ ပရီမီယာလိဂ်ကစားဟန်တို့ အံဝင်ခွင်ကျဖြစ်သွားတာက အာဆင်နယ်အတွက် ကျေနပ်စရာပဲ ဖြစ်ပါတယ်။ 'ထိပ်တန်းမန်နေဂျာ တစ်ယောက်ကိုင်တွယ်တဲ့ ကလပ်ကို ပြောင်းရွှေ့ခွင့်ရလို့ အရမ်းဝမ်းသာရပါတယ်"လို့ ပြောခဲ့ဖူးတဲ့ ဆန်းချက်ဇ်ကတော့ အခုအခါမှာ အာဆင်နယ်ရဲ့ အရေးပါတဲ့သူဖြစ်လာခဲ့ပါတယ်။ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ချီလီအသင်းနဲ့ကစားတဲ့ခြေစွမ်းက အာဆင်ဝင်းဂါးကို ဆွဲဆောင်စေခဲ့ပြီး သူ့ကို နှစ်ရှည် ငါးနှစ် စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ ယူဒီးနိစ်မှာ ကစားနေစဉ်တုန်းကလည်း သူဟာစီးရီးအေရဲ့ အကောင်းဆုံးကစားသမားဆုကို ရခဲ့ပါတယ်။ ဘာစီလိုနာက ပေါင် ၂၃ သန်းနဲ့ခေါ်ပြီးတော့မှ ဘာစီလိုနာလည်းရောက်ရော သူလည်း ပုံမှန်မကစားရဖြစ်သွားပြီး မထင်မရှားဖြစ်သွားခဲ့ရတာပါ။ အခုတော့ အာဆင်နယ်နဲ့အတူ ခြေစွမ်းပြကစားနေတာ ပရီမီယာလိဂ်မှာ ၁၉ ဂိုးသွင်းထားနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဘာစီလိုနာကနေ အာဆင်နယ်က ပေါင် ၃၅ သန်းနဲ့ဝယ်တော့ ကျူပီအာရ်ကွင်းလယ်ကစားသမား ဂျိုယေးဘာတန်က "သူဟာ ခြေစွမ်းတည်ငြိမ်တဲ့ တိုက်စစ်မှူးတစ်ယောက်မဟုတ်ဘူး။ သူ့ကိုမကြိုက်ဘူး" လို့ဝေဖန်ခဲ့ပေမယ့် စတုတ်ကို အာဆင်နယ်က ၃-၀ နဲ့အနိုင်ရတဲ့ ပွဲပြီးတော့ ဘာတန်က "အခုတော့ သူ့ရဲ့ကစားပုံကို နှစ်သက်လာပါပြီ။ လီဗာပူးက ရသင့်တဲ့ကစားသမားဖြစ်ခဲ့တာကို လက်လွှတ်ခဲ့တာတော့ လီဗာပူးရဲ့ နစ်နာမှုပဲ"လို့ ဝန်ခံပြောဆိုသွားခဲ့ပါတယ်။ ပြီးတော့ သူက "နည်းစနစ်ပိုင်း၊ စကေးပိုင်းတွေမှာ ထိပ်တန်းအဆင့်ရှိလိမ့်မယ်လို့ ထင်မထားခဲ့ဘူး။ သေချာတာက ဘောလုံးရပြီးရင်တော့ သူ့မှာ ထိပ်တန်းအရည်အသွေးတွေ ရှိတာကို တွေ့လိုက်ရတာပါပဲ။ ပြီးတော့ သူ့ရဲ့ ကြိုးစားကစားတဲ့အား၊ ကစားနေစဉ် သူ့ရဲ့ အပြုအမူတွေက သူ့ကို ပိုပြီးမြင်သာစေခဲ့တယ်။ အာဆင်နယ်မှာ သူဟာ မရှိမဖြစ်ကစားသမားဖြစ်လာမှာ သေချာတယ်"လို့ ကစားသမားတွေအပေါ် ချီးကျူးပြောဆိုမှု သိပ်ကိုနည်းပါးခဲ့တဲ့ ဂျိုယေးဘာတန်က မှတ်ချက်ပေးခဲ့ပါတယ်။

ပရီမီယာလိဂ် ၂၁ ပွဲ ကစားပြီးချိန်မှာတော့ ဆန်းချက်ဇ်ဟာ total of goals and assists ပိုင်းတွေမှာ ထိပ်ဆုံးက ဦးဆောင်နေသူဖြစ်နေပါတယ်။ ချယ်လ်ဆီးက ဟာဇတ်တောင် မမီ ဖြစ်သွားခဲ့ပါတယ်။ အာဆင်နယ်အတွက် ဂိုးသွင်းနိုင်သလို ပံ့ပိုးပေးနိုင်သူက ကာဇိုလာ မဟုတ်တော့၊ ရမ်ဆေး မဟုတ်တော့ဘဲ ဆန်းချက်ဇ် ဖြစ်သွားတဲ့ ရာသီပဲ ဖြစ်ပါတယ်။ အာဆင်ဝင်းဂါးအနေနဲ့ အာဆင်နယ်ခံစစ်ပိုင်းကိုသာ ထိပ်တန်းအဆင့်ဖြစ်အောင် ပြင်ဆင်လိုက်နိုင်မယ်ဆိုရင် အာဆင်ဝင်းဂါးဟာ ပရိသတ်တွေ ဝေဖန်မှုနဲ့ကင်းဝေးသွားမှာပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၁-၁၂ ဘောလုံးရာသီတုန်းက အာဆင်နယ်တိုက်စစ်မှာ ဗန်ပါစီဟာ တစ်ရာသီလုံး ဂိုးသွင်းအားနဲ့

> တကယ်တမ်းဆိုရင် အာဆင်နယ်ရဲ့ တိုက်စစ်အနေအထားက ခြေစွမ်းပြသင့်ပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက်က မသေမချာအခြေအနေပဲဖြစ်

ပံ့ပိုးမှုအားတွေမှာ ရာခိုင်နှုန်းအားဖြင့် ၅၄ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့သလိုမျိုးပဲ အခု ဆန်းချက်ဇ်ဟာ အာဆင်နယ်အတွက် ၅၁ ဒသမ ၄ ရာခိုင်နှုန်းအထိရှိလာ နေခဲ့ပါတယ်။ နောက်ထပ်ပွဲကစားဖို့ ၁၇ ပွဲကျန်နေ သေးတာကြောင့် ဗန်ပါစီစွမ်းဆောင်အားကို ကျော်သွားလိမ့်မယ်လို့ သုံးသပ်နေကြပြီဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ ၁၉ ဂိုးသွင်းထားတဲ့ ဆန်းချက်ဇ်ဟာ ဂိုးမသွင်းနိုင်တဲ့ပွဲတွေလည်းရှိထားပါတယ်။ အဲဒီပွဲတွေမှာ ပံ့ပိုးသူဟာ ဘယ်သူလဲကြည့်လိုက်ရင် ဆန်းချက်ဇ်ပါဝင်နေမှာကို တွေ့ရမှာပဲ ဖြစ်ပါတယ်။ စတုတ်ပွဲမှာ ကိုဆီယယ်နီခေါင်းတိုက်သွင်းတဲ့ဂိုးအတွက် ဆန်းချက်ဇ်ရဲ့ တိကျသေချာတဲ့ ဖြတ်တင်ဘောကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအပြင် တခြားဖန်တီးပေးတဲ့ ဂိုးတွေလည်း ရှိထားခဲ့ပါတယ်။ သူဟာလန်ဒန်မှာ ပိုပြီးနေသားကျလာမယ်ဆိုရင် သူ့ရဲ့ခြေစွမ်းဟာ ကျသွားစရာအကြောင်းမရှိဘူးလို့ ယူဆနေခဲ့ကြပါတယ်။

အာဆင်နယ်တိုက်စစ်မှာ ဂျရူး၊ ဝဲလ်ဘက်၊ ဆန်းချက်ဇ်တို့ ကစားနေပြီး တိုက်စစ်က ဂိုးသွင်းအားကောင်းသလောက် ခံစစ်က ဂိုးပေးနေရတဲ့ အဖြစ်ကတော့ အာဆင်ဝင်ဂါးကိုသာ အပြစ်တင်ကြရမှာဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပွဲဖြစ်တဲ့ အန်ဒါလက်ချ်နဲ့ အိမ်ကွင်းပွဲမှာ ဦးဆောင်ဂိုးတွေရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူအဖြစ် ထင်ရှားမြင်သာစေသူက ဆန်းချက်ဇ်ပဲ ဖြစ်ပါတယ်။ အာဆင်နယ် ၃-၁ နဲ့အနိုင်ရနေရာက နောက်ဆုံးမှာ ၃-၃ နဲ့သရေကျသွားခဲ့ပါတယ်။ အဲဒီပွဲမှာ ဆန်းချက်ဇ်ဟာ အကောင်းဆုံးခြေစွမ်းနဲ့ ကစားသွားခဲ့တာပါ၊ နောက်ဆုံးပွဲပြီးသွားတော့ ဆန်းချက်ဇ် တစ်ယောက် စိတ်ပျက်လက်ပျက်ဖြစ်သွားခဲ့ပုံတွေက အမှတ်ရစရာပဲဖြစ်ပါတယ်။ ဒီရာသီ အာဆင်နယ်မှာ အင်တိုက်အားတိုက်ကြိုးစားကစားတဲ့ ကစားသမားဘယ်သူလဲလို့ မေးခဲ့ရင် ဆန်းချက်ဇ်လို့ပြောကြမှာပါ။ ဒါပေမဲ့ သူ့ပုံစံက မာန်တက်နေတဲ့ ပုံစံမျိုးမရှိဘဲ ပွဲကိုသာ အာရုံစိုက်ထားတဲ့ သွင်ပြင်ကို မြင်တွေ့ရမှာက သူ့စိတ်ထားကို ပြနေခြင်းပဲဖြစ်ပါတယ်။ တကယ်တမ်းဆိုရင် အာဆင်နယ်ရဲ့ တိုက်စစ်အနေအထားက ခြေစွမ်းပြသင့်ပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက်မှာ မသေမချာအခြေအနေပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း လန်ဒန်က အာဆင်နယ်ပရိသတ်တွေက အာဆင်ဝင်းဂါးကို ဖိအားပေးနေတာဖြစ်ပါတယ်။ စတုတ်မန်နေဂျာ မာခ့်ဟုချ်ကတော့ "တောင်အမေရိက ကစားသမားတွေကစားပုံက သူတို့ကိုယ်သူတို့ ပြန်ပြီးမောင်နှင်တတ်ကြသူတွေ၊ ဆန်းချက်ဇ်မှာလည်း ဒီပုံစံတွေပိုင်ဆိုင်ထားတယ်"လို့ ချီးကျူးထားပါတယ်။

အခုဇန်နဝါရီ ဈေးကွက်ကာလမှာ အာဆင်ဝင်းဂါးအနေနဲ့ ဘယ်လိုကစားသမားတွေဝယ်မလဲဆိုပြီး စောင့်ကြည့်နေခဲ့ကြပါတယ်။ လောလောဆယ်မှာ ပိုလန်နောက်တန်းသမားတစ်ယောက်ကိုတော့ ဝယ်ထားပေမယ့် ဒါဟာ လုံလောက်မှု မဟုတ်ပါဘူး။ အာဆင်ဝင်းဂါးကတော့ ဒီဘူချီနဲ့ အာတီတာလအတော်ကြာ နားရမှာဖြစ်လို့ ကစားသမားနောက်ထပ်တစ်ယောက်၊ နှစ်ယောက်လောက်ကိုဝယ်မယ်လို့ဆိုထားပေမယ့် ထိပ်တန်းကစားသမားထက် အလားအလာရှိမယ့်ကစားသမားမျိုးပဲ ဝယ်နိုင်ဖွယ်ရှိနေပါတယ်။ တကယ်လို့သာ အာဆင်နယ် ချန်ပီယံလိဂ်ဝင်ခွင့်မရခဲ့ဘူးဆိုရင် အာဆင်ဝင်းဂါးဟာ ဖိအားကြီးကြီးမားမားကို ရင်ဆိုင်လာရဖွယ် ရှိနေပါတယ်။ တိုက်စစ်ပိုင်း၊ ကွင်းလယ်ပိုင်းတို့မှာ အားကိုးလောက်ဖွယ်ရှိထားပြီး ခံစစ်ပိုင်းက အသင့်အတင့်သာ ရှိထားတဲ့အတွက် ဇန်နဝါရီအပြောင်းအရွှေ့မှာ ထိပ်တန်း နောက်တန်းသမားတစ်ယောက်သာ ဝယ်နိုင်ခဲ့မယ်ဆိုရင်တော့ ဆန်းချက်ဇ်ရဲ့ တိုက်စစ် စွမ်းဆောင်အားတွေက ပိုပြီးမြင်သာထင်သာရှိလာမှာပဲဖြစ်ပါတယ်။ ချယ်လ်ဆီးခံစစ်က ကောင်းနေတော့ ဟာဇတ်ရဲ့ အဆုံးသတ်အား၊ ပံ့ပိုးအားတွေက မြင်သာထင်သာ ရှိနေပြီး ဒီရာသီ အကောင်းဆုံးကစားသမားလို့ မြင်နေကြချိန်မှာ ဆန်းချက်ဇ်ရဲ့ ကြိုးစားစွမ်းဆောင်အားတွေ ဘယ်လောက်ပဲကောင်းနေစေကာမူ အာဆင်နယ်ခံစစ်က အားနည်းတော့ ဆန်းချက်ဇ်ဟာ ဟာဇတ်လို ဖြစ်မလာတာကတော့ စိတ်မကောင်းစရာပဲဖြစ်ပါတယ်။ ဘယ်လိုပဲ အာဆင်နယ်ဖြစ်နေစေကာမူ ဆန်းချက်ဇ်ကတော့ ဘာစီလိုနာနဲ့ အသွင်မတူတဲ့ ပုံစံတွေပြန်ရလာတဲ့အတွက် သူ့ကိုယ်သူ ကျေနပ်နေမှာကတော့ သေချာပါရဲ့ . . .။ ■



ဘောလုံး၊ အားကစားနဲ့ အကြမ်းဖက်မှုများ
SPORT 50

ဗလင်စီယာရဲ့ လျင်မြန်ပြီးမာကျောတဲ့ ကွင်းလယ်နဲ့ ရင်ဆိုင်ရတဲ့အခါမှာ စိတ်ကြိုက်ဖန်တီးခွင့်နဲ့ ဂိုးသွင်းခွင့်တွေ အလွယ်တကူရနိုင်ဖို့ မလွယ်ဘူး
SPORT 52

အက်ဖ်အေဖလား စတုတ္ထအဆင့်မှာ ပရီမီယာလိဂ်အသင်းတွေ သာနေတယ်

အောင်မိုးဇော်

စပါးကွင်းနောက်ခံလူ ချီရီချက်စ်(ဝဲ) ဘန်လေနှင့်ပွဲတွင် ဂိုးသွင်းယူပြီး အောင်ပွဲခံနေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ချယ်လ်ဆီး – ဘရက်ဖို့ဒ်

ခြေအဆင့်အတန်းချင်းက အတော့်ကို ကွာနေပါတယ်။ ဘရက်ဖို့ဒ်က လိဂ်ဝမ်းကလပ်အသင်းဖြစ်နေလို့ပါ။ ဘရက်ဖို့ဒ်ကွင်းဆိုရင်တော့ သရေမျှော်လို့ ရနိုင်ကောင်းပေမယ့် အခုပွဲက ချယ်လ်ဆီးကွင်းဖြစ်လို့ ဘရက်ဖို့ဒ် ဘယ်လိုမှတတ်နိုင်မှာ မဟုတ်ပါဘူး။ ချယ်လ်ဆီး ဂိုးဘယ်လောက်သွင်းမလဲဆိုတာပဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ အက်ဖ်အေဖလားကို ပရိသတ်က စိတ်မဝင်စားလို့ မော်ရင်ညိုလျှော့မယ်မထင်ပါဘူး။ ချယ်လ်ဆီးရဲ့အနိုင်က အနည်းဆုံး သုံးဂိုးပြတ်ဖြစ်လာပါလိမ့်မယ်။

မန်စီးတီး – ဘိုရို

မန်စီးတီးက မစ်ဒယ်ဘရော့နဲ့ တွေ့နေပါတယ်။ ဘိုရိုကကတော့ လိဂ်ချန်ပီယံရှစ်တန်းမှာ အဆင့်(၄)နေရာမှာ ရပ်တည်နေတာဆိုတော့ မန်စီးတီး သတိတော့ထားပြီး ကစားရပါလိမ့်မယ်။ ဘိုရိုမှာ အတွေ့အကြုံကောင်းတွေလည်း ရှိထားပါတယ်။ ဘိုရိုအနေနဲ့မန်စီးတီးကို ဂိုးတစ်ဂိုးတော့ သွင်းသွားနိုင်ပါတယ်။ မန်စီးတီး သတိထားကစားပြီး အနိုင်ယူပါလိမ့်မယ်။ ဂိုးကတော့ ပြတ်သားဖို့မလွယ်ပါဘူး။

လီဗာပူး – ဘော်လ်တန်

လီဗာပူးကလည်း ချန်ပီယံရှစ်တန်းက ဘော်လ်တန်နဲ့တွေ့နေပါတယ်။ ဘော်လ်တန်က အရင်ကဆိုရင် အသင်းကြီးတွေကို ဒုက္ခပေးတတ်ပေမယ့် အခုတော့ အတော့်ကို ကျသွားပြီဖြစ်ပါတယ်။ အမှတ်ပေးဇယားမှာ အဆင့်(၁၆)မှာပဲ ရှိနေလို့ အကောင်းဆုံးပုံစံ မရှိပါဘူး။ လီဗာပူးက အိမ်ကွင်းဖြစ်နေတော့ ကစားအားကောင်းနေပါလိမ့်မယ်။ အသင်းကလည်း တည်ငြိမ်နေပါတယ်။ လီဗာပူး အနိုင်က ပြတ်သားပါလိမ့်မယ်။

စပါး – လက်စတာ

စပါးက နည်းနည်းပွဲကျပ်ပါတယ်။ ပရီမီယာလိဂ်က လက်စတာနဲ့ တွေ့နေလို့ပါ၊ တတိယအဆင့်မှာ ဘန်လေကို အိမ်ကွင်းမှာ ၄-၂ နဲ့ နိုင်ပေမယ့် ပွဲအစ ရှစ်မိနစ်မှာပဲ နှစ်ဂိုးအသွင်းခံရပြီးနောက်ကနေ လေးဂိုးပြန်သွင်းသွားတာဖြစ်ပါတယ်။ စပါးတိုက်စစ်အကောင်းဆုံးပုံစံကို ပြနေတာပါ၊ လက်စတာက အဝေးကွင်းကစားပုံကောင်းတဲ့ အသင်းမဟုတ်လို့ စပါးကစားလို့ ရပါလိမ့်မယ်။ စပါးရဲ့အနိုင်လည်း ပြတ်သားပါလိမ့်မယ်။ အနည်းဆုံး နှစ်ဂိုးပြတ်ပါလိမ့်မယ်။

ဘရိုက်တန် – အာဆင်နယ်

အာဆင်နယ်က လက်ရှိချန်ပီယံဆိုတော့ အခုပွဲကို သတိထားကစားလာနိုင်ပါတယ်။ ဘရိုက်တန်ကွင်းဖြစ်နေလို့ ပေါ့ပေါ့ဆဆ ကစားလာမယ်မထင်ပါဘူး။ တတိယအဆင့်မှာ ဟားလ်စီးတီးကို အားထားရသူတွေနဲ့ ပွဲထုတ်ပြီး အာဆင်နယ်အနိုင်ကစားခဲ့တာတွေ့ရလို့ အခုလည်း အားထားရသူတွေနဲ့ ကစားလာနိုင်ပါတယ်။ ဘရိုက်တန်က မနှစ်က လောက်ကောင်းတဲ့အသင်းတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အိမ်ကွင်းမို့ကစားအားတင်နိုင်ပါတယ်။ အာဆင်နယ် အနိုင်ရပါလိမ့်မယ်။ ဂိုးပြတ်ဖို့တော့ ခက်ခဲနိုင်ပါတယ်။

ဘရစ္စတိုးစီးတီး – ဝက်စ်ဟမ်း

ဘရစ္စတိုးစီးတီးက လိဂ်ဝမ်းကလပ်အသင်းဖြစ်ပါတယ်။ အမှတ်ပေးဇယားမှာ ဒုတိယနေရာမှာရှိနေတဲ့အသင်းဆိုတော့ လျှော့တွက်လို့တော့ မရပါဘူး။ ဝက်စ်ဟမ်းကလည်း အဲဗာတန်နဲ့ အကြိတ်အနယ်ကစားပြီး ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဝက်စ်ဟမ်းပရိသတ် အများအပြား အားပေးတဲ့ပွဲဖြစ်ခဲ့ပါတယ်။ အခုပွဲက ဘရစ္စတိုးစီးတီးမှာဆိုတော့ ဝက်စ်ဟမ်း ခက်ခက်ခဲခဲ ကစားရနိုင်ပါတယ်။ သရေကျနိုင်သလို ဝက်စ်ဟမ်းနိုင်ရင်လည်း ဂိုးမပြတ်နိုင်ပါဘူး။

ဗီလာ – ဘွန်းမောက်

ဗီလာအနေနဲ့ အိမ်ကွင်းမို့အားသာချက်ရှိပေမယ့် ဘွန်းမောက်ကို လျှော့တွက်လို့မရဘူးဆိုတာကို သိထားမှာဖြစ်ပါတယ်။ ဗီလာက တိုက်စစ်အားနည်းသလောက် ဘွန်းမောက်က တိုက်စစ်အားသန်တဲ့ အသင်းဖြစ်နေလို့ပါ။ ချန်ပီယံရှစ်တန်းမှာ တည်တည်ငြိမ်ငြိမ်ကစားနေတဲ့အသင်းဖြစ်ပါတယ်။ အမှတ်ပေးဇယားထိပ်ဆုံးမှာရှိနေပြီး ပရီမီယာလိဂ်ကိုတက်လာနိုင်တဲ့အသင်း ဖြစ်ပါတယ်။ ဗီလာခက်ခက်ခဲခဲကစားရပါလိမ့်မယ်။ ဘွန်းမောက်နဲ့ ဂိုးအများကိုကြိုက်ပါတယ်။

ဆန်းဒါးလန်း – ဖူလ်ဟမ်

ဆန်းဒါးလန်းကတော့ အိမ်ကွင်းဖြစ်နေသလို ဖူလ်ဟမ်ကလည်း အသင်းပျက်လိုအသင်းဖြစ်နေလို့ ဆန်းဒါးလန်းအခွင့်သာနေပါတယ်။ အိမ်ကွင်းကစားအားကောင်းပြီး ခံစစ်လည်းကောင်းတဲ့အတွက် ဖူလ်ဟမ် ဂိုးသွင်းဖို့ လွယ်မှာ မဟုတ်ပါဘူး။ ဖူလ်ဟမ်က ဝုဗ်ဗာဟန်တန်ကို ပယ်နယ်တီအဆုံးအဖြတ် ကစားပြီး တက်လာတာဖြစ်ပါတယ်။ ခံစစ်အားနည်းတဲ့အသင်းဖြစ်ပါတယ်။ ဆန်းဒါးလန်း နှစ်ဂိုးပြတ်နဲ့အနိုင်ရသွားပါလိမ့်မယ်။

ဘာမင်ဂမ် – ဝက်စ်ဘရွန်း

ဒီပွဲက ဘာမင်ဂမ်ဒါဘီပွဲ ဖြစ်ပါတယ်။ ဘာမင်ဂမ်မှာ ပြဿနာတွေရှိနေပေမယ့် အခုပွဲမှာတော့ နှစ်ဖက်ပရိသတ်အားပေးလှုံ့ဆော်မှုက ကစားသမားတွေကို စိတ်ဓာတ်တက်ကြွလာနိုင်တဲ့ပွဲ ဖြစ်လာပါလိမ့်မယ်။ ဘာမင်ဂမ်ဟာ တန်းဆင်းဇုန်နားအထိ ရောက်သွားရာက အခုတော့ အလယ်အလတ်အဆင့်မှာ ရပ်တည်နေပါတယ်။ ဝက်စ်ဘရွန်းက နည်းပြတိုနီပူးလစ်လက်ထက်မှာ တိုးတက်လာတာမှန်ပေမယ့် အခုပွဲမှာ ခက်ခက်ခဲခဲကစားလာရနိုင်ပါတယ်။ ဂိုးများမှာ သေချာတဲ့ပွဲဖြစ်ပါတယ်။

ဘလက်ဘန်း – ဆွမ်ဆီး

ဘလက်ဘန်းကွင်းမှာ ဆွမ်ဆီးခက်ခက်ခဲခဲကစားလာရပါလိမ့်မယ်။ ဘလက်ဘန်းကို လျှော့တွက်လို့မရပါဘူး။ လိဂ်ချန်ပီယံရှစ်တန်းမှာ အဆင့်(၁၀)မှာ ရှိနေပေမယ့် အခုပွဲမှာ ဘလက်ဘန်းတစ်ပွဲတိုး ကစားအားနဲ့ ကစားလာပါလိမ့်မယ်။ ဆွမ်ဆီးတိုက်စစ်မှာ ဘိုနီမရှိတော့ရင် ဂိုမစ်နဲ့ ကစားနေပေမယ့် အဝေးကွင်းဆိုရင် ဆွမ်ဆီးကစားအားမကောင်းတာကို မေ့ထားလို့မရပါဘူး။ ဘလက်ဘန်း သရေနဲ့ အနိုင်ပါ။

ကာဒစ် – ရက်ဒင်း

လိဂ်ချန်ပီယံရှစ်တန်းက နှစ်သင်း ထိပ်တိုက်တွေ့တဲ့ပွဲဖြစ်ပါတယ်။ ကာဒစ်ဟာ ပရီမီယာလိဂ်ကို ပြန်တက်လာနိုင်မယ့် အသင်းမဟုတ်သလို ရက်ဒင်းလည်းတက်လာမယ့်အသင်းမဟုတ်ပါဘူး။ အလယ်အလတ်နှစ်သင်းတွေ့နေတဲ့ပွဲဖြစ်ပါတယ်။ ကာဒစ်က အိမ်ကွင်းအားသာချက်ရှိပေမယ့် ရက်ဒင်းလည်း ကစားအားရှိလို့ ဒီပွဲက သရေနဲ့ပြီးသွားနိုင်ပါတယ်။

ကင့်ဘရစ်ချ် – မန်ယူ

ကင့်ဘရစ်ချ်ကို မန်ယူသွားကစားရမှာဖြစ်ပါတယ်။ ကင့်ဘရစ်ချ်က လိဂ်တူးကအသင်းဖြစ်ပါတယ်။ လိဂ်တူးမှာ အဆင့်(၁၄)မှာရပ်တည်နေပါတယ်။ ခြေတော်တော်ကွာနေပါတယ်။ မန်ယူကတော့ ဖလားပွဲတွေမှာ အဝေးကွင်းပွဲတွေချည်း ကစားနေရပါတယ်။ ဗန်ဟားလ်ဟာ ဖလားတစ်လုံးရနိုင်ဖို့ စိတ်ကူးထားပုံရပါတယ်။ အက်ဖ်အေဖလားပွဲမှာ လူစုံတွေ ထုတ်သုံးနေပါတယ်။ အခုလည်း လူစုံနေပါတယ်။ မန်ယူအနိုင်ရပါလိမ့်မယ်။ နှစ်ဂိုးပြတ်နိုင်ပါတယ်။ ■

ပရီမီယာလိဂ်အသင်းကြီးများ၏ အက်ဖ်အေဖလား တတိယအဆင့် ရလဒ်များ

ထရန်မီရီရိုဗာ	၂-၆	ဆွမ်ဆီး
ဝက်စ်ဘရွန်း	၇-၀	ဂိတ်ရှက်
အာဆင်နယ်	၂-၀	ဟားလ်စီးတီး
ချယ်လ်ဆီး	၃-၀	ဝက်ဖို့ဒ်
ယိုဗယ်တောင်း	၀-၂	မန်ယူ
ဗီလာ	၁-၀	ဘလက်ပူး
မန်စီးတီး	၂-၁	ရှက်ဖီး
စတုတ်	၃-၁	ရက်စ်ဟမ်း
ဆောက်သမ်တန်	၁-၁	အစ်ဆွစ်ချ်
အစ်ဆွစ်ချ်	၀-၁	ဆောက်သမ်တန်
ဆန်းဒါးလန်း	၁-၀	လိဒ်
ဝင်ဘယ်လ်ဒန်	၁-၂	လီဗာပူး
ဘန်လေ	၁-၁	စပါး
စပါး	၄-၂	ဘန်လေ
အဲဗာတန်	၁-၁	ဝက်စ်ဟမ်း
ဝက်စ်ဟမ်း	၂-၂	အဲဗာတန်

မြန်မာ့အလင်း ဇန်နဝါရီ ၂၃ - ၂၉၊ ၂၀၁၅

အီတလီစီးရီးအေပွဲစဉ်(၂၀)

ထိပ်ပိုင်းက အသင်းတွေကို ပိုကြိုက်တယ်

ဝဏ္ဏ(စမ်းချောင်း)

ကက်ဂလီယာရီ – ဆက်စူလို (စနေ၊ ည ၁၁း၃၀)

ဇန်နဝါရီလထဲမှာ ကက်ဂလီယာရီ ဂိုးသွင်းနှုန်းတက်လာပေမယ့် နောက်တန်းက ပေးဂိုးများတယ်။ ကက်ဂလီယာရီနောက်တန်းဟာ စီးရီးအေမှာ တတိယပေးဂိုးအများဆုံး ဖြစ်နေတယ်။ ဆက်စူလိုလည်း နောက်တန်းမတည်ငြိမ်ပေမယ့် စုဖွဲ့မှုကောင်းလို့ နားလည်မှုကောင်းပြီး ဂိုးသွင်းနှုန်းမြင့်မားတယ်။ ဆက်စူလိုဘက်က အရဲစွန့်သင့်တယ်။

လာဇီယို – အေစီမီလန် (တနင်္ဂနွေ၊ နံနက် ၂း၁၅)

ပွဲကျပ်တွေ ဆက်တိုက်ကစားနေရပေမယ့် လာဇီယိုဟာ နာပိုလီတစ်သင်းကိုပဲ ရှုံးပြီး ကျန်တဲ့ ပွဲတိုင်း အနိမ့်ဆုံးသရေကစားထားတယ်။ လာဇီယိုကွင်းလယ်တိုက်စစ်က ထိပ်တန်းအဆင့်မှာ ရှိတယ်။ အေစီမီလန်ကတော့ ကိုပါအီတာလျံဖလားဘက်ကို အာရုံစိုက်နေပြီး စီးရီးအေမှာတော့ တိုက်စစ်ရော ခြေစွမ်းပါ ကျဆင်းနေတယ်။ လာဇီယိုကို ပိုကြိုက်တယ်။

ဗီရိုနာ – အတ္တလန္တာ (တနင်္ဂနွေ၊ ည ၈း၃၀)

စီးရီးအေနဲ့ ကိုပါအီတာလျံဖလားပွဲစဉ်တွေအဖြစ် သုံးရက်အတွင်း ဂျူဗင်တပ်ကို နှစ်ပွဲဆက်တိုက် ရှုံးခဲ့ရာမှာ ၁၀ ဂိုးသွင်းခံလိုက်ရတဲ့ ဗီရိုနာတို့ အခုပွဲမှာ ပြန်ညစ်မယ်လို့ ယူဆမိတယ်။ အတ္တလန္တာကတော့ သုံးပွဲဆက်တိုက် သရေကျပြီး အေစီမီလန်ကွင်းမှာ နိုင်လိုက်လို့ မာကျောတဲ့ ပြိုင်ဘက်ဆိုတာ ထင်ရှားတယ်။ ဗီရိုနာတို့ အနိုင်ရဖို့ အတော်ကြိုးစားရမယ်။

ပါးမား – ဆီစီနာ (တနင်္ဂနွေ၊ ည ၈း၃၀)

ဇန်နဝါရီ လဆန်းပိုင်းမှာ မထင်မှတ်ဘဲ ဖီအိုရင်တီးနားကို နိုင်လိုက်ပေမယ့် ပြီးခဲ့တဲ့ နှစ်ပွဲဆက်တိုက်မှာ ဗီရိုနာကို ၃-၁၊ ဆမ်ဒိုးရီးယားကို ၂-၀နဲ့ ဆက်တိုက်ရှုံးထားတဲ့ ပါးမားခြေစွမ်း စိတ်ချလို့ မရဘူး။ ဆီစီနာကလည်း တောက်လျှောက်စိုက်ဆင်းနေပြီး နောက်ဆုံးသုံးပွဲမှာ ကိုးဂိုးသွင်းခံထားရတယ်။ ပါးမားသာ အားစိုက်ကစားရင် နိုင်ခြေခပ်ပါးပါး ရှိတယ်။

ဂျူဗင်တပ် – ချီယေဗို (တနင်္ဂနွေ၊ ည ၈း၃၀)

ကိုပါအီတာလျံဖလားပွဲအပါအဝင် သုံးပွဲဆက်တိုက်နိုင်ခဲ့ရာမှာ ၁၃ ဂိုးသွင်းယူခဲ့တဲ့ ဂျူဗင်တပ်တိုက်စစ်ဟာ ကြောက်ခမန်းလိလိ ထက်မြက်နေတယ်။ ဂျူဗင်တပ်တိုက်စစ်မှူး တေဗက်ဇ်လည်း ဂိုးပြန်မြူးလာတယ်။ ချီယေဗိုကတော့ အောက်ဖက်အသင်းတွေထဲမှာ အတန်အသင့်မာကျောပေမယ့် ဂျူဗင်တပ်ကို ခံကစားနိုင်တဲ့ ခြေစွမ်းမျိုးတော့ မရှိသေးဘူး။ ဂျူဗင်တပ် အားထည့်ကစားရင် ဂိုးပြတ်နိုင်ဖို့ မခက်လောက်ဘူး။

ဆမ်ဒိုးရီးယား – ပါလာမို (တနင်္ဂနွေ၊ ည ၈း၃၀)

ပွဲကျပ်ကာလအတွင်း လာဇီယိုကို သုံးဂိုးပြတ်ရှုံးပြီးနောက် ဆမ်ဒိုးရီးယားတို့ အားစိုက်ကစားလာတယ်။ ပြီးခဲ့တဲ့ နှစ်ပွဲဆက်တိုက်မှာ အမ်ပိုလီကို ၁-၀၊ ပါးမားကို ၂-၀ ဆက်တိုက်နိုင်ခဲ့ရာမှာ တိုက်စစ်ရော၊ ခံစစ်ပါ စွယ်စုံကောင်းလာတယ်။ ဒါပေမဲ့ ပါလာမိုကလည်း မာကျောပြီး ခြေစွမ်းတက်နေတယ်။ ပါလာမို ဂိုးသွင်းနှုန်းက အလယ်အလတ်အသင်းတွေထဲမှာ အထက်မြက်ဆုံး ဖြစ်နေတယ်။ အခုပွဲက သရေကျဖို့များပြီး ဆမ်ဒိုရီးယားနိုင်ခြေခပ်ပါးပါး ရှိတယ်။

အင်တာမီလန် – တိုရီနို (တနင်္ဂနွေ၊ ည ၈း၃၀)

နည်းပြမန်စီနီလက်ထက်မှာ ပွဲကျပ်တွေ ဆက်တိုက် ရင်ဆိုင်နေရပေမယ့် အင်တာမီလန် ခြေစွမ်းနဲ့ အသင်းလိုက်ကစားပုံ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေ တိုးတက်လာတယ်။ ပိုဒေါစကီး၊ ရှာကွီရီတို့ကို ခေါ်ယူအားဖြည့်ထားလို့ အင်တာမီလန်တိုက်စစ်တောင့်တင်းသွားပြီး အချိတ်အဆက်မိရင် ကြောက်ဖို့ကောင်းတယ်။ တိုရီနိုလည်း ဇန်နဝါရီလထဲမှာ ခြေစွမ်းရော ပြန်ကောင်းလာပေမယ့် အသင်းကြီးတွေကို အဝေးကွင်းမှာ ခံကစားနိုင်တဲ့ အနေအထားမျိုးတော့ မရှိသေးဘူး။ အင်တာမီလန်ကို ပိုကြိုက်တယ်။

အမ်ပိုလီ – ယူဒီးနိစ် (အင်္ဂါ၊ နံနက် ၀၀း၁၅)

နောက်ဆုံးငါးပွဲဆက်တိုက်မှာ သုံးပွဲက ဂိုးမရှိသရေကျခြင်းနဲ့အတူ ပေးဂိုးနှစ်လုံးသာရှိတဲ့ အမ်ပိုလီဟာ ခံစစ်ကစားပုံနဲ့ စုဖွဲ့မှု ကျစ်လျစ်တာ ပေါ်လွင်နေတယ်။ ဒါပေမဲ့ အမ်ပိုလီ တိုက်စစ်မှူးတွေ ခြေစွမ်းပျောက်ဆုံးခြင်းနဲ့ ဂိုးသွင်းနှုန်းက သာမန်အောက်ဘက်ကို ရောက်နေတယ်။ ယူဒီးနိစ်လည်း နိုင်ပွဲတွေနဲ့ ဝေးကွာနေပြီး နောက်တန်းပွင့်နေပေမယ့် ဂိုးသွင်းအားရှိတယ်။ ယူဒီးနိစ်ဘက်က အရဲစွန့်သင့်တယ်။

နာပိုလီ – ဂျီနိုအာ (အင်္ဂါ၊ နံနက် ၂း၃၀)

၄-၂-၃-၁ ကစားကွက်နဲ့ ခြေစွမ်းပြန်တက်လာတဲ့ နာပိုလီဟာ အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင်ကို 'အထောင်တိုက်စစ်'နေရာထားပြီး ကယ်လီဂျွန်၊ ဒရီစ်မာတင်၊ ဟမ်ဆစ်၊ ဒီဂုစ်မန်းတို့က ပံ့ပိုးပေးထားလို့ စွမ်းဆောင်ရည်ပိုင်း ကောင်းလာတယ်။ နောက်ဆုံးငါးပွဲမှာ ဂျူဗင်တပ်ကို ရှုံးခဲ့တာကလွဲပြီး ကျန်ပွဲတိုင်း နိုင်ထားတယ်။ ဂျီနိုအာက ဂိုးသွင်းအားရှိပေမယ့် နောက်တန်းပွင့်ပြီး နိုင်ပွဲပျောက်နေတာ ကြာပြီ။ နာပိုလီ နိုင်ပွဲဆက်ပါလိမ့်မယ်။ ■

အီတလီ စီးရီးအေပွဲစဉ်(၁၉)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဂျူဗင်တပ်	၁၉	၁၄	၄	၁	၄၂	၉	၄၆
ရိုးမား	၁၉	၁၂	၅	၂	၃၂	၁၄	၄၁
နာပိုလီ	၁၉	၉	၆	၄	၃၄	၂၄	၃၃
ဆမ်ဒိုးရီးယား	၁၉	၈	၉	၂	၂၅	၁၇	၃၃
လာဇီယို	၁၉	၉	၄	၆	၃၃	၂၂	၃၁
ဖီအိုရင်တီးနား	၁၉	၈	၆	၅	၂၇	၁၈	၃၀
ဂျီနိုအာ	၁၉	၇	၇	၅	၂၇	၂၃	၂၈
အေစီမီလန်	၁၉	၆	၈	၅	၂၇	၂၂	၂၆
အင်တာမီလန်	၁၉	၆	၈	၅	၂၉	၂၅	၂၆
ပါလာမို	၁၉	၆	၈	၅	၃၁	၃၁	၂၆
ဆက်စူလို	၁၉	၅	၁၀	၄	၂၃	၂၆	၂၅
ယူဒီးနိစ်	၁၉	၆	၆	၇	၂၃	၂၆	၂၄
တိုရီနို	၁၉	၅	၇	၇	၁၆	၂၁	၂၂
ဗီရိုနာ	၁၉	၅	၆	၈	၂၁	၃၂	၂၁
အတ္တလန္တာ	၁၉	၄	၈	၇	၁၅	၂၄	၂၀
အမ်ပိုလီ	၁၉	၃	၁၀	၆	၁၇	၂၃	၁၉
ချီယေဗို	၁၉	၄	၆	၉	၁၄	၂၂	၁၈
ကက်ဂလီယာရီ	၁၉	၃	၇	၉	၂၅	၃၇	၁၆
ဆီစီနာ	၁၉	၁	၆	၁၂	၁၇	၃၉	၉
ပါးမား	၁၉	၃	၁	၁၅	၁၈	၄၁	၉

အီတလီစီးရီးအေပွဲစဉ်(၁၉)

အမ်ပိုလီ	၀-၀	အင်တာမီလန်
ပါလာမို	၁-၁	ရိုးမား
လာဇီယို	၀-၁	နာပိုလီ
အေစီမီလန်	၀-၁	အတ္တလန္တာ
ဆီစီနာ	၂-၃	တိုရီနို
ချီယေဗို	၁-၂	ဖီအိုရင်တီးနား
ဂျီနိုအာ	၃-၃	ဆက်စူလို
ပါးမား	၀-၂	ဆမ်ဒိုးရီးယား
ယူဒီးနိစ်	၂-၂	ကက်ဂလီယာရီ
ဂျူဗင်တပ်	၄-၀	ဗီရိုနာ

သွင်းဂိုးအများဆုံး

တေဗက်ဇ် (ဂျူဗင်တပ်)	၁၃ ဂိုး
မော်ရိုကာဒီ (အင်တာ)	၁၀ ဂိုး
ဒိုင်ဘလာ (ပါလာမို)	၁၀ ဂိုး
ဟီဂူရင် (နာပိုလီ)	၁၀ ဂိုး
ကယ်လီဂျွန် (နာပိုလီ)	၉ ဂိုး

ရိုးမားတို့ သရေရလဒ်သာ မျှော်မှန်းနိုင်

ဝဏ္ဏ(စမ်းချောင်း)

ဖီအိုရင်တီးနား – ရိုးမား
တနင်္လာ၊ နံနက် ၂း၁၅

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းတွင် စီးရီးအေအမှတ်ပေးပွဲများ ပြန်လည်စတင်သောအခါ ရိုးမားခြေစွမ်းသည် ထင်ထားသကဲ့သို့ တိုးတက်လာခြင်းမရှိဘဲ သရေပွဲများဖြင့်သာ လုံးချာလိုက်နေသည်။ တစ်ဖက်တွင် ဂျူဗင်တပ်သည် စီးရီးအေရော၊ ကိုပါအီတာလျံဖလားတွင်ပါ ခြေစွာနေသောကြောင့် ရိုးမားကို ငါးမှတ်ဖြတ်ထားလိုက်ရာ ထိုအနေအထားသည် ရိုးမားအတွက် တွန်းအား ဖြစ်လာမည်လော၊ သို့တည်းမဟုတ် လျော့ကျသွားမည်လော ဆိုသည်မှာ စိတ်ဝင်စားစရာ ဖြစ်လာသည်။

ရိုးမားရှေ့တန်းတွင် အစောပိုင်းက ဂိုးမြူးခဲ့သော တိုက်စစ်မှူး အဒမ်လာဂျစ်သည် ဇန်နဝါရီလထဲ၌ ဂိုးသွင်းအား ကျဆင်းသွားသည်။ သုံးပွဲဆက်တိုက်တွင် ရိုးမားသည် လေးဂိုးသာ သွင်းယူနိုင်ပြီး အီတလီကစားသမားများဖြစ်ကြသော တော့တီ၊ ဒက်စထရို၊ အက်စတိုရီတို့က အသီးသီးသွင်းယူခဲ့ကြသည်။

ထိုသုံးပွဲစလုံး၌ တောင်ပံတိုက်စစ်တွင် အခရာကျသော ဂျာဗင်ဟို ပါဝင်ကစားနိုင်ခြင်းမရှိဘဲ အာဂျင်တီးနားတိုက်စစ်မှူး အိုင်တာဘီ၊ အဒမ်လာဂျစ်၊ ဖလိုရန်ဇီတို့အားလုံး ဂိုးပေါက်ပျောက်ဆုံးနေသည်။ ဂျာဗင်ဟို မပါဝင်နိုင်ခြင်းကြောင့် တောင်ပံတိုက်စစ်တွင် မွှေနှောက်နိုင်စွမ်း ကျဆင်းသွားပြီး ကွင်းလယ်နှင့် အတက်အဆင်း ကစားပုံ၊ ချိတ်ဆက်မှုပိုင်းများ လျော့ကျသွားသည်။

နယ်သာလန်လက်ရွေးစင် ကီဗင်စထရိုမင်း ပြန်လည်ကစားနိုင်ပြီးနောက် နည်းပြဂါစီယာ၏ လူထည့်သွင်း သုံးစွဲပုံ မတည်ငြိမ်တော့ဘဲ အကျိုးဆက်အနေဖြင့် ရိုးမားကွင်းလယ်စွမ်းဆောင်ရည်ပိုင်း အတန်အသင့် လျော့ကျ သွားသည်။ ရိုးမားကွင်းလယ်တွင် ပန်နစ်ကို 'အထိုင်ချ' ပြီး ကီဗင်စထရိုမင်းကို ပိုမိုထည့်သွင်းလာသည်။

၄-၃-၃ ကစားကွက်ကို အသုံးပြုသော ရိုးမားတွင် ကွင်းလယ်သည်အဓိက မောင်းနှင်အားဖြစ်သည်။ တောင်ပံတိုက်စစ်တွင် ဂျာဗင်ဟိုသည် မွှေနှောက်ပြီး ပြိုင်ဘက်

ကွင်းလယ်ကစားသမား ငါးယောက်တွင် အများစုက တိုက်စစ်အားသန်သူများ ဖြစ်သောကြောင့် ယေဘုယျအားဖြင့် ဖီအိုရင်တီးနား၏ အခင်းအကျင်းသည်

ခံစစ်ဇုန်အတွင်း နေရာကွက်လပ်များ ဖန်တီးပေးတတ်သည်။ ဇန်နဝါရီလထဲတွင် ကွင်းလယ်တည်ငြိမ်မှု လျော့ကျသွားပြီး ဂျာဗင်ဟို မကစားနိုင်သောအခါ ရိုးမား၏ စွမ်းဆောင်ရည်ပိုင်းနှင့် ရလဒ်များ ကျဆင်းသွားသည်။

တစ်ဖက်တွင် ဖီအိုရင်တီးနားသည် ပါလာမိုကို ၄-၃၊ ချီယေဗိုကို ၂-၁ ဖြင့် နှစ်ပွဲဆက်တိုက် နိုင်လိုက်ရာ ခြေစွမ်း ပြန်လည်ဦးမော့လာဖွယ် ရှိသည်။ တိုက်စစ်ဖွင့်ကစားသော ဖီအိုရင်တီးနားသည် ကွင်းလယ်အချိတ်အဆက်မိသော ပွဲစဉ်များတွင် ပြိုင်ဘက်နောက်တန်းကို ကြိမ်ဖန်များစွာ ထိုးဖောက်နိုင်စွမ်းရှိသည်။

ဝါရင့်ဂျာမန်တိုက်စစ်မှူး ဂိုမက်ဇ်ကို 'အထောင်' တိုက်စစ်ထားပြီး ကိုလံဘီယာလက်ရွေးစင် ကွာဒရာဒိုကို နောက်ချန်တိုက်စစ် နေရာချထားသည်။ ကွင်းလယ်ကစားသမားငါးယောက်တွင် အများစုက တိုက်စစ်အားသန်သူများ ဖြစ်သောကြောင့် ယေဘုယျအားဖြင့် ဖီအိုရင်တီးနား၏ အခင်းအကျင်းသည် တိုက်စစ်အားပြုသည်။ တောင်ပံတိုက်စစ်သမားများဖြစ်သော ဂျို့အာကွင်းနှင့် ပါစကွယ်လီတို့သည် နောက်ချန်တိုက်စစ်မှူး ကွာဒရာဒိုနှင့် အချိတ်အဆက်မိသော ပွဲစဉ်များတွင် ဖီအိုရင်တီးနား တိုက်စစ်သည် ပြင်းထန်ပြီး မည်သည့်နေရာက စတင်ထိုးဖောက်မည်ကို ခန့်မှန်းမရနိုင်အောင် ဖြစ်သွားသည်။

သို့ရာတွင် ဖီအိုရင်တီးနားသည် တိုက်စစ်အားပြုသောကြောင့် ခံစစ်ကစားပုံနှင့် အခင်းအကျင်းပိုင်း အားနည်းသည်။ ၃-၅-၂ ကို အသုံးပြုသောကြောင့် ခံစစ်တွင် ဖြန့်ကြက်နေရာယူမှု လျော့နေတတ်ပြီး ကွင်းလယ်ကစား သမားများသည် တိုက်စစ်ဘက် အာရုံစိုက်ချိန်တွင် ပြိုင်ဘက်အသင်း၏ တန်ပြန်တိုက်စစ်ကို အလူးအလဲခံရတတ်သည်။

ခြုံကြည့်လျှင် ဖီအိုရင်တီးနားသည် ခြေတက်လာပြီး ဂိုးသွင်းနှုန်း ကောင်းမွန်လာသော်လည်း ခံစစ်ပိုင်းတွင် အားနည်းသည်။ တစ်ဖက်တွင် ရိုးမားသည် 'ရစ်သမ်' ပျက်နေသောကြောင့် စွမ်းဆောင်ရည်ပိုင်း ကျဆင်းကာ တိုက်စစ်မှူးအများစု ဂိုးပေါက်ပျောက်နေကြသည်။ သို့ကလိုကြောင့် ယခုပွဲသည် သရေကျနိုင်ခြေရှိပြီး ဂိုးနည်းနိုင်သည်။ ■

ရိုးမားအသင်းမှ ဂက်စထရိ(ဝဲ)နှင့် ပါလာမိုအသင်းမှ ဂွန်ဇာလက်ဇ်တို့ ဘောလုံးယှဉ်လုနေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ရုရှားဘောလုံးအဖွဲ့ချုပ်အကြီးအကဲ အရေးယူခံရဖွယ်ရှိ

မော်စကို - ရုရှားလက်ရွေးစင်အသင်းနည်းပြ ကာပယ်လိုကို လစာငွေ ခြောက်လစာပေးရန် ကျန်ရှိနေသည့်အတွက် ရုရှားဘောလုံးအဖွဲ့ချုပ်၏ အကြီးအကဲဖြစ်သူ နီကိုလိုင်းတိုရှက်မှာ အရေးယူခံရဖွယ် အနေအထားနှင့် ကြုံတွေ့နေရကြောင်း ရုရှားပြည်တွင်းသတင်းများက ဖော်ပြသည်။

ရုရှားအလုပ်သမား အေဂျင်စီက ကာပယ်လို၏ လစာငွေများကို ဒီဇင်ဘာတွင် အပြီးပေးဆောင်ရန် သတ်မှတ်ခဲ့သော်လည်း ယခုချိန်ထိ ပေးချေခြင်း မရှိသေးကြောင်းသိရသည်။

"ကာပယ်လိုရဖို့ ကျန်ရှိနေတဲ့ လစာငွေတွေကို ပေးချေဖို့ ကျွန်တော်တို့ ညွှန်ကြားထားတာနဲ့ ပတ်သက်ပြီး ရုရှားဘောလုံးအဖွဲ့ချုပ်ဘက်က အခုချိန်ထိ ဘာမှတုံ့ပြန်မှု မရှိသေးပါဘူး"ဟု ရုရှားအလုပ်သမားအေဂျင်စီက ထိပ်တန်းအရာရှိဖြစ်သူ အိုင်ဗန်နော့ဗ်က ပြောကြားခဲ့သည်။

ကာပယ်လိုသည် ရုရှားလက်ရွေးစင်ဘောလုံးအသင်းကို ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ ကိုင်တွယ်ရန် ပြီးခဲ့သည့် နှစ်ကမှ စာချုပ်သက်တမ်းတိုး ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ကာပယ်လိုမှာ ကမ္ဘာ့စျေးအကြီးဆုံးနည်းပြများစာရင်းတွင် ပါဝင်သူဖြစ်ပြီး ၎င်း၏ လစာငွေမှာ တစ်နှစ်လျှင် ယူရို ခုနစ်သန်းခန့် ရရှိနေသူဖြစ်သည်။

"ကျွန်တော့်ရဲ့ စာချုပ်အရ ကျန်ရှိနေတဲ့ လစာငွေတွေကို အခုချိန်ထိ မရသေးပါဘူး။ သူတို့အပေါ် သည်းခံနိုင်မှု စွမ်းရည်လည်း ကုန်ဆုံးခါနီးဖြစ်နေပါပြီ"ဟု ကာပယ်လိုက ပြောကြားခဲ့သည်။ ■ (အေအက်ဖ်ပီ)

ထွန်းနေအောင် ဘာသာပြန်သည်။

STRAND SQUARE

(Former Government Six Storey Building)

OFFICE SPACE AVAILABLE!

- Indoor Car Parking 250 Spaces
- Centre of Financial & Business Hub
- Intelligent Building Management System
- Centralized Cooling System
- Fibre-Optic Internet Access
- CISCO Security System

Call Us Now!

01- 230 7373

09-253 372 122-23

sales@strandsquare.com

www.strandsquare.com

မြန်မာတိုင်းမ် ဇန်နဝါရီ ၂၃ - ၂၉၊ ၂၀၁၅

ဘောလုံး၊ အားကစားနဲ့ အကြမ်းဖက်မှုများ

ကိုထွင်(စိန့်ဂျွန်း)

ပြင်သစ်မဂ္ဂဇင်း တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ ပီအက်စ်ဂျီ-အီဗီယန်ပွဲတွင် ကစားသမားများ တစ်မိနစ်ခန့် ငြိမ်သက်၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် ပြုလုပ်နေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

အကြမ်းဖက်တယ်ဆိုတာ ဘယ်လိုနည်းလမ်းနဲ့ အကြမ်းဖက်ဖက် ကောင်းမွန်တဲ့ နည်းလမ်း တစ်ရပ်တော့ မဟုတ်ပါဘူး။ ဒါဟာ နိုင်ငံရေး အရ၊ ဘာသာရေးအရ၊ လူမျိုးရေးအရ စတဲ့ အခြေခံတွေပေါ်မှာ တည်ဆောက်ပြီး ဖြစ်လာရတဲ့အရာတွေပါ။ ပြင်သစ်မှာရှိတဲ့ Charlie Hebdo သရော်စာမဂ္ဂဇင်းကို တိုက်ခိုက်ခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဘောလုံးလောကကသူတွေဟာ စာနာစိတ်အပြည့်အဝရှိခဲ့ကြောင်း ဖော်ပြခဲ့ကြပါတယ်။ ဒီတစ်ပတ်မှာတော့ ပွဲကြိုရင်မောမှုတွေကနေ ရုန်းထွက်ပြီး လူသားချင်း စာနာမှု အသိတရားတွေဆီ ချဉ်းကပ်ကြည့်ကြရအောင်. . .။

ဇာတ်လမ်းရဲ့အစ

ဇာတ်လမ်းစတာကတော့ ဇန်နဝါရီလ ၇ ရက်နေ့ပါပဲ။ အဲဒီနေ့မှာ ပြင်သစ်နိုင်ငံ၊ ပါရီမြို့တော်မှာရှိတဲ့ ချာလီဟက်ဘ်ဒိုးမဂ္ဂဇင်းတိုက်ကို အစွန်းရောက် သေနတ်သမားတွေက ဝင်ရောက်ပစ်ခတ်ခဲ့ကြပါတယ်။ ဒီအကြမ်းဖက်မှုမှာ အယ်ဒီတာနဲ့ ကာတွန်းဆရာတွေ အပါအဝင်စုစုပေါင်းလူ ၁၂ ဦးသေဆုံးခဲ့ကြပြီး သေနတ်သမားလို့ သံသယရှိသူသုံးဦးကို ပြင်သစ်ရဲတပ်ဖွဲ့က ပိုက်စိပ်တိုက်ရှာဖွေခဲ့ပါတယ်။ ဒီဖြစ်ရပ်နဲ့ပတ်သက်လို့ ဘောလုံး၊ အားကစားအသိုင်းအဝိုင်းက စာနာမှုတွေ ပြသခဲ့ကြတာဖြစ်ပါတယ်။

တစ်မိနစ်ငြိမ်သက်ဂုဏ်ပြုခြင်း

ချာလီဟက်ဘ်ဒိုးဟာ ပြင်သစ်သရော်စာနဲ့ ကာတွန်းမဂ္ဂဇင်းတစ်ခုဖြစ်ပါတယ်။ အဲဒီလို အကြမ်းဖက်မှုအပြီးမှာ ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေနဲ့ ပြင်သစ်နိုင်ငံတစ်ဝန်း ကျင်းပခဲ့တဲ့ ဘောလုံးပြိုင်ပွဲတွေ ရပ်ဂ်ဘီပြိုင်ပွဲတွေနဲ့ ဘတ်စကက်ဘော ပြိုင်ပွဲတွေမှာ ပွဲမစတင်မီ တစ်မိနစ်ငြိမ်သက်ကာ ကွယ်လွန်သွားသူတွေကို ဂုဏ်ပြုခဲ့ကြပါတယ်။

JE SUIS CHARLIE ဆိုတဲ့ ဆိုင်းဘုတ်ကတ်ပြားကို ကိုင်ဆောင်ထားတဲ့ မိန်းကလေးငယ်ရဲ့ ပုံတွေဟာ မီဒီယာတွေကို ပျံ့နှံ့သွားခဲ့ပြီး ဒါဟာ အင်မတန် ကြေကွဲစရာကောင်းတဲ့ ဖြစ်ရပ်လို့ အားလုံးက အသိအမှတ်ပြုကြရပါတယ်။

ဒီတစ်မိနစ်ငြိမ်သက်တဲ့အစီအစဉ်ကို ပြီးခဲ့တဲ့ သီတင်းပတ်ကစလို့ ပြင်သစ်နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှာ ကျင်းပပြုလုပ်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ ပြင်သစ်ဘောလုံးအဖွဲ့ချုပ်၊ ပြင်သစ်ရပ်ဂ်ဘီအဖွဲ့ချုပ်နဲ့ ပြင်သစ်ဘတ်စကက်ဘောအဖွဲ့ချုပ်တွေကလည်း ထုတ်ပြန်ကြေညာချက် အသီးသီးကို ထုတ်ပြန်ခဲ့ကြပါတယ်။

အဲဒီထုတ်ပြန်ချက်တွေရဲ့အချုပ်ကတော့ အကြမ်းဖက်မှုမှာ အသက်ဆုံးရှုံးခဲ့ရတဲ့ အယ်ဒီတာနဲ့ ကာတွန်းဆရာတွေအတွက် မိမိတို့ပြင်သစ်ဘောလုံးမိသားစုတစ်ခုလုံးက အထူးဝမ်းနည်းကြေကွဲရပါကြောင်း၊ ကျန်ရစ်သူ မိသားစုများနဲ့အတူ စည်းလုံးညီညွတ်မှု အပြည့်ရှိမှာဖြစ်ပြီး ထောက်ခံအားပေးမှုတွေလည်း ပြုလုပ်သွားမှာဖြစ်ကြောင်း၊ ကွယ်လွန်သွားသူတွေနဲ့ပတ်သက်ပြီး ဝမ်းနည်းကြေကွဲရပါကြောင်းနဲ့ မိသားစုများနဲ့ထပ်တူ ပူဆွေးစိတ်မကောင်းခြင်း ဖြစ်ရပါကြောင်းတို့ ဖော်ပြပါရှိခဲ့ပါတယ်။

ပါရီမြို့လယ်မှာရှိတဲ့ ဒီမဂ္ဂဇင်းတိုက်ကို ဝင်ရောက် အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုမှာ သေဆုံးခဲ့ရတဲ့ လူ ၁၂ ဦးထဲမှာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးလည်း ပါဝင်ခဲ့တယ်လို့ သိရပါတယ်။

ဒါဟာ အကြမ်းဖက်တိုက်ခိုက်မှုအပေါ် ဘောလုံး အားကစားလောကကြီးကနေ လူသားအချင်းချင်း စာနာထောက်ထားမှု၊ အကြမ်းဖက်မှုအပေါ် ဆန့်ကျင်မှုတွေကို ပြသသွားခဲ့ကြတာပါ။

ရိုးမားနည်းပြ၏ ရှုတ်ချချက်

အီတလီစီးရီးအေ ကလပ်တစ်ခုဖြစ်တဲ့ ရိုးမားအသင်းက ပြင်သစ်လူမျိုးနည်းပြကလည်း ဒီဖြစ်ရပ်အပေါ် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချခဲ့ပါတယ်။ သူ့အမည်က ရူဒီဂါစီယာဖြစ်ပါတယ်။ သူက လာဇီယိုအသင်းနဲ့ ရောမဒါဘီ မကစားခင်ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ “Je Suis Charlie (အဓိပ္ပာယ်အရကတော့ ကျွန်တော်တို့ အားလုံး ချာလီဖြစ်သည်လို့ ဆိုပါတယ်) လို့ စတင်ပြောကြားခဲ့ပြီးနောက် အကြမ်းဖက်မှုကို ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့တာပါ။

သူက ယင်းဖြစ်ရပ်သည် ပြင်သစ်နိုင်ငံတစ်ခုတည်းကို တိုက်ခိုက်ခဲ့ခြင်းမဟုတ်ဘဲ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းနဲ့ ထာဝရတည်ရှိနေသော လွတ်လပ်မှုကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်မှုတိုင်းသည် ပြန်လည်ပြင်ဆင်၍ မရသောအမှားတစ်ခုကို ကျူးလွန်ခြင်းဖြစ်ကြောင်း၊ ဂျာနယ်လစ်များနည်းတူ မိမိတို့သည်လည်း ပြည်သူလူထု၊ ပရိသတ်များကို ဖျော်ဖြေမှုပေးရသူများဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

အလားတူ မီဒီယာမျက်နှာစာတွေမှာ အစွန်းရောက်ဝါဒနဲ့ အကြမ်းဖက်လှုပ်ရှားမှုများကို ဆန့်ကျင်တဲ့ လက်ဖဝါး Campaign တွေလည်း ပျံ့လွင့်ထွက်ပေါ်လာခဲ့တယ်။ အနုပညာကို ဘောလုံးကွင်းထဲသို့ မောင်းသွင်းလိုက်တဲ့အခါ ဖြစ်ပေါ်လာသော ရသတွေနဲ့ အကြမ်းဖက်မှုကို ဆန့်ကျင်တဲ့ လူသားစိတ်တွေကို ပြသလိုက်ခြင်းလည်းဖြစ်ပါတယ်။

ယာယာတိုရေး၊ ဂိုမစ်နဲ့ အခြားကစားသမားများ

အစ္စလာမ် ဘာသာဝင်တစ်ဦးဖြစ်သူ၊ မန်စီးတီးကွင်းလယ်လူ ယာယာတိုရေးကတော့ ၎င်းတို့ဘာသာဝင် အစွန်းရောက်များ ကိုယ်စား တောင်းပန်ခဲ့ပါတယ်။ ယာယာတိုရေးရဲ့ ပြောဆိုမှုဟာ မှတ်တမ်းတင်လောက်စရာ... ဖြစ်ပါတယ်။ တမန်တော် မိုဟာမက်ကို လှောင်ပြောင်သလိုဖြစ်ခဲ့တဲ့ လုပ်ရပ်အတွက် စိတ်မကောင်းဖြစ်မိပေမယ့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လေးစားရမှာဖြစ်ကြောင်း ယာယာတိုရေးက ပြောပါတယ်။ ဒီနေရာမှာ ယာယာတိုရေးနဲ့ ရူဒီဂါစီယာတို့ အမြင်ချင်းတူညီနေတာကို တွေ့ရမှာပါ။

ယာယာတိုရေးက ကျန်ရစ်သူမိသားစုဝင်များအတွက် စိတ်မကောင်းကြောင်းနဲ့ သူတို့ဟာ သူငယ်ချင်းများ၊ ဖခင်များ၊ ခင်ပွန်းသည်များကို ဆုံးရှုံးခဲ့ရခြင်းဖြစ်တယ်လို့ဆိုခဲ့တယ်။ အလားတူ နန်စီကလပ်မှာ ကစားနေတဲ့ မော်ရိုကို တိုက်စစ်မှူး ယူဆွတ်ဟာဂျီကလည်း အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်ဟာ အစ္စလာမ် ကုရ်အာန်ကျမ်းပါ ဘာသာရေး အဆုံးအမတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေပြီး အစ္စလာမ်ဘာသာတွင် လူ့အသက်သတ်ခြင်းကို တားဆီးထားကြောင်း ဖော်ပြခဲ့တယ်။

ဆိုလိုရင်းမှာ အကြမ်းဖက်မှုသည် ဘာသာရေး အခြေခံများနဲ့ မည်သို့မျှမသက်ဆိုင်ကြောင်းနဲ့ လူမျိုးရေးခွဲခြားမှု၊ ဘာသာရေးအစွန်းရောက်မှု၊ အသားအရောင်ခွဲခြားမှုတွေက တစ်ဆင့် မြစ်ဖျားခံလာတာဖြစ်ကြောင်း ထင်ရှားနေပါတယ်။

ဆွမ်ဆီးအသင်းရဲ့ ပြင်သစ်လက်ရွေးစင် တိုက်စစ်မှူး ဂိုမစ်ကလည်း ဆွမ်ဆီးအသင်းရဲ့ ချေပဂိုးကို သွင်းယူခဲ့ပြီးနောက် ပြင်သစ်အလံကို လွှမ်းခြုံကာ ကောင်းကင်ကို မော့ကြည့်ပြီး အောင်ပွဲခံခဲ့ပါတယ်။ ဂိုမစ်နည်းတူ လီဗာပူး နောက်ခံလူ ဆာခို၊ စပါးဂိုးသမား လိုရစ်တို့ဟာ လက်ပတ်အနက်တွေကို ဝတ်ဆင်ပြီး ကစားခဲ့ကြပါတယ်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်ကို ထိပါးခဲ့တဲ့ အကြမ်းဖက်မှုတွေကို အခုလို ဘောလုံးအားကစားလောကကြီးက ဝိုင်းဝန်းဆန့်ကျင်မှုတွေ ပြုလုပ်ခြင်းဟာ ကမ္ဘာကြီးအတွက် ကောင်းတဲ့ စံနမူနာပြုမှုတွေ ဖြစ်ပါတယ်။ ဘောလုံးလောကကြီးထဲမှာကိုက ပြီးခဲ့တဲ့ ဆားဘီးယားနဲ့ အယ်လ်ဘေးနီးယား ဘောလုံးပွဲပဋိပက္ခတွေအပြင် ဘောလုံးလူဆိုးတွေရဲ့ ရုပ်ပျက်ဆင်းပျက်အနေအထားတွေက ရှိနေပါသေးတယ်။ အနုပညာဆန်ပြီး ဖျော်ဖြေမှုပေးနိုင်တဲ့ ဘောလုံးအားကစားက အစွန်းရောက်မှုတွေ၊ အကြမ်းဖက်မှုတွေကို ဘယ်လို ခုခံတွန်းလှန်သွားနိုင်မလဲ ဆိုတာ။ ■

Chartered Institute of Management Accountants

CIMA

CGMA
Chartered Global Management Accountant

Powered by AICPA | CIMA

ဗလင်စီယာကွင်းလယ်လူ ဂိုမက်စ်(ယာ)၏ ဂိုးကန်သွင်းချက်ကို အယ်လ်မီရီယာနောက်ခံလူ ဒူဘာဘီယာ ဟန့်တားနေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

မက်စ်တဲလားမှာတော့ ဗလင်စီယာပဲ ပိုကောင်းလိမ့်မယ်

ဟိန်းသန့်

ဗလင်စီယာ – ဆီဗီလာ

တနင်္လာ၊ နံနက် ၂း၃၀

လာလီဂါကတော့ ဒုတိယအကျော့ပွဲတွေ ပြန်စပါပြီ။ ဒုတိယအကျော့ပြန်အစမှာလည်း ထိပ်ဆုံးမှာ ရီးယဲလ် ဆက်ရှိနေတုန်းပဲ။ ရီးယဲလ်အတွက်ကတော့ ကိုပါဒယ်ရေးကလည်း ထွက်လိုက်ရပြီဆိုတော့ သူတို့အတွက် လာလီဂါနဲ့ ချန်ပီယံလိဂ်ကိုပဲ အဓိကအာရုံစိုက်ဖို့ ရှိနေတော့လို့ ဘာစီလိုနာ၊ အလက်တီကိုတို့ ထက်စာရင် ချန်ပီယံလမ်းကြောင်းမှာ ပေါ့ပေါ့ပါးပါး ပိုရှိနေသလိုပါပဲ။

လက်ရှိအမှတ်ပေးဇယား ရပ်တည်မှုတွေအရဆိုရင် ချန်ပီယံလိဂ် လက်ကျန်ဝင်ခွင့်တစ်နေရာဖြစ်တဲ့ အဆင့်(၄)နေရာအတွက် ဗလင်စီယာ၊ ဆီဗီလာနဲ့ ဗီလာရီးယဲလ် သုံးသင်း အပြိုင်ဖြစ်နေတဲ့အပြင် မာလာဂါကိုပါ လျှော့တွက်ထားလို့ မဖြစ်သေးတဲ့ အနေအထားမျိုးဖြစ်နေတာက ဒီနေရာတစ်နေရာအတွက် ပြိုင်ဆိုင်မှုဟာ လက်ကျန်ရာသီဝက်ရဲ့ အဓိကစိတ်ဝင်စားစရာ ပြိုင်ဆိုင်မှုမျိုး ဖြစ်လာနေတယ်။

ဒုတိယအကျော့ပွဲတွေ စတဲ့အပတ်မှာပဲ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အပြိုင်အဆိုင်ဖြစ်နေကြတဲ့နှစ်သင်း ထိပ်တိုက်လာတွေ့နေကြတယ်၊ ဗလင်စီယာရဲ့ အိမ်ကွင်း မက်စ်တဲလားမှာ ကစားဖို့ရှိနေတဲ့ ဗလင်စီယာ-ဆီဗီလာပွဲဟာ အခုလာမယ့်ပွဲစဉ် (၂၀)မှာတော့ စိတ်ဝင်စားစရာအကောင်းဆုံးပွဲလို့တောင် ပြောလို့ရနေတယ်။ ပွဲစဉ်(၂၀)ကို ကြည့်လိုက်ရင် ချန်ပီယံလမ်းကြောင်းမှာ ရှိနေတဲ့ ရီးယဲလ်၊ ဘာစီလိုနာနဲ့ အလက်တီကို သုံးသင်းစလုံး ကော်ဒိုဘာ၊ အယ်လ်ချီနဲ့ ရာယိုလိုအသင်းတွေနဲ့ ကစားရမှာဖြစ်လို့ အင်အားကွာနေတဲ့ ပွဲမျိုးတွေလို့ သတ်မှတ်လို့ရနေတယ်။ ဒါကြောင့် ဗလင်စီယာ-ဆီဗီလာပွဲမျိုးနဲ့ ယှဉ်လိုက်ရင် အကြိတ်အနယ်ရှိနိုင်မှုအပိုင်းမှာ ကွာခြားမှုရှိနေတာ သေချာနေတယ်။

ဗလင်စီယာနဲ့ ဆီဗီလာ ဒီနှစ်သင်းကလည်း ပထမအကျော့မှာ အနိုင်အရှုံးအဖြေမထွက်ဘဲ သရေကျထားလို့ အခုပွဲကလည်း ပိုစိတ်ဝင်စားစရာဖြစ်လာတယ်။ နှစ်သင်းစလုံးရဲ့ လက်ရှိခြေစွမ်းတွေအရလည်း တစ်သင်းနဲ့တစ်သင်း သိပ်မကွာလှဘူး။ နှစ်သင်းစလုံးတည်ငြိမ်တဲ့ ခြေစွမ်းမျိုးလည်း ပြနေနိုင်ကြလို့ အခုပွဲဟာ မှားတဲ့အသင်း ခံလိုက်ရမယ့်ပွဲမျိုး ဖြစ်လာတယ်။

ဗလင်စီယာဟာ လက်ရှိအိမ်ကွင်းမှာ အကောင်းဆုံး ခြေစွမ်းမျိုးရနေတဲ့ အသင်းဖြစ်သလို တိုက်စစ်အားကပါ အားရစရာကောင်းနေတယ်။ အိမ်ကွင်းမှာ အနိမ့်ဆုံး သုံးဂိုးလောက်ရအောင် ကစားနိုင်တဲ့ ဗလင်စီယာတိုက်စစ်ဟာ ဆီဗီလာခံစစ်ကို အဓိကခြိမ်းခြောက်နေတဲ့နေရာ ဖြစ်နေတယ်။ ဒါပေမဲ့ ဆီဗီလာကလည်း အခုနောက်ပိုင်းပွဲတွေမှာ ခံစစ်ကစားပုံ အမှားနည်းအောင် ကစားနေနိုင်လို့ ဒီပွဲရဲ့ တိုက်စစ်၊ခံစစ်အားပြိုင်မှုဟာ စိတ်ဝင်စားစရာ ကောင်းနေတယ်။

ဗလင်စီယာရဲ့ လက်ရှိကစားနေပုံအရ ခံစစ်ပိုင်းကတော့ သိပ်ပြီးစိတ်မချရသေးဘူး။ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းမှ အယ်လ်မီရီယာနဲ့ပွဲမှာဆိုရင် ဗလင်စီယာရဲ့ ခံစစ်ကစားပုံက အားနည်းမှုတွေရှိနေသေးတာ တွေ့ရတယ်။ အထူးသဖြင့် ဗလင်စီယာရဲ့ ညာခြမ်းခံစစ်ဟာ အားပျော့မှုရှိနေပြီး ခံစစ်အတွင်းလူတွေကလည်း အမြင့်ဘောတွေ ရှင်းရာမှာ အားနည်းမှု ရှိနေတာတွေ့ရတယ်။

ဒါကြောင့် တိုက်စစ်ကို နည်းဗျူဟာကျကျ ကစားနိုင်တဲ့ ဆီဗီလာရဲ့ တိုက်စစ်ကို ထိန်းရာမှာ အခက်အခဲတွေ့သွားနိုင်တယ်။ ဆီဗီလာကတော့ တိုက်စစ်မှာ ဘက်ကာကို အဓိကထားကစားနေပြီး တိုက်စစ်ကို အဓိကပုံဖော်ပေးနေတာက ရေးယက်စ်ပဲ ဖြစ်တယ်။ ဒါပေမဲ့ ရေးယက်စ်ရော၊ ဘက်ကာပါ နှစ်ယောက်စလုံး ကစားပုံလေးတဲ့အချက်ကတော့ ဗလင်စီယာရဲ့ လျင်မြန်ပြီးမာကျောတဲ့ ကွင်းလယ်နဲ့ ရင်ဆိုင်ရတဲ့အခါမှာ စိတ်ကြိုက်ဖန်တီးခွင့်နဲ့ ဂိုးသွင်းခွင့်တွေ အလွယ်တကူရနိုင်ဖို့ မလွယ်ဘူး ထင်တယ်။

နောက်ပြီး ဗလင်စီယာရဲ့ လျင်မြန်တဲ့ ကစားပုံကလည်း ဆီဗီလာအတွက် စိတ်ကြိုက်ကစားကွက်တည်ဖို့ ခက်နိုင်မယ့် ပုံမျိုးပါပဲ။ ဒါကြောင့် အခုပွဲမှာ ဆီဗီလာဟာ ဗလင်စီယာကို တိုက်စစ်ဖွင့်ရင်ဆိုင်ဖို့ထက် ခံစစ်ပိုင်းကိုပဲ ဂရုတစိုက်ကစားပြီး ဗလင်စီယာ အမှားစောင့်ကစားမယ့် ပုံမျိုးပေါ်နေတယ်။ ဗလင်စီယာကလည်း တိုက်စစ်ကစားရာမှာ တောင်ပံတွေကို အားပြုလွန်းတာ တွေ့ရတယ်။ ဗလင်စီယာတိုက်စစ်မှာ အခုတလော အယ်လ်ကာဆာ ဂိုးသွင်းအား အနည်းငယ်လျော့နေပေမယ့်လည်း နီဂရီဒို တဖြည်းဖြည်းနဲ့ အသင်းတိုက်စစ်ပိုင်းမှာ အံဝင်လာနေပြီး ဂိုးလည်းသွင်းနိုင်ပြီဖြစ်လို့ သူ့အသင်းဟောင်း ဆီဗီလာဘက်ကို ဘယ်လောက်အထိ ပြန်ပြီး ဒုက္ခပေးနိုင်မလဲဆိုတာကလည်း စိတ်ဝင်စားစရာပါပဲ။

ဆီဗီလာဘက်ကိုကြည့်ရင်လည်း ဆီဗီလာနည်းပြအမ်မရီဟာ ဗလင်စီယာနည်းပြဟောင်းတစ်ဦးဖြစ်ပြီး ဗလင်စီယာကို သူ့လက်ထက်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရအောင်တောင် ဦးဆောင်နိုင်ခဲ့သူဖြစ်လို့ ဗလင်စီယာနဲ့ မစိမ်းတဲ့သူတစ်ဦးပီပီ ဗလင်စီယာကို ပြန်ရင်ဆိုင်တဲ့နေရာမှာ အကောင်းအဆိုးတွေကို သဘောပေါက်နေနိုင်တဲ့ သူမျိုးဖြစ်နေတယ်။ လက်ရှိအချိန်ကလည်း နှစ်သင်းစလုံး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အခုပွဲဟာ အဓိကကျနေလို့ နှစ်သင်းစလုံး ဒီပွဲကို အမှားနည်းအောင် ထိန်းကစားသွားမယ့် ပုံမျိုးပေါ်နေလို့ ဒီပွဲဟာ တိုက်စစ်အပြိုင်ဖွင့်ကစားကြမယ့် ပွဲမျိုးဖြစ်မလာနိုင်ဘူး။ တစ်သင်းအမှားကို တစ်သင်းကစောင့်ကစားရင်း အခွင့်အရေးကို အကောင်းဆုံးအသုံးချနိုင်တဲ့အသင်းက အသာရသွားနိုင်မယ့် ပွဲမျိုးဖြစ်လာနိုင်တယ်။ဒီနေရာမှာ ဗလင်စီယာရဲ့ အိမ်ကွင်းတိုက်စစ်ကစားပုံနဲ့ ဂိုးသွင်းအား၊ နောက်ပြီး တိုက်စစ်မှာလည်း ဆီဗီလာထက်စာရင် အခွင့်အရေးကို အသုံးချနိုင်တဲ့ တိုက်စစ်သမားတွေ ပိုများနေတဲ့အချက်ကတော့ ဗလင်စီယာရဲ့အားသာမှုတစ်ခုလိုဖြစ်နေတာအမှန်ပဲ။ ဒါကြောင့် အိမ်ကွင်းအားလည်းရှိနေတဲ့ အပြင် ဂိုးရနိုင်ခွင့်မှာပါ အားသာမှုပိုရှိတဲ့ ဗလင်စီယာကိုပဲ ဒီပွဲအတွက် ရွေးထားရင် ကောင်းမယ်ထင်ပါတယ်။ ဂိုးတော့ နည်းနိုင်တဲ့ပွဲမျိုး ဖြစ်သွားနိုင်တယ်။ ■

စပိန်လာလီဂါ ပွဲစဉ် (၁၉)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ရီးယဲလ်	၁၈	၁၅	၀	၃	၆၂	၁၅	၄၅
ဘာစီလိုနာ	၁၉	၁၄	၂	၃	၄၈	၉	၄၄
အလက်တီကို	၁၉	၁၃	၂	၄	၃၇	၁၈	၄၁
ဆီဗီလာ	၁၈	၁၂	၃	၃	၃၀	၁၇	၃၉
ဗလင်စီယာ	၁၉	၁၁	၅	၃	၃၅	၁၇	၃၈
ဗီလာရီးယဲလ်	၁၉	၁၀	၅	၄	၃၂	၁၇	၃၅
မာလာဂါ	၁၉	၉	၄	၆	၂၂	၂၀	၃၁
အိုင်ဘာ	၁၉	၇	၆	၆	၂၄	၂၅	၂၇
အက်စ်ပန်ညို	၁၉	၆	၅	၈	၂၂	၂၉	၂၃
ရာယို	၁၉	၇	၂	၁၀	၂၀	၃၃	၂၃
ဆယ်လ်တာ	၁၉	၅	၆	၈	၁၈	၂၁	၂၁
ဆိုစီဒက်	၁၉	၄	၇	၈	၁၉	၂၄	၁၉
ဘီလ်ဘာအို	၁၉	၅	၄	၁၀	၁၅	၂၅	၁၉
ကော်ဒိုဘာ	၁၉	၃	၉	၇	၁၅	၂၈	၁၈
ဂီတာဖေး	၁၉	၄	၅	၁၀	၁၄	၂၇	၁၇
အယ်လ်ချီ	၁၉	၄	၅	၁၀	၁၈	၃၅	၁၇
ဒီပို့တီဗို	၁၉	၄	၅	၁၀	၁၄	၃၁	၁၇
အယ်လ်မီရီယာ	၁၉	၄	၄	၁၁	၁၇	၃၀	၁၆
လီဗန်တေး	၁၉	၃	၇	၉	၁၃	၃၄	၁၆
ဂရန်နာဒါ	၁၉	၂	၈	၉	၁၁	၃၁	၁၄

စပိန်လာလီဂါ ပွဲစဉ်(၁၉)

ကော်ဒိုဘာ	၁-၁	အိုင်ဘာ
ဆိုစီဒက်	၀-၁	ရာယို
ဗလင်စီယာ	၃-၂	အယ်လ်မီရီယာ
ဗီလာရီးယဲလ်	၂-၀	ဘီလ်ဘာအို
အက်စ်ပန်ညို	၁-၀	ဆယ်လ်တာ
ဂီတာဖေး	၀-၃	ရီးယဲလ်
အလက်တီကို	၂-၀	ဂရန်နာဒါ
ဒီပို့တီဗို	၀-၄	ဘာစီလိုနာ
အယ်လ်ချီ	၁-၀	လီဗန်တေး
ဆီဗီလာ	၂-၀	မာလာဂါ

သွင်းဂိုးအများဆုံး

ရော်နယ်လ်ဒို (ရီးယဲလ်)	၂၈ ဂိုး
မက်ဆီ (ဘာစီလိုနာ)	၁၉ ဂိုး
နေမာ (ဘာစီလိုနာ)	၁၂ ဂိုး
ကားလို့စ်ဘက်ကာ (ဆီဗီလာ)	၁၁ ဂိုး
ဘေးလ် (ရီးယဲလ်)	၉ ဂိုး

အခြားပွဲစဉ်များ

စနေ၊ ည ၉း၃၀

ကော်ဒိုဘာ - ရီးယဲလ်

စနေ၊ ည ၁၁း၃၀

အယ်လ်ချီ ဘာစီလိုနာ

တနင်္ဂနွေ၊ နံနက် ၁း၃၀

အလက်တီကို ရာယို

တနင်္ဂနွေ၊ နံနက် ၃း၃၀

ဆိုစီဒက် အီဘာ

တနင်္ဂနွေ၊ နံနက် ၃း၃၀

ဗီလာရီးယဲလ် လီဗန်တေး

တနင်္ဂနွေ၊ ညနေ ၅း၃၀

ဒီပို့တီဗို ဂရန်နာဒါ

တနင်္ဂနွေ၊ ည ၁၀း၃၀

ဘီလ်ဘာအို မာလာဂါ

တနင်္လာ၊ နံနက် ၀၀း၃၀

အက်စ်ပန်ညို အယ်လ်မီရီယာ

အင်္ဂါ၊ နံနက် ၂း၁၅

ဂီတာဖေး ဆယ်လ်တာ

သတင်းတို

တရုတ်ဘီလျံနာ အလက်တီကို ရှယ်ယာများ ဝယ်ယူလို

တရုတ်ဘီလျံနာသူဌေး တစ်ဦးဖြစ်သူ ဝမ်ကျင်းလင်သည် လာလီဂါကလပ် အလက်တီကိုအသင်း၏ ရှယ်ယာ ၂၀ ရာခိုင်နှုန်းကို ဝယ်ယူလိုလျက်ရှိကြောင်း သတင်းများကဖော်ပြခဲ့သည်။ အလက်တီကို အသင်းဥက္ကဋ္ဌ ဆီရီဇိုသည် ယခုတစ်ပတ်အတွင်း ပေကျင်းသို့သွားရောက်ပြီး ဝမ်ကျင်းလင်နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဟုလည်း ဆိုသည်။ စပိန်ထုတ် AS အားကစားစာစောင်၏ ဖော်ပြချက်အရ သူဌေးဝမ်သည် အလက်တီကိုအသင်း၏ ရှယ်ယာ ၂၀ ရာခိုင်နှုန်းအတွက် ယူရို သန်း ၄၀ အသုံးပြုသွားမည်ဟုလည်း သိရသည်။ Forbes မဂ္ဂဇင်း၏ ဖော်ပြချက်အရ ဝမ်ကျင်းလင်သည် ကမ္ဘာ့အချမ်းသာဆုံးစာရင်းတွင် အဆင့် (၄၂) နေရာ၌ ရပ်တည်နေပြီး ၎င်း၏ ပိုင်ဆိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၈ ဘီလျံ ခန့်ရှိသည်ဟု သိရသည်။ ■

(အေအက်ဖ်ပီ) ထွန်းနေအောင် ဘာသာပြန်သည်။

ပရိသတ်များကြောင့် ဟမ်းဘတ် ယူရို ၅၅,၀၀၀ ဒဏ်ရိုက်ခံရ

ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက ကစားခဲ့သော ဟမ်းဘတ်အသင်းနှင့် ဘိုင်ယန်အသင်းတို့၏ ဂျာမန်ဖလားပြိုင်ပွဲတွင် ဘိုင်ယန်တောင်ပံကစားသမား ရစ်ဘာရီကို ဟမ်းဘတ်ပရိသတ်များက ရိုင်းစိုင်းသော အပြုအမူများဖြင့် စော်ကားခဲ့ခြင်းကြောင့် ဂျာမန်ဘောလုံးအဖွဲ့ချုပ် (DFB)က ဟမ်းဘတ်အသင်းကို ယူရို ၅၅,၀၀၀ ဒဏ်ရိုက်လိုက်သည်။ ထိုပွဲစဉ်တွင် ဘိုင်ယန်က ၃-၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဘိုင်ယန်အတွက် တတိယမြောက်ဂိုးသွင်းယူခဲ့သော ရစ်ဘာရီကို ဟမ်းဘတ်ပရိသတ်အချို့က ကွင်းထဲထိဆင်းလာပြီး စော်ကားခဲ့ခြင်းဖြစ်သည်။ ယခုလို ဒဏ်ရိုက်ရခြင်းမှာ ဟမ်းဘတ်အသင်း၏ လုံခြုံရေးအားနည်းမှုများနှင့် ၎င်းတို့အသင်း အားပေးသူ ပရိသတ်များကြောင့် မတော်တဆဖြစ်မှု သုံးကြိမ်ဖြစ်ပွားခဲ့ခြင်းကြောင့်ဖြစ်သည်။ ■

(အေအက်ဖ်ပီ) ထွန်းနေအောင်ဘာသာပြန်သည်။

တရုတ်တင်းနစ်စတား လီနာ ကိုယ်ဝန်ဆောင်ထားရပြီ

တရုတ်နိုင်ငံ၏ ပထမဆုံး တင်းနစ် ဂရင်းဆလမ်ဆုရှင် လီနာက ယခုအခါ ၎င်း၌ ကိုယ်ဝန်လွယ်ထားရပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ လက်ရှိ ကျင်းပလျက်ရှိသော ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ရော်ဂျာဖက်ဒါးရား၏ ပထမဆုံးပွဲစဉ်ကို လာရောက်ကြည့်ရှုပြီးနောက် ပရိသတ် ၁၅,၀၀၀ ၏ ရှေ့၌ လီနာက ကြေညာခဲ့ခြင်းလည်းဖြစ်သည်။ လီနာသည် ဩစတြေးလျအိုးပင်း ဆုဖလားကို ပြီးခဲ့သည့် နှစ်က ရရှိခဲ့ဖူးပြီး ၂၀၁၁ နှင့် ၂၀၁၃ ခုနှစ်များကလည်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ လီနာက ၎င်းနှင့် ခင်ပွန်းဖြစ်သူ ဒန်းနစ်တို့မှာ လာမည့် နွေရာသီတွင် ရောက်ရှိလာတော့မည့် သူတို့၏ ပထမဆုံးရင်သွေးလေးအတွက် စိတ်လှုပ်ရှားမှုများဖြစ်ပေါ်နေသည်ဟု ပြောကြားခဲ့သည့်အပြင် ရှာရာပိုဗာကလည်း လီနာသည် သူ့ဘဝ၏ သင်ခန်းစာသစ်အတွက် စိတ်လှုပ်ရှားနေမည်မှာ အသေအချာဖြစ်ကြောင်း ပြောကြားခဲ့သည်။ ■

(အေအက်ဖ်ပီ) ထွန်းနေအောင်ဘာသာပြန်သည်။

မြန်မာ ယူ-၂၀ ဥရောပနိုင်ငံများတွင် ခြေစမ်းပွဲများ ကစားမည်

ကျော်ဇင်လှိုင်
kyawzinhlaing.mcm@gmail.com

၂၀၁၅ ခုနှစ်၊ မေလတွင် နယူးဇီလန်နိုင်ငံ၌ ကျင်းပပြုလုပ်မည့် ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည့် မြန်မာ့ လက်ရွေးစင် ယူ-၂၀အသင်းသည် အကြို ပြင်ဆင်မှုအဖြစ် ဥရောပနိုင်ငံများဖြစ်သော တူရကီ၊ အင်္ဂလန်၊ ဂျာမနီနိုင်ငံတို့အပြင် ဩစတြေးလျနိုင်ငံတွင်လည်း ခြေစမ်းပွဲများ ကစားသွားမည်ဖြစ်သည်။

လက်ရှိတွင် မြန်မာ ယူ-၂၀ အသင်းသည် တူရကီနိုင်ငံတွင် ခြေစမ်းပွဲများကစားလျက် ရှိပြီး လာမည့် ဖေဖော်ဝါရီလတွင် ကမ္ဘာ့ဖလား ပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲကို မန္တလေးမြို့တွင် ကျင်းပ သွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ နိုင်ငံအပါအဝင် ဖီဂျီ၊ ဥဇဘက်ကစ္စတန် အသင်းများနှင့် ပေါ်တူဂီ၊ ဩစတြေးလျ၊ ဟန်ဂေရီနိုင်ငံများအနက်မှ နိုင်ငံ့အသင်း တစ်သင်းလည်း ပါဝင်မည်ဖြစ်သည်။

မတ်လတွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ တွင် ချစ်ကြည်ရေးခြေစမ်းပွဲ သုံးပွဲသွားရောက် ကစားမည်ဖြစ်သလို ဧပြီလတွင်လည်း ဂျာမနီ နိုင်ငံသို့ တစ်လကြာ ပူးတွဲလေ့ကျင့်မှုများ သွားရောက်ပြုလုပ်ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ မေလ ၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ယူ-၂၀ ပြိုင်ပွဲကို ကျင်းပသွားမည် ဖြစ်ပြီး မြန်မာ ယူ-၂၀ အသင်းနှင့် နိုင်ငံခြား ယူ-၂၀ ကလပ်အသင်းသုံးသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲအပြီး တွင် ဩစတြေးလျနိုင်ငံသို့ သွားရောက်၍ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်ခင်အထိ ပူးတွဲလေ့ကျင့် မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်း အာရှ ယူ-၁၉ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့စဉ်။ ဓာတ်ပုံ - အောင်ဌေးလှိုင်

မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်း ခေါင်းဆောင် နန္ဒကျော်က "လာမယ့် ကမ္ဘာ့ ဖလားပြိုင်ပွဲဟာ အာရှအဆင့်ထက်မြင့်တဲ့ ပြိုင်ပွဲဖြစ်တာကြောင့် ကျွန်တော်တို့တွေ ဒီထက်ပိုကြိုးစားအားထုတ်ပြီး စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ယှဉ်ပြိုင်ကစားသွားဖို့ လိုအပ်ပါတယ်"ဟု ပြောသည်။

"အသင်းရဲ့ လက်ရှိအနေအထားကို သဘောကျကျေနပ်ပါတယ်။ ကမ္ဘာ့ဖလားမှာ ရင်ဆိုင်ရမယ့် ပြိုင်ဘက်တွေက အင်အားကြီး နိုင်ငံတွေဖြစ်တာကြောင့် ပူးတွဲလေ့ကျင့်မှုနဲ့ ခြေစမ်းပွဲတွေကို အင်အားကြီးနိုင်ငံတွေမှာ သွားရောက်လေ့ကျင့်သွားမှာပါ။ ကစား သမားတွေရဲ့ ကြံ့ခိုင်မှုအပိုင်းကို သေချာ လေ့ကျင့်ပေးနေပါတယ်။ နောက်ပြီး အသင်း မှာ ဒဏ်ရာရကစားသမားလည်း မရှိပါဘူး။ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြိုင်ဘက်အပေါ် မူတည်ပြီး ကစားကွက်အပြောင်းအလဲတွေ ပြုလုပ်ပြီး ရင်ဆိုင်သွားဖို့ရှိပါတယ်။ ကျွန်တော် ရော၊ ကျွန်တော့်ကစားသမားတွေရော ဘောလုံးတစ်ခုတည်းကိုပဲ အာရုံစူးစိုက်ပြီး အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ" ဟု နည်းပြချုပ် ဂတ်ဆီဇီက ပြောသည်။

မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းသည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလက မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပ ပြုလုပ်ခဲ့သော အေအက်ဖ်စီ ယူ-၁၉ ချန်ပီယံ ရှစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက် ရောက်နိုင်ခဲ့ခြင်းကြောင့် ဖီဖာ ယူ-၂၀ ကမ္ဘာ့ ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့် ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၀ အသင်း သည် မြန်မာ့ဘောလုံးသမိုင်းကြောင်း တစ်လျှောက်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ပထမ ဆုံးဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသော အသင်း တစ်သင်းဖြစ်သည်။ ■

၂၀၁၅ အာရှဖလား ကွာတားဖိုင်နယ်ပွဲစဉ်များ

၂၂-၁-၂၀၁၅

နေ့လယ် ၂:၀၀

တောင်ကိုရီးယား - ဥဇဘက်ကစ္စတန်

ညနေ ၅:၀၀

တရုတ် - ဩစတြေးလျ

၂၃-၁-၂၀၁၅

နေ့လယ် ၁:၀၀

အီရန် - အီရတ်

ညနေ ၄:၀၀

ဂျပန် - ယူအေအီး

* (ဖော်ပြထားသောအချိန်များသည် မြန်မာ စံတော်ချိန်များဖြစ်သည်။)

၂၀၁၅ အာရှဖလားအုပ်စုပွဲစဉ်များအပြီး အမှတ်ပေးဇယား၌ ရပ်တည်မှု

အုပ်စု(က)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
တောင်ကိုရီးယား	၃	၃	၀	၀	၃	၀	၉
ဩစတြေးလျ	၃	၂	၀	၁	၈	၂	၆
အိုမန်	၃	၁	၀	၂	၁	၅	၃
ကူဝိတ်	၃	၀	၀	၃	၁	၆	၀

အုပ်စု(ခ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
တရုတ်	၃	၃	၀	၀	၅	၂	၉
ဥဇဘက်ကစ္စတန်	၃	၂	၀	၁	၅	၃	၆
ဆော်ဒီအာရေဗျ	၃	၁	၀	၂	၅	၅	၃
မြောက်ကိုရီးယား	၃	၀	၀	၃	၂	၇	၀

အုပ်စု(ဂ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
အီရန်	၃	၃	၀	၀	၄	၀	၉
ယူအေအီး	၃	၂	၀	၁	၆	၃	၆
ဘာရိန်း	၃	၁	၀	၂	၃	၅	၃
ကာတာ	၃	၀	၀	၃	၂	၇	၀

အုပ်စု(ဃ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဂျပန်	၃	၃	၀	၀	၇	၀	၉
အီရတ်	၃	၂	၀	၁	၃	၁	၆
ဂျော်ဒန်	၃	၁	၀	၂	၅	၄	၃
ပါလက်စတိုင်း	၃	၀	၀	၃	၁	၁၁	၀

သိဒ္ဓိကျင့်စဉ် သိုင်းစွမ်းရည်များ စက္ကဗျူဟာသိုင်းအဖွဲ့ပြသ

စက္ကဗျူဟာသိုင်းအဖွဲ့က ကာယစိတ္တ၊ သိဒ္ဓိစွမ်းရည် ပြကွက်များ ပြသနေစဉ်။ ဓာတ်ပုံ - ဇာနည်ဖြိုး

ကျော်ဇင်လှိုင်
kyawzinhlaing.mcm@gmail.com

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သိုင်း အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် မကွေးတိုင်း၊ အောင်လံမြို့အခြေစိုက် စက္ကဗျူဟာပင်မသိုင်း အဖွဲ့၏ ကာယစိတ္တ၊ သိဒ္ဓိစွမ်းရည်သိုင်းပြပွဲ ကြီးကို ပြီးခဲ့သည့် ဇန်နဝါရီလ ၁၈ ရက်နေ့က သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ၌ ကျင်းပ ပြုလုပ်ခဲ့သည်။

အဆိုပါသိုင်းစွမ်းရည်ပြပွဲတွင် စက္ကဗျူဟာ ပင်မသိုင်းအဖွဲ့၏ အမျိုးသားအားကစား သမား ၁၃ ဦး၊ အမျိုးသမီး ၁၁ ဦးတို့က သိဒ္ဓိ ပညာစဉ်ဆိုင်ရာ သိုင်းစွမ်းရည်ပြကွက်ပေါင်း ၄၅ ကွက်ကို ပြသခဲ့သည်။

စက္ကဗျူဟာပင်မသိုင်းအဖွဲ့ချုပ်၏ ဥက္ကဌ ဦးခင်မောင်ရင်က "ဒီသိုင်းပညာက ဟိုးခေတ် အဆက်ဆက်ကတည်းက ရှိခဲ့တဲ့ မြန်မာ့ရိုးရာ သိုင်းပညာစစ်စစ်ဖြစ်ပါတယ်။ ဒီရိုးရာသိုင်း ပညာကို မတိမ်ကော မပပျောက်သွားအောင် စိတ်ဝင်စားတဲ့ လူငယ်တွေကို ပညာလက်ဆင့် ကမ်းခဲ့ပါတယ်။ ဒီပညာကို သင်ယူချင်ရင် တော့ လွယ်ကူပါတယ်။ တစ်လလောက် သေချာ သင်ယူမယ်ဆိုတတ်ပါတယ်။ ဒါပေမဲ့ ငါးပါးသီလလုံဖို့တော့ လိုအပ်ပါတယ်။ အရက် သေစာသောက်စားလို့ လုံးဝမရပါဘူး။ ပုတီး စိပ်၊ တရားထိုင်ပြီး ဒီပညာကို သင်ယူရပါတယ်။ ကျွန်တော်တို့ ရန်ကုန်မှာ မပြသဖြစ်တာ ကြာပါ ပြီ။ နယ်မြို့တွေမှာတော့ မကြာခဏပြဖြစ်ပါ တယ်။ ပြည်ထောင်စု အားကစားပြိုင်ပွဲဖွင့်ပွဲ မှာလည်း ပြသသွားဖို့ရှိပါတယ်"ဟုပြောသည်။

စက္ကဗျူဟာပင်မသိုင်းအဖွဲ့ကို အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် က ငွေကျပ် သိန်း ၂၀ ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ ■

လက်ရှိချန်ပီယံ ရတနာပုံ အဝေးကွင်းမှာ ဂိုးပြတ်အနိုင်ရပြီး ရန်ကုန်ယူနိုက်တက် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်

ကျော်ဇင်လှိုင်
kyawzinhlaing.mcm@gmail.com

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသည့် ၂၀၁၅ ခုနှစ် မြန်မာနေရှင်နယ် လိဂ်အမှတ်ပေးပြိုင်ပွဲ၏ ပွဲစဉ်(၂)ကို ပြီးခဲ့ သည့် ဇန်နဝါရီ ၁၇၊ ၁၈ ရက်များက ကျင်းပ ပြုလုပ်ခဲ့ရာ လက်ရှိချန်ပီယံ ရတနာပုံအသင်း က အဝေးကွင်းတွင် ဂိုးပြတ်အနိုင်ရခဲ့သလို ရန်ကုန်ယူနိုက်တက်နှင့် ဧရာဝတီယူနိုက် တက်အသင်းတို့လည်း နိုင်ပွဲများ ကိုယ်စီရရှိ ခဲ့ကြသည်။

ရတနာပုံအသင်းသည် ပွဲစဉ်(၁)တွင် မကွေးအသင်းကို အိမ်ကွင်း၌သရေသာ ကစား နိုင်ခဲ့သော်လည်း ပွဲစဉ် (၂) နေပြည်တော်နှင့် အဝေးကွင်းပွဲစဉ်တွင် အိမ်ရှင်နေပြည်တော် အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူ ပြီး အမှတ်ပေးဇယား၏ တတိယနေရာကို တက်လှမ်းနိုင်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် အိမ်ကွင်း ၌ဟံသာဝတီယူနိုက်တက် အသင်းကိုခက်ခက် ခဲခဲကစားပြီး တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင် ခဲ့သည်။ဧယျာရွှေမြေသည် အိမ်ကွင်း မုံရွာ၌ ညော့သည် ကမ္ဘောဇအသင်းကို နှစ်ဂိုး-ဂိုးမရှိ ဖြင့် ရှုံးနိမ့်ခဲ့သည်။

ဧရာဝတီယူနိုက်တက်အသင်းသည် ဇွဲကပင်ယူနိုက်တက်အသင်းကို ၃-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သလို မကွေးအသင်းကလည်း ရခိုင်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့သည်။ ချင်းယူနိုက်တက် အသင်းကလည်း မနောမြေအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၁၅ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂)အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်း နှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ နှစ်ပွဲ ကစား နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်စီဖြင့် အမှတ်ပေးဇယား၏ ပထမနေရာနှင့် ဒုတိယ နေရာတို့တွင် အသီးသီးရပ်တည်လျက်ရှိပြီး လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် နှစ်ပွဲ ကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ် လေးမှတ်ရရှိထားကာ တတိယနေရာတွင် ရပ်တည်နေသည်။ နေပြည်တော်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ပွဲစဉ် (၂) ကစား ပြီးချိန်တွင် နှစ်ပွဲစလုံး ရှုံးနိမ့်ထားပြီး အမှတ်ပေး ဇယားအောက်ခြေတွင် ရပ်တည်လျက်ရှိ သည်။

ပွဲစဉ် (၃)ပွဲစဉ်များကို လာမည့် ဇန်နဝါရီ ၂၄၊ ၂၅ ရက်များတွင် ကျင်းပပြုလုပ်သွား မည်ဖြစ်ပြီး ရတနာပုံအက်ဖ်စီနှင့် ရခိုင် ယူနိုက်တက်၊ ဧယျာရွှေမြေနှင့် ချင်းယူနိုက် တက်၊ ဧရာဝတီယူနိုက်တက်နှင့် မနောမြေ အက်ဖ်စီ၊ ဟံသာဝတီ ယူနိုက်တက်နှင့် ကမ္ဘောဇအက်ဖ်စီ၊ မကွေးအက်ဖ်စီနှင့် နေပြည် တော်အက်ဖ်စီ၊ ရန်ကုန်ယူနိုက်တက်နှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။ ■

Asia



သတင်းစာလွတ်လပ်ခွင့်မရှိမှုက
တိုးတက်မှုကို ဟန့်တား
ASIA 56

အဲဒအေးရှားလေယာဉ် ပုံမှန်ထက်ပိုသော အမြန်နှုန်းဖြင့် တက်ခဲ့ပြီး စက်ချို့ယွင်းခဲ့ဟု အင်ဒိုပို့ဆောင်ရေးဝန်ကြီး ဆို

ပျက်မကျမီအချိန်တွင် လေယာဉ်သည် တစ်မိနစ်လျှင် ပေ ၆,၀၀၀ အမြန်နှုန်းဖြင့် အမြင့်သို့ပျံတက်သွားခဲ့ဟု သိရ

ဂျကာတာ - ပြီးခဲ့သည့်လက ဂျာဗားပင်လယ်ထဲသို့ပျက်ကျသွားခဲ့သော အဲအေးရှားလေယာဉ်သည် ပုံမှန်ထက်ပိုသောအမြန်နှုန်းဖြင့် အမြင့်သို့တက်သွားပြီးနောက် စက်ချို့ယွင်းသွားခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးက ဇန်နဝါရီ ၂၀ ရက်က ပြောကြားခဲ့သည်။

အဲအေးရှားလေယာဉ်သည် ဒီဇင်ဘာ ၂၈ ရက်က အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာရာမြို့မှ စင်ကာပူသို့ ပျံသန်းရင်း ရာသီဥတု ဆိုးရွားနေစဉ် ဂျာဗားပင်လယ်အတွင်း ပျက်ကျသွားခဲ့ခြင်းဖြစ်ကာ ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း ၁၆၂ ဦးစလုံးသေဆုံးခဲ့ရသည်။

> ရေဒါစက်ကွင်းကနေ
> လေယာဉ်ပျောက်
> မသွားခင် အချိန်လေးမှာ
> လေယာဉ်က သတ်မှတ်ထား
> တဲ့ ပုံမှန်အမြန်နှုန်းထက်
> ပိုတဲ့နှုန်းနဲ့ အမြင့်ကိုတက်
> ....

ရာသီဥတုဆိုးရွားမှုကြောင့် လေယာဉ်ပျက်ကျသွားဖွယ်ရှိကြောင်း အင်ဒိုနီးရှားမိုးလေဝသဌာနက ပြောကြားခဲ့ပြီး ပဏာမအစီရင်ခံစာတစ်စောင် မထုတ်ပြန်မီ ကာလအတွင်း စုံစမ်းစစ်ဆေးသူများက လေယာဉ်ပျံသန်းမှုမှတ်တမ်းတင်ကိရိယာ (black box) များမှ အချက်အလက်များကို စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ရေဒါစက်ကွင်းက လေယာဉ် ပျောက်မသွားမီအချိန်က မုန်တိုင်းကို ရှောင်ရှားနိုင်ရန် လေယာဉ်ကို ပိုမြင့်သည့် အမြင့်ပေသို့တက်ကာ မောင်းနှင်ခွင့်ပြုရန် လေယာဉ်မှူးက ခွင့်တောင်းခဲ့သော်လည်း ထိုအမြင့်ပေတွင် အခြားလေယာဉ်များ ပျံသန်းနေ၍ ချက်ချင်း ခွင့်ပြုချက်မရရှိခဲ့ပေ။

အင်ဒိုနီးရှားရေငုပ်သမားတစ်ဦးနှင့် အရာရှိတစ်ဦးတို့က ဆယ်ယူရရှိသော လေယာဉ်ကိုယ်ထည်ကို စစ်ဆေးနေကြစဉ်။ ဓာတ်ပုံ-အေအက်ဖ်ပီ

"ရေဒါစက်ကွင်းကနေ လေယာဉ်ပျောက်မသွားခင် အချိန်လေးမှာ လေယာဉ်က သတ်မှတ်ထားတဲ့ ပုံမှန်အမြန်နှုန်းထက် ပိုတဲ့နှုန်းနဲ့ အမြင့်ကိုတက်သွားခဲ့ပါတယ်။ နောက်တော့ လေယာဉ်စက်ချို့ယွင်းသွားပြီး ပျက်ကျခဲ့တယ်" ဟု ပို့ဆောင်ရေးဝန်ကြီး အစ်ဂ်နာစီးရက်စ် ဂျိုနန်က ပြောကြားခဲ့သည်။

ပျက်မကျမီအချိန်တွင် လေယာဉ်သည် တစ်မိနစ်လျှင် ပေ ၆,၀၀၀ အမြန်နှုန်းဖြင့် အမြင့်သို့ ပျံတက်သွားကြောင်းနှင့် ဂျက်တိုက်လေယာဉ်တစ်စင်းသည်ပင် ထိုသို့သော အမြန်နှုန်းဖြင့် အမြင့်တက်ပျံသန်းခြင်းမှာ ရှားပါးလှကြောင်း ၎င်းကပြောကြားခဲ့သည်။

သို့သော်လည်း တိုက်ခိုက်ရေးလေယာဉ် ထုတ်လုပ်သည့် ကျွမ်းကျင်ပညာရှင်များကမူ ပို့ဆောင်ရေးဝန်ကြီး၏ ပြောကြားချက်မှာ မှားယွင်းနေကြောင်းနှင့် အမြင့်ပေ မီတာ ၁၀,၀၀၀ ၌ပျံသန်းနေသော ဂျက်တိုက်လေယာဉ်တစ်စင်းသည် တစ်မိနစ်လျှင် ပေ ၁၀,၀၀၀ နှုန်းဖြင့် အမြင့်သို့ ပျံတက်နိုင်ကြောင်း ပြောခဲ့သည်။

"တခြားတစ်ယောက်ယောက်ရဲ့ အသံမျိုး၊ ပေါက်ကွဲသံမျိုး မကြားခဲ့ရဘူး" ဟု အကြမ်းဖက်ခံရမှု ဖြစ်နိုင်ခြေကို ဖယ်ထားခဲ့ခြင်းနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးသူ Nurcahyo Utomo က သတင်းထောက်များကို ပြောသည်။

ယခုအခါ လေယာဉ်ထိခိုက်မှုနှင့် လူ့ပယောဂကြောင့် ဖြစ်နိုင်ခြေကို အမျိုးသားသယ်ယူပို့ဆောင်ရေး လုံခြုံရေးကော်မတီက ဆက်လက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းကပြောကြားခဲ့ပြီး အသေးစိတ်ကိုမူ မသိရှိရသေးပေ။ စစ်ဆေးမှုပဏာမ အစီရင်ခံစာတစ်စောင်ကို ဇန်နဝါရီ ၂၈ ရက်တွင် ထုတ်ပြန်ပေးမည်ဖြစ်သည်။ အင်ဒိုနီးရှားကယ်ဆယ်ရေးအဖွဲ့များက ယခုအချိန်အထိ အလောင်း ၅၃ လောင်းကို ပြန်ဆယ်ယူနိုင်ခဲ့ပြီးဖြစ်သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က အဲအေးရှားလေယာဉ်၏ လေယာဉ်ကိုယ်ထည်အပိုင်းတည်ရှိရာနေရာကို စင်ကာပူရေတပ်သင်္ဘောတစ်စင်းက ရှာတွေ့ခဲ့ပြီး ရုပ်အလောင်း အများအပြားလည်း အဆိုပါလေယာဉ် ကိုယ်ထည်အပိုင်းတွင်ရှိနေမည်ဟု ယူဆထားကြသည်။

သို့သော်လည်း ရာသီဥတုပြင်းထန်ပြီး လှိုင်းကြီးနေသောကြောင့် ရေငုပ်ရှာဖွေသူများက လေယာဉ်ကိုယ်ထည်ပိုင်းအထိရောက်ရန် အကြိမ်ကြိမ် ကြိုးစားနေသော်လည်း မအောင်မြင်သေးပေ။ ■ (အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဓားစာခံအရေးညှိနှိုင်းရန် ပြည်တော်ပြန်

ဘေရွတ် - အစ္စလာမ္မစ်နိုင်ငံတော် (IS) အဖွဲ့သည် ဂျပန်အစိုးရက ၇၂ နာရီအတွင်း ပြန်ပေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀၀ မပေးပါက ဂျပန်လူမျိုးဓားစာခံနှစ်ဦးကို သတ်ဖြတ်မည်ဟု ခြိမ်းခြောက်သည့်ဗီဒီယိုဖိုင်ကို ၎င်းတို့၏ ဝက်ဘ်ဆိုက်တွင် ဇန်နဝါရီ ၂၀ ရက်က ပြသခဲ့သည်။

ဂျပန်ဓားစာခံနှစ်ဦး၏ ဗီဒီယိုဖိုင်လွှင့်နေစဉ်။

ယင်းဗီဒီယိုတွင် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည့် စစ်သွေးကြွတစ်ဦးက လိမ္မော်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ဂျပန်ဓားစာခံများဖြစ်သော သတင်းထောက် ကင်ဂျိဂိုတိုနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်စစ်ဘက်ကန်ထရိုက်တာ ဟာရူနာယူကာဝါတို့ကြားတွင် မတ်တတ်ရပ်ပြီး ဗြိတိသျှလေသံပေါက် အင်္ဂလိပ်ဘာသာစကားဖြင့် ခြိမ်းခြောက်ပြောဆိုခဲ့ခြင်းဖြစ်သည်။

"ကိုယ့်နိုင်ငံသားတွေရဲ့အသက်ကို ကယ်တင်ဖို့အတွက် ဒေါ်လာ သန်း ၂၀၀ ပေးမှဖြစ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို အမြော်အမြင်ရှိရှိ ဆုံးဖြတ်နိုင်ဖို့ မင်းတို့အစိုးရကို ဖိအားပေးဖို့ မင်းတို့မှာ အချိန် ၇၂ နာရီရှိတယ်" ဟု ၎င်းကပြောကြားခဲ့သည်။

ပြန်ပေးငွေပေးရာတွင် စစ်တပ်အကူအညီမပါဘဲပေးရန် ယင်းစစ်သွေးကြွက ပြောကြားခဲ့သည်။ အကြောင်းမှာ ဂျေရုဆလင်သို့ ရောက်ရှိခဲ့သည်ဆိုသော ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း IS ဆန့်ကျင်တိုက်ခိုက်မှုများတွင် ထောက်ခံအားပေးကြရန် မေတ္တာရပ်ခံပြောကြားခဲ့သောကြောင့်ဖြစ်သည်။

ထိုသို့ သတင်းများထွက်ပေါ်ပြီးနောက် ယင်းပြန်ပေးငွေကြေးကို အကြမ်းဖက်သမားများထံ ပေးမည်မဟုတ်ဟု ဇန်နဝါရီ ၂၀ ရက်တွင်ပင် ဂျပန်အစိုးရက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အစိုးရအဖွဲ့နှင့်ညှိနှိုင်းရန် ဇန်နဝါရီ ၂၁ ရက်တွင် အရှေ့အလယ်ပိုင်းဒေသမှ အလျင်စလို ပြန်လာခဲ့သည်။ နေရာတော်တော်များများကို ဂျီဟတ်များသိမ်းယူထားသည့် ဆီးရီးယားနှင့် အီရတ်ရှိ ပဋိပက္ခများအတွင်း ရုတ်တရက်ရောက်ရှိနေသော ဂျပန်နိုင်ငံသည် အကြမ်းဖက်ဝါဒကို ဦးညွှတ်မည်မဟုတ်ဟု ဝန်ကြီးချုပ်အာဘေးက အခိုင်အမာ ဆိုခဲ့သည်။

"ဖမ်းဆီးထားတဲ့သူတွေကို အန္တရာယ်တစ်စုံတစ်ရာမပေးဘဲ ချက်ချင်းပြန်လွှတ်ပေးဖို့ လေးလေးနက်နက်တောင်းဆိုပါတယ်" ဟု ဂျေရုဆလင်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ "နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း အကြမ်းဖက်ဝါဒကို အလျှော့ပေးမှာမဟုတ်ပါဘူး။ ကျွန်တော်တို့တွေအားလုံး အတူပူးပေါင်းဆောင်ရွက်သွားကြမှာအသေအချာပါပဲ" ဟု ၎င်းကဆိုသည်။

"ထွက်ပေါ်လာတဲ့သတင်းတွေကို ကျွန်တော်တို့ သတိထားစောင့်ကြည့်နေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးလည်း ညှိနှိုင်းဆွေးနွေးတာတွေလုပ်နေပါတယ်" ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက အကြမ်းဖက်ဝါဒတားဆီးကာကွယ်ရေးဌာနက အမည် မဖော်လိုသူ အရာရှိတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်ဩဂုတ်လက ထွက်ပေါ်ခဲ့သော ဗီဒီယိုဖိုင်တစ်ခု၌ ဖမ်းဆီးခံနေရသည့် ဓားစာခံနှစ်ဦးထဲမှတစ်ဦးက သူ့ကိုယ်သူ ဟာရူနာယူကာဝါဟု ပြောဆိုခဲ့ပြီး ၎င်းမှာ ကြမ်းတမ်းစွာ စစ်ဆေးမေးမြန်းခံနေရသည်ကို တွေ့မြင်ခဲ့ရသည်။

ကျန်ဓားစာခံတစ်ဦးမှာ ကင်ဂျိဂိုတိုဆိုသည့် အလွတ်သတင်းထောက် တစ်ဦးဖြစ်ပြီး ၁၉၉၆ ခုနှစ်တွင် တိုကျိုရှိ Independent Press ဟုအမည်ရသည့် ဗီဒီယိုထုတ်လုပ်ရေးကုမ္ပဏီ ထူထောင်ခဲ့သူဖြစ်သည်။ ယင်းကုမ္ပဏီသည် ဂျပန်ရုပ်မြင်သံကြားဌာနများတွင် မှတ်တမ်းဗီဒီယိုများပြသနေသည့် ကုမ္ပဏီဖြစ်သည်။

စစ်သွေးကြွများ၏နောက်ဆုံးခေါင်းဖြတ်အသတ်ခံခဲ့ရသူဟုယူဆရသော ဂျပန်လူမျိုးတစ်ဦးမှာ အသက် ၂၄ နှစ်ရှိ ရှိုဆီ အီကိုဒါ အမည်ရှိ ကမ္ဘာလှည့်ခရီးသည်တစ်ဦးဖြစ်သည်။ ■ (အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။

စပေါ်င်းလမ်းလျှောက်ခြင်းသည် ကျန်းမာရေးကို တိုးတက်စေ
WORLD 60


မြောက်ကိုရီးယား ကွန်ပျူတာစနစ်ကို အမေရိကန်က ထိုးဖောက်
WORLD 61

တရုတ်သမ္မတအပါအဝင် အစိုးရအမှုထမ်းများ၏လစာတိုးပေး

ပေကျင်း - တရုတ်နိုင်ငံ၌ အစိုးရအမှုထမ်းများကို ၂၀၀၆ ခုနှစ်မှစပြီး ပထမဆုံးအကြိမ်အဖြစ် လစာငွေတိုးမြှင့်ပေးခဲ့ရာတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးဦးဆောင်အဖွဲ့ အမြဲတမ်းကော်မတီ အဖွဲ့ဝင်ခြောက်ဦးတို့၏ လစာငွေများကို ၆၂ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ကြောင်း တရုတ်နိုင်ငံပိုင် သတင်း မီဒီယာက ဇန်နဝါရီ ၂၀ ရက်က ပြောကြားခဲ့သည်။

ရှီ၏ အခြေခံလစာငွေမှာ ယွမ် ၇,၀၂၀ မှ

> လစာငွေ တိုးမြှင့်ပေးရာတွင် အနိမ့်ဆုံးရာထူးနေရာများက ဝန်ထမ်းများကို ၎င်းတို့ လစာ၏ နှစ်ဆကျော်ပမာဏ ဖြစ်သော ယွမ် ၁,၃၂၀ သို့ တိုးမြှင့်ပေးခဲ့ကြောင်း

၁၁,၃၈၅ ယွမ် (၁,၈၃၂ ဒေါ်လာ) သို့တိုးမြှင့်သွားကြောင်း လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်များကို ကိုးကားပြီး China Daily သတင်းစာကဖော်ပြခဲ့သည်။

လစာငွေ တိုးမြှင့်ပေးရာတွင် အနိမ့်ဆုံးရာထူးနေရာများက ဝန်ထမ်းများကို ၎င်းတို့ လစာ၏ နှစ်ဆကျော်ပမာဏဖြစ်သော ယွမ် ၁,၃၂၀ သို့ တိုးမြှင့်ပေးခဲ့ကြောင်း ဖော်ပြထားသည်။


ချစ်ကြည်ရေးခရီးရောက်ရှိလာသော ဗင်နီဇွဲလားသမ္မတ မာဒူရိုကို ဇန်နဝါရီ ၇ ရက်ကကြိုဆိုလာသည့် သမ္မတ ရှီကျင့်ဖျင်(ဝဲ) အေအက်ဖ်ပီ

ထောက်ပံ့ကြေးနည်းပါးခြင်းကြောင့် နုတ်ထွက်သွားသော အရာရှိအရေအတွက် တိုးပွားလာနေသော်လည်း အခြေခံလစာမှာ အစိုးရအမှုထမ်းများရရှိသော ထောက်ပံ့ကြေးငွေ၏ အဓိက အစိတ်အပိုင်းသာဖြစ်ကြောင်း အဆိုပါ သတင်းစာက ထောက်ပြထားသည်။ ဝန်ထမ်းများ၏ ရာထူးနေရာနှင့် အလုပ်တာဝန်များပေါ် မူတည်ပြီး အခြားခံစားခွင့်များကိုလည်းပေးအပ်ထားသည်။

အစိုးရအမှုထမ်းအလုပ်မှာ တရုတ်နိုင်ငံ၌ ဩဇာတိက္ကမနှင့် ရာထူးအလိုက် တရားဝင်အကျိုးခံစားခွင့်များ ရရှိကြသည့်အပြင် လာဘ်ပေးလာဘ်ယူဆောင်ရွက်ခြင်းနှင့် အခြားသော အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် အဂတိလိုက်စားမှုမှလည်း ဝင်ငွေအတော်များများ စုဆောင်းရရှိစေခဲ့ကြောင်း ဝေဖန်သူများက ဆိုသည်။

ရှီကျင့်ဖျင် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် တရုတ်ကွန်မြူနစ်ပါတီအကြီးအကဲဖြစ်လာပြီး ၂၀၁၃ ခုနှစ်၊ မတ်လက သမ္မတတာဝန်ကိုစတင်ထမ်းဆောင်ခဲ့ပြီးနောက် ၎င်းက ‘ယင်ကောင်များနှင့် ကျားများ’ ဟု အမည်ပေးထားသော တရုတ်ကွန်မြူနစ်ပါတီနှင့် အစိုးရအဖွဲ့အတွင်း အောက်ခြေအဆင့်မှစတင်ကာ အဆင့်မြင့် အရာရှိကြီးများအထိ အဂတိလိုက်စားသူများကို ထိထိရောက်ရောက် နှိမ်နှင်းလျက်ရှိသည်။

ရှီနှင့် ဝန်ကြီးချုပ်ဟောင်း ဝမ်ကျားပေါင် အပါအဝင် ထိပ်တန်းခေါင်းဆောင်များ၏ ဆွေမျိုးသားချင်းများက ၎င်းတို့ ချမ်းသာကြွယ်ဝမှုများကိုဖုံးကွယ်ရန် ဝင်ငွေခွန် သက်သာသော အခြားနိုင်ငံများတွင် ၎င်းတို့၏ဥစ္စာစည်းစိမ်များကို ထားရှိကြကြောင်း အမေရိကန်အခြေစိုက် စုံစမ်းဖော်ထုတ်သတင်းရေးသားသော သတင်းထောက်များ ပါဝင်သည့်နိုင်ငံတကာအဖွဲ့က ပြီးခဲ့သောနှစ် ဇန်နဝါရီလကထုတ်ပြန်ခဲ့သည့် စုံစမ်းမှုတစ်ခုအရ သိရှိရသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOEs) မှ အကြီးအကဲများ၏ လစာငွေများကို ဖြတ်တောက်ရန်နှင့် လုပ်ငန်းသုံး ငွေစာရင်းများနှင့် ၎င်းတို့၏ အခြားအကျိုးခံစားခွင့်များကိုထိန်းချုပ်ရန် ရှီနှင့် တရုတ်ထိပ်တန်းခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ကြောင်း နိုင်ငံပိုင် ရှင်ဟွာသတင်းဌာနက ပြီးခဲ့သောနှစ်က ဖော်ပြခဲ့သည်။ ■

(အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။



သတင်းစာလွတ်လပ်ခွင့်မရှိမှုက တိုးတက်မှုကို ဟန့်တား

သတင်းတွေဟာ လူတွေတောင်းဆိုတဲ့ သတင်းအချက်အလက်တွေနဲ့ ထိထိရောက်ရောက် သက်ရောက်မှုရှိရမယ့်အပြင် တစ်ချိန်တည်းမှာ လူ့အဖွဲ့အစည်းကို စည်းလုံးစေကာ နိုင်ငံနဲ့ပြည်သူတွေဖွံ့ဖြိုးမှုအတွက်လည်း ဖြစ်စေရမယ်လို့ ပါတီရဲ့ ခေါင်းဆောင်ပိုင်းကဆိုထား

ရော်ဂျာမစ်တန်
rogermitton@mmtimes.com

လွန်ခဲ့တဲ့ရက်သတ္တပတ်က ဟန္နိုင်းမြို့တော်မှာ အာဏာရ ဗီယက်နမ်ကွန်မြူနစ်ပါတီရဲ့ ထိပ်တန်းအရာရှိတွေဟာ အရေးကြီးတဲ့ ကိစ္စတချို့ကို ဒူးတိုက်ဆွေးနွေးခဲ့ကြတာ နိုင်ငံသူနိုင်ငံသားတွေနဲ့ ဒေသတွင်းကလူတွေ ဘာမှမသိလိုက်ကြဘူး။

ဗီယက်နမ်နိုင်ငံရဲ့ ကိစ္စဖြစ်တာက တစ်ကြောင်း၊ လူတွေနာမည်နဲ့ နေရာတွေလည်း ပါတာကတစ်ကြောင်း၊ လူတွေကို အသိပေးဖို့ ခက်ခဲမှုရှိတာကြောင့် သတင်းဟာ မစို့မပို့သာ ဖော်ပြခံခဲ့ရတယ်။ အဓိကအကြောင်းကတော့ ဗီယက်နမ်နိုင်ငံရဲ့ မီဒီယာဟာ ပြင်းထန်စွာ နှိပ်ကွပ်ခံရခြင်းကြောင့်လည်း ဖြစ်တယ်။

တရားဝင်ထုတ်ပြန်တဲ့ တကယ့်နိုင်ငံရေး၊ စီးပွားရေးနဲ့ စစ်ဘက်ဆိုင်ရာ သတင်းခပ်နည်းနည်းကို ဒေသခံမီဒီယာကိုသာ ပေးတယ်။ ဒီဒေသခံ မီဒီယာမှာလည်း ကွန်မြူနစ်ပါတီက လုံးဝပိုင်ဆိုင်ပြီး ထိန်းချုပ်ထားတယ်။

အဲဒီ အစည်းအဝေးပြီးတဲ့နောက် ထုတ်ပြန်ချက်မှာ အစိုးရက သတင်းတွေကို အမြတ်အစွန်းရရှိဖို့၊ အကျိုးပါဝင်တဲ့ အဖွဲ့တွေရဲ့ လွှမ်းမိုးမှုနဲ့ တစ်သီးပုဂ္ဂလ လက်ထဲကို မကျရောက်စေဖို့ အသေအချာ ဆောင်ရွက်ထားရမယ်လို့ပါရှိတယ်။

နောက်ပြီးတော့ သတင်းတွေဟာ လူတွေတောင်းဆိုတဲ့ သတင်းအချက်အလက်တွေနဲ့ ထိထိရောက်ရောက် သက်ရောက်မှုရှိရမယ့် အပြင် တစ်ချိန်တည်းမှာ လူ့အဖွဲ့အစည်းကို စည်းလုံးစေကာ နိုင်ငံနဲ့ပြည်သူတွေဖွံ့ဖြိုးမှု အတွက်လည်း ဖြစ်စေရမယ်လို့ ပါတီရဲ့ ခေါင်းဆောင်ပိုင်းက ဆိုထားတယ်။

စကားလုံးတွေကောင်းသလောက် အသုံးမတည့်ဘူးဖြစ်နေတယ်။ ဟန္နိုင်းအစိုးရက တဖြည်းဖြည်း တင်းကျပ်လာတဲ့ အချုပ်အနှောင်တွေကြောင့် ဒီ ချိုးမွမ်းထိုက်တဲ့ ပန်းတိုင်နှစ်ခုစလုံးကို ရရှိမှာမဟုတ်ဘူး။

ဒီအချက်ကို ရောင်းအကောင်းဆုံး နေ့စဉ်သတင်းစာ Than Nien ရဲ့ အယ်ဒီတာချုပ်ဟောင်း ငုယင်ကောင်ခီ နိုင်ငံခြားမီဒီယာထဲမှာ ရေးသားခဲ့တဲ့ ဆောင်းပါးက မီးမောင်းထိုးပြလိုက်တယ်။

ငုယင်ကောင်ခီရဲ့ ဆောင်းပါးခေါင်းစဉ်က ‘ဗီယက်နမ်မှာ သတင်းလွတ်လပ်ခွင့်’လို့ တပ်ထားကာ ရဲတင်းပြီး ထက်မြက်အထိရောက်ဆုံး ဆောင်းပါးကိုဗီယက်နမ်သတင်းစာဆရာတစ်ယောက်က ရေးသားခဲ့တာဖြစ်ပြီး အခုအချိန်အထိတော့ ထောင်ချမခံရသေးသူ ဖြစ်တယ်။

လူသိရှင်ကြားပြောရမယ်ဆိုတဲ့ အကျိုးအတွက် ပြောကြစတမ်းဆိုရင် ကျွန်တော် ဟန္နိုင်း မြို့တော်မှာ သတင်းဗျူရိုတစ်ခုဖွင့်ခဲ့တုန်းက ငုယင်ကောင်ခီကို သိခွင့်ရခဲ့တယ်။ သူနဲ့လည်း အကြိမ်ကြိမ်တွေ့ခဲ့ဖူးတယ်။

သူ့ရဲ့နာမည်ကို ကွန်မြူနစ်ပါတီရဲ့ ပွင့်လင်းအဆုံးသတ်ချက်တွေကို လူသိရှင်ကြား ထုတ်ဖော်ပြသခဲ့တယ်။ ပိုပြီးလွတ်လပ်တဲ့ အနောက်အုပ်စုမီဒီယာမှာ ဖွင့်ဟခဲ့တယ်။ သတ္တိတော်တော်ရှိတယ်လို့ ဆိုရမယ်။

ပေါ်လွင်သိသာတဲ့ အချက်တွေကို ငုယင်ကောင်ခီက စပြီးဖော်ပြခဲ့တယ်။ ကွန်မြူနစ်အစိုးရအပေါ် လူတွေကြိုက်နှစ်သက်မှုနည်းလာတာရယ်၊ နိုင်ငံရဲ့စီးပွားရေးအပေါ် စီမံကွပ်ကဲမှု ညံ့ဖျင်းတာရယ်၊ မီဒီယာကို လွတ်လပ်စွာလှုပ်ရှားခွင့်ပြုမှသာ ဒီအဖြစ်တွေကို ပြောင်းပြန်လုပ်နိုင်မယ်ဆိုတဲ့အချက်ကို ဖော်ပြခဲ့တယ်။

ပါတီဟာ ဒီလမ်းလိုက်ရမယ့် အစားဆန့်ကျင်ဘက်လမ်းကို လိုက်ခဲ့ပြီး သိမ်မွေ့နက်နဲတဲ့ အကြောင်းအရာ အရေးအတွက်တွေကိုတိုးခဲ့ရာ ထိပ်တန်းခေါင်းဆောင်တွေရဲ့ အပြုအမူ၊ အနေအထိုင်၊ မြေရာအငြင်းပွားမှုတွေနဲ့ တရုတ်နိုင်ငံနဲ့ဆက်ဆံရေး အကြောင်းတွေကို လုံးဝ ဗီတိုမသုံးတာတောင် တင်းကျပ်စွာ ဘောင်ခတ်ထားတယ်။

ဒါကြောင့်လည်း နိုင်ငံပိုင်သတင်းစာတွေဟာ အထပ်ထပ်အခါခါ စိစစ်ထားတာကြောင့် ဖတ်ရတာ စိတ်ဝင်စားမှုနည်းလာတဲ့အတွက် စာဖတ်ပရိသတ်၊ အထူးသဖြင့် လူငယ်တွေဟာ နိုင်ငံခြားထုတ်စာစောင်တွေ၊ လူမှုရေးမီဒီယာနဲ့ ဘလော့ဂ်တွေဘက် လှည့်ကုန်ကြတယ်။

> အဂတိလိုက်စားတာတွေနဲ့၊ ဆွေမျိုး ကောင်းစားရေးဝါဒနဲ့ အများအားဖြင့် ဆက်နွယ်ကြတဲ့ အွန်လိုင်းဝေဖန်ရှုတ်ချမှုတွေဟာ ကောလာဟလ အခြေခံတယ်လို့ ဆိုပေမယ့်

တဲ့ လူငယ်အဖွဲ့ဝင်တစ်ယောက်က ကျွန်တော့်ကို အရင်ပေးခဲ့တာဖြစ်တယ်။ ငုယင်ကောင်ခီဟာ ဗီယက်နမ်မှာ သတ္တိအကောင်းဆုံး သတင်းစာဆရာတစ်ယောက်လို့ ထိုသူကပင် ဖွင့်ပြောခဲ့တယ်။

သူရေးခဲ့တဲ့ဆောင်းပါးဟာ အရင်ရက်သတ္တပတ်က ဗီယက်နမ်ကွန်မြူနစ်ပါတီ ထိပ်တန်းအရာရှိတွေ အစည်းအဝေးက ပြေလည်အောင် ဒူးတိုက်ဆွေးနွေးခဲ့တဲ့ကိစ္စတွေရဲ့ နက်ရှိုင်းမှုကို ဖော်ပြခဲ့တာပဲဖြစ်တယ်။ ကွာတာဆိုလို့ ငုယင်ကောင်ခီက သူ့ရဲ့ တွေ့ရှိမှုကြောင့် ဖတ်ရတာ စိတ်ဝင်စားမှုနည်းလာတဲ့...

ကျောင်းသားတွေ၊ တချို့ပညာရှင်တွေနဲ့ ကွန်မြူနစ်ပါတီဝင်ဟောင်းတွေတောင် လူသိများတဲ့ ဘလော့ဂ်တွေ သူတို့ဆီမှာရှိကြတယ်။ ဒီ ဘလော့ဂ်တွေက အစိုးရကို ဝေဖန်ပြစ်တင်ကြတာ နေ့စဉ် ထောင်ချီပြီး ထိမိတာတွေ ရှိတယ်။

ဗီယက်နမ်က ဂရိတ်ဖရုသီးများရောင်းသည့် ပျံကျဈေးသည်တစ်ဦး ဈေးရောင်းထွက်လာစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဟန္နိုင်းဟိုတယ်သစ်ကြီးတစ်လုံးကို ဗီယက်နမ်လုပ်သားများ ဆေးသုတ်နေစဉ်။ အေအက်ဖ်ပီ

ဟန္နိုင်းအစိုးရက အတားအဆီးတွေ လုပ်ပေမယ့် ကျော်လွှားနိုင်ခဲ့ပြီး ဘလော့ဂ်အမြင်တွေကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိ၊ ဖြန့်ဖြူးလာနိုင်တာကြောင့် ပြီးခဲ့တဲ့သီတင်းပတ်ကကျင်းပခဲ့တဲ့ ပါတီအစည်းအဝေးမှာ ပေါလစ်ဗျူရိုအဖွဲ့ဝင် ၁၆ ဦးတို့ရဲ့ တာဝန်ဝတ္တရားဆောင်ရွက်မှုကို စစ်ဆေးဖို့ မဲပေးဆောင်ရွက်ခဲ့တာ ပေါ်လာခဲ့တယ်။

ဒီမဲပေးမှုအတွက် နိုင်ငံပိုင် မီဒီယာကို တရားဝင် သတင်းမပေးခဲ့ပေမယ့် အင်တာနက်အရင်းအမြစ်တချို့က ရလဒ်ကို ဖော်ပြခဲ့ရာ ပါတီခေါင်းဆောင် အတော်များများကို သဘောမကျကြောင်း သိခဲ့ရတယ်။

ရလဒ်မကောင်းတဲ့ ပါတီဝင်တွေထဲမှာ ဝန်ကြီးချုပ် ငုယင်တန်ဒန်း၊ ကာကွယ်ရေးဝန်ကြီး ဖန်ကွမ်သန်း၊ ပြည်သူ့လုံခြုံရေးဝန်ကြီး လီဟောင်အန်းနဲ့ ပါတီခေါင်းဆောင် ငုယင်ဖူထရောင်တို့လည်း ပါကြတယ်။

အဂတိလိုက်စားတာတွေ၊ ဆွေမျိုးကောင်းစားရေးဝါဒနဲ့ အများအားဖြင့် ဆက်နွယ်ကြတဲ့ အွန်လိုင်းဝေဖန်ရှုတ်ချမှုတွေဟာ ကောလာဟလ အခြေခံတယ်လို့ ဆိုပေမယ့် နိုင်ငံပိုင်မီဒီယာအပေါ် လူထုရဲ့ ယုံကြည်မှုကနည်းတာကြောင့် ခန့်မှန်းခြေဖော်ပြတဲ့ ဘလော့ဂ်အပေါ် ယုံကြည်လက်ခံမှုကများတယ်။

တစ်ချိန်တည်းမှာပဲ မဲပေးလို့ရလာတဲ့ အဖြေကို ရိုက်နှိပ်ထုတ်ဝေခွင့်ပိတ်ဖို့ ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့တဲ့ ကွန်မြူနစ်ပါတီခေါင်းဆောင် ထရောင်အတွက် မဆန်းပါဘူး။ ဘလော့ဂ်ဂါတွေနဲ့ တခြား အစိုးရဆန့်ကျင်သူတွေကို ထိန်းသိမ်းဖို့ ညွှန်ကြားချက်ဟာလည်း နောက်ဆုံးမှာ ထိရောက်ပုံမပေါ်ပါဘူး။

သတင်းစာဆရာတွေကို ထောင်ချတဲ့နေရာမှာ ဗီယက်နမ်နိုင်ငံဟာ အဆိုးဆုံး နံပါတ် (၅) နေရာမှာရှိတယ်။ ဒါကြောင့်လည်း ကမ္ဘာတစ်ဝန်းက အစိုးရတွေရဲ့ အပြစ်ပြောဝေဖန်မှုတွေခံခဲ့ရပြီး နိုင်ငံရဲ့ပုံရိပ် ကောင်းမွန်လာအောင် ဟန္နိုင်းအစိုးရရဲ့ ကြိုးပမ်းမှုတွေဟာ အဟန့်အတားဖြစ်နေတယ်။

ဒီအဖြစ်အပျက်တွေကြောင့်လည်း အရင်တစ်ပတ်က နှိုင်းယှဉ်ချိန်ဆခြင်းတွေအပေါ် ဝန်ခံကာ ပါတီတွင်း နိုင်ငံရေးနဲ့ အကျင့်စာရိတ္တပျက်ပြားမှုတွေကို ရပ်တန့်ဖို့ ပြင်းပြင်းထန်ထန် ကြိုးပမ်းရလိမ့်မယ်ဆိုပြီး ပြည်သူတွေကို ရှားရှားပါးပါး ပြောခဲ့တယ်။

ဗီယက်နမ်နိုင်ငံရဲ့ ကြီးမားတဲ့ ပြည်သူ့ကဏ္ဍအတွင်း ကြွေးမြီရှိတာ၊ အလုပ်မဖြစ်တဲ့ ချေးငွေတွေအဖြစ် နှုန်းမြင့်တက်လာတာရယ်နဲ့ မကျွမ်းကျင်တဲ့ နိုင်ငံပိုင်လုပ်ငန်းတွေ ဒီလိုဖြစ်လာရတာဟာ အဂတိလိုက်စားမှုနဲ့ ခရိုနီအရင်းရှင်ဝါဒတွေကြောင့်ဆိုတာ အထူးပြောစရာမလိုဘူး။

နိုင်ငံရဲ့ပုံရိပ် နိုင်ငံတကာတွေရဲ့အမြင်မှာ ကောင်းလာဖို့ ပိုအရေးကြီးလာတာကတော့ ဗီယက်နမ်ရဲ့ ကမ်းလွန်ပိုင်နက်တွေအပေါ် တရုတ်နိုင်ငံရဲ့ တားဆီးမနိုင်တဲ့ ကြိုးပမ်းမှုကို တုံ့ပြန်ဖို့ ဟန္နိုင်းအစိုးရဟာ ကမ္ဘာတစ်ဝန်း မဟာမိတ်တွေရှာပြီး သူတို့ရဲ့ အကူအညီလိုအပ်နေလို့ပဲဖြစ်တယ်။ မီဒီယာကို ဖိနှိပ်ချုပ်နှောင်ထားနေရင် ဟန္နိုင်းအစိုးရ မျှော်လင့်ထားသလို ဖြစ်မလာနိုင်ဘူး။

ဒီလို ပြောပြီးတဲ့အခါမှာတော့ ဗီယက်နမ်သတင်းထောက်တွေလည်း အပြစ်အချို့ကို လက်ခံရမယ်။ သူတို့ရဲ့အခြေအနေက ဘာနဲ့တူသလဲဆိုရင် ၁၉၇၅ ခုနှစ်က ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီဟာ အရေးပေါ်အခြေအနေကို ကြေညာလိုက်ပြီး မီဒီယာအပေါ် တင်းကျပ်တဲ့ထိန်းချုပ်မှုတွေ လုပ်လိုက်တဲ့အခါမှာ အိန္ဒိယသတင်းထောက်တွေ ကြုံရတဲ့ အဖြစ်မျိုးလိုပေါ့။

သတင်းထောက် ခပ်များများဟာ လက်မှိုင်ချပြီး နာခံကြတဲ့အခါ အတိုက်အခံခေါင်းဆောင် L.K.Advani က စိတ်ဆိုးပြီး ဒီလိုပြောခဲ့တယ်။ “ခင်ဗျားတို့ကို ကွေးဖို့ပဲပြောခဲ့တာ၊ ခင်ဗျားတို့က တွားသွားဖို့ ရွေးချယ်ခဲ့တာပဲ”

တခြားခြွင်းချက်တွေ အနည်းငယ်ရှိတာကလွဲရင် ဗီယက်နမ်က သတင်းစာဆရာတွေလည်း ဒီစိတ်ပျက်စရာလမ်းကိုပဲ ရွေးချယ်ခဲ့ကြတယ်။ ■

ဤဆောင်းပါးသည် ရော်ဂျာမစ်တန်၏ အာဘော်သာဖြစ်သည်။

(The Myanmar Times)

သောင်းညွန့် ဘာသာပြန်သည်။

EtonHouse®

International Pre-School • Yangon

Inquire • Think • Learn

Our warmest thanks and appreciation to all our guests, who joined our Grand Opening Ceremony, on the 18th Jan 2015.

Shaping the future through education

World

သမ္မတကို စွပ်စွဲခဲ့သူ အာဂျင်တီးနားရှေ့နေ သေဆုံး

WORLD 60

မလေးတရားခံ ဩစတြေးလျတွင် ဖမ်းဆီးထိန်းသိမ်းထား

ဆစ်ဒ်နီ - အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များနှင့် ဆက်စပ်ပြီး ဟိုးလေးတကျော်ဖြစ်ခဲ့သော မွန်ဂိုလီးယားမော်ဒယ် သေဆုံးမှုကြောင့် ကြိုးပေးခံခဲ့ရသော မလေးလူမျိုး ရဲအရာရှိတစ်ဦးကို ဩစတြေးလျနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းထားသည်ဟု ဇန်နဝါရီ ၂၁ ရက်ထုတ် သတင်းများတွင် ဖော်ပြခဲ့သည်။

၂၀၀၆ ခုနှစ်က အသက် ၂၈ နှစ်အရွယ်ရှိ အယ်လ်တန် တူယာ ရှာရီဘူးဆိုသူ မော်ဒယ်ကို သတ်ခဲ့သည့် တရားခံဖြစ်သော ဆာရူးအက်ဇ်ဟာအူမာကို ကွင်းစ်လန်းပြည်နယ်ရှိ လူဝင်မှုကြီးကြပ်ရေးအရာရှိများက ဖမ်းဆီးနိုင်ခဲ့သည်ဟု ဩစတြေးလျ ရုပ်သံကော်ပိုရေးရှင်းဌာနကဆိုသည်။

"မနေ့က ဘရစ္စဘန်းမြို့မှာ ဥပဒေနဲ့ငြိစွန်းနေတဲ့ နိုင်ငံခြားသားတစ်ယောက်ကို ဌာနက ဖမ်းဆီးထိန်းသိမ်းခဲ့ပါတယ်။ ဒီလူကို မလေးရှား အာဏာပိုင်တွေ စိတ်ဝင်စားမှုရှိတယ်ဆိုတာ ဌာနက သတိထားမိပါတယ်။ ပုဂ္ဂိုလ်ရေးမထိခိုက်ရအောင် စောင့်ထိန်းရမှာမို့ ဒီထက်ပိုပြောလို့တော့မရပါဘူး" ဟု လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ဒေသကာကွယ်ထိန်းသိမ်းရေးဌာန ပြောရေးဆိုခွင့်ရ အမျိုးသမီးတစ်ဦးက အေအက်ဖ်ပီသို့ မေးလ်ဖြင့် ဖြေကြားခဲ့သည်။

သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရဖွယ်ရှိသော မော်ဒယ် အယ်လ်တန်တူယာ၏ အလောင်းကို ကွာလာလမ်ပူမြို့အနီးတောစပ်တွင် တွေ့ရှိခဲ့ပြီး စစ်တပ်သုံးလက်နက်ဖြင့် ပစ်ခတ်ခံရ၍ ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာ ပေါက်ကွဲသလိုဖြစ်နေခဲ့ကြောင်း သိရသည်။

အဆင့်မြင့်ဝန်ကြီးများကို စောင့်ရှောက်ပေးရသည့် ထိပ်တန်းအရာရှိများအဖွဲ့တွင်ပါဝင်သော ဆာရူးနှင့် အဇီလက်ဟာဒရီတို့ နှစ်ဦးကို ၂၀၀၉ ခုနှစ်တွင်ပြစ်မှုထင်ရှားသဖြင့် ကြိုးမိန့်ချမှတ်ခံခဲ့ရသည်။

တရားခံဆာရူးလ်ကို ၎င်းတို့နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးရန် မလေးရှားအစိုးရက တောင်းဆိုခဲ့သော်လည်း သေဒဏ်ပေးခံရနိုင်သည်ဟု ယူဆရသော နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းကို တားမြစ်ထားသော ဩစတြေးလျ အစိုးရက ဆာရူးလ်ကို ပို့မည်မဟုတ်ဟု သတင်းများကဆိုသည်။ ယင်းမော်ဒယ်၏ချစ်သူမှာ လက်ရှိ မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်နှင့် ရင်းနှီးသူဖြစ်ပြီး ထိုအချိန်က ကာကွယ်ရေးဝန်ကြီးတစ်ဦးဖြစ်ကာ ရေငုပ်သင်္ဘောများဝယ်ယူရေးတွင် ဦးဆောင်ခဲ့သော အဗ္ဗဒူရာဇတ် ဘာဂင်ဒါဆိုသူ ဖြစ်သည်။ ■

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။

ယီမင်နိုင်ငံမြို့တော် ဆာနားရှိ သမ္မတအိမ်တော်နှင့်ကပ်၍ ယီမင်စစ်တပ်က တင့်ကားတစ်စီး နေရာယူထားစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ရှီးယားသူပုန်များက ယီမင် သမ္မတနန်းတော်ကို ထိန်းချုပ်ပြီး သမ္မတအိမ်တော်ကို တိုက်ခိုက်

ယီမင်နိုင်ငံ ထိန်းမနိုင်သိမ်းမရ အခြေအနေသို့ ဆိုက်ရောက်သွားမည့်အရေး စိုးရိမ်ပူပန်မှုများ မြင့်တက်လာ

ဆာနား (ယီမင်) - ယီမင်အစိုးရကို ဖြုတ်ချရန်ကြိုးစားမှုတစ်ရပ်အဖြစ် ဇန်နဝါရီ ၂၀ ရက်တွင် ရှီးယားသူပုန်များက ယီမင် သမ္မတနန်းတော်ကို ထိန်းချုပ်ကာ သမ္မတ အဗ္ဗဒရာဗူဟ် မန်ဆာဟာဒီ၏အိမ်တော်ကို တိုက်ခိုက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တိုက်ခိုက်မှုများကို ပြစ်တင်ရှုတ်ချရန်နှင့် သမ္မတ ဟာဒီကိုထောက်ခံရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အရေးပေါ် အစည်းအဝေးတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်ခိုက်မှုများဖြစ်ပွားနေခြင်းကို အလွန်အမင်း စိုးရိမ်မိကြောင်းနှင့် ထိုတိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်ရန် တောင်းဆိုခဲ့သည်။

သမ္မတ ဟာဒီက လာဘ်စားမှုများကို ကာကွယ်ပေးပြီး နိုင်ငံကိုအစိတ်စိတ်အမြွှာမြွှာဖြစ်ရေး အားပေး လုပ်ဆောင်နေသည်ဟု သူပုန်အဖွဲ့ခေါင်းဆောင် အဗ္ဗဒူလ် မာလစ်အယ်လ်ဟူသီက စွပ်စွဲထားပြီး မည်သည့်နည်းလမ်းဖြင့်မဆို သမ္မတဟာဒီကို ဆန့်ကျင်သွားမည်ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။ ထို့ပြင် ၎င်းတို့၏လှုပ်ရှားမှုက ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ချမှတ်လာမည့် မည်သို့သောအရေးယူမှုကိုမဆို ရင်ဆိုင်ရန်အသင့်ရှိကြောင်း ဟူသီကဆိုသည်။

အကြမ်းဖက်မှုများ မြို့တော်အတွင်း ပျံ့နှံ့ဖြစ်ပွားလျက်ရှိရာ အယ်လ်ကေဒါကို ဆန့်ကျင်တိုက်ခိုက်ရာတွင် အမေရိကန်၏ အဓိကမဟာမိတ်ဖြစ်သော သမ္မတ ဟာဒီ ပြုတ်ကျပြီး ယီမင်နိုင်ငံမှာလည်း ထိန်းမနိုင်သိမ်းမရ အခြေအနေသို့ ဆိုက်ရောက်သွားမည့်အရေး စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သည်။ ပဋိပက္ခများ ဖြစ်ပွားနေသည်ကို မျက်မြင်သက်သေများက သတင်းပေးပို့ခဲ့ပြီးနောက် ဆာနားမြို့ အနောက်ဘက်ရှိ သမ္မတအိမ်တော်ကို သူပုန်များတိုက်ခိုက်ခဲ့ကြောင်း

> သမ္မတ ဟာဒီက လာဘ်စားမှုများကို ကာကွယ်ပေးပြီး နိုင်ငံကို အစိတ်စိတ်အမြွှာမြွှာဖြစ်ရေး အားပေးလုပ်ဆောင်နေသည်ဟု သူပုန်အဖွဲ့ခေါင်းဆောင် အဗ္ဗဒူလ် မာလစ်အယ်လ်ဟူသီက စွပ်စွဲ

ပြန်ကြားရေးဝန်ကြီး နာဒီရာ ဆက်ခ်ခါ့ဖ်က ပြောကြားခဲ့သည်။

စစ်သားနှစ်ဦး သေဆုံးခဲ့ပြီးနောက် သမ္မတအိမ်တော်အပြင်၌ ဖြစ်ပွားသောတိုက်ခိုက်မှုများမှာ အရှိန်လျော့သွားဖွယ်ရှိကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

အစိုးရရုံးများတည်ရှိရာ ဆာနားမြို့တောင်ပိုင်းရှိ သမ္မတနန်းတော်ကိုလည်း သူပုန်များက ထိန်းချုပ်ခဲ့ပြီး လက်နက်ဂိုဒေါင်များမှ လက်နက်များကိုလည်း လုယူခဲ့ကြကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ Huthis ဟုခေါ်သော ရှီးယားသူပုန်များက ဆာနားမြို့ကို စက်တင်ဘာလကတည်းက ဝင်ရောက်စီးနင်းခဲ့ခြင်းဖြစ်သည်။

ယီမင်နိုင်ငံကို သမ္မတနိုင်ငံအဖြစ်က ဒေသကြီးခြောက်ခုဖြင့် အာဏာခွဲဝေအုပ်ချုပ်မည့် အစီအစဉ်ကို ရှီးယားသူပုန်အဖွဲ့က ဆန့်ကျင်ကန့်ကွက်လျက်ရှိပြီး ယင်းအစီအစဉ်ကိုအဓိကထားရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲခြင်းကို နှောင့်ယှက်ရန် သမ္မတဟာဒီရုံးက အရာရှိချုပ် အာမက် အဝါဒ်ဘင်မူဘာရက်ကို ဇန်နဝါရီ ၁၇ ရက်က သူပုန်များက ပြန်ပေးဆွဲသွားခဲ့သည်။

၎င်းတို့၏ အမာခံနယ်မြေဖြစ်သော ခြောက်သွေ့သော မြောက်ပိုင်းတောင်ပေါ်ဒေသများရှိ ရှီးယားသူပုန်တို့က ထိုအစီအစဉ်သည် ယီမင်နိုင်ငံကို ချမ်းသာသည့်ဒေသနှင့် ဆင်းရဲသည့်ဒေသများအဖြစ် ကွဲပြားသွားစေမည်ဟု ပြောဆိုကြသည်။

အမေရိကန်ကထောက်ခံသည့် အစိုးရကို အကူအညီပေးရန် လုံခြုံရေးကောင်စီက ချမှတ်လာမည့် မည်သည့်အရေးယူမှုကိုမဆို ဂရုစိုက်မည်မဟုတ်ကြောင်း ယီမင်သမ္မတဟာဒီက ပြောကြားခဲ့သည်။

သမ္မတနန်းတော်အနီးနှင့် ဆာနားမြို့၏ အခြားဒေသတို့တွင် သူပုန်အဖွဲ့နှင့် အစိုးရတပ်ဖွဲ့များအကြား တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့ရာ လူကိုးဦးထက်မနည်းသေဆုံးခဲ့ပြီး ၆၇ ဦးဒဏ်ရာရရှိခဲ့သည်။

စစ်သွေးကြွများက စစ်တပ်အခြေစိုက်စခန်းတစ်ခုကိုသိမ်းယူခဲ့ပြီး နိုင်ငံပိုင်သတင်းမီဒီယာကိုလည်းထိန်းချုပ်ခဲ့သည်။ ထို့ပြင် ဝန်ကြီးချုပ် ခါလစ် ဘာဟားလိုက်ပါလာသော ယာဉ်တန်းကိုလည်း ဇန်နဝါရီ ၁၉ ရက်က တိုက်ခိုက်ခဲ့ကြသည်။ ထိုနေ့မှာပင် ၎င်း၏ နေအိမ်ကို သူပုန်များက ဝိုင်းထားလိုက်ကြပြီး ဝန်ကြီးချုပ် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ဇန်နဝါရီ ၂၁ ရက်တွင် ဆိပ်ကမ်းမြို့ဖြစ်သော အေဒင်မြို့ရှိ နိုင်ငံတကာလေဆိပ်၊ ဆိပ်ကမ်းနှင့် မြို့တွင်းသို့ ဝင်ပေါက်များအားလုံးကို ပိတ်ထားလိုက်ပြီဖြစ်ကြောင်း အေဒင်မြို့ရှိ အာဏာပိုင်များက ပြောကြားခဲ့သည်။ ■ (အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။

ကျိုနှင့် ပို ပါတီတွင်း ဂိုဏ်းဂဏဖွဲ့ခဲ့
WORLD 60

နီကာရာဂွာ ကဗျာဆရာကြီးက သမ္မတ အော်တီဂါကို ဝေဖန်
WORLD 62

တူရကီ-ဆီးရီးယားနယ်စပ် ဂျီဟာဒ်အတွက် မလွယ်ပေါက်ဖြစ်

တူရကီနိုင်ငံသည် ဆီးရီးယားနိုင်ငံ၏ နယ်စပ်၌ လုံခြုံရေးပိုမိုကောင်းမွန်ရန် ကြိုးပမ်းမှုများ ဆောင်ရွက်နေသော်လည်း ဤဒေသသည် ဂျီဟာဒ်တိုက်ပွဲဝင်များနှင့် ၎င်းတို့ကို လိုလားသူတွေ ဥရောပမှ ဝင်ရောက်လာရန် အဓိက လမ်းကြောင်းဖြစ်နေ

အန်ကာရာ - ပါရီမြို့တိုက်ခိုက်မှုများတွင် တစ်ဦးအပါအဝင်ဖြစ်သူ ဟာရတ်ဗူမီဒီယန်းသည် တူရကီနိုင်ငံမှတစ်ဆင့် ဆီးရီးယားနိုင်ငံထဲသို့ ဘယ်လိုနည်းနှင့် လွယ်လင့်တကူ ဝင်သွားနိုင်သလဲ။

တူရကီနိုင်ငံသည် ဆီးရီးယားနိုင်ငံ၏ နယ်စပ်၌ လုံခြုံရေးပိုမိုကောင်းမွန်ရန် ကြိုးပမ်းမှုများ ဆောင်ရွက်နေသော်လည်း ဤဒေသသည် ဂျီဟာဒ်တွေနှင့် ၎င်းတို့ကို လိုလားသူတွေ ဥရောပမှ ဝင်ရောက်လာရန် အဓိက လမ်းကြောင်းအဖြစ် တည်ရှိနေသည်။

> နိုင်ငံခြားသား တိုက်ခိုက်သူများကို မတားဆီးနိုင်သောကြောင့် အနောက်အုပ်စုနိုင်ငံများက တူရကီ နိုင်ငံကို ဒေါသထွက်ခဲ့ကြ

ဂျူး စူပါမားကက်ကို တိုက်ခိုက်ခဲ့သူ ကူလီဘာလီ၏ အဖော်ဖြစ်သည့် ဗူမီဒီယန်း (၂၆ နှစ်) ထွက်ပြေးလွတ်မြောက်သွားခြင်းသည် တူရကီနိုင်ငံ၏ နယ်နိမိတ် မလုံခြုံမှုအပေါ် မေးခွန်းများထုတ်စရာ ဖြစ်လာသလို IS ဂျီဟာဒ်များ၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်ရန် အန်ကာရာအစိုးရ၏ နိုင်ငံရေးစိတ်ဓာတ်အပေါ်မှာလည်း တည်နေသည်။

ဗူမီဒီယန်းသည် အစ္စတန်ဘူလ်လေဆိပ်တစ်ခုမှ တူရကီနိုင်ငံထဲသို့ ဇန်နဝါရီ ၂ ရက်၌ ဝင်ရောက်ခဲ့ရာ လူဝင်မှုကြီးကြပ်ရေးကို ဖြတ်သန်းခဲ့ရာ၌လည်း စစ်ဆေးတားဆီးခြင်း မခံခဲ့ရပေ။

တူရကီ မီဒီယာက ထုတ်လွှင့်ပြသခဲ့သည့် လုံခြုံရေးကင်မရာက ရိုက်ထားသည့် ဖလင်ပေါ်၌ အစ္စတန်ဘူလ်လေဆိပ်တစ်ခု၌ ဗူမီဒီယန်း၏ နိုင်ငံကူးလက်မှတ် တံဆိပ်တုံးနှိပ်ပြီး အမည်မသိ အမျိုးသားအဖော်တစ်ယောက်နှင့်အတူ ဝင်ခွင့်ပေးလိုက်သည်ကို မြင်ရသည်။

ရက်သတ္တပတ်အကြာ ဇန်နဝါရီ ၈ ရက်၌ ဆီးရီးယားနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ကြောင်း သူက အတည်ပြုပြောခဲ့သည်။

တူရကီနှင့် ဆီးရီးယားနိုင်ငံတို့၏ နယ်နိမိတ်သည် အရှည်ဆုံးဖြစ်သည့်အတွက် အန်ကာရာ အစိုးရအရာရှိများက ထိန်းချုပ်ရန် ခက်ခဲကြောင်းကို အမေရိကန်နှင့် မက္ကဆီကို နှစ်နိုင်ငံနယ်နိမိတ်တို့နှင့် နှိုင်းယှဉ်ပြီး ပြောဆိုခဲ့သည်။

တူရကီနိုင်ငံက လှုပ်လှုပ်ရွရွဖြစ်နေသည့် နယ်စပ်လုံခြုံရေးအတွက် တင်းကျပ်သည့် အတိုင်းအတာများ လုပ်နေသော်လည်း ဆီးရီးယားနိုင်ငံထဲဝင်ရန် နည်းလမ်းတစ်ခုမဟုတ် တစ်ခုတော့ အမြဲရှိနေကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး ကာဘူဆိုဂလူက ပြောသည်။

ထိန်းချုပ်မှုအပြည့်မရှိသည့် နယ်နိမိတ်နှင့်ပတ်သက်ပြီး တူရကီနိုင်ငံကို အပြစ်တင်ခြင်းသည် မတရားရာကျကြောင်း ဝန်ကြီးချုပ် ဒါဗူတိုဂလူက ပြောဆိုရာတွင် "ဆီးရီးယားနဲ့ နယ်နိမိတ်ရှိနေတာဟာ တူရကီနိုင်ငံရဲ့ အပြစ်လား"ဟု မေးခွန်းထုတ်ခဲ့သည်။

ဥရောပနှင့် ထောက်လှမ်းရေးသတင်းဝေမျှခြင်းသည် အထူးသဖြင့် ပြင်သစ်နိုင်ငံနှင့် မကြာသေးမီလများအတွင်းက စတင်ကာ တိုးတက်လာကြောင်း၊ သို့သော်လည်း အန်ကာရာအစိုးရတစ်ခုတည်းနှင့်သာ မပတ်သက်သည့် ခြိမ်းခြောက်မှုကို ကာကွယ်ရန် နှစ်ဦးနှစ်ဖက်ဆက်ဆံမှု ပိုမိုခိုင်မာရန်လိုအပ်ကြောင်း၊ တူရကီနိုင်ငံ တစ်နိုင်ငံတည်း ဤပြဿနာကို မဖြေရှင်းနိုင်ကြောင်း တူရကီအစိုးရအရာရှိတစ်ဦးက ပြောဆိုကာ မွတ်စလင်များ အပြည့်အဝပေါင်းစည်းမှုကို မလုပ်နိုင်သည့် ဥရောပကို အပြစ်တင်ခဲ့သည်။

IS အဖွဲ့ထံသို့သွားသည့် နိုင်ငံခြားသား တိုက်ခိုက်သူများကို မတားဆီးနိုင်သောကြောင့် အနောက်အုပ်စုနိုင်ငံများက တူရကီနိုင်ငံကို ဒေါသထွက်ခဲ့ကြသည်။

အန်ကာရာအစိုးရ၏ IS အဖွဲ့ထက် ဒမတ်စကတ်အစိုးရကိုနံပါတ်(၁)ရန်သူဟုသတ်မှတ်ခြင်းနှင့်ပတ်သက်ပြီး ဝေဖန်မှုများ၌ တစ်ခုပါဝင်ခဲ့သည်။ IS အဖွဲ့သည် တူရကီ နိုင်ငံကဲ့သို့ပင် အာဆတ်အစိုးရကို ဖြုတ်ချရေးအတွက် စိတ်သဘောထားချင်း တိုက်ဆိုင်နေသည်။

အာဆတ်သည် ကြာရှည်နေသည့် စစ်ပွဲနှင့် အာဏာကို မြဲမြံစွာ ဆုပ်ကိုင်ထားနိုင်ခြင်းသည် အန်ကာရာအစိုးရ၏ တွက်ဆမှုများကို ပြောင်းပြန်ဖြစ်စေခဲ့ပြီး IS အဖွဲ့သည် တူရကီနိုင်ငံအပေါ် ခြိမ်းခြောက်နိုင်သည့် အလားအလာပေါ်လာခဲ့သည်။ တူရကီနိုင်ငံသား ၇၀၀ ထက်မနည်း အစွန်းရောက်အဖွဲ့ထဲသို့ ဝင်သွားခဲ့ကြောင်း အရာရှိများက ပြောရာ၌ တူရကီနိုင်ငံလုံခြုံရေးအတွက် ခြိမ်းခြောက်မှုဖြစ်လာနိုင်သည့် အန္တရာယ်ကို စိုးရိမ်နေရသည့်အပြင် ထိုလူတွေ တူရကီနိုင်ငံသို့ ပြန်လာရာ၌ တိုက်ခိုက်မှုများ ဖြစ်ပွားနိုင်သည့် အလားအလာများလည်း ရှိနေပေသည်။

IS အဖွဲ့၏ တူရကီနိုင်ငံ၌ တပ်သားသစ်များရရှိရေး လှုပ်ရှားမှုများသည်လည်း တူရကီလူ့အဖွဲ့အစည်းထဲသို့ နက်ရှိုင်းစွာ ဝင်ရောက်လျက်ရှိပြီး တူရကီနိုင်ငံသည် IS ပြဿနာတစ်ခုတည်းသာမဟုတ်ဘဲ ခွဲထွက်ရေးဝါဒီကာ့ဒ်သူပုန်များ၏ လူသစ်စုဆောင်းမှုများနှင့်ပါ ရင်ဆိုင်နေရကြောင်း လုံခြုံရေးကျွမ်းကျင်သူတစ်ဦးဖြစ်သည့် နီဟတ်အလီအော့ဇ်ကန်က ပြောကြားခဲ့သည်။ ■ (အေအက်ဖ်ပီ)

သောင်းညွန့် ဘာသာပြန်သည်။

ဂျူး စူပါမားကက်ကို တိုက်ခိုက်ခဲ့သူ ကူလီဘာလီ(ယာ)နှင့်ထွက်ပြေးလွတ်မြောက်သွားသည့် အဖော်ဖြစ်သူ ဗူမီဒီယန်း။ ဓာတ်ပုံ-အေအက်ဖ်ပီ

ယူကရိန်း၌ တိုက်ပွဲများပြင်းထန်လာ

ဒွန်ညက်(စ်)(ယူကရိန်း) -ဘာလင်မြို့၌ကျင်းပရန် ကြိုးစားပမ်းစား ဆောင်ရွက်ထားရသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမတိုင်မီ စစ်ဒဏ်ကို အကြီးအကျယ်ခံနေရသော နိုင်ငံ၏ အရှေ့ပိုင်းတွင် ယူကရိန်းတပ်ဖွဲ့များနှင့် ရုရှားလိုလားသောသူပုန်တပ်ဖွဲ့များ ဇန်နဝါရီ ၂၁ ရက်က တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ရာ အရပ်သား ငါးဦးထက်မနည်း သေဆုံးခဲ့ရသည်။

စက်တင်ဘာလအတွင်းက ရရှိသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ပျက်ပြားကာ တိုက်ပွဲများဖြစ်ခဲ့ပြီး ရက်ပိုင်းအကြာမှာပင် ဒွန်ညက်စ်မြို့၌ ပေါက်ကွဲသံများဖြင့် တစ်မြို့လုံး တုန်လှုပ်ချောက်ချားခဲ့ရသည်။

ဒွန်ညက်စ်မြို့ အရှေ့မြောက်ဘက် လူဂန့်စ်ဒေသတွင် မိမိတို့၏ တပ်ဖွဲ့များကို ရုရှားအမြဲတမ်းတပ်ဖွဲ့များက တိုက်ခိုက်ခဲ့သည်ဟု ယူကရိန်းအစိုးရက ဇန်နဝါရီ ၂၀ ရက်က စွပ်စွဲခဲ့သည်။ ရုရှားအစိုးရကမူ ယူကရိန်းနယ်မြေအတွင်း ၎င်းတို့တပ်များ စေလွှတ်ခြင်း မရှိကြောင်း ငြင်းဆိုခဲ့သည်။

ယခုကဲ့သို့နိုင်ငံ၏အခြေအနေ ပိုမိုယိုယွင်းလာသဖြင့် ယူကရိန်းသမ္မတ ပီထရို ပိုရိုရှန်ကိုသည် ကမ္ဘာ့စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်သို့ ခေတ္တ ရောက်ရှိနေရာမှ အစီအစဉ်ကိုဖျက်၍ ကီယက်ဗ်မြို့တော်သို့ ပြန်လာခဲ့ကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

"ဒွန်ညက်စ်မြို့တော်မှာ ညဘက်ကျရင် ဗုံးဆန်တွေတဖွဲဖွဲကျနေတာပဲ။ အရပ်သား ငါးဦးသေဆုံးခဲ့ရတယ်။ ၂၉ ဦး ဒဏ်ရာရခဲ့တယ်။ မနက် ၉ နာရီခွဲလောက်ကတည်းက မြို့တော်မှာ စစ်ရေးလှုပ်ရှားမှုတွေ စတယ်။ လက်နက်ကြီး ပေါက်ကွဲသံတွေ နေရာတိုင်းကနေ ကြားနိုင်တယ်"ဟု ဒွန်ညက်စ်မြို့တော် အုပ်ချုပ်ရေးမှူးက ကြေညာချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။ ■

(အေအက်ဖ်ပီ)

တင်စိန် ဘာသာပြန်သည်။

သမ္မတကို စွပ်စွဲခဲ့သူ အာဂျင်တီးနားရှေ့နေ သေဆုံး

၁၉၉၄ ခုနှစ်က ဂျူးဗဟိုဌာန ဗုံးဖောက်ခွဲခံရသည့် စုံစမ်းစစ်ဆေးမှုကို ကက်ချ်နာက နှောင့်ယှက်ခဲ့ကြောင်း နစ္စမန်းက စွပ်စွဲခဲ့ပြီး အထောက်အထားများပေးရန် ကွန်ဂရက်ကြားနာမှု၌ သက်သေထွက်ရန်ရှိခဲ့

နေအိမ်ခန်းအတွင်း သေဆုံးနေသူ အစိုးရရှေ့နေ နစ္စမန်း။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဗျူနိုအေးရီးစ် - အာဂျင်တီးနားနိုင်ငံသားအစိုးရရှေ့နေတစ်ဦးမှာ သမ္မတ ခရစ္စတီးနားကက်ချ်နာအပေါ် ထိခိုက်စေနိုင်သည့် တရားရုံးတွင် ထွက်ဆိုချက်ပေးရန် နာရီပိုင်းအလို၌သေဆုံးနေသည်ကို တွေ့ရကြောင်း သေဆုံးပုံမှာလည်း ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့သည့်ပုံစံရှိနေကြောင်း အရာရှိများကဇန်နဝါရီ ၁၉ ရက်ကပြောသည်။

အသက်ရှင်စဉ်က ခြိမ်းခြောက်မှုများခံခဲ့ရသည့် အယ်လ်ဘတ်တို နစ္စမန်း၊ အသက် ၅၁ နှစ်၏ အလောင်းကို မြို့တော် ဗျူနိုအေးရီးစ်၏ အဆင့်မြင့်ရပ်ကွက် ပူတိုမဒီးရိုးရှိ ၎င်းနေထိုင်သည့် အဆောက်အအုံ၏ ၁၃ လွှာ အခန်းတွင်း၌ ညတွင်းချင်းတွေ့ခဲ့သည်။

တွေ့ရှိရသည့် လက္ခဏာများအရ မိမိကိုယ်မိမိ အဆုံးစီရင်ခြင်းဖြစ်သည်ဟု ယူဆရကြောင်း ပြည်သူ့အန္တရာယ်ကင်းရေးဝန်ကြီး ဆာဂျီရိုဘာနီက ပြောဆိုခဲ့ပြီး ပဏာမမှုခင်းဆေးပညာဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များကလည်း ဤအတိုင်း ထောက်ခံထားသည်။

နစ္စမန်းသည် နားထင်၌ သေနတ်ဒဏ်ရာဖြင့်သေဆုံးခဲ့ပြီး သေဆုံးမှုတွင် တခြားသူများ ပါဝင်ခဲ့ခြင်းမရှိဟု ဗဟိုအစိုးရရှေ့နေ ဗီယာနာ ဖိန်းကပြောသည်။ မိမိကိုယ်မိမိ သတ်သေကြောင်းစာနှင့် သက်သေများမရှိခဲ့ခြင်းကြောင့် ဖိန်းက သတိထားရန်လိုကြောင်းနှင့် အတိုက်အခံပါတီ တစ်ခု၏ ခေါင်းဆောင်က လုပ်ကြံမှုဟုပြောခဲ့သည်။

နစ္စမန်ကို တစ်ဦးတစ်ယောက်က ဖိအားပေးခဲ့ခြင်း ရှိမရှိ အသုံးပြုခဲ့သည့် သေနတ်ပိုင်ရှင်မည်သူလဲဆိုသည်တို့ကို စုံစမ်းစစ်ဆေးသူများက သိရှိရန်ကြိုးပမ်းသင့်ကြောင်း ဒေသခံမီဒီယာ သတင်းများက ဖိန်း၏ ပြောဆိုချက်ကို ကိုးကားပြီး သတင်းဖော်ပြခဲ့သည်။ သတင်းများအရ အသုံးပြုခဲ့သည့်လက်နက်မှာ နစ္စမန်းပိုင်မဟုတ်ဟု ဖော်ပြခဲ့သည်။

၁၉၉၄ ခုနှစ်က ဂျူးဗဟိုဌာန ဗုံးဖောက်ခွဲခံရသည့် စုံစမ်းစစ်ဆေးမှုကို ကက်ချ်နာက နှောင့်ယှက်ခဲ့ကြောင်း နစ္စမန်းက စွပ်စွဲခဲ့ပြီး စွပ်စွဲချက်များအတွက် အထောက်အထားများပေးရန် ဇန်နဝါရီ ၁၉ ရက်က ကွန်ဂရက်ကြားနာမှု၌ သက်သေထွက်ရန်ရှိခဲ့သည်။

နစ္စမန်းသည် ၂၀၀၄ ခုနှစ်မှစပြီး Argentine Jewish Charities Federation (AMIA) ကို ကားဗုံးဖောက်ခွဲမှုကို စုံစမ်းလျက်ရှိခဲ့သည်။ ဤဗုံးဖောက်ခွဲမှု၌ လူ ၈၅ ဦး သေဆုံးခဲ့ပြီး ၃၀၀ ဒဏ်ရာရခဲ့ရာ ဤဖြစ်ရပ်သည် အာဂျင်တီးနားနိုင်ငံ၌ အဆိုးရွားဆုံး တိုက်ခိုက်မှုဖြစ်သည်။

ကက်ချ်နာက စွပ်စွဲချက်ကို ငြင်းဆိုခဲ့ပြီး ထုတ်ပြန်ချက်တစ်ခု၌ နစ္စမန်း လွန်ခဲ့သည့် ရက်သတ္တပတ်က ရှာဖွေခဲ့သည့် ထောက်လှမ်းမှုသတင်းကို လျှို့ဝှက်အဆင့်အတန်း လျှော့ချ သတ်မှတ်ရန် အမိန့်ပေးခဲ့သည်။

နစ္စမန်းသေဆုံးမှုကို ဖြေရှင်းပေးရန် သမ္မတနန်းတော်နှင့် ဗျူနိုအေးရီးစ် ဘုရားကျောင်းရှေ့တို့၌ စုရုံးခဲ့သည့် ထောင်ချီရှိသည့် ဆန္ဒပြသမားများက တောင်းဆိုနေကြသည်။

နစ္စမန်း သေဆုံးခဲ့ရသည်ကို ဝမ်းနည်းကြောင်း အစ္စရေးအစိုးရက ပြောဆိုပြီး နစ္စမန်းသည် တိုက်ခိုက်မှုကျူးလွန်သူများနှင့် ၎င်းတို့အားစေခိုင်းသူများကို ဖော်ထုတ်ရန်ကြိုးပမ်းအားထုတ်ခဲ့သည်။ သတ္တိရှိသော ဥပဒေပညာရှင်တစ်ဦးဖြစ်ကြောင်း ချီးမွမ်းခဲ့သည်။

နစ္စမန်း၏လုံခြုံရေးအဖွဲ့က သူ့ကို ဆက်သွယ်ရာတွင် မရခဲ့သည့်အဆုံး နစ္စမန်း၏မိခင်က သားဖြစ်သူ၏ အလောင်းကို သူနေထိုင်သည့်အခန်း၏ ရေချိုးခန်းထဲ၌ တွေ့ရှိခဲ့ရာ အသုံးပြုခဲ့သည့်သေနတ်မှာလည်း အလောင်း၏ဘေး၌ တွေ့ရှိခဲ့သည်။

ကက်ချ်နာ၏ နိုင်ငံခြားရေးဝန်ကြီး ဟက်တာတိုင်မာမန်းအားလည်း စွပ်စွဲချက်များတင်ရန် နစ္စမန်းက ရည်ရွယ်ထားသည်။

တိုက်ခိုက်မှု၌ အီရန်နိုင်ငံ၏လက်ချက်လည်း ပါဝင်ခဲ့သည်ဟု နစ္စမန်းက စွပ်စွဲခဲ့ပြီး ကက်ချ်နာသည် ရေနံရရှိရေးအတွက် အစ္စလမ္မစ်နိုင်ငံနှင့် အဆင်ပြေမှုရရှိရန် စုံစမ်းစစ်ဆေးမှုကို ကဖျက်ယဖျက်လုပ်ခဲ့ကြောင်း နစ္စမန်းက ပြောဆိုခဲ့သည်။

ဗုံးဖောက်ခွဲမှုအပေါ် စစ်ဆေးမှုများပြုလုပ်ခြင်းကို သမ္မတဟောင်း ကားလို့စ်မီနမ် (၁၉၈၉-၉၉) ကလည်း နှောင့်ယှက်ရာတွင် အကူအညီပေးခဲ့ကြောင်း နစ္စမန်းက စွပ်စွဲခဲ့သည်။ ဤဗုံးဖောက်ခွဲမှုမှာ ယခုတိုင်လက်သည်မပေါ်သေးပေ။

၂၀၀၆ ခုနှစ်မှစပြီး အာဂျင်တီးနား တရားရုံးများက အီရန်သမ္မတဟောင်း ရပ်ဖ်ဆန်ဂျာနီ အပါအဝင် အီရန်နိုင်ငံသားရှစ်ဦးတို့ကို ပြစ်မှုကျူးလွန်ခဲ့သည့် တိုင်းပြည်သို့ တရားခံများလွှဲအပ်ရန် တောင်းဆိုခဲ့သည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် အီရန်၏ ညွှန်ကြားမှုဖြင့် တိုက်ခိုက်မှုကိုကျူးလွန်ခဲ့ကြောင်း အာဂျင်တီးနားနိုင်ငံက စွပ်စွဲထားရာ အီရန်အစိုးရက ငြင်းဆိုထားသည်။

တေရန်အစိုးရက ကူးသန်းရောင်းဝယ်မှုကန်ထရိုက်မက်လုံးများ ပေးခဲ့သဖြင့် ကက်ချ်နာအစိုးရနှင့် အာဂျင်တီးနား အာဏာပိုင်တို့က လက်ခံခဲ့သည့် တယ်လီဖုန်းပြောဆိုမှု မှတ်တမ်းများရှိကြောင်း နစ္စမန်းက ပြောခဲ့သည်။

အီရန် ဝရမ်းပြေးများကို ကာကွယ်ရန် ကက်ချ်နာနှင့် တိုင်မာမန်းတို့ထံ၌ 'ဒဏ်ခတ်မခံရရန် အစီအစဉ်'ရှိခဲ့ပြီး နစ္စမန်းသည် သူ၏ စွပ်စွဲချက် အထောက်အထား တင်ပြရန်ရှိခဲ့သည်။

ကက်ချ်နာ၊ တိုင်မာမန်းနှင့် အခြားအရာရှိများ၏ ဒေါ်လာ ၂၃ သန်းတန်ဖိုးရှိ ပိုင်ဆိုင်မှုများကိုလည်း သုံးစွဲခြင်းမပြုနိုင်ရန် ရုံးမိန့်ဖြင့် ပိတ်ထားရန် အမိန့်ပေးခဲ့သည်။

နစ္စမန်း၏ သေဆုံးမှုကြောင့် တုန်လှုပ်သွားခဲ့ကြောင်း အတိုက်အခံအမတ် ပက်ထရီရှာဘူးလ်ရစ်ချ်က ပြောခဲ့ပြီး ဇန်နဝါရီ ၁၇ ရက်က သူသည် နစ္စမန်းနှင့် တယ်လီဖုန်းဖြင့် သုံးကြိမ် စကားပြောဆိုခဲ့ရာ နစ္စမန်းက ခြိမ်းခြောက်မှုများ ခံထားရကြောင်း သူ့ကို ပြောဆိုခဲ့သည်ဟုဆိုသည်။

နိုင်ငံတော်အုပ်ချုပ်မှုကဏ္ဍ၏ မေတ္တာရပ်ခံမှုကြောင့် အာဂျင်တီးနားနိုင်ငံ၏ ကွန်ဂရက်သည် ၂၀၁၃ ခုနှစ်၌ ဗုံးဖောက်ခွဲမှုကို စုံစမ်းစစ်ဆေးရန် အမှန်တရားပေါ်ပေါက်ရေး ကော်မရှင်တစ်ခုကို ဖွဲ့စည်းရန် တေရန်အစိုးရနှင့် သဘောတူညီချက်ရရန် အတည်ပြုခဲ့ရာ အာဂျင်တီးနားနှင့် အီရန်နိုင်ငံတို့က မဟုတ်သည့် အဖွဲ့ဝင်ငါးဦးပါရှိမည်ဖြစ်သည်။

အာဂျင်တီးနားနိုင်ငံရှိ ဂျူးလူမျိုးအသိုင်းအဝိုင်းသည် လူ ၃၀၀,၀၀၀ ခန့်ရှိပြီး လက်တင်အမေရိကတိုက်တွင် အများဆုံးဖြစ်သည်။ ■

(အေအက်ဖ်ပီ)

သောင်းညွန့် ဘာသာပြန်သည်။

ကျိုနှင့်ပို ပါတီတွင်း ဂိုဏ်းဂဏဖွဲ့ခဲ့

ပေကျင်း - မကြာမီက အဖမ်းဆီးခံရသော အကြီးဆုံး တရုတ်နိုင်ငံရေးသမား နှစ်ဦးဖြစ်သည့် ကျိုယုန်ခန်းနှင့် ပိုရှီလိုင်းတို့သည် ပါတီတွင်း သီးခြားဂိုဏ်းတစ်ခု ဖွဲ့စည်းခဲ့ကြောင်း ဇန်နဝါရီ၁၅ ရက်ထုတ် တရုတ်အစိုးရ China Daily သတင်းစာတွင်ဖော်ပြခဲ့သည်။

လုံခြုံရေးအကြီးအကဲဟောင်း 'ကျို' နှင့် ရည်မှန်းချက်အလွန်ကြီးမားသော 'ပို'တို့၏ နိုင်ငံရေးကစားကွက်ကြီး တစ်ခုအကြောင်း ဟောင်ကောင်ထုတ် ဖီးနစ်စာစောင်မှ ဆောင်းပါးကို ရည်ညွှန်း၍ China Daily က ဖော်ပြခဲ့သည်။

တစ်ချိန်က တရုတ်ကွန်မြူနစ်ပါတီတွင်း သြဇာအရှိန်အဝါကြီးမားခဲ့သော ကျိုနှင့်ပိုတို့ ဂိုဏ်းအုပ်စုဖွဲ့စည်းရန် ကြံစည်လုပ်ဆောင်သည့် သတင်းမှာ တရုတ်ပြည်မ မီဒီယာတွင် ပထမဆုံးအကြိမ် ပေါ်ထွက်လာခြင်းလည်းဖြစ်သည်။ ယခင်က ပါတီကဖယ်ရှားအဖမ်းခံခဲ့ရသော ကျိုသည် ၁၉၈၀ ပြည့်နှစ်မှ ယနေ့အထိ တရားစွဲဆိုခံရသည့် ပါတီဝင်များအနက် သမ္မာအရင့်ဆုံး ပါတီခေါင်းဆောင်တစ်ဦးဖြစ်သည်။

> ပါတီဝင်တွေဟာ ပါတီရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ဦးထိပ်ထားကြရပါမယ်။ ပါတီတွင်း ဂိုဏ်းဂဏဖွဲ့စည်းမှုနဲ့ ဂိုဏ်းခွဲ၊ အုပ်စုခွဲတွေကို ....

ပါတီတွင်း အမြင့်ဆုံးအဆင့်မှ အနိမ့်ဆုံးအဆင့် ပါတီဝင်အားလုံးကို ဦးတည်သည့်သမ္မတ ရှီကျင့်ဖျင်၏ လာဘ်ပေးလာဘ်ယူ ဆန့်ကျင်တိုက်ဖျက်ရေး စီမံချက်တွင်လည်း ကျိုနှင့်ပိုတို့ ငြိပါသွားခဲ့ကြသည်။

"ပါတီဝင်တွေဟာ ပါတီရဲ့စည်းမျဉ်းစည်းကမ်းတွေကို ဦးထိပ်ထားကြရပါမယ်။ ပါတီတွင်း ဂိုဏ်းဂဏဖွဲ့စည်းမှုနဲ့ ဂိုဏ်းခွဲ၊ အုပ်စုခွဲတွေကို ပါတီအနေနဲ့ လုံးဝလက်ခံမည် မဟုတ်"ဟု ယခင်လက ကျင်းပသည့် သမ္မတ ရှီကျင့်ဖျင် သဘာပတိအဖြစ် ဆောင်ရွက်သည့် အစည်းအဝေးတစ်ခုအပြီးတွင် အာဏာရကွန်မြူနစ် ဗဟိုကော်မတီ၏ ထုတ်ပြန်ချက် တွင်ဖော်ပြထားသည်။

ကျို အဓိကပါဝင်လှုပ်ရှားခဲ့သော ဂိုဏ်းခွဲများဖွဲ့ထားသည့် ဌာနအမည်စာရင်းများကို ထုတ်ပြန်ခဲ့သည်။ ■

(အေအက်ဖ်ပီ)

အောင်သာလင်း ဘာသာပြန်သည်။

စုပေါင်းလမ်းလျှောက်ခြင်းသည် ကျန်းမာရေးကို တိုးတက်စေဟု သုတေသနဆို

ပါရီ - စုပေါင်းလမ်းလျှောက်အဖွဲ့တွင် ပါဝင်ခြင်းသည် ကျန်းမာရေးနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ရန် အလွယ်ကူဆုံးနည်းလမ်းတစ်ခုဖြစ်ကြောင်း British Journal of Sports Medicine တွင် ဇန်နဝါရီ ၁၉ ရက်၌ ထုတ်ပြန်ထားသည့် လေ့လာစိစစ်မှုတစ်ခု အရသိရသည်။

တစ်နာရီလောက်ပင် မကြာသော စုပေါင်းစီစဉ်သည့် ပုံမှန်လမ်းလျှောက်မှုတွင် ပါဝင်သည့်လူများကို ပြုလုပ်သည့် လေ့လာချက် ၄၂ ခုကို ဗြိတိန်၏ အရှေ့ အင်ဂလီယား တက္ကသိုလ်မှသုတေသီများက စိစစ်ခဲ့သည်။

ယခင်က ထိုင်ပြီးလုပ်ရသည့် အခြေအနေနှင့် နှိုင်းယှဉ်လျှင် ကိုယ်စိတ်နှစ်ဖြာကျန်းမာခြင်းတွင် သိသာသော တိုးတက်မှုကို လမ်းလျှောက်သူများခံစားရသည်ဟု လေ့လာစိစစ်မှုကတွေ့ရှိသည်။

အထွေထွေ ကျန်းမာကြံ့ခိုင်ရေး၊ သွေးဖိအား၊ နားနေစဉ်နှလုံးခုန်နှုန်း၊ အဆုတ်စွမ်းရည်၊ ကိုလက်စထရောအဆင့်များ၊ ကိုယ်ခန္ဓာရှိအဆီနှင့် စိတ်ဖိစီးမှုကို တိုင်းတာရန် ပုံမှန်စစ်ဆေးခြင်းတို့တွင် နည်းသော်လည်း သိသာသည့် တိုးတက်မှုကို မြင်တွေ့ရသည်။ ခါးအတိုင်းအတာနှင့် သွေးချိုအတွက် မသိသာလှပေ။

လမ်းလျှောက်အဖွဲ့တွင် ပါဝင်သူများထဲမှ လေးပုံသုံးပုံသည် စွဲစွဲမြဲမြဲလုပ်ကြသည်။ သစ်ပင်အမြစ်များနှင့် ရေစိုသော မြေပြင်ပေါ် ဒယီးဒယိုင် လျှောက်ရသည်မှလွဲ၍ ၎င်းသည် ဘေးအန္တရာယ်ကင်းသည့် လှုပ်ရှားမှုဖြစ်ကြောင်းသိရသည်။ ■ (အေအက်ဖ်ပီ)

ညွန့်ညွန့်ဝင်း ဘာသာပြန်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ကွန်ပျူတာစနစ်များကို အမေရိကန်က ယခင်ကတည်းက ထိုးဖောက်ဝင်ရောက်နိုင်ခဲ့

မလေးရှားနှင့် တရုတ်အင်တာနက်ကွန်ရက်များကတစ်ဆင့် မြောက်ကိုရီးယားနိုင်ငံ၏ ကွန်ပျူတာစနစ်များကို ထိုးဖောက်ဝင်ရောက်ခဲ့

ဝါရှင်တန် - မြောက်ကိုရီးယားနိုင်ငံ၏ ကွန်ပျူတာစနစ်များကို လွန်ခဲ့သည့် လေးနှစ်ကတည်းက အမေရိကန်နိုင်ငံက လျှို့ဝှက် ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ရာ ယင်းကဲ့သို့ လျှို့ဝှက်ထိုးဖောက် ဝင်ရောက်ခဲ့ခြင်းကြောင့် မကြာသေးမီက ဖြစ်ပွားခဲ့သည့် ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးကော်ပိုရေးရှင်း အင်တာနက် တိုက်ခိုက်ခံခဲ့ရခြင်းမှာ မြောက်ကိုရီးယားက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်ဘက်က အသေအချာ ပြောဆိုနိုင်ခဲ့ခြင်းဖြစ်ကြောင်း နယူးယော့ခ်တိုင်းမ် သတင်းစာတွင် ဇန်နဝါရီလ ၁၉ ရက်က ဖော်ပြခဲ့သည်။

အမေရိကန် ထောက်လှမ်းရေးအေဂျင်စီက မြောက်ကိုရီးယား ဟက်ကာများ အသုံးများသည့် မလေးရှားဆက်သွယ်မှု လမ်းကြောင်းများနှင့် တရုတ် အင်တာနက်ကွန်ရက်များကတစ်ဆင့် မြောက်ကိုရီးယားနိုင်ငံ၏ ကွန်ပျူတာစနစ်များကို ၂၀၁၀ ပြည့်နှစ်တွင် မည်ကဲ့သို့ တိုက်ရိုက် ထိုးဖောက်ဝင်ရောက်ခဲ့ခြင်းအကြောင်း အသေးစိတ်ကို အမေရိကန် အရာရှိဟောင်းများနှင့် အမျိုးသားလုံခြုံရေးအေဂျင်စီ (NSA) က မကြာသေးမီကမှ ထုတ်ပြန်ခဲ့သည့် မှတ်တမ်းတစ်စောင်တို့ကို ကိုးကားပြီး နယူးယော့ခ်တိုင်းမ် သတင်းစာက ဖော်ပြခဲ့သည်။

NSA က လျှို့ဝှက် ထောက်လှမ်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ စုဆောင်းရယူရန်ဖြစ်သော်လည်း ၂၀၁၃ ခုနှစ်တွင် တောင်ကိုရီးယားဘဏ်များ အင်တာနက် တိုက်ခိုက်ခံရပြီးနောက်ပိုင်း တစ်စတစ်စ ကြီးထွားလာနေသည့် မြောက်ကိုရီးယားနိုင်ငံ၏ ဆိုက်ဘာခြိမ်းခြောက်မှုများကို အဓိကထား ထောက်လှမ်းခဲ့ကြသည်။

အမေရိကန်၏ လျှို့ဝှက်ထောက်လှမ်းမှုမှတစ်ဆင့် မြောက်ကိုရီးယား၏ လှုပ်ရှားမှုများကို ကြိုတင်သိရှိခဲ့ကာ ဆိုနီကုမ္ပဏီ အင်တာနက် တိုက်ခိုက်ခံရခြင်းမှာ မြောက်ကိုရီးယား၏ လက်ချက်ဖြစ်ကြောင်း ပြောဆိုရန် သမ္မတအိုဘားမားကို စည်းရုံးပြောဆိုနိုင်ခဲ့ကြောင်း NSA လျှို့ဝှက်ထောက်လှမ်းမှု အကြောင်းသိသည့် အမည်မဖော်လိုသူ အမေရိကန် တာဝန်ရှိသူတစ်ဦးကို ကိုးကားပြီး နယူးယော့ခ်တိုင်းမ်၌ ဖော်ပြထားသည်။

အမေရိကန် အင်တာနက် ဟက်ကာတစ်စု ညှိနှိုင်းနေကြစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

မြောက်ကိုရီးယားဟက်ကာများက ဆိုနီ ကွန်ပျူတာစနစ်များကို ထိုးဖောက်ဝင်ရောက်ရန် အချိန်နှစ်လယူခဲ့ရကြောင်း အမေရိကန် စုံစမ်းထောက်လှမ်းသူများက ဆိုသည်။

မြောက်ကိုရီးယားက ထိုသို့ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း ငြင်းဆိုထားသော်လည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအန်းကို စီအိုင်အေက လုပ်ကြံသည့်အကြောင်း ရိုက်ကူးထားသော The Interview ဟာသ ရုပ်ရှင်ကား ရိုက်ကူးမှုနှင့်ပတ်သက်ပြီး ဆိုနီကုမ္ပဏီကို လူသိရှင်ကြား ခြိမ်းခြောက်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ သမားရိုးကျ စစ်လက်နက်ပစ္စည်းများမှာ များသောအားဖြင့် ခေတ်မီမှုမရှိသော်လည်း ယင်း၏ အင်တာနက်တိုက်ခိုက်နိုင်မှု စွမ်းရည်များကို ရှေးယခင်ကတည်းက ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် သတ်မှတ်ထားကြသည်။

တောင်ကိုရီးယား ထောက်လှမ်းရေးအဖွဲ့ကမူ လျှို့ဝှက် လေ့ကျင့်သင်တန်းပေးထားသော ဝန်ထမ်းအနည်းဆုံး ၆,၀၀၀ ခန့်ဖြင့် လည်ပတ်နေသည့် ကျွမ်းကျင်အင်တာနက် တိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့ မြောက်ကိုရီးယားနိုင်ငံတွင်ရှိနေကြောင်း ယူဆထားသည်။

မြောက်ကိုရီးယားက ယင်း၏ အင်တာနက် စွမ်းရည်အတွက် လိုအပ်သော ဆော့ဖ်ဝဲပိုင်း၊ ဟာ့ဒ်ဝဲပိုင်းနှင့် လေ့ကျင့်သင်တန်းပေးမှုများတွင် တရုတ်နိုင်ငံအပေါ် လုံးလုံးလျားလျား မှီခိုနေရကြောင်း ကျွမ်းကျင်သူများက အကြံပြုပြောဆိုထားကြသည်။ ■

(အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။

အလုပ်လက်မဲ့နှင့် ဆင်းရဲချမ်းသာကွာဟမှု

ဂျနီဗာ - ပိုမိုနှေးကွေးလာသော ဖွံ့ဖြိုးမှုနှင့် ဆူပူလှုပ်ရှားမှုများကြောင့် ရှေ့ငါးနှစ်ကာလအတွင်း ကမ္ဘာ့အလုပ်လက်မဲ့ဦးရေ ၁၁ သန်း တိုးလာဖွယ်ရှိကြောင်း ကမ္ဘာ့ကုလသမဂ္ဂက ဇန်နဝါရီ ၂၀ ရက်တွင် သတိပေးသည်။

ယနေ့ ကမ္ဘာ့အလုပ်လက်မဲ့ဦးရေ ၂၀၁ သန်းမှာ ၂၀၁၉ ခုနှစ်မတိုင်မီ ၂၁၂ သန်းကျော်အထိ တိုးလာနိုင်မည်ဟုလည်း ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) က ခန့်မှန်းထားသည်။

ကမ္ဘာ့စီးပွားရေးသည် မပြောပလောက်သည့်နှုန်းဖြင့်သာ တိုးတက်နေရာ ယင်းမှာ ခိုင်လုံသော အကြောင်းရင်းများရှိနေကြောင်း ILO အကြီးအကဲ ဂိုင်ရိုက်ဒါက ဂျနီဗာတွင် သတင်းထောက်များကို ပြောသည်။

ကမ္ဘာတစ်ဝန်း ငွေကြေးအကျပ်အတည်း ပေါ်ပေါက်ခဲ့သည့် ၂၀၀၈ ခုနှစ်မှစ၍ ယနေ့အထိ အကျပ်အတည်းအမျိုးမျိုးကြောင့် ပျောက်ဆုံးခဲ့သော အလုပ်နေရာပေါင်း ၆၁ သန်းရှိနေသည်ဟု ၎င်းကဆိုသည်။

'ILO ကမ္ဘာ့အလုပ်အကိုင်နှင့် အနာဂတ်လူမှုအခြေအနေ- ၂၀၁၅ ခုနှစ်အခြေအနေ' အစီရင်ခံစာအရ ဘဏ္ဍာရေးရှုပ်ထွေးမှုကြောင့် ပေါ်ပေါက်လာမည့် အလုပ်နေရာများကို ဖြည့်ဆည်းရန် ၂၀၁၉ ခုနှစ် မတိုင်မီ အလုပ်နေရာ သန်း ၂၈၀ ကို ဖန်တီးပေးရတော့မည်ဖြစ်သည်။

ထို့ကြောင့် အလုပ်လက်မဲ့ပြဿနာ အပြီးသတ်ဖြေရှင်းနိုင်ရေးမှာ အလှမ်းဝေးနေသေးသည်ဟု ဂိုင်ရိုက်ဒါက ဆိုသည်။

ILO အစီရင်ခံစာတွင် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် ဗြိတိန်နိုင်ငံတို့တွင် အလုပ်အကိုင်အခွင့်အလမ်း တိုးတက်သည်ဆိုသော်လည်း ဥရောပ ဖွံ့ဖြိုးပြီးနိုင်ငံအချို့တွင် ရင်တမမဖြင့် စိတ်မချရသေးဟုဆိုသည်။

အီးယူ၏ အင်အားအကြီးဆုံးနိုင်ငံ ဂျာမနီတွင် ယနေ့အလုပ်လက်မဲ့ ၄ ဒသမ ၇ ရာခိုင်နှုန်းတိုးလျက်ရှိရာက ၂၀၁၇ ခုနှစ်တွင် ငါးရာခိုင်နှုန်းအထိ တိုးလာနိုင်ပြီး ဒုတိယအင်အားအကြီးဆုံး ပြင်သစ်မှာ ဆယ်ဂဏန်းအောက်သို့ လျော့နည်းသွားနိုင်မည်ဟုလည်း အစီရင်ခံစာက ခန့်မှန်းထားသည်။

ကမ္ဘာတစ်ဝန်း အလုပ်လက်မဲ့ဖြစ်နေသူအများဆုံးမှာ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်များဖြစ်နေရာ ၂၀၁၄ ခုနှစ်တွင် အလုပ်လက်မဲ့လူငယ်များ ၁၃ ရာခိုင်နှုန်းအထိပင် တိုးလာဖွယ်ရှိနေသည်။ ယင်းမှာ လူကြီးအလုပ်လက်မဲ့နှုန်းထက် သုံးဆပိုများနေသည်။

ရေနံထုတ်လုပ်သော လက်တင်အမေရိက၊ အာဖရိကနှင့် အာရပ်အဖွဲ့ဝင်နိုင်ငံများက အလုပ်သမားများလည်း ရေနံနှင့်ဓာတ်ငွေ့ဈေးနှုန်းများစွာ ကျဆင်းမှုကြောင့် အလုပ်လက်မဲ့ဖြစ်လာနိုင်မည်ဟု ILO ကဆိုသည်။

ILO ၏အစီရင်ခံစာတွင် ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲချမ်းသာ ကွာဟချက် အလွန်ကြီးမားနေမှုနှင့် မရေရာသော ရင်းနှီးမြှုပ်နှံမှုများကြောင့် ကမ္ဘာ့နိုင်ငံများ အလုပ်လက်မဲ့မှုပြဿနာမှ ရုန်းထွက်ရန် အခက်ကြုံနေကြရကြောင်း ဖော်ပြထားသည်။

အလုပ်လက်မဲ့မှုကြောင့် ဒုက္ခဆင်းရဲအမျိုးမျိုးခံစားနေရသူ အလွန်များပြားစွာရှိနေသောကြောင့် အလုပ်လက်မဲ့ ပြဿနာကို ပိုမိုအားစိုက်၍ ဖြေရှင်းပေးကြပါရန် ဂိုင်ရိုက်ဒါက တိုက်တွန်းခဲ့သည်။ ■ (အေအက်ဖ်ပီ)

အောင်သာလင်း ဘာသာပြန်သည်။

ကာတာနိုင်ငံရောက် နိုင်ငံခြားသားလုပ်သားတစ်ဦးကို လုပ်ငန်းခွင်တွင် တွေ့ရစဉ်။

လူအများ ထိတ်လန့်နေကြသည့် စိတ်ရောဂါသည် သွားဆရာဝန်ကို အကျဉ်းထောင်တွင် ဖမ်းဆီးထား

ဘိုးဂျက်စ် (ပြင်သစ်) - ပြင်သစ်နိုင်ငံတွင် လူနာပေါင်းများစွာကို ကိုယ်အင်္ဂါ အစိတ်အပိုင်းများချို့ယွင်းအောင် လုပ်ဆောင်ခဲ့မှုဖြင့် ဒတ်ချ်လူမျိုး သွားဆရာဝန်တစ်ဦးကို စိတ်ရောဂါဝေဒနာရှင်များ အကျဉ်းထောင်တွင် ထိန်းသိမ်းထားကြောင်း တရားရေးဆိုင်ရာ သတင်းရင်းမြစ်တစ်ခုက ဆိုသည်။

'အော့ကြောလန့်သွားဆရာဝန်' ဟု သတင်းမီဒီယာများက အမည်ပေးထားသည့် အသက် ၅၀ အရွယ် မတ်ခ်ဗင်နီရော့ပ်သည် ကျား-မ ခွဲခြားမှုဆိုင်ရာ ပြဿနာများ အပါအဝင် စိတ်နှင့်ဆိုင်သော ရောဂါလက္ခဏာများ ခံစားနေရပြီး မိမိကိုယ်မိမိ အဆုံးစီရင်နိုင်ဖွယ်ရှိသူဟု သတင်းများတွင် ဖော်ပြကြသည်။ နယ်သာလန်နိုင်ငံမှ ၎င်းပြစ်မှုကျူးလွန်ရာ ပြင်သစ်နိုင်ငံသို့ လွှဲပြောင်းခံရသည်တွင် ရင်ဆိုင်ဖြေရှင်းရန် ပျက်ကွက်ခဲ့သည်ဟုလည်း ၎င်းကိုယ်တိုင် ပြောကြားခဲ့သည်။

> အကောင်းတိုင်းရှိနေသည့် သွားများကို အကြောင်းပြချက်မရှိဘဲ နုတ်ခြင်းနှင့် ဆေးကုသစရိတ်များကို မတရားတောင်းခံခြင်းများရှိ
> ....

ပြင်သစ်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ကိစ္စဖြင့် နိုင်ငံတကာက သတ်မှတ်ထားသည့် ဖမ်းဝရမ်းဖြင့် ဖမ်းဆီးခံခဲ့ရသော ဗင်နီရော့ပ်သည် နယ်သာလန်သို့ ပြန်လာပြီးနောက် အောက်တိုဘာလတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး ၎င်းပြစ်မှုကျူးလွန်ရာ နိုင်ငံသို့ပြန်လည် လွှဲအပ်မှုကို တရားရုံးက ပြီးခဲ့သည့်လတွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဗင်နီရော့ပ်နှင့် ပတ်သက်ပြီး လျှောက်လဲချက်များ မခိုင်လုံသဖြင့် ပါရီမြို့ တောင်ပိုင်းလွိုင်ရက်ဌာနရှိ စိတ်ရောဂါသည်များ ထားရှိရာ ထောင်တွင်ထားရှိရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သည့် ပြင်သစ်တရားသူကြီးများက ဇန်နဝါရီ ၁၅ ရက်ညတွင် အမိန့်ထုတ်ပြန်ခဲ့သည်။

၎င်းသွားဆရာဝန်၏ လူနာများစွာထဲမှ အယောက် ၂,၈၀၀ ခန့်မှာ ရောဂါဖြစ်စေသည့် ကူးစက်ပိုးများမှတစ်ဆင့် မေးရိုးများပျက်စီးကာ ပုံမှန်မဟုတ်သည့် ရောဂါလက္ခဏာများ ခံစားနေကြရကြောင်း ပြင်သစ်နိုင်ငံတွင် ဒုက္ခရောက်ခဲ့ကြသူတစ်စု၏ ပြောကြားချက်အရ သိရသည်။

အကောင်းတိုင်းရှိနေသည့် သွားများကို အကြောင်းပြချက်မရှိဘဲ နုတ်ခြင်းနှင့် ဆေးကုသစရိတ်များကို မတရားတောင်းခံခြင်းများရှိကြောင်း နယ်သာလန်နိုင်ငံ၏ သတင်းများတွင် ဖော်ပြကြသည်။

၎င်းကြောင့် ဒုက္ခရောက်ခဲ့ရသည့် ပြင်သစ်လူမျိုး ၁၂၀ ခန့်က ၎င်း၏သတင်းများကိုဖော်ပြပြီး တရားစွဲဆိုမှုများပြုလုပ်ရန် အဖွဲ့တစ်ဖွဲ့ကို တည်ထောင်ကာ ပြစ်မှုစုံစမ်းစစ်ဆေးရေးအဖွဲ့ကို ၂၀၁၃ ခုနှစ်၊ မေလတွင် ဖွဲ့စည်းခဲ့သည်။

သို့သော် ဗင်နီရော့ပ်သည် ဒီဇင်ဘာလတွင်ထွက်ပြေးခဲ့ပြီး ၎င်းဖမ်းဆီးခံရမှုအတွက် နိုင်ငံတကာက ချမှတ်ထားသည့် တရားဝင် အမိန့်ဖြင့်သာဖမ်းဆီးရန် ပြင်သစ်အာဏာပိုင်များကို ဖိအားပေးပြောကြားခဲ့သည်။ နောက်ဆုံးတွင် ကနေဒါနိုင်ငံ၊ နယူးဘရန်ဝစ်ခ်ပြည်နယ်ရှိ နက်ခါဝစ်မြို့လေးတွင် ဖမ်းဆီးခံခဲ့ရသည်။

၂၀၀၆ ခုနှစ်တွင် ဒုတိယဇနီးကို သတ်ခဲ့သည်ဆိုသော ၎င်း၏ထွက်ဆိုချက်ကို ဒတ်ချ်အစိုးရရှေ့နေများက စုံစမ်းစစ်ဆေးနေကြောင်းလည်း သိရသည်။ ယင်းအမှုမှာ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အရည်အသွေးကောင်း လက်နက်ကိရိယာများ မရှိသောကြောင့် ဆေးဘက်ဆိုင်ရာကိစ္စများတွင် အခြေအနေဆိုးရွားသည့်နေရာဟု ဆိုကြသည့် ပြင်သစ်နိုင်ငံအလယ်ပိုင်းရှိ လူသူမနီးသည့် ရွာတိုးချိန္တန်ဒေသသို့ ပြောင်းရွှေ့လာရန် ငွေရှင်ကြေးရှင်တစ်ဦး၏ ကမ်းလှမ်းခြင်းမပြုလုပ်မီ နှစ်နှစ်အလိုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ■

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။

နီကာရာဂွာ ကဗျာဆရာကြီးက သမ္မတ အော်တီဂါကို ဝေဖန်

မာနာဂွာသမ္မတ ဒင်နီယယ်လ်အော်တီဂါသည် နီကာရာဂွာနိုင်ငံ၌ ဖြစ်ပွားခဲ့သော စန်ဒီနစ္စတာ တော်လှန်ရေးကို သစ္စာဖောက်ခြင်းဖြစ်သည်ဟု နီကာရာဂွာ ကဗျာဆရာကြီးဖြစ်ပြီး ရိုမန်ကက်သလစ် ဘုန်းတော်ကြီးတစ်ပါးလည်းဖြစ်သော အာနက်စ်တို ကာဒီနယ်လ်က ၎င်း၏ အသက် ၉၀ ပြည့် မွေးနေ့အကြိုတွင် ပြောကြားလိုက်သည်။

၁၉၆၅ ခုနှစ်တွင် ကက်သလစ် ဘုန်းတော်ကြီးအဖြစ်ခံယူခဲ့သော ကာဒီနယ်လ်ဆိုသည့် ကဗျာဆရာကြီးသည် နိုင်ငံတွင်း၌ ရာစုနှစ်တစ်ဝက်နီးပါး အုပ်စိုးခဲ့သော အာဏာရှင်ဆိုမိုဇာအစိုးရကို ဆန့်ကျင်တော်လှန်သည့် စန်ဒီနစ္စတာသူပုန်အဖွဲ့သို့ ဝင်ရောက်ရန် ကျွန်းပေါ်တွင် ၎င်းထူထောင်ခဲ့သော စိုက်ပျိုးမွေးမြူရေးကျေးရွာကို စွန့်ခွာခဲ့သူဖြစ်သည်။

"တကယ်ကို ကျေနပ်စရာကောင်းခဲ့တဲ့ တော်လှန်ရေးတစ်ခုပါ။ ဒါပေမဲ့ ခုလိုသစ္စာဖောက်ခံလိုက်ရပြီဆိုတော့ ဘာတွေဖြစ်လာမလဲ" ဟု ဇန်နဝါရီ ၂၀ ရက်တွင် အသက် ၉၀ ပြည့်ခဲ့သည့် ကာဒီနယ်လ်က မြို့တော် မာနာဂွာရှိ နီကာရာဂွာ စာရေးဆရာများအသင်း၌ ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့သည်။

"ခုချိန်က ဒင်နီယယ်လ်အော်တီဂါရဲ့ အာဏာရှင်စနစ်နဲ့ မိသားစုအစဉ်အဆက် အုပ်စိုးတဲ့ခေတ် ဖြစ်နေတာပါ။ ကျွန်တော်တို့တွေ တိုက်ပွဲဝင်ခဲ့တာ ဒီအတွက်မဟုတ်ဘူး" ဟုလည်းဆိုသည်။



အော်တီဂါသည် စန်ဒီနစ္စတာ တော်လှန်ရေးကို သစ္စာဖောက်သည်ဟုစွပ်စွဲခဲ့သူ ကဗျာဆရာကြီး အာနက်စ်တို ကာဒီနယ်လ်။ အေအက်ဖ်ပီ

အဆိုပါတော်လှန်ရေးတွင် ကူညီပေးခဲ့ရခြင်းကိုနောင်တမရဟု ကာဒီနယ်လ်က ပြောကြားပြီး ၁၉၇၉ ခုနှစ် တော်လှန်ရေးတွင် စန်ဒီနစ္စတာအမျိုးသားလွတ်မြောက်ရေးတပ်ဦးကို အောင်ပွဲခံပြီး ပထမဆုံးအာဏာရရှိခဲ့သော အော်တီဂါအကြောင်းကိုမူ တစ်လုံးတစ်ပါဒမျှ တိုက်ရိုက်ပြောကြားခဲ့ခြင်းမရှိပေ။

အော်တီဂါသည် ၁၉၉၀ ပြည့်နှစ်အထိ အုပ်ချုပ်ခဲ့ပြီးနောက် ၂၀၀၇ ခုနှစ်တွင် ဒုတိယအကြိမ် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး "နိုင်ငံရဲ့ အာဏာအာလုံးကိုယူပြီး သူတစ်ယောက်တည်း ကောင်းစားဖို့ လွန်လွန်ကဲကဲ လုပ်ဆောင်ခဲ့တာ" ဟု ကာဒီနယ်လ်က ပြောသည်။ ပါတီနိုင်ငံရေးဆိုင်ရာ ခေါင်းဆောင်မှုအပိုင်းတွင် ကာဒီနယ်လ်နှင့် အော်တီဂါ သဘောထားကွဲလွဲမှုသည် ၁၉၉၀ ပြည့်နှစ်များတွင် စန်ဒီနစ္စတာ အမျိုးသားလွတ်မြောက်ရေးတပ်ဦးက အနားယူပြီး စန်ဒီနစ္စတာနှင့် သဘောထားကွဲလွဲသူများနှင့် ပူးပေါင်းရန် ဖြစ်လာခဲ့သည်။

"စန်ဒီနစ္စတာ အမျိုးသားလွတ်မြောက်ရေးတပ်ဦးဆိုတာ မရှိတော့ပါဘူး။ မဲဆွယ်စည်းရုံးရေးဆင်းတဲ့ပါတီကလည်း တစ်ခုတည်းရှိတဲ့အတွက် အော်တီဂါကို အာဏာထပ်ပေးဦးမှာပဲ" ဟု ကာဒီနယ်လ်က ပြောသည်။

ပနားမားတူးမြောင်းနှင့် အပြိုင်ဖြစ်လာမည်ဖြစ်သော နိုင်ငံတစ်လျှောက် လွန်လွန်ကဲကဲ ဖောက်လုပ်မည့် နိုင်ငံတကာရေကြောင်းများနှင့် ဆက်စပ်နေသော တူးမြောင်းတစ်ခု တည်ဆောက်မည့် အစိုးရ၏ အစီအစဉ်ကိုလည်း ကဗျာဆရာကြီး ကာဒီနယ်လ်က ကန့်ကွက်ထားသည်။

တရုတ်ကုမ္ပဏီတစ်ခုဖြစ်သည့် HKND ကုမ္ပဏီက ဦးစီးသည့် ယင်းတူးမြောင်းသည် အမေရိကအလယ်ပိုင်းတွင် ရေချိုထွက်ရှိရာ အဓိက ရင်းမြစ်ကြီးတစ်ခုဖြစ်သည့် နီကာရာဂွာ ရေကန်ကြီးကို ဖြတ်သန်းသွားမည်ဖြစ်သည်။ အဆိုပါနေရာသည် ဆိုလင်တီနိမ်းကျွန်းဦးဆုံး ဖြစ်တည်ရာနေရာဖြစ်သည်။ "တူးမြောင်းက ကျွန်းစုနဲ့ ရေကန်ကြီး အဆုံးသတ်သွားအောင် လုပ်နေတာပါ။ နောက်ဆုံးမှာတော့ နီကာရာဂွာနိုင်ငံကြီး တစ်ခုလုံးပေါ့" ဟု ၎င်းက သတိပေးပြောကြားထားသည်။

ဘာသာရေးယုံကြည်မှုဆိုင်ရာ လွတ်မြောက်ရေးကို ထိပ်ဆုံးက ထောက်ခံအားပေးသူများထဲတွင် တစ်ဦးဖြစ်သော ကာဒီနယ်လ်သည် စာပေများရေးသားရာတွင် ရိုးရိုးရှင်းရှင်းဖြင့် အကြောင်းအရာတစ်ခုခုကို ရည်ညွှန်းရေးသားလေ့ရှိသလို လူမှုရေးကိစ္စရပ်များတွင် တရားမျှတရေးတို့အတွက် စာပေရေးသားခြင်းဖြင့် လှုပ်ရှားတိုက်ပွဲဝင်ခဲ့သူဖြစ်သည်။ ■ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။

HEARTBEAT OF THE NATION

မြန်မာတိုင်းမ်
MYANMARTIMES

Connect with us @ SMS 09 5000 613 | email newsroom@mmtimes.com | facebook facebook.com/themyanmartimes | twitter @TheMyanmarTimes

BACK PAGE BEATS
DELIVERED BY **J-ME**

ကျောက် မက်ဖွယ်

တောက်လျှက် ပြောင်လျှက် လင်းလျှက် လက်လျှက်နဲ့ ကော်ဖီဆိုင်ထဲကို ဝင်လာလေတယ်။ နာမည်အရင်းတော့ မပြောတော့ပါဘူး။ တော်ကြာ စိတ်ဆိုးနေပြန်ဦးမယ်။ စမ်းချောင်းသား၊ လှိုင်သားနဲ့ ကြည့်မြင်တိုင်သားတို့ရဲ့ ပါးစပ်ဖျားနဲ့ မျက်ဝန်းမှာ သူ့ရဲ့လက်ပတ်နာရီအတုထဲက စိန်အတုတွေက မိုက်ကယ်ဂျက်ဆင်လို Break Dance က ခဲ့ပါပေါ့လား။

ဒင်းက မုံရွာသား၊ ရန်ကုန်မှာ ကျောင်းတက်ပြီး မန္တလေးမှာပျော်တဲ့ ဂျလစ်ပေါ့။ တရုတ်ပြည်က အတုတွေ အလွယ်တကူ 'ဖန်' နိုင်တော့ စစ်တာ မစစ်တာ အသာထား အဓိကကတော့ ဂေါ်ဖို့ပဲ။ အေးလေ နာရီ Brand ကလည်း Jacob & Co TM ! နာမည်ရော လူရော သူဒီဇိုင်းဆွဲ ဖန်တီးတဲ့ လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုး၊ (Hip Hop Bling Bling များ အပါအဝင်) လက်ပတ်နာရီတွေကို MTV Channel ဗျာ။ ၂၀၀၀ ပြည့်လောက်က တစ်ခါကြည့်ဖူးတဲ့ Rock Star Life Style နေထိုင်ကြတဲ့ Musician (Celebritiy) တွေရဲ့ Program မှာ စတင်တွေ့ရမြင်ရ ကြားဖူးခဲ့ရသဗျ။

ဥပမိရုပ်က Israeli လူချော၊ အသက်တော့

စာမျက်နှာ ၄ သို့

IN PICTURES

ဓာတ်ပုံ– အေအက်ဖ်ပီ

ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်နေ

မဲလ်ဘန်းမြို့၌ကျင်းပသော ၂၀၁၅ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယမြောက်နေ့ဖြစ်သည့် ယခုလ ၂၁ ရက်နေ့တွင် အမေရိကန်တင်းနစ်ချန်ပီယံ တင်ရှမစ်ကို စပိန်တင်းနစ်သမား ရာဖေးလ်နာဒါးလ်က အနိုင်ရပြီးနောက် အောင်ပွဲခံနေစဉ်။ အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။

Mandalay

တောင်သမန်အင်းရှိ လယ်မြေတန်ဖိုးများ အဆ ၃၀ ခန့်ထိ တက်လာ

MANDALAY 3

ဒီမိုကရေစီ ပညာရေးစနစ် ဖော်ဆောင်နိုင်ရေး မန္တလေးမှ ရန်ကုန်သို့ လမ်းလျှောက်သပိတ်မှောက်

စည်သူလွင်
sithulwin.mmtimes@gmail.com

ဒီမိုကရေစီပညာရေးစနစ်ကို ဖော်ဆောင်နိုင်မည့် အမျိုးသားပညာရေးမူဝါဒဥပဒေများ ပေါ်ပေါက်လာရေးအတွက် သပိတ်မှောက်လမ်းလျှောက်ဆန္ဒပြခြင်းကို ကျောင်းသားများစုပေါင်းပြီး မန္တလေးမှ ရန်ကုန်သို့ ယခုလ ၂၀ ရက်နေ့က စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

အစိုးရနှင့် လွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ပေးရန်သပိတ်မှောက်ကျောင်းသားများမှ ရက်ပေါင်း ၆၀ အတွင်း တွေ့ဆုံဆွေးနွေးရန် သတ်မှတ်ပေးခဲ့ရာ အစိုးရက ဖြေရှင်းညှိနှိုင်းခြင်းမရှိသည့်အတွက် ယခုကဲ့သို့ သပိတ်မှောက်လမ်းလျှောက်ဆန္ဒပြရခြင်းဖြစ်ကြောင်း ကျောင်းသားများက ဆိုသည်။

"အမျိုးသားပညာရေး ဥပဒေအတွက် ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီ၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက်၊ လွှတ်တော်နဲ့ အစိုးရပါဝင်တဲ့ လေးပွင့်ဆိုင်တွေ့ဆုံပြီး ညှိနှိုင်းဖြေရှင်းအဖြေရှာဖို့ တောင်းဆိုခဲ့တာဘာမှမထူးခြားတဲ့အတွက် အခုလို သပိတ်မှောက် လမ်းလျှောက်ဆန္ဒပြရတာပါ။ ရက် ၆၀ အတွင်းမှာ တောင်းဆိုဆန္ဒပြတာတွေကိုလည်း လုပ်ခဲ့ကြတယ်။ ထူးခြားမှုမရှိရင် အခုထက်ပိုပြီး ပြင်းပြင်းထန်ထန် သပိတ်မှောက်သွားကြမှာပါ" ဟု မန္တလေးမှ သပိတ်မှောက် ကျောင်းသားတစ်ဦးက ပြောသည်။

ဒီမိုကရေစီပညာရေးစနစ် ဖော်ဆောင်နိုင်ရေးအတွက် သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းအဖြေရှာသွားရန် အချက် ၁၁ ချက်ပါသော သဘောထားကြေညာချက်တစ်စောင်ကို ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီက ယခုလ ၁၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မန္တလေးမှ ရန်ကုန်သို့ ချီတက်သပိတ်မှောက်ကြသော ကျောင်းသားများကို တွေ့ရစဉ်။ ဓာတ်ပုံ- စည်သူလွင်

တောင်းဆိုချက်များမှာ ပညာရေးမူဝါဒနှင့် ဥပဒေများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများရေးဆွဲရာတွင် ကျောင်းသား၊ ကျောင်းသူကိုယ်စားလှယ်များ၊ ဆရာ၊ ဆရာမ ကိုယ်စားလှယ်များပါဝင်ရေး၊ ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းထူထောင် လှုပ်ရှားခွင့်နှင့် ၎င်းသမဂ္ဂများ တည်ရှိမှုအပေါ် တရားဝင် အသိအမှတ်ပြုရေး၊ လက်ရှိပြဋ္ဌာန်းပြီးဖြစ်သော အမျိုးသားပညာရေးဥပဒေတွင် ပါဝင်သည့် အမျိုးသားပညာရေးကော်မရှင်နှင့် တက္ကသိုလ်များ ပေါင်းစည်းညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းရေး၊ ဒေသအလိုက်နှင့် ကျောင်းအလိုက် လွတ်လပ်စွာစီမံခန့်ခွဲနိုင်သည့် ပညာရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရေး၊ လက်ရှိကျင့်သုံးလျက်ရှိသော စာမေးပွဲစနစ်နှင့် တက္ကသိုလ်ဝင်ခွင့်စနစ်များ ပြင်ဆင်ရေး၊ ကျောင်းသားများ လွတ်လပ်စွာ စဉ်းစားတွေးခေါ်နိုင်ပြီး ကိုယ်တိုင် လေ့လာစူးစမ်းသင်ယူနိုင်သည့် သင်ကြားနည်းစနစ်များ ပြောင်းလဲရေး၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ ဘာသာစကားလွတ်လပ်ခွင့်နှင့် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်ကို အမျိုးသားပညာရေးဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရေး၊ မသန်စွမ်းကလေးများအပါအဝင် ကလေးအားလုံးအတွက် လူတိုင်းအကျုံးဝင်ပညာရေးကိစ္စ၊ ကျောင်းသားအရေးခင်းများကြောင့် ကျောင်းထုတ်ခံခဲ့ရသည့် ကျောင်းသားများ ကျောင်းပြန်လည်တက်ရောက်နိုင်ရေး၊ ပညာရေးအသုံးစရိတ်ကို တစ်နိုင်ငံလုံးအသုံးစရိတ်၏ ၂၀ ရာခိုင်နှုန်း သတ်မှတ်နိုင်ရေးနှင့် အခမဲ့မသင်မနေရပညာရေးစနစ်ကို မူလတန်းအဆင့်သာမက အလယ်တန်းအဆင့်အထိ တိုးမြှင့်ကျင့်သုံးရေးတို့ကို တောင်းဆိုခဲ့ကြသည်။

> လေးပွင့်ဆိုင်တွေ့ဆုံပြီး ညှိနှိုင်းဖြေရှင်းအဖြေရှာဖို့ တောင်းဆိုခဲ့တာ ဘာမှ မထူးခြားတဲ့အတွက် အခုလို သပိတ်မှောက် လမ်းလျှောက်ဆန္ဒပြရတာ
> ....

ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီကို ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (မြေလတ်ဒေသ) နှင့် တက္ကသိုလ်ကျောင်းသားသမဂ္ဂချုပ် ကျောင်းသားကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည့်ကော်မတီဖြစ်ပြီး ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂၊ ၁၃ ရက်နေ့များတွင် ကျင်းပခဲ့သည့် နိုင်ငံတစ်ဝန်းရှိကျောင်းသားကိုယ်စားလှယ် ၅၀၀ ကျော်တက်ရောက်ခဲ့သော နိုင်ငံလုံးဆိုင်ရာ ကျောင်းသားထုအရေးပေါ် အစည်းအဝေးပွဲကြီးက ကျောင်းသားထုဆန္ဒအရ ရွေးချယ်ဖွဲ့စည်းခဲ့သည်။ ■

မြန်မာနိုင်ငံလုံး ဆိုင်ရာ ငါးပြိုင်ပွဲ ပြပွဲကျင်းပမည်

ကျော်ကိုကို
kyawkoko.mdy991@gmail.com

မြန်မာနိုင်ငံမွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကြီးမှူးပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ငါးပြိုင်ပွဲ၊ ပြပွဲကို မန္တလေးတိုင်းဒေသကြီး နတ်ရေကန်ငါးလုပ်ငန်းစခန်းတွင် ယခုလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း နတ်ရေကန်ငါးလုပ်ငန်းဦးစီးဌာနက သိရသည်။

အဆိုပါ ငါးပြိုင်ပွဲ၊ ပြပွဲကို စားနပ်ရိက္ခာဖူလုံကြွယ်ဝပေါများစေရန်၊ စားနပ်ရိက္ခာဘေးကင်းလုံခြုံစေရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာသော ငါးလုပ်ငန်းအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအတွင်းရှိ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်ချက်များကို အများပြည်သူသိရှိစေရန်၊ တန်ဖိုးမြင့် ရေထွက်ပစ္စည်းထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်လာစေရန်၊ မြန်မာရှားပါး ငါးမျိုးစိတ်များ ဖော်ထုတ်ရရှိလာစေရန်၊ မြန်မာတိုင်းရင်းငါးမျိုးများ ထိန်းသိမ်းခြင်း၊ တိုးတက်ထုတ်လုပ်ခြင်းများအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားနိုင်ရန်၊ သဘာဝရေသယံဇာတများအား ထိန်းသိမ်းမြတ်နိုးလာတတ်စေရန် တို့အတွက် ရည်ရွယ်ကျင်းပကြောင်း နေပြည်တော်ရှိ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှထွန်းကပြောသည်။

"အထက်မြန်မာပြည်မှာ ငါးပြိုင်ပွဲ၊ ပြပွဲဆိုပြီးလုပ်တာကတော့ ပထမဆုံးအကြိမ်ပါပဲ။ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင်တော့ ဒုတိယအကြိမ်မြောက်ပါ။ နောက်ပိုင်းဆိုရင်လည်း ယခုလိုငါးပြပွဲ၊ ပြိုင်ပွဲတွေကိုပြည်နယ်၊ တိုင်းအလိုက် ကျင်းပသွားဖို့ စီစဉ်ထားပါတယ်။ ဒီလိုပြိုင်ပွဲလေးတွေ လုပ်ပေးတယ်ဆိုတော့ ငါးရှားပါးမျိုးစိတ်တွေကိုလည်း ထိန်းထိမ်းပြီးသားဖြစ်ပါတယ်။ နောက် ငါးလုပ်ငန်းရှင်တွေလည်း ငါးလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ဗဟုသုတတွေ တိုးပွားလာနိုင်သလို တစ်ဦးနဲ့တစ်ဦး နည်းပညာဖလှယ်နိုင်မှာပါ။ အခုပြိုင်ပွဲမှာ ပြိုင်ပွဲတင်မကဘဲ ငါးပြခန်းတွေနဲ့ ငါးပြကွက်တွေကို ထည့်သွင်း

မန္တလေးစာမျက်နှာ ၆ သို့

ကျောင်းသားသမဂ္ဂ ပြန်လည်ဖွဲ့စည်းရာတွင် ကျောင်းသားများ ပါဝင်မှုနည်းနေ

မောင်ဇော်
mgzaw.mmtimes@gmail.com

မန္တလေးမြို့၊ ရတနာပုံတက္ကသိုလ်တွင် ယခုလ ၁၅ ရက်နေ့က ရတနာပုံတက္ကသိုလ် ကျောင်းသားသမဂ္ဂ ပြန်လည်ဖွဲ့စည်းခဲ့ရာ၌ ကျောင်းသားများပါဝင်မှု နည်းပါးနေသေးသည်ဟု သမဂ္ဂဥက္ကဋ္ဌ ကိုနိုင်ရဲဝေက ပြောသည်။

"ကျောင်းမှာ သမဂ္ဂပြန်လည်ဖွဲ့စည်းရာမှာ ကျောင်းသားတွေပါဝင်မှုက အတော်နည်းတယ်။ ကျောင်းသားသမဂ္ဂမှာ ကျောင်းသားတွေ ပါဝင်နိုင်ဖို့လိုတယ်။ အင်အားက အရမ်းအရေးကြီးပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့စည်းရုံးမှုတွေ ဆက်တိုက်လုပ်သွားမှာပါ"ဟု ရတနာပုံတက္ကသိုလ် ကျောင်းသားသမဂ္ဂ ကိုနိုင်ရဲဝေက မြန်မာတိုင်း(မ်)ကိုပြောသည်။

ရတနာပုံတက္ကသိုလ်ကျောင်းသားသမဂ္ဂအမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းရခြင်းမှာ စာသင်နှစ်တစ်နှစ်ပြီးစီးသည့်အတွက် ပြန်လည်ဖွဲ့စည်းရခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် ကျောင်းသားသမဂ္ဂ ပြန်လည်ဖွဲ့စည်းရာတွင် ရတနာပုံတက္ကသိုလ် ပင်မဆောင်အရှေ့၌ ကျောင်းတာဝန်ရှိသူများက တရားဝင်ဖွဲ့စည်းခွင့်ပြုခဲ့

မန္တလေးစာမျက်နှာ ၆ သို့

MANDALAY NEIGHBOURS

ခင်မင်ရပါသော မန္တလေးသူ မန္တလေးသားများ

မောင်ဇော်
mgzaw.mmtimes@gmail.com

လူတစ်ယောက်ဟာ ကိုယ့်ဘဝတိုးတက်ချင်တယ်ဆိုရင် ကိုယ်လုပ်ကိုင်တဲ့အလုပ်အပေါ်မှာ စေတနာထားရပါတယ်။ ဒ့ါပြင် မိမိအလုပ်ကိုလည်း စဉ်ဆက်မပျက် လေ့လာနေရပါမယ်လို့ ပြောသူကတော့ မြင်းမိုရ်တိုင်းရင်းဆေးခန်းပိုင်ရှင် တိုင်းရင်းဆေးဆရာ ဦးဝင်းကို ဖြစ်ပါတယ်။

ဦးဝင်းကိုကို မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ကံရွာမှာမွေးဖွားခဲ့ပြီး ၁၉၇၅ ခုနှစ်မှာတော့ ၁၀ တန်းအောင်မြင်ခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်မှာတော့ မန္တလေးတက္ကသိုလ်မှာ ဓာတုဗေဒဘာသာရပ်ကို သင်ယူခဲ့ပါတယ်။ ဓာတုဗေဒဘာသာရပ်ကို သင်ယူရင်းနဲ့ပဲ တိုင်းရင်းဆေးသိပ္ပံ (မန္တလေး) အပတ်စဉ် ၂ အတွက် ဝင်ခွင့်ဖြေရာမှာ အောင်မြင်ခဲ့တာကြောင့် ၁၉၇၇ကနေ ၁၉၈၀ အထိ တိုင်းရင်းဆေးပညာကို သင်ယူခဲ့ပါတယ်။

"ငယ်ငယ်ကတည်းကဆေးကုချင်ခဲ့တာ။ ဒါကြောင့် ဓာတုဗေဒ သင်ယူရင်းနဲ့တိုင်းရင်းဆေးကို ပြောင်းလိုက်တာပါ။ ကျွန်တော် တိုင်းရင်းဆေးပညာသင်ပြီးတာနဲ့ မြို့နယ်တိုင်းရင်းဆေးခန်းမှူးအဖြစ် ကချင်ပြည်နယ်၊ မိုးညှင်းမြို့မှာ ၁၉၈၂ ခုနှစ်ကနေ ၁၉၈၉ အထိ တာဝန်ကျခဲ့ပါတယ်။ အဲဒီမှာ ဆေးကုသရင်းနဲ့ပရဟိတလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့ပါတယ်"လို့ ဦးဝင်းကိုကပြောပါတယ်။

၁၉၈၉ ခုနှစ်မှာ သူဟာ မန္တလေးတိုင်းရင်းဆေးသိပ္ပံမှာ နည်းပြအဖြစ် ပြန်လည်တာဝန်ယူခဲ့ရပြီး ၁၉၉၀ မှာတော့ နည်းပြမှူးအဖြစ် ရာထူးတိုးခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာတော့ တရုတ်နိုင်ငံကို ကမ္ဘာ့ကျန်းမာရေးပညာသင်ဆုနဲ့ အရိုးကျိုး၊အရိုးဆက်ပညာကို သင်ယူခဲ့ပါတယ်။ အဲဒီနောက်မှာတော့ တိုင်းရင်းဆေးသိပ္ပံမှာ နည်းပြမှူးအဖြစ်အပြင် တိုင်းရင်းဆေးရုံရဲ့ ဆေးရုံမှူးတာဝန်ကို တာဝန်ယူလုပ်ကိုင်ခဲ့ပါတယ်။ ၁၉၉၇ခုနှစ်မှာတော့ အစိုးရဝန်ထမ်းဘဝကနေ ပင်စင်ယူခဲ့ပြီး ကိုယ်ပိုင်ဆေးခန်းအဖြစ် မြင်းမိုရ်ဆေးခန်းကို တည်ထောင်ခဲ့ပါတယ်။ လက်ရှိမှာ ဦးဝင်းကိုဟာ ဆေးကုသရင်းနဲ့ ပရဟိတလုပ်ငန်းတွေကို လုပ်ကိုင်နေပါတယ်။

"ကျွန်တော်အနေနဲ့ တိုင်းရင်းဆေးဆရာဖြစ်လာတဲ့အချိန်ကနေ လက်ရှိအချိန်ထိ အတ္တနဲ့ ပရကို ညီမျှစွာလုပ်ဆောင်ခဲ့ပါတယ်။ ကျွန်တော်က အရင်ကတည်းက ကိုယ်ပိုင်ဆေးခန်းလေးဖွင့်ပြီး ဆေးကုချင်တာနဲ့ ပင်စင်ယူလိုက်တာပါ။ ပင်စင်မယူခဲ့ဘူးဆိုရင် အခုလိုအချိန်မှာ ညွှန်ကြားရေးမှူးဖြစ်နေပါပြီ။ ဒါပေမဲ့ ကျွန်တော် ရာထူးတွေကို မမက်ပါဘူး။ ကိုယ့်ဘဝကို ကိုယ့်ဘာသာ ပဲ့ကိုင်ချင်တယ်။ အစိုးရဝန်ထမ်းဘဝဆိုရင် မဆိုင်တဲ့လူတစ်ယောက်က ထိန်းချုပ်တာကို ခံနေရမယ်။ ဒါကြောင့်ပင်စင်ယူလိုက်တာပါ" လို့ ဦးဝင်းကိုက ပြောပါတယ်။

ကိုယ်ပိုင်ဆေးခန်းဖွင့်နေရင်းနဲ့ ပရဟိတလုပ်ငန်းအဖြစ် စစ်ကိုင်းမြို့နယ်၊ ဝါးချက်ကျေးရွာမှာရှိတဲ့ ဇီဝတဒါန သံဃာဆေးရုံမှာ သံဃာတော်နဲ့သီလရှင်တွေကို ယခုအချိန်အထိ အပတ်စဉ် ဗုဒ္ဓဟူးနဲ့ စနေနေ့တိုင်း အခမဲ့ အပ်စိုက်ကုသမှုပေးနေပါတယ်။

မြန်မာနိုင်ငံဟာ တရုတ်နဲ့အိန္ဒိယနိုင်ငံတွေမှာရှိတဲ့ တိုင်းရင်းဆေးတွေနဲ့ယှဉ်ရင် နိမ့်ကျတယ်လို့ လူတွေက ရုပ်ပိုင်းဆိုင်ရာအရ မြင်နေကြပါတယ်။ တကယ်တော့ တိုင်းရင်းဆေးပညာရပ်တွေမှာ မြန်မာ့တိုင်းရင်းဆေးပညာက မနိမ့်ကျပေမယ့် ဆေးဝါးထုတ်လုပ်မှုအားနည်းချက်တွေ ရှိနေပါတယ်လို့ ပြောပါတယ်။

"ကျွန်တော်တို့နိုင်ငံမှာလည်း ခေတ်မီတဲ့ဆေးဝါးထုတ်လုပ်တဲ့စက်ရုံက မကြာခင်မှာ ပြီးစီးတော့မှာ ဖြစ်တဲ့အတွက် အမီလိုက်နိုင်တော့မှာပါ" လို့ ပြောပါတယ်။

အင်္ဂလန်နိုင်ငံမှာ မြန်မာ့တိုင်းရင်ဆေးနဲ့ပတ်သက်ပြီး ဦးဝင်းကို တစ်နှစ်ကျော်ပြုစုထားတဲ့ စာတမ်းနှစ်စောင်ကို အင်္ဂလန်နိုင်ငံရဲ့ ညီလာခံတစ်ခုမှာ စာတမ်းဖတ်ခဲ့ပါတယ်။ အဲဒီလို သူပြုစုထားထားတဲ့ မြန်မာ့တိုင်းရင်းဆေးအကြောင်းကို အင်္ဂလန်နိုင်ငံကနေ A Drop of Rain in Asia ဆိုတဲ့ခေါင်းစဉ်နဲ့ အင်္ဂလန်နိုင်ငံမှာ စာအုပ်ထုတ်ဝေခဲ့ပါတယ်။

"ကျွန်တော်တို့ တိုင်းရင်းဆေး တိုးတက်ဖို့အတွက်ကတော့ ပညာရပ်နယ်ပယ်၊ ကုသမှုအပိုင်း၊ ထုတ်ဝေမှုအပိုင်းနဲ့ သုတေသနပိုင်းတွေမှာ တိုးတက်ဖို့လိုပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ တိုင်းရင်းဆေးက ကမ္ဘာကိုထိုးဖောက်နိုင်ပါတယ်" လို့ ပြောပါတယ်။

တရုတ်တိုင်းရင်းဆေးပညာက နိုင်ငံတကာမှာ ထိုးဖောက်နိုင်တာက သူတို့ဆီက အနောက်တိုင်း ဆေးပညာရှင်တွေက သူတို့ရဲ့အမွေအနှစ်ပညာကို လေ့လာပြီး အားနည်းချက်တွေကို ရှာဖွေပေးနေတဲ့အတွက် တရုတ်တိုင်းရင်းဆေးပညာက တိုးတက်မှု ရှိတာဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံက အနောက်တိုင်း ဆေးပညာရှင်တွေကလည်း ရိုးရာဆေးပညာ တိုးတက်မှုရှိလာအောင် တိုင်းရင်းဆေးပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ဦးဝင်းကိုက ပြောပါတယ်။ ■

HEARTBEAT OF THE NATION
MYANMAR TIMES
ADVERTISING
HOT LINE
02-65391, 02-74585, 09-31448328

IN PICTURES

သတင်းနှင့် ဓာတ်ပုံ
ဖြိုးဝေကျော်

မြူနှင်းဝေတဲ့ မန္တလေး

မြူနှင်းများထူထပ်စွာကျနေသဖြင့် ရှေ့တူရူရှိ မန္တလေးတောင်ကို မမြင်ရတော့သော ကျုံးအရှေ့တောင်ထောင့်၌ အားကစားလုပ်နေသူတစ်ဦးကို ယခုလ ၁၉ ရက် မနက်ပိုင်း၌ တွေ့ရစဉ်။ ပြီးခဲ့သောမိုးရာသီကာလ၊ ပုံမှန်ထက် မိုးရေချိန်ရရှိမှု လျော့နည်းခဲ့သော မန္တလေးမြို့တွင် ယခုဆောင်းရာသီ၌ သိသာစွာအအေးပိုသော ရက်များနည်းပါးပြီး ပြောင်းလဲမှုများသော ရာသီဥတုဖြစ်နေကာ ပုံမှန်နှင့် ပုံမှန်ထက် ပိုပူသောဖြစ်စဉ်များနှင့်အတူ ပြီးခဲ့သော ရက်သတ္တပတ်၌ ပုံမှန်မဟုတ်ဘဲ မိုးရွာသွန်းသောရက်များ ရှိခဲ့သည်။

ညောင်ဝန်းကျေးရွာ၌ ရဲတပ်ဖွဲ့က ပစ်ခတ်မှုအတွက် အရေးယူပေးရန် တိုင်းတရားလွှတ်တော်သို့ လျှောက်ထား

စည်သူလွင်
sithulwin.mmtimes@gmail.com

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ညောင်ဝန်းကျေးရွာ၌ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ဒေသခံများနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များအကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဒေသခံမဆန်းကြင်နု ခြေထောက်ဒဏ်ရာရရှိသွားခဲ့ခြင်းနှင့်အခြားဒေသခံများ ဒဏ်ရာရရှိခဲ့ခြင်းအတွက် သက်ဆိုင်ရာက အရေးယူပေးရန် မန္တလေးတိုင်းဒေသကြီး တိုင်းတရားရုံးလွှတ်တော်သို့ ယခုလ ၂၀ ရက်နေ့တွင် လျှောက်ထားခဲ့ကြောင်း၊ အဆိုပါအမှုကို ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ပေးနေသော တရားလွှတ်တော်ရှေ့နေ ဦးအောင်သိန်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

"ဒီနေ့တော့ မသိရသေးဘူး။ တရားရုံးကလက်ခံလက်မခံဆိုတာ နောက်ရက်မှ သိရမယ်။ ဘာလို့တင်လဲဆိုတော့ ပြည်သူတွေကို တရားစွဲခံရရင် ၅၀၅ (ခ) တို့နဲ့ တရားစွဲတဲ့အလေ့အထရှိကြတယ်။ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်ပျက်ပြားအောင် ဒီလိုပြည်သူ့ဝန်ထမ်းဖြစ်တဲ့ ရဲတပ်ဖွဲ့လို့ဆိုတဲ့သူတွေက လုပ်လာရင်ရော သူတို့ကို ၅၀၅ (ခ) နဲ့ တရားစွဲဆိုခွင့် မရှိတော့ဘူးလားဆိုတာအတွက်ပါ။ အလိုရှိတဲ့သူကို ဖမ်းချင်တယ်ဆိုရင် ကျေးရွာအုပ်ချုပ်ရေးမှူးကနေတစ်ဆင့်လုပ်ရမယ်။ အဲ့ဒီလိုမလုပ်ဘဲနဲ့ ရွာကို သေနတ်ပစ်ဖောက်ပြီး ရှာရတယ်ဆိုတာ ငြိမ်ဝပ်ပိပြားရေး ပျက်ပြားအောင် တကယ်လုပ်တာ ရဲတွေကလုပ်တာ။ အဲလိုလုပ်နေတာတွေကို လက်ပိုက်ပြီး ကြည့်မနေနိုင်ဘူး။ အနိုင်ကျင့်ရာ ကျတယ်။ ဒါကြောင့် အမှုကို တည်ဆောက်ပြီး တရားလာစွဲတာပဲ" ဟု ရှေ့နေများကွန်ရက်မှ တရားလွှတ်တော်ရှေ့နေ ဦးအောင်သိန်းက ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ပြောသည်။

တိုင်းတရားလွှတ်တော်သို့ လျှောက်ထားရခြင်းမှာ မြို့နယ်အဆင့်၊ ခရိုင်အဆင့်တို့ကို လျှောက်ထားခဲ့သော်လည်း အမှုကို

> ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်ပျက်ပြားအောင် ဒီလို ပြည်သူ့ဝန်ထမ်း ဖြစ်တဲ့ ရဲတပ်ဖွဲ့လို့ဆိုတဲ့ သူတွေက လုပ်လာရင်ရော သူတို့ကို ၅၀၅(ခ)နဲ့ ....

ပယ်ချခံခဲ့ရခြင်းအတွက် အထက်အဆင့်ဆင့် တက်ရခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"လျှောက်ထားတာကို ပယ်တာ၊ မပယ်တာက အဓိကမဟုတ်ဘူး၊ တရားဥပဒေစိုးမိုးရေးအတွက် ဒီတရားရုံးတွေက ရဲတပ်ဖွဲ့တွေ မလိုက်နာရင် ဘယ်လိုထိန်းချုပ်ပေးနိုင်မလဲ၊ စီမံနိုင်မလဲဆိုတာကို အဓိက ရည်ရွယ်တာပဲ။ လယ်ယာမြေပြဿနာမှာ ရွာထဲကို သေနတ်ပစ်ဖောက်ပြီး ဝင်လောက်အောင် ရဲတွေကို ဘယ်သူတွေက လုပ်ပိုင်ခွင့် အဲလောက်တောင်ပေးထားလဲ။ တရားစွဲဆိုထားတာ ရဲတပ်ဖွဲ့ ၃၅ဦးနဲ့မီးသတ်တပ်ဖွဲ့လေးဦးကိုထည့်သွင်း တရားစွဲဆိုထားတာပါ" ဟု ဦးအောင်သိန်းက ပြောသည်။

လယ်ယာမြေပြဿနာအကြောင်းပြုပြီး ညောင်ဝန်းကျေးရွာအတွင်း ဒေသခံများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ခြင်းကြောင့် နှစ်ဖက်အပြန်အလှန် ဒဏ်ရာရရှိခဲ့ရာ ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့ခြင်းများအတွက် ဒေသခံများကို ရဲတပ်ဖွဲ့ဝင်များက တရားစွဲဆိုထားကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ရုပ်သံသတင်းတစ်ခုတွင် ဒေသခံတစ်ဦး ခြေထောက် သေနတ်ဒဏ်ရာရရှိခဲ့ခြင်းမှာ သေနတ်လုယူခဲ့ခြင်းအတွက် ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ဖြေကြားခဲ့သည်မှာ မဟုတ်မမှန်ဘဲ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ညောင်ဝန်းဒေသခံများက ဆိုသည်။

ပြဿနာများအစပြုခဲ့ရာ ကွဲစိုက်ခင်းများသည် ၁၉၇၂ ခုနှစ်မှ စ၍ မန္တလေး နန်းတွင်းစစ်တပ် အမှတ်(၂၁၂) ထောက်ပံ့နှင့် ပို့ဆောင်ရေးမှ တပ်တွင်းသက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ညောင်ဝန်းကျေးရွာနှင့် ငွေတောင်ကျေးရွာမှ လယ်ယာမြေ ၃,၀၆၂ ဒသမ ၄၃ ဧကကို သိမ်းယူခဲ့ရာ ၁၉၉၅ ခုနှစ်တွင် စစ်တပ်မှ ဂရိတ်ဝေါ ကုမ္ပဏီသို့ လယ်ယာမြေများ လွှဲပြောင်းပေးခဲ့ပြီး ကုမ္ပဏီက ကွဲပင်များ စိုက်ပျိုးခဲ့ကြောင်း ဒေသခံများကဆိုသည်။ ■

တောင်သမန်အင်းရှိ လယ်မြေတန်ဖိုးများ အဆ ၃၀ ခန့်ထိ တက်လာ

မောင်ဇော်

mgzaw.mmtimes@gmail.com

မန္တလေးတိုင်း၊ အမရပူရမြို့နယ်အတွင်းရှိ နာမည်ကျော်ဦးပိန်တံတားတည်ရှိရာ တောင်သမန်အင်းရှိ လယ်မြေကွက်များမှာ ယခင်နှစ်များကထက် အဆ ၃၀ ခန့်အထိ မြင့်တက်လာသည်ဟု ဒေသခံများထံမှသိရသည်။

"ကျွန်တော်တို့ တစ်ခါမှမကြားဖူးတဲ့ ဈေးတွေပေးနေတယ်။ အရင်ကဆို ဆယ်ဂဏန်းပဲ ရှိတာ။ အခုဆိုသိန်းရာကျော်ထိ ရောက်လာတယ်။ ဘာကြောင့် အခုလိုဈေးတွေ ထိုးတက်နေရတာလဲဆိုတာတော့ ကျွန်တော်တို့ဒေသခံတွေ မသိဘူး။ ဈေးကောင်းပေးတော့ ရောင်းလိုက်တာပဲ။ အခုတော့ အရောင်းအဝယ် နည်းသွားတယ်။ ရောင်းစရာအကွက်ကလည်း နည်းသွားပြီလေ" ဟု တောင်သမန်အင်းအတွင်း ငှက်လှေလှော်ခတ်သူ ဦးစိုးဝင်းက မြန်မာတိုင်း(မ်)ကို ပြောသည်။

တောင်သမန်အင်းအတွင်းရှိလယ်မြေကွက်တန်ဖိုးများမှာ ယခင်နှစ်များက တစ်ဧကလျှင် ငွေကျပ်ဆယ်သိန်းခန့်သာရှိခဲ့ရာမှ ပြီးခဲ့သည့် ငါးလခန့်မှစတင်ကာ သိန်း ၃၀၀ ကျော်မှ သိန်း ၄၀၀ ကျော်အထိ ရောက်ရှိလာခဲ့သည်ဟုသိရသည်။

တောင်သမန်အင်း တောင်ဘက်ခြမ်းရှိ လယ်ကွက်များကိုတွေ့ရစဉ်။ ဓာတ်ပုံ - မောင်ဇော်

လက်ရှိတွင် တောင်သမန်အင်းအတွင်း အရောင်းအဝယ်ဖြစ်နေသော လယ်မြေကွက်များမှာ ဦးပိန်တံတား တောင်ဘက်ရှိ လယ်မြေကွက်များအရောင်းအဝယ်ဖြစ်နေပြီး ဦးပိန်တံတားမြောက်ဘက်ရှိ လယ်ကွက်များမှာ အရောင်းမရှိဟု သိရသည်။

"ကျွန်မတို့ ရောင်းလိုက်တဲ့ လယ်ကွက်ဆိုရင် တံတားတောင်ဘက်မှာရှိတာ။ ဒါတောင် ရေမကျသေးဘူး။ ရေတွေရှိသေးတယ်။ ဒါကိုပဲ နိုဝင်ဘာလတုန်းက သိန်း ၂၇၀ ပေးသွားတယ်။ ဘာရှိလို့လဲတော့မသိဘူး။ ကျွန်မတို့လည်းဈေးကောင်းတာနဲ့ ရောင်းလိုက်တာပဲ" ဟု တောင်သမန်အင်းအနီးရှိ ထန်းတောရွာ ဒေသခံအမျိုးသမီးတစ်ဦးက ယခုလ ၁၉ ရက်နေ့တွင် ပြောသည်။

အရောင်းအဝယ်ဖြစ်နေသော လယ်မြေကွက်များမှာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဘေးတွင်ရှိပြီး တောင်ဘက်အခြမ်းရှိ လယ်မြေကွက်များမှာ ရေရှိသည်ဖြစ်စေ၊ ရေမရှိသည်ဖြစ်စေ အရောင်းအဝယ်ဖြစ်နေသည်ဟုသိရသည်။

"ဒီမှာ အရောင်းအဝယ်ဖြစ်နေတာက တောင်ဘက်က အကွက်ဆိုရင်ဝယ်တယ်။ ရေမကျသေးတာတောင် အရောင်းအဝယ်က ဖြစ်နေတာ။ ထူးတော့ထူးဆန်းနေတယ်။ ဘာလို့ဝယ်မှန်းမသိဘူး" ဟု ထန်းတောရွာသား ဦးအေးကိုကပြောသည်။

အဆိုပါတောင်သမန်အင်းအတွင်းရှိ လယ်မြေကွက်များကို လာရောက်ဝယ်ယူသူများမှာ တရုတ်လူမျိုးများနှင့် မြန်မာလူမျိုးပွဲစားများ၊ ရှမ်းလူမျိုးများ ဖြစ်သည်။

တောင်သမန်အင်းအတွင်းရှိ လယ်မြေကွက်များမှာဧက ၂၀၀ ကျော်ခန့်ရှိကာ ဒေသခံများက ဖရဲ၊ စပါးနှင့် အခြားသီးနှံများကို ရေကျချိန်များတွင် စိုက်ပျိုးလေ့ရှိသည်။ ■

ရေအားလျှပ်စစ်၊ ငလျင်ပြတ်ရွေ့ကြော၊ ဒေသခံပြည်သူလူထုနှင့် သံလွင်မြစ်အရေး

လွန်မင်းမန်

lunmin.lm@gmail.com

တရုတ်နိုင်ငံတွင် နုမြစ်ဟု အမည်ခံ၍ မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်ကို တောင်မှမြောက်ဘက်သို့ စီးဆင်းကာ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များသို့ ဖြတ်သန်းစီးဆင်းနေသော သံလွင်မြစ်သည် ယင်းမြစ်ဖျားခံရာ တရုတ်နိုင်ငံက ကပ္ပလီပင်လယ်အတွင်းသို့ ကီလိုမီတာ ၂,၈၀၀ ခရီးကို ဖြတ်သန်းစီးဆင်းသည်။

သံလွင်မြစ်ကြောင်းတစ်လျှောက်တွင် ဇီဝမျိုးကွဲပေါင်းစုံ ကျက်စားနေထိုင်မှုကြောင့် ယူနက်စကိုက သံလွင်မြစ်ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ၂၀၀၃ ခုနှစ်တွင် သတ်မှတ်ခဲ့သည်။ သို့သော် ယင်းကဲ့သို့ သတ်မှတ်အပြီး နှစ်လအကြာတွင် ယူနန်ပြည်နယ်အစိုးရက ၎င်းတို့အနေဖြင့် အဆိုပါမြစ်ပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်း ၁၃ ခုအထိ တည်ဆောက်သွားမည်ဟု ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း၌မူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက သံလွင်မြစ်ကြောင်းတစ်လျှောက်တွင် ရေအားလျှပ်စစ်စီမံကိန်းခြောက်ခုခန့်အထိ တည်ဆောက်သွားရန် ပြင်ဆင်လျက်ရှိသည်။

သံလွင်မြစ်ကြောင်းတစ်လျှောက်တွင် တည်ဆောက်ရန်လျာထားသည့် ရေအားလျှပ်စစ်စီမံကိန်းများမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွမ်းလုံမြို့နယ်အနီးရှိ ကွမ်းလုံရေကာတာ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့အရှေ့ဘက် တန့်ယန်းမြို့နယ်အတွင်းရှိ နောင်ဖရေကာတာ၊ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၏ အရှေ့ဘက်တွင် တည်ရှိသည့် မန်တောင်ရေကာတာ၊ ကယားပြည်နယ်၊ ဘော်လခဲမြို့နယ်၏ အရှေ့ဘက်တွင် တည်ရှိသည့် ရွာသစ်ရေကာတာနှင့် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွင်း သံလွင်မြစ်နှင့် သောင်းရင်းမြစ်ဆုံ၏ အောက်ဘက်တွင် တည်ရှိသည့် ဟတ်ကြီးရေကာတာတို့ဖြစ်ကြသည်။

သံလွင်မြစ်သည် ပြတ်ရွေ့ကြောနှစ်ခုပေါ်တွင် တည်ရှိသည့် မြစ်တစ်စင်းဖြစ်ပြီး ယင်းမြစ်တွင် ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ပါက သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု၊ ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်နှင့် လူမှုဘဝတို့ကို ဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သောကြောင့် သံလွင်မြစ်ကြောင်းတစ်လျှောက်တွင် ရေကာတာများ မတည်ဆောက်ရန် မြန်မာနိုင်ငံမြစ်ချောင်းများကွန်ရက်က ယခုလ ၁၉ ရက်နေ့တွင် မြန်မာဂျာနယ်လစ်ကွန်ရက်ရုံးခန်း၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်၍ တောင်းဆိုခဲ့သည်။

"ကျွန်တော်တို့ အတည်ပြုချက်မဟုတ်ပေမယ့် မှတ်တမ်းတင်ထားတာရှိတယ်။ သံလွင်မြစ်ဝှမ်းတစ်လျှောက် ဟတ်ကြီးရေကာတာရဲ့ အပေါ်ပိုင်းတစ်လျှောက် ထိခိုက်မယ့်ရွာက ၄၀ လောက်ရှိတယ်။ ဒါက တကယ့်ရွှေ့ပြောင်းရမယ့်နေရာ၊ တကယ်မြုပ်သွားမယ့်နေရာ။ ထိခိုက်တာနှစ်ခုပြောချင်ပါတယ်။ မြစ်ရဲ့ အထက်ပိုင်းနဲ့ မြစ်အောက်ပိုင်းနှစ်ခုပေါ့" ဟု ယင်းကွန်ရက်မှ ကိုစောသာဘိုးက ပြောသည်။

"မြစ်အထက်ပိုင်းမှာကျတော့ မြုပ်သွားလို့ ပြောင်းရတာက ချက်ချင်းပြောင်းရတာ။ မြစ်အောက်ပိုင်းမှာကျတော့ ရေပိတ်လိုက်၊

> သံလွင်မြစ်သည် ပြတ်ရွေ့ကြောနှစ်ခုပေါ်တွင် တည်ရှိသည့် မြစ်တစ်စင်းဖြစ်ပြီး ယင်းမြစ်တွင် ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ပါက သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု

လွှတ်လိုက်နဲ့။ ရေက ပိတ်လို့ရှိရင် ချက်ချင်းပင်လယ်ရေဝင်မှာပဲ။ ဝင်လို့ရှိရင် လူတွေက ရေချိုတွေ မရဘူး။ စိုက်ပျိုးရေအကျပ်အတည်းဖြစ်မယ်" ဟု ၎င်းက ပြောသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် သံလွင်မြစ်ကြောင်းတစ်လျှောက် ရေကာတာနှင့် ဆည်ဆောက်လုပ်ခြင်းလုပ်ငန်းများကို ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတွေရှိ ကုမ္ပဏီများထံသို့ လုပ်ကိုင်ခွင့်ပေးထားပြီး ယင်းစီမံကိန်းများ၏ အကျိုးအမြတ်ခွဲဝေမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝထိခိုက်မှု ဆန်းစစ်လေ့လာချက်များမှာ ပွင့်လင်းမြင်သာမှုမရှိဟု ကွန်ရက်က ထုတ်ပြန်ထားသည်။

"အရင်တစ်နှစ် တရုတ်အင်ဂျင်နီယာတွေလာတယ်။ သူတို့သံလွင်မြစ်တစ်လျှောက် မှတ်တမ်းတွေ လိုက်ယူတယ်လို့ပြောတယ်။ အဲဒါကို ကျွန်တော်တို့ ဒေသခံ အရပ်ဘက်အဖွဲ့အစည်းတွေက လိုက်မယ်လို့ပြောတော့ သူတို့က မလိုက်ရဘူးတဲ့။ ကျွန်တော်တို့က အစိုးရနဲ့ သဘောတူညီထားတဲ့အချက်တစ်ချက်ကို ထောက်ပြတယ်။ အဲဒါမှ လိုက်လို့ရတယ်။ နောက်ဆုံး ကျွန်တော်တို့ အသံဖမ်းထားတာတွေကို သူတို့က ယူသွားပြီး ဖျက်ပစ်လိုက်တယ်" ဟု ကရင်နီလူမှုအဖွဲ့အစည်းများကွန်ရက်မှ ကိုရယ်က ပြောသည်။

ဟတ်ကြီးရေကာတာတည်ဆောက်မှုစီမံကိန်းနှင့်ပတ်သက်၍ ဒေသခံများကို သက်ဆိုင်ရာ တာဝန်ရှိသူများက အသိပေးခြင်းနှင့် ရှင်းလင်းတင်ပြခြင်းများ မပြုလုပ်ကြောင်း လှိုင်းဘွဲ့မြို့နယ်တွင် နေထိုင်သူ ဒေသခံတစ်ဦးကပြောသည်။

"အစိုးရက ဟတ်ကြီးရေကာတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကို ဘာမှ အသိမပေးဘူး။ ရေကာတာသာ တည်ဆောက်မယ်ဆိုရင် ကျွန်တော်တို့ စားဝတ်နေရေးတွေ၊ လယ်ယာမြေစားသောက်လုပ်ကိုင်တာတွေ အဆင်မပြေဖြစ်လာနိုင်ပါတယ်" ဟု လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူကျေးရွာမှ ဒေသခံ ဦးစောဝင်းမောင်က ပြောသည်။

ဘားအံမြို့နယ်တွင် နေထိုင်သူတစ်ဦးကလည်း ဒေသခံများအနေဖြင့် ရေအားလျှပ်စစ်တည်ဆောက်မှုကြောင့် စားဝတ်နေရေး အခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း ပြောသည်။

"ကျွန်တော်တို့ ဒေသခံတွေ လယ်ယာလုပ်ကိုင်စားသောက်တဲ့နေရာမှာ အခက်အခဲတွေဖြစ်လာနိုင်ပါတယ်။ ဒီတစ်နေရာမှာ အခြေကျလာပြီးမှ နောက်တစ်နေရာ ထပ်ပြောင်းဖို့ဆိုတာက မလွယ်ကူပါဘူး" ဟု ဘားအံမြို့နယ်၊ မိကရင်ကျေးရွာမှ ကိုကျော်လှက ဆိုသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်တွင်းလုပ်ငန်းရှင်များနှင့် နိုင်ငံခြားကုမ္ပဏီများ၏ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု

မန္တလေးစာမျက်နှာ ၅ သို့

ရခိုင်သယံဇာတအရင်းအမြစ် အုပ်ချုပ်မှု လှုပ်ရှားမှုများ ဆက်လုပ်ဆောင်မည်

ခင်ဆုဝေ
jasminekhin@gmail.com

ရခိုင် သယံဇာတအရင်းအမြစ် အုပ်ချုပ်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နှစ် ဒီဇင်ဘာလအတွင်း ပြုလုပ်ခဲ့ပြီး နောက်ဆက်တွဲ လှုပ်ရှားမှုများအဖြစ် ထိုစဉ်က ထုတ်ပြန်ချက်များအား စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရခိုင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် လှုပ်ရှားမှု ကော်မတီ (ယာယီ)မှ ကော်မတီဝင် ဒေါ်ညိုအေးက မြန်မာတိုင်း(မ်)ကို ပြောသည်။

မြောက်ဦးမြို့တွင် ဒီဇင်ဘာ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့်အဆိုပါ ဆွေးနွေးပွဲတွင် ရွှေသဘာဝဓာတ်ငွေ့အား အသုံးပြု၍ မြို့ပြနှင့် ကျေးလက်ဒေသများတွင် မြန်မာပြည်မနှင့် တူညီသောဈေးနှုန်းဖြင့် ၂၄ နာရီလျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ပြုရန်၊ ရွှေဂက်စ် စီမံကိန်း အပါအဝင် ရခိုင်ပြည်နယ်ရှိ အခြားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများမှ ရရှိလာသော အကျိုးအမြတ်များကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ တိုက်ရိုက်စီမံခန့်ခွဲပိုင်ခွင့်နှင့် ယင်းစီမံကိန်းအားလုံးမှ အကျိုးအမြတ် ၅၀ ရာခိုင်နှုန်းကို ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုခွင့်ပေးရန်၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှုဆိုင်ရာနှင့် ပတ်သက်၍ ရခိုင်ပြည်သူများမှ ကိုယ်ပိုင် စီမံခန့်ခွဲပိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခိုင်အမာ ထည့်သွင်း

> ရွှေသဘာဝဓာတ်ငွေ့အား အသုံးပြု၍ မြို့ပြနှင့် ကျေးလက်ဒေသများတွင် မြန်မာပြည်မနှင့် တူညီသော ဈေးနှုန်းဖြင့် ၂၄ နာရီလျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ပြုရန်

ပြဋ္ဌာန်းပေးရန်နှင့် လုပ်ဆောင်မည့် စီမံကိန်းများအတွက် စစ်မှန်သော သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်နိုင်မှုဆိုင်ရာဆန်းစစ်ချက် စသည်များ ရယူရန်နှင့် ၎င်းတို့ကို မဖြစ်မနေ လုပ်ဆောင်ရမည့် ဥပဒေတစ်ရပ်ကို တရားဝင်ပြဋ္ဌာန်းပေးရန်၊ ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ အမွေအနှစ်များကို ယူနက်စကို၏ စံချိန်စံနှုန်းနှင့်အညီ ကာကွယ် ထိန်းသိမ်း စောင့်ရှောက်ဖော်ထုတ်ရန်၊ ရခိုင်ပြည်နယ်အတွင်းရှိ စီမံကိန်းအားလုံးနှင့် ပတ်သက်၍ နားလည်မှု စာချွန်လွှာများ၊ ထုတ်လုပ်မှုဆိုင်ရာ ခွဲဝေမှုစာချုပ်များကို ပြည်ထောင်အစိုးရက ပြည်သူများကို ပွင့်လင်းမြင်သာစွာချပြပေးရန်၊ အစိုးရအနေဖြင့် ရခိုင်ကမ်းရိုးတန်း တစ်လျှောက် ဒီရေတောနှင့် ဇီဝမျိုးကွဲများ၊ ပြုန်းတီးသွားသော သစ်တောများကို ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းပြီး ထိထိရောက်ရောက်ကာကွယ်ထိန်းသိမ်းပေးရန်နှင့် ပြန်လည်ထူထောင် စိုက်ပျိုးပေးရန်၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို မဖော်ဆောင်နိုင်သေးသရွေ့ ပြည်သူ့ဆန္ဒမပါပဲ လျာထားလုပ်ကိုင်ဆောင်ရွက်နေသော စီမံကိန်းများကို အမြန်ဆုံးရပ်တန့်ပေးရန်တို့ကို ထုတ်ပြန်ကြေညာခဲ့သည်။

"ထုတ်ပြန်ကြေညာချက်တွေကို ဆန္ဒပြပွဲအနေနဲ့ စည်းရုံးလှုံ့ဆော်သွားဖို့အတွက် အစည်းအဝေးတွေ စတင်လုပ်ဆောင်နေပါပြီ" ဟု ၎င်းက ဇန်နဝါရီ ၁၆ ရက်နေ့တွင် ဆိုခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ် ၁၉ မြို့နယ်မှ လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ စုစုပေါင်း ၁၆၀ ဦး တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ■

မန္တလေးနှင့် နယ်မြို့များမှ ချီတက်လာသည့် ကျောင်းသားများ ရန်ကုန်တွင် သပိတ်စခန်းဖွင့်မည်

မြတ်ကျော်သူ
mrattkthu@gmail.com

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရေးဆွဲပေးရန်အတွက် ရန်ကုန်မြို့သို့ ချီတက်လာကြသည့် ကျောင်းသားများက ရန်ကုန်မြို့သို့ ရောက်ရှိလာပါက သပိတ်စခန်းဖွင့်လှစ်ကာ ဆက်လက်တောင်းဆိုသွားမည်ဟု ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ရန်ကုန်မှာ အားလုံးပြင်ဆင်ထားပါတယ်။ သူတို့ ရောက်လာခဲ့ရင် သပိတ်စခန်းဖွင့်ပြီး ဆက်တောင်းဆိုသွားမယ်" ဟု ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ပြန်ကြားရေးတာဝန်ခံ ကိုရဲရင့်ကျော်က ပြောသည်။

ဥပဒေပြင်ဆင်ရေးဆွဲပေးရန် သပိတ်မှောက်ကျောင်းသားများက တောင်းဆိုထားသည်မှာ ရက် ၆၀ ပြည့်သွားသော်လည်း အစိုးရက တစ်စုံတစ်ရာမတုံ့ပြန်တော့သည့်အတွက် ယခုလ ၂၀ ရက်နေ့တွင် မန္တလေးမြို့မှ စတင်ကာ ဆန္ဒထုတ်ဖော်လာပြီဖြစ်သည်။

မန္တလေး အိမ်တော်ရာဘုရားမှ စတင်ကာ လူအင်အား ၁၀၀ ခန့်ဖြင့် စုဝေးလာခဲ့ပြီး ကျောက်ဆည်၊ မြင်းခြံ၊ ပခုက္ကူ၊ မကွေးနှင့် ပြည်မြို့များကိုဖြတ်ကာ ရန်ကုန်သို့ ချီတက်လာခြင်းဖြစ်သည်။

လမ်းတစ်လျှောက်ရှိမြို့များမှ ကျောင်းသားသမဂ္ဂများမှ ကျောင်းသားများက ပူးပေါင်းပါဝင်မည်ဖြစ်ပြီး ရန်ကုန်သို့ ရောက်ရှိရန် တစ်ပတ်ခန့်ကြာမည်ဟု ခန့်မှန်းထားကာ ရန်ကုန်ရောက်ပါက ရန်ကုန်မှ သပိတ်မှောက်ကျောင်းသားများနှင့် ပူးပေါင်းကာ သပိတ်စခန်းဖွင့်သွားမည်ဖြစ်သည်။

မန္တလေးမှစတင်ကာ သပိတ်မှောက်ကျောင်းသားများ စတင်ထွက်လာပြီး ၁၅ ရက်အတွင်း သပိတ်စခန်းဖွင့်သွားမည်ဖြစ်ပြီး မည်သည့်အချိန်၊ နေရာတွင် လုပ်မည်ကိုမူ ကြိုတင်ပြောဆိုနိုင်ခြင်း မရှိသေးဟု သပိတ်မှောက်ဦးဆောင်ကော်မတီဝင်များက ဆိုသည်။

အမျိုးသားပညာရေးဥပဒေကို သမ္မတဦးသိန်းစိန်က ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ တွင် လက်မှတ်ရေးထိုးခဲ့ပြီး လွှတ်တော်က အတည်ပြုပေးခဲ့ကာ ကျောင်းသားများကမူ အဆိုပါဥပဒေသည် ဒီမိုကရေစီကို အခြေခံကာ ရေးဆွဲထားသည့် ဥပဒေမဟုတ်ဘဲ ကျောင်းသားများ၏ လွတ်လပ်ခွင့်ကိုလည်း ထိန်းချုပ်ထားသည်ဟု ဆန့်ကျင်ခဲ့ကြသည်။

ထိုဥပဒေအား ပြင်ဆင်ပေးရန် ရက်ပေါင်း ၆၀ စောင့်ဆိုင်းခဲ့ကြသည်။ ■

အငြိမ်းစားဝန်ထမ်းများ ကန့်ကွက်မြေပေါ်၌ အဆောက်အအုံ ဆောက်လုပ်မှုအပေါ် တားမြစ်ပေးရန်တောင်းဆို

ဖြိုးဝေကျော်
pwkyaw@gmail.com

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပိုင်မြေများရှိနေသော သိပ္ပံလမ်းပေါ်မှ အိမ်မြေအကွက်အကွင်းတစ်ခုကို တွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

အမှုရှုံးသဖြင့် ပယ်ဖျက်ပြီးသော ဂရန်မြေကို ပြန်အသုံးချကာ ပြန်လည်တောင်းခံသူများရှိနေသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနပိုင်မြေပေါ်ရှိလစ်လပ်မြေနေရာ၌ အဆောက်အအုံ ဆောက်လုပ်ခြင်းအပေါ် တားမြစ်ပေးရန် တင်ပြခဲ့ကြောင်း အငြိမ်းစားစိုက်ပျိုးရေး ဝန်ထမ်းများ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

ကာလပေါက်ဈေး ကျပ် ၁၁၀ ဘီလျံကျော်တန်ကြေးရှိ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ ၆၇ လမ်းနှင့် ၆၈ လမ်းကြား၊ သိပ္ပံလမ်းမပေါ်၊ (ဓ ၁၀) ရှိ (၇ဒသမ၉၀ ဧက) အကျယ် မြေကွက်ကို ဦးကျော်ဝေ(ခေါ်) ဦးစန်းဝေဟွာပါ သုံးဦးအား ပြန်လည်ပေးအပ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ လမ်းညွှန်မှုသည် ကြီးမားသော လွဲမှားမှုဖြစ်နေသဖြင့် မှန်ကန်စွာ စိစစ်ဆုံးဖြတ်နိုင်ရန် သမ္မတအပါအဝင် သက်ဆိုင်ရာအစိုးရအဖွဲ့များထံ ပြီးခဲ့သော ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း သုံးကြိမ်တင်ပြခဲ့ကြောင်း အငြိမ်းစား စိုက်ပျိုးရေးဝန်ထမ်းများအဖွဲ့ဝင် ဦးလှရွှေက ပြောသည်။

ထို့ပြင် ယခုအခါ အဆိုပါမြေကွက်၏ အရှေ့မြောက်ထောင့်တွင် လေးခန်းတွဲ၊ လေးထပ်တိုက် အဆောက်အအုံနှစ်လုံး ဆောက်လုပ်နေသဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် မန္တလေးမြို့ မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်တို့ထံသို့ အဆောက်အအုံဆောက်လုပ်မှုကို တားမြစ်ပေးနိုင်ရန် ယခုလ ၈ ရက်က တင်ပြခဲ့ကြောင်း ၎င်းကပြောသည်။

"မြေကွက်ထဲက လက်ရှိအဆောက်အအုံတွေထဲမှာ ဝန်ထမ်းမိသားစု (၂၉) စုနေထိုင်ဆဲဖြစ်ပါတယ်။ သူတို့ကို အခုဆောက်နေတဲ့ လေးခန်းတွဲအဆောက်အအုံကိုရွှေ့ပြောင်းနေရာချပေးပြီး အရင်အဆောက်အအုံဟောင်းတွေနဲ့ ရုံးတွေကိုဖျက်သိမ်းလိုက်မှာမျိုး၊ ဖျက်သိမ်းပြီး လစ်လပ်သွားတဲ့ နေရာကောင်းက မြေနေရာကို ပြန်ပေးလိုက်မှာမျိုး ဖြစ်သွားမှာကို ကျွန်တော်တို့ စိုးရိမ်နေမိပါတယ်။ ဒီမြေကွက်ဟာ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာအရ အဆုံးအဖြတ်ပေးပြီးဖြစ်တဲ့ မြေဖြစ်လို့ ပြန်တောင်းနေသူတွေနဲ့ တစ်လက်မတောင် လုံးဝသက်ဆိုင်ခြင်း မရှိဘူးလို့ ကျွန်တော်တို့ အငြိမ်းစားဝန်ထမ်းတွေက ပြောချင်ပါတယ်" ဟု ဦးလှရွှေက ပြောသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့ထံသို့ အငြိမ်းစားဝန်ထမ်းများက အဆောက်အအုံ ဆောက်လုပ်မှုအပေါ် တားမြစ်ပေးရန် တင်ပြချက်အရ၊ စည်ပင်သာယာ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ တင်ပြလာသူအငြိမ်းစားဝန်ထမ်းများကို အဆိုပါဌာနသို့ ယခုလ ၁၄ ရက်နေ့တွင် ခေါ်ယူ ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ဌာနခွဲမှူးမှ ပြောကြားချက်အရ အထက်ပါမြေကွက်အမှတ် (ဓ/၁၀) ဦးပိုင်အမှတ် (၁၀) (၁၂) ရှိ မြေအကျယ် (၆၅ ပေ× ၃၂၀ ပေ) ပေါ်တွင် လေးခန်းတွဲ လေးထပ်တိုက် နှစ်လုံးဆောက်လုပ်ရန် တိုင်းစိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး၏ ပြီးခဲ့သောနှစ်၊ ဩဂုတ်လအတွင်း ဆောက်လုပ်ခွင့်လျှောက်ထားချက်အရ ဆောက်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးမွေးမြူရေးဝန်ကြီးတို့က ပြီးခဲ့သောနှစ်၊ နိုဝင်ဘာလအတွင်း ခွင့်ပြုပေးခဲ့သည်ဟု သိရကြောင်း ဦးလှရွှေက ပြောသည်။ ယခု

> အခုဆောက်နေတဲ့ လေးခန်းတွဲအဆောက်အအုံကို ရွှေ့ပြောင်းနေရာချပေးပြီး အရင်အဆောက်အအုံဟောင်းတွေနဲ့ ရုံးတွေကို ဖျက်သိမ်းလိုက်မှာမျိုး၊ ဖျက်သိမ်းပြီး လစ်လပ်သွားတဲ့

ကိစ္စနှင့်ပတ်သက်ပြီး အငြိမ်းစားဝန်ထမ်းများက ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ယခုလ ၁၆ ရက်နေ့တွင် ပေးပို့တင်ပြထားကြောင်းလည်း သိရသည်။

မြေရာဇဝင်အရ အဆိုပါနေရာမှာ ၁၉၀၇ ခုနှစ်မှစ၍ မူလတိုင်းမြေစာရင်းမြေပုံ မှတ်တမ်းအရ မန္တလေးအရှေ့တောင်မြို့နယ်၊ ကွင်းအမှတ် (၄၀၉ က) ဖြင့် တည်ရှိကြောင်း၊ ၎င်းမှာ စိုက်ပျိုးရေးသိပ္ပံနှင့်တွဲ၍ ဗဟိုစိုက်ပျိုးရေးခြံအတွင်း အကျုံးဝင်သောနေရာဖြစ်ကြောင်း၊ ပြီးခဲ့သော ၁၉၉၄ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်မြင့်အောင်၏ ညွှန်ကြားချက်အရ စိုက်/ ကြပ်အဖွဲ့ဖွဲ့စေပြီး ထိုအဖွဲ့အမည်ခံ၍ ဝန်ကြီးဌာနပိုင်မြေအား လုပ်ထုံးလုပ်နည်းနှင့် မညီဘဲ ရောင်းချခဲ့ကြောင်း၊ ၁၉၉၈ တွင် ဗိုလ်ချုပ်မြင့်အောင် အရေးယူခံရချိန်၌ ဒုဝန်ကြီး ဗိုလ်ချုပ်ခင်မောင်က ဝယ်ယူထားသူများကို ခေါ်ယူပြီး တရားမဝင်ဂရန်များဖြစ်၍ ပယ်ဖျက်ကြောင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းမြေကွက် ဝယ်ယူသူ ဦးစန်းဝေဟွာ၊ ဦးအိုက်ဆိုက်၊ ဦးစန်းဝေချင်းတို့ ကိုယ်စား ဦးကျော်ဝေ ဦးဆောင်၍ မြေကွက်ပြန်လည်ရလိုမှုဖြင့် မန္တလေးတိုင်း၊ စိုက်ပျိုးရေးမန်နေဂျာအား တရားစွဲဆိုခဲ့သော်လည်း ၂၀၀၆ ခုနှစ်၊ မန္တလေးတိုင်းတရားရုံး၏ ၂၀၀၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ (၂၉. ၂. ၂၀၀၈) ရက်စွဲပါစီရင်ချက်ဖြင့် တရားလို၏ စွဲဆိုမှုများကို စရိတ်နှင့်တကွ ပလပ် ခဲ့ကြောင်း၊ တရားလိုမှ အထက်ရုံးသို့ အယူခံဝင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့ကြောင်း အငြိမ်းစားဝန်ထမ်းများ၏ သမ္မတထံတင်ပြချက်အရ သိရသည်။ ■

ရေအားလျှပ်စစ်၊ ငလျင်ပြတ်ရွေ့ကြော . . .

မန္တလေးစာမျက်နှာ ၃ မှ

သို့မဟုတ် B.O.T စနစ်ဖြင့် သံလွင်မြစ်ကြောင်းတစ်လျှောက်တွင် ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ ရှင်းလင်းတင်ပြခဲ့ဖူးသည်။

ယင်းစီမံကိန်းများအနက် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့အရှေ့ဘက် တန့်ယန်းမြို့နယ်အတွင်းရှိ နောင်ဖ ရေကာတာ၊ မန်တောင်ရေကာတာ စီမံကိန်းနှစ်ခုကို တရုတ်နိုင်ငံမှ ဟိုက်ဒရိုချိုင်းနားကုမ္ပဏီနှင့် ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သော International Group of Entrepreneurs တို့က ပူးပေါင်း အကောင်အထည်ဖော်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်း နားလည်မှု စာချွန်လွှာ ရေးထိုးခဲ့သည်။

သံလွင်မြစ်ကြောင်းသည် ကျောက်ကြမ်းပြတ်ရွေ့ကြောင်းနှင့် နမ့်တင်ပြတ်ရွေ့ကြောင်းတို့တို့ပေါ်တွင် တည်ရှိနေသည့် မြစ်တစ်စင်းဖြစ်သည့်အတွက် ငလျင်နှင့်ပတ်သက်သည့် ဆန်းစစ်လေ့လာမှုများ နက်နက်ရှိုင်းရှိုင်း လေ့လာရန်၊ စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝထိခိုက်မှုများ၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် စီမံကိန်းများ၏ လုံခြုံရေး၊ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ စသည့်အချက်အလက်များကို ဆန်းစစ်လေ့လာရန် မြစ်ချောင်းများကွန်ရက်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ ပေးပို့ထားသော အိတ်ဖွင့်ပေးစာတွင် ဖော်ပြထားသည်။

"သံလွင်မြစ်သည် ငလျင်ဖြစ်လွယ်သောဒေသတွင် စီးဆင်းနေသည်။ အကယ်၍ အပေါ်ယံတွင် ရေသိုလှောင်မှုများမည်ဆိုပါက ရေဖိအားသည် မြေအောက်ရှိ ပြတ်ရွေ့ကြောများအပေါ် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကာ ငလျင်ကို ပိုမိုဖြစ်စေနိုင်မည်" ဟု တရုတ်ပညာရှင်တစ်ဦးဖြစ်သူ Fan Xiao ၏ ပြောကြားချက်ကို ကိုးကား၍ အိတ်ဖွင့်ပေးစာတွင် ထည့်သွင်းဖော်ပြထားသည်။

ထို့ပြင် စီမံကိန်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ ချပြရန်နှင့် အခြားရွေးချယ်စရာဖွံ့ဖြိုးရေးအစီအစဉ်များကို ရှာဖွေရန်လည်း အဖွဲ့က တိုက်တွန်းထားသေးသည်။

သံလွင်မြစ်ကြောင်းတစ်လျှောက်တွင် ရေကာတာတည်ဆောက်မည့် အစီအစဉ်ကို ဒေသခံပြည်သူလူထု၏ ကန့်ကွက်လက်မှတ်ခြောက်သောင်းကျော်ကိုလည်း မြန်မာနိုင်ငံမြစ်ချောင်းများကွန်ရက်က လွန်ခဲ့သည့်နှစ်အတွင်း ကောက်ယူထားခဲ့သည်။

ထို့ပြင် သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်နှင့် ဒေသခံပြည်သူလူထု၏ လူမှုဘဝတို့ကို ထိခိုက်စေနိုင်သည့် သံလွင်မြစ်ကြောင်းတစ်လျှောက် ရေကာတာဆောက်လုပ်ခြင်းစီမံကိန်းများကို ရပ်တန့်ပေးရန်လည်း ယင်းကွန်ရက်က ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသံရုံးများသို့ လက်မှတ်များမိတ္တူနှင့် အိတ်ဖွင့်ပေးစာများ ပေးပို့ခဲ့သည်။

တရုတ်နိုင်ငံမှ မြန်မာနှစ်နိုင်ငံသို့ ဖြတ်သန်းစီးဆင်းနေသော သံလွင်မြစ်ပေါ်တွင် တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်စီစဉ်ထားသည့် ရေအားလျှပ်စစ်စီမံကိန်းမှာ အနည်းဆုံး ၁၅ ခုခန့်ရှိသည်ဟု The International Rivers အဖွဲ့၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။ ■

မြန်မာနိုင်ငံလုံး ဆိုင်ရာ . . .

မန္တလေးစာမျက်နှာ ၁ မှ

ထားပါတယ်” ဟု ဦးလှထွန်းက ရှင်းပြသည်။

နတ်ရေကန်တွင် ပြုလုပ်မည့် ငါးပြိုင်ပွဲတွင် မိရိုးဖလာတန်ဖိုးမြှင့် ရေထွက်ပစ္စည်းထုတ်လုပ်မှုပြိုင်ပွဲ၊ မိရိုးဖလာငါးဖမ်းကိရိယာတီထွင်ထုတ်လုပ်မှုပြိုင်ပွဲ၊ ရှားပါးငါးမျိုးစိတ်(အရှင်) ဖော်ထုတ်ပြသမှုပြိုင်ပွဲ၊ တိုင်းရင်းငါး (အရှင်) ပြိုင်ပွဲ၊ အလှမွေးငါး (အရှင်) ပြိုင်ပွဲနှင့် ငါးတိုက်ပြိုင်ပွဲ၊ ငါး၊ ပုစွန် အစာထုတ်လုပ်မှုပြိုင်ပွဲ၊ တန်ဖိုးမြှင့် ရေထွက်ပစ္စည်းထုတ်လုပ်မှုပြိုင်ပွဲ၊ တန်ဖိုးနည်း ငါးသားဖောက်စခန်း ထုတ်လုပ်ရေးပုံစံ (Backyard Hatchery)ဒီဇိုင်းပြိုင်ပွဲဟူ၍ အမျိုးအစား ရှစ်မျိုး ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲတွင် မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (စစ်ကိုင်း)၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းရှင်များအသင်း၊ အလှငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ငါးပြပွဲ၊ ပြိုင်ပွဲကို ရန်ကုန်မြို့ တိုင်းရင်းသားကျေးရွာတွင် ဇန်နဝါရီလ အစောပိုင်းကကျင်းပပြုလုပ်ခဲ့ပြီး ပြိုင်ပွဲ ရှစ်မျိုးတွင် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ လေးမျိုးပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ မန္တလေးမြို့တွင်ကျင်းပမည့် ငါးပြိုင်ပွဲ၊ ပြပွဲတွင်ပြခန်းပေါင်း ၂၀ ဝန်းကျင် ပါဝင်ပြသမည်ဖြစ်ကာ ဧရာဝတီလင်းပိုင်နှင့် လုပ်ရှားဆောင်ရွက်မှု ပညာပေးပြခန်းများ၊ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးပြကွက်များ၊ ပင်လယ်ငါးဖမ်းဆိုင်ရာပြခန်း၊ မြန်မာတိုင်းရင်းငါးများနှင့် ရှားပါးငါးမျိုးစိတ်များ ပြခန်းများ ပါဝင်မည်ဟုသိရသည်။ ■

ကျောင်းသားသမဂ္ဂ ပြန်လည် . . .

မန္တလေးစာမျက်နှာ ၁ မှ

သည်ဟုသိရသည်။

ရတနာပုံတက္ကသိုလ် ကျောင်းသားသမဂ္ဂအနေဖြင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ လမ်းစဉ်အတိုင်း လိုက်ကာ အမျိုးသားရေး၊ ကျောင်းသားအရေး၊ ပညာရေး၊ ဒီမိုကရေစီအရေး တို့ကို တောင်းဆိုသွားမည်ဟု သိရသည်။

ထို့ပြင် အသစ်ပြန်လည်ဖွဲ့စည်းလိုက်သည့် သမဂ္ဂအနေဖြင့် ယခင်အမှုဆောင်အဖွဲ့က ကျောင်းတာဝန်ရှိသူများထံ တောင်းဆိုထားသည့် တက္ကသိုလ်ဝင်ပေါက်များကို ပြန်လည်ဖွင့်ထားရေး၊ ကားပါကင်များကို စနစ်တကျထားရှိရေး၊ ကျောင်းအတွင်း စာဖတ်ဝိုင်းထားရှိရေး၊ ကျောင်းသားသမဂ္ဂ လွတ်လပ်စွာလှုပ်ရှားခွင့်ရရှိရေးနှင့် အမျိုးသားပညာရေးဥပဒေကို ရှင်းလင်းခွင့်ရရှိရေး စသည့်အချက်ငါးချက်ကို ဆက်လက်တောင်းဆိုသွားမည်ဟု သိရသည်။ ■

ဦးပိန်တံတားနှင့် တောင်သမန်အင်းကို တွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

ဦးပိန်တံတား ဆက်လက်ပြုပြင်ရန် အဆင်သင့်ရှိဟုဆို

ဖြိုးဝေကျော်နှင့် လှိုင်ကျော်စိုး
pwkyaw@gmail.com
hlaingkyawsoe85@gmail.com

အမရပူရမြို့တွင် တောင်သမန်အင်းကိုဖြတ်လျက် တည်ဆောက်ထားသော နာမည်ကျော် ဦးပိန်တံတား၏ ကြံ့ခိုင်မှုအားနည်းသောအပိုင်းများကို ဆက်လက်ပြုပြင်ရန် အဆင်သင့်ရှိကြောင်း အဆိုပါတံတားပြုပြင်ထိန်းသိမ်းရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

အောက်ခြေမရှိတော့သော ကျွန်းတိုင်လုံးများလည်းရှိနေပြီး အချို့နေရာများတွင် ကွန်ကရစ်တိုင်များဖြင့် အစားထိုးထားရသော ဦးပိန်တံတား၏ ကြံ့ခိုင်မှုမရှိသော ကြမ်းခင်းများ၊ ယက်မများကို တံတားပြုပြင်ထိန်းသိမ်းရေးကော်မတီက အလှူရှင်တစ်ဦး၏ မတည်ငွေဖြင့် ယခင်နှစ်အတွင်း သုံးကြိမ်ပြုပြင်ခဲ့ပြီးဖြစ်ကာ ယခုအခါ ဆက်လက်ပြုပြင်ရန် အဆင်သင့်ဖြစ်နေကြောင်း ၎င်းက ပြောသည်။

“အခု ကျွန်တော်တို့ လိုအပ်တဲ့ သစ်သား၊ သံကအစ ကျပ် ၂၈ သိန်းဖိုး ဝယ်ထားပြီးပါပြီ။ ရှေးဟောင်းယဉ်ကျေးမှုဌာနကို ပြီးခဲ့တဲ့နှစ်နိုဝင်ဘာလထဲမှာ ဆက်လက်ပြုပြင်ခွင့်အတွက် စာတင်ထားတာ အခုထိ မကျလာသေးပါဘူး။ တံတားပြုပြင်ဖို့ မဟာဂန္ဓာရုံ ကျောင်းတိုက်က နာယက ဆရာတော်ကြီးတွေကလည်း စောင့်ကြည့်နေကြပါတယ်” ဟု တံတားပြုပြင်ထိန်းသိမ်းရေး ကော်မတီအတွင်းရေးမှူးဦးစိုးဝင်းက ယခုလ ၂၀ ရက်တွင် ပြောသည်။

၎င်းတို့အနေဖြင့် လိုအပ်သော ပစ္စည်းများဝယ်ယူပြီး ရှေးဟောင်းယဉ်ကျေးမှုဌာနသို့ လွှဲပြောင်းပေးကာ ဌာနမှ ဦးဆောင်ပြင်ဆင်မည်ဆိုပါကလည်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

“ကျွန်တော်တို့ ပူးပေါင်းအလုပ်လုပ်ချင်ပါတယ်။ ကျွန်တော်တို့ အရင်ကပြုပြင်ခဲ့တာတွေကိုလည်း မှတ်တမ်းမှတ်ရာတွေနဲ့ ပြန်တင်ပြပေးပါတယ်။ ပျက်စီးနေတဲ့ တိုင်လုံးတွေမှာ လဲလှယ်သင့်တာတွေ ရှိပေမယ့် ကျွန်တော်တို့အနေနဲ့ တိုက်ရိုက်လုပ်ခွင့်မရှိဘဲ ဌာနရဲ့ ခွင့်ပြုချက်လိုအပ်ပါတယ်”ဟု ဦးစိုးဝင်းက ဆက်လက်ပြောသည်။

အဆိုပါတံတား၏ ကြံ့ခိုင်မှု မရှိတော့သည့် ယက်မများ၊ ကြမ်းခင်းများကို တိုင်းဒေသကြီး အစိုးရက ထောက်ပံ့ငွေကျပ် ၁၃၄ သိန်းဖြင့် ပြီးခဲ့သောနှစ် မတ်လ တတိယပတ်တွင် ပြုပြင်ခဲ့သည်။ အခန်းအရေအတွက်ပေါင်း ၄၈၀ ကျော်ရှိကာ မြို့စာရေးဦးပိန်က ကျွန်းတိုင်ပေါင်း ၁,၀၀၀ ကျော် အသုံးပြုဆောက်လုပ်ခဲ့သော ဦးပိန်တံတားမှာ ယခုအခါ တိုင်လုံးများ လျော့နည်းပပျောက်ခဲ့ပြီဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် တံတားပေါ်မှ ပြုတ်ကျသူများလည်း ရှိခဲ့ကာ အသက်ဆုံးရှုံးခဲ့သူများလည်း ရှိကြောင်း သိရသည်။ ■

> လဲလှယ်သင့်တာတွေ ရှိပေမယ့် ကျွန်တော်တို့ တိုက်ရိုက်လုပ်ခွင့်မရှိဘဲ ဌာနရဲ့ခွင့်ပြုချက် လိုအပ်

HOUSE OF THE WEEK

ဓာတ်ပုံ – လှိုင်ကျော်စိုး

ဆက်သွယ်ရန်လိပ်စာ – ကောင်းဟိန်းဆက် အိမ်ခြံမြေအကျိုးဆောင်။
ဈေးနှုန်း – အရောင်း (ညှိနှိုင်း)။
ဖုန်းနံပါတ် – ၀၉ ၂၅၆၄၉၅၈၅၀၊ ၀၉ ၄၇၁၁၄၂၀၇၊ ၀၉ ၃၃၅၆၉၉၁၆။

ပြင်ဦးလွင်မြို့ကအဖြူရောင်တစ်ထပ်တိုက်လေး

လှိုင်ကျော်စိုး
hlaingkyawsoe85@gmail.com

ပြင်ဦးလွင်မြို့က နေချင်စရာကောင်းတဲ့ အဖြူရောင်တစ်ထပ်တိုက်လေးနဲ့ ဒီတစ်ပတ်မှာ မိတ်ဆက်ပေးချင်ပါတယ်။

အဖြူရောင် တစ်ထပ်တိုက်လေးဟာ ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်မှာတည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့နေရာလေးမှာ တည်ရှိပါတယ်။

အနီးအနားမှာလည်း ကားကြီးဝင်းရှိနေတဲ့အတွက် အချက်အချာကျပြီး စည်ကားတဲ့ နေရာလေးလည်း ဖြစ်ပါတယ်။

နဝရတ်လမ်းသွယ်မှာတည်ရှိတဲ့ ဒီအိမ်လေးဟာ အေးချမ်းစွာ အနားယူလို့ရတဲ့ နေရာလေးဖြစ်ပါတယ်။ အနီးအနားမှာလည်း အိမ်ရှင်မတွေအတွက် ဈေးတည်ရှိပါတယ်။

တိုက်လေးရဲ့ ညှော်ခန်းကိုကျယ်ကျယ်ဝန်းဝန်းဖွဲ့စည်းထားပြီး ထမင်းစားခန်းကိုလည်း ခေတ်မီလှပစွာ ပြင်ဆင်ထားပါတယ်။ အိပ်ခန်းနှစ်ခန်း ပါဝင်ပါတယ်။ တစ်ထပ်တိုက်လေးရဲ့ အတွင်းပိုင်းမှာ ကြွေပြားတွေခင်းထားပြီးတော့ အိပ်ခန်းတွေအကုန်လုံးမှာ ဗိုလ်ထိုင်အိမ်သာနဲ့ ရေချိုးခန်း တွဲလျက်ပါပါတယ်။

မကြာမီကျရောက်မယ့် မန္တလေးနွေရဲ့ အပူဒဏ်ကို ရှောင်ရှားဖို့အတွက် အပန်းဖြေအိမ်အဖြစ် ထားချင်သူတွေအတွက်လည်း အဆင်ပြေနိုင်မယ့် အိမ်လေးပါပဲ။

ခြံအကျယ်အဝန်းကတော့ ပေ ၄၀× ပေ ၆၀ ရှိပါတယ်။ ■

စိတ်ကြွ ရူးသွပ်ဆေးများ ဖမ်းဆီးရမိ

တိုးဝေအောင်
toewaiaung.mcm@gmail.com

ဇန်နဝါရီ ၁၇ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးက တပ်ဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်၊ ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး (လားရှိုး)က ပူးပေါင်းတပ်ဖွဲ့ဝင်များသည် လားရှိုးမြို့၊ ရပ်ကွက်(၇) နေ ထွန်းထွန်း (၄၃ နှစ်)၏ နေအိမ်သို့ မူယစ်သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနေအိမ် အိပ်ခန်းအတွင်းရှိ တိုင်တွင် ချိတ်ထားသော လက်ဆွဲအိတ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀ ပြား၊ ဘိန်းဆီခဲ ၃၄ ဂရမ်နှင့် ကျောက်စိမ်း ၃၂၀ ကီလို တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ရဲဇာနည်ဖေ့ဘွတ်ခ်တွင် ဖော်ပြထားသည်။

ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၁၉)၊ အမှတ် (၃၇၄) နေ မကျိုးဖုန်ဇော်(၃၈ နှစ်) ၏ နေအိမ်သို့ ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ လျှုအမ်းကျင် (၇၀ နှစ်)ကို တွေ့ရှိပြီး မီးဖိုဆောင် မြေကြီးအတွင်း မြှုပ်ထားသည့် ပလတ်စတစ်ဘူးအတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၅,၈၅၀ နှင့် အိပ်ခန်းခုတင် ခေါင်းရင်းရှိ လက်ဆွဲအိတ်အတွင်း ပလတ်စတစ်ဖြင့် ထုပ်လျက်ဘိန်းဆီခဲ ၁ ဒသမ ၁ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သောကြောင့်အရေးယူပေးရန်တိုင်ကြားခဲ့သည်။

ထို့ကြောင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် ကျောက်မျက်ဥပဒေအရတို့အရ အသီးသီး အမှုဖွင့်အရေးယူခဲ့ကြောင်း ဖော်ပြထားသည်။ ■

အဓိကဆုံချက်ဖြစ်လာမည့် အင်းခရုလမ်းဆုံ အိမ်မြေဈေးကွက်

ဖြိုးဝေကျော်
pwkyaw@gmail.com

မန္တလေးမြို့ရဲ့ မြို့သစ်ရပ်ကွက်ကြီးဧရိယာနဲ့ စက်မှုဇုန်ဧရိယာကြားက အင်းခရုလမ်းဆုံတစ်ဝိုက်ဟာ အချက်အချာနေရာတွေကို ကူးသန်းသွားလာနိုင်တဲ့လမ်းတွေရဲ့ ဆုံချက်အဖြစ် ပိုမိုပီပြင်လာနေပြီး ဒီဆုံချက်အနီးတစ်ဝိုက်က အိမ်မြေအကွက်အကွင်းတွေဟာ မျက်ခြည်ပြတ်မခံသင့်တဲ့ နေရာတွေဖြစ်ကြောင်း မြို့သစ်က အိမ်မြေအကျိုးဆောင်အများစုက သုံးသပ်နေကြပါတယ်။

အင်းခရုလမ်းဆုံတစ်ဝိုက်က မြို့သစ်အိမ်ခြံမြေအကွက်အကွင်းကို သေချာလေ့လာကြည့်ရင် အလားအလာကောင်းတွေရှိနေတာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒီလမ်းဆုံဟာ မြို့သစ်ရဲ့ အဓိကကျတဲ့ တောင်မြောက်သွားလမ်းမကြီးဖြစ်တဲ့ ၆၂ လမ်း၊ ပြီးတော့ မြို့ကွက်သစ်ဖက်မှာ စည်ကားပြီး အကွက်အကွင်းသစ် လမ်းတစ်လမ်းဖြစ်တဲ့ မင်းကြီးရန်နောင်လမ်း၊ ရန်ကုန်-မန္တလေးလမ်းနဲ့ ချိတ်ဆက်ပေးတဲ့ စက်မှုပန်းခြံလမ်းတို့ရဲ့ အဓိကဆုံချက်နေရာတစ်ခု ဖြစ်ပါတယ်။

အခုအခါမှာ ဒီလမ်းဆုံနေရာက ၆၂ လမ်းကို ချဲ့ထွင်နေရာမှာ၊ အင်းခရုလမ်းဆုံဟာ မင်းကြီးရန်နောင်လမ်း၊ စက်မှုပန်းခြံလမ်း၊ ၆၂ လမ်းနဲ့အတူ ကုသိုလ်တော်လမ်းနဲ့ပါ တစ်ဆက်တစ်စပ်တည်း ဖြစ်လာတော့မှာပါ။ လမ်းဆုံနေရာမှာရှိနေတဲ့ လမ်းတွေ တစ်လမ်းချင်းစီကို ပြန်သုံးသပ်ကြည့်ရင် ၆၂ လမ်းဟာ မြို့တွင်းကနေ မြို့သစ်ကို ဖြတ်ပြီး စက်မှုဇုန်အထိ ဆက်သွယ်ပေးပါတယ်။ မင်းကြီးရန်နောင်လမ်းက မြို့သစ်နဲ့ မြို့အရှေ့ဖျားက မြို့ပတ်လမ်းအထိ ချိတ်ဆက်ပေးပါတယ်။

နောက်တစ်လမ်းဖြစ်တဲ့ ကုသိုလ်တော်လမ်းဟာ မြို့သစ်ဘက်က တိုးလျှိုပေါက်ဆင်းလာတဲ့ ၆၈ လမ်းနဲ့ ဆက်နေပါတယ်။ ခြုံငုံပြောရရင် ဒီလမ်းဆုံတစ်ဝိုက်ဟာ မြို့သစ်နဲ့ တိုးချဲ့လာတဲ့ မြို့ကွက်သစ် ဧရိယာရော၊ မြို့တွင်းအတွက်ပါ အရေးပါတဲ့နေရာတစ်ခု ဖြစ်ပါတယ်။

ဆက်ပြီး စဉ်းစားစရာရှိနေတာက မင်းကြီးရန်နောင်လမ်းရဲ့အရှေ့ဖျားက အိမ်ရာစီမံကိန်း တစ်ဝိုက်မှာရှိတဲ့ လမ်းတွေဟာ အနေအထားတွေကောင်းလာပြီး ဖွံ့ဖြိုးဖို့ အလားအလာ ကောင်းနေသလို အင်းခရုလမ်းဆုံတောင်ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်းမှာ ကားကြီးကွင်းနဲ့ တခြားစီမံကိန်းတွေရှိနေတာ၊ တံတားဦးအဝိုင်းပတ်နဲ့ ချိတ်ဆက်သွားမယ့် အနေအထားတွေရှိနေတာ၊ လမ်းဆုံတစ်ဝိုက်က လမ်းတွေဟာ မြို့ကွက်သစ်ဧရိယာ တစ်ခုလုံးနဲ့ မြို့ရဲ့အရှေ့ဖျား အနောက်ဖျားကို ကွန်ရက်လို ချိတ်ဆက်သွားမယ့် အခြေအနေရှိနေတာပါ။

အခုအခါ မြို့ကွက်သစ်တွေမှာ အများစုက ခေါ်နေတဲ့ အိမ်မြေဈေးနှုန်းတန်းတွေဟာ အမြင့်ဆုံးကိုရောက်နေတယ်လို့ ဆိုရမယ့်အနေအထားလို့ အိမ်မြေအကျိုးဆောင်အများစုက သုံးသပ်ကြပါတယ်။ ဒီလိုအခြေအနေမှာ ရှေ့အလားအလာကောင်းရှိတဲ့ နေရာမျိုးကို ရွေးချယ်နိုင်မှသာ ကိုယ် ရင်းနှီးထားတဲ့ငွေအတွက် ထိုက်သင့်တဲ့ အကျိုးအမြတ်သေချာမှာဖြစ်ပြီး ဒီအင်းခရုလမ်းဆုံတစ်ဝိုက်ကတော့ မဖြစ်မနေထည့်သွင်းလေ့လာသင့်တဲ့အပိုင်းလို့ ဈေးကွက်ကျွမ်းကျင်သူတွေက သုံးသပ်ကြပါတယ်။ ■

အင်းခရုလမ်းဆုံကို ၆၂ လမ်းပေါ်က တွေ့မြင်ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

ဇန်နဝါရီလ တတိယပတ်မှာ မေလေးတက်ရောက်ခဲ့ရတဲ့ပွဲတွေကို ဝေဝေဆာဆာလေး ဖော်ပြပေးလိုက်ပါတယ်နော်. . . ။

ပညာရည်ချွန်ဆုပေးပွဲ

ဦးညာဏ်ဝင်း

ဇန်နဝါရီလ ၁၀ ရက်နေ့ ညနေပိုင်းက Utopia ခန်းမမှာ ပြုလုပ်တဲ့ မြတ်ရတနာ ကိုယ်ပိုင်အထက်တန်းကျောင်းရဲ့ အာစရိယပူဇော်ပွဲနဲ့ ပညာရည်ချွန်ဆုပေးပွဲလေးကတော့ ဒီတစ်ပတ်မေလေး ပထမဆုံးတက်ရောက်ခဲ့တဲ့ပွဲလေးပါ။


ဒေါက်တာမိုးမိုး

ဦးကျော်ဝင်းမောင်နဲ့ ဦးထွန်းမြတ်လူ

ရှင်းသန့်ကိုကို၊ သီရိပြီမ်းချိုမောင်နဲ့ ဟိန်းထက်အောင်

ဒေါ်ချစ်ချစ်

ဒေါ်စန်းစန်းထွေး

ချစ်စန္ဒီဦး

ဆိုင်ခွဲသစ်ဖွင့်ပွဲ

ဒေါ်နွယ်နွယ်ဝင်း

ဦးဝင်းမောင်

ဈေးချိုတတိယထပ်မှာ ဖွင့်လှစ်ထားတဲ့ မိုးကုတ်ကျောက်မျက်ရတနာဆိုင်ရဲ့ ဆိုင်ခွဲသစ်ကို လမ်း ၆၀ နဲ့ ၃၄ လမ်းထောင့်မှာ ဇန်နဝါရီလ ၁၂ ရက်နေ့က ဖွင့်လှစ်ခဲ့ပါတယ်။

ဒေါ်နန်းခင်မာလာ

ဆုပန်ထွာ

အရိုးအဆစ်စင်တာ မိတ်ဆက်ပွဲ

ဒေါ်နုနုရီ

မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းနဲ့ Chirohealth Bangkok အရိုးအဆစ်နဲ့ Anti-Aging ကုသရေးစင်တာတို့ပူးပေါင်းပြီး ခွဲစိတ်ကုသမှုမလိုဘဲ ကျန်းမာရေးပြန်လည်ကောင်းမွန်စေမယ့် ကုထုံးများအကြောင်း ဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၇ ရက်နေ့က မန္တလေးဆီဒိုးနားဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့တာပါ။

မယဉ်သူဆွေ

Ms Nam

ကိုဝေမင်းမောင်

မခင်စိန်နဲ့ မစုငယ်

လျော်ကြေးငွေ ပေးအပ်ပွဲ

ဦးမောင်မောင်

ဦးနေမျိုးအောင်

မုံရွာမြို့ IKBZ ရုံးတွင် အာမခံထားရှိသည့် အဆောက်အအုံမီးလောင်ဆုံးရှုံးမှုလျော်ကြေးနဲ့ အထူးခရီးသွားအာမခံလျော်ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၇ ရက်နေ့ မနက်ပိုင်းက မုံရွာမြို့ ဝင်းယူနတီဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။

ဒေါ်နီလာကိုနဲ့ ဒေါ်ဒေဝီလှိုင်

ဦးမျိုးသန့်ဇော်

မွေးနေ့ပွဲ

ဇန်နဝါရီလ ၁၃ ရက်နေ့မှာ ကျင်းပခဲ့တဲ့ပွဲလေးကတော့ ဖေဖေ ကိုဖြိုးဝေကျော်နဲ့ မေမေ မသွယ်သွယ်ဖီ တို့ရဲ့ တစ်ဦးတည်းသောသားလေး အောင်ပြည့်သီဟရဲ့ နှစ်နှစ်ပြည့် မွေးနေ့ပွဲလေးပဲ ဖြစ်ပါတယ်။

အောင်ပြည့်သီဟ၊ မသွယ်သွယ်ဖီနဲ့ ကိုဖြိုးဝေကျော်

HEARTBEAT OF THE NATION

MDY Extra

မြန်မာတိုင်းမ်
MYANMAR TIMES

www.mmtimes.com

အတွဲ-၃၆၊ အမှတ်-၇၀၈ (၂၃ - ၂၉၊ ၁၊ ၂၀၁၅)

အစားထိုးပြေးဆွဲမည့် တွဲဆိုင်းသစ်များကို တွေ့ရစဉ်။ ဓာတ်ပုံ - သန့်နိုင်စိုး

မန္တလေး-မြစ်ကြီးနားခရီးစဉ်ကို အိန္ဒိယနိုင်ငံလုပ် ရထားတွဲဆိုင်းသစ်များဖြင့် စတင်အစားထိုးပြေးဆွဲ

သန့်နိုင်စိုး
thennaingsoe@gmail.com

မန္တလေး - မြစ်ကြီးနားရထားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော အမှတ် ၃၃ အဆန်/၃၄ အစုန် အထူးအိပ်စင်ရထားကို အိန္ဒိယနိုင်ငံလုပ် တွဲဆိုင်းအသစ်များဖြင့် ဇန်နဝါရီလ ၁၇ ရက်နေ့မှစ၍ အစားထိုးလဲလှယ် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

"မန္တလေးတိုင်းနဲ့ ကချင်ပြည်နယ်တို့ရဲ့ လမ်းပန်းဆက်သွယ်ရေးမှာ မြန်မာ့မီးရထားဟာ အဓိကအရေးပါနေဆဲ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေဖို့နဲ့ ကုန်စည်စီးဆင်းမှု မြန်ဆန်ဖို့အတွက် မြန်မာ့မီးရထားရဲ့ကဏ္ဍကို တစ်ဆင့်ပြီး တစ်ဆင့် ပိုမိုတိုးတက် ကောင်းမွန်လာဖို့ ကြိုးပမ်း ဆောင်ရွက်နေပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက ပြောသည်။

လူစီးတွဲများ သန့်ရှင်းသပ်ရပ်ကောင်းမွန်အောင် အဆင့်မြင့်တင်သည့်အနေနှင့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းကလည်း အမှတ် ၅၅ အဆန်နှင့် အမှတ် ၅၆ အစုန် အထူးအမြန် ရထားတွဲဆိုင်းများကို အစားထိုးပြေးဆွဲခဲ့သည်။

"ခရီးသည်တွေ သက်သောင့်သက်သာ သွားလာနိုင်ဖို့အတွက် လမ်းပိုင်းတွေ ကောင်းမွန်အောင် ဆောင်ရွက်ပေးနေပါတယ်။ ပြီးတော့ ရထားတွေ အချိန်မှန်ကန်ရေးနဲ့ ပြေးဆွဲချိန်လျော့ချနိုင်ရေး အတွက်လည်း စီမံချက်တွေ ရေးဆွဲနေပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေး- မြစ်ကြီးနား ရထားလမ်းပိုင်းသည် ခရီးမိုင် ၃၄၂ မိုင်ကျော်ရှိပြီး တစ်ရက်လျှင် ခရီးသည် ပျမ်းမျှ ၁,၃၅၀ ဦး စီးနင်းသည်။ ■

စပါးနှံ ကျွတ်၊ တာယာစက်ရုံလုပ်သားများ ထိုင်သပိတ်မှောက် ဆန္ဒဖော်ထုတ်မှု ပြေလည်မှု မရှိသေး

ကျော်ကိုကို
kyawkoko.mdy991@gmail.com

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန် မြို့နယ် စက်မှုပန်းခြံလမ်းပေါ်ရှိ စပါးနှံကျွတ်၊ တာယာစက်ရုံ လုပ်သားများက အလုပ်ဖြုတ်ခံရသည့် အလုပ်သမားများ အလုပ် ပြန်လည်ရရှိစေရေးအတွက် ယခုလ ၁၆ ရက်နေ့တွင် စက်ရုံပေါက်၌ ထိုင်သပိတ်မှောက် ဆန္ဒဖော်ထုတ်မှုပြုလုပ်ခဲ့ပြီး ယခုလ ၂၀ ရက်နေ့ထိ စက်ရုံဘက်က ပြေလည်အောင် ဖြေရှင်းပေးနိုင်မှုမရှိသေးကြောင်း ဆန္ဒဖော်ထုတ်တောင်းဆိုနေသည့် အလုပ်သမားများက ပြောသည်။

စပါးနှံကျွတ်၊ တာယာစက်ရုံရှိထော်လာဂျီဌာနမှာ အလုပ်သမားခေါင်းဆောင် ကိုဝင်းဇော်ထွန်းကို နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အလုပ်ခွင် အေးချမ်းသာယာရေးကို ပျက်ပြားစေသည့် အပြုအမူများ အပြောအဆိုများဖြင့် အလုပ်သမားများကို စည်းဝေးခြင်း၊ လှုံ့ဆော်ခြင်း၊ အလုပ်ခွင်စီမံခန့်ခွဲသူများကို မရိုမသေမလေးမစား ပြုခြင်း စသည့်အလုပ်ရှင် အလုပ်သမား သဘောတူစာချုပ်များအရ စက်ရုံက အလုပ်ထုတ်ပယ်ခဲ့ခြင်းကို အလုပ်သမားများက ကျေနပ်ခြင်းမရှိသည့်အတွက် ယခုကဲ့သို့ စက်ရုံပေါက်တွင် ထိုင်သပိတ်ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ သို့သော်ယခုကဲ့သို့ ထိုင်သပိတ်ပြုလုပ်ဆန္ဒဖော်ထုတ်တောင်းဆိုနေသော်လည်း အလုပ်ရှင်ဘက်က စက်ရုံကိုပိတ်ထားပြီး လာရောက်ဖြေရှင်းပေးခြင်း မရှိကြောင်း ဆန္ဒပြအလုပ်သမားများက ယခုလ ၂၀ ရက်နေ့တွင် မြန်မာတိုင်း(မ်) ကို ပြောသည်။

"သူတို့က ကျွန်တော်တို့ အလုပ်သမားခေါင်းဆောင်ကို အလုပ်သမားတွေကို လှုံ့ဆော်တယ်၊ အလုပ်ခွင်တာဝန်ခံတွေကို ရိုင်းပြစွာ ပြောဆိုဆက်ဆံတယ်ဆိုပြီးတော့ အလုပ်ထုတ်လိုက်တာပါ။ စက်ရုံဘက်က နေ့စဉ် အလုပ်ဝင်ချိန်မှာ ၁၀ မိနစ် တန်းစီ အစည်းအဝေး ပြုလုပ်ရမယ်လို့ ပြောထားပါတယ်။ ဒါပေမဲ့ တချို့ဝန်ထမ်းတွေက ဒါကိုမလုပ်ချင်ကြဘူး။ အဲဒါကြောင့် ကျွန်တော်တို့က ကျွန်တော်တို့ အလုပ်သမားခေါင်းဆောင်ကို ပြောတယ်။ ခေါင်းဆောင်က တစ်ဆင့် စက်ရုံတာဝန်ခံတွေကို ပြန်ပြောခိုင်းတာပါ။ သူတို့ပြောသလို ကျွန်တော်တို့ ခေါင်းဆောင်က လှုံ့ဆော်တာလည်းမရှိဘူး ရိုင်းပြတာလည်း မရှိပါဘူး" ဟု ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်ခဲ့သည့် ကိုကျော်ဇင်ဝင်းက ပြောသည်။

စပါးနှံ ကျွတ်၊ တာယာစက်ရုံတွင် ဝန်ထမ်းအင်အား ၄၀၀ ဝန်းကျင်ခန့်ဖြင့် စက်ရုံကိုလည်ပတ်လျက်ရှိကာ ယခုအခါတွင် ဝန်ထမ်း ၂၀၀ ကျော်က ဆန္ဒဖော်ထုတ်

မန္တလေးအချပ်ပိုစာမျက်နှာ ၈ သို့

မင်္ဂလာမန္တလေး ဆုကြေးမြင့် သီချင်းဆို ပြိုင်ပွဲ စတင် ဖိတ်ခေါ်နေ

လှိုင်ကျော်စိုး
hlaingkyawsoe85@gmail.com

မန္တလေးမြို့ရှိ မင်္ဂလာမန္တလေး စီမံကိန်းက ကြီးမှူးပြီး သီချင်းဆိုပြိုင်ပွဲကို အခမ်းအနားဆုံးနှင့် အကြီးအကျယ်ဆုံးကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သီချင်းဆိုပြိုင်ပွဲကို ဖေဖော်ဝါရီလ ၄ ရက်တွင် လျှောက်လွှာပိတ်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း၊ မန္တလေးမြို့၊ ရန်ကုန်မြို့နှင့် အခြားမြို့များတွင် လျှောက်လွှာတစ်စောင်လျှင် ကျပ် ၃,၀၀၀ နှုန်းဖြင့် စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း ပွဲကျင်းပရေးဦးဆောင်သူ ကိုထက်ဝေက ယခုလ ၂၀ ရက်တွင် ပြောသည်။

"လျှောက်လွှာတွေကို မန္တလေးမြို့မှာ ကြည်ပြာစတိုးနဲ့ ၇၃ လမ်းပေါ်က မင်္ဂလာမန္တလေးရုံးခန်းမှာ ဝယ်ယူလို့ရပါတယ်။ တခြားမြို့တွေမှာလည်းရောင်းချနေပါတယ်။ လာကြည့်တဲ့သူတွေကိုလည်း ပြိုင်ပွဲဝင်သူတွေကို ဆုရွေးချယ်နိုင်အောင် စီစဉ်ထားပါတယ်။ လျှောက်လွှာတွေကို အစောင်ပေါင်း ၅,၀၀၀ အထိ ရောင်းချသွားမယ်" ဟု ၎င်းကပြောသည်။

အိမ်ရာများ၊ ရှော့ပင်းမောလ်များ စသည်တို့ အကောင်အထည်ဖော်နေသည့် မင်္ဂလာမန္တလေးစီမံကိန်းနေရာတွင် ကျင်းပသွားမည့် အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများကို ပထမဆုကျပ်သိန်း ၂၀၊ ဒုတိယဆု ကျပ် ၁၀ သိန်း၊ တတိယဆု ကျပ်ခုနစ်သိန်းနှင့် ပရိသတ်က ရွေးချယ်ပေးမည့်ဆု ကျပ်ငါးသိန်း ပေးအပ်မည်ဖြစ်ကာ မည်သူမဆို မိမိကြိုက်နှစ်သက်သည့် သီချင်းအမျိုးအစားနှင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ကိုထက်ဝေကပြောသည်။

"အဆင့် ခြောက်ဆင့်အထိ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အဲဒီမှာ အယောက် ၂၀ ရွေးချယ်ပြီး ဆန်ခါတင် ၁၀ ဦးကိုရွေးချယ်မှာပါ။ ၁၀ ဦးထဲကမှ ပ၊ ဒု၊ တနဲ့ ပရိသတ်ရွေးချယ်တဲ့ဆုတွေချီးမြှင့်ပေးမှာပါ။ ၁၀ ဦးကိုတော့ သီချင်းခွေ ထုတ်ပေးသွားမှာပါ။ အဆင့်တစ်ဆင့်ကို သီချင်းတစ်ပုဒ် ပြောင်းလဲပြီး ယှဉ်ပြိုင်ရမှာပါ" ဟု ၎င်းကပြောသည်။

ဆုရရှိသူများကိုလည်း အနုပညာခရီးလမ်းအထိ လျှောက်လှမ်းနိုင်အောင် ကူညီပေးသွားမည်ဖြစ်ပြီး အောင်မြင်သည်အထိ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ မန္တလေးက အဆိုဝါသနာရှင်များ တိုးတက်များပြားလာအောင် ရည်ရွယ်ပြီးကျင်းပခြင်းဖြစ်ကြောင်း မင်္ဂလာမန္တလေးက ဦးဇင်မင်းဆွေက ပြောသည်။

အဆိုပြိုင်ပွဲကို ဒိုင်များအဖြစ် အနုပညာရှင်များဖြစ်သော ဦးစောနု၊ ညီညီသွင်၊ စည်သူလွင်၊ ခင်မြတ်မွန်နှင့် ဂီတမိတ်က ပါရမီရွှန်းတို့က အကဲဖြတ်ပေးသွားမည်ဖြစ်ကာ ပွဲစဉ်များကို mntv ရုပ်သံလိုင်းနှင့် Shwe FM အသံလွှင့်ဌာနများကလည်း တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ■

မန္တလေးမြို့တွင် ကျင်းပခဲ့သော လူထုအစည်းအဝေးပွဲကို တွေ့မြင်ရစဉ်။ ဓာတ်ပုံ - ကျော်ကိုကို

အလုပ်သမား၊ ကျောင်းသား၊ လယ်သမား အရေးကိစ္စများ မဖြေရှင်းနိုင်ခြင်းအတွက် အစည်းအဝေးပြုလုပ်

ကျော်ကိုကို
kyawkoko.mdy991@gmail.com

လက်ရှိအစိုးရက နိုင်ငံတစ်ဝန်းရှိ အလုပ်သမားအရေးကိစ္စ၊ ကျောင်းသားအရေးကိစ္စ၊ လယ်သမားအရေးကိစ္စများကို ပြေလည်အောင် ဖြေရှင်းမပေးနိုင်မှုနှင့် ပတ်သက်ပြီး မန္တလေးမြို့အခြေစိုက် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် အလုပ်သမား၊ ကျောင်းသား၊ လယ်သမားကိုယ်စားလှယ်များစုပေါင်းပြီး ဒေသဆိုင်ရာ အစည်းအဝေး (မန္တလေး)ကို ယခုလ ၁၆ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။

ယင်းအစည်းအဝေးပွဲကို မကျင်းပမီ ရဟန်းရှင်၊ လူအင်အား ၁,၀၀၀ ဝန်းကျင်ခန့်က စုပေါင်းပြီး လက်ရှိအစိုးရက ပြဿနာများကို ပြေလည်အောင် မဖြေရှင်းပေးနိုင်ခြင်းအတွက် ငြိမ်းချမ်းစွာ အသံတိတ်လှည့်လည် ဆန္ဒဖော်ထုတ် တောင်းဆိုခဲ့ကြကာ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် ဦးပွားဘုရားအနောက်ပေါက်ရှိ မြေကွက်လပ်တွင် ဒေသဆိုင်ရာ လူထုအစည်းအဝေးပွဲ (မန္တလေး) ကို ကျင်းပခဲ့ခြင်းဖြစ်သည်။

"လက်ရှိသမ္မတဦးသိန်းစိန်လက်ထက်မှာ ဘာတွေတိုးတက်လာလဲလို့ မေးရင် ပြဿနာတွေပဲ ပိုတိုးတက်လာတယ်လို့ ပြောချင်ပါတယ်။ နေရာအနှံ့မှာ လယ်ယာမြေသိမ်းဆည်းမှုပြဿနာတွေ ပိုများလာတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ လယ်သမားတွေမှာ တဖြည်းဖြည်းနဲ့ ဆင်းရဲတွင်းကပိုပြီးနက်လာတယ်။ မှန်ကန်တဲ့အစိုးရက မှန်ကန်တဲ့မူဝါဒလမ်းစဉ်တွေကို ချမှတ်ပေးနိုင်တယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်က ဧကန်မလွဲတိုးတက်လာမှာပါ။ ယနေ့မြန်မာပြည် လယ်ယာမြေတွေနဲ့ ပတ်သက်ပြီး အဓိကပြဿနာက ဘာလဲဆိုရင် ကျွန်တော်တို့ နိုင်ငံမှာ လယ်ယာမြေနဲ့ပတ်သက်ပြီး တိကျသေချာတဲ့ ဥပဒေတွေမရှိဘူး။ နောက်လယ်သမားတွေမှာ လယ်ယာမြေရှိတယ်ဆိုပေမယ့် အရင်းအနှီးမရှိဘူး။ စိုက်ပျိုးရေးနည်းပညာမရှိဘူး။ အလုပ်သမားရေးရာမှာလည်း ဒီလိုပါပဲ။ မှန်ကန်တဲ့ မူဝါဒတွေ မရှိသေးတဲ့အတွက် ယနေ့ချိန်ထိ အလုပ်ရှင်အလုပ်သမားပြဿနာတွေ ဖြစ်နေဦးမှာပါပဲ" ဟု အဆိုပါအစည်းအဝေးပွဲတွင် နေပြည်တော် ခုံသမာဓိကောင်စီ အလုပ်သမားရေးရာကော်မတီမှ ဦးရဲနိုင်ဝင်းက ပြောသည်။

အဆိုပါအစည်းအဝေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ လယ်သမားကိုယ်စားလှယ်များ၊ မန္တလေးမြို့ရှိ နိုင်ငံရေးလှုပ်ရှားသူများ၊ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့မှ လယ်သမားများ၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂအဖွဲ့ဝင်များ

> လယ်သမားတွေမှာ တဖြည်းဖြည်းနဲ့ ဆင်းရဲတွင်းက ပိုပြီးနက်လာတယ်။ မှန်ကန်တဲ့ အစိုးရက မှန်ကန်တဲ့မူဝါဒလမ်းစဉ်တွေကို ချမှတ်ပေး
> ....

တက်ရောက်ဆွေးနွေးခဲ့ကြပြီး လက်ရှိအချိန်တွင် တိုင်းပြည်အတွင်း ဒေသအသီးသီး၌ ပြဿနာပေါင်းစုံ၊ အကျပ်အတည်းပေါင်းစုံနှင့်ပြည်သူများကြုံတွေ့နေရကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖျက်သိမ်းရေးနှင့် ၆၈ နှစ်ကြာပြည်တွင်းစစ် ရပ်စဲရေးတို့သည် တိုင်းပြည်၏ လတ်တလောဖြေရှင်းရမည့် ပြဿနာဖြစ်ကြောင်း အစည်းအဝေးပွဲတွင် ဆုံးဖြတ်ချက်ချခဲ့သည်။

"ကျွန်တော်တို့ကျောင်းသားတွေကတော့ ပညာရေးဥပဒေကို တစ်ချိန်လုံးဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်တောင်းဆိုခဲ့ကြတယ်။ ဒါပေမဲ့ အစိုးရကတော့ ယနေ့ချိန်ထိ မျက်ကွယ်ပြုထားပါတယ်။ ဒါကြောင့်ကျွန်တော်တို့ သပိတ်နည်းလမ်းနဲ့ ပြောင်းလဲတိုက်ပွဲဝင်ကြတယ်။ နောက်ပြီး ရက်ခြောက်ဆယ် ရာဇသံ ပေးထားပေမယ့်လည်း ခုချိန်ထိတစ်စုံတစ်ရာ ညှိနှိုင်းခြင်းမရှိသေးပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ညှိနှိုင်းနေတာကို သူတို့လာရောက်ညှိနှိုင်းခြင်းမရှိဘူးဆိုရင် ရက်ခြောက်ဆယ်အလွန် သပိတ်တိုက်ပွဲကို ဒီရက်ပိုင်းအတွင်းမှာ ဆက်လက် ပြုလုပ်သွားမှာပါ။ ဒီသပိတ်က ၆၂ ခုနှစ်မှာ ဖြိုခွဲခံလိုက်ရတဲ့ ကျောင်းသားသမဂ္ဂတွေရဲ့ မျှော်လင့်ချက်တွေကို ပြန်လည်အသက်သွင်းမှာဖြစ်ပါတယ်" ဟု ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ဝင် ကိုနန္ဒာစစ်အောင်က ပြောသည်။

ဒေသဆိုင်ရာ လူထုအစည်းအဝေးပွဲသို့ တက်ရောက်လာသော နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်များစုပေါင်းပြီး ကြေညာချက်တစ်စောင်ကိုထုတ်ပြန်ခဲ့သည်။ လယ်သမားအရေးကိစ္စနှင့်ပတ်သက်ပြီး လယ်ယာလုပ်ငန်းများတွင် စိုက်ပျိုးစရိတ်မလုံလောက်ခြင်း၊ လယ်ယာထွက်ကုန်များဈေးကောင်းမရခြင်း၊ စိုက်ပျိုးရေးနည်းပညာများရရှိမှု နည်းပါးခြင်း တို့ကြောင့် လယ်သမားများ အရှုံးပေါ်နေသည့်အတွက် အစိုးရအနေဖြင့် အမြန်ဆုံးဖြေရှင်းပေးရန် စသည့်အချက်အပါအဝင် အချက်ငါးချက်ကို ထုတ်ပြန်ခဲ့ကြောင်း၊ အလုပ်သမားအရေးကိစ္စတွင် အလုပ်သမားဥပဒေနှင့်အညီ ခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးရမည်ဆိုသည့် အချက်အပါအဝင် လေးချက်ကို ထုတ်ပြန်ခဲ့ကြကြောင်း၊ ကျောင်းသားအရေးကိစ္စတွင် ဒီမိုကရေစီပညာရေးလှုပ်ရှားမှုကော်မတီ၏ တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းချက်ကို အစိုးရနှင့်လွှတ်တော်တာဝန်ရှိသူများက တွေ့ဆုံလက်ခံပေးရန် အချက်အပါအဝင် အချက်သုံးချက် ပါဝင်ခဲ့ပြီး ရွှေဝါရောင်သံဃာတော်များ၏ တောင်းဆိုချက်အဖြစ် အချက်နှစ်ချက်ကို တောင်းဆိုခဲ့ကြသည်။ ■

စာအုပ်စင်ကဏ္ဍ

မေတ္တာရှင်မလေးချစ်စုတ်နှင့် ချစ်တူးဖတ်ဖို့ပေးစာများ

ဖြိုးဝေကျော်
pwkyaw@gmail.com

ဆေးပညာအခြေခံတဲ့ ဝတ္ထု၊ ဆောင်းပါးတွေနဲ့ စာဖတ်ပရိသတ်အခိုင်အမာရထားတဲ့ ဒေါက်တာစိုးလွင်ရဲ့ စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါတယ်။

ဒေါက်တာစိုးလွင်ရဲ့ အရင်ကစာအုပ်တွေနဲ့မတူတဲ့ ဒီစာအုပ်ရဲ့ ထူးခြားချက်ကတော့ ဆေးပညာကိုအခြေခံထားတဲ့ ဆောင်းပါးတွေမဟုတ်ဘဲ ဘဝမှာ ကြုံတွေ့ဖြတ်သန်းရမယ့် အရာတွေအတွက် စိတ်ထားမှန်၊ အဆုံးအဖြတ်မှန်၊ အပြုအမူမှန်စွာနဲ့ ရင်ဆိုင် ဖြတ်သန်းနိုင်ဖို့ သူတွေးမြင်ခံစားရတဲ့ ရှုထောင့်အစုံကနေ ရေးသားထားတာတွေကို တွေ့ခွင့်ရမှာဖြစ်ပါတယ်။

ဆန်းပြားရှုပ်ထွေးပြီး သိသင့်သိထိုက်တဲ့ ကျန်းမာရေးဆိုင်ရာ ပြဿနာတွေကို ရသနိုင်တဲ့ ကလောင်စွမ်းနဲ့ ရေးသားတတ်ပြီး စာဖတ်သူရဲ့ စိတ်ဝင်စားမှုကို အရယူနိုင်တဲ့ ဒေါက်တာစိုးလွင်ဟာ ဒီစာအုပ်မှာလည်း စာဖတ်သူကို တစ်ပုဒ်ချင်း ကောင်းကောင်းဆွဲခေါ်သွားဦးမှာဖြစ်ပါတယ်။ ဆောင်းပါးပေါင်း ၃၇ ပုဒ်အထိ အားပါးတရဖတ်ရှုခွင့်ရမှာပါ။

'ဗုဒ္ဓကယ်ပါ့ဘုရား'၊ 'သချိုင်းကုန်းတွေကို ကြောက်တယ်'၊ 'အိမ်ကလူကြီးနဲ့ ရတနာထုပ်ကြီး ယူသွားလို့ရလား'၊ 'ပေးတာကညောင်စေ့လောက်၊ ပြန်လိုချင်တာ ညောင်ပင်ကြီးလောက်'၊ 'မင်းဟာကွန်မြူနစ်၊ မင်းဟာဒိဋ္ဌိ'၊ 'ဘုရားဒကာကြီးမှန်သလား၊ ကွန်မြူနစ်လေးမှန်သလား'၊ 'အမိုက်အမဲလေးမို့ ခွင့်လွှတ်တော်မူပါ'၊ 'ညောင်စေ့လေးလောက်လှူပြီး ညောင်ပင်ကြီးလောက် ရရပါလို၏'၊ 'နောက်ဆုံးကျတော့ လူဆိုတာ မြေကြီးဖြစ်သွားတာပါပဲ'၊ 'နောက်ဘဝရှိတာ မယုံဘူးဟုတ်စ'၊ 'ဘုန်းကြီးကျောင်းဆိုတာ ကလေးတွေဖို့ မဟုတ်ဘူးဟုတ်စ'၊ 'ဘုရားကျောင်းဟာ ပျော်စရာ'၊ 'စာမေးပွဲကျတဲ့ကျောင်းဆရာ'၊ 'သဘာဝနဲ့ ဆန္ဒ အဲဒါသိမှ လိုတရ'၊ 'ခံစားချက်ကိုနားလည်မှ လက်တွေ့ကျကျအသုံးချ'၊ 'နှလုံးသားကို ဦးနှောက်နဲ့ နားလည်မယ်'၊ 'အမြင်ကတ်ဖို့ကောင်းတဲ့ ကမ္ဘာ့နံပါတ်တစ်'နဲ့ 'ဘယ်သူသတ်လို့မှ မသေတဲ့သူ'တို့ကို စာအုပ်ရှေ့မှာ ဖတ်ရပါလိမ့်မယ်။

လူငယ်နဲ့ လူကြီးရဲ့ကြားက အတွေးအမြင်ကွာဟမှု၊ ဘာသာရေးအယူအဆ၊ ဘဝအပေါ်ရှုမြင်ပုံတွေကို တွေ့ခွင့်ရမယ့် ဒီဆောင်းပါးတွေထဲမှာ မြန်မာနိုင်ငံကို အလည်အပတ်လာသွားတဲ့ အမေရိကန်သမ္မတအိုဘားမားနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် အခြေခံပြီး ရေးထားတဲ့ 'အမြင်ကတ်ဖို့ကောင်းတဲ့ ကမ္ဘာ့နံပါတ်တစ်'လို ဉာဏ်ရည်ဉာဏ်သွေးနဲ့ နှလုံးသားခံစားမှုနဲ့သက်ဆိုင်တဲ့ ဆောင်းပါးကောင်းမျိုးကိုလည်း ဖတ်ရှုကြရမှာပါ။

စာအုပ်နောက်ပိုင်းမှာ 'အနှိုင်းမဲ့လူသား'၊ 'ကြည့် . . ပဲပြုတ်နဲ့ နံပြားရရင် စားချင်တယ်'၊ 'ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေမွေးကြရမယ်'၊ 'လူငယ်နဲ့ တရား တခြားစီမဟုတ်လား'၊ 'သေရွာပါမယ့်အထုပ်'၊ 'ငယ်ဘဝကတည်းကသိရင် ကောင်းမယ့်တရား'၊ 'တရုတ်အားထားတဲ့ ဖိုးသား'၊ 'ထူးရင်ထူး မထူးရင်ရှူး'၊ 'ဘဝရဲ့ အရေးအကြီးဆုံးလိုအပ်ချက်'၊ 'အကောင်းဆုံးကို ရွေးချယ်မယ်'၊ 'ကံသာလျှင်ကိုးကွယ်လဲလျောင်းရာ'၊ 'လှောင်အိမ်ထဲက ငှက်ကလေး'၊ 'ရာဇဝင်မှာ စာတင်နိုင်မယ့်အချစ်'၊ 'အာလူးမေတ္တာ'၊ 'ပြေးနိုင်မှ လွတ်မယ်'၊ 'ပေးတိုင်းပြန်မရတာ အချစ်လို့ ခေါ်လား'၊ 'ကိုယ့်မှာမရှိဘဲ ဘာသွားပေးမလဲ'၊ 'မေတ္တာရှင်မလေး ချစ်စုတ်'နဲ့ 'ရိုးရှင်းတဲ့ လျှို့ဝှက်ချက်'တို့ ပါဝင်ထားပါတယ်။

သိပေမယ့် မေ့လျော့ထားမိတတ်တဲ့ ရိုးရှင်းကောင်းမွန်တဲ့ဘဝနေနည်းတွေ၊ လူငယ်တွေအတွက် အကျိုးရှိမယ့်ဆောင်းပါးတွေ ပါဝင်တဲ့ဒီစာအုပ်ကို စိုးဇင်စာပေကနေ ၂၀၁၄၊ ဇူလိုင်လမှာ ပထမအကြိမ်အုပ်ရေ ၁,၀၀၀ ထုတ်ဝေထားပြီး တန်ဖိုး ကျပ် ၃,၅၀၀ ဖြစ်ပါတယ်။ ■

စပါးနှံကျွတ်၊ တာယာစက်ရုံ . . .

မန္တလေးအချုပ်ပိုစာမျက်နှာ က မှ

တောင်းဆိုနေသည့်အတွက် စက်ရုံကို ပိတ်ထားရကြောင်း၊ သို့ရာတွင် စက်ရုံဘက်မှ ပုံမှန်စက်ရုံဖွင့်လှစ်လည်ပတ်နေ၍ စက်ရုံသို့ တစ်ရက်အကြောင်းမဲ့ မလာရောက်ပါက ခွင့်မဲ့အဖြစ် သတ်မှတ်သွားမည်ဖြစ်ပြီး သုံးရက်ခွင့်မဲ့ပျက်ကွက်ပါက အလုပ်ထုတ်ပယ်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကြေညာစာ ထုတ်ပြန်ထားကြောင်း အလုပ်သမားများက ရှင်းပြသည်။

'ကျွန်တော်တို့ကတော့ ပြေလည်အောင် ဖြေရှင်းပေးတဲ့အထိ ဆက်လက်လုပ်ကိုင်သွားမှာပါ" ဟု ကိုဝင်းဇော်ထွန်းက ပြောသည်။ ■

ပခုက္ကူမြို့ရှိ Hotel Juno ဒါရိုက်တာ ကိုဇော်လင်းထက်နှင့် တွေ့ဆုံမေးမြန်းခြင်း

ကြေးမုံဝင်း
kyaymonewin@gmail.com

ဖွံ့ဖြိုးတိုးတက်လာတဲ့ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းရဲ့ အနေအထားအရ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စတဲ့ မြို့ကြီးတွေ သာမက မြို့ငယ်လေးတွေမှာပါ ဟိုတယ်လုပ်ငန်းကို စိတ်ဝင်တစားနဲ့ ရင်းနှီးမြှုပ်နှံလာတာ တွေ့ရပါတယ်။ ဒီတစ်ခေါက်မှာတော့ မြန်မာနိုင်ငံရဲ့ ရှေးဟောင်းမြို့တော်တစ်ခုဖြစ်တဲ့ ပုဂံနဲ့ မနီးမဝေးမှာ တည်ရှိတဲ့ ပခုက္ကူမြို့လေးမှာ အဆင့်မြင့်ဟိုတယ်တစ်ခုကို စနစ်တကျလည်ပတ်လုပ်ကိုင်နေပြီဖြစ်တဲ့ Hotel Juno ရဲ့ ဒါရိုက်တာ ကိုဇော်လင်းထက်နဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

✱ ဟိုတယ်ကို ဘယ်အချိန်ကစတင်ဖွင့်လှစ်ခဲ့တာပါလဲ။

ကျွန်တော်တို့ရဲ့ Hotel Juno ကို ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၂၇ ရက်နေ့ကမှ စပြီးဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။

✱ ပခုက္ကူလို မြို့ငယ်လေးမှာ အခုလို ဟိုတယ်လုပ်ငန်းလုပ်ကိုင်ဖို့ ဘယ်လိုစိတ်ကူးရခဲ့တာပါလဲ။

မိဘတွေကလည်း ဒီလုပ်ငန်းကို လုပ်ဖို့ စိတ်ဝင်စားသလို ကျွန်တော်ကိုယ်တိုင်ကလည်း ဟိုတယ်လုပ်ငန်းလို ဝန်ဆောင်မှုပေးရတဲ့လုပ်ငန်းမျိုးကို သဘောကျလို့ပါ။ ဒါ့အပြင် ကိုယ့်မွေးရပ်ဒေသဖြစ်တဲ့ ပခုက္ကူလိုနေရာမျိုးမှာလည်း အဆင့်မီတဲ့ဟိုတယ်တစ်လုံး ပေါ်ထွက်လာစေချင်တာကြောင့်လည်း ပါပါတယ်။

✱ ဟိုတယ်လုပ်ငန်းအတွေ့အကြုံရော ရှိပါသလား။

မိဘတွေရဲ့ ပင်မစီးပွားရေးလုပ်ငန်းကတော့ ဆေးလိပ်ခုံလုပ်ငန်းဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်ကတော့ စင်ကာပူနိုင်ငံက ဟိုတယ်တစ်ခုမှာ အလုပ်လုပ်ဖူးတဲ့ အတွေ့အကြုံရှိပါတယ်။ အဲဒီက အတွေ့အကြုံတွေနဲ့ ပြည်တွင်းက ဟိုတယ်လုပ်ငန်းကျွမ်းကျင်သူတွေဆီက အကြံဉာဏ်တွေကို ပေါင်းစပ်ပြီး ဒီဟိုတယ်လုပ်ငန်းကို လုပ်ဖြစ်ခဲ့တာပါ။

✱ ဟိုတယ်ရဲ့ အကျယ်အဝန်းနဲ့ ကြယ်ပွင့်အဆင့် သတ်မှတ်ချက်ကိုလည်း သိချင်ပါတယ်။

ဟိုတယ်ရဲ့အကျယ်အဝန်းက သုညဒသမ ၉၅ ဧကရှိပြီး ကြယ်ပွင့်အဆင့်ကတော့ မြန်မာနိုင်ငံအနေအထားနဲ့ဆိုရင် 4 star အဆင့်လောက်ရှိပါတယ်။

✱ အခန်းအမျိုးအစား၊ အခန်းအရေအတွက်နဲ့ ဈေးနှုန်းလေးတွေလည်း ပြောပြပေးပါဦး။

အခန်းအမျိုးအစားက သုံးမျိုးရှိပါတယ်။ Villa က ၁၇ ခန်း၊ Superior က ၂၆ ခန်းနဲ့ Deluxe က နှစ်ခန်းဖြစ်ပါတယ်။ အခန်းဈေးနှုန်းကတော့ ပြည်တွင်းဧည့်သည်တွေအတွက်ဆိုရင် အနည်းဆုံး ဒေါ်လာ ၅၀ ကနေ အများဆုံး ဒေါ်လာ ၁၇၀ အထိ ရှိပါတယ်။ နိုင်ငံခြားသားဧည့်သည်တွေအတွက်ဆိုရင်တော့ အနည်းဆုံး ဒေါ်လာ ၆၀ ကနေ အများဆုံး ဒေါ်လာ ၁၈၀ ထိ ရှိပါတယ်။ ဒါက ခရီးသွားရာသီအတွက် သတ်မှတ်ထားတဲ့ ဈေးနှုန်းတွေပါ။

✱ ပခုက္ကူမြို့မှာ ဖွင့်လှစ်ထားတဲ့ တခြားဟိုတယ်တွေနဲ့ မတူတဲ့ Hotel Juno ရဲ့ ထူးခြားချက်ကရော ဘာဖြစ်မလဲ။

ကျွန်တော်တို့ဟိုတယ်မှာ အဆင့်မြင့်ဟိုတယ်တွေမှာ ရှိတဲ့ ရေကူးကန်၊ ဧရာဝတီမြစ်ရဲ့အလှနဲ့ ပုပ္ပားတောင်ကို လှမ်းမြင်နိုင်တဲ့ Sky Bar, Restaurant နဲ့ ဟန်းနီးမွန်းလာရောက်သူတွေအတွက် အထူးဝန်ဆောင်မှုတွေ ပြုလုပ်ပေးနေပါတယ်။ ဟိုတယ်က Resort Style တည်ဆောက်ထားတာဖြစ်ပြီး ဧည့်သည်တွေ စိတ်အပန်းပြေစေဖို့ ဥယျာဉ်ငယ်နဲ့ ရေတံခွန်ငယ်တွေကိုလည်း ထည့်သွင်းတည်ဆောက်ထားပါတယ်။

✱ ဖွင့်လှစ်တာ တစ်လမပြည့်သေးတဲ့အချိန်မှာ ဧည့်သည်ဝင်ရောက်မှုအနေအထားကိုရော ကျေနပ်မှုရှိပါသလား။

ဟုတ်ကဲ့၊ အားရပါတယ်။ အခုလောလောဆယ်မှာကို ပြည်တွင်းဧည့်သည်အပြင် နိုင်ငံခြားသားဧည့်သည်တွေ လာရောက်တည်းခိုနေပါပြီ။ သူတို့တွေရဲ့ feedback ကလည်း အရမ်းကျေနပ်စရာကောင်းပါတယ်။

✱ ပခုက္ကူမြို့မှာ နိုင်ငံခြားသားဧည့်သည်တွေကို ဆွဲဆောင်နိုင်မယ့်နေရာမျိုးရော ရှိပါသလား။

ပခုက္ကူမြို့က နိုင်ငံခြားသားတွေ အလာများတဲ့ ပုဂံမြို့နဲ့ဆိုရင် ကားနဲ့ ၂၅ မိနစ်လောက်ပဲ မောင်းရတဲ့ အကွာအဝေးမှာ ရှိပါတယ်။ ပခုက္ကူမြို့ပေါ်မှာဆိုရင်တော့ နိုင်ငံခြားသားတွေ စိတ်ဝင်စားမယ့် သနပ်ခါးခြံတွေ၊ ဆေးလိပ်ခုံလုပ်ငန်းတွေရှိသလို သမိုင်းဝင် သရက္ခန်ဘုရားသုံးဆူလည်း ရှိပါတယ်။ ပခုက္ကူမြို့မှာ နိုင်ငံခြားသားတွေကို အများဆုံးဆွဲဆောင်နိုင်မှာကတော့ အညာဒေသရဲ့ အငွေ့အသက်နဲ့မြင်ကွင်းတွေလို့ ထင်ပါတယ်။

✱ Hotel Juno အပါအဝင် ပခုက္ကူမြို့မှာ ဖွင့်လှစ်ထားတဲ့ ဟိုတယ်လုပ်ငန်းတွေရဲ့ အလားအလာကရော ဘယ်လိုရှိပါသလဲ။

ပခုက္ကူမြို့ဟာ စီးပွားရေးအရကြည့်ရင် ဖွံ့ဖြိုးတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ကျွန်တော်တို့ ပခုက္ကူမှာ အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခု ဖွင့်လှစ်မယ့်အလားအလာရှိသလို Triple Trade Road လို့ခေါ်တဲ့ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ကုန်သွယ်မှုလမ်းကြောင်းပေါ်မှာလည်း ပခုက္ကူမြို့က တည့်တည့်ကျနေတဲ့အတွက် နောက်ပိုင်းဖွံ့ဖြိုးလာရင် ကျွန်တော်တို့ ဟိုတယ်လုပ်ငန်းတွေအတွက် အလားအလာကောင်းတွေ အများကြီး ပေါ်ပေါက်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်။

✱ ဟိုတယ်လုပ်ငန်းကို ပခုက္ကူမြို့အပြင် တခြားနေရာမှာရော ဖွင့်လှစ်ဖို့ စီစဉ်ထားပါသလား။

ဟိုတယ်လုပ်ငန်းကို ဒီပခုက္ကူမြို့မှာတင် အောင်မြင်အောင် စနစ်တကျနဲ့ တစ်စိုက်မတ်မတ်လုပ်ကိုင်သွားမှာပါ။ ဒီလုပ်ငန်းအခြေကျသွားပြီဆိုရင်တော့ ဟိုတယ်လုပ်ငန်းနဲ့ ဆက်စပ်တဲ့ ခရီးသွားလုပ်ငန်းကိုပါ တွဲပြီးလုပ်ကိုင်ဖို့ စဉ်းစားထားပါတယ်။

✱ Hotel Juno ရဲ့ လိပ်စာက။

အမှတ် ၂၁၁၊ မြို့မလမ်း၊ ပခုက္ကူမြို့ပါ။ ဖုန်းနံပါတ်ကတော့ ၀၆၂ ၂၁၇၉၁ ဖြစ်ပါတယ်။

✱ ဖြည့်စွက်ပြောချင်တာများ ရှိပါသေးလားရှင့်။

ဧည့်သည်တွေကိုတော့ ပခုက္ကူမြို့မှာ ဝန်ဆောင်မှုကောင်းကောင်းနဲ့ အဆင့်မြင့်ဟိုတယ်တစ်လုံး စတင်ဖွင့်လှစ်ထားပြီဆိုတဲ့အကြောင်း၊ ပုဂံနဲ့ဆိုရင် ၂၅ မိနစ်လောက်ပဲ ကားမောင်းရတာဖြစ်တဲ့အတွက် ပုဂံမှာ ဟိုတယ်အဆင်မပြေတဲ့လူတွေအနေနဲ့ ကျွန်တော်တို့ဆီမှာ သင့်တင့်တဲ့ဈေးနှုန်းနဲ့ လာရောက်တည်းခိုနိုင်တယ်ဆိုတဲ့အကြောင်း သတင်းပေးချင်ပါတယ်။ လုပ်ငန်းတူတွေကိုလည်း ဟိုတယ်တစ်လုံးဖွင့်တော့မယ်ဆိုရင် မြို့ကြီးရယ်၊ နယ်မြို့ရယ်လို့ ခွဲခြားမနေဘဲ ဘယ်နေရာ ဘယ်ဒေသမှာဖြစ်ဖြစ် တကယ့် ဟိုတယ်အဆင့်အတန်းနဲ့ညီတာမျိုးကိုပဲ ဖွင့်လှစ်ပြီး ဝန်ဆောင်မှုပေးသင့်တယ်လို့ အကြံပေးချင်ပါတယ်။ ■

